အမရပူရမြို့

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်


အရှင်ဇနကာဘိဝံသ

၏

ပရိတ်ပါဠို
ပရိတ်ကြီးနိဿယ

နှင့်

ပရိတ်တရားတော်များ



၁၃၆၆-ခုနှစ် တော်သလင်းလ

နယူးဘားမားအော့(ဖ်)ဆက်ပိုင်ကပုံနှိပ်တိုက်

အမရပူရမြို့။

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်
အမှတ် (၇၀၇/၂၀၀၀) (၁၀)

စာအုပ်စာတမ်း–မျက်နှာဖုံးပုံနှိပ်ထုတ်ဝေခွင့်ပြုချက်
အမှတ် (၆၀၀/၂၀၀၀) (၁၀)

အုပ်ရေ– ၅၀၀၀

အကြိမ်– ဒုတိယအကြိမ်

တန်ဖိုး– ( )

ထုတ်ဝေသူ= ဦးမောင်မောင်၊ (မြ–၀၃၂၇၁) မဟာဂန္ဓာရုံစာပေ
ပိန်းတန်းရပ်၊ အမရပူရမြို့။

ပုံနှိပ်သူ= ဦးမောင်မောင် (၀၁၀၂၄)
နယူးဘားမားအော့(ဖ်)ဆက်ပိဋ္ဌကပုံနှိပ်တိုက်
မဟာဂန္ဓာရုံ၊ အမရပူရမြို့။

အချီနိဒါန်း

ပရိတ်ပါဠိတော် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော် ဘုရားကြီးသည် ကိုယ်တော်တိုင် ၁၃၂၅–ခုနှစ်, ကဆုန်လတုန်းက ပရိတ်ကြီးပါဠိတော် (၁၁) သုတ်ကို အဖြတ်အတောက် မှန်ကန်စွာ ရွတ်ဆိုဟောကြားတော်မူခဲ့ပါသည်၊ ထိုသို့ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ရွတ်ဆို ဟောကြားတော်မူအပ်သော ပရိတ်ပါဠိ အသံတော်ကို ကက်ဆက် တိတ်ခွေများဖြင့် ကူးထားခဲ့ကြပါသည်၊ ထို ဆရာတော် ဘုရားကြီး ရွတ်ဆို ဟောကြားအပ်သည့် အဖြတ်အတောက် အတိုင်း မပျောက်ပျက်အောင် ကက်ဆက်တိတ်ခွေများမှ ကူးယူပြီး ပရိတ်ကြီးပါဠိကို ရိုက်နှိပ်တင်ပြအပ်ပါသည်။

ပရိတ်ကြီးနိသယ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီးသည် ၁၃၂၉–ခုနှစ် တုန်းက သာရေး နာရေး ကိစ္စများ၌ သံဃာတော်များ ရွတ်ဆို ဟောကြားအပ်လေ့ရှိသော ရတနသုတ်, မေတ္တာသုတ်စသော ပရိတ်ကြီးပါဠိတော်များ၏ နိသယ အနက်များကို မဟာဂန္ဓာရုံ သံဃာတော်များအား နံနက်ခင်း ဩဝါဒပေးချိန်၌ တစ်နေ့လျှင် တစ်ဂါထာစီလောက် ပို့ချတော်မူခဲ့ပါသည်၊ ထို ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ပရိတ်ကြီးနိသယ အနက်များ ပျောက်ပျက်မသွားအောင် ရိုက်နှိပ်တင်ပြပါသည်၊ ထိုသို့ ပို့ချစဉ်က တချို့ ပရိတ်များ၏ နိသယ အနက်များ ကျန်ရှိနေခဲ့ပါသည်၊ ထို ကျန်ရှိနေသော ပရိတ်များ၏

နိသယ အနက်များကိုလည်း စုံလင်အောင် သပြေကန် နိသယ, တွံတေး နိသယများမှ အနည်းငယ် ယူကာ ထည့်သွင်း တင်ပြ အပ်ပါသည်။

ပရိတ်တရားတော်များ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော် ဘုရားကြီးသည် ၁၃၂၅-ခုနှစ်, ကဆုန်လ တုန်းက ပရိတ်ကြီး ပါဠိတော်နှင့် ပရိတ်၏ အနက်များ အဓိပ္ပါယ် အကြောင်း အရာများကို တပည့်သံဃာများနှင့် ဒါယကာ, ဒါယိကာ မများ နားလည်အောင် ပရိတ်တရားတော် အဖြစ်ဖြင့် ဟောကြား တော်မူခဲ့ပါသည်၊ ထို ဟောကြားအပ်သော ပရိတ်တရားတော်များ ကိုလည်း ကက်ဆက် တိတ်ခွေများဖြင့် ကူးယူထားကြပါသည်။

ထို ကက်ဆက် တိတ်ခွေ များမှ ကူးယူပြီး ပရိတ်တရားတော် များကိုလည်း မပျောက်ပျက်အောင် ရိုက်နှိပ် တင်ပြလိုက်ပါသည်၊ ထိုသို့ ဟောကြားအပ်သော ပရိတ်နှင့်စပ်သည့် တရားတော်များကို စုပေါင်းပြီး **"ပရိတ်ပါဠိ ပရိတ်ကြီးနိသယနှင့် ပရိတ်တရားတော် များ"** ဟူသော အမည်ဖြင့် စာအုပ်ရိုက်နှိပ်ကာ တင်ပြလိုက်ရပါ သတည်း။

၁၃၅၅-ခုနှစ်,
သီတင်းကျွတ်လ။ **အရှင်ဣန္ဒောဘာသာဘိဝံသ**

ပရိတ်အချီ

"ပရိတ္တ-ပရိတ်"ဆိုတာ ပါဠိစကား ဖြစ်တယ်၊ ဘေးရန်ရှိလာလို့ ရှိယင် အဲဒီဘေးရန်ကို ပျောက်ကင်းသွားအောင် စောင့်ရှောက်မယ်၊ ဘေးရန် မပေါ်သေးလို့ ရှိယင် မပေါ်လာအောင် စောင့်ရှောက် ကာကွယ်ထားမယ်၊ အဲဒီ အဓိပ္ပါယ်မျိုးကို "ပရိတ်"လို့ ခေါ်တယ်၊ ဒီတော့ ပရိတ်ရွတ်တိုင်းဘဲ ဘေးရန်အန္တရာယ်တွေ ပျောက်ကင်း သွားရော့လား ဆိုတော့-

ပရိတ်နာသူအင်္ဂါ
ကမ္မံစေဝ ကိလေသော စ,
အသဒ္ဓဟနာ စာ.တိမေ၊
သစေ အတ္ထိ သုဏာန္တ မှိ,
ပရိတ္တံ တံ နာ ရက္ခတိ။

ပရိတ်နာတဲ့သူက ပရိတ်အစောင့်အရှောက်ကို လိုချင်တဲ့သူက-

၁။ ကံကြီးထိုက်နေတယ်၊ ဥပမာ- မိဘကို သတ်ဖူးတယ်, ရဟန္တာကို သတ်ဖူးတယ်, အဲဒီလိုပေါ့လေ ကြီးကျယ်တဲ့ ကံကြီးထိုက်နေယင် အဲဒီသူကို ပရိတ်ကမစောင့်ရှောက်ဘူး။

၂။ ပြီးတော့- ပရိတ်နာတဲ့သူက မိစ္ဆာဒိဋ္ဌိအယူ ရှိနေတယ်, အဲဒီလို ဖြစ်နေပြန်ယင်လဲဘဲ အဲဒီသူကို ပရိတ်က မစောင့် ရှောက်ဘူး။

၃။ တစ်ခါ ပရိတ်တော့ နာတော့နာပါရဲ့၊ ဒါပေမယ့် ပရိတ်ကို သိပ်မယုံဘူး၊ အဲဒီလို မယုံလို့ ရှိယင်လဲ ပရိတ်က အဲဒီသူကို မစောင့်ရှောက်ပါဘူး။

[ဆောင်] ကံ–ကိလေသာ, စင်္ကာ လွတ်ကင်း, ယုံကြည်ခြင်း, နာလျှင်း သုံးအင်္ဂါ။

ပရိတ်ရွတ်သူအင်္ဂါ

ပါဠိဋ္ဌရံ အနာသေတွာ,
အတ္ထံ ဇာနိယ သာဓုကံ၊
အနုဒ္ဒယံ ကရိတွာန,
ဘဏေ ပရိတ္တ.မုတ္တမံ။

ပရိတ်ရွတ်တဲ့ ပုဂ္ဂိုလ်က –

၁။ ပုဒ်ပါဠ်အက္ခရာကို မှန်မှန်ကန်ကန် ရွတ်တတ်ရမယ်။

၂။ ပရိတ်ရဲ့ အနက် အဓိပ္ပါယ်ကို ကောင်းကောင်း နားလည်ရမယ်။

၃။ ပရိတ်နာတဲ့သူ အပေါ်မှာ သနားတဲ့ ကရုဏာစိတ်, အကျိုးလိုလားတဲ့ မေတ္တာစိတ်, အဲဒီလို စိတ်မျိုးထားရမယ်။

[ဆောင်] ပါဠိမပျက်, အနက်ကို သိ, မေတ္တာရှိ, တြိရွတ်အင်္ဂါ။

ဒီတော့ ပရိတ်ရွတ်တဲ့ ပုဂ္ဂိုလ်ဘက်ကလဲ အကြောင်း အင်္ဂါစုံမှ, နာတဲ့ ပုဂ္ဂိုလ်ဘက်ကလဲ အကြောင်း အင်္ဂါစုံမှ ဒီပရိတ်တော်ဟာ ဆိုင်ရာ အပြစ် အန္တရာယ်တွေကို ကာကွယ်ပြီးတော့ ပေးနိုင်မယ်တဲ့။

ဒါ့ကြောင့် ပရိတ်ရွတ်တဲ့ အခါ ရွတ်တဲ့ပုဂ္ဂိုလ်ရဲ့ အရည်အချင်း ပုဒ် ပါဠ် အက္ခရာ မှန်မှန်ကန်ကန်နဲ့ အနက် အဓိပ္ပါယ် နားလည်လို့, တစ်ခါ အနက် အဓိပ္ပါယ် နားလည်တဲ့ အပြင် မေတ္တာနဲ့ ကရုဏာနဲ့ သနားစောင့်ရှောက်လို့ ဒီလိုပုဂ္ဂိုလ်မျိုး ဖြစ်ရမယ်။

ပရိတ်နာတဲ့ အခါ နာတဲ့ပုဂ္ဂိုလ်ကလဲ မိမိမှာ အပြစ်ကြီးတွေ မရှိဘူးဆိုယင် ယုံယုံကြည်ကြည်နဲ့ နာရမယ်၊ အဲဒီလို ဆိုလို့ရှိယင် ဒီပရိတ်တော်က ဘေးရန်အန္တရာယ်တွေကို စောင့်ရှောက် ကာကွယ်ပါတယ်။

၁၃၂၅–ခုနှစ်၊ ကဆုန်လ **အရှင်ဇနကာဘိဝံသ**

ပရိတ်ကြီးပါဠိနိဿယ

အကြောင်းအရာ		စာမျက်နှာ
ပရိတ်ကြီးပါဠိတော်များ	.....	၁–မှ၃၉
မင်္ဂလသုတ်နိဿယ	.....	၄၈–၅၃
ရတနသုတ်နိဿယ	.....	၅၄–၆၆
မေတ္တသုတ်နိဿယ	.....	၆၇–၈၆
ခန္ဓသုတ်နိဿယ	.....	၈၇–၉၀
မောရသုတ်နိဿယ	.....	၉၁–၉၄
ဝဋ္ဋသုတ်နိဿယ	.....	၉၅–၉၈
ဓဇဂ္ဂသုတ်နိဿယ	.....	၉၈–၁၁၃
အာဋာနာဋိယသုတ်နိဿယ	.....	၁၁၄–၁၂၅
အင်္ဂုလိမာလသုတ်နိဿယ	.....	၁၂၆–၁၂၇
ဗောဇ္ဈင်သုတ်နိဿယ	.....	၁၂၇–၁၃၂
ပါဠိတော်ဗောဇ္ဈင်သုတ်နိဿယ	.....	၁၃၂–၁၃၆
ပုဗ္ဗဏှသုတ်နိဿယ	.....	၁၃၇–၁၄၆

ပရိတ်တရားတော်များ

ရတနသုတ်တရားတော်	.....	၁၆၈
ဘုရားပင့်ရန်တိုင်ပင်	.....	၁၆၉
ဖောင်ကြီးစိမ်	.....	၁၇၀
ပရိတ်သင်ပေး		၁၇၀

အကြောင်းအရာ		စာမျက်နှာ
ပရိတ်ရေဖျန်း	.....	၁၇၂
အမြတ်ဆုံးရတနာ	.....	၁၇၄
ကုသိုလ်–အကုသိုလ်ကုန်	.....	၁၇၅
ကုသိုလ်မခေါ်ရ	.....	၁၇၆
မီးတောက်ငြိမ်းသလို	.....	၁၇၇
မေတ္တာသုတ်တရားတော်	.....	၁၇၈
နတ်တွေချစ်ခင်	.....	၁၈၀
မေတ္တာအကျိုး ၁၁ မျိုး	.....	၁၈၂
နွားမကြီးမေတ္တာ	.....	၁၈၃
နိဗ္ဗာန်မှန်း	.....	၁၈၄
စွမ်းနိုင်–ကိုယ်–နှုတ်–စိတ်ရိုးသား	.....	၁၈၅
ဆုံးမလွယ်–နူးညံ့	.....	၁၈၆
မာနနည်း–မျှတရောင်ရဲ	.....	၁၈၆
မွေးမြူလွယ်ကူ	.....	၁၈၇
ကိစ္စနည်း–သက်မွေးပေါ့ပါး	.....	၁၈၈
ကျန်ခြေငြိမ်သက်	.....	၁၈၉
ပညာရင့်ကျက်–မကြမ်းတမ်း	.....	၁၉၀
မမက်မော	.....	၁၉၀
ပညာရှိကဲ့ရဲ့မည့်အမှု နည်းနည်းမှမပြု	.....	၁၉၁
မေတ္တာပို့	.....	၁၉၂

အကြောင်းအရာ		စာမျက်နှာ
မိခင်မေတ္တာလို	.....	၁၉၅
အမြတ်ဆုံးနေခြင်း	.....	၁၉၆
လက်တွေ့ချမ်းသာ	.....	၁၉၈
ခန္ဓသုတ်တရားတော်	.....	၂၀၀
အဆိပ်ပယ်နိုင်	.....	၂၀၀
ကောင်းကျိုးရစေ	.....	၂၀၂
မောရသုတ်တရားတော်	.....	၂၀၄
ဥဒေါင်းမင်း	.....	၂၀၄
ကိုယ့်ကိုယ်ကိုစောင့်ရှောက်	.....	၂၀၄
ဘုရားရှင်တွေ့ရှိခိုး	.....	၂၀၆
ရွှေပြားမှာစာရေးထားခဲ့	.....	၂၀၉
စကြာမင်းဖြစ်ခဲ့	.....	၂၁၁
ဝဋ္ဋသုတ်တရားတော်	.....	၂၁၄
ငုံးမင်း	.....	၂၁၅
သစ္စာပြု	.....	၂၁၆
သစ္စာဆိုတာ	.....	၂၁၈
အဖေ့သစ္စာ	.....	၂၁၉
အမေ့သစ္စာ	.....	၂၂၀
မှန်တာပြော–လုပ်	.....	၂၂၂
ဓဇဂ္ဂသုတ်တရားတော်	.....	၂၂၃
စေတီပေါ်ကကျ	.....	၂၂၃

အကြောင်းအရာ		စာမျက်နှာ
ကျက်သရေရှိ	.....	၂၄၈
ရဟန္တာအစွမ်း	.....	၂၄၉
ဖူးလို့ကောင်း	.....	၂၅၀
တရား-သံဃာ အောက်မေ့ကြ	.....	၂၅၁
ကြောက်လန့်မရှိ	.....	၂၅၁
အာဠာနာဋိယသုတ်တရားတော်	.....	၂၅၃
နတ်ဘီလူးများငါးပါးသီလမကြိုက်	.....	၂၅၄
အာဠာနာဠနတ်မြို့	.....	၂၅၆
ဘုရားခုနစ်ဆူသာရှိခိုး	.....	၂၆၀
လေးကျွန်းနယ်မြေ	.....	၂၆၂
ဓတရဋ္ဌနတ်မင်း	.....	၂၆၃
ဝိရူဠကနတ်မင်း	.....	၂၆၇
ဝိရူပက္ခနတ်မင်း	.....	၂၆၈
မြောက်ကျွန်းသားများ	.....	၂၆၉
ထမင်းအရသာ	.....	၂၇၀
မေတ္တာစိတ်ပေါ်လာ	.....	၂၇၁
ယာဉ်မျိုးစုံ	.....	၂၇၂
သူတို့မြို့တွေ	.....	၂၇၃
ကုဝေရပုဏ္ဏား	.....	၂၇၃
နတ်စစ်သည်တွေ	.....	၂၇၅
ဓရဏီရေအိုင်	.....	၂၇၅

အကြောင်းအရာ		စာမျက်နှာ
ဓဇဂ္ဂသုတ်အကျိုး	.....	၂၂၃
သိကြားမင်းရဲ့အလံ	.....	၂၂၅
ဝရုဏ-ဣသာနနတ်မင်း	.....	၂၂၆
ဘာဝနာကုသိုလ်စိတ်-ကြောက်တာတွေပျောက်.		၂၂၈
အကြောင်းကိုကြည့်	.....	၂၂၉
ရှိခိုးချင်စရာ	.....	၂၃၁
ထီးဖြူကြီး	.....	၂၃၂
ဘုရားအောက်မေ့လိုက်ကြ	.....	၂၃၃
အရှင်ပိလိန္ဒဝစ္ဆ	.....	၂၃၄
ဓာတ်ခိုးဓာတ်ငွေ့ပါ-ပယ်	.....	၂၃၅
အကုန်လုံးသိ	.....	၂၃၆
ဉာဏ်ရှေ့သွားရှိ	.....	၂၃၇
အတိုင်းအရှည်သိ	.....	၂၃၈
ပါရမီဖြည့်ခဲ့	.....	၂၃၉
သတ္တဝါတွေသိ	.....	၂၄၀
ကမ္ဘာတွေ ပြိတ္တာတွေသိ	.....	၂၄၁
နတ်ဗြဟ္မာလောကသိ-ရုပ်နာမ်သိ	.....	၂၄၂
ဘုရားပွင့်လို့သိရ	.....	၂၄၃
တစ်ဆင့်သိရ	.....	၂၄၄
ဆုံးမရာကျွမ်းကျင်	.....	၂၄၆
ကိုယ်တိုင်သိ-သိအောင်ဟော	.....	၂၄၇

အကြောင်းအရာ		စာမျက်နှာ
နတ်စစ်သူကြီးတွေ တိုင်တန်း	.....	၂၈၀
ပရိတ်ရွတ်ရန် အစီအစဉ်	.....	၂၈၁
စောင့်ရှောက်ရုံညွန်ပြ	.....	၂၈၂
အားကိုးစရာတွေ	.....	၂၈၃
အာဠာနာဋိယပရိတ်ရွတ်နည်း	.....	၂၈၄
အင်္ဂုလိမာလသုတ်တရားတော်	.....	၂၈၆
ထိုင်ခုံဆေးရေ	.....	၂၈၆
လက်နက်တွေ အရောင်တောက်	.....	၂၈၆
အဟိ သက	.....	၂၈၈
ဆရာကြီးကညစ်	.....	၂၈၉
အင်္ဂုလိမာလ	.....	၂၉၀
ဉာဏ်တော်ထဲထင်လာ	.....	၂၉၂
ဘုရားကြွလာ	.....	၂၉၃
ဘုရားရှင်အဓိဋ္ဌာန်	.....	၂၉၄
ရဟန်းကြီးရပ်အုံး	.....	၂၉၅
ဧဟိဘိက္ခုခေါ်	.....	၂၉၆
ဘုရားဆီဝင်	.....	၂၉၇
ဘုရားကမေး	.....	၂၉၈
လက်တော်နဲ့ညွှန်	.....	၂၉၉
ဘုရားရှင်ကျေးဇူးတင်	.....	၃၀၀
ဘုရားကချပေး	.....	၃၀၁

အကြောင်းအရာ		စာမျက်နှာ
သစ္စာရွတ်လို့ကျန်းမာ	.....	၃၀၃
သစ္စာအစွမ်း	.....	၃၀၄
အင်္ဂုလိမာလရဟန္တာဖြစ်	.....	၃၀၅
ဥုံ ဆိုတဲ့စကား	.....	၃၀၇
ဗောဇ္ဈင်သုတ်တရားတော်	.....	၃၁၀
ဗောဇ္ဈင်အကျိုး	.....	၃၁၁
စိတ်ကြည်ရုပ်ကြည်	.....	၃၁၂
အရှင်စုန္ဒ ဗောဇ္ဈင်ရွတ်	.....	၃၁၃
ဆေးတစ်မျိုး	.....	၃၁၄
ကိုယ့်သန္တာန်ဖြစ်အောင်လုပ်	.....	၃၁၅
သီလထိန်း	.....	၃၁၇
စိတ်ကြီးထွားလာ	.....	၃၁၈
စွဲလမ်းရင်းပျက်	.....	၃၁၉
နှမ်းတွေပျက်သလို	.....	၃၂၀
အားလုံးချုပ်မှာ	.....	၃၂၁
တက်တက်စင်မှား	.....	၃၂၂
ဉာဏ်နဲ့စစ်ကြည့်	.....	၃၂၂
ညံ့ညံ့လိုက်လာ	.....	၃၂၃
အနိစ္စ	.....	၃၂၄
ဒုက္ခ	.....	၃၂၄
အနတ္တ	.....	၃၂၄

အကြောင်းအရာ		စာမျက်နှာ
နောက်မဆုတ်နဲ့	.....	၃၅
ဘုရားရှင်ဇွဲ	.....	၃၆
မာရ်နတ်လာပြော	.....	၃၆
ကောင်းလိုက်တဲ့ဥစ္စာ	.....	၃၇
တရားသုံးမျိုး	.....	၃၈
နိဗ္ဗာန်ရအောင်	.....	၃၉
ပီတိဖြစ်လာ	.....	၃၉
ကိုယ်စိတ်အေးငြိမ်း	.....	၄၀
ထူးခြားတဲ့အပျော်	.....	၄၀
တရားတွေ့ရပြီ	.....	၄၁
ပျော်လွန်းလို့	.....	၄၂
သမာဓိဖြစ်နေ	.....	၄၂
အသင့်အားဖြင့်ရှု	.....	၄၃
ကျင့်ဖို့တရား	.....	၄၅
ခေတ်ကောင်းအခါကောင်း	.....	၄၅
နံနက်ရွတ်	.....	၄၇
ကောင်းသောနံနက်	.....	၄၇

ပရိတ်ကြီးပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နတ်ပင့်–တိုက်တွန်းချက်

၁။ သမန္တာ စက္ကဝါဠေသု,
အဂြာဂစ္ဆန္တု ဒေဝတာ၊
သဒ္ဓမ္မံ မုနိရာဇဿ,
သုဏန္တု သဂ္ဂမောက္ခဒံ။
၂။ ဓမ္မဿဝနကာလော အယံ ဘဒ္ဒန္တာ။

ဘုရားရှိခိုး

၃။ နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တစ်ပန် နတ်ပင့်

၄။ ယေ သန္တာ သန္တစိတ္တာ, တိသရဏသရဏာ,
ဇေတ္ထ လောကန္တရေဝါ၊
ဘုမ္မာ ဘုမ္မာစ ဒေဝါ, ဂဂဏဂဏဂဟဏ–
ဗျာဝဋာ သဗ္ဗကာလံ။
ဧတေ အာယန္တု ဒေဝါ, ဝရကနကမယေ
မေရုရာဇေ ဝသန္တော၊
သန္တော သန္တောသဟေတုံ, မုနိဝရဝစနံ
သောတု မဂ္ဂံ သမဂ္ဂါ။

အမျာဝေနှင့်–တိုက်တွန်းချက်

၅။ သဗ္ဗေသု စက္ကဝါဠေသု,
ယက္ခာ ဒေဝါစ ဗြဟ္မဏော၊
ယံ အမှေဟိ ကတံ ပုညံ,
သဗ္ဗသမ္ပတ္တိသာဓကံ။

၆။ သဗ္ဗေ တံ အနုမောဒိတ္ဝာ,
သမဂ္ဂါ သာသနေ ရတာ၊
ပမာဒရဟိတာ ဟောန္တု,
အာရက္ခာသု ဝိသေသတော။

၇။ သာသနဿစ လောကဿ,
ဝုမှိ ဘဝတု သဗ္ဗဒါ၊
သာသနမ္ပိစ လောကဉ္စ,
ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ,
ပရိဝါရေဟိ အတ္တနော၊
အနီဃာ သုမနာ ဟောန္တု,
သဟ သဗ္ဗေဟိ ဉာတိဘိ။

၉။ ရာဇတော ဝါ စောရတော ဝါ, မနုဿတော ဝါ အမနုဿတော ဝါ, အဂ္ဂိတော ဝါ ဥဒကတော ဝါ, ပိသာစတော ဝါ ခါဏုကတော ဝါ, ကဏ္ဍကတော ဝါ နက္ခတ္တတော ဝါ, ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ, အသဒ္ဒိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ, စဏ္ဍ ဟတ္ထိ-အဿ မိဂ ဂေါဏ ကုက္ကုရ အဟိ ဝိစ္ဆိက မဏိသပ္ပဒီပိ အစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခ ရက္ခသာဒီဟိ, နာနာဘယတော ဝါ နာနာရောဂတော ဝါ, နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

၁။ မင်္ဂလသုတ်ပါဠိတော်

မင်္ဂလသုတ် အမျှန်း
တိုက်တွန်းချက်

၁။ ယံ မင်္ဂလံ ဒွါဒသဟိ, စိန္တယိံသု သဒေဝကာ၊
သောတ္ထာနံ နာ.မိဂစ္ဆန္တိ, အဋ္ဌတိံသဉ္စ မင်္ဂလံ။

၂။ ဒေသိတံ ဒေဝဒေဝေန, သဗ္ဗပါပဝိနာသနံ၊
သဗ္ဗလောကဟိတတ္ထာယ, မင်္ဂလံ တံ ဘဏာမ ဟေ။

မင်္ဂလသုတ် နိဒါန်း

(က) ဧဝံ မေ သုတံ။
(ခ) ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

(ဂ) အထ ခေါ အညတရာ ဒေဝတာ, အဘိက္ကန္တာယ ရတ္တိယာ
အဘိက္ကန္တဝဏ္ဏာ, ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ,
ယေန ဘဂဝါ တေ နုပသင်္ကမိ၊ဥပသင်္ကမိတွာ ဘဂဝန္တံ
အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။

(ဃ) ဧကမန္တံ ဋ္ဌိတာ ခေါ သာ ဒေဝတာ, ဘဂဝန္တံ
ဂါထာယ အဇ္ဈဘာသိ။

မင်္ဂလာဟောရုန် တောင်းပန်

ဗဟူ ဒေဝါ မနုဿာစ, မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ, ဗြူဟိ မင်္ဂလမုတ္တမံ။

မင်္ဂလာတရား(၃၈)ပါး ပါဠိတော်

၁။ အသေဝနာစ ဗာလာနံ, ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာစ ပူဇနေယျာနံ, ဧတံ မင်္ဂလမုတ္တမံ။

၂။ ပတိရူပဒေသဝါသောစ, ပုဗ္ဗေစ ကတပုညတာ၊
အတ္တသမ္မာပဏိဓိစ, ဧတံ မင်္ဂလမုတ္တမံ။

၃။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ, ဝိနယောစ သုသိက္ခိတော၊
သုဘာသိတာစ ယာ ဝါစာ, ဧတံ မင်္ဂလမုတ္တမံ။

၄။ မာတာပိတူဥပဋ္ဌာနံ, ပုတ္တဒါရဿ သင်္ဂဟော၊
အနာကုလာစ ကမ္မန္တာ, ဧတံ မင်္ဂလမုတ္တမံ။

၅။ ဒါနဉ္စ ဓမ္မစရိယာစ, ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ, ဧတံ မင်္ဂလမုတ္တမံ။

၆။ အာရတီ ဝိရတီ ပါပါ, မဇ္ဇပါနာ စ သံယမော၊
အပ္ပမာဒေါစ ဓမ္မေသု, ဧတံ မင်္ဂလမုတ္တမံ။

၇။ ဂါရဝေါစ နိဝါတောစ, သန္တုဋ္ဌိစ ကတညုတာ၊
ကာလေန ဓမ္မသဝဏံ, ဧတံ မင်္ဂလမုတ္တမံ။

၈။ ခန္တီစ သောဝစဿတာ, သမဏာနဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ, ဧတံ မင်္ဂလမုတ္တမံ။

၉။ တပေါစ ဗြဟ္မစရိယဉ္စ, အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာနသစ္ဆိကိရိယာစ, ဧတံ မင်္ဂလမုတ္တမံ။

၁၀။ ဖုဋ္ဌဿ လောကဓမ္မေဟိ, စိတ္တံ ယဿ နကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ, ဧတံ မင်္ဂလမုတ္တမံ။

၁၁။ ဧတာဒိသာနိ ကတွာန, သဗ္ဗတ္ထ မပ္ပရာဓိတာ၊
သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ, တံ တေသံ မင်္ဂလမုတ္တမံ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

ရတနသုတ်ပါဠိတော်

ဗုဒ်ဟတ်သူခိတ်ထားရန် အစီအစဉ်

ပဏိဓာနတော ပဋ္ဌာယ, တထာဂတဿ ဒသ ပါရမိယော, ဒသ ဥပပါရမိယော, ဒသ ပရမတ္ထပါရမိယောတိ, သမတ္တိံသ ပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ, လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ, တိသော စရိယာယော, ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ ဇာတိံ, အဘိနိက္ခမနံ ပဓာနစရိယံ, ဗောဓိပလ္လင်္ကေ မာရဝိဇယံ သဗ္ဗညုတညာဏပဋိဝေဓံ, ဓမ္မစက္ကပဝတ္တနံ နဝလောကုတ္တရဓမ္မေတိ, သဗ္ဗေပိမေ ဗုဒ္ဓဂုဏော အာဝဇ္ဇေတွာ ဝေသာလိယာ တီသု ပါကာရန္တရေသု, တိယာမရတ္တိံ ပရိတ္တံ ကရောန္တော, အာယသ္မာ အာနန္ဒတ္ထေရောဝိယ, ကာရုညစိတ္တံ ဥပဋ္ဌပေတွာ–

တိုက်တွန်းချက်

၁။ ကောဋိသတသဟဿေသု,
စက္ကဝါဠေသု ဒေဝတာ၊
ယဿာဏံ ပဋိဂ္ဂဏှန္တိ,
ယဉ္စ ဝေသာလိယာ ပုရေ။

၂။ ရောဂါမနုဿဒုဗ္ဘိက္ခ,
သမ္ဘူတံ တိဝိဓံ ဘယံ၊
ခိပ္ပမန္တရဓာပေသိ,
ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ယာနီဓ ဘူတာနိ သမာဂတာနိ,
ဘုမ္မာနိဝါ ယာနိဝ အန္တလိက္ခေ၊
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

၄။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ,
မေတ္တံ ကရောထ မာနုသိယာ ပဇာယ၊
ဒိဝါစ ရတ္တောစ ဟရန္တိ ယေ ဗလိံ,
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

၅။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံဝါ,
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊
န နော သမံ အတ္ထိ တထာဂတေန,
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၆။ ခယံ ဝိရာဂံ အမတံ ပဏီတံ,
ယဒဇ္ဈဂါ သက္ယမုနီ သမာဟိတော၊
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ,
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ,
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၇။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ,
သမာဓိ.မာနန္တရိကညမာဟု၊

သမာဓိနာ တေန သမော နဝိဇ္ဇတိ၊
ကြဒမ္မိ ဓမ္မေ ရတနံ ပဏီတံ,
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၈။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ,
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ၊
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ,
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ကြဒမ္မိ သံဃေ ရတနံ ပဏီတံ,
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၉။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန,
နိက္ကာမိနော ဂေါတမသာသနမှိ၊
တေ ပတ္တိပတ္တာ အမတံ ဝိဂ္ဂယှ,
လဒ္ဓါ မုဓာ နိဗ္ဗုတိ ဘုဉ္ဇမာနာ၊
ကြဒမ္မိ သံဃေ ရတနံ ပဏီတံ,
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၀။ ယထိန္ဒခီလော ပထဝိသိတော သိယာ,
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော၊
တထူပမံ သပ္ပုရိသံ ဝဒါမိ,
ယော အရိယသစ္စာနိ အဝေစ္ဆ ပဿတိ၊
ကြဒမ္မိ သံဃေ ရတနံ ပဏီတံ,
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၁။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ,
ဂမ္ဘီရပညေန သုဒေသိတာနိ၊
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ,
န တေ ဘဝံ အဋ္ဌမ.မာဒိယန္တိ၊
ကြဒမ္မိ သံဃေ ရတနံ ပဏီတံ,
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၂။ သဟာဝ.သ ဒဿနသမ္ပဒါယ,
တယ.သု ဓမ္မာ ဇဟိတာ ဘဝန္တိ၊
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ,
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

၁၃။ စတူဟပါယေဟိစ ဝိပ္ပမုတ္တော,
ဆစ္စာပိဌာနာနိ အဘိဗ္ဘ ကာတုံ၊
ကြဒမ္မိ သံဃေ ရတနံ ပဏီတံ,
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၄။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ,
ကာယေန ဝါစာ ဥဒ စေတသာ ဝါ၊
အဘဗ္ဘ သော တဿ ပဋိစ္ဆဒါယ,
အဘဗ္ဘတာ ဒိဋ္ဌပဒဿ ဝုတ္တာ၊
ကြဒမ္မိ သံဃေ ရတနံ ပဏီတံ,
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅။ ဝနပ္ပဂုမ္မေ ယထာ ဖုဿိတဂ္ဂေ,
ဂိမ္ဟာနမာသေ ပဌမသ္မိံ ဂိမှေ၊
တထူပမံ ဓမ္မဝရံ အဒေသယိ,
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ,
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၆။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော,
အနုတ္တရော ဓမ္မဝရံ အဒေသယိ၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ,
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၇။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ,
ဝိရတ္တစိတ္တာ၊ယတိကေ ဘဝသ္မိံ၊
တေ ခီဏဗီဇာ အဝိရုဠှိဆန္ဒာ,
နိဗ္ဗန္တိ ဓီရာ ယထာ၊ယံ ပဒီပေါ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ,
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၈။ ယာနိဓ ဘူတာနိ သမာဂတာနိ,
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ,
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၁၉။ ယာနိဓ ဘူတာနိ သမာဂတာနိ,
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ,
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၂၀။ ယာနိဓ ဘူတာနိ သမာဂတာနိ,
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ,
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ရတနသုတ္တံ နိဋ္ဌိတံ။

၃။ မေတ္တာသုတ်ပါဠိတော်

ဘိုက်ဘွန်းချက်

၁။ ယဿာနုဘာဝတော ယက္ခာ,
နေဝ ဒဿေန္တိ ဘီသနံ၊
ယမ္ပိ စေဝါ နုယုဉ္ဇန္တော၊
ရတ္တိန္ဒိဝံ၊မတန္ဒိတော။

၂။ သုခံ သုပတိ သုတ္တော စ,
ပါပံ ကိဉ္စိ နပဿတိ၊
ဧဝမာဒိဂုဏူပေတံ,
ပရိတ္တံ တံ ဘဏာမ ဟော။

၃။ ကရဏီယ.မတ္ထကုသလေန,
ယန္တ သန္တံ ပဒံ အဘိသမေစ္စ၊
သက္ကော ဥဇု စ သုဟူဇု စ,
သုဝစော စဿ မုဒု အနတိမာနိ။

၄။ သန္တုဿကောစ သုဘရောစ,
အပ္ပကိစ္စောစ သလ္လဟုကဝုတ္တိ၊
သန္တိန္ဒြိယောစ နိပကောစ,
အပ္ပဂဗ္ဘော ကုလေသု.နနုဂိဒ္ဓေါ။

၅။ န စ ခုဒ္ဒ မာစရေ ကိဉ္စိ,
ယေန ဝိညူ ပရေ ဥပဝဒေယျုံ၊
သုခိနော၀ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘ၀န္တု သုခိတတ္တာ။

၆။ ယေ ကေစိ ပါဏဘူတ.တ္ထိ,
တသာ၀ါ ထာ၀ရာ၀.နဝသေသာ၊
ဒီဃာ ၀ါ ယေ၀ မဟန္တာ,
မဇ္ဈိမာ ရဿကာ အနုကထူလာ။

၇။ ဒိဋ္ဌာ ၀ါ ယေ၀ အဒိဋ္ဌာ,
ယေ၀ ဒူရေ ၀သန္တိ အဝိဒူရေ၊
ဘူတာ၀ သမ္ဘ၀ေသီ၀,
သဗ္ဗသတ္တာ ဘ၀န္တု သုခိတတ္တာ။

၈။ န ပရော ပရံ နိကုဗ္ဗေထ,
နာတိမညေထ ကတ္ထစိ နံ ကိဉ္စိ၊

ဗျာရောသနာ ပဋိဃသညာ,
နာညမညဿ ဒုက္ခ.မိစ္ဆေယျ။

၉။ မာတာ ယထာ နိယံပုတ္တ-
မာယုသာ ဧကပုတ္တ.မနုရက္ခေ၊
ဧ၀မ္ပိ သဗ္ဗဘူတေသု,
မာနသံ ဘာ၀ယေ အပရိမာဏံ။

၁၀။ မေတ္တဉ္စ သဗ္ဗလောကသ္မိံ,
မာနသံ ဘာ၀ယေ အပရိမာဏံ၊
ဥဒ္ဓံ အ၀ေစ တိရိယဉ္စ,
အသမ္ဗာဓံ အ၀ေရ.မသပတ္တံ။

၁၁။ တိဋ္ဌံ စရံ နိသိန္နော၀,
သယာနော ယာ၀တာ.ဿ ဝိတမိဒ္ဓေါ၊
ဧတံ သတိံ အဓိဋ္ဌေယျ,
ဗြဟ္မ.မေတံ ဝိဟာရ.မိဓ.မာဟု။

၁၂။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ,
သီလ၀ါ ဒဿနေန သမ္ပန္နော၊
ကာမေသု ဝိနေယျ ဂေဓံ,
န ဟိ ဇာတုဂဗ္ဘသေယျ ပုန ရေတိ။

မေတ္တသုတ်ံ နိဋ္ဌိတံ။

၄။ ခန္ဓသုတ်ပါဠိတော်

ဧကုတ္တရနိကာယ်

၁။ သဗ္ဗာသီဝိသဇာတီနံ,
ဒိဗ္ဗမန္တာဂဒံ ဝိယ၊
ယံ နာသေတိ ဝိသံ ဃောရံ,
သေသဉ္စာပိ ပရိဿယံ။

၂။ အာဏာခေတ္တမ္ဟိ သဗ္ဗတ္ထ,
သဗ္ဗဒါ သဗ္ဗပါဏိနံ၊
သဗ္ဗသောပိ နိဝါရေတိ,
ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ဝိရူပက္ခေဟိ မေ မေတ္တံ,
မေတ္တံ ဧရာပထေဟိ မေ၊
ဆဗ္ဘာပုတ္တေဟိ မေ မေတ္တံ,
မေတ္တံ ကဏှာဂေါတမကေဟိ စ။

၄။ အပါဒကေဟိ မေ မေတ္တံ,
မေတ္တံ ဒွိပါဒကေဟိ မေ၊
စတုပ္ပဒေဟိ မေ မေတ္တံ,
မေတ္တံ ဗဟုပ္ပဒေဟိ မေ။

၅။ မာ မံ အပါဒကော ဟိံသိ,
မာ မံ ဟိံသိ ဒွိပါဒကော၊
မာ မံ စတုပ္ပဒေါ ဟိံသိ,
မာ မံ ဟိံသိ ဗဟုပ္ပဒေါ။

၆။ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ,
သဗ္ဗေ ဘူတာ စ ကေဝလာ၊
သဗ္ဗေ ဘဒြာနိ ပဿန္တု,
မာ ကိဉ္စိ ပါပမာဂမာ။

၇။ အပ္ပမာဏော ဗုဒ္ဓေါ,
အပ္ပမာဏော ဓမ္မော၊
အပ္ပမာဏော သံဃော,
ပမာဏဝန္တာနိ သရီသပါနိ၊
အဟိ ဝိစ္ဆိကာ သတပဒီ,
ဥဏ္ဏနာဘီ သရဋူမူသိကာ။

၈။ ကတာ မေ ရက္ခာ, ကတံ မေ ပရိတ္တံ,
ပဋိက္ကမန္တု ဘူတာနိ၊
သောဟံ နမော ဘဂဝတော,
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ခန္ဓသုတ္တံ နိဋ္ဌိတံ။

၅။ မောရသုတ်ပါဠိတော်

ဆိုက်ဒွန်းချက်

၁။ ပူရေန်ဆံ ဗောဓိသမ္ဘာရေ,
နိဗ္ဗတ္တံ မောရယောနိယံ၊
ယေန သံဝိဟိတာ ရက္ခံ,
မဟာသတ္တံ ဝနေစရာ။

၂။ စိရဿံ ဝါယမန္တာပိ,
နေဝ သက္ခိံသု ဂဏှိတုံ၊
ဗြဟ္မမန္တ.နီံ အက္ခာတံ,
ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ဥဒေတယံ စက္ခုမာ ဧကရာဇာ,
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော၊
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ,
တယာ.ဒ္ဓေ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

၄။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ,
တေ မေ နမော တေ စ မံ ပါလယန္တု၊
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ,
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ,
မောရော စရတိ ဧသနာ။

၅။ အပေတ.ယံ စက္ခုမာ ဧကရာဇာ,
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော၊
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ,
တယာ.ဒ္ဓေ ဂုတ္တာ ဝိဟရေမု ရတ္တိံ။

၆။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ,
တေ မေ နမော တေ စ မံ ပါလယန္တု၊
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ,
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ၊
ဣမံ သော ပရိတ္တံ ကတွာ,
မောရော ဝါသ.မကပ္ပယိ။

မောရသုတ္တံ နိဋ္ဌိတံ။

၆။ ဝဋ္ဋသုတ်ပါဠိတော်

ဆိုက်ဒွန်းချက်

၁။ ပူရေန်ဆံ ဗောဓိသမ္ဘာရေ,
နိဗ္ဗတ္တံ ဝဋ္ဋကတိယံ၊
ယဿ တေဇေန ဒါဝဂ္ဂိ,
မဟာသတ္တံ ဝိဝဇ္ဇယိ။

၂။ ထေရဿ သာရိပုတ္တဿ,
လောကနာထေန ဘာသိတံ၊

ကပ္ပဋ္ဌာယိ မဟာတေဇံ
ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ အတ္ထိ လောကေ သီလဂုဏော,
သစ္စံ သောစေယျ နုဒ္ဒယာ၊
တေန သစ္စေန ကာဟာမိ,
သစ္စကိရိယ.မနုတ္တရံ။

၄။ အာဝဇ္ဇေတွာ ဓမ္မဗလံ,
သရိတွာ ပုဗ္ဗကေ ဇိနေ၊
သစ္စဗလ.မဝဿာယ,
သစ္စကိရိယ.မကာသဟံ။

၅။ သန္တိ ပက္ခာ အပတနာ,
သန္တိ ပါဒါ အဝဉ္စနာ၊
မာတာ ပိတာ စ နိက္ခန္တာ,
ဧာတဝေဒ ပဋိက္ကမ။

၆။ သဟ သစ္စေ ကတေ မယှံ,
မဟာပဇ္ဇလိတော သိခီ၊
ဝဇ္ဇေသိ သောဋ္ဌသကရီသာနိ,
ဥဒကံ ပတွာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ,
ဧသော မေ သစ္စပါရမီ။

ဝဋ္ဋသုတ္တံ နိဋ္ဌိတံ။

၇။ ဓဇဂ္ဂသုတ်ပါဠိတော်

တိုက်တွန်းချက်

၁။ ယဿာ.နုဿရဏေနာပိ,
အန္တလိက္ခေပိ ပါဏိနော၊
ပတိဋ္ဌ.မဓိဂစ္ဆန္တိ,
ဘူမိယံ ဝိယ သဗ္ဗထာ။

၂။ သဗ္ဗုပဒ္ဒဝဇာလမှာ,
ယက္ခစောရာဒိသမ္ဘဝါ၊
ဂဏာနာ နု စ မုတ္တာနံ,
ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ, ဧဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

၄။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ၊ ဘဒ္ဒန္တေ.တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊ ဘဂဝါ ဧတဒဝေါစ–ဘူတပုဗ္ဗံ ဘိက္ခဝေ ဒေဝါသုရသင်္ဂါမော သမုပဗ္ဗုဠ္ဠော အဟောသိ၊ အထ ခေါ ဘိက္ခဝေ သက္ကော ဒေဝါန.မိန္ဒော ဒေဝေ ဘာဝတိံသေ အာမန္တေသိ၊ သစေ မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ မမေဝ ဘာသိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ မမံ ဟိ ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၅။ နော စေ မေ ဓဇံ ဥလ္လောကေယျာထ၊ အထ ပဇာပတိဿ ဒေဝရာဇဿ ဓဇံ ဥလ္လောကေယျာထ၊ ပဇာ ပတိဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၆။ နော စေ ပဇာပတိဿ ဒေဝရာဇဿ ဓဇံ ဥလ္လောကေယျာထ၊ အထ ဝရုဏဿ ဒေဝရာဇဿ ဓဇံ ဥလ္လောကေယျာထ၊ ဝရုဏဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံဝါ ဆမ္ဘိတတ္တံဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၇။ နော စေ ဝရုဏဿ ဒေဝရာဇဿ ဓဇံ ဥလ္လောကေယျာထ၊ အထ ဣသာနဿ ဒေဝရာဇဿ ဓဇံ ဥလ္လောကေယျာထ၊ ဣသာနဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိ တတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတီ တိ။

၈။ တံ ခေါ ပန ဘိက္ခဝေ သက္ကဿ ဝါ ဒေဝါနမိန္ဒဿ ဓဇံ ဥလ္လောကယတံ, ပဇာပတိဿ ဝါ ဒေဝရာဇဿ ဓဇံဥလ္လောကယတံ၊ ဝရုဏဿ ဝါ ဒေဝရာဇဿ ဓဇံ ဥလ္လော ကယတံ ဣသာနဿ ဝါ ဒေဝရာဇဿ ဓဇံ ဥလ္လော ကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယေထာပိ နော ပဟီယေထ။

၉။ တံ ကိဿ ဟေတု၊ သက္ကော ဟိ ဘိက္ခဝေ ဒေဝါန.မိန္ဒော အဝီတရာဂေါ အဝီတဒေါသော အဝီတမောဟော, ဘီရု ဆမ္ဘီ ဥတ္တြာသီ ပလာယီတိ။

၁၀။ အဟဉ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ သစေ တုမှာကံ ဘိက္ခဝေ အရညဂတာနံ ဝါ ရုက္ခမူလဂတာနံ ဝါ သုညာဂါရ ဂတာနံ ဝါ ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ မမေဝ တသ္မိံ သမယေ အနုဿရေယျာထ။

၁၁။ "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ, အနုတ္တရော ပုရိသ ဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ ဘဂဝါ" တိ။

၁၂။မမံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ, ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၁၃။နော စေ မံ အနုဿရေယျာထ၊
အထ ဓမ္မံ အနုဿရေယျာထ။

၁၄။"သွာက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော အကာလိကော, ဧဟိပဿိကော ဩပါနေယျိကော, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" တိ။

၁၅။ ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၁၆။ နော စေ ဓမ္မံ အနုဿရေယျာထ၊
အထ သံဃံ အနုဿရေယျာထ...။

၁၇။ "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ဥုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝက သံဃော, အာဟုနေယျော ပါဟုနေယျော, ဒက္ခိဏေယျော အဉ္ဇလိကရဏီယော, အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ"တိ။

၁၈။ သဃံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ, ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၁၉။ တံ ကိဿ ဟေတု၊ တထာဂတော ဟိ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ, ဝိတရာဂေါ ဝိတဒေါသော ဝိတမောဟော, အဘီရု အဆမ္ဘီ အနုတ္တြာသီ အပလာယီတိ။

၂၀။ ဣဒမဝေါစ ဘဂဝါ၊
ဣဒံ ဝတ္ဝာန သုဂတော၊
အထာပရံတေ၊ဒဝေါ စ သတ္ထာ။

၂၁။ အရညေ ရုက္ခမူလေ ဝါ,
သုညာဂါရေဝ ဘိက္ခဝေါ၊
အနုဿရေထ သမ္ဗုဒ္ဓံ,
ဘယံ တုမှာက နော သိယာ။

၂၂။ နော စေ ဗုဒ္ဓံ သရေယျာထ,
လောကဇေဋ္ဌံ နရာသဘံ၊
အထ ဓမ္မံ သရေယျာထ,
နိယျာနိကံ သုဒေသိတံ။

၂၃ နော စေ ဓမ္မံ သရေယျာထ,
နိယျာနိကံ သုဒေသိတံ၊
အထ သံဃံ သရေယျာထ,
ပုညက္ခေတ္တံ အနုတ္တရံ။

၂၄။ ဧဝံ ဗုဒ္ဓံ သရန္တာနံ,
ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ၊
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ,
လောမဟံသော နဟောဿတိ။

ဓဇဂ္ဂသုတ္တံ နိဋ္ဌိတံ။

၈။ အာဋာနာဋိယသုတ်ပါဠိတော်

တိုက်ဆွန်းကျက်

၁။ အပ္ပသန္နေဟိ နာထသ၊
သာသနေ သာဓုသမ္မတေ၊
အမနုဿေဟိ စဏ္ဍေဟိ,
သဒါ ကိဗ္ဗိသကာရိဘိ။

၂။ ပရိသာနံ စတဿန္နံ,
အဟိံသာယ စ ဂုတ္တိယာ၊
ယံ ဒေသေသိ မဟာဝီရော,
ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ဝိပဿိဿစ နမတ္ထု,
စက္ခုမန္တဿ သိရီမတော၊
သိခိဿိပိစ နမတ္ထု,
သဗ္ဗဘူတာနုကမ္ပိနော။

၄။ ဝေဿဘုဿစ နမတ္ထု,
နှာတကဿ တပသိနော၊
နမတ္ထု ကကုသန္ဓဿ,
မာရသေနာပမဒ္ဒိနော။

၅။ ကောဏာဂမနဿ နမတ္ထု,
ဗြဟ္မဏဿ ဝုသီမတော၊
ကဿပဿစ နမတ္ထု,
ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

၆။ အဋ္ဌိရသဿ နမတ္ထု,
သက္ယပုတ္တဿ သိရီမတော၊
ယော ဣမံ ဓမ္မံ ဒေသေသိ,
သဗ္ဗဒုက္ခာပနူဒနံ။

၇။ ယေ စာပိ နိဗ္ဗုတာ လောကေ,
ယထာဘူတံ ဝိပဿိသုံ၊
တေ ဇနာ အပိသုဏာ.ထ,
မဟန္တာ ဝီတသာရဒါ။

၈။ ဟိတံ ဒေဝမနုဿာနံ,
ယံ နမဿန္တိ ဂေါတမံ၊
ဝိဇ္ဇာစရဏသမ္ပန္နံ,
မဟန္တံ ဝီတသာရဒံ။

၉။ ဇေတေ စညေစ သမ္ဘဒ္ဒါ,
အနေကသတကောဋ္ဌိယော၊
သဗ္ဗေ ဗုဒ္ဓါ သမသမာ,
သဗ္ဗေ ဗုဒ္ဓါ မဟိဒ္ဓိကာ။

၁၀။ သဗ္ဗေ ဒသဗလူပေတာ,
ဝေသာရဇ္ဇေဟု.ပါဂတာ၊
သဗ္ဗေ တေ ပဋိဇာနန္တိ,
အာသဘံ ဌာန.မုတ္တမံ။

၁၁။ သီဟနာဒံ နဒန္တေ တေ,
ပရိသာသု ဝိသာရဒါ၊
ဗြဟ္မစက္ကံ ပဝတ္တေန္တိ,
လောကေ အပ္ပဋိဝတ္တိယံ။

၁၂။ ဥပေတာ ဗုဒ္ဓဓမ္မေဟိ,
အင်္ဂါရသဟိ နာယကာ၊
ဗာတ္တိံသလက္ခဏူပေတာ,
သီတာနုဗျဉ္ဇနာရဟာ။

၁၃။ ဗျာမပ္ပဘာယ သုပ္ပဘာ,
သဗ္ဗေ တေ မုနိကုဉ္ဇရာ၊
ဗုဒ္ဓါ သဗ္ဗညုနော ဇေတေ,
သဗ္ဗေ ခီဏာသဝါ ဇိနာ။

၁၄။ မဟာပဘာ မဟာတေဇာ,
မဟာပညာ မဟာဗလာ၊
မဟာကာရုဏိကာ ဓီရာ,
သဗ္ဗေသာနံ သုခါဝဟာ။

၁၅။ ဒီပါ နာထာ ပတိဋ္ဌာစ,
တာဏာ လေဏာစ ပါဏိနံ၊
ဂတိ ဗန္ဓူ မဟေသာသာ,
သရဏာစ ဟိတေသိနော။

၁၆။ သဒေဝကဿ လောကဿ,
သဗ္ဗေ ဇေတေ ပရာယဏာ၊
တေသာဟံ သိရသာ ပါဒေ,
ဝန္ဒာမိ ပုရိသုတ္တမေ။

၁၇။ ဝစသာ မနသာ စေဝ,
ဝန္ဒာမေ တေ တထာဂတေ၊
သယနေ အာသနေ ဌာနေ,
ဂမနေ စာပိ သဗ္ဗဒါ။

၁၈။ သဒါ သုခေန ရက္ခန္တု,
ဗုဒ္ဓါ သန္တိကရာ တုဝံ၊
တေဟိ တုံ ရက္ခိတော သန္တော,
မုတ္တော သဗ္ဗဘယေဟိ စ။

၁၉။ သဗ္ဗရောဂါ ဝိနိမုတ္တော,
သဗ္ဗသန္တာပဝဇ္ဇိတော၊
သဗ္ဗဝေရမတိက္ကန္တော,
နိဗ္ဗုတော စ တုဝံ ဘဝ။

၂၀။ တေသံ သစ္စေန သီလေန,
ခန္တီမေတ္တာ ဗလေန စ၊
တေပိ အမှေ နုရက္ခန္တု,
အရောဂေန သုခေန စ။

၂၁။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ,
သန္တိ ဘူတာ မဟိဒ္ဓိကာ၊
တေပိ အမ္ဖေ့နုရက္ခန္တု,
အရောဂေန သုခေန စ။

၂၂။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ,
သန္တိ ဒေဝါ မဟိဒ္ဓိကာ၊
တေပိ အမ္ဖေ့နုရက္ခန္တု,
အာရောဂေန သုခေန စ။

၂၃။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ,
သန္တိ နာဂါ မဟိဒ္ဓိကာ၊
တေပိ အမ္ဖေ့နုရက္ခန္တု,
အရောဂေန သုခေန စ။

၂၄။ ဥတ္တရသ္မိံ ဒိသာဘာဂေ,
သန္တိ ယက္ခာ မဟိဒ္ဓိကာ၊
တေပိ အမ္ဖေ့နုရက္ခန္တု,
အရောဂေန သုခေန စ။

၂၅။ ပုရတ္ထိမေန ဓရဏ္ဍော,
ဒက္ခိဏေန ဝိရူဠ္ဟကော၊
ပစ္ဆိမေန ဝိရူပက္ခော,
ကုဝေရော ဥတ္တရံ ဒိသံ။

၂၆။ စတ္တာရော တေ မဟာရာဇာ,
လောကပါလာ ယသဿိနော၊

တေပိ အမ္ဖေ့နုရက္ခန္တု,
အရောဂေန သုခေန စ။

၂၇။ အာကာသဋ္ဌာစ ဘူမဋ္ဌာ,
ဒေဝါ နာဂါ မဟိဒ္ဓိကာ၊
တေပိ အမ္ဖေ့နုရက္ခန္တု,
အာရောဂေန သုခေန စ။

၂၈။ ဣဒ္ဓိမန္တော စ ယေ ဒေဝါ,
ဝသန္တာ ဣဓ သာသနေ၊
တေပိ အမ္ဖေ့နုရက္ခန္တု,
အာရောဂေန သုခေန စ။

၂၉။ သဗ္ဗီတိယော ဝိဝဇ္ဇန္တု,
သောကော ရောဂေါ ဝိနသ္သတု၊
မာ တေ ဘဝန္တ္ဝန္တရာယာ,
သုခီ ဒီဃာယုကော ဘဝ။

၃၀ အဘိဝါဒနသီလိဿ,
နိစ္စံ ဝုဍ္ဎာပစာယိနော၊
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ,
အာယု ဝဏ္ဏော သုခံ ဗလံ။

အဠာနာဋိယသုတ္တံ နိဋ္ဌိတံ။

၉။ အင်္ဂုလိမာလသုတ်ပါဠိတော်

ဘိုက်ဆွန်းချက်

၁။ ပရိတ္တံ ယံ ဘဏန္တသ,
နိသိန္နဋ္ဌာနဓောဝနံ၊
ဥဒကမ္ပိ ဝိနာသေတိ၊
သဗ္ဗ မေဝ ပရိဿယံ။

၂။ သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ,
ယဉ္စ သာဓေတိ တခ်ဏေ၊
ထေရဿ.င်္ဂုလိမာလဿ,
လောကနာထေန ဘာသိတံ၊
ကပ္ပဋ္ဌာယိံ မဟာတေဇံ,
ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ယတော.ဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊ တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

အင်္ဂုလိမာလသုတ္တံ နိဋ္ဌိတံ။

၁၀။ ဗောဇ္ဈင်္ဂသုတ်ပါဠိတော်

ဘိုက်ဆွန်းချက်

၁။ သံသာရေ သံသရန္တာနံ,
သဗ္ဗဒုက္ခဝိနာသနေ၊
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ,
မာရသေနာပမဒ္ဒနေ။။

၂။ ဗုဇ္ဈိတ္ဝာ ယေ စိမေ သတ္တာ,
တိဘဝါ မုတ္တကု.တ္တမာ၊
အဇာတိ.မဇာရာ.ဗျာဓိ,
အမတံ နိဗ္ဗယံ ဂတာ။

၃။ ဧဝမာဒိဂုဏူပေတံ,
အနေကဂုဏသင်္ဂဟံ၊
သြသဓ္ဓ ဣမံ မန္တံ,
ဗောဇ္ဈင်္ဂ ဘဏာမ ဟေ။

၄။ ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော,
ဓမ္မာနံ ဝိစယော တထာ၊
ဝီရိယံ ပီတိ ပဿဒ္ဓိ,
ဗောဇ္ဈင်္ဂါစ တထာပရေ။

၅။ သမာဓုံပေကွာ ဖောဈ္ဈင်္ဂါ,
သတ္တေတေ သဗ္ဗဒဿိနာ၊
မုနိနာ သမ္မဒက္ခာတာ,
ဘဝိတာ ဗဟုလီကတာ။

၆။ သံဝတ္တန္တိ အဘိညာယ,
နိဗ္ဗာနာယစ ဖောဓိယာ၊
ဧတေန သစ္စဝဇ္ဇေန,
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၇။ ကေသ္မိံ သမယေ နာထော,
မောဂ္ဂလ္လာန၌ ကဿပံ၊
ဂိလာနေ ဒုက္ခိတေ ဒိသွာ,
ဖောဈ္ဈင်္ဂေ သတ္တ ဒေသယိ။

၈။ တေ စ တံ အဘိနန္ဒိတွာ,
ရောဂါ မုစ္စိံသု တခ်ဏေ၊
ဧတေန သစ္စဝဇ္ဇေန,
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၉။ ကေဒါ ဓမ္မရာဇာပိ,
ဂေလညေနာ.ဘိပီဠိတော၊
စုန္ဒတ္ထေရေန တံယေဝ,
ဘဏာပေတွာန သာဒရံ။

၁၀။ သမ္မောဒိတွာန အာဗာဓာ,
တမှာ ဝုဋ္ဌာသိ ဌာနသော၊
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၁။ ပဟီနာ တေ စ အာဗာဓာ,
တိဏ္ဏန္နမ္မိ မဟေသိနံ၊
မဂ္ဂဟတာ ကိလေသာဝ,
ပတ္တာနုတ္တိဓမ္မတံ၊
ဧတေန သစ္စဝဇ္ဇေန,
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဖောဈ္ဈင်သုတ္တံ နိဋ္ဌိတံ။

ပါဠိတော် ဖောဈ္ဈင်သုတ်

က။ သတ္တိ.မေ ဥပါသိက ဖောဈ္ဈင်္ဂါ,
ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ,
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ခ။ ကတမေ သတ္တ။

ဂ။ သတိသမ္ဗောဈ္ဈင်္ဂေါ ခေါ ဥပါသက,

ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသက,
ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၃။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသက,
ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၄။ ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသက,
ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသက,
ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၆။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသက,
ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသက,
ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

* ဣမေ ခေါ ဥပါသက သတ္တ ဗောဇ္ဈင်္ဂေါ,
ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ,
အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ပါဋိဗောဇ္ဈင်္ဂသုတ်ံ နိဋ္ဌိတံ။

၁၁။ ပုဗ္ဗဏှသုတ်ပါဋိတော်

ပရိဘ်ဗ္ဘန်း

၁။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလ္လ,
ယော စာ.မနာပေါ သကုဏသ သဒ္ဒေါ၊
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ,
ဗုဒ္ဓါ.နုဘာဝေန ဝိနာသ.မေန္တု။

၂။ ယံ ဒုန္နိမိတ္တံ အဝမင်္ဂလ္လ,
ယော စာ.မနာပေါ သကုဏသ သဒ္ဒေါ၊
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ,
ဓမ္မာ.နုဘာဝေန ဝိနာသ.မေန္တု။

၃။ ယံ ဒုန္နိမုတ္တံ အဝမင်္ဂလ္လ,
ယော စာ.မနာပေါ သကုဏသ သဒ္ဒေါ၊
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ,
သံဃာ.နုဘာဝေန ဝိနာသ.မေန္တု။

၄။ ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ,
ဘယပ္ပတ္တာစ နိဗ္ဘယာ၊
သောကပတ္တာစ နိသောကာ,
ဟောန္တု သဗ္ဗေပိ ပါဏိနော။

မောဇ္ဈာပို့, အမျှဝေ, နတ်ပို့,

၅။ ဇေတ္တာဝတာ စ အမ္ဟေဟိ,
သမ္ဘတံ ပုညသမ္ဘဒံ၊
သဗ္ဗေ ဒေဝါနုမောဒန္တု,
သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

၆။ ဒါနံ ဒဒန္တု သဒ္ဓါယ,
သီလံ ရက္ခန္တု သဗ္ဗဒါ၊
ဘာဝနာဘိရတာ ဟောန္တု,
ဂစ္ဆန္တု ဒေဝတာဂတာ။

စည်းချက်ထား

၇။ သဗ္ဗေ ဗုဒ္ဓါ ဗလပတ္တာ,
ပစ္ဆေကာနဉ္စ ယံ ဗလံ၊
အရဟန္တာနဉ္စ တေဇေန,
ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

၈။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ,
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊
န နော သမံ အတ္ထိ တထာဂတေန,
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၉။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ,
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊
န နော သမံ အတ္ထိ တထာဂတေန,
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၀။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ,
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊
န နော သမံ အတ္ထိ တထာဂတေန,
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၁။ ဘဝတု သဗ္ဗမင်္ဂလံ,
ရက္ခန္တု သဗ္ဗဒေဝတာ၊
သဗ္ဗဗုဒ္ဓါနုဘာဝေန,
သဒါ သုခီ ဘဝန္တု တေ။

၁၂။ ဘဝတု သဗ္ဗမင်္ဂလံ,
ရက္ခန္တု သဗ္ဗဒေဝတာ၊
သဗ္ဗမမ္မာ.နုဘာဝေန,
သဒါ သုခီ ဘဝန္တု တေ။

၁၃။ ဘဝတု သဗ္ဗမင်္ဂလံ,
ရက္ခန္တု သဗ္ဗဒေဝတာ၊
သဗ္ဗသံဃာ.နုဘာဝေန,
သဒါ သုခီ ဘဝန္တု တေ။

၁၄။ မဟာကာရုဏိကော နာထော,
ဟိတာယ သဗ္ဗပါဏိနံ
ပူရေတွာ ပါရမီ သဗ္ဗာ၊
ပတ္တော သမ္ဗောဓိ.မုတ္တမံ,
ဧတေန သစ္စဝဇ္ဇေန,
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၅။ ဧယန္တော ဗောဓိယာ မူလေ,
သက္ယာနံ နန္ဒိဝဍ္ဎနော၊
ဧဝမေဝ ဧယော ဟောတု,
ဧယသူ ဧယမင်္ဂလေ။

၁၆။ အပရာဇိတပလ္လင်္ကေ,
သီသေ ပုထဝိပုက္ခလေ၊

အဘိသေကေ သဗ္ဗဗုဒ္ဓါနံ,
အဂ္ဂပတ္တော ပမောဒတိ။

၁၇။ သုနက္ခတ္တံ သုမင်္ဂလံ,
သုပ္ပဘာတံ သုဟုဋ္ဌိတံ၊
သုခဏော သုမုဟုတ္တော စ,
သုယိဋ္ဌံ ဗြဟ္မစာရိသု။

၁၈။ ပဒက္ခိဏံ ကာယကမ္မံ,
ဝါစာကမ္မံ ပဒက္ခိဏံ၊
ပဒက္ခိဏံ မနောကမ္မံ,
ပဏိဓိယော ပဒက္ခိဏော။

၁၉။ ပဒက္ခိဏာနိ ကတ္ဝာန,
လဘန္တ္တေ ပဒက္ခိဏေ၊
တေ အတ္ထလဒ္ဓါ သုခိတာ,
ဝိရုဠှာ ဗုဒ္ဓသာသနေ၊
အရောဂါ သုခိတာ ဟောထ,
သဟ သဗ္ဗေဟိ ဉာတိဘိ။

ပုဗ္ဗဏှသုတ္တံ နိဋ္ဌိတံ။


ပရိတ်ကြီးပါဠိတော်ပြီး၏။

အမရပူရမြို့
ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ

၏

ပရိတ်ကြီးနိဿယ



အရှင်ဇနကာဘိဝံသ.၏

ပရိတ်ကြီးနိဿယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

နတ်ပင့်နှင့် တိုက်တွန်းချက်

၁။ သမန္တာ–ရှေ့နောက်ဝဲယာ, ဒိသာရုပ်ခွင်, ဤစကြဝဠာပတ်ဝန်းကျင်၌၊ စက္ကဝါဠေသု–စကြဝဠာအပေါင်း, တိုက်တစ်သောင်းတို့၌၊ ဝသန္တာ–ကိုယ်စီကိုယ်ငြ, နေထိုင် ကြကုန်သော၊ ဒေဝတာ–တန်ခိုးကြီးများ, နတ် ဗြဟ္မာ, အများတို့သည်၊ အတြ–ပရိတ်တော်မြတ်, ရွတ်ဖတ်နေကြ ဤဒေသသို့၊ အာဂစ္ဆန္တု–ညီညာဖြဖြ, လာရောက်ကြပါကုန်လော၊ မုနိရာဇဿ–မုနိထွတ်တင်, ဘုရားရှင်၏၊ သဂ္ဂမောက္ခဒံ–နတ်ပြည် နိဗ္ဗာန်, ကျိုးနှစ်တန်ကို, ဧကန်ပိုင်ပိုင်, ပေးစွမ်းနိုင်သော၊ သဒ္ဓမ္မံ–ဥပါဒ်အန္တ ရာယ်, ရန်အသွယ်သွယ်ကို, ကာကွယ်ပေးတတ်, ပရိတ်တရားတော်မြတ်ကို၊ သုဏန္တု–အာရုံတစ်ပါး, စိတ်မသွားဘဲ, လေးစားကြည်ဖြူ, နာယူလှည့်ကြပါကုန်လော။

၂။ ဘဒ္ဒန္တာ–အို နတ်အများတို့၊ အယံ–ဤ အခါသည်ကား၊ ဓမ္မဿဝနကာလော–မြတ်ဘုရား၏, တရားဒေသနာ, နာယူရမည့် အခါပေတည်း။

ဘုရားရှိခိုး

၃။ အရဟတော-တစ်ထောင့်ငါးရာ, ကိလေသာတို့မှ ဝေးကွာတော်မူသော၊ သမ္မာသမ္ဗုဒ္ဓသ-ကြွင်းမဲ့ဉာဏ်, အလုံးစုံကို, အကုန်အစင်, သိမြင်တော်မူသော၊ တဿဘဂဝတော-မုနိထွတ်တင်, ထိုဘုရားရှင်အား၊ နမော-ရိသေညွတ်ကျိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏။

တစ်ဖန်နတ်ပင့်

၄။ ဧတ္ထဝါ-ဤ စကြဝဠာ, ကမ္မာလောကဌ် လည်းကောင်း၊ လောကန္တရေဝါ-အခြားသော စကြဝဠာ, ကမ္မာလောကဌ် လည်းကောင်း၊ ဝသန္တာ-နေကြကုန်သော၊ သန္တာ-သူတော်အစစ်, သမ္မာဒိဋ္ဌိဖြစ်ကြကုန်သော၊ သန္တ စိတ္တာ-သူတော်တို့ထုံး, အမြဲသုံး၍, နှလုံးငြိမ့်ညောင်း, စိတ်ကောင်း စိတ်မြတ် ရှိကြကုန်သော၊ တိသရဏသရဏာ-သုံးပါးရတနာ, ကိုးကွယ်ရာ ရှိကြကုန်သော၊ သဗ္ဗကာလံ-နေ့ရော ညပါ, အခါခပ်သိမ်း၊ ဂုဏဂဏဂဟဏဗျာဝဋာ-သီလသမာဓိ, စရှိဆူဆူ, ဂုဏ်အပေါင်းကို ယူခြင်းဌဲ့ အားစိုက်ကြကုန်သော၊ ဘုမ္မာစ-မြေနှင့် ဆက်စပ်, အရပ်ရပ်၌ နေကြသည်လည်း ဖြစ်ကုန်သော၊ အဘုမ္မာစ-မြေနှင့်မစပ်, ကောင်းကင်ရပ်၌, နေထိုင်ကြသည်လည်း ဖြစ်ကုန်သော၊ ယေဒေဝါစ-အကြင် နတ် ဗြဟ္မာတို့သည် လည်းကောင်း၊ ဝရကနကမယေ-ကောင်းမြတ်သော ရွှေစင်အတိပြီးသော၊ မေရုရာဇေ-မြင်းမိုရ်တောင်မင်း၌၊ ဝသန္တော-နေသော၊

သန္တော-အရိယာနွယ်ဝင်, သူတော်စင် ဖြစ်သော၊ ယောဒေဝါစ-အကြင် သိကြားနတ်မင်းသည် လည်းကောင်း၊ သန္တိ-ရှိကြပေကုန်၏၊ ဧတေဒေဝါ-ဤ နတ်သိကြားတို့သည်၊ သန္တောသဟေတုံ-သန္တောသဟူသော, အကြောင်းကြောင့်၊ အဂ္ဂံ-မြတ်လှပေသော၊ မုနိဝရဝစနံ-ဗုဒ္ဓမြတ်စွာ, ဒေသနာခေါ်, တရားတော်ကို၊ သောတုံ-လေးမြတ်ကြည်ဖြူ, နာယူခြင်းငှာ၊ သမဂ္ဂါ-ကိုယ် စိတ်နှစ်ဝ, ညီညွတ်ကြကုန်သည်၊ (ဟုတွာ-ဖြစ်၍၊) အာယန္တု-လာကြပါကုန်လော။

၅။ သဗ္ဗေသု-အလုံးစုံကုန်သော၊ စက္ကဝါဠေသု-စကြဝဠာအပေါင်း, တိုက်တစ်သောင်းတို့၌၊ သဗ္ဗေ-ကြွင်မဲ့ဉာဏ်, အလုံးစုံကုန်သော၊ ယက္ခာစ-ဘီလူးတို့သည် လည်းကောင်း၊ ဒေဝါစ-နတ်တို့သည် လည်းကောင်း၊ ဗြဟ္မာနောစ-ဗြဟ္မာတို့သည် လည်းကောင်း၊ အမေဟိ-အကျွန်ုပ်တို့သည်၊ သဗ္ဗသမ္မတ္တိသာဓကံ-လုံးစုံများစွာ, စည်းစိမ်ချမ်းသာကို ပြီးစီးစေတတ်သော၊ ယံ ပုညံ-ဒါနသီလ, စသည်ပေါင်းစု, အကြင်ကောင်းမှုကို၊ ကတံ-ပြုအပ်ပြီ။

၆။ တံ ပုညံ-ဒါနသီလ, စသည်ပေါင်းစု, ထိုကောင်းမှုကို၊ အနုမောဒိတွာ-ဝမ်းမြောက်နုမော်, သာဓုခေါ်၍၊ သမဂ္ဂါ-ကိုယ်ရော စိတ်ပါ, ကြည်သာရွှင်ပျ, ညီညွတ်ကြကုန်လျက်၊ သာသနေ-ဘုန်လူဇီနော်, ဘုရားအဆုံးမတော်၌၊ ရတာ-မွေ့လျော်ပျော်ပိုက်, နှစ်ခြိုက်ကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း၊ ဝိသေသတော-အထူးအားဖြင့်၊ အာရက္ခာသု-လူသားတို့ဝယ်, ကာကွယ်စောင့်ရှောက်မှုတို့၌၊ ပမာဒရဟိတာ-မေ့လျော့ခြင်းမှ, ကင်းကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။

၇။ သာသနသ စ-ဗုဒ္ဓမြတ်စွာ, သာသနာတော်မြတ်ကြီး၏ လည်းကောင်း၊ လောကသ စ-တိုင်းသူပြည်သား, လူအများနှင့်, ကမ္ဘာသူ ကမ္ဘာသား, သတ္တဝါအများ၏ လည်းကောင်း၊ ဝုမို-တိုးတက် ကြီးပွားခြင်းသည်၊ သဗွဒါ-အခါခပ်သိမ်း၊ ဘဝတု-ဖြစ်ပါစေသတည်း၊ ဒေဝါ-သမ္မာဒေဝ အပေါင်း, နတ်ကောင်း နတ်မြတ်တို့သည်၊ သာသနမွိစ-ဗုဒ္ဓမြတ်စွာ, သာသနာတော်မြတ်ကြီးကို လည်းကောင်း၊ လောကဉ္စ-တိုင်းသူပြည်သား, လူအများနှင့်, ကမ္ဘာသူ ကမ္ဘာသား, သတ္တဝါအများကို လည်းကောင်း၊ သဗွဒါ-အခါခပ်သိမ်း၊ ရက္ခန္တု-အမြဲမပြတ်, စောင့်ကြပ်ကြပါစေကုန်သတည်း။

၈။ သဗ္ဗေ-လုံးစုံများစွာ, သတ္တဝါတို့သည်၊ အတ္တနော-မိမိမိမိ၏၊ ပရိဝါရေဟိ-အခြွေအရံတို့နှင့်၊ သဒ္ဓိ-အတူတကွ၊ သုခိ-ကိုယ် စိတ်နှစ်ဖြာ, ချမ်းသာခြင်း ရှိကြကုန်သည်၊ ဟောန္တု-စင်စစ်မသွေ, ဖြစ်ကြပါစေကုန်သတည်း၊ သဗ္ဗေဟိ-ကြွင်မဲ့ဥသုံ, အလုံးစုံကုန်သော၊ ဉာတိဘိ-ဆွေမျိုးသားခြင်းတို့နှင့်၊ သဟ-အတူတကွ၊ အနီဃာ-ဆင်းရဲ ဒုက္ခ, မရှိကြကုန်သည်၊ သုမနာ-နှစ်သက်ရွှင်လန်း, စိတ်ချမ်းသာကြကုန်သည်၊ ဟောန္တု-စင်စစ်မသွေ, ဖြစ်ကြပါစေကုန်သတည်.....။

၉။ ရာဇတော ဝါ-မင်းဘေးမှ လည်းကောင်း၊ စောရတောဝါ-ခိုးသူဘေးမှ လည်းကောင်း၊ မနုဿတောဝါ-လူဆိုးဘေးမှ လည်းကောင်း၊ အမနုဿတော ဝါ-နတ်ဘီလူးဘေးမှ လည်းကောင်း၊

အဂ္ဂိတော ဝါ-မီးဘေးမှ လည်းကောင်း၊ ဥဒကတော ဝါ-ရေဘေးမှ လည်းကောင်း၊ ဝိသာစတော ဝါ-မြေဘုတ်ဘီလူးဘေးမှ လည်းကောင်း၊ ခါဏုကတောဝါ-သစ်ငုတ်ဘေးမှ လည်းကောင်း၊ ကဏ္ဍကတော ဝါ-ဆူးငြောင့်ဘေးမှ လည်းကောင်း၊ နက္ခတ္တတော ဝါ-မကောင်းသော နက္ခတ်မှ လည်းကောင်း၊ ဇနပဒရောဂတော ဝါ-ဇနပုဒ်ဠဖြစ်သော ရောဂါဘေးမှ လည်းကောင်း၊ အသဒ္ဓမ္မတော ဝါ-မသူတော်တို့၏ အကျင့်တရားမှ လည်းကောင်း၊ အသဒ္ဒိဋ္ဌိတော ဝါ-မှားသော အယူမှ လည်းကောင်း အသပ္ပုရိသတော ဝါ-သူတော်မဟုတ်, သူယုတ်မာဘေးမှ လည်းကောင်း၊ စတ္တာ ဟတ္ထိပေ၊ ရက္ခသာဒီဟိ-ကြမ်းတမ်းသော ဆင်, မြင်း, သမင်, နွား, ခွေး, မြွေ, ကင်းမြီးကောက်, မြွေစိမ်း, သစ်, ဝံ,အောင်း, ဝက်, ကျဲ, ဘီလူး, ရက္ခိုသ်, အစရှိသော ဘေးတို့မှ လည်းကောင်း၊ နာနာဘယတော ဝါ-အမျိုးမျိုးသော ဘေးတို့မှ လည်းကောင်း၊ နာနာရောဂတော ဝါ-အမျိုးမျိုးသော ရောဂါတို့မှ လည်းကောင်း၊ နာနာဥပဒ္ဒဝတော ဝါ-အမျိုးမျိုးသော အန္တရာယ်တို့မှ လည်းကောင်း၊ အာရက္ခံ-အစောင့်အရှောက်ကို၊ ဂဏ္ဟန္တု-ယူကြပါကုန်လော.....။

၁။ မင်္ဂလသုတ်နိဿယ

မင်္ဂလသုတ် အမွန်းနှင့် တိုက်တွန်းချက်

၁။ သဒေဝကာ–နတ်နှင့်တကွသော လူတို့သည်၊ ယံ မင်္ဂလံ–အကြင် မင်္ဂလာတရားတော်ကို၊ ဒွါဒသဟိ–တစ်ဆယ့်နှစ်နှစ်တို့ ပတ်လုံး၊ စိန္တယိံသု–ကြံကြကုန်ပြီ၊ စ–ထိုသို့ပင် ကြံကြပါကုန်သော်လည်း၊ သောတ္ထာနံ–ကောင်းသော အကျိုးတရားတို့၏, ထင်ရှားတည်နေကြောင်း ဖြစ်သော၊ အဒ္ဓတိံသံ–သုံးဆယ့်ရစ်ပါးသော၊ ယံ မင်္ဂလံ–အကြင် မင်္ဂလာတရားတော်ကို၊ နာဓိဂစ္ဆန္တိ–မသိနိုင်ကြကုန်။

၂။ ဒေဝဒေဝေန–နတ်တို့ထွတ်ထား, မြတ်ဘုရားသည်၊ သဗ္ဗလောကဟိတတ္ထာယ–အလုံးစုံသော သတ္တလောက၏ စီးပွားအလို့ငှာ၊ဒေသိတံ–ဟောတော်မူအပ်သော၊ သဗ္ဗပါပဝိနာသနံ–အလုံးစုံသော မကောင်းမှုကို ပယ်ဖျောက်နိုင်သော၊ တံ မင်္ဂလံ–ထို မင်္ဂလာတရားတော်ကို၊ ဟေ–အို သူတော်ကောင်းတို့၊ မယံ–ငါတို့သည်၊ ဘဏာမ–ရွတ်ဆိုကြကုန်စို့။

မင်္ဂလသုတ်နိဒါန်း

(က) ဘန္တေ–အရှင်ဘုရား၊ မင်္ဂလသုတ္တံ–မင်္ဂလသုတ်တော်ကို၊ မေ–တပည့်တော်သည်၊ ဘဂဝတော–မြတ်စွာဘုရား၏၊ သမ္မုခါ–မျက်မှောက်တော်၌၊ ဧဝံ–ဤသို့၊ သုတံ–ကြားနာမှတ်သား, ဆောင်ထားအပ်ပါပြီ....။

(ခ) ဧကံသမယံ–အခါ တစ်ပါး၌၊ ဘဂဝါ–မြတ်စွာဘုရားသည်၊ သာဝတ္ထိယံ–သာဝတ္ထိမြို့တော်၌၊ အနာထပိဏ္ဍိကဿ–အနာထပိဏ်သူဌေး၏၊ အရာမေ–နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ဖြစ်သော၊ ဇေတဝနေ–ဇေတဝန်ကျောင်းတော်၌၊ ဝိဟရတိ–သီတင်းသုံးတော်မူ၏။

(ဂ) အထခေါ–ထိုသို့ သီတင်းသုံးတော်မူရာ အခါ၌၊ အညတရာ–အမည်အနွယ်အားဖြင့် မထင်ရှားသော၊ ဒေဝတာ–နတ်သည်၊ အဘိက္ကန္တာယ–ညဉ့်ဦးယာမ်လွန်ပြီးသော၊ ရတ္တိယာ–သန်းခေါင်အခါ၌၊ အဘိက္ကန္တဝဏ္ဏာ–အလွန်နှစ်သက်ဖွယ် အဆင်းရှိသည် (ဖြစ်၍)၊ ကေဝလကပ္ပံ–ထက်ဝန်းကျင် အလုံးစုံသော၊ ဇေတဝနေ–ဇေတဝန်ကျောင်းတော်ကို၊ ဩဘာသေတွာ–ကိုယ်ရောင်ကိုယ်ဝါ တန်ဆာရောင်တို့ဖြင့် ထွန်လင်းတောက်ပစေ၍၊ ယေန–အကြင်အရပ်၌၊ ဘဂဝါ–မြတ်စွာဘုရားသည်၊ အတ္ထိ–ရှိတော်မူ၏၊ တေန–ဘုရားရှိတော်မူရာ ထိုအရပ်သို့၊ ဥပသင်္ကမိ–ချဉ်းကပ်လေပြီ၊ ဥပသင်္ကမိတွာ–ချဉ်းကပ်ပြီး၍၊ ဘဂဝန္တံ–မြတ်စွာဘုရားကို၊ အဘိဝါဒေတွာ–အလွန်ရိုသေစွာ ရှိခိုးပြီး၍၊ ဧကမန္တံ–သင့်တင့်လျောက်ပတ်သော အရပ်၌၊ အဋ္ဌာသိ–ရပ်တည်လေပြီ။

(ဃ) ဧကမန္တံ–သင့်တင့်လျောက်ပတ်သော အရပ်၌၊ ဌိတာခေါ–ရပ်ပြီးသော၊ သာဒေဝတာ–ထိုနတ်သည်၊ ဘဂဝန္တံ–မြတ်စွာဘုရားကို၊ ဂါထာယ–ဂါထာဖြင့်၊ အဇ္ဈဘာသိ–ဤသို့လျှောက်ထားလေပြီ။

မင်္ဂလာဟောရန်တောင်းပန်

(ဘန္တေ-မြတ်စွာ-ဘုရား)၊ ဗဟူ-များစွာကုန်သော၊ ဒေဝါစ-နတ်တို့သည် လည်းကောင်း၊ မနုဿာစ-လူတို့သည် လည်းကောင်း၊ သောတ္ထာနံ-ကောင်းသော အကျိုးတရားတို့၏ ထင်ရှား တည်နေခြင်းကို၊ အာကင်္ခမာနာ-လိုချင်တောင့်တကုန်သည် (ဖြစ်၍)၊ မင်္ဂလာနိ-စီးပွားချမ်းသာ၏ တည်ရာ အကြောင်းဖြစ်ကုန်သော မင်္ဂလာတို့ကို၊ အစိန္တ ယုံ-ကြဲစီကြပါကုန်ပြီး၊ ဥတ္တမံ-ကောင်းမြတ်သော၊ မင်္ဂလံ-မင်္ဂလာကို၊ ဗြူဟိ-ဟောတော်မူပါလော။

မင်္ဂလတရား(၃၈)ပါး

၁။ ဗာလာနံ-လူမိုက်တို့ကို၊ အသေဝနာစ-မမှီဝဲ မဆည်းကပ်ခြင်းသည် လည်းကောင်း၊ ပဏ္ဍိတာနံ-ပညာရှိသူတို့ကို၊ သေဝနာစ-မှီဝဲဆည်းကပ်ခြင်းသည် လည်းကောင်း၊ ပူဇနီယာနံ-ပူဇော်ထိုက်သူတို့ကို၊ ပူဇာစ-ပူဇော်ခြင်းသည် လည်းကောင်း၊ ဧတံ-ဤသုံးပါးသောတရားသည်၊ ဥတ္တမံ-ကောင်းမြတ်သော၊ မင်္ဂလံ-မင်္ဂလာပေတည်း။

၂။ ပဋိရူပဒေသဝါသောစ-သင့်တင့်လျောက်ပတ်သော အရပ်၌နေခြင်းသည် လည်းကောင်း၊ ပုဗ္ဗေ-ရှေးဘဝ၌၊ ကတပုညတာစ-ပြုအပ်ဖူးသော ကောင်းမှုရှိသူ၏ အဖြစ်သည် လည်းကောင်း၊ အတ္တသမ္မာပဏိဓိ စ-မိမိ၏ ကိုယ် စိတ် နှစ်ပါးကို ကောင်းစွာထားခြင်းသည် လည်းကောင်း၊ ဧတံ-ဤသုံးပါးသောတရားသည်၊ ဥတ္တမံ-ကောင်းမြတ်သော၊ မင်္ဂလံ-မင်္ဂလာပေတည်း။

၃။ ဗာဟုသစ္စဉ္စ-အကြား အမြင်များသူ၏, အဖြစ်သည် လည်းကောင်း၊ သိပ္ပဉ္စ-လက်မှုပညာအတတ်တို့ကို တတ်ခြင်းသည် လည်းကောင်း၊ သုသိက္ခိတော-ကောင်းစွာ သင်အပ်သော၊ ဝိနယောစ-ဝိနည်းတရားသည် လည်းကောင်း၊ သုဘာသိတာ-ကောင်းစွာ ပြောဆိုအပ်သော၊ ဝါစာစ-စကားသည် လည်းကောင်း၊ ဧတံ-ဤ လေးပါးသောတရားသည်၊ ဥတ္တမံ-ကောင်းမြတ်သော၊ မင်္ဂလံ-မင်္ဂလာပေတည်း။

၄။ မာတာပိတုဥပဋ္ဌာနံစ-အမိအဖတို့ကို ပြုစုလုပ်ကျွေးခြင်းသည် လည်းကောင်း၊ ပုတ္တဒါရဿ-သားမယားကို၊ သင်္ဂဟောစ-သင်္ဂြိုဟ်ချီးမြှင့် ထောက်ပင့်ခြင်းသည် လည်းကောင်း၊ အနာကုလာ-အချိန်အခါကို လွန်စေခြင်း, ပေါ့ပေါ့ဆဆပြုခြင်း, မသင့်မတော်ပြုခြင်းတို့ဖြင့် ရှုပ်ထွေးခြင်း မရှိကုန်သော၊ ကမ္မန္တာစ-အလုပ်အကိုင်တို့သည် လည်းကောင်း၊ ဧတံ-ဤ သုံးပါးသောတရားသည်၊ ဥတ္တမံ-ကောင်းမြတ်သော၊ မင်္ဂလံ-မင်္ဂလာပေတည်း။

၅။ ဒါနဉ္စ-အလှူပေးခြင်းသည် လည်းကောင်း၊ ဓမ္မစရိယာစ-မြတ်သောအကျင့်ကို ကျင့်ခြင်းသည် လည်းကောင်း၊ ဉာတကာနံ-အဆွေ အမျိုးတို့ကို၊ သင်္ဂဟောစ-သင်္ဂြိုဟ် ချီးမြှင့် ထောက်ပင့်ခြင်းသည် လည်းကောင်း၊ အနဝဇ္ဇာနိ-အပြစ်မရှိကုန်သော၊ ကမ္မာနိစ-အလုပ်တို့သည် လည်းကောင်း၊ ဧတံ-ဤ လေးပါးသောတရားသည်၊ ဥတ္တမံ-ကောင်းမြတ်သော၊ မင်္ဂလံ-မင်္ဂလာပေတည်း။

၆။ ပါပါ-မကောင်းမှုမှ၊ အာရတိ စ-ဝေးစွာ ရှောင်ကြဉ်ခြင်းသည် လည်းကောင်း၊ ဝိရတိ-အထူးသဖြင့် ရှောင်ကြဉ်ခြင်းသည် လည်းကောင်း၊ မဇ္ဈပါနာ-သေရည်အရက်ကို သောက်ခြင်းမှ၊ သံယမောစ-စောင့်စည်းခြင်းသည် လည်းကောင်း၊ ဓမ္မေသု-ကုသိုလ်ကောင်းမှုတရားတို့၌၊ အပ္ပမာဒေါစ-မမေ့မလျော့ခြင်းသည် လည်းကောင်း၊ ဧတံ-ဤ လေးပါးသောတရားသည်၊ ဥတ္တမံ-ကောင်းမြတ်သော၊ မင်္ဂလံ-မင်္ဂလာပေတည်း။

၇။ ဂါရဝေါစ-ရိုသေထိုက်သူတို့ကို ရိုသေခြင်းသည် လည်းကောင်း၊ နိဝါတောစ-မိမိကိုယ်ကို နှိမ့်ချခြင်းသည် လည်းကောင်း၊ သန္တုဋ္ဌိစ-ရောင့်ရဲလွယ်ခြင်းသည် လည်းကောင်း၊ ကတညုတာစ-ပြုအပ်ဖူးသော သူ့ကျေးဇူးကို သိခြင်းသည် လည်းကောင်း၊ ကာလေန-သင့်လျော် လျောက်ပတ်သော အခါ၌၊ ဓမ္မသဝနဉ္စစ-တရားနာခြင်းသည် လည်းကောင်း၊ ဧတံ-ဤ ငါးပါးသော တရားသည်၊ ဥတ္တမံ-ကောင်းမြတ်သော၊ မင်္ဂလံ-မင်္ဂလာပေတည်း။

၈။ ခန္တီစ-သည်းခံခြင်းသည် လည်းကောင်း၊ သောဝစဿတာစ-ဆုံးမစကားကို နာယူလွယ်သူ၏ အဖြစ်သည် လည်းကောင်း၊ သမဏာနံ-ကိလေသာငြိမ်အေး၍ ယဉ်ကျေးသော ရဟန်းတော်တို့ကို၊ ဒဿနဉ္စ-ဖူးမြင်ခြင်းသည် လည်းကောင်း၊ ကာလေန-သင့်လျော်သော အခါ၌၊ ဓမ္မသာကစ္ဆာစ-တရားစကားကို ဆွေးနွေး မေးမြန်းခြင်းသည် လည်းကောင်း၊ ဧတံ-ဤ လေးပါးသောတရားသည်၊ ဥတ္တမံ-ကောင်းမြတ်သော၊ မင်္ဂလံ-မင်္ဂလာပေတည်း။

၉။ တပေါစ-ဣန္ဒြေစောင့်စည်းခြင်း အစရှိသော အကျင့်ကို ကျင့်ခြင်းသည် လည်းကောင်း၊ ဗြဟ္မစရိယဉ္စ-မေထုန်မှ ရှောင်ခြင်းဟူသော မြတ်သော အကျင့်သည် လည်းကောင်း၊ အရိယသစ္စာနံ-အရိယသစ္စာတို့ကို၊ ဒဿနဉ္စ-သိမြင်ခြင်းသည် လည်းကောင်း၊ နိဗ္ဗာနသစ္ဆိကိရိယာစ-အရဟတ္တဖိုလ်ဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် လည်းကောင်း၊ ဧတံ-ဤ လေးပါးသော တရားသည်၊ ဥတ္တမံ-ကောင်းမြတ်သော၊ မင်္ဂလံ-မင်္ဂလာပေတည်း။

၁၀။ လောကဓမ္မေဟိ-လောကဓံ တရားတို့သည်၊ ဖုဋ္ဌဿ-တွေ့ထိနှိပ်စက်အပ်သော၊ ယဿ-အကြင် ပုဂ္ဂိုလ်၏၊ စိတ္တံ-စိတ်သည်၊ န ကမ္မတိ-မတုန်လှုပ်၊ အသောကံ-ဝမ်နည်းခြင်းလည်း မရှိ၊ ဝိရဇံ-တပ်မက်ခြင်းဟူသော မြူလည်း မရှိ၊ ခေမံ-ဘေးလည်း မရှိ၊ (တဿ-ထိုပုဂ္ဂိုလ်၏၊) ဧတံ-ဤ လေးပါးသော တရားသည်၊ ဥတ္တမံ-ကောင်းမြတ်သော၊ မင်္ဂလံ-မင်္ဂလာပေတည်း။

၁၁။ ဧတာဒိသာနိ-ဤသို့ သဘောရှိသော သုံးဆယ်ရှစ်ဖြာ မင်္ဂလာတို့ကို၊ ကတ္တာန-ပြုကျင့်ရသောကြောင့်၊ သဗ္ဗတ္ထ-အလုံးစုံသော ရန်သူတို့တွင် တစ်စုံတစ်ယောက်သော ရန်သူသည်လည်း၊ အပ္ပရာဓိတာ-မအောင်အပ် မအောင်နိုင်ကုန်သည်၊(ဟုတ္တာ-ဖြစ်၍)၊ သဗ္ဗတ္ထ-အလုံးစုံသော ဤ ဘဝ, နောက်ဘဝ, ရပ်ခြင်း, သွားခြင်းစသော ကိစ္စတို့၌၊ သောတ္ထိ-ချမ်းသာခြင်းသို့၊ ဂစ္ဆန္တိ-ရောက်ကုန်၏၊ တေသံ-ထို နတ်လူတို့၏၊ တံ-ထို သုံးဆယ့်ရှစ်ဖြာ, မင်္ဂလာသည်၊ ဥတ္တမံ-ကောင်းမြတ်သော၊ မင်္ဂလံ-မင်္ဂလာပေတည်း။

မင်္ဂလသုတ်နိဿယပြီး၏။

၂။ ရတနသုတ်နိဿယ

ရွတ်ဖတ်သူစိတ်ထားရန် အစီအစဉ်

ပဏိဓာနတော-သဗ္ဗညုတာ, ဉာဏ်တော်သာသို့, မှန်စွာရှေးရှု, စိတ်ထားတော်မူရာ အခါမှ၊ ပဋ္ဌာယ-စ၍၊ တထာဂတသ-မြတ်စွာဘုရား၏၊ ဒသပါရမိယော-သူသူငါငါ, ဖြည့်နိုင်ရာသည့်, ဆယ်ဖြာအညီ, ပါရမီတော်တို့ လည်းကောင်း၊ ဒသ ဥပပါရမိယော-မျက်စိနားနှာ, အင်္ဂါ ခြေ လက်, ပျက်တန် ပျက်မျှ, ဖြည့်ရ ဆယ်လီ, အလယ် အလတ်ဖြစ်သော ဥပပါရမီတော်တို့ လည်းကောင်း၊ ဒသ ပရမတ္ထပါရမိယော-အသက်ကိုမျှ, မငဲ့ရဘဲ, ဖြည့်ရဆယ်လီ, အမြတ်ဆုံးဖြစ်သော ပရမတ္ထပါရမီတော်တို့ လည်းကောင်း၊ ဣတိ-ဤသို့၊ သမတ္တိံသပါရမိယော-အမျှသုံးဆယ်, များကျယ်အညီ, ပါရမီတို့ လည်းကောင်း၊ ပဋ္ဌ မဟာပရိစ္စာဂေ-ကြီးကျယ်မြင့်မြတ်, စွန့်လူအပ်သည့်, ငါးရပ်သီးသီး, စွန့်ခြင်းကြီးတို့ လည်းကောင်း။

လောကတ္ထစရိယံ-တိုင်းသူပြည်သား, သတ္တဝါများ၏, စီးပွားတိုးရန်, ကျင့်ကြံတော်မူခြင်း လည်းကောင်း၊ ဉာတတ္ထစရိယံ-ဆွေသားမျိုးသား, သတ္တဝါများ၏, စီးပွားတိုးရန် ကျင့်ကြံတော်မူခြင်း လည်းကောင်း၊ ဗုဒ္ဓတ္ထစရိယံ (ဗုဒ္ဓိ+အတ္ထစရိယံ) သဗ္ဗညုဇ္ဈာဏ်အား, ရအောင်သွားဖို့, စီးပွားတိုးရန် ကျင့်ကြံတော်မူခြင်း လည်းကောင်း၊ ဣတိ-ဤသို့၊ တိသော စရိယာယော-ကျင့်ကြံကြိုးကုတ်, အားထုပ်အပါစွာ, သုံးဖြာသော စရိယာတို့ လည်းကောင်း။

ပစ္ဆိမဘဝေ-ပါရမီအဟုန်, ညီညီစုံ၍, သိရုဏ်ပြည့်ဝ, နောက်ဆုံး ဘဝ၌၊ ဂဗ္ဘဝေက္ကန္တိ-မယ်တော်မာယာ, ဝမ်းတိုက်သာ၌, ကောင်းစွာ ဝိုင်းအုံ, သန္ဓေတည်ခဲ့ပုံ လည်းကောင်း၊ ဇာတိ-မယ်တော်မာယာ, ဝမ်းတိုက်သာမှ, ကောင်းစွာပြည့်စုံ, ဖွားမြင်တော်မူခဲ့ပုံကို လည်းကောင်း၊ အဘိနိက္ခမန-နှစ်ဆယ့်ကိုးမြောက်, ရွယ်တော်ရောက်က, နတ်လောက်နီးနီး, စီးစိမ်ကြီးကို, အပြီးစွန့်ကာ, တောရိပ်သာသို့, စွန့်ခွါတော်မူပုံ လည်းကောင်း၊ ပဓာန စရိယံ-အရိုး ကြေကြေ, အရေ ခြောက်ခြောက်, ခြောက်နှစ်လောက်မျှ, မကြောက် မရွံ့, နောက် မတွန့်ဘဲ, သက်စွန့် ကြိုးကုတ်, တရားအားထုတ်တော်မူပုံ လည်းကောင်း။

ဗောဓိပလ္လင်္ကေ-ဘုရားစင်စစ်, မဖြစ်သမျှ, မထဖို့ရန်, ဓိဋ္ဌာန်ဖွဲ့ခွေ, ထိုင်နေတော်မူရာ, မဟာဗောဓိပလ္လင်၌၊ မာရဝိဇယံ-ဂိရိမေခလာ, ဆင်စီးကာဖြင့်, ဝဲယာ စစ်တပ်, ရံပတ်ခိုင်ဖြိုး, မာရ်နတ်ကြီးကို, ကြိုဆီးမေတ္တာ, ခြံရံကာလျက်, ပါရမီစက်ဟုန်, လက်နက်စုံဖြင့်, အကုန်အစင်, အောင်မြင်တော်မူပုံ လည်းကောင်း၊ သဗ္ဗညုတဉာဏပွဋိဝေဓံ-အကုန်သိမှန်, သဗ္ဗညုဇ္ဈာဏ်ကို, ဧကန်ပိုင်ပိုင်, ထိုးထွင်း၍ သိနိုင်ပုံ လည်းကောင်း၊ ဓမ္မစက္ကပ္ပဝတ္တနံ-သဒ္ဓိန္ဒြေစသား, အလွန်များသည့်, တရားစကြာ, ရတနာကို, သတ္တဝါခပင်း, စိတ် အတွင်း၌, ရှင်းစေလင်းစေ, ဖြစ်စေတော်မူပုံ လည်းကောင်း၊ နဝလောကုတ္တရဓမ္မေ-တရားစကြာ, ရတနာကြောင့်, သူ ငါထိုထို, အသိပိုသား, မင်္ဂ ဖိုလ် ရှစ်တန်, မြတ်နိဗ္ဗာန်ဟု, ကိုးတန်သော လောကုတ္တရာတရားတို့ လည်းကောင်း၊ ဣတိ-ဤသို့၊ သဗ္ဗေပိ-ကြွင်းမဲ့ဥသုံ,

အလုံးစုံလည်း ဖြစ်ကုန်သော၊ ဣမေ ဗုဒ္ဓဂုဏော-ဗုဒ္ဓမြတ်စွာ, ရတနာ၌, ကောင်းစွာ ထင်ပေါ်, ဤ ဂုဏ်တော်တို့ကို၊ (ယောဂါဝစရော-ဘာဝနာကမ္မဋ္ဌာန်း, လွန်ကြိုးပန်းသည့်, ရဟန်း မောင်ရှင်, သူတော်စင်ကောင်း, လူအပေါင်းသည်၊ ဝါ-ပရိတ္တာဘာဏကော-ပရိတ်တော်မြတ်, ရွတ်ဖတ်မည့်သူ, ရဟန်း ရှင် လူ သည်၊ အာဝဇ္ဇေယျော-ဗုဒ္ဓါနုဿတိ, ဘာဝနာပြည့်အောင်, သတိ မကွာ, ဆင်ခြင်ရာ၏)။

(အာဝဇ္ဇေတွာ-စိတ်၌ထင်ထင်, ဆင်ခြင်ပြီး၍၊) ဝေသာလိယာ-ဝေသာလီခေါ်, နေပြည်တော်၏၊ တီသု ပါကာရန္တရေသု-ရံပတ်ကာထား, တံတိုင်းသုံးထပ်တို့၏ အကြားဌာ၌, တိယာမရတ္တိ-ပဌမယာမ်မှ, စ၍အဆုံး, ညဉ့်သုံးယာမ်ပတ်လုံး၊ ပရိတ္တံ-ဘေးအန္တရာယ်, အကာ အကွယ်ကို၊ ကရောန္တော-ရတနသုတ္တာ, ရွတ်ဆိုကာဖြင့်, ကောင်းစွာအားထုတ်, ပြုလုပ်တော်မူသော၊ အာယသ္မာ အာနန္ဒတ္ထေရောဝိယ-အရှင်အာနန္ဒာမထေရ်မြတ်ကဲ့သို့၊ ကာရုညစိတ္တံ-သတ္တဝါအများ, သနားငဲ့ကွက်, စိတ်ကောင်း စိတ်မြတ်ကို၊ ဥပဋ္ဌပေတွာ-ရှေ့ရှု တည်နေ, ဖြစ်စေပြီး၍၊ (ဘဏာမ ဟော ၌ စပ်ပါ)။

အမှာ။ ။ ဤ ပဏိဓာနတော စသော ပါဠိသည် ဓမ္မပဒအဋ္ဌကထာ(၃) အတ္တနောပုဗ္ဗကမ္မ ဝတ္ထုဌ်လာသော ပါဠိကို အနည်းငယ် ဖြည့်စွက်ထားခြင်း ဖြစ်၏၊ ပရိတ်ရွတ်ဆိုသော ပုဂ္ဂိုလ်သည်....

၁။ ပရိတ်တော်ကို ဟောတော်မူသော ဘုရားရှင်၏ ဂုဏ်တော်များကို အရုံပြုပါ။

၂။ ဝေသာလီမြို့၌ ပရိတ်ရွတ်တော်မူ ဖူးသော အရှင်အာနန္ဒာကဲ့သို့ ကရုဏာစိတ် ထားပါဟု ဆိုလိုသည်၊ ထိုကြောင့် ရတနသုတ်တော်နှင့် သာမက "ပရိတ်တော် အားလုံးနှင့် ဆိုင်သော စကား"ဟု မှတ်ပါ။

တိုက်တွန်းချက်

၁-၂။ ကောဋိသတသဟဿေသု စက္ကဝါဠေသု-ကုဋေ တွက်ကိန်း, တစ်သိန်းသန်း၌, စက္ကဝဠာတို့၌၊ ဝသန္တော-ကိုယ်စီကိုယ်ငင, နေထိုင်ကြကုန်သော၊ ဒေဝတာ-သမ္မာဒိဋ္ဌိ အပေါင်း, နတ်ကောင်းနတ်မြတ်တို့သည်၊ ယဿ (ပရိတ္တဿ) ရတနာသုံးဝ, ဂုဏ်တော်ပြသဖြင့်, ရတနသုတ်ခေါ်, အကြင် ပရိတ်တော်၏၊ အာဏံ-တန်ခိုးရှိန်ဝါ, အမိန့်အာဏာတော်ကို၊ပဋိဂ္ဂဏှန္တိ-ဝမ်းမြောက်ရွှင်ပြ, လက်ခံယူကြကုန်၏၊ ယဉ္စ (ပရိတ္တံ)-ရတနာသုံးဝ, ဂုဏ်တော်ပြသဖြင့်, ရတနသုတ်ခေါ်, ယင်း ပရိတ်တော်သည်ပင်၊ ဝေသာလိယာပုရေ-ဝေသာလီဟု, နာမည်ထင်ပေါ်, နေပြည်တော်၌၊ ရောဂါမနုဿဒုဗ္ဘိက္ခသမ္ဘူတံ-ရောဂါကပ်ဘေး, ဘီလူးဘေးနှင့်, စားရေးကပ်တိုက်, လွန်စွာဆိုက်၍ နေသော၊ တိဝိဓံ ဘယံ-သုံးမျိုးအပြား, လွန်ကြီးမားသော ဘေးကို၊ ခိပ္ပမေဝ-မကြာမတင်, ဆောလျင်စွာသာလျှင်၊ အန္တရဓာ

ပေသိ-ကွယ်ပျောက် လွတ်ကင်း, သန့်ရှင်းစေခဲ့ဖူးလေပြီး၊ တံပရိတ္တံ-ရတနာသုံးဝ, ဂုဏ်တော်ပြသဖြင့်, ရတနသုတ်ခေါ်, ထိုပရိတ်တော်ကို၊ ဟေ-အိုး... သူတော်ကောင်းတို့၊ ဘဏာမ-ညီညာဖြဖြ, ဆိုရွတ်ကြကုန်စို့။

၃။ ဣဓ-ပရိတ်တော်မြတ်, ရွတ်ဖတ်နေကြ, ဤ ဒေသ၌၊ ဘုမ္မာနိ-မြေ၌ဆက်စပ်, အရုပ်ရုပ်၌ ဖြစ်ကြကုန်သော၊ ယာနိဘူတာနိဝါ-စတုမဟာ, ဝတိ်သာနှင့်, ဆိုင်ရာပေါင်းစပ်, အကြင် နတ်တို့သည် လည်းကောင်း၊ အန္တလိက္ခေ-ဟင်းလင်းအပြင်, ထက်ကောင်းကင်၌၊ (နိဗ္ဗတ္တာနိ-ရှေးကံအဟုန်, တန်ခိုးဂုဏ်ကြောင့်, ကုံလုံပြည့်ဝ, ဖြစ်နေကြကုန်သော)၊ ယာနိဘူတာနိဝါ-ယာမာစသား, အကြင် အထက် နတ်အများတို့သည် လည်းကောင်း၊ သမာဂတာနိ-ညီညာဖြဖြ, ရောက်လာကြကုန်၏၊ သဗ္ဗေဝ-ဘူမိဋ္ဌာန, အာကာသဋ္ဌ, နေကြဥသုံ, အလုံးစုံသာလျင် ဖြစ်ကုန်သော၊ တေဘူတာ-စတုမဟာ, ဝတိ်သာမှ, စ၍တက်သွား, ထိုနတ်အများတို့သည်၊ သုမနာ-ဝမ်းမြောက်ရွင်ပြ, ကောင်းသော စိတ်ရှိကြကုန်သည်၊ ဘဝန္တု-အမြဲမသွေ, ဖြစ်ကြပါစေကုန်သတည်း၊ အထောပိ-ထိုမှတဝ, ပြုလုပ်ရမည့်, ကိစ္စအထူး, ညွှန်ပြဦးအံ့၊ ဘာသိတံ-ဒီဗွသမွတ္တိ, စသည့်ဆက်ဆက်, မဂ်ဖိုလ်တိုင်အောင်, ချမ်းသာကို ဆောင်နိုင်သောတရားတော်ကို၊ သက္ကစ္စ-လေးစားသမှု, ကောင်းစွာပြု၍၊ သုဏန္တု-အာရုံတစ်ပါး, စိတ်မသွားအောင်, နားစိုက်၍ ထောင်ကြကုန်လော။

၄။ ဘူတာနိ-အိုး...နတ်အများတို့၊ ဟိ (ယသ္မာ)-အကြင်ကြောင့်၊ (တုမှေ-သင်တို့သည်၊ သမာဂတာ-နေရာစည်းစိမ်, ကိုယ့်ရိပ်ငြိမ်ကို,

တစ်ချိန်ခဏ, စွန့်၍ လာခဲ့ကြကုန်၏၊) တသ္မာ-ထို့ကြောင့်၊ သဗ္ဗေ-အလုံးစုံကုန်သော၊ (တုမှေ-သင်တို့သည်၊) မိသာမေထ-စူးစူး စိုက်စိုက်, နာယူလိုက်ကြကုန်လော၊ မာနုသိယာပဇာယ-ဘေးအန္တရာယ်, မငြိတွယ်ဖို့, စိတ်ဝယ်လိုလား, လူပုဂ္ဂိုလ်များ၌၊ မေတ္တံ-ဒုက္ခခပ်သိမ်း, အေးငြိမ်းစေချင်, မေတ္တာရေစင်ကို၊ ကရောထ-ကြည်သာ ရွှင်လန်း, သွန်းဖျန်း ကြကုန်လော။

ယေ (မနုဿာ)-အကြင် လူတို့သည်၊ ဒိဝါစ-နေ့အခါ၌ လည်းကောင်း၊ ရတ္တောစ-ညဉ့်အခါ၌ လည်းကောင်း၊ ဇလိ်-နတ်ရုပ်နတ်နန်း, ဆီမီး ပန်းနှင့်, မျှတမ်းဝေကာ, အရာရာ၌, ကောင်းစွာကော်ရော်, ပူဇော်မှုကို၊ ဟရန္တိ-ထိုက်တန်သမျှ, ပို့ဆောင်ကြကုန်၏၊ တသ္မာ-ထို့ကြောင့်၊ နေ (မနုဿေ)-မိမိတို့ကို, လွန်ကြည်ညိုး၍, မှိုခိုအားထား, ကိုးစားကြသူ, ထို လူတို့ကို၊ အပ္ပမတ္တာ-နေ့နေ့ညည, မမေ့ကြကုန်ဘဲ၊ ရက္ခထ-စီးပွားမဲ့ငြား, ပယ်ခွါထား၍, စီးပွားများမြောက်, ကောင်းစွာရောက်အောင်, စောင့်ရှောက်ကြကုန်လော။

၅။ ဣဓဝါ-လူတို့နေရာ, မြို့ရွာဌာန, ဤ လောကဋ္ဌ လည်းကောင်း၊ ဟုရံဝါ-နဂါးဂဠုန်, ဖုံဖုံနေကြ, ဟို အောက်လောကဋ္ဌ လည်းကောင်း၊ သဂ္ဂေသုဝါ-နတ်မြို့ခြောက်လီ, ဗြဟ္မပြည်တို့၌ လည်းကောင်း၊ ဝိတ်-ပီတိအစွမ်း, ကိုယ်စိတ်လန်း၍, ဝမ်းပန်းကြည်သာ, နှစ်သက်စရာလည်း ဖြစ်ပေထသော၊ ပဏီတံ-လောကီရေးရာ, ရတနာဝယ်, အသာဆုံး အမြတ်ဆုံးလည်း ဖြစ်ပေထသော၊ ယံကိ၎-သက်ရှိသက်မဲ့, ကြွင်မဲ့ဥသုံ,အလုံးစုံသော၊ ယံရတနံ-ဥစ္စာရှင်တို့,

သုံးဆောင်ဖို့လျှင်, နှစ်မြို့ဖွယ်ရာ, အကြင် ရတနာသည်, အတ္ထိ-ရွေးကံအလျောက်, ဘုန်ကံတောက်က, ဝမ်းမြောက်ဖွယ်ရာ, ထင်ရှားရှိပါပေ၏၊ ဇတ္ထ-နှစ်သက်ရွှင်လန်း, ပီတိဖျန်းဖို့, သိန်းသန်းကုဋေ, အထွေထွေသော, ဤ ရတနာတို့တွင်၊ တထာဂတေန-သုံးလူ့ထွတ်ထား, မြတ်ဘုရားနှင့်၊ သမံ-တန်းတူထား၍, ရှုစားလောက်စွာ, တစ်စုံတစ်ခုသော ရတနာသည်, နာ နော အတ္ထိ (နတ္ထိဇေ)-အကြောင်းကို ကြည့်, အကျိုး ကြည့်လည်း, မရှိဇကန်, အမှန်ပင် ဖြစ်ပါတော့သတည်း။

ကြဒမိဗုဒ္ဓေ-သုံးလူ့ထွတ်ထား, ဤ ငါတို့ ဘုရားသည်လည်း၊ ပဏီတံ-လောကီဥစ္စာ, ရတနာထက်, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ-ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဇတေန သစ္စေန-မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏိနံ-ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊) သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၆။ (သန္တံ-ဖြစ်ပျက်မစပ်, အငြိမ်းဓာတ်ဖြင့်, မပြတ်ပုံသေ, အေးမြပေထသော၊) ခယံ-ရုပ်နာမ်ဆူဆူ, အပူခပ်သိမ်း, ကုန်ငြိမ်းရာလည်း ဖြစ်ပေထသော၊ ဝိရာဂံ-ရုပ်နာမ်အဆက်, အကုန်ပျက်သဖြင့်, မတပ်မက်ရာလည်း ဖြစ်ပေထသော။ အမတံ-ဇရာ မရဏ, ရှာမရသဖြင့်, ကာလပုံသေ, အမြဲတေလည်း ဖြစ်ပေထသော၊

ပဏီတံ-အရသာရှိ, ဘောဇဉ်၏ သို့, သို၍ မဝ, မွန်မြတ်ပေထသော၊ ယံ (ဓမ္မံ)-အသခ်ံတ, နိဗ္ဗာနဓာတ်, အကြင် တရားတော်မြတ်ကို၊ သမာ ဟိတော-ဘာဝနာကမ္မဋ္ဌာန်း, လွန်ကြိုးပန်းသဖြင့်, စိတ်စွမ်းတည်ဘိ, သမာဓိ ရှိတော်မူသော၊ သက္ယမုနိ-သာကီနွယ်ဖွား, ငါတို့ ဘုရား သည်၊ အဏုဂါ-ဗောဓိအောင်မြေ, ပလ္လင်ဗွေဠု, လေးထွေသစ္စာ, သိသောခါဝယ်, ကောင်းစွာလှလှ, ရတော်မူခဲ့ပေပြီ။

တေန ဓမ္မေန-အသခ်ံတ, နိဗ္ဗာနဓာတ်, ထို တရားတော်မြတ်နှင့်၊ သမံ-တန်းတူထား၍, ရှုစားလောက်သော၊ ကိဉ္စိ-တစ်မျိုးတစ်ဖြာ, ရတနာသည်၊ နာ အတ္ထိ-လူ့ဘုံနတ်ရောက်, အကုန်ပေါက်အောင်, မွေနှောက်ရှာဖွေ, မရှိနိုင်တော့ချေ၊ ကြဒမိဓမ္မေ-အသခ်ံတ, နိဗ္ဗာနဓာတ်, ဤ တရားတော်မြတ်သည်လည်း၊ ပဏီတံ-လောကီလောကုတ္တရာ, အဖြာဖြာထက်, ကဲသာမြတ်မွန်, တုဘက်လွန်သော၊ ရတနံ-ရှိသေ လေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ ၏၊ ဇတေန သစ္စေန-မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏိနံ-ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊) သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်။

၇။ ဗုဒ္ဓသေဋ္ဌော-သဗ္ဗညုတာ, ဉာဏ်ပညာဖြင့်, လွန်စွာထင်ရှား, မြတ်ဘုရားသည်၊ ယံ (သမာဓိ)-သောတာပတ္တိ, စသည်ဆင့်တက်, လေးချက် အပြား, အကြင် သမာဓိတရားကို၊ သုစိ-မိမိဆိုင်ရာ, ကိလေသာမြူ, ဟူဟူသမျှ, ကင်းပပျောက်ကွယ်, အလွန်စင်ကြယ်

သော၊ သမာဓိ-သမထဝိပဿနာ, ရှေ့သွားပါသဖြင့်, လွန်စွာ တည်ဘိ, ထူးခြားသော သမာဓိဟူ၍၊ ပရိဝဏ္ဏယီ-ချဲ့ထွင်ထုတ်ဖော်, ချီးမွမ်းတော်မူခဲ့ပေပြီ၊ ယံ (သမာဓိ)-သောတာပတ္တိ, စသည် ဆင့်တက်, လေးချက်အပြား, အကြင် သမာဓိတရားကိုပင်၊ အာနန္တရိကံ-အကျိုးပေးရာ, အခါမငဲ့, အခြားမဲ့ဖိုလ်, အကျိုးကို ပေးစွမ်းနိုင်၏ဟူ၍၊ အာဟု-ဘုရားစသား, ပုဂ္ဂိုလ်များတို့, ဟောထားညီတူ, မိန့်မြွက်တော်မူကြကုန်ပြီ။ [အာနန္တရိကညမာဟု-အာနန္တရိကံ+ယံ+အာဟု-ဟု ပုဒ်ဖြတ်]။

တေန သမာဓိနာ-သောတာပတ္တိ, စသည်ဆင့်တက်, လေးချက်အပြား, ထို သမာဓိတရားနှင့်၊ သမော-တန်းတူထား၍, ရှုစားလောက်စွာ, တစ်စုံတစ်ရာသော သမာဓိသည်၊ နဝိဇ္ဇတိ-စင်စစ်ဧကန်, အမှန် မရှိချေ၊ ဣဒမ္မိမမ္မေ-သောတာပတ္တိ, စသည်ဆင့်တက်, လေးချက်အပြား, ဤ သမာဓိတရားသည်လည်း၊ ပဏီတံ-သမာဓိရတနာ, အဖြာဖြာထက်, ကဲသာမြတ်မွန်, တုဘက်လွန်သော၊ ရတနံ-ရိုသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဧတေနသစ္စေန-မှန်ကန်လှစွာ, ဤဝစီသစ္စာ ကြောင့်၊ (ပါဏီနံ-ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ် တို့အား၊) သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါ စေသတည်း။

၈။ သတံ ပသတ္ထာ-သူတ်တော် သူမြတ်, အရပ်ရပ်တို့, မပြတ်ထုတ်ဖော်, ချီးမွမ်းတော်မူအပ်ကုန်သော၊ ယေ ပုဂ္ဂလာ-ပုထုဇဉ်နွယ်, အောက်တန်းနယ်မှ, ထက်ဝယ်သို့ခို, အကြင်ပုဂ္ဂိုလ်တို့သည်၊ အဇ္ဇ-ကုဇ္ဇေကုဇ္ဇာ, များပြားစွာလည်း, တူရာပေါင်းထား, ရှစ်ပါးတို့သာတည်း၊ ဧတာနိ-အသီးအခြား, ခွဲသောအားဖြင့်, ရှစ်ပါးဟုဆို, ဤ အရိယာပုဂ္ဂိုလ်တို့သည်၊ စတ္တာရိ ယုဂါနိ-မဂ် ဖိုလ် နှစ်ပါး, အစုံထား၍, လေးပါးသော အစုံတို့သည်၊ ဟောန္တု-ဖြစ်ကုန်၏။

သုဂတသ-တင့်တယ်သာညှင်း, ကြွသွားခြင်း ရှိတော်မူသော, မြတ်စွာဘုရား၏၊ သာဝကာ-တရားဓမ္မ, သြဝါဒကို, လုံးဝနာယူ, တပည့်အရင်း ဖြစ်တော်မူကြကုန်သော၊ တေပုဂ္ဂလာ-အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော် အပေါင်း, ထို အရိယာသူတော်ကောင်းတို့သည်။ ဒက္ခိဏေ ယျာ-တမလွန်စခန်း, ကြီးပွားလမ်းဖို့, မျှော်မှန်းရည်ရွယ်, ပေးလှူဖွယ်ကို, ရည်ရွယ်သမျှ, အကျိုးရသဖြင့်, တစမချန်, အလှူခံခြင်းငှါလည်း ထိုက်တော်မူပါပေကုန်၏။

ဧတေသု-အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ဤ အရိယာသူတော်ကောင်းတို့၌၊ ဒိန္နာနိ-ပေးလှူသော အခါ, စေတနာတို့သည်၊ မဟပ္ဖလာနိ-ကြီးကျယ်ဖွံ့ဖြိုး, များသော အကျိုးရှိကုန်၏၊ ဣဒမ္မိသံဃေ-အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ဤ အရိယာသူ တော်ကောင်းသည်လည်း၊ ပဏီတံ-အလှူခံပုဂ္ဂိုလ်, များထိုထိုထက်, ပိုမိုမြတ်မွန်, တုဘက်လွန်သော၊ ရတနံ-ရိုသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ ၏၊ ဧတေနသစ္စေန-မှန်ကန်လှစွာ, ဤဝစီသစ္စာကြောင့်၊

(ပါဏိနံ-ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ် တို့အား၊) သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၉။ ယေ (ခီဏာသဝါ)-အကြင် အာသဝေါကုန်ခန်း ရဟန္တာ အရှင်သူမြတ်တို့သည်၊ ဂေါတမသာသနမှို-ဂေါတမမြတ်စွာ, ဤသာသနာတော်၌၊ ဒဠ္ဎေန မနသာ-ခိုင်မြဲစွာဘို, သမာဓိနှင့်, ယှဉ်သော စိတ်ဖြင့်၊ သုပ္ပယုတ္တာ-ကိုယ်နှုတ်ဆိုင်ရာ, ပြစ်မပါအောင်, လွန်စွာ ကြိုးကုတ်, အားထုတ်ကြကုန်သည်၊ (ဟုတ္တာ-ဖြစ်၍၊) နိက္ကာမိနော-ကိုယ်အသက်ပါ, မငဲ့ညှာဘဲ, ပညာပဓာန, ဝီရိယဖြင့်, ကိလေသာ ခပင်း, အားလုံးရှင်း၍ ထွက်မြောက်ကြကုန်ပြီ။

တေ ခီဏာသဝါ-အာသဝေါကုန်ခန်း, ထို ရဟန္တာ အရှင်မြတ်တို့သည်၊ အမတံ-ဇရာ မရဏ, ရှာမရသဖြင့်, ကာလပုံသေ, အမြဲတေဖြစ်သော နိဗ္ဗာန်ကို၊ ဝိဂ္ဂယှ-အာရုံထင်ပေါက်, ဉာဏ်ဖြင့် ရောက်လျက်၊ မုဓာ-အဖိုးအခ, မပေးရဘဲ၊ လဒ္ဓါ-ကောင်းစွာလှလှ, ရသည်ဖြစ်၍၊ နိဗ္ဗုတိံ-ကိလေသာဟူသမျှ, ငြိမ်းအေးရ၍, အရဟတ္တဖိုလ်, သမာပတ် ချမ်းသာကို၊ ဘုဉ္ဇမာနာ-လိုရာခဏ, မဆိုင်းရဘဲ, အားရရွှင်ကြည်, ခံစားရကုန်သည် ဖြစ်၍၊ ပတ္တိပတ္တာ-ရောက်ထိုက်သလောက်, အရဟတ္တဖိုလ် ပေါက်အောင်, ဆိုက်ရောက်တော်မူကြကုန်ပြီ၊ ဣဒမိဝံဃေ-အရဟတ္တဖိုလ်ပေါက်, ထိပ်ဆုံးရောက်သည့်, များမြောက်လှစွာ, ဤ ရဟန္တာသံဃာတော်သည်လည်း၊ ပဏီတံ-များအရိယာ, သူတော်စွာထက်, ကဲသာ မြတ်မွန်, တုဖက်လွန်သော၊ ရတနံ-ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဧတေန သစ္စေန-မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏိနံ-ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊) သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၁၀။ ပထဝိသိတော-ရှစ်တောင် ဆယ်တောင်, နက်အောင်ဝင်တည်, မြေ၌မှီသော၊ ဣန္ဒခီလော-မြို့ပေါက်တံခါး, ကောင်းစွာတားဖို့, သစ်သားနှစ်ခိုင်, တံခါးတိုင်ကို၊ စတုဗ္ဘိဝါတေဟိ-အရပ်တကာ, လေမျက်နှာမှ, လာကြပချေ, မုန်တိုင်းလေတို့သည်၊ အသမ္ပကမ္ပိယော-ထိုဤ ယိမ်းယိုင်, မလှုပ်စေနိုင်သည်၊ သိယာယထာ-ဖြစ်ရာသကဲ့သို့၊ ယော (သပ္ပုရိသော)-ပုထုဇဉ်နွယ်, အောက်တန်းနယ်မှ, ထက်ဝယ်သို့ပြောင်း, အကြင် သောတပန် သူတော်ကောင်းသည်၊ အရိယသစ္စာနိ-အရိယာမှန်, ကိုယ်ပိုင် ဉာဏ်ဖြင့်, ဧကန်သိအပ်, လေးရပ်သော သစ္စာတို့ကို၊ အဝေစ္စ-ဉာဏ်ဖြင့် ထွင်းဖောက်, အတွင်း ရောက်၍၊ ပဿတိ-သေချာပိုင်ပိုင်, သိမြင်နိုင်၏။

(တံ) သပ္ပုရိသံ-ပုထုဇဉ်နွယ်, အောက်တန်နယ်မှ, ထက်ဝယ်သို့ပြောင်း, ထို သောတာပန် သူတော်ကောင်းကို၊ တထူပမံ-ကောင်းစွာမြိုခိုင်, ထိုတံခါးတိုင်လျှင်, ဥပမာရှိ၏၊ ဟူ၍၊ (အဟံ-ငါဘုရားသည်၊) ဝဒါမိ-သေချာထုတ်ဖော်, မိန့်မြွက်တော်မူ၏၊ ဣဒမိဝံဃေ-သောတာပန်အရိယာ, ဤ သံဃာတော် အပေါင်းသည်လည်း၊ ပဏီတံ-အောက်တန်းများဖြင့်, ပုထုဇဉ်တို့, မယှဉ်နိုင်စွာ, ဂုဏ်ချင်းကွာ၍,

ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ-ရိုသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဧတေနသစ္စေန-မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏီနံ-ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊) သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်, ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၁၁။ ဂမ္ဘီရပညေန-နက်နဲစွာဘိ, ဉာဏ်တော်ရှိသည့်, မုနိထွတ်ထား, မြတ်ဘုရားသည်၊ သုဒေသိတာနိ-အကျဉ်း အကျယ်, အသွယ်သွယ်ဖြင့်, ဖွယ်ဖွယ်ရာရာ, ကောင်းစွာ ဟောပြတော်မူအပ်ကုန်သော၊ အရိယသစ္စာနိ-အရိယာမှန်, ကိုယ်ပိုင်ဉာဏ်ဖြင့်, ဧကန်သိအပ်, လေးရပ်သော သစ္စာတို့ကို၊ ယေ (သပ္ပုရိသာ)-ပုထုဇဉ်နွယ်, အောက်တန်းနယ်မှ, ထက်ဝယ်သို့ပြောင်း, အကြင် သောတာပန် သူတော်ကောင်းတို့သည်၊ ဝိဘာဝယန္တိ-မိမိသန္ဓာန်, ပညာဉာဏ်ဖြင့်, မှန်မှန်ပိုင်ပိုင်, ထင်ရှားစေနိုင်ကုန်၏။

တေ (သပ္ပုရိသာ)-လေးရပ်သစ္စာ, ကိုယ့်စိတ်မှာလျင်, ထင်စွာသိတတ်, ထို သောတာပန် သူတော်မြတ်တို့သည်၊ ဘုသံ ပမတ္တာ-လူနတ်ချမ်းသာ, ခံစားကာဖြင့်, လွန်စွာပျော်မွေ့, တရားမေ့ကြကုန်သည်၊ ကိဥ္စာပိ ဟောန္တိ-အကြောင်း တိုက်ဆုံ, အကယ်၍ပင် ဖြစ်စေကုန်ဦးတော့၊ တေ (သပ္ပုရိသာ)-လွန်စွာပျော်မွေ့, တရားမေ့၍, အတွေ့ဒ်ပျော်, ထိုသောတာပန် သူတော်ကောင်းတို့သည်၊ အဋ္ဌမံ ဘဝံ-လူ နတ် ကာမ, ရှစ်ခုမြောက်ဘဝကို၊ န အာဒိယန္တိ-ထပ်၍ တမူ, မယူကြတော့ကုန်၊ ကဒမိသံယေ-သောတပန် အရိယာ, ဤသံယာတော်, အပေါင်းသည်လည်း၊ ပဏီတံ-အောက်တန်းများဖြင့်, ပုထုဇဉ်တို့, မယှဉ်နိုင်စွာ, ဂုဏ်ချင်းကွာ၍, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ-ရိုသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဧတေနသစ္စေန-မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏီနံ-ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊) သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၁၂။ အသေ-လူ နတ် ကာမ, ခုနစ်ဘဝ၌, ဖြစ်ရဖန်ဖန်, ထိုသောတာပန်ပုဂ္ဂိုလ်သည်၊ ဒဿနသမ္ပဒါယ-နိဗ္ဗာနဓာတ်, တရားမြတ်ကို, တပ်အပ်ထင်လင်း, သောတာပတ္တိမဂ်ဉာဏ်၏ ပြည့်စုံခြင်းနှင့်၊ သဟာဝ-ရှေ့နောက်မဆက်, တစ်ပြိုင်နက်သာလျင်၊ သက္ကာယဒိဋ္ဌ-ထင်ရှားရှိတောင်း, ခန္ဓာ အပေါင်း၌, အကြောင်း မပြ, လူ့ဗာလတို့, အတ္တစွဲဘိ, သက္ကာယဒိဋ္ဌိကို လည်းကောင်း၊ ဝိစိကိစ္ဆိတ-ရတနာသုံးဖြာ, ကျင့်သိက္ခာတည့်, ပုဗ္ဗာပရန္တ သုံးဌာနနှင့်, ပဋိစ္စသမုပ္ပါဒ်, ဤရှစ်ရပ်၌, ဆုံးဖြတ်ဉာဏ်ကင်း, ယုံမှားခြင်း ဝိစိကိစ္ဆာကို လည်းကောင်း၊ သီလဗ္ဗတံဝါပိ-နွားခွေး အလေ့, ဆောက်တည်၍ သျင်, မမေ့မှန်စွာ, ကျင့်နိုင်ပါမူ, ကိလေသာစင်, သံသရာစင်ဟု, အမြင်မှားဘိ, သီလဗ္ဗတပရာမာသ ဒိဋ္ဌိကို လည်းကောင်း၊ တယော ဓမ္မာ-အပြစ်ကြီးများ, သုံးပါးသော အကုသိုလ်တရားတို့ကို၊ ဖေတိတာ-

ကိုယ်သန္တာန်တွင်, မပါဝင်အောင်, အစဉ်မပြတ်, ပယ်စွန့်အပ်ပြီး ကုန်သည်၊ ဘဝန္တိ-ဖြစ်ကုန်၏၊ ကိဉ္စိ-အပါယ် ရောက်ကြောင်း, မကောင်းသိမ်ဖျင်း, စိုးစဉ်းအနည်းငယ်သော၊ ယံ (ကိလေသဇာတံ)-ဣသာ မစ္ဆရိယ, စသည်များဟူ, အကြင် အလားတူ ကိလေသာ သည်၊ အတ္ထိ-ထိုသောတာပန်, သူ့သန္တာန်၌, အမှန်ရှေးက ရှိခဲ့လျှ၏၊ (တမ်ဓိ ကိလေသဇာတံ-ဣသာ မစ္ဆရိယ, စသည်များဟူ, ထို အလားတူ ကိလေသာကိုလည်း၊ ဇဟိတံ-ကိုယ့်သန္တာန်တွင်, မပါဝင် အောင်, အစဉ်မပြတ်, ပယ်စွန့်အပ်ပြီးသည်၊ ဘဝတိ-ဖြစ်၏။)

၁၃။ (သော-နိဗ္ဗာနဓာတ် ,တရားမြတ်ကို, တပ်အပ်ထင်ထင်, သိမြင်ပြီးသော ထိုသောတာပန်ပုဂ္ဂိုလ်သည်၊) စတူဟိ အပါယေဟိစ-ချမ်းသာကင်းငြား, ဆင်းရဲများသည့်, လေးပါးသော အပါယ်တို့မှ လည်း၊ ဝိပွမုတ္တော-ပဋိသန္ဓေ, မတည်နေရ, လုံးဝသန့်ရှင်း, လွတ်ကင်းလေပြီ၊ ဆ အဘိဌာနာနိစ-အာနန္တရိယ, ကံငါးဝနှင့်, ဗုဒ္ဓပယ်ထား, အခြားဆရာကို, ညွှန်ပြခြင်းအားဖြင့်, ခြောက်ပါးသော ဌာနတို့ကိုလည်း၊ ကာတုံ-မှားမှားယွင်း, ပြုလုပ်ခြင်းငှါ၊ အဘဗ္ဗော-မထိုက်မတန်, မလျော်ကန်တော့၊ ဣဒမ္မိသံဃေ-သောတပန်အရိယာ, ဤသံဃာတော် အပေါင်းသည်လည်း၊ ပဏီတံ-အောက်တန်းများ ဖြင့်, ပုထုဇဉ် တို့, မယှဉ်နိုင်စွာ, ဂုဏ်ချင်းကွာ၍, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ-ရိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာ တစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဧတေန သစ္စေန-မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏိနံ-ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို့

များလူဗိုလ်တို့အား၊) သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေ...သတည်း။

၁၄။ သော-နိဗ္ဗာနဓာတ်, တရားမြတ်ကို, တပ်အပ်ထင်ထင်, သိမြင်ပြီးသော ထို သောတာပန်ပုဂ္ဂိုလ်သည်၊ ကာယေနဝါ-ကိုယ်လက်လှုပ်ရှား, တစ်ပါးပါးသော, ကာယဒွါရဖြင့်သော် လည်းကောင်း၊ ဝါစာ (ဝါစာယ) ဝါ-နှုတ်သာလှုပ်ရှား, တစ်ပါးပါးသော, ဝစီဒွါရဖြင့်သော် လည်းကောင်း၊ ဥဒစေတသာဝါ-ကိုယ်နှုတ်နှစ်ပါး, မလှုတ်ရှားဘဲ, စိတ်အားတွင်ပြု, မနောဒွါရဖြင့်သော် လည်းကောင်း၊ ပါပကံ-ယုတ်မာဆိုးညစ်, အပြစ်ဖြစ်သော၊ ကမ္မံ-ကာယဝစီ, တစ်လီ မနော, သုံးပါးသော ကံတို့တွင်, တစ်ပါးပါးသော ကံကို၊ ကိဉ္စာပိ ကရောတိ-အသိဉာဏ်ကင်း, မေ့လျော့ခြင်းကြောင့်, ချွတ်ယွင်းသမှု, အကယ်၍ ပြုမိပေသေး၏၊ တထာပိ-ထိုသို့ ကိုယ် နှုတ် စိတ်မှု, အနည်းငယ် ပြုမိပါသော်လည်း၊ သော-ထို သောတာပန် သာဝက သည်၊ တဿ (ပါပကဿ)-ယုတ်မာဆိုးညစ်, ထိုအပြစ်ကို, ပဋိစ္ဆဒါယ-ဒေသနာသဘော, ထုတ်မပြောဘဲ, မနောဒ္ဓဝယ်, ဖုံးကွယ်ထား ခြင်းငှါ၊ အ ဘဗ္ဗော-မထိုက်မတန်, မလျော်ကန်တော့၊ ဒိဋ္ဌပဒဿ-နိဗ္ဗာနဓာတ်, တရားမြတ်ကို, တပ်အပ်ထင်ထင်, သိမြင်ပြီးသော သောတာပန် ပုဂ္ဂိုလ်၏၊ အဘဗ္ဗတာ-မိမိအပြစ်, မဖွင့်လှစ်ဘဲ, ကောက်ကျစ်သောအား, ဖုံးထားခြင်းငှါ, မထိုက်သည်၏ အဖြစ်ကို ဝုတ္တာ-ရှင်တော်ဘုရား, ဟောထားတော်မူအပ်ပြီ၊ ဣဒမ္မိသံဃေ-သောတပန်အရိယာ, ဤ သံဃာတော် အပေါင်းသည်လည်း၊ ပဏီ

တံ-အောက်တန်းများဖြင့်, ပုထုဇဉ်တို့, မယှဉ်နိုင်စွာ, ဂုဏ်ချင်းကွာ၍, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ-ရိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဇတေနသစ္ဆေန-မှန်ကန်လှစွာ, ဤဝစီသစ္စာကြောင့်၊ (ပါဏီနံ-ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊) သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေ...သတည်း။

* ပထဗျာ-ကမ္ဘာဗွေခွင်, မြေတစ်ပင်လုံး၌၊ ဇကရဇ္ဇေန ဝါ-တစ်ဦးတည်း အရှင်, ဘုရင်ဧရာဇ်, ဖြစ်ရသည်ထက် လည်းကောင်း၊ သဂ္ဂဿ-စည်းစိမ်ရိပ်မြုံ, ချမ်းသာစုံသည့်, နတ်တို့ဘုံသို့၊ ဂမနေနဝါ-ကုသိုလ်ဖန်၍, ဗိမာန် အသင့်, ဘုံ အသင့်ဖြင့်, ဂုဏ်မြင့်ဖြိုးမောက်, ရောက်ရသည်ထက် လည်းကောင်း၊ သဗ္ဗလောကာဓိပစ္စေနဝါ-တစ်လောကလုံး, သိမ်းကျုံးလွှမ်းမိုး, အုပ်စိုးရသော ဗြဟ္မာမင်းကြီး ဖြစ်ရသည်ထက် လည်းကောင်း၊ သောတာပတ္တိဖလံ-သောတာပတ္တိ, မည်ရှိထူးခြား ဖိုလ်တရားသည်၊ ဝရံ-ဂုဏ်အရည်ဖြင့်, လောကီ စည်းစိမ်, ချမ်းသာ ဟူသမျှတို့, မမီနိုင်တန်း, အလှမ်းဝေးကွာ, ထူးခြားတင့်တယ်, မြင့်မြတ်လှပေသည်တကား။

ဣဒမိဓမ္မေ-ဤ သောတာပတ္တိဖိုလ်တရားသည်လည်း၊ ပဏီတံ-လောကီ ရတနာ, အဖြာဖြာထက်, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ-ရိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဇတေန သစ္စေန-မှန်ကန်လှစွာ, ဤဝစီသစ္စာကြောင့်၊ (ပါဏီနံ-ဘေး ရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊) သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေ...သတည်း။

(ဤဂါထာမှာ သောတာပတ္တိဖိုလ်တရားအတွက် ကြည်ညိုဖွယ် ဂါထာဖြစ်သဖြင့် ဓမ္မပဒမှ ဂါထာကို ထည်းသွင်း ဖော်ပြထားခြင်း ဖြစ်ပါသည်။)

၁၅။ ဂိမှာနံ-အပူပြင်းပြ, နွေလေးလတို့တွင်၊ ပဌမသ္မိံဂိမှေ-ရှေးဦးအစ, နွေကာလဖြစ်သော၊ မာသေ-ရင်ခတ်ပန်းတို့, ပွင့်လန်းခါကျူး, လတန်ခူး၌၊ ဖုဿတဂ္ဂေ-ခက်မ ခက်မွာ, ပွင့်ဝေဆာသဖြင့်, လွန်စွာဆန်းတင့်, ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော၊ ဝနပ္ပဂုမ္ဗေ-တောကြီးမြိုင်လယ်, လွန်တင့်တယ်သား, ပင်ငယ် ပင်လတ်, အထပ်ထပ်လောင်း, သစ်ပင်အပေါင်းသည်၊ (သဿီရီကော) ယထာ-ရွှန်းရွှန်းအိအိ, အသရေရှိသကဲ့သို့၊ တထူပမံ-ထို တောအုပ်ကြီး သဖွယ်, တင့်တယ်လှပ, နက်နဲလှစွာသော၊ နိဗ္ဗာနဂါမိ-တစ်ဆယ့်တစ်သီး, မီးအဆူဆူ, အပူခပ်သိမ်း, အေးငြိမ်းရာမှန်, အေးနိဗ္ဗာန်သို့, ဇကန်ဆက်ဆက်, ရောက်စေတတ်သော၊ ဓမ္မဝရံ-သုံးပုံပိဋကတ်, ငါးရပ်နိကာယ်, ကိုးသွယ်အင်္ဂါ, ဓမ္မက္ခန္ဓာဟု, ဒေသနာပေါင်း, ရှစ်သောင်းလေးထောင်သော တရားတော်မြတ်ကို၊ ပရမံဟိတာယ-လောကုတ် လောကီ, နှစ်လိတိုးပွား, အမြတ်ဆုံး စီးပွားအလို့ငှါ၊ (အမှာကံ ဗုဒ္ဓေါ-ငါတို့ ဆရာ, မြတ်စွာဘုရားသည်၊) အဒေသယိ-

ကရုဏာလှုံ့ဆော်, ရွေ့ဉာဏ်တော်ဖြင့်, ထုတ်ဖော်ကျူးသီ, ဟောမိန့်တော်မူခဲ့လေပြီ၊ ဣဒမဂ္ဂဗုဒ္ဓေ-တောအုပ်ကြီးသဖွယ်, လွန်တင့်တယ်အောင်, သွယ်သွယ်တရား, ဟောဖော်ကြားသည့်, ဘုရားမြတ်စွာ, ဤ ကိုးကွယ်ရာသည်လည်း၊ ပဏီတံ-ပုထုဇဉ်အရိယာ, အဖြာဖြာထက်, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ-ရိုသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ ,ဖြစ်တော်မူပါပေ၏၊ ဧတေန သစ္စေန-မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏီနံ-ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊) သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၁၆။ ဝရော-အဇ္ဈာသယဓာတ်, မြင့်မြတ်ကြသူ, နတ်နှင့်လူတို့, ကြည်ဖြူလေးမြတ်, တောင်းတအပ်ထသော၊ ဝရညူ-ဗောဓိမဏ္ဍိုင်, ရိပ်သာမြိုင်ဝယ်, ကိုယ်ပိုင်ဉာဏ်ဖြင့်, နိဗ္ဗာန်ကို သိတော်မူပြီးထသော၊ ဝရဒေါ-ပဉ္စဝဂ္ဂီ, စသည်များမြတ်, လူနှင့် နတ်အား, အမြတ်တရား ကိုလည်း ပေးတော်မူပေထသော၊ ဝရဟရော-ရှေးရှေးဘုရား, အမြဲသွားသည့်, တရားမဂ္ဂင်, မြတ်လမ်းစဉ်ကို, အမှန်မပြတ်, ဆောင်ပြတော်မူတတ်ထသော၊ အနုတ္တရော-လောကုတ္တရာ, ဂုဏ်အရာဝယ်, အသာအတူ, ရှိတော်မမူသော မြတ်စွာဘုရားသည်၊ ဓမ္မဝရံ-သွာက္ခာတတာ, ဂုဏ်ခြောက်ဖြာနှင့်, ကောင်းစွာပြည့်စုံ, အဖုံဖုံသော တရားတော်မြတ်ကို၊ အဒေသယိ-ကရုဏာလှုံ့ဆော်, ရွေ့ဉာဏ်တော်ဖြင့်, ထုတ်ဖော်ကျူးသီ, ဟောမိန့်တော်မူခဲ့လေပြီ။

ဣဒမဂ္ဂဗုဒ္ဓေ-သုံးလှုံ့ထွတ်ထား, ဤ ငါတို့ မြတ်စွာဘုရားသည်လည်း၊ ပဏီတံ-ပုထုဇဉ်အရိယာ, အဖြာဖြာ ထက်, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ-ရိုသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ ,ဖြစ်တော်မူပါပေ၏၊ ဧတေန သစ္စေန-မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏီနံ-ဘေးရန် ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊) သုဝတ္ထိ-တင့်တယ် ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်ခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၁၇။ (ယေသံ ဓိရာနံ-အာသဝေါကုန်ခမ်း, ရဟန္တာအရှင်, အကြင် ပညာရှိတို့၏၊) ပုရာဏံ-ဘဝါဘဝ, သံသာရက, ပြုခဲ့သမျှ အတန်တန်, အဟောင်းဖြစ်သော ကုသိုလ်ကံ- အကုသိုလ်ကံသည်၊ ခီဏံ-အရဟတ္တမဂ်, ဉာဏ်လက်နက်ကြောင့်, အဆက်ပျက်ပြုန်း, ကုန်ဆုံးလေပြီ၊ နဝံ-ရဟန္တာဖြစ်မှ, အသစ်ရသည့်, ပုညကောင်းမှု, အစုစုသည်လည်း၊ နတ္ထိသမ္ဘဝံ-အဝိဇ္ဇာ တဏှာ, ဖော်မပါသဖြင့်, နောင်ခါအင်အား, အကျိုးမျာဖို့, ထင်ရှားမရှိတော့ချေ၊ အာယတိကေ-နောက်နောင်အခါ, ပေါ်လာမည်ဖြစ်သော၊ ဘဝသ္မိံ-ဘဝဖန်ခါ, သံသရာ၌၊ ဝိရတ္တာစိတ္တာ-တပ်မက်ခင်မင်, လိုချင်သောစိတ်, မရှိကြတော့ကုန်၊ တေ ဓီရာ-အာသဝေါကုန်ခန်း, ရဟန္တာပုဂ္ဂိုလ်, ထိုပညာရှိတို့သည်၊ ခီဏဗီဇာ-ကုန်ခန်းခြောက်သွေ့, ပဋိသန္ဓေမျိုးစေ့ရှိကြကုန်သည်၊ အဝိရုဠှိဆန္ဒာ-ဘဝထိုထို, စည်ပင်လိုသောဆန္ဒမရှိကြကုန်သည်၊ (ဟုတ္တာ-ဖြစ်၍၊) အယံ ပဒီပေါ-တောက်ပလှုံ့သည်,

ဤဆီမီးသည်၊ (နိဗ္ဗုတော) ယထာ-ထိုဤ မရောက်, ဤနေရာပင်, ငြိမ်းပျောက်သကဲ့သို့၊ နိဗ္ဗန္တိ-ထိုဤ ဘဝ, မရောက်ကြဘဲ, အေးမြပုံသေ, ငြိမ်းကြပေတော့သတည်း။

ဣဒမိဝံဃေ-ရဟန္တာအရိယာ, ဤသံဃာတော် အပေါင်းသည်လည်း၊ ပဏီတံ-အရိယာပုဂ္ဂိုလ်, များထိုထိုထက်, ပိုမိုမြတ်မွန်, ဟုဖက်လွန်သော၊ ရတနံ-ရိုသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ ,ဖြစ်တော်မူပါပေ၏၊ ဧတေန သစ္စေန-မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏီနံ-သေးရန် ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊) သုဝတ္ထိ-တင့်တယ် ဖို့ရန်, အတန်တန်နှင့်, သေးရန်ခပ်သိမ်း, အေးငြိမ်ခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၁၈။ ဣဓ-ပရိတ်တော်မြတ်, ရွတ်ဖတ်နေကြ, ဤဒေသ၌၊ ဘုမ္မာနိ-မြေ၌ဆက်စပ်, အရပ်ရပ်၌ ဖြစ်ကြကုန်သော၊ ယာနိဘူတာနိ ဝါ-စတုမဟာ, ဝတိ်သာနှင့်, ဆိုင်ရာပေါင်းစပ်, အကြင် နတ်တို့သည်လည်းကောင်း၊ အန္တလိက္ခေ-ဟင်လင်းအပြင်, ထက်ကောင်းကင်၌၊ (နိဗ္ဗတ္တာနိ-ရှေးကံအဟုန်, တန်ခိုးဂုဏ်ကြောင့်, ကုန်လုံပြည့်ဝဖြစ်နေကြကုန်သော၊) ယာနိဘူတာနိ ဝါ-မာယာစသား, အကြင်အထက် နတ်အများတို့သည် လည်းကောင်း၊ သမာဂတာနိ-ညီညာဖြဖြ, ရောက်လာကြကုန်ပြီ၊ (တေမယံ-ညီညာဖြဖြ, ရောက်လာကြကုန်, ထို အလုံးစုံသော အကျွန်ုပ်တို့သည်၊) တထာဂတံ-ရှေးဘုရားအတူ, ကြွလာတော်မူထသော၊ ဒေဝမနုဿပူဇိတံ-နတ်လူ ဗြဟ္မာ, သတ္တဝါတို့, လွန်စွာလေးမြတ်, ပူဇော်အပ်တော်မူထသော၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ နမဿာမ-ကိုင်ညွတ်ရိုကျိုး, ဦးနှိမ်ချိုး၍, ရိုသိုးကန်တော့ပါကုန်၏၊ သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့်, သေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-စင်စစ်မသွေဖြစ်ပါစေသတည်း။

၁၉။ ဣဓ-ပရိတ်တော်မြတ်, ရွတ်ဖတ်နေကြ, ဤဒေသ၌၊ ဘုမ္မာနိ-မြေ၌ဆက်စပ်, အရပ်ရပ်၌ ဖြစ်ကြကုန်သော၊ ယာနိဘူတာနိ ဝါ-စတုမဟာ, ဝတိ်သာနှင့်, ဆိုင်ရာပေါင်းစပ်, အကြင် နတ်တို့သည် လည်းကောင်း၊ အန္တလိက္ခေ-ဟင်းလင်းအပြင်, ထက်ကောင်းကင်၌၊ (နိဗ္ဗတ္တာနိ-ရှေးကံအဟုန်, တန်ခိုးဂုဏ်ကြောင့်, ကုန်လုံပြည့်ဝဖြစ်နေကြကုန်သော၊) ယာနိဘူတာနိ ဝါ-ယာမာစသား, အကြင် အထက် နတ်အများတို့သည် လည်းကောင်း၊ သမာဂတာနိ-ညီညာဖြဖြ, ရောက်လာကြကုန်ပြီ၊ (တေမယံ-ညီညာဖြဖြ, ရောက်လာကြကုန်, ထို အလုံးစုံသော အကျွန်ုပ်တို့သည်၊) တထာဂတံ-သမထဝိပဿနာ, ဘာဝနာအစုံဖြင့်, သွားထိုက်သည် အားလျော်စွာ, ကိလေသာ အသင်းအပင်းကို, ဖြတ်တောက်လျက်, သွားရောက်တတ်ထသော၊ (တစ်နည်း)တထာဂတံ-ပညာဖြင့် ထိုးထွင်း၍ သိအပ်သည်ရှိသော်, အလုံးစုံသော ဒုက္ခကို ပယ်သတ်ခြင်းငှါ, ကောင်းစွာဖြစ်သည့်အတွက် ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့ ထိုးထွင်း၍ သိအပ်ထသော၊ ဒေဝမနုဿပူဇိတံ-နတ် လူဗြဟ္မာ, သတ္တဝါတို့, လွန်စွာလေးမြတ်, ပူဇော်အပ်တော်မူထသော၊ ဓမ္မံ-မဂ် ဖိုလ် နိဗ္ဗာန်, ဓမ္မက္ခန်ဟု, ဆယ်တန်သော တရားတော်မြတ်ကို၊ နမဿာမ-

ကိုင်းညွတ်ရိုကျိုး, ဦးနှိမ်ချိုး၍, ရှိခိုးကန်တော့ပါကုန်၏၊ သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့် ဘေးရန်ခပ်သိပ်း, အေးငြိမ်း ခြင်းသည်, ဟောတု-စင်စစ်မသွေ ဖြစ်ပါစေသတည်း။

၂၀။ ဣဓ-ပရိတ်တော်မြတ်, ရွတ်ဖတ်နေကြ, ဤဒေသ၌၊ ဘုမ္မာနိ-မြေ၌ဆက်စပ်, အရပ်ရပ်၌ ဖြစ်ကြကုန်သော၊ ယာနိဘူတာနိ ဝါ-စတုမဟာ, ဝတိ်သာနှင့်, ဆိုင်ရာပေါင်းစပ်, အကြင် နတ်တို့ သည်လည်းကောင်း၊ အန္တလိက္ခေ-ဟင်းလင်းအပြင်, ထက်ကောင်း ကင်၌၊ (နိဗ္ဗတ္တာနိ-ရှေးကံအဟုန်, တန်ခိုးဂုဏ်ကြောင့်, ကုန်လုံပြည့်ဝ ဖြစ်နေကြကုန်သော၊) ယာနိဘူတာနိ ဝါ-မာယာစသား, အကြင် အထက် နတ်အများတို့သည် လည်းကောင်း၊ သမာဂတာနိ-ညီညာဖြဖြ, ရောက်လာကြကုန်ပြီ၊ (တေမယံ-ညီညာဖြဖြ, ရောက် လာကြကုန်, ထို အလုံးစုံသော အကျွန်ုပ်တို့သည်၊) တထာဂတံ-အတ္တဟိတ ပဋိပန္နပုဂ္ဂိုလ်တို့ သိထိုက်သည် အားလျော်စွာ ထိုထို မဂ်ဖြင့် သိတော်မူပြီးထသော၊ ဒေဝမနုဿပူဇိတံ-နတ် လူဖြဟ္မာ, သတ္တဝါတို့, လွန်စွာလေးမြတ်, ပူဇော်အပ်ထသော၊ သံဃံ-ရှစ်ပါး အရိယာ, သံဃာတော် အပေါင်းကို၊ နမဿာမ-ကိုင်းညွတ်ရိုကျိုး, ဦးနှိမ်ချိုး၍, ရှိခိုးကန်တော့ပါကုန်၏၊ သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့် ဘေးရုန်ခပ်သိပ်း, အေးငြိမ်း ခြင်းသည်, ဟောတု-စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ရတနသုတ်နိဿယပြီး၏။

၃။ မေတ္တာသုတ်နိဿယ

တိုက်တွန်းချက်

၁-၂။ ယဿ-အကြင် မေတ္တာသုတ် ပရိတ်တော်၏၊ အာနုဘာဝတော-တန်းခိုးရှိန်စော်, အာနုဘော်တော်ကြောင့်၊ ယက္ခာ-နတ်ဘီလူး, ပြိတ္တာစသော မကောင်းဆိုးဝါးတို့သည်၊ ဘီသနံ-ကြောက်မက်ဖွယ်စုံ, ရူပ သဒ္ဒစသော အာရုံကို၊ နေဝ ဒဿေန္တိ-မပြကြတော့ကုန်၊ ယမ္မိစေဝ-အကြင် မေတ္တာသုတ်ခေါ်, ပရိတ်တော်၌ ပင်၊ ဝါ-မေတ္တာသုတ်လာ, ဘာဝနာ၌ပင်၊ ရတ္တိန္ဒိဝံ-နေ့ရော ညဉ့်ပါ, အခါမပြတ်၊ အတန္ဒိတော-မပျင်းမရိ, လုံ့လရှိသည် ဖြစ်၍၊ အနုယုဉ္ဇေ္ဇာ-အဖန်ဖန်ကြိုးကုတ်, အားထုတ်သော ပုဂ္ဂိုလ်သည်၊ သုခံ-ကိုယ် စိတ် နှစ်ဖြာ, ချမ်းချမ်းသာသာ၊ သုပတိ-အိပ်ရနေရ၏၊ သုတ္တော-အိပ်ပျော်သည်၊ (သမာနော) စ-ဖြစ်ပြန်သော်လည်း၊ ကိဉ္စိ ပါပံ-ကြောက်မက်ဖွယ်တောင်း, မကောင်းဖျင်းသက်, တစ်စုံတစ်ခု သော အိပ်မက်ကို၊ နပဿတိ-မမြင် မမက်ရ၊ ဧဝမာဒိဂုဏူပေတံ-ဤသို့စသား, တစ်ဆယ့်တစ်ပါးသော, အကျိုးဂုဏ်တို့နှင့် ပြည့်စုံ သော၊ တံ ပရိတ္တံ-ထို မေတ္တာသုတ်ပရိတ်တော်ကို၊ ဟေ-အို သူတော် ကောင်းတို့၊ မယံ-ငါတို့သည်၊ ဘဏာမ-ညီညာဖြဖြ, ရွတ်ဆိုကြ ကုန်စို့.....။

၃။ အတ္ထကုသလေန-မိမိစီးပွား, အကျိုးများဖို့, လိုလား ကျွမ်း ကျင်, သူတော်စင်သည်၊ သန္တံ-ဖြစ်ပျက်မစပ်, အငြိမ်းဓာတ်ဖြင့်, မပြတ်ပုံသေ, အေးမြပေထသော၊ ယံ ပဒံ-ရောက်သင့်ရောက်ထိုက်,

ဉာဏ်အမြင်ဆိုက်က, တိုက်ရိုက်သိရန်, အကြောင်နိဗ္ဗာန်သည်၊ (အတ္ထိ-ပရမတ်တရား, မြတ်တစ်ပါးဖြင့်, ထင်ရှားမသွေ, ရှိပါပေ၏၊) တံ ပဒံ-ရောက်သင့်ရောက်ထိုက်, ဉာဏ်အမြင်ဆိုက်က, တိုက်ရိုက်သိရန်, ထိုနိဗ္ဗာန်သို့၊ အဘိသမေစ္စ-ရှေးရှုမျှော်ထောက်, ကောင်းစွာ ရောက်၍၊ ကရဏီယံ-မချွတ်ကေန်, အမှန်ပြုထိုက်၏။

သက္ကော စ-ကိုယ့်အသက်ပါ, မငဲ့ညှာဘဲ, လွန်စွာကြိုးပန်း, ကျင့်စွမ်းနိုင်သူသည်လည်း၊ အသ-ဖြစ်ရာ၏။

ဥဇု စ-ကိုယ်နှုတ်နှစ်ပါး, မလှည့်စားဘဲ, ရိုးသားမြင့်မြတ်, ဖြောင့်မတ်သူသည်လည်း၊ အသ-ဖြစ်ရာ၏။

သုဥဇု စ-စိတ်နေစိတ်ထား, မလှည့်စားဘဲ, ရိုးသားမြင့်မြတ်, လွန်ဖြောင့်မတ်သူသည်လည်း၊ အသ-ဖြစ်ရာ၏။

သုဝစော စ-မိတ်ဆွေ ဆရာ, ဆုံးမပါလျှင်, ကောင်းစွာ ဆိုလွယ်, ဆုံးမ လွယ်သူသည်လည်း၊ အသ-ဖြစ်ရာ၏။

မုဒု စ-ရွှေကောင်း ရွှေသန့်, ပြုတိုင်း ခန့်သို့, နူးညံ့ ပျော့ပြောင်း, သည်လည်း၊ အသ-ဖြစ်ရာ၏။

အနတိမာနီ-မျိုးရိုးကိုစွဲ, ဂုဏ်ကိုစွဲ၍, လွန်ကဲသော မာန်မာန မရှိသူသည်လည်း၊ အသ-ဖြစ်ရာ၏။

၄။ သန္တုဿကော စ-ရရှိသမျှ, ပစ္စယဖြင့်, အားရကျေနပ်, နှစ်သက်တတ်သူသည်လည်း၊ အသ-ဖြစ်ရာ၏။

သုဘရော စ-ကောင်းဆိုးနည်းပါး, ပစ္စည်းများဖြင့်, အားရကျေနပ်, လွယ်ကူစွာ မွေးမြူအပ်သည်လည်း၊ အသ-ဖြစ်ရာ၏။

အပ္ပကိစ္စော စ-ရဟန်းကိစ္စ, နှစ်ခုရမှ, ပြင်ပတစ်ခြား, စိတ်မသွားဘဲ, နည်းပါးသော ကိစ္စရှိသည်လည်း၊ အသ-ဖြစ်ရာ၏။

သလ္လဟုကဝုတ္တိ စ-ပရိက္ခရာရှစ်ပါး, ကိုယ်ပိုင်ထား၍, ပေါ့ပါးလှည့်လည်, လွယ်ကူသော အသက်မွေးမှု ရှိသည်လည်း၊ အသ-ဖြစ်ရာ၏။

သန္တိန္ဒြိယော စ-ဣန္ဒာနိဋ္ဌ, တွေ့ကြုံကလျှင်, ရာဂမတိုး, စိတ်မဆိုးဘဲ, ရိုးရိုးတည်ကြည်, ငြိမ်သက်သော ဣန္ဒြေရှိသည်လည်း၊ အသ-ဖြစ်ရာ၏။

နိပကော စ-သီလစောင့်မှု, စသည်စုဝယ်, ကြီးထုမြင့်လျက်, ရင့်ကျက်သော ပညာရှိသူသည်လည်း၊ အသ-ဖြစ်ရာ၏။

အပ္ပဂဗ္ဘော စ-ကိုယ်ကြမ်းနှုတ်ကြမ်း, စိတ်သော့သွမ်းလျက်,ဟော့ရမ်းဆိုးယုတ်, မကြမ်းကြုတ်သည်လည်း၊ အသ-ဖြစ်ရာ၏။

ကုလေသု-ဝင်ထွက်သွားလာ, ဒါယကာနှင့်, ဒါယိကာမများ, အမျိုးလေးပါးတို့၌၊ အနုဂိဒ္ဓေါ စ-ပစ္စည်းအတွက်, ရောနှောချက်ကြောင့်, စွဲမက် စိတ်ယိုင်, မခွါနိုင်သည်လည်း၊ န အသ-ဖြစ်ရာ၏။

၅။ ယေန(ပါပေန)-အကြင်အနည်းငယ်ပြု, မကောင်းမှုကြောင့်, ပရေ-မိမိမှတစ်ပါး, အခြားကုန်သော၊ ဝိညူ-ကြောင်းကျိုးမြင်သိ, ပညာရှိတို့သည်၊ ဥပဝေယျု-စွပ်စွဲကဲ့ရဲ့ကုန်ရာ၏၊ ခုဒ္ဒ-အနည်းငယ်သော၊ ကိဉ္စိ-ကိုယ် နှုတ် စိတ်ပါ, တစ်စုံတစ်ရာသော၊ တံ ပါပံ-ထို မကောင်းမှုကို၊ န အာစရေ-မပြု မကျင့်ရာ၊ သဗ္ဗသတ္တာ-လုံးစုံများစွာ, သတ္တဝါတို့သည်၊ သုခိနော ဝါ-ကိုယ် စိတ်နှစ်ဖြာ, ချမ်းသာခြင်း ရှိကြကုန်သည် လည်းကောင်း၊ ခေမိနော ဝါ-ဘေးရန် ခပ်သိမ်း, ကင်းငြိမ်းကြကုန်သည် လည်းကောင်း၊ ဟောန္တု-အမြဲမသွေ, ဖြစ်ကြပါစေကုန်သတည်း၊ သုခိတတ္တာ-ရွှင်လန်းဝမ်းမြောက်, သုခသို့ ရောက်သော စိတ်ရှိကြကုန်သည်၊ ဘဝန္တု-အမြဲမသွေ, ဖြစ်ကြပါစေကုန်သတည်း။

၆။ ယေကေစိ-အမှတ်မဲ့ဉသုံ, အလုံးစုံကုန်သော၊ တသာဝါ-ဒေါသမကင်း, ကြောက်ရွံ့ခြင်းကြောင့်,လွန်မင်းပြင်းပြ, ထိတ်လန့်ကြသည်လည်း ဖြစ်ကုန်သော၊ ထာဝရာ ဝါ-ဒေါသကင်းမြဲ, ကြောက်ခြင်းကုန်သဖြင့်, မတုန်လှုပ်ဘဲ, ခိုင်မြဲသည်လည်း ဖြစ်ကုန်သော၊ ယေ ပါဏာဘူတာ-ရုပ် နာမ် နှစ်ချက်, ဇီဝိန်ဆက်၍, အသက်တည်အောင်း, အကြင် သတ္တဝါအပေါင်းတို့သည်၊ အတ္ထိ-ကိုယ်စီကိုယ်ငှ, ကိုယ့်ဒေသ၌, နေ့ ည ပုံသေ, ရှိကြလေကုန်၏၊ အနဝသေသာ-တစ်စုံတစ်ယောက်, အာရုံပျောက်၍, ယွင်းဖေါက်ကွေကွင်း, အကြွင်း မရှိကုန်သော၊ တေ ပါဏာဘူတာ-ရုပ် နာမ် နှစ်ချက်, ဇီဝိန်ဆက်၍, အသက်တည်အောင်း, ထို သတ္တဝါ အပေါင်းတို့သည်၊ သုခိတတ္တာ-ရွှင်လန်းဝမ်းမြောက်, သုခသို့ ရောက်သောစိတ်, ရှိကြကုန်သည်၊ ဘဝန္တု-အမြဲမသွေ, ဖြစ်ကြပါစေကုန်သတည်း။

ဒီဃာ ဝါ-ရှည်လျားသော ကိုယ်ခန္ဓာရှိသည့်, မျိုးဇာတိများစွာ, မွေ့ ငါး စသော သတ္တဝါလည်း ဖြစ်ကုန်သော၊ မဟန္တာ ဝါ-ကြီးမားသော ကိုယ်ခန္ဓာရှိသည့်, မျိုးဇာတိများစွာ, လိပ် ဆင် အသူရိန် စသော သတ္တဝါလည်း ဖြစ်ကုန်သော၊ မဇ္ဈိမာ ဝါ-အလယ်အလတ်, ကိုယ်ခန္ဓာရှိသည့်, မျိုးဇာတိများစွာ, ကျွဲ နွား စသော သတ္တဝါလည်း ဖြစ်ကုန်သော၊ ရဿကာ ဝါ-ပုတိုသော ကိုယ်ခန္ဓာရှိသည့်, မျိုးဇာတိများစွာ, ကြက် ငှက် စသော သတ္တဝါလည်း ဖြစ်ကုန်သော၊ အဏုကာ ဝါ-ဒိဗ္ဗစက္ခုဖြင့်သာ, မြင်နိုင်ကောင်းသည့်, သေးနှောင်းလှစွာ, ရေပိုး ရေမွှား စသော သတ္တဝါလည်း ဖြစ်ကုန်သော၊ ထူလာ ဝါ-ဝိုင်းဝန်းပြည့်ဖြိုးသော, ကိုယ်ခန္ဓာရှိသည့်, မျိုးဇာတိများစွာ, ခရု ယောက်သွား စသော သတ္တဝါလည်း ဖြစ်ကုန်သော၊ ယေ ပါဏာဘူတာ-ရုပ် နာမ် နှစ်ချက်, ဇီဝိန်ဆက်၍, အသက်တည်အောင်း, အကြင် သတ္တဝါအပေါင်းတို့သည်၊ အတ္ထိ-ကိုယ်စီကိုယ်ငှ, ကိုယ့်ဒေသ၌, နေညပုံသေ, ရှိကြလေကုန်၏၊ အနဝသေသာ-တစ်စုံတစ်ယောက်, အာရုံပျောက်၍, ယွင်းဖေါက်ကွေကွင်း, အကြွင်း မရှိကုန်သော၊ တေ ပါဏာဘူတာ-ရုပ် နာမ် နှစ်ချက်, ဇီဝိန်ဆက်၍, အသက်တည်အောင်း, ထို သတ္တဝါအပေါင်း တို့သည်၊ သုခိတတ္တာ-ရွှင်လန်းဝမ်းမြောက်, သုခသို့ ရောက်သောစိတ်, ရှိကြကုန်သည်၊ ဘဝန္တု-အမြဲမသွေ, ဖြစ်ကြပါစေကုန်သတည်း။

၇။ ဒိဋ္ဌာ ဝါ-ကိုယ်တိုင်ကိုယ်ကျ, တွေ့မြင်အပ်ဖူးသည်လည်း ဖြစ်ကုန်သော၊ အဒိဋ္ဌာ ဝါ-ကိုယ်တိုင် ကိုယ်ကျ, မတွေ့မြင်အပ်ဖူးသည်လည်း ဖြစ်ကုန်သော၊ ယေ ပါဏာဘူတာ-ရှပ် နာမ် နှစ်ချက်, ဧဝိဓ်ဆက်၍, အသက်တည်အောင်း, အကြင် သတ္တဝါ အပေါင်းတို့သည်၊ အတ္ထိ-ကိုယ်စီကိုယ်ငှ, ကိုယ့်ဒေသ၌, နေညပုံသေ, ရှိကြလေကုန်၏၊ အနဝသေသာ-တစ်စုံတစ်ယောက်, အာရုံပျောက်၍, ယွင်းဖေါက်ကွေကွင်း, အကြွင်း မရှိကုန်သော၊ တေ ပါဏာဘူတာ-ရှပ် နာမ် နှစ်ချက်, ဧဝိဓ်ဆက်၍, အသက်တည်အောင်း, ထိုသတ္တဝါ အပေါင်းတို့သည်၊ သုခိတတ္တာ-ရွှင်လန်းဝမ်းမြောက်, သုခသို့ ရောက်သောစိတ်, ရှိကြကုန်သည်၊ ဘဝန္တု-အမြဲမသွေ, ဖြစ်ကြပါစေကုန်သတည်း။

ယေ သတ္တာ-အကြင် သတ္တဝါတို့သည်၊ ဒူရေ-တစ်နယ် တစ်ကျေး, အရပ်ဝေး၌၊ ဝသန္တိ-နေထိုင်ကြကုန်၏၊ တေ သတ္တာဝါ တစ်နယ်တစ်ကျေး, အရပ်ဝေး၌, နေကြကုန်သော ထို သတ္တဝါတို့သည် လည်းကောင်း။ ယေ သတ္တာ-အကြင် သတ္တဝါတို့သည်၊ အဝိဒူရေ-အနီးအပါး, ကိုယ့် အနား၌၊ ဝသန္တိ-နေထိုင်ကြကုန်၏၊ တေ သတ္တာဝါ-အနီးအပါး, ကိုယ့် အနား၌, နေကြကုန်သော, ထို သတ္တဝါတို့သည် လည်းကောင်း၊ သုခိတတ္တာ-ရွှင်လန်းဝမ်းမြောက်, သုခသို့ ရောက်သောစိတ် ရှိကြကုန်သည်၊ ဘဝန္တု-အမြဲမသွေ, ဖြစ်ကြပါ စေကုန်သတည်း။

ဘူတာ ဝါ-ဖြစ်ခြင်း ကိစ္စ, ပြီးစီးကြသဖြင့်, ဘဝ ကုန်ခန်း, ရဟန္တာလည်း ဖြစ်ကုန်သော၊ သမ္ဘဝေသီ ဝါ-ဖြစ်ခြင်းကိစ္စ, မပြီးကြသဖြင့်, ဘဝခင်မင်, ပုထုဇဉ် သေက္ခာလည်း ဖြစ်ကြကုန်သော၊ သဗ္ဗသတ္တာ-လုံးစုံများစွာ, သတ္တဝါဟူသမျှတို့သည်၊ သုခိတတ္တာ-ရွှင်လန်း ဝမ်း မြောက်, သုခသို့ ရောက်သောစိတ် ရှိကြကုန်သည်၊ ဘဝန္တု-အမြဲမသွေ, ဖြစ်ကြပါစေကုန်သတည်း။

၈။ ပရော-ဆရာသမား, မိဘများနှင့်, သွေးသားစပ်တော်, မိတ်ဖေါ်ပေါင်းသင်း, အချင်းချင်းဟူ, တစ်ပါးသောလူသည်၊ ပရံ-တပည့်အများ, သမီးသားနှင့်, သွေးသားစပ်တော်, မိတ်ဖေါ်ပေါင်းသင်း, အချင်းချင်းဟူ, တစ်ပါးလူကို၊ နာ နိကုဇ္ဇေထ-အထင်မှောက်မှား, ကျိုးပျက်ပြားအောင်, လှည့်စားသမှု, မပြုမကျင့်ရာ၊ ကတ္ထစိ-မြို့ပြပြည်ရွာ, စည်းဝေးရာနှင့်, ဆွေဉာမျိုးလယ်, အသွယ်သွယ်၌၊ ကိဉ္စနံ-ရဟန်း ရှင် လူ, ခပ်သိမ်းသူဝယ်, ဘယ်သူမဆို, တစ်စုံတစ်ယောက်ကိုမျှ၊ နာ အတိမညေထ-မေတ္တာကင်းစင်, ဒေါသယှဉ်၍, အမြင်မှိန်မှေး, အထင်မသေးရာ၊ ဗျာရောသနာ-(ဗျာရောသနာယ)-ချုပ်ချယ်စော်ကား, သူ့ထိပါးအောင်, ယွင်းမှားဖေါက်ပြန်, ကာယကံ ဝစီကံဖြင့် လည်းကောင်း၊ ပဋိဃသညာ- (ပဋိဃသညာယ)-ဒေါသကြီးမား, ရန်ငြိုးထား၍, ပျက်ပြားစေရန်, မနောကံသညာဖြင့် လည်းကောင်း၊ အညမညဿ-ဆရာသမား, ဆွေမျိုးများနှင့်, အိမ်သားပေါင်းသင်း, အချင်းချင်း၏၊ ဒုက္ခံ-ကိုယ် စိတ်နှစ်ဖြာ, မကြည်သာအောင်, လွန်စွာထန်ပြင်း, ဆင်းရဲခြင်းကို၊ နာ ကဏ္ဍေယျ-မေတ္တာကုန်ခန်း, ဒေါသစွမ်းဖြင့်, ပရမ်းပတာ, အလိုမရှိရာ။

၉။ မာတာ-မြင်းမိုရ်တော်ဦး, မကကျူးသည့်, ကျေးဇူးအရှင်, မွေးမိခင်သည်၊ နိယံ ပုတ္တံ-မိမိရင်နှစ်, အရင်းဖြစ်၍, လွန်ချစ်စဖွယ်, သားသူငယ်ဖြစ်သော၊ ဧကပုတ္တံ-အကြီး အငယ်, ညွှန်ပြဖွယ်ဟု, အဆွယ်မမှီး, တစ်ယောက်ထည်းသော သားကို၊ အာယုသာ-သား၏ အတွက်, ကိုယ့်အသက်ကို, ငဲ့ကွက်၍သာ, မည္ဉာတာဘဲ၊ အနုရက္ခေယထာ-မျက်စိအောက်က, မပျောက်ရအောင်, နေ့ ည ပုံသေ, စောင့်ရှောက်လေသကဲ့သို့၊ ဧဝမ်ပိ-ပမာထားယူ, မခြားအတူ သာလျှင်၊ သဗ္ဗဘူတေသု-ရှိသမျှဥသုံ, အားလုံးခြုံ၍, လုံးစုံများစွာ, သတ္တဝါအနန္တ တို့၌၊ အပရိမာဏံ-ဤမျှ၌သာ, ငါ့မေတ္တာဟု, နေရာ ကိုပိုင်း, အတိုင်းအရှည် မရှိရလေအောင်၊ မာနသံ-ဒေါသကင်းစင်, မေတ္တာယှဉ်လျက်, ကြည်လင်လျှံဖိတ်, ကုသိုလ်စိတ်ကို၊ ဘာဝယေ-တစ်ဆင့်ထက် တစ်ဆင့်, ရင့်ထက် ရင့်အောင်, မလင့်ပုံသေ, တိုးပွားစေရာ၏။

၁၀။ ဥဒ္ဓံ-အထက်လောက, အရှုပဒ္ဒ, နေကြဥသုံ, အလုံးစုံသော သတ္တဝါအပေါင်း၌ လည်းကောင်း၊ အဓောစ-အောက်တန်းလောက, ဘုံကာမဒ္ဒ, နေကြဥသုံ, အလုံးစုံသော သတ္တဝါအပေါင်း၌ လည်းကောင်း၊ တိရိယဉ္စ-အလယ်လောက, ဘုံရူပဒ္ဒ, နေကြဥသုံ, အလုံးစုံသော သတ္တဝါအပေါင်း၌ လည်းကောင်း၊ သဗ္ဗလောကသ္မိံ-လုံးစုံများစွာ, သတ္တဝါဟု, သချိုအနန္တ, ဤလောကဒ္ဒ၊ အသမ္ဘာဓံ-ရပ်တိုင်းမဆန့်, အားလုံးဖြန့်၍, ပျံ့နှံ့ကျယ်ဝန်း, ကျဉ်းမြောင်းခြင်း မရှိရလေအောင်၊ အဝေရံ-ဒေါသပြင်ထန်, အတွင်းရန်လည်း မရှိသော၊ အသပတ္တံ-မကောင်းအောင်ကြံ, အပြင်ရန်လည်း မရှိသော၊ အပရိမာဏံ-ဤ၍ဤမျှ, ဂဏန်းချ၍, မရနိုင်းညှိ, အတိုင်းအရှည် မရှိသော၊ မာနသံ-မိမိစိတ်မှာ, ဖြစ်ပေါ်လာ၍, ဦးစွာကိုယ်ရေး, လွန် ချမ်းအေးသော၊ မေတ္တံ-သတ္တဝါ အပေါင်း, ချမ်းသာကြောင်းကို, ငဲ့စောင်းလိုလား, မေတ္တာတရားကို၊ ဘာဝယေ-တစ်ဆင့်ထက် တစ်ဆက်, ရင့်ထက် ရင့်အောင်, မလင့်ပုံသေ, တိုးပွားစေရာ၏။

၁၁။ တိဋ္ဌံ (တိဋ္ဌန္တော) ဝါ-ထိုထိုဤဤ, အရပ်ဆီသို့, မလည်မပတ်, မတ်မတ်ရပ်၍, နေစဉ်သော် လည်းကောင်း၊ စရံ (စရန္တော) ဝါ-ထိုထိုဤဤ, အရပ်ဆီသို့, လှည့်လည်ကူးကာ, သွားလာ၍ နေစဉ်သော် လည်းကောင်း၊ နိသိန္နော ဝါ-မသွားမလာ, တစ်နေရာ၌, ကောင်းစွာဖွဲ့ခွေ, ထိုင်နေစဉ်သော် လည်းကောင်း၊ သယာနော ဝါ-ထို ရပ် သွားလာ, မပြုပါဘဲ, အိပ်ရာဝယ်စောင်း, လျောင်း၍ နေစဉ်သော် လည်းကောင်း၊ ယာဝတာ-သွား ရပ် ထိုင် လျောင်း, လိုရာပြောင်း၍, အကြောင်းအားလျော်စွာ, အကြင်သို့သော် အခါ၌၊ ဝိတမိဒ္ဓေါ-မိဒ္ဓမလွှမ်း, ကိုယ်မနွမ်းသဖြင့်, ရွှင်လန်းကြည်လင်, မအိပ်ချင်သည်၊ အဿ-စင်စစ်မသွေ, ဖြစ်၍နေ၏၊ တာဝတာ-မိဒ္ဓမဝင်, မအိပ်ချင်၍, ကြည်လင်ကာယ, ထိုကာလပတ်လုံး၊ ဧတံ သတိံ-သတ္တဝါအပေါင်း, ချမ်းသာကြောင်းကို, ငဲ့စောင်းလိုဘိ, ဤသတိကို၊ အဓိဋ္ဌေယျ-အစွဲ အမြဲ, မပြောင်လဲအောင်, စိတ်ဇွဲသန်သန် အဓိဋ္ဌာန် ပြုရာ၏၊ ဣဓ-တရားသဖြင့်, ဆုံးမသင့်ရာ, ဤ သာသနာတော်၌၊ ဧတံ ဝိဟာရံ-သွား ရပ် ထိုင် လျောင်း, နေရာပြောင်းလည်း, စိတ်ကောင်း မသွေ, ဤ မေတ္တာဖြင့် နေခြင်းကို၊ ဗြဟ္မဝိဟာရံ-

အရိယာနေ, ဗြဟ္မာနေသို့, စိတ်နေသန့်ရှင်း, ကောင်းမြတ်သော နေထိုင်ခြင်းဟူ၍၊ အာဟု-ဘုရားစသား, ပုဂ္ဂိုလ်များတို့, ဟောထား တူညီ, မိန့်မြွက်တော်မူကြလေကုန်ပြီ။

၁၂။ စ-ထိုကဲ့သို့သာ, သတ္တဝါအများ, အားရုံထား၍, တရား မေတ္တာ, ပွားများရပါသော်လည်း၊ ဒိဋ္ဌိ-ပုဂ္ဂိုလ်သတ္တဝါ, ရှိသည်သာ ဟု, စိတ်မှာထင်မိ, သက္ကာယဒိဋ္ဌိသို့၊ အနုပဂ္ဂမ္ဘ-အယူယွင်းဖောက်, မကပ်ရောက်မူ၍၊ သီလဝါ-ပွတ်သစ်စင်း, ခရုသင်းသို့, သန့်ရှင်းစွာ ဘို, သီလရှိသည်၊ ဒဿနေန-နိဗ္ဗာနဓာတ်, တရားမြတ်ကို, တတ် အပ် ထင်ထင်, ဦးစွာမြင်သိ, သောတာပတ္တိမဂ်ဉာဏ်နှင့်, သမ္မန္နော-အနုမတဂ္ဂ, သံသာရဝယ်, စ၍ကုံလုံ, ပြည့်စုံသည် ဖြစ်၍၊ ကာမေ သု-ဝတ္ထုအာရုံ, ကာမဂုဏ်တို့၌၊ ဂေဓ-လွန်စွာနှစ်သက်, မပြစ်ရက် အောင်, တက်မက်တွယ်တာ, ကာမတဏှာကို၊ ဝိနေယျ-အနာဂါမိ, မဂ်သို့ ထိ၍, သိသိသာသာ, ပယ်ခွါနိုင်သည် ရှိသော်၊ ဓာတု-စင်စစ်ဇကန်, အမှန်အားဖြင့်၊ ပုန-ဤ ဘဝမှ, စုတေရလျှင်, ဌန တစ်ဖန်, ဤသို့ ပြန်၍၊ ဂဗ္ဘသေယျ-အမိဝမ်းတိုက်, စွဲပိုက်သန္ဓေ, တည်နေရခြင်းသို့၊ န ဇာတိ-မကပ် မရောက်ရတော့သတည်း။

မေတ္တာသုတ်နိဿယပြီး၏။

၄။ ခန္ဓသုတ်နိဿယ

ပရိတ်အမွှန်းနှင့်တိုက်တွန်းချက်

၁။ ယံ (ပရိတ္တံ)-အကြင် ခန္ဓသုတ်ပရိတ်တော်သည်၊ သဗ္ဗာ သီဝိသဇာတီနံ-အလုံးစုံ အဆိပ်ပြင်းထန်သော, မြွေနဂါးမျိုးမှန်သမျှ တို့၏၊ ယောရုံ-ကြမ်းတမ်းလှစွာသော၊ ဝိသံ-အဆိပ်ကို၊ ဒိဗ္ဗမန္တာဂဒံဝိယ-နတ်မန္တရား, နတ်ဆေးဝါး ကဲ့သို့၊ နာသေတိ-ပယ်ဖျောက် ဖျက်ဆီးနိုင်၏၊ သေသံ-အဆိပ်မှ ကြွင်းကျန်သော၊ ပရိဿယံစာပိ-ဘေးရန်အန္တရာယ်, အသွယ်သွယ်ကိုလည်း၊ နာသေတိ-ပယ်ဖျောက် ဖျက်ဆီးနိုင်၏။

၂။ အာဏာခေတ္တမ္ပိ-ကုဋ္ဌေတစ်သိန်းတည်းဟူသော အာဏာ ခေတ် တစ်ခေတ်လုံး၌၊ သဗ္ဗတ္ထ-ကြွင်းမဲ့ဥဿုံ, အလုံးစုံသော နေရာ၌၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ သဗ္ဗပါဏီနံ-အလုံးစုံသော သတ္တဝါတို့၏၊ (သေသံ-အဆိပ်မှ ကြွင်းကျန်သော၊ ပရိဿယံစာပိ-ဘေးရန်ကို လည်း၊) သဗ္ဗသောပိ-ကြွင်းမဲ့ဥဿုံ, အလုံးစုံအားဖြင့်လည်း၊ နိဝါ ရေတိ-တားမြစ်နိုင်၏၊ တံ ပရိတ္တံ-ထိုကဲ့သို့ တန်ခိုး အာနိသင်နှင့် ပြည့်စုံသော ခန္ဓသုတ်ပရိတ်တော်ကို၊ ဟေ-အို သူတော်ကောင်းတို့၊ (မယံ-ငါတို့သည်၊) ဘဏာမ-ညီညာဖြဖြ, ရွတ်ဆိုကြကုန်စို့။

၃။ ဝိရူပက္ခေဟိ-ဝိရူပက္ခ, မည်ရကျော်ဟိုး, နဂါးမင်းမျိုးတို့နှင့်၊ (သဟ-တကွ၊) မေ-ငါ၏၊ မေတ္တံ-မိတ်ဆွေ ဖြစ်ကြောင်း, ကောင်း သော မေတ္တာသည်၊ (ဟောတု-ဖြစ်ပါစေသတည်း၊) ဧရာပထေဟိ-

ဧရာပထ, မည်ရ ကျော်ဟိုး, နဂါးမင်းမျိုးတို့နှင့်၊ (သဟ-တက္ခ၊) မေ-ငါ၏၊ မေတ္တံ-မိတ်ဆွေ ဖြစ်ကြောင်း, ကောင်းသော မေတ္တာသည်၊ (ဟောတု-ဖြစ်ပါစေသတည်း၊) ဆဗျာပုတ္တေဟိ-ဆဗျာပုတ္တ, မည်ရ ကျော်ဟိုး, နဂါးမင်းမျိုးတို့နှင့်၊ (သဟ-တက္ခ၊) မေ-ငါ၏၊ မေတ္တံ-မိတ်ဆွေဖြစ်ကြောင်း, ကောင်းသော မေတ္တာသည်၊ (ဟောတု-ဖြစ်ပါစေသတည်း၊) ကဏ္ဍာဂေါတမကေဟိ စ-ကဏ္ဍာ ဂေါတမက, မည်ရ ကျော်ဟိုး, နဂါးမင်းမျိုးတို့နှင့်၊ (သဟ-တက္ခ၊) မေ-ငါ၏၊ မေတ္တံ-မိတ်ဆွေဖြစ်ကြောင်း, ကောင်းသော မေတ္တာသည်၊ (ဟောတု-ဖြစ်ပါစေသတည်း။)

၄။ အပါဒကေဟိ-အခြေ မရှိသည့်, မျိုးဇာတိများစွာ, သတ္တဝါ အနန္တတို့နှင့်၊ (သဟ-တက္ခ၊) မေ-ငါ၏၊ မေတ္တံ-မိတ်ဆွေဖြစ်ကြောင်း, ကောင်းသော မေတ္တာသည်၊ (ဟောတု-ဖြစ်ပါစေသတည်း၊) ဒွိပါဒကေဟိ-အခြေ နှစ်ချောင်းရှိသည့်, မျိုးဇာတိများစွာ, သတ္တဝါအနန္တတို့နှင့်၊ (သဟ-တက္ခ၊) မေ-ငါ၏၊ မေတ္တံ-မိတ်ဆွေဖြစ်ကြောင်း, ကောင်းသော မေတ္တာသည်၊ (ဟောတု-ဖြစ်ပါစေသတည်း၊) စတုပ္ပဒေဟိ-အခြေ လေးချောင်းရှိသည့်, မျိုးဇာတိများစွာ, သတ္တဝါအနန္တတို့နှင့်, (သဟ-တက္ခ၊) မေ-ငါ၏၊ မေတ္တံ-မိတ်ဆွေ ဖြစ်ကြောင်း, ကောင်းသော မေတ္တာသည်၊ (ဟောတု-ဖြစ်ပါစေသတည်း၊) ဗဟုပ္ပဒေဟိ-များသော အခြေရှိသည့်, မျိုးဇာတိများစွာ, သတ္တဝါအနန္တတို့နှင့်, (သဟ-တက္ခ၊) မေ-ငါ၏၊ မေတ္တံ-မိတ်ဆွေ ဖြစ်ကြောင်း, ကောင်းသော မေတ္တာသည်၊ (ဟောတု-ဖြစ်ပါစေသတည်း။)

၅။ အပါဒကော-အခြေမရှိသော သတ္တဝါသည်၊ မံ-ငါ့ကို၊ မာဟိံသိ-မညှင်းဆဲပါစေနှင့်၊ ဒွိပါဒကော-အခြေ နှစ်ချောင်းရှိသော သတ္တဝါသည်၊ မံ-ငါ့ကို၊ မာဟိံသိ-မညှင်းဆဲပါစေနှင့်၊ စတုပ္ပဒေါ-အခြေ လေးချောင်းရှိသော သတ္တဝါသည်၊ မံ-ငါ့ကို၊ မာဟိံသိ-မညှင်းဆဲပါစေနှင့်၊ ဗဟုပ္ပဒေါ-အခြေ များစွာရှိသော သတ္တဝါသည်၊ မံ-ငါ့ကို၊ မာဟိံသိ-မညှင်းဆဲပါစေနှင့်။

၆။ သဗ္ဗေ-အလုံးစုံကုန်သော၊ သတ္တာ-အာရုံငါးရပ်, ငြိကပ်တတ်သော သတ္တဝါတို့သည် လည်းကောင်း၊ သဗ္ဗေ-အလုံးစုံကုန်သော၊ ပါဏာ-ထွက်သက် ဝင်သက် ရှိသော သတ္တဝါတို့သည် လည်းကောင်း၊ သဗ္ဗေ-အလုံးစုံကုန်သော၊ ဘူတာ-ဖြစ်ပြီး ဖြစ်ဆဲ သတ္တဝါတို့သည် လည်းကောင်း၊ သဗ္ဗေ-အလုံးစုံကုန်သော၊ ပုဂ္ဂလာ-ပုဂ္ဂိုလ် ဟူသမျှတို့သည် လည်းကောင်း၊ ဘဒြာနိ-ကောင်းကျိုးချမ်းသာ, မင်္ဂလာတို့ကို၊ ပဿန္တု-တွေ့ကြ မြင်ကြ ပါစေကုန်သတည်း၊ ကိဉ္စိ-တစ်စုံ တစ်ယောက်သော သတ္တဝါသို့၊ ပါပံ-ယုတ်မာညစ်ဆိုး, မကောင်းကျိုးသည်၊ မာ အာဂမာ-မရောက်ပါစေနှင့်။

၇။ ဗုဒ္ဓေါ-ကြွင်းမဲ့ညဿုံ, အလုံးစုံကို, အကုန်သိမြင်, ဘုရားရှင်သည်၊ အပ္ပမာဏော-ဤ၍ဤမျှ, ဂဏန်းချ၍, မရနိုင်အောင်, မြားမြောင်သော ဂုဏ်တော် ရှိပါပေ၏၊ ဓမ္မော-မဂ် ဖိုလ် နိဗ္ဗာန်, ဓမ္မကွန်ဟု, ဆယ်တန်သော တရားတော်မြတ်သည်၊ အပ္ပမာဏော-

ဤ၍ ဤမျှ, ဂဏန်းချ၍, မရနိုင်အောင်, မြားမြောင်သော ဂုဏ်တော် ရှိပါပေ၏၊ သံဃော–အရိယာရှစ်ဖော်, သံဃာတော်သည်၊ အပွမာဏော–ဤ၍ ဤမျှ, ဂဏန်းချ၍, မရနိုင်အောင်, မြားမြောင်သော ဂုဏ်တော် ရှိပါပေ၏၊ သရီသပါနိ–ကိုယ်ဖြင့်တွား၍, သွားတတ်ကုန်သော၊ အဟိဝိစ္ဆိကာ–မွေ့ ကင်းမြီးကောက်တို့သည် လည်းကောင်း၊ သတပဒီ–ကင်းခြေများတို့သည် လည်းကောင်း၊ ဥဏ္ဏနာဘီ–ပင့်ကူတို့သည် လည်းကောင်း၊ သရဏ–တက်တူတို့သည် လည်းကောင်း၊ မူသိကာ–ကြွက်တို့သည် လည်းကောင်း၊ ပမာဏဝန္တာနိ–နို့ငင်းယှဉ်ဖွယ်ရာ, များစွာထိုထို, အကုသိုလ်ရှိကြကုန်၏။

၈။ မေ–ငါသည်၊ ရက္ခာ–အစောင့်အရှောက်ကို၊ ကတာ–ပြုအပ်ပြီ၊ မေ–ငါသည်၊ ပရိတ္တံ–ဝန်းကျင်လှည့်ပတ်, စောင့်ရှောက်တတ်သော အကာအရံကို၊ ကတံ–ပြုအပ်ပြီ၊ ဘူတာနိ–ဆိုခဲ့သမျှ, သတ္တဝါအနန္တ တို့သည်၊ ပဋိက္ကမန္တု–ဝေးစွာရှောင်လွှဲ, ဖဲကြကုန်လော့၊ သော အဟံ–မေတ္တာဖြင့်သာ နေလေ့ရှိသော ထိုငါသည်၊ ဘဂဝတော–ငါ တို့ ထိပ်တင်, ဂေါတမရှင်တော် မြတ်ဘုရားအား၊ နမော–ရိုသေမြတ်နိုး, လက်အုပ်မိုး၍, ရှိခိုးပါ၏၊ သတ္တန္နံ–ခုနစ်ဆူကုန်သော၊ သမ္မာသမ္ဗုဒ္ဓါနံ–ဝိပဿီစသား, ဘုရားရှင်တို့အား၊ နမော–ရိုသေမြတ်နိုး, လက်အုပ်မိုး၍ ရှိခိုးပါ၏။

ခန္ဓသုတ်နိဿယပြီး၏။

၅။ မောရသုတ်နိဿယ

တိုက်တွန်းချက်

၁–၂။ ဗောဓိသမ္ဘာရေ–အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရဖို့ရန် အဆောက် အဦးဖြစ်သော ပါရမီတို့ကို၊ ပူရေန္တံ–ဖြည့်ကျင့်လျက်၊ ဝါ–ဖြည့်ကျင့်၍ နေစဉ်၊ မောရယောနိယံ–ဘုရားအလောင်း, မြတ်အပေါင်းတို့, အကြောင်းဆုံရိုး, ဥဒေါင်းမျိုးဌ၌၊ နိဗ္ဗတ္တံ–အကြောင်းဖန်လာ, ကံကြမ္မာကြောင့်, တစ်ခါတုန်းက, ဖြစ်ခဲ့ရသော၊ ယေန ပရိတ္တေန–မောရသုတ်ခေါ်, အကြင်ပရိတ်တော်ဖြင့်၊ သံဝိဟိတာရက္ခ–စီမံအပ်, စောင့်ရှောက်အပ်သော, အစောင့် အရှောက်ရှိသော၊ မဟာသတ္တံ–ဘုရားအလောင်း, ဥဒေါင်းမင်းကို၊ ဝနေစရာ–တောင်္ခလည်ရိုး, ခုနစ်ဆက်သော မုဆိုးတို့သည်၊ စိရဿံ–အနှစ်ခုနစ်ရာ တိုင်အောင်, ကြာမြင့်စွာသော ကာလပတ်လုံး၊ ဂဏှိတုံ–ဖမ်းယူခြင်းငှာ၊ ဝါယမန္တာပိ–ဖမ်းမိဖို့ရာ, ကြိုးစား အားထုတ်ကြပါကုန်သော်လည်း၊ နေဝသက္ခိံသု–မုချပိုင်ပိုင်, မစွမ်းနိုင်ကြကုန်၊ ဗြဟ္မမန္တံ တိ–အလွန်မြတ်သော မန္တရားဟူ၍၊ အက္ခာတံ–ဟောတော်မူအပ်သော၊ တံ ပရိတ္တံ–ထို မောရသုတ်ပရိတ်တော်ကို၊ ဟေ–အို သူတော်ကောင်းတို့၊ (မယံ–ငါတို့သည်)၊ ဘဏာမ–ရွတ်ကြကုန်တော့အံ့။

၃။ စက္ခုမာ–လူ သတ္တဝါစသော တစ်မြေပြင်လုံးရှိ သတ္တဝါအပေါင်း၏ မျက်လုံးရှိပေထသော၊ ကေရာဇော–တစ်ယောက်တည်းသော မင်း ဖြစ်ပေထသော၊ ဟရိသဝဏ္ဏော–ရွှေအဆင်းနှင့် တူသော

အဆင်းရှိပေထသော၊ ပထဝိပ္ပဘာသော-တစ်မြေပြင်လုံး၌ အရောင်အလင်းကို ပျံ့နှံ့စေနိုင်ထသော၊ အယံ-ဤ နေမင်းသည်၊ ဥဒေတိ-ဥဒည်တောင်စွန်းမှ တက်ထွန်း ပေါ်ထွက်လာပေ၏၊ တံ (တသ္မာ-ထို့ကြောင့်၊) ဟရိဿဝဏ္ဏံ-ရွှေအဆင်းနှင့်တူသော အဆင်းရှိပေထသော၊ ပထဝိပ္ပဘာသံ-တစ်မြေပြင်လုံး၌ ပျံ့နှံ့သော အရောင် ရှိပေထသော၊ တံ ဘဝန္တံ-ထို အရှင် နေမင်းကို၊ (အဟံ-ငါသည်)၊ နမဿာမိ-ရှိခိုးပါ၏၊ တယာ-အရှင် နေမင်းသည်၊ အဇ္ဇ-ယနေ့အဖို့၊ ဂုတ္တာ-စောင့်ရှောက်အပ်ကုန်သည် ဖြစ်၍၊ မယံ-အကျွန်ုပ်တို့သည်၊ ဒိဝသံ-တစ်နေ့ပတ်လုံး၊ ဝိဟရေမု-ချမ်းချမ်းသာသာ, နေလိုပါကုန်၏။

၄။ သဗ္ဗဓမ္မေ-အလုံးစုံသော တရားတို့ကို၊ ဝေဒဂူ-ထင်ထင်ရှားရှား သိတော်မူကြကုန်သော၊ ယေဖြဟ္မဏာ-အကြင်ဘုရားရဟန္တာပစ္စေကဗုဒ္ဓါတို့သည်၊ သန္တိ-ရှိကြပေကုန်၏၊ တေ-ထို ဘုရား ရဟန္တာပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို၊ မေ-အကျွန်ုပ်၏၊ နမော-ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း၊ တေ စ-ထို ဘုရား ရဟန္တာပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း၊ မံ-အကျွန်ုပ်ကို၊ ပါလယန္တု-စောင့်ရှောက်ပါစေကုန်သတည်း၊ ဗုဒ္ဓါနံ-ပွင့်တော်မူကြကုန်ပြီးသော အဆူဆူသော ဘုရားရှင်တို့အား၊ နမော-ကိုင်းညွတ်ရှိကျိုး, ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း၊ ဗောဓိယာ-အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်အား၊ နမော-ကိုင်းညွတ်ရှိကျိုး, ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း၊ ဝိမုတ္တာနံ-အရဟတ္တမဂ်ဖြင့် ကိလေသာမှ

လွတ်တော်မူကြကုန်သော ရှေးဘုရားရှင်တို့အား၊ နမော-ကိုင်းညွတ်ရှိကျိုး, ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း၊ ဝိမုတ္တိယာ-တဒင်္ဂစသော ဝိမုတ္တိဖြင့် ကိလေသာတို့မှ လွတ်ကြောင်းဖြစ်သော ဝိမုတ္တိတရားအား၊ နမော-ကိုင်းညွတ်ရှိကျိုး, ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း၊ သော မောရော-ထိုဥဒေါင်းမင်းသည်၊ ဣမံ ပရိတ္တံ-ဤအရံ အတားကို၊ ကတ္တာ-ပြုပြီး၍၊ ဧသနာ (ဧသနာယ)-အစာ ရှာခြင်းငှါ၊ စရတိ-နေ့ အဖို့၌ သွားလာ လှည့်လည်လေသတည်း။

၅။ စက္ခုမာ-လူ စသော သတ္တဝါတို့၏ မျက်လုံး ရှိပေထသော၊ ဧကရာဇာ-တစ်ယောက်တည်းသော မင်း ဖြစ်တော်မူပေထသော၊ ဟရိဿဝဏ္ဏော-ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူပေထသော၊ ပထဝိပ္ပဘာသော-တစ်မြေပြင်လုံး၌ ပျံ့နှံ့သော အရောင် အလင်းလည်း ရှိတော်မူပေထသော၊ အယံ ဘဝံ-ဤ အရှင်ဖြစ်တော်မူသော နေမင်းသည်၊ အပေတိ-ဖဲခွါဝင်သွားလေပြီတကား၊ တံ (တသ္မာ-ထို့ကြောင့်၊) ဟရိဿဝဏ္ဏံ-ရွှေအဆင်းနှင့် တူသော အဆင်းရှိထသော၊ ပထဝိပ္ပဘာသံ-တစ်မြေပြင်လုံး၌ ပျံ့နှံ့သော အရောင် အလင်းရှိထသော၊ တံ ဘဝံ-ထို အရှင် နေမင်းကို၊ နမဿာမိ-ရှိခိုးပါ၏၊ တယာ-အရှင် နေမင်းသည်၊ အဇ္ဇ-ယနေ့၊ ဂုတ္တာ-စောင့်ရှောက်အပ်ကုန်သည် ဖြစ်၍၊ ရတ္တိံ-တစ်ညဉ့် ပတ်လုံး၊ ဝိဟရေမု-ချမ်းချမ်းသာသာ, နေလိုပါကုန်၏။

၆။ သဗ္ဗဓမ္မေ-အလုံးစုံသော တရားတို့ကို၊ ဝေဒဂူ-ထင်ထင်ရှားရှား သိတော်မူကြကုန်သော၊ ယေဗြဟ္မဏာ-အကြင် ဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါတို့သည်၊ သန္တိ-ရှိကြပေကုန်၏၊ တေ-ထိုဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို၊ မေ-အကျွန်ုပ်၏၊ နမော-ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း၊ တေစ-ထို ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း၊ မံ-အကျွန်ုပ်ကို၊ ပါလယန္တု-စောင့်ရှောက်ပါစေကုန်သတည်း၊ ဗုဒ္ဓါနံ-ပွင့်တော်မူကြကုန်ပြီးသော အဆူဆူသော ဘုရားရှင်တို့အား၊ နမော-ကိုင်းညွတ်ရိကျိုး၊ ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း၊ ဗောဓိယာ-အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်အား၊ နမော-ကိုင်းညွတ်ရိကျိုး၊ ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း၊ ဝိမုတ္တာနံ-အရဟတ္တမဂ်ဖြင့် ကိလေသာမှ လွတ် တော်မူကြကုန်သော ရှေးဘုရားရှင်တို့အား၊ နမော-ကိုင်းညွတ်ရိကျိုး၊ ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း၊ ဝိမုတ္တိယာ-တဒင်္ဂစသော ဝိမုတ္တိဖြင့် ကိလေသာတို့မှ လွတ်ကြောင်း ဖြစ်သော ဝိမုတ္တိတရားအား၊ နမော-ကိုင်းညွတ်ရိကျိုး၊ ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း၊ သော မောရော-ထို ဥဒေါင်းမင်းသည်၊ ဣမံ ပရိတ္တံ-မောရသုတ်ဟု၊ အမည် ပညတ်၊ တပ်ထားအပ်သော၊ ဤ မန္တနံတည်းဟူသော အရံ အတားကို၊ ကတွာ-ပြုပြီး၍၊ ဝါသံ-နေ့အခါ၌ နေခြင်းကို၊ အကပ္ပယီ-ပြုလေပြီတကား။

မောရသုတ်နိဿယပြီး၏။

၆။ ဝဋ္ဋသုတ်နိဿယ

တိုက်တွန်းချက်

၁။ ဗောဓိသမ္ဘာရေ-ဗောဓိဉာဏ်ဆီ, စိတ်တော်ရည်၍, ပါရမီအထူး, အဆောက် အဦးတို့ကို၊ ပူရေန္တံ-ဘဝဆက်တိုင်း, မဆိုင်းမလင့်, ဖြည့်ကျင့်၍ နေစဉ်၊ ဝဋ္ဋဇာတိယံ-ဘုရားအလောင်း, မြတ်အပေါင်းတို့, အကြောင်း ဆုံရ, အငယ်ဆုံး ငုံးဘဝ၌၊ နိဗ္ဗတ္တံ-အကြောင်း ဖန်လာ, ကံကြမ္မာကြောင့်, တစ်ခါတုန်းက, ဖြစ်ခဲ့ရသော၊ မဟာသတ္တံ-ငါတို့ ဗုဒ္ဓ, ဂေါတမဟု, လောကထိပ်ဆောင်း, ဘုရားအလောင်းကို၊ ယသ ပရိတ္တဿ-ဝဋ္ဋသုတ်ခေါ်, အကြင် ပရိတ်တော်၏၊ ဝါ-ဝဋ္ဋသုတ်ခေါ်, အကြင် ပရိတ်တော်လာ, နှုတ်သစ္စာ၏၊ တေဇေန-သတ္တိ အင်အား, စွမ်းပကားကြောင့်၊ ဒါဝဂ္ဂိ-တောလုံးညံဟည်း, တောမီးကြီးသည်၊ ဝိဝဇ္ဇယိ-တစ်ဆယ့်ခြောက်ကရီသ, အဝေးမှပင်, အေးမြ ပစေ, ရှောင်ကွင်းခဲ့လေပြီ။

၂။ လောကနာထေန-သောင်းလောကဓာတ်, အရပ်ရပ်ဝယ်, နတ်နတ်ထွတ်ထား, မြတ်ဘုရားသည်၊ သာရိပုတ္တသ-သာရီမည်ရ, ပုဏ္ဏေးမ၏, သားလှ ရတနာ, သာရိပုတ္တရာ မည်တော်မူသော၊ ထေရဿ-လက်ယာတော်ရံ, ပညာဉာဏ်ဖက်, ဧတဒဂ်တင်, အရှင်မထေရ်မြတ်သည်၊ ဘာသိတံ-ပညတ်ထုတ်ဖော်, ဟောပြတော်မူအပ်သော၊ ကပ္ပဋ္ဌာယိ-ကမ္ဘာဆုံးတိုင်, တည်ရှိနိုင်သော၊ မဟာတေဇ-ကြီးကျယ် မြင့်မိုး, တန်ခိုးအာနုဘော်ရှိသော၊ တံ ပရိတ္တံ-ဝဋ္ဋသုတ်ခေါ်, ထို ပရိတ်တော်ကို၊ ဟေ-ပရိတ်တရား, လွန်အားထားသည့်,

အများလူပေါင်း, အို....သူတော်ကောင်းတို့၊ ဘဏ္ဍာမ-ညီညာဖြဖြ, ရွတ်ဆိုကြကုန်စို့။

၃။ လောကေ-လူ နတ် ဗြဟ္မာ, သတ္တဝါတို့, နေရာဌာန, ဤလောကဌ၌၊ သီလဂုဏော-ငါးပါး ရှစ်ပါး, ဆယ်ပါးကစ, သီလ အကျိုး, ဂုဏ်တန်ခိုးသည်၊ အတ္ထိ-စင်စစ်ဧကန်, အမှန်မသွေ, ရှိပါပေ၏၊ သစ္စံ-မှန်ကန်လှစွာ, ကိုယ်နှုတ်မှာဝယ်, သစ္စာအကျိုး, ဂုဏ်တန်ခိုးသည်၊ အတ္ထိ-၏၊ သောစေယျံ-စင်ကြယ်သည်၏ အဖြစ်သည်၊ အတ္ထိ-၏၊ အနုဒ္ဒယာ-သူတစ်ပါးကို, သနားကြင်နာ, ကရုဏာနှင့်, မေတ္တာအကျိုး, ဂုဏ်တန်ခိုးသည်၊ အတ္ထိ-စင်စစ်ဧကန်, အမှန်မသွေ, ရှိပါပေ၏၊ ဧတေန သစ္စေန-မှန်ကန်လှစွာ, ဤ ဝစီသစ္စာဖြင့်၊ အနုတ္တရံ-မိမိထက်မှာ, အသာမရှိသော၊ သစ္စကိရိယံ-နှုတ်အမူအရာ, ဝစီသစ္စာကို၊ ကာဟာမိ-အားကိုးတစ်ခု, ပြုရတော့၏။

၄။ (ဣတိ-ဤသို့ ကြံပြီး၍၊) အဟံ-ငါသည်၊ ဓမ္မဗလံ-သူတော်တရား, စွမ်းပကားကို၊ အာဝဇ္ဇေတွာ-စိတ်မှာ ထင်မြင်, ဆင်ခြင်ပြီး၍ လည်းကောင်း၊ ပုဗ္ဗကေဓိနေ-ကမ္ဘာများစွာ, ရှေးအခါက, ကောင်းစွာပွင့်ငြား, ရှင်တော်ဘုရားတို့ကို၊ သရိတွာ-ဗုဒ္ဓါနုဿတိ, ဂုဏ်တော်ထိအောင်, သတိရပြီး၍ လည်းကောင်း၊ သစ္စဗလံ-သစ္စာ တရား, စွမ်းပကား၏, အင်အားပြည့်ဖြိုး, ဂုဏ်တန်ခိုးကို၊ အဝဿာယ-စိတ်ဝယ် အတည်, စွဲမှီပြီး၍ လည်းကောင်း၊ သစ္စကိရိယံ-နှုတ်အမူ အရာ, ဝစီသစ္စာကို၊ အကာသိံ-အားကိုး တစ်ခု, ပြုခဲ့ ဖူးလေပြီ။

၅။ ပက္ခာ-ကြီးသော အခါ, ပျံနိုင်ရာသည့်, ခုမှာသေးသေး, အတောင်ကလေးတို့သည်၊ သန္တိ-ငါ၏ ကိုယ်မှာ, ထင်ရှားရှိပါကုန်၏၊ (ပန တထာပိ-ငါ၏ ကိုယ်မှာ, ထင်ရှား ရှိပါကုန်သော်လည်း၊) အပတနာ-ငယ်သည့်အတွက်, ပျံတက်ဖို့ရာ, မစွမ်းနိုင်ပါကုန်၊ ပါဒါ-ကြီးသောအခါ, သွားနိုင်ရာသည့်, ခုမှာသေးသေး, ခြေကလေးတို့သည်၊ သန္တိ-ငါ၏ကိုယ်မှာ, ထင်ရှား ရှိပါကုန်၏၊ (ပန တထာပိ-ငါ၏ ကိုယ်မှာ, ထင်ရှား ရှိပါကုန်သော်လည်း၊) အဝဉ္စနာ-မီးဘေး လွတ်အောင်, မရှောင်မရှား, မသွားနိုင်ပါကုန်၊ မာတာ ပိတာစ-ငါ့ကို မွေးဖွား, မိဘနှစ်ပါးတို့သည်လည်း၊ နိက္ခန္တာ-အသက်ဘေးကြောင့်, ထွက်ပြေးကြကုန်ပြီ၊ ဇာတဝေဒ-အဟုန်ပြင်းစွာ, လောင်၍ လာသည့်, ကြောက်စရာ ကြီးကြီး, အို တောမီး၊ ပဋိက္ကမ-ဝေးစွာရှောင်လွဲ, ဖဲလိုက်ပါလော။

၆။ မယံ-ငါ၏၊ သစ္စေ-မှန်ကန်လှစွာ, ဝစီသစ္စာကို၊ သဟကတေ-နှုတ်မှာရွတ်မှု, ပြုအပ်သည်နှင့် တစ်ပြိုင်နက်၊ မဟာပဇ္ဇလိတော-အရှိန်ပြင်းစွာ, တောက်လောင်လာသော၊ သိခိ-အလျှံထိန်ဝင်း, တောမီးကြီးသည်၊ ဥဒကံပတွာ-ဆန့်ကျင်နိုင်လောက်, ရေသို့ရောက်၍၊ ဝဇ္ဇိတော-ရှောင်ကွင်းရသော၊ သိခိယထာ-မီးလျှံကဲ့သို့၊ သော ဌသကရီသာနိ-တစ်ဆယ့်ခြောက်ပယ်, ကျယ်ဝန်းသော အရပ်တို့တိုင်အောင်၊ ဝဇ္ဇေသိ-သစ္စာစကား, စွမ်းပကားကြောင့်, အနားမချဉ်း, ရှောင်ကွင်းခဲ့ဖူးလေပြီ။

(သာရိပုတ္တ-သာရိပုတ္တရာ၊) မေ-ငါဘုရားနှင့်၊ သစ္စေန-သစ္စာအားဖြင့်၊ သမော-တူသော ပုဂ္ဂိုလ်သည်၊ (တစ်နည်း) မေ-ငါဘုရား၏၊ သစ္စေန-သစ္စာနှင့်၊ သမော-တူသော သစ္စာတရားသည်၊ နတ္ထိ-မရှိတော့ချေ၊ သော-ဤ ပါရမီသည်၊ မေ-ငါဘုရား၏၊ သစ္စ ပါရမီ-မုသားမပါ, အမှန်သာလျှင်, ကောင်းစွာ နူတ်ချီ, သစ္စာပါရမီ ဖြစ်ပေသတည်း။

ဝဋ္ဋသုတ်နိဿယပြီး၏။

၇။ ဓဇဂ္ဂသုတ်နိဿယ

ပရိတ်အမွှန်းနှင့် တိုက်တွန်းချက်

၁။ ယဿပရိတ္တဿ-အကြင် ဓဇဂ္ဂသုတ်တော်ကို၊ အနုဿရဏောနာပိ-အောက်မေ့လိုက်ရုံမျှဖြင့်လည်း၊ ပါဏိနော-သတ္တဝါတို့သည်၊ အန္တလိက္ခေပိ-အထက်လွင်ပြင်, ကောင်းကင်၌သော်မှလည်း၊ ပတိဋ္ဌ-တည်ရာ မိုရာကို၊ အဓိဂစ္ဆန္တိ-ရကြလေကုန်၏၊ ဘူမိယံ-မြေပေါ်၌၊ ပတိဋ္ဌ-တည်ရာမိုရာကို၊ အဓိဂစ္ဆန္တိ ဝိယ-ရကြကုန် သကဲ့သို့၊ အန္တလိက္ခေပိ-အထက် ဝေဟင်, ကောင်းကင် အပြင့်၌ သော်မှလည်း၊ ပတိဋ္ဌ-ကို၊ သဗ္ဗထာ-အခါခပ်သိမ်း၊ ဝါ-ခပ်သိမ်းသော အခြင်းအရာ အားဖြင့်၊ အဓိဂစ္ဆန္တိ-ရနိုင်ကြကုန်၏။

၂။ ယက္ခစောရာဒိသမ္ဘဝါ-မကောင်းဆိုးဝါး ဖြစ်ကြသော ဘီလူးသရဲ, သူခိုး ဓားပြ အစရှိသည်တို့ကြောင့် ဖြစ်သော၊ သဗ္ဗုပဒ္ဒဝ ဇာလမှာ-အမျိုးမျိုးသော ဘေးဥပါဒ် အန္တရာယ် တည်းဟူသော ပိုက်ကွန်မှ၊ ဝိမုတ္တာနံ-လွတ်မြောက်ကြရကုန်သော သတ္တဝါတို့၏၊ ဂဏနာ-မည်၍ မည်မျှဟု, ဂဏန်းချဖို့ရန် အရေအတွက်သည်၊ နာ အတ္ထိ-မရှိချေ၊ တံ ပရိတ္တံ-ထိုကဲ့သို့ တန်ခိုးရှိန်စော်, အာနုဘော်နှင့် ပြည့်စုံသော ပရိတ်တော်ကို၊ ဟေ-အို.....သူတော်ကောင်းတို့၊ (မယံ-ငါတို့သည်၊) ဘဏာမ-ရွတ်ကြကုန်တော့အံ့။

၃။ (ဘန္တေ-အရှင်ဘုရား၊ ဓဇဂ္ဂသုတ္တံ-ဓဇဂ္ဂသုတ်တော်ကို၊) မေ-တပည့်တော်သည်၊ (ဘဂဝတော-မြတ်စွာဘုရား၏၊ သမ္မုခါ-မျက်မှောက်တော်၌၊) ဧဝံ-ဤသို့၊ သုတံ-ကြားနာမှတ်သား ဆောင်ထားအပ်ပါပြီ၊ ဧကံသမယံ-အခါ တစ်ပါး၌၊ ဘဂဝါ-မြတ်စွာဘုရား သည်၊ သာဝတ္ထိယံ-သာဝတ္ထိမြို့တော်၌၊ အနာထပိဏ္ဍိကသေ-အနာထပိဏ်သူဌေး၏၊ အာရာမေ-နှလုံးမွေ့လျော်, ပျော်ဖွယ်ရာ ဖြစ်သော၊ ဇေတဝနေ-ဇေတဝန်ကျောင်းတော်၌၊ ဝိဟရတိ-သီတင်းသုံးတော်မူ၏။

၄။ တတြခေါ-ထို ဇေတဝန်ကျောင်းတော်၌ပင်၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ ဘိက္ခူ-ရဟန်းတို့ကို၊ ဘိက္ခဝေါတိ-ဘိက္ခုတို့ဟူ၍၊ ဝါ-ရဟန်းတို့ဟူ၍၊ အာမန္တေသိ-မိန့်တော်မူပြီ၊ ဝါ-ခေါ်တော်မူပြီ၊ ဘဒ္ဒန္တေတိ-အရှင်ဘုရားဟူ၍၊ တေ ဘိက္ခူ-ထို ရဟန်းတို့သည်၊

ဘဂဝတော-မြတ်စွာဘုရားအား၊ ဝါ-မြတ်စွာဘုရား၏ စကားတော်ကို၊ ပစ္စသောသုံ-ရှေးရှု နားထောင်ကြကုန်ပြီ၊ ဝါ-လက်ခံကြကုန်ပြီ၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ ဧတံ-ဤစကားတော်ကို၊ အဝေါစ-မိန့်တော်မူပြီ။

ဘိက္ခဝေ-ရဟန်းတို့၊ ဘူတပုဗ္ဗံ-ရှေးလွန်လေပြီးသော အခါတုန်းက၊ ဝါ-ရှေးဦး ဖြစ်ဖူးသော အကြောင်းကို၊ (ဘာသိဿာမိ-မိန့်တော်မူအံ့)၊ ဒေဝါသုရသင်္ဂါမော-တာဝတိံသာနတ်တို့နှင့်, အသုရာတို့၏ စစ်ပွဲသည်၊ သမုပဗ္ဗုဠ္ဗော-ရင်ဆိုင်စုဝေး၍ နေသည်၊ အဟောသိ-ဖြစ်ပြီ၊ ဘိက္ခဝေ-ရဟန်းတို့၊ အထခေါ-စစ်တိုက်ဖို့ရန် ရင်ဆိုင်တွေ့၍ နေရာ ထိုအခါ၌၊ ဒေဝါနံ-နတ်တို့၏၊ ဣန္ဒော-အရှင်ဖြစ်သော၊ သက္ကော-သိကြားမင်းသည်၊ တာဝတိံသေဒေဝေ-တာဝတိံသာနတ်တို့ကို၊ အာမန္တေသိ-အမိန့်ပေးလေပြီ။

မာရိသာ-အချင်းနတ်များတို့၊ သင်္ဂါမဂတာနံ-စစ်မြေပြင်သို့ ရောက်၍ နေကြကုန်သော၊ ဒေဝါနံ-အသင်နတ်မင်းတို့မှာ၊ ဘယံဝါ-ကြောက်ခြင်းသည် လည်းကောင်း၊ ဆမ္ဘိတတ္တံဝါ-ကိုယ် တုန်လှုပ်ခြင်းသည် လည်းကောင်း၊ လောမဟံသောဝါ-ကြက်သီးမွေးညှင်းထခြင်းသည် လည်းကောင်း၊ သစေ ဥပ္ပဇ္ဇေယျ-အကယ်၍များ, ဖြစ်လာငြားအံ့၊ တသ္မိံ သမယေ-ကြောက်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးထခြင်း ဖြစ်လာရာ ထိုအခါ၌၊ မမေဝ ဓဇဂ္ဂံ-ငါ၏ တံခွန်အလံကို သာလျှင်၊ ဥလ္လောကေယျာထ-မော်၍ ကြည့်ကြကုန်လော၊ ဟိ-ငါ တိုက်တွန်းရခြင်း၏ အကျိုးကား၊ မမံ-ငါ၏၊ ဓဇဂ္ဂံ-အလံဖျားကို၊ ဥလ္လောကယတံ-မော်၍ ကြည့်ကြကုန်သော၊ ဝေါ (တုမှာကံ)-အသင် နတ်စစ်သည်တို့မှာ၊ ယံ ဘယံဝါ-အကြင် ကြောက်လန့်ခြင်းသည် လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံဝါ-အကြင် ကိုယ် တုန်လှုပ်ခြင်းသည် လည်းကောင်း၊ ယော လောမဟံသောဝါ-အကြင် ကြက်သီးမွေးညှင်းထခြင်းသည် လည်းကောင်း၊ ဘဝိဿတိ-ဖြစ်လတ့ံ၊ သော-ထို ကြောက်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးထခြင်းသည်၊ ပဟီယိဿတိ-ချက်ခြင်းပင် ပျောက်ကင်း၍ သွားလိမ့်လတ့ံ။

၅။ မေ-ငါ၏၊ ဓဇဂ္ဂံ-ကို၊ နော စေ ဥလ္လောကေယျာထ-အကယ်၍များ, မော်မကြည့်မိကုန်ငြားအံ့၊ အထ-ထိုသို့ မော်၍ မကြည့်မိကုန်သည်ရှိသော်၊ ပဇာပတိဿ-ပဇာပတိမည်သော၊ ဒေဝရာဇဿ-နတ်မင်း၏၊ ဓဇဂ္ဂံ-ကို၊ ဥလ္လောကေယျာထ-မော်၍ ကြည့်ကြကုန်လော၊ ဟိ-တိုက်တွန်းရခြင်း၏ အကျိုးကား၊ ပဇာ ပတိဿ-သော၊ ဒေဝရာဇဿ-၏၊ ဓဇဂ္ဂံ-ကို၊ ဥလ္လောကယတံ-ကုန်သော၊ ဝေါ-သင်တို့မှာ၊ ယံ ဘယံ ဝါ-ကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ-ကောင်း၊ ယော လောမဟံသော ဝါ-ကောင်း၊ ဘဝိဿတိ-လတ့ံ၊ သော-သည်၊ ပဟီယိဿတိ-လတ့ံ။

၆။ ပဇာပတိဿ-သော၊ ဒေဝရာဇဿ-၏၊ ဓဇဂ္ဂံ-ကို၊ နော စေ ဥလ္လောကေယျာထ-ကုန်ငြားအံ့၊ အထ-ရှိသော်၊ ဝရုဏဿ-ဝရုဏမည်သော၊ ဒေဝရာဇဿ-၏၊ ဓဇဂ္ဂံ-ကို၊ ဥလ္လောကေယျာ

ထ-ကုန်လော၊ ဟိ-ကား၊ ဝရဏသ-သော၊ ဒေဝရာဇသ-၏၊ ဓဇဂ္ဂ-ကို၊ ဥလ္လောကယတံ-ကုန်သော၊ ဝေါ-သင်တို့မှာ၊ ယံ ဘယံ ဝါ-လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ-လည်းကောင်း၊ ယော လောမဟံသော ဝါ-လည်းကောင်း၊ ဘဝိဿတိ-လတ့ံ၊ သော-ထို ကြောက်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးထခြင်းသည်၊ ပဟီယိဿတိ-အလိုအလျောက် ပျောက်ကင်း၍ သွားလိမ့်လတ့ံ။

၇။ ဝရဏသ-သော၊ ဒေဝရာဇသ-၏၊ ဓဇဂ္ဂ-ကို၊ နောစေ ဥလ္လောကေယျာထ-ကုန်ငြားအံ့၊ အထ-ရှိသော်၊ ဤသာနသ-ဤသာနမည်သော၊ ဒေဝရာဇသ-၏၊ ဓဇဂ္ဂ-ကို၊ ဥလ္လောကေယျာထ-ကုန်လော၊ ဟိ-ကား၊ ဤသာနသ-သော၊ ဒေဝရာဇသ-၏၊ ဓဇဂ္ဂ-ကို၊ ဥလ္လောကေယတံ-ကုန်သော၊ ဝေါ-တို့မှာ၊ ယံ ဘယံ ဝါ-လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ-လည်းကောင်း၊ ယော လောမဟံသော ဝါ-လည်းကောင်း၊ ဘဝိဿတိ-လတ့ံ၊ သော-သည်၊ ပဟီယိဿတိ-လတ့ံ။

၈။ ဘိက္ခဝေ-ရဟန်းတို့၊ ဒေဝါနံ-နတ်တို့၏၊ ဣန္ဒသ-အရှင်သခင် ဖြစ်သော၊ သက္ကသ-သိကြားနတ်မင်း၏၊ တံ ဓဇဂ္ဂ-ထို အလံထိပ်ဖျားကို၊ ဥလ္လောကယတံ ဝါ-မော်၍ ကြည့်ကြကုန် သည်လည်း ဖြစ်ကုန်သော၊ ပဇာပတိဿ-သော၊ ဒေဝရာဇသ-၏၊ ဓဇဂ္ဂ-ကို၊ ဥလ္လောကယတံ ဝါ-ကုန်သော၊ ဝရဏသ-သော၊ ဒေဝရာဇသ-၏၊ တံ ဓဇဂ္ဂ-ကို၊ ဥလ္လောကယတံ ဝါ--ကုန်သော၊ ဤသာနသ-သော၊ ဒေဝရာဇသ-၏၊ တံ ဓဇဂ္ဂ-ကို၊ ဥလ္လော

ကယတံ ဝါ-ကုန်သော၊ (တေသံ-ထို နတ်စစ်သည် အပေါင်းတို့မှာ၊) ယံ ဘယံ ဝါ-လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ-လည်းကောင်း၊ ယော လောမဟံသော ဝါ-လည်းကောင်း၊ ဘဝိဿတိ-လတ့ံ၊ သော-ထို ကြောက်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးထခြင်းသည်၊ ပဟီယျောထပိ-ပျောက်မူလည်း ပျောက်ရာ၏၊ နော ပဟီယျောထပိ-မပျောက်ဘဲသော်လည်း ရှိရာ၏။

၉။ တံ-ထိုသို့ အလံဖျားကို မော်၍ကြည့်သော်လည်း ကြောက်ခြင်း စသည်တို့ ပျောက်ချင်ပျောက်မယ်, မပျောက်ဘဲလည်း ရှိနိုင်တယ်ဟု ဖြစ်ရခြင်းသည်၊ ကိုသဟေတု-အဘယ် အကြောင်းကြောင့်နည်း၊ ဘိက္ခဝေ-ရဟန်တို့၊ ဟိ (ယသ္မာ)-အကြင် အကြောင်းကြောင့်၊ ဒေဝါနံ-တို့၏၊ ဣန္ဒော-အရှင်သခင် ဖြစ်သော၊ သက္ကော-သိကြားသည်၊ အဝီတရာဂေါ-သူ့ကိုယ်တိုင်က, ရာဂ မကင်းသေး၊ အဝီတဒေါသော-သူ့ကိုယ်တိုင်က, ဒေါသမကင်းသေး၊ အဝီတမောဟော-သူ့ကိုယ်တိုင်က, မောဟ မကင်းသေး၊ ဘီရု-သူ့ကိုယ်တိုင်က, ကြောက်တတ်သေး၏၊ ဆမ္ဘီ-သူ့ကိုယ်တိုင်က, ကိုယ် တုန်လှုပ်ခြင်း ရှိ၏၊ ဥတ္တာသီ-သူ့ကိုယ်တိုင်က, ထိတ်လန့်ခြင်း ရှိ၏၊ ပလာယီ-သူ့ကိုယ်တိုင်က, ထွက်ပြေးလေ့ရှိ၏၊ ဣတိ-ဤ အကြောင်းကြောင့် သော-ထို ကြောက်ခြင်း, ကိုယ်တုန်လှုပ် ခြင်း, ကြက်သီးထခြင်းသည်၊ ပဟီယျောထပိ-ရာ၏၊ နော ပဟီ ယျောထပိ-ရာ၏။

၁၀။ ဘိက္ခဝေ-ရဟန်းတို့၊ အဟံစ-ငါဘုရားသည်ကား၊ ဧဝံ-ဤသို့၊ ဝဒါမိ-မိန့်တော်မူ၏၊ ဘိက္ခဝေ-တို့၊ အရညဂတာနံ ဝါ-

တောအရပ်၌ ရောက်နေကြသည်မူလည်း ဖြစ်ကုန်သော၊ ရုက္ခမူလဂတာနံ ဝါ-သစ်ပင် အနီးအောက်၌ ရောက်နေကြသည်မူလည်း ဖြစ်ကုန်သော၊ သုညာဂါရဂတာနံ ဝါ-လူသံ တိတ်ဆိတ်သော ကျောင်းနေရာ အရပ်၌ ရောက်နေကြသည်မူလည်း ဖြစ်ကုန်သော၊ တုမှာကံ-အသင်ရဟန်းတို့မှာ၊ ယံ ဘယံ ဝါ-လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ-လည်းကောင်း၊ ယော လောမဟံသော ဝါ-လည်းကောင်း၊ သစေ ဥပ္ပဇ္ဇေယျ-အကယ်၍မျှားဖြစ်ပေါ်လာငြားအံ့၊ တသ္မိံ သမယေ-ထို အခါ၌၊ မမေဝ-ငါဘုရားကိုသာ၊ အနုဿရေ ယျာထ-အမှတ်ရလိုက်ကြ, အောက်မေ့လိုက်ကြ, အာရုံပြုလိုက်ကြကုန်လော။

၁၁။ (က) သောဘဂဝါ-ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ကျတိပိ ကျမိနာစ ကာရဏေန-အထုံဝါသနာနှင့် တကွ ပါ၍လာသော တစ်ထောင့်ငါးရာ ကိလေသာတို့ကို လုံးဝသန့်ရှင်းအောင် ဖျက်ဆီးတော်မူပြီး ဖြစ်ခြင်းဟူသော ဤအကြောင်းကြောင့်လည်း၊ အရဟံ-အရဟံဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍ မကုန် ဖြဟ္မာဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြားတော်မူပါပေသည်တကား။

(ခ) သောဘဂဝါ-သည်၊ ကျတိပိ ကျမိနာစ ကာရဏေန-သဗ္ဗညုတဉာဏ်တော် အစွမ်းဖြင့် သိသင့်သိထိုက်သော တရားဟူသမျှကို ကြွင်းမဲ့သည်သို့, အကုန်အစင်, သိမြင်တော်မူသည့် အတွက်ကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ-တကား။

(ဂ) သောဘဂဝါ-သည်၊ ကျတိပိ ကျမိနာစ ကာရဏေန-ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတစ်ဆယ့်ငါးနှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း၊ ဝိဇ္ဇာစရဏသမ္ပန္နော-တကား။

(ဃ) သောဘဂဝါ-သည်၊ ကျတိပိ ကျမိနာစ ကာရဏေန-ဒီပင်္ကရာ, ထွတ်ချာသနင်း, ခြေတော်ရင်းမှ, မှန်ကင်းသိရီ, ဗောဓိမဏ္ဍိုင်, ခန်းဝါပိုင်အောင်, ဆယ်ခိုင်ပါရမီ, စုံဖြည့်ညီလျက်, သုံးလီဘဝ, များသတ္တ၏, သုခစီးပွား, ကျင့်သောအားဖြင့်, မိုက်မှားအယူ, မိစ္ဆာဟူက, ဆဲဖြူတစ်စိ, မကပ်ညီဘဲ, သတိသမ္ဗဇ္ဈင်, မပြတ်ယှဉ်လျက်, သဗ္ဗညာဏ်တော်, ရကြောင်းရော်၍, လာတော်မူခဲ့သော ဤ အကြောင်းကြောင့်လည်း၊ သုဂတော-တကား။

(င) သောဘဂဝါ-သည်၊ ကျတိပိ ကျမိနာစ ကာရဏေန-သတ္တောကာသ, သခ်ါရဟု, လောကသုံးဘုံ, အလုံးစုံကို, အကုန်အစင်, သိမြင်တော်မူသော ဤ အကြောင်း ကြောင့်လည်း၊ လောကဝိဒူ-တကား။

(စ) သောဘဂဝါ-သည်၊ ကျတိပိ ကျမိနာစ ကာရဏေန-အတူမရှိ, မြတ်သည် ဖြစ်၍, ဆုံးမထိုက်သော, လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်သည်၏ အဖြစ်ဟူသော ဤအကြောင်းကြောင့်လည်း၊ အနုတ္တရောပုရိသဒမ္မသာရထိ-တကား။

(ဆ) သောဘဂဝါ-သည်၊ ဣတိပိ ဣမိနာစ ကာရဏေန-နတ် လူ ဗြဟ္မာ, သတ္တဝါတို့၏, ဆရာဖြစ်တော်မူသည်၏အဖြစ်ဟူသော ဤ အကြောင်းကြောင့်လည်း၊ သတ္ထာဒေဝမနုဿာနံ-တကား။

(ဇ) သောဘဂဝါ-သည်၊ ဣတိပိ ဣမိနာစ ကာရဏေန-သစ္စာလေးပါး, မြတ်တရားကို, ကိုယ်တော်တိုင်လည်းသိ, ဝေနေယျတို့ကိုလည်း သိအောင် ဟောပြတော်မူတတ်သော ဤ အကြောင်းကြောင့်လည်း၊ ဗုဒ္ဓေါ-ကား။

(ဈ) သောဘဂဝါ-သည်၊ ဣတိပိ ဣမိနာစ ကာရဏေန-ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဤ အကြောင်းကြောင့်လည်း၊ ဘဂဝါ-ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဗြဟ္မာဘုံတိုင်အောင် ပျံ့လှိုင်ကျော်ကြားတော်မူပါပေသည်တကား၊ ဣတိဤသို့၊ အနုဿရေယျာထ-အဖန်ဖန်အောက်မေ့ကြကုန်လော။

၁၂။ ဟိ-ကား၊ ဘိက္ခဝေ-တို့၊ မမံ-ငါဘုရားကို၊ အနုဿရတံ-အဖန်ဖန်အောက်မေ့ကြကုန်သော၊ ဝေါ-သင်တို့မှာ၊ ယံ ဘယံ ဝါ-လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ-လည်းကောင်း၊ ယော လောမဟံသော ဝါ-လည်းကောင်း၊ ဘဝိဿတိ-လတံ့၊ သော-ထို ကြောက်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးထခြင်းသည်၊ ပဟီယိဿတိ-လတံ့။

၁၃။ မံ-ငါဘုရားကို၊ နောစေ အနုဿရေယျာထ-အကယ်၍ မအောက်မေ့ကုန်သည်ဖြစ်အံ့၊ အထ-သော်၊ ဓမ္မံ-တရားတော်ကို၊ အနုဿရေယျာထ-အဖန်ဖန်အောက်မေ့ကြကုန်လော၊

၁၄။ (က)ဘဂဝတာ-ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဓမ္မော-မဂ်ဖိုလ်နိဗ္ဗာန်,ဓမ္မက္ခန်ဟု,ဆယ်တန်သော တရားတော်မြတ်ကို၊ သွာက္ခာတော-ကြားနာရုံပင်, အပူစင်၍, ကျင့်လျှင်ချမ်းသာ, ကျင့်ပြီးခါလည်း, လွန်စွာငြိမ်းချမ်း, နိဗ္ဗာန်နန်းနှင့်, စခန်းသင့်အောင်, မှန်းလင့်ရည်ရော်, ကောင်းစွာ ဟောတော်မူအပ်ပါပေ၏။

(ခ) ဓမ္မော-မဂ်ဖိုလ်နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်သည်၊ သန္ဒိဋ္ဌိကော-ဟောပြသလောက်, ကျင့်တိုင်းပေါက်၍, မဂ်ရောက်ဖိုလ်ထိ, ပညာရှိသည့်, များအရိယာ, သူတော်စွာတို့, သူတကာပြော, ယုံကြည်သောကြောင့်, သဘောချင်းထပ်, မဆည်းကပ်ဘဲ, တပ်အပ်ထင်ထင်, ကိုယ်တိုင်လည်း သိမြင်ထိုက်ပါပေ၏၊

(ဂ) ဓမ္မော-သောတာပတ္တိ, စသည်ဆင့်တက်, လေးချက်းအပြား, မဂ်တရားသည်၊ အကာလိကော-ငါးရက် ခုနစ်ရက်, စသည်တက်၍, ငံ့လျက်ရှည်ဝေး, အကျိုးပေးရာ, အခါမဲ့, အခြားမဲ့ဖိုလ်, အကျိုးကိုလည်း ပေးတော်မူတတ်ပါပေး၏။

(ဃ) ဓမ္မော-မဂ်ဖိုလ်နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်သည်၊ ဧဟိပဿိကော-ဝေဟာတက်ထွန်း, ယုဂန်စွန်း၌, လဝန်းအလား, ပတ္တမြားသဖွယ်, စင်ကြယ်ထင်ရှား ရှိသည်များကြောင့်,

အားရရွှင်လန်း, လိုက်ခဲ့စမ်းပါ, ရှုစမ်းပါဟု, သံသာချုပ်မျှ, ဖိတ်ခေါ်ပြဖို့, မုချဇကေန်, အမှန်သင့်လျော်, ထိုက်တန်တော်မူပါပေ၏။

(င) ဓမ္မော-မဂ်ဖိုလ်နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်သည်၊ သြပနေယျိကော-မိမိစိတ်တွင်, တစ်ကြိမ်ထင်က, လေးခွင်အပါယ်, ဝဋ်မီးကွယ် သဖြင့်, ကိုယ်ဝယ် ဝတ်နှောင်, ဆံဦးသျှောင်ကို, မီးလောင်သော်ငြား, မငြိမ်းအားဘဲ, တရားမျက်ရှင်, စိတ်စွဲထင်အောင်, ကျင့်ဆောင်ခြင်းငှါ, ထိုက်တော်မူပါပေ၏။

(စ) ဓမ္မော-မဂ်ဖိုလ်နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်ကို၊ ဝိညူဟိ-ပုထုဇန်နှင့်, မတန်သင့်စွာ, လေးသစ္စာကို, ကောင်းစွာမြင်သိ, ပညာ ရှိအပေါင်း, အရိယာသူတော်ကောင်းတို့သည်၊ ပစ္စတ္တံဝေဒိတဗ္ဗော-ကိုယ်စီကိုယ်ငှ,လိုတိုင်းရ၍,နိဗ္ဗာနဓာတ်,သမာပတ်ဖြင့်,မပြတ်သိပိုင်, ခံစားနိုင်ပါပေ၏၊ ဣတိ-သို့၊ အနုဿရေယျာထ-လော။

၁၅။ ဟိ-ကား၊ ဘိက္ခဝေ-တို့၊ ဓမ္မံ-တရားတော်ကို၊ အနုဿရတံ-အဖန်ဖန် အောက်မေ့ကြကုန်သော၊ ဝေါ-တို့မှာ၊ ယံ ဘယံ ဝါ-သည်လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ-သည်လည်းကောင်း၊ ယော လောမဟံသော ဝါ-လည်းကောင်း၊ ဘဝိဿတိ-ဖြစ်လတ့ံ၊ သော-သည်၊ ပဟီယိဿတိ-လတ့ံ။

၁၆။ ဓမ္မံ-တရားတော်ကို၊ နောစေ အနုဿရေယျာထ-အကယ်၍ မအောက်မေ့မိကုန်အံ့၊ အထ-သော်၊ သံဃံ-သံဃာတော်ကို၊ အနုဿရေယျာထ-အဖန်ဖန်အောက်မေ့ကြကုန်လော၊

၁၇။ (က) ဘဂဝတော-ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သာဝကသံဃော-ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ, အရိယာဟု, သန်ဂျာရှစ်ဖော်, သံဃာတော်အပေါင်း, သူတော်ကောင်းသည်၊ သုပ္ပဋိပန္နော-တရားသဖြင့်, ဆုံးမသင့်ရာ, သာသနာဝယ်, လျော်စွာထုံးပြု, ဆုံးအမကို, လုံးဝလိုက်နာ, ကောင်းမွန်စွာလည်း, ကျင့်တော်မူတတ်ပါပေ၏။

(ခ) ဘဂဝတော-၏၊ သာဝကသံဃော-သည်၊ ဥဇုပဋိပန္နော-စဉ်းလဲသမှု, မာယာစုဖြင့်, ဖုဖုထစ်ထစ်, မကောက်ကျစ်ဘဲ, စင်စစ်နိဗ္ဗာန်, လမ်းဖြောင့်မှန်အောင်, လျော်ကန်ချင့်မျှော်, ကျင့်ကြံတော်မူတတ်ပါပေ၏။

(ဂ) ဘဂဝတော-၏၊ သာဝကသံဃော-သည်၊ ဉာယပဋိပန္နော-ကိုယ်ဝယ်ဝတ်နှောင်, ဆံဦးသျှောင်ကို, မီးလောင်သော်ငြား, မငြိမ်းအားဘဲ, ကြီးမားလောင်မီး, ဒုက္ခကြီးတို့, အပြီးဇကန်, ငြိမ်းရာမှန်သည့်, နိဗ္ဗာန်အလို့ငှာ, ကျင့်တော်မူတတ်ပါပေ၏။

(ဃ) ဘဂဝတော-၏၊ သာဝကသံဃော-သည်၊ သာမိစိပဋိပန္နော-ရိုသေသမှု, လူတို့ပြုသည့်, သာမိစိကံ, လျော်ထိုက်တန်အောင်, ကျင့်ကြံတော်မူတတ်ပါပေ၏။

စတ္တာရိ-မဂ်ဖိုလ်နှစ်ပါး, အစုံအားဖြင့်, လေးပါးကုန်သော၊ ယဒိဒံ ပုရိသယုဂါနိ-အကြင်ယောကျ်ားအစုံတို့သည်၊ အဋ္ဌ-အသီးအခြား, ခွဲသောအားဖြင့်, ရှစ်ပါးကုန်သော၊ ပုရိသပုဂ္ဂလာ-ပုရိသပုဂ္ဂလ, ခေါ်ကြထိုထို, မြင့်မြတ်သော ပုဂ္ဂိုလ်တို့ပါပေတည်း။

(ဂ) ဘဂဝတော-၏၊ သေဿော သာဝကသံဃော-အစုံလေးပါး, သီးခြား ရှစ်ဖေါ်, သံဃာတော် အပေါင်း, ဤအရိယာသူတော်ကောင်သည်၊ အာဟုနေယျော-တုန့်ပြန်ကြီးလေး, အကျိုးပေးသဖြင့်, အဝေးမှယူ, ဆောင်၍မူလည်း, ကြည်ဖြူလေးမြတ်, ပူဇော်အပ်သည့်, လာဘ်သပ်ပကာ, အဖြာဖြာကို, ကောင်းစွာသိမ်းပိုက်, ခံယူခြင်းငှာလည်း, ထိုက်တော်မူပါပေ၏။

(စ) ဘဂဝတော-၏၊ သေဿော သာဝကသံဃော-သည်၊ ပါဟုနေယျော-ဝေးရပ်မျိုးနွယ်, များဧည့်သည်ဖို့, ရည်ရွယ်မှန်းထား, ပစ္စည်းများကို, ဘုရားတစ်ဆူ, ပွင့်တော်မူမှ, ပေါ်လာကြသည့်, ကမ္ဘာ့ဧည့်ကောင်း, သူတော်ပေါင်းမို့, အကြောင်းထိုက်စွာ, ပေးလှူခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

(ဆ) ဘဂဝတော-၏၊ သေဿော သာဝကသံဃော-သည်၊ ဒက္ခိဏေယျော-တမလွန်စခန်း, ကြီးပွားလမ်းဖို့, မျှော်မှန်း ရည်ရွယ်, ပေးလှူဖွယ်ကို, ရည်ရွယ်သမျှ, အကျိုးရသဖြင့်, တစ်စမချန်, အလှူခံခြင်းငှာလည်း,ထိုက်တော်မူပါပေ၏၊

(ဇ) ဘဂဝတော-၏၊ သေဿော သာဝကသံဃော-သည်၊ အဉ္ဇလိကရဏီယော-တစ်လောကလုံး, ကိုင်းညွတ်ရုံးလျက်, ရွှင်ပြုံးကြည်ညို, ရိုသေမြတ်နိုး, လက်အုပ်မိုး၍, ရှိခိုးခြင်းငှာလည်း, ထိုက်တော်မူပါပေ၏၊

(ဈ) ဘဂဝတော-၏၊ သေဿော သာဝကသံဃော-သည်၊ လောကဿ-လူနတ်ဗြဟ္မာ, သတ္တဝါအပေါင်း၏၊ အနုတ္တရံ-အတူမရှိ, မြတ်ခေါင်ထိသော၊ ပုညခေတ္တံ-ကုသိုလ်ကောင်းမှု, မျိုးစေ့စု၏, ကြီးထုမြင့်မား, စွင့်စွင့်ကားလျက်, ဖွံ့ထွားဖွယ်ရာ, လယ်ယာ မြေကောင်း အတူ ဖြစ်တော်မူပါပေ၏။

ဣတိ-ဤသို့၊ အနုဿရေယျာထ-အဖန်ဖန် အောက်မေ့ကြကုန်လော။

၁၈။ ဟိ-အကျိုးကား၊ ဘိက္ခဝေ-တို့၊ သံဃံ-သံဃာတော်ကို၊ အနုဿရတံ-အဖန်ဖန်အောက်မေ့ကြကုန်သော၊ ဝေါ-သင်တို့မှာ၊ ယံ ဘယံ ဝါ-လည်းကောင်း၊ ယံ ဆမ္ဘိတတ္တံ ဝါ-လည်းကောင်း၊ ယော လောမဟံသော ဝါ-လည်းကောင်း၊ ဘဝိဿတိ-လတ့ံ၊ သော-သည်၊ ပဟီယိဿတိ-လတ့ံ။

၁၉။ တံ-ထိုသို့ ငါဘုရားနှင့် တကွ တရားသံဃာကို အောက်မေ့လိုက်ကြကုန်သည် ရှိသော် ဘယ- ဆမ္ဘိတတ္တ- လောမဟံသတို့ ပျောက်ကင်းရခြင်းသည်၊ ကိဿဟေတု-အဘယ် အကြောင်းကြောင့်နည်း၊ ဘိက္ခဝေ-ရဟန်တို့၊ ဟိ (ယသ္မာ)-အကြင် အကြောင်းကြောင့်၊ အရဟံ-ပူဇော်အထူးကို ခံတော်မူထိုက်သော၊ သမ္မာသမ္ဗုဒ္ဓေါ-မဖေါက်မပြန်, ကိုယ်တော်တိုင်သာ, အလုံးစုံသော တရားတို့ကို သိတော်မူနိုင်သော၊ တထာဂတော-ငါဘုရားသည်၊ ဝိတရာဂေါ-ကင်းပြီးသောရာဂ ရှိတော်မူ၏, ရာဂရှိတော်မမူ၊ ဝိတဒေါသော-ဒေါသမှလည်းကင်းတော်မူ၏၊ ဝိတမောဟော-မောဟမှလည်း ကင်းတော်မူ၏၊ အဘီရု-ကြောက်လန့်ခြင်းလည်း ရှိတော်မမူ၊ အဆမ္ဘီ-ကိုယ်တုန်လှုပ်ခြင်းလည်း ရှိတော်မမူ၊ အနုကြာသီ-ထိတ်လန့်ခြင်းလည်း ရှိတော်

မမူ၊ အပလာယီ-အရေးကျလျင်, ထွက်ပြေးခြင်းလည်း ရှိတော်မမူ၊ ဣတိ-ဤ အကြောင်းကြောင့်တည်း၊

၂၀။ ဘဂဝါ-မြတ်စွာဘုရားသည်၊ ဣဒံ-ဤ သစေတုမှာကံ စသော စုဏ္ဏိယတရားတော်ကို၊ အဝေါစ-ဟောမိန့်တော်မူပြီ၊ သုဂတော-ကောင်းသော စကားကို မြွက်ကြားတော်မူတတ်သော မြတ်စွာဘုရားသည်၊ ဣဒံ-ဤ စုဏ္ဏိယတရားတော်ကို၊ ဝတ္ဝာန-ဟောတော်မူပြီး၍၊ အထ-ထိုမှနောက်၌၊ သတ္ထာ-နတ်လူတို့၏ ဆရာ မြတ်စွာဘုရားသည်၊ အပရံ-ထိုမှတစ်ပါးသော၊ ဧတံ-ဤ ဂါထာတရားတော်ကို၊ အဝေါစ-မိန့်တော်မူပြီ။

၂၁။ ဘိက္ခဝေါ-ရဟန်းတို့၊ အရညေဝါ-တောခွေသော် လည်းကောင်း၊ ရုက္ခမူလေဝါ-သစ်ပင်၏ အနီး အောက်ခွေသော် လည်းကောင်း၊ သညာဂါရေဝါ-တိတ်ဆိတ်သော ကျောင်းခွေသော် လည်းကောင်း၊ သမ္မဒ္ဓံ-ငါဘုရားကို၊ အနုဿရေထ-အဖန်ဖန် အောက်မေ့ကြကုန်လော၊ (သမ္မဒ္ဓံ-ငါဘုရားကို၊ အနုဿရတံ-အဖန်ဖန် အောက်မေ့ကြကုန်သော)၊ တုမှာကံ-သင်တို့မှာ၊ ဘယံ-ကြောက်ရွံ့ ထိန့်လန့်ခြင်းသည်၊ နောသိယာ-ဖြစ်နိုင်စရာ မရှိတော့ချေ။

၂၂။ လောကဇေဋ္ဌ-သတ္တလောက၏ အကြီးအကဲ ဖြစ်တော်မူသော၊ နရာသဘံ-လွန်မြတ်သော လူထူး လူမြတ် ဖြစ်တော်မူသော၊ ဗုဒ္ဓံ-ငါဘုရားကို၊ နောစေ သရေယျာထ-အကယ်၍များ မအောက်မေ့မိကြကုန်အံ့၊ အထ-ထိုသို့ ငါဘုရားကို အမှတ်မရလို့ ရှိလျှင်၊ နိယျာနိကံ-ဝဋ်ဆင်းရဲမှ ထုတ်ဆောင်တတ်သော၊ သုဒေသိတံ-ငါဘုရားသည် ကောင်းစွာ ဟောပြတော်မူအပ်သော၊ ဓမ္မံ-မဂ်ဖိုလ် နိဗ္ဗာန်, ဓမ္မက္ခန် ပရိယတ်, (၁၀) ပါးသော တရားတော်မြတ်ကို၊ သရေယျာထ-အောက်မေ့ကြကုန်လော။

၂၃။ နိယျာနိကံ-သော၊ သုဒေသိတံ-သော၊ ဓမ္မံ-မဂ်ဖိုလ် နိဗ္ဗာန်, ဓမ္မက္ခန် ပရိယတ်, (၁၀) ပါးသော တရားတော်မြတ်ကို၊ နောစေ သရေယျာထ-အကယ်၍ အမှတ်မရကြကုန်အံ့၊ အထ-ထိုသို့ တရားတော်ကို မအောက်မေ့သည်ရှိသော်၊ ပုညက္ခေတ္တံ-ကောင်းမှု တည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်ယာ မြေကောင်း အစစ်ဖြစ်တော်မူသော၊ အနုတ္တရံ-အတု မရှိ မြတ်တော်မူသော၊ သံဃံ-အရိယာ သံဃာတော်ကို၊ သရေယျာထ-အမှတ်ရကြကုန်လော။

၂၄။ ဘိက္ခဝေါ-ရဟန်းတို့၊ ဧဝံ-ဤသို့၊ ဗုဒ္ဓံ-ငါဘုရားကို လည်းကောင်း၊ ဓမ္မံ-တရားတော်ကို လည်းကောင်း၊ သံဃံ-သံဃာတော်ကို လည်းကောင်း၊ သရန္တာနံ-အမြဲ မပြတ် အမှတ်ရ၍ နေကြကုန်သော၊ ဧဝါ (တုမှာကံ)-သင် ရဟန်းတို့မှာ၊ ဘယံ ဝါ-ကြောက်ခြင်းသည် လည်းကောင်း၊ ဆမ္ဘိတတ္တံ ဝါ-ကိုယ်တုန်လှုပ်ခြင်းသည် လည်းကောင်း၊ လောမဟံသော ဝါ-ကြက်သီး မွေးညှင်း ထခြင်းသည် လည်းကောင်း၊ န ဟေဿတိ-စင်စစ်ဧကန် အမှန်ပင် မဖြစ်တော့ပေလတံ့။

ဓဇဂ္ဂသုတ်နိဿယပြီး၏။

၈။ အာဠာနာဠိယသုတ်နိဿယ

တိုက်တွန်းချက်

၁-၂။ နာထသ-မြတ်စွာဘုရား၏၊ သာဓုသမ္မတေ-အကောင်း အမြတ်ဟု, သမုတ်အပ်သော၊ သာသနေ-သာသနာတော်၌၊ အ သန္နေဟိ-မကြည်ညိုကုန်သော၊ သဒါ-အခါ ခပ်သိမ်း၊ ကိဗ္ဗိ ကာရိဘိ-ယုတ်မာ ညစ်ညမ်းသော မကောင်းမှုတို့ကိုသာ ပြုလေ့ ရှိကြကုန်သော၊ စဏ္ဍေဟိ-ကြမ်းတမ်းကြကုန်သော၊ အမနုဿေဟိ- နတ်ဆိုးနတ်ဝါးတို့သည်၊ စတသာနံ-လေးပါးကုန်သော၊ ပရိသာနံ- ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ရတနာသုံးပါးကို ဆည်းကပ်ကြ ကုန်သော ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမဟူသော ပရိသတ် တို့ကို၊ အဟိံသာယ စ-မညှဉ်းဆဲနိုင်ခြင်း ဟူသော အကျိုးငှါ လည်းကောင်း၊ ဂုတ္တိယာ-လုံခြုံစေခြင်း အကျိုးငှါ လည်းကောင်း ယံ ပရိတ္တံ-အကြင်နတ်မင်းကြီးလေးပါးတို့ စီစဉ်ပြီးနောက် ဘုရားရှ ကိုယ်တော်မြတ်အား လျှောက်ထား၍ ဘုရားရှင် ကိုယ်တော်မြတ် တစ်ဆင့် ဟောပြတော်မူအပ်သော အကြင် အာဠာနာဠိယ ပရိတ် တော်ကို၊ မဟာဝိရော-ကြီးမြတ်သော လုံလ ဝီရိယ ရှိတော်မူသော မြတ်စွာဘုရားသည်၊ ဒေသေသိ-တစ်ဆင့် ဟောပြတော်မူခဲ့လေပြီ တံ-နတ်မင်းလေးယောက် စီစဉ်ပြီးနောက် ဘုရားရှင်က တစ်ဆင့် ဟောပြတော်မူအပ်သော ထို အာဠာနာဠိယပရိတ်တော်ကို၊ ဟေ- အို.....သူတော်ကောင်းတို့၊ (မယံ-ငါတို့သည်)၊ ဘဏာမ-ရွတ်ဆိုကြ ကုန်တော့အံ့။

၃။ စက္ခုမန္တ သ-ဗုဒ္ဓစက္ခု-ဉာဏစက္ခု-သမန္တ စက္ခု အစရှိသော စက္ခုငါးမျိုးနှင့် ပြည့်စုံတော်မူထသော၊ သိရိမတော-ဘုန်းကျက်သရေ ရှိတော်မူထသော၊ ဝိပသိသ-ဝိပသီမြတ်စွာဘုရားအား၊ (အမှာကံ- အကျွန်ုပ်တို့၏)၊ နမော-ကိုင်းညွှတ်ရိကျိုး, ရှိခိုးခြင်းသည်၊ အတ္ထု- ဖြစ်ပါစေသတည်း၊ သဗ္ဗဘူ တာနုကမ္ပိနော-အလုံးစုံသော သတ္တဝါ တို့ကို အစဉ် သနား စောင့်ရှောက်တော်မူတတ်သော၊ သိခိသာပိ- သိခီအမည်ရှိတော်မူသော မြတ်စွာဘုရားအားလည်း၊ (အမှာကံ- ၏)၊ နမော-သည်၊ အတ္ထု-စင်စစ်မသွေ ဖြစ်ပါစေသတည်း။

၄။ နာတကသ-ကိလေသာ အညစ်အကြေးတွေကို ဆေးကြော သုတ်သင်ပြီးထသော၊ တပသိနော-အပူတပြင်း ကျင့်ကြံကျိုးကုတ် အားထုတ်ခြင်း ရှိတော်မူထသော၊ ဝေဿဘုသ စ-ဝေဿဘူအမည် တော် ရှိတော်မူသော မြတ်စွာဘုရားအားလည်း၊ (အမှာကံ-၏)၊ နမော-သည်၊ အတ္ထု-တည်း၊ မာရသေနာပမဒ္ဒိနော-မာရ်မင်း, မာရ်မင်း၏ စစ်တပ်ကို မှုန့်မှုန့်ညက်ညက် ချေဖျက်တော်မူနိုင်သော၊ ကကုသန္ဓသ-ကကုသန်အမည်တော် ရှိသော မြတ်စွာဘုရားအာ၊ (အမှာကံ-၏)၊ နမော-သည်၊ အတ္ထု-တည်း။

၅။ ဗြဟ္မဏသ-မကောင်းမှု အကုသိုလ် ဟူသမျှကို မျှောတော် မူပြီးထသော၊ ဝုသိမတော-ကျင့်သုံးအပ်ပြီးသော မြတ်သော အကျင့် လည်း ရှိတော်မူထသော၊ ကောဏာဂမနသ-ကောဏာဂုံအမည် တော် ရှိသော မြတ်စွာဘုရားအား၊ (အမှာကံ-၏)၊ နမော-သည်၊

အတ္တု-တည်း၊ သဗ္ဗဓိ-အလုံးစုံသော အာရုံတို့၌၊ ဝိပုလမုတ္တသ-တဏှာဖြင့် ကပ်ငြိခြင်း မရှိ၍ လွတ်လပ်တော်မူပြီးသော၊ ကဿပသမ္မာသမ္ဗုဒ္ဓ-ကဿပအမည်တော် ရှိသော မြတ်စွာဘုရားအား၊ (အမှာကံ-၏)၊ နမော-သည်၊ အတ္ထု-တည်း။

၆။ ယော-အကြင် မြတ်စွာဘုရားသည်၊ သဗ္ဗဒုက္ခာပနူဒန-အလုံးစုံသော ဝဋ်ဒုက္ခကို အမြစ်ပြတ်အောင် ပယ်နုတ်တော်မူနိုင်သော၊ ဣမံ ဓမ္မံ-ဤ အာဠာနာဠိယ ပရိတ်တရားတော်ကို၊ ဒေသေသိ-ဟောပြတော်မူခဲ့လေပြီ၊ အင်္ဂီရသဿ-ကိုယ်အင်္ဂါတော် အစိတ်အစိတ်မှ တစ်ဖိတ်ဖိတ် ထွက်သော အရောင် ရှိတော်မူထသော၊ သက္ယပုတ္တဿ-သာကီနွယ်ဖွား၊ သုဒ္ဓေါဒနမင်း၏၊ သားတော် ဖြစ်တော်မူသော၊ သိရီမတော-ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူထသော၊ ဂေါတမဿ-ဂေါတမ အမည်တော်ရှိသော မြတ်စွာဘုရားအား၊ (အမှာကံ-၏)၊ နမော-သည်၊ အတ္ထု-တည်း။

၇-၈။ လောကေ-ဤ ကမ္မာလောကကြီးထဲ၌၊ ယေစ-အကြင် ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း၊ နိဗ္ဗုတာ-ကိလေသာခပ်သိမ်း အေးငြိမ်းကြကုန်ပြီးသည်၊ (ဟုတ္ဝာ-ဖြစ်၍)၊ ယထာဘူတံ-မဖောက် မပြန်၊ ဟုတ်တိုင်းမှန်စွာ၊ ဝိပဿိသုံ-သိမြင်ကြလေကုန်ပြီ၊ အပိသုဏာ-ချောပြစ် ကုန်းတိုက်ခြင်း မရှိကြကုန်သော၊ မဟန္တာ-မြတ်သော သဘော ရှိကြကုန်သော၊ ဝီတသာရဒါ-ကင်းသော ကြောက်ရွံ့ခြင်း ရှိကြကုန်သော၊ တေဇနာပိ-ထို ရဟန္တာအရှင်မြတ်တို့သည်လည်း၊

ဒေဝမနုဿာနံ-နတ်လူတို့၏၊ ဟိတံ-အစီးအပွားကို ဆောင်တော်မူသော၊ ဝိဇ္ဇာစရဏသမ္ပန္နံ-ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ (၁၅) ပါးနှင့် ပြည့်စုံတော်မူသော၊ မဟန္တံ-မြင့်မြတ်တော်မူသော၊ ဝီတသာရဒံ-ကင်းသော ကြောက်ရွံ့ခြင်း ရှိတော်မူသော၊ ဂေါတမံ-ဂေါတမနွယ်ဖွား, မြတ်စွာဘုရားကို၊ နမဿန္တိ-လက်အုပ်ချီမိုး, ရှိခိုးကြလေကုန်၏၊ (တေသံ စ-ထို ဂေါတမ မြတ်စွာဘုရားကို ရှိခိုးကြကုန်သော ရဟန္တာအရှင်မြတ်တို့အား၊ အမှာကံ-၏၊ နမော-သည်၊ အတ္ထု-တည်း)။

၉။ ဧတေသမ္ပဒ္ဓါ စ-ထို ဝိပဿီစသား, မြတ်ဘုရား ခုနစ်ဆူတို့သည် လည်းကောင်း၊ အညေ-ဘုရားခုနစ်ဆူမှ, အခြားကုန်သော၊ အနေကသတကောဋိယော-ကုဋေသန်း၌, ရာပေါင်းများစွာ ကုန်သော၊ သမ္ဗုဒ္ဓါ စ-မြတ်စွာဘုရားတို့သည် လည်းကောင်း၊ သဗ္ဗေ-ကြွင်းမဲ့ဉဿုံ, အလုံးစုံကုန်သော၊ ဗုဒ္ဓါ-ရှင်တော်မြတ်ဘုရားတို့သည်၊ အသမသမာ-ယှဉ်ပြိုင်ကင်းငြား, ရှေးဘုရားတို့နှင့်သာ တူတော်မူကြလေကုန်၏၊ သဗ္ဗေ-ကြွင်းမဲ့ဉဿုံ, အလုံးစုံကုန်သော၊ ဗုဒ္ဓါ-ရှင်တော်မြတ်ဘုရားတို့သည်၊ မဟိဒ္ဓိကာ-မနှိုင်းယှဉ်အပ်, ကြီးမြတ်သော တန်ခိုးရှိတော်မူကြလေကုန်၏။

၁၀။ သဗ္ဗေ-အလုံးစုံ များပြား, မြတ်ဘုရားတို့သည်၊ ဒသဗလူပေတာ-ဘုရားတို့အား, ဉာဏ် ၁၀ ပါးနှင့်, ထင်ရှား ကုံလုံ, ပြည့်စုံတော် မူကြပေကုန်၏၊ ဝေသာရဇ္ဇေဟိ-ဝေသာရဇ္ဇ, မည်ရ

ထင်ရှား, ဉာဏ်တော်ဆယ်ပါးတို့နှင့်, ဥပါဂတာ-ပြည့်စုံတော်မူကြကုန်၏။ သဗ္ဗေ-ကြွင်းမဲ့ဉဿုံ, အလုံးစုံကုန်သော၊ တေ-ထို ဘုရားရှင်တို့သည်၊ အာသဘံဌာနံ-မြင့်မြတ်လှစွာ, မြတ်ဗုဒ္ဓါတို့၏, အရာစင်စစ်, သဗ္ဗညု အဖြစ်ကို၊ ပဋိဇာနန္တိ-ဝန်ခံတော်မူကြကုန်၏၊

၁၁။ ဧတေ ဗုဒ္ဓါ-ထို ဘုရားရှင်တို့သည်၊ ပရိသာသု-ဘိက္ခုစသား, ရှစ်ပါးသော ပရိသတ်တို့၌၊ ဝိသာရဒါ-ရွံ့ရှားခြင်းကင်း, ရဲတင်းတော်မူကြကုန်သည် ဖြစ်၍၊ သီဟနာဒံ-ခြင်္သေ့မင်း၏, ဟောက်ခြင်အလား, မြတ်သော တရား အသံတော်ကို၊ နဒန္တိ-ထူးခြားတင့်တင့်, ကျူးရင့်တော်မူကြကုန်၏၊ လောကေ-လောကဉ္ဉ၊ (ကေနစိ-ဗြဟ္မာ နတ် လူ, ဘယ်သူ တစ်ယောက်မျှ)၊ အပ္ပဋိဝတ္တိယံ-မပြန်လည်စေအပ်, မပြန်လည်စေနိုင်သော၊ ဝါ-မတားမြစ်အပ်, မတားမြစ်နိုင်သော၊ ဗြဟ္မစက္ကံ-မြင့်မြတ် ထူးခြား, မြတ်သော ဓမ္မစက္ကာ တရားတော်ကို၊ ပဝတ္တေန္တိ-ဖြစ်စေတော်မူကြပေကုန်၏။

၁၂။ နာယကာ-သတ္တလောဓ၏ ရှေ့ဆောင် လမ်းပြ, နာယက ဖြစ်တော်မူကြကုန်သော မြတ်စွာဘုရားတို့သည်၊ အဋ္ဌာရသဟိ-အာဝေနိက, ဖော်ပြထင်ရှား, တစ်ဆယ့်ရှစ်ပါးကုန်သော၊ ဗုဒ္ဓဓမ္မေဟိ-ဘုရားတို့သာ, ရရာအစုံ, ဂုဏ်တော်တို့နှင့်၊ ဥပေတာ-ကောင်းစွာလှလှ, ပြည့်စုံတော်မူကြပါပေကုန်၏၊ ဗာတ္တိံသလက္ခဏူပေတာ-သုံးဆယ့်နှစ်ပါး, လက္ခဏာတော်ကြီးများနှင့် ပြည့်စုံတော်မူကြပါပေကုန်၏၊ အသီတာနုဗျဉ္ဇနာဓရာ-များလှရှစ်ဆယ်, လက္ခဏာတော်ငယ်တို့ကို ဆောင်နိုင်တော်မူကြပါပေကုန်၏။

၁၃။ သဗ္ဗေ-ကြွင်းမဲ့ဉဿုံ, အလုံးစုံကုန်သော၊ တေ မုနိကုဉ္ဇရာ-မုနိထွတ်ထား, ထို မြတ်စွာဘုရားတို့သည်၊ ဗျာမပ္ပဘာယ-ရောင်ဝါတင့်ရွှန်း, ရောင်ခြည်ဝန်းဖြင့်၊ သုပ္ပဘာ-တင့်တယ်ပေသည့်, ရောင်ခြည်တော် ရှိကြကုန်၏၊ သဗ္ဗညုနော-ကြွင်းမဲ့ဉဿုံ, တရားစုံကို, အကုန်သိမြင် သဗ္ဗညုဖြစ်တော်မူကြကုန်သော၊ သဗ္ဗေ-ကြွင်းမဲ့ဉဿုံ, အလုံးစုံကုန်သော၊ ဧတေ ဗုဒ္ဓါ-ထို ရှင်တော်မြတ်ဘုရားတို့သည်၊ ခီဏာသဝါ-ကုန်ပြီးလေသည့်, အာသဝေါရှိကြကုန်သော၊ ဇိနာ-ငါးမာရ်အောင်ပြီး, ဇိနချည်းသာ, ဖြစ်တော်မူကြပါပေကုန်၏၊

၁၄။ ဧတေဗုဒ္ဓါ-ထိုမြတ်စွာဘုရားတို့သည်၊ မဟာပဘာ-ကိုယ်တော် အရောင်, ဉာဏ်တော်ရောင်တို့, ဝင်းပြောင်ထိန်ဝင်း, ထူးသော အရောင်အလင်း ရှိတော်မူကြကုန်၏၊ မဟာတေဇာ-အံ့ချီးမကုန်, ဂုဏ်တော်စုံဖြင့်, အဖုံဖုံ အဝဝ, ကြီးကျယ်သော တန်ခိုးရှိတော်မူကြပေကုန်၏၊ မဟာပညာ-ကြီးကျယ်လှစွာ ဉာဏ်ပညာ ရှိတော်မူကြပေကုန်၏၊ မဟဗ္ဗလာ-ကိုယ်အား ဉာဏ်အား, နှစ်မျိုး ပြားသည့်, ကြီးမားသော စွမ်းအားရှိတော်မူကြပေကုန်၏၊ မဟာကာရုဏိကာ-သတ္တဝါများ, လွန်သနားသည့်, ကြီးမားသော မဟာကရုဏာတော် ရှိတော်မူကြပါပေကုန်၏၊ ဓိရာ-ခိုင်မြဲတည်ကြည်သည့်, သမာဓိ ရှိတော်မူကြပါပေကုန်၏၊ သဗ္ဗေသာနံ-လုံးစုံများစွာ, သတ္တဝါတို့၏၊ သုခါဝဟာ-ကိုယ်စိတ်နှစ်ဖြာ, လွန်ချမ်းသာအောင်, ရွက်ဆောင်တော်မူနိုင်ကြပါပေကုန်၏။

၁၅။ ဧတေဗုဒ္ဓါ-ထိုမြတ်စွာဘုရားတို့သည်၊ ပါဏိနံ-သတ္တဝါအပေါင်းတို့၏၊ ဒီပါ စ-ကျွန်းကြီးသဖွယ်, မှီတွယ်ရာလည်း,

ဖြစ်တော်မူကြပါပေကုန်၏၊ နာထာ စ-ကိုးကွယ် အားထားရာလည်း ဖြစ်တော်မူကြပါပေကုန်၏၊ ပတိဋ္ဌာ စ-ထောက်ရာ တည်ရာ, ဖြစ်တော်မူကြပါပေကုန်၏၊ တာဏာ စ-သံသရာဝဋ်, ဘဝညွတ်မှ, လွတ်မြောက်ရအောင်, ကယ်တင် စောင့်ရှောက်တော်မူကြပါပေကုန်၏၊ လေဏာ စ-ကိုးကွယ်လဲလျောင်း, ပုန်းအောင်းရာလည်း ဖြစ်တော်မူကြပါပေကုန်၏၊ ဗန္ဓု စ-မိတ်ဆွေကောင်း အတူ, ဖြစ်တော်မူကြပါပေကုန်၏၊ မဟေဿာသာ စ-ထူးမြတ်လှစွာ, ထောက်ရာ တည်ရာနှင့်, မှီခိုရာလည်း ဖြစ်တော်မူကြပါပေကုန်၏၊ သရဏာ စ-ဆင်းရဲကိုဖျောက်, ချမ်းသာရောက်အောင်, စောင့်ရှောက်တော်မူကြပါပေကုန်၏၊ ဟိတေသိနော-စီးပွားကိုသာ, ရှာမှီးတော်မူကြပါပေကုန်၏၊

၁၆။ သဗ္ဗေ-ကြွင်းမဲ့ဥသုံ, အလုံးစုံကုန်သော၊ ဧတေ ဗုဒ္ဓါ-ထို ရှင်တော်မြတ် ဘုရားတို့သည်၊ သဒေဝကဿ-နတ်နှင့် တကွ ဖြစ်သော၊ လောကဿ-သတ္တဝါ အပေါင်း၏၊ ပရာယဏာ စ-ထူးမြတ်လှစွာ, မှီခိုဆည်း ကပ်ရာလည်း ဖြစ်တော်မူကြပါပေကုန်၏၊ ပုရိသုတ္တမေ-ဂုဏ်တော် အရပ်, ကဲလွန်လတ်၍, ယောက်ျားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားတို့ကို လည်းကောင်း၊ တေသံ-ထို ရှင်တော်မြတ်ဘုရားတို့၏၊ ပါဒေ စ-ခြေတော် အစုံ, ကြာပဒုံတို့ကို လည်းကောင်း၊ အဟံ-အကျွန်ုပ်သည်၊ သိရသာ-ဦးခေါင်း ရတနာ, မြတ်အင်္ဂါဖြင့်၊ ဝန္ဒာမိ-ရိုသေမြတ်နိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

၁၇။ အဟံ-အကျွန်ုပ်သည်၊ ဧတေ တထာဂတေ-ထိုရှင်တော် မြတ်ဘုရားတို့ကို၊ သယနေ စ-ထိုင်ရပ်သွားလာ, မပြုပါဘဲ, အိပ်ရာဝယ်စောင်း, လျောင်း၍နေရာ အခါ၌ လည်းကောင်း၊ အာသနေ-မသွား မလာ, တစ်နေရာ၌, ကောင်းစွာ မသွေ, ထိုင်နေရာ အခါ၌ လည်းကောင်း၊ ဌာနေ-ထိုထို့ကြ့ကြ့, အရပ်ဆီသို့, မလည် မပတ်, မတ်မတ်ရပ်၍, နေရာအခါ၌ လည်းကောင်း၊ ဂမနေစာပိ-ထိုထို့ကြ့ကြ့, အရပ်ဆီသို့, လှည့်လည်ကူးကာ, သွားလာ၍ နေရာ အခါ၌ လည်းကောင်း၊ သဗ္ဗဒါ-နေ့ရော ညပါ, အခါ ခပ်သိမ်း၊ ဝစသာစေဝ-နှုတ်ဖြင့် လည်းကောင်း၊ မနသာ စ-စိတ်ဖြင့် လည်းကောင်း၊ ဝန္ဒာမိ-ရိုသေမြတ်နိုး, လက်စုံမိုး၍, ရှိခိုးပါ၏ အရှင်ဘုရား။

၁၈။ သန္တိကရာ-ဒုက္ခခပ်သိမ်း, ချုပ်ပြတ်ငြိမ်းအောင်, အေးငြိမ်းမှုကို, ပြုတော်မူကြကုန်သော၊ ဗုဒ္ဓါ-ရှင်တော်မြတ်ဘုရားတို့သည်၊ တုဝံ-သင့်ကို၊ သဒါ-နေ့ရော ညဉ့်ပါ, အခါခပ်သိမ်း၊ သုခေန-ကိုယ် စိတ်နှစ်ဖြာ, ချမ်းသာရေးဖြင့်၊ ရက္ခန္တု-စောင့်ရှောက်တော်မူကြပါစေကုန်သတည်း၊ တေဟိ-ထိုရှင်တော်မြတ်ဘုရားတို့သည်၊ ရက္ခိတော-ချမ်းသာရောက်အောင်, စောင့်ရှောက်အပ်သည်၊ သန္တော-ဖြစ်သော၊ တုံ-သင်သည်၊ သဗ္ဗဘယေဟိ စ-ဘေးရန်ခပ်သိမ်းတို့မှလည်း၊ မုတ္တော-လုံးဝသန့်ရှင်း, လွတ်ကင်းရသည်၊ (ဘဝ-ဖြစ်ပါစေသတည်း)။

၁၉။ တုဝံ-သင်သည်၊ သဗ္ဗရောဂါ-လုံးစုံများစွာ, ရောဂါမှန်သမျှမှ၊ ဝိနိမုတ္တော စ-လုံးဝသန့်ရှင်း, အထူး လွတ်ကင်းရသည် လည်း

ကောင်း၊ သဗ္ဗသန္တာပဝဒ္ဓိတော စ-ပ္ပပန်ခပင်း, မရောက်လျင်းအောင်, ရှောင်ကွင်းအပ်သည် လည်းကောင်း၊ သဗ္ဗဝေရံ-ဘေးအန္တ ရာယ်, ရန်စွယ်မှန်သမျှကို၊ အတိက္ကန္တော-ကျော်လွှားလွန်မြောက်ရသည် လည်းကောင်း၊ (ဟုတွာ-ဖြစ်၍)၊ နိဗ္ဗုတော စ-ဆင်းရဲခပ်သိမ်း, အေးငြိမ်းသည်လည်း၊ ဘဝ-ဖြစ်ပါစေသတည်း၊

၂၀။ တေသံ-ထိုရှင်တော်မြတ်ဘုရားတို့၏၊ သစ္စေန စ-သစ္စာတော်ဖြင့် လည်းကောင်း၊ သီလေန စ-သီလတော်ဖြင့် လည်းကောင်း၊ ခန္တီမေတ္တာဗလေန စ-ခန္တီ, မေတ္တာတရားတို့၏ စွမ်းပကားဖြင့် လည်းကောင်း၊ တေပိ-ထိုရှင်တော်မြတ်ဘုရားတို့သည်လည်း၊ အမှေ-ငါတို့ကို၊ (တုမှေ-သင်တို့ကို)၊ အရောဂေန စ-ရောဂါ ကင်းရှင်းခြင်း အားဖြင့် လည်းကောင်း၊ သုခေန စ-ကိုယ်ရော စိတ်ပါ, ချမ်းသာခြင်းအားဖြင့် လည်းကောင်း၊ အနုရက္ခန္တု-အစဉ်မသွေ, စောင့်ရှောက်တော် မူကြပါစေကုန်သတည်း၊

၂၁။ ပုရတ္ထိမသို့ ဒိသာဘာဂေ-အရှေ့ခေါ်ရာ, အရပ်မျက်နှာ၌၊ မဟိဒ္ဓိကာ-ကြီးမားသော တန်ခိုးရှိကြကုန်သော၊ ဘူတာ-ဂန္ဓဗ္ဗဟု, ခေါ်အပ် ထင်ရှား, နတ် အများတို့သည်၊ သန္တိ-ထင်ရှား မသွေ, ရှိကြလေကုန်၏၊ တေပိ-ထို ဂန္ဓဗ္ဗဟု, ခေါ်အပ်ထင်ရှား, နတ်အများတို့သည်လည်း၊ အမှေ-ငါတို့ကို၊ (တုမှေ-သင်တို့ကို)၊ အရောဂေန စ-လည်းကောင်း၊ သုခေန စ-လည်းကောင်း၊ အနုရက္ခန္တု-အစဉ်မသွေ, စောင့်ရှောက်တော်မူကြပါစေကုန်သတည်း၊

၂၂။ ဒက္ခိဏာသို့ ဒိသာဘာဂေ-တောင်ဘက် ခေါ်ရာ, အရပ်မျက်နှာ၌၊ မဟိဒ္ဓိကာ-သော၊ ဒေဝါ-ကုမ္ဘဏ်ခေါ်ငြား, နတ်အများတို့သည်၊ သန္တိ-၏၊ တေပိ-ထို ကုမ္ဘဏ်ခေါ်ငြား, နတ်အများတို့သည်လည်း၊ အမှေ-တို့ကို၊ (တုမှေ-သင်တို့ကို)၊ အရောဂေန စ-လည်းကောင်း၊ သုခေန စ-လည်းကောင်း၊ အနုရက္ခန္တု-အစဉ်မသွေ, စောင့်ရှောက်တော်မူကြပါစေကုန်သတည်း၊

၂၃။ ပစ္ဆိမသို့ ဒိသာဘာဂေ-အနောက်ခေါ်ရာ, အရပ်မျက်နှာ၌၊ မဟိဒ္ဓိကာ-သော၊ နာဂါ-နဂါးတို့သည်၊ သန္တိ-၏၊ တေပိ-ထို နဂါးတို့သည်လည်း၊ အမှေ-တို့ကို၊ (တုမှေ-သင်တို့ကို)၊ အရောဂေန စ-လည်းကောင်း၊ သုခေန စ-လည်းကောင်း၊ အနုရက္ခန္တု-တည်း၊

၂၄။ ဥတ္တရသို့ ဒိသာဘာဂေ-မြောက်ဘက် ခေါ်ရာ, အရပ်မျက်နှာ၌၊ မဟိဒ္ဓိကာ-သော၊ ယက္ခာ-ဘီလူးတို့သည်၊ သန္တိ-၏၊ တေပိ-ဘီလူးတို့သည်လည်း၊ အမှေ-တို့ကို၊ (တုမှေ-သင်တို့ကို)၊ အရောဂေန စ-လည်းကောင်း၊ သုခေန စ-လည်းကောင်း၊ အနုရက္ခန္တု-တည်း၊

၁၅။ ပုရတ္ထိမေန-အရှေ့ခေါ်ရာ, အရပ်မျက်နှာ၌၊ ဓတရဋ္ဌော-ဓတရဋ္ဌ, မည်ရထင်လင်း, နတ်မင်းကြီးသည်၊ အတ္ထိ-ရှိ၏၊ ဒက္ခိဏေန-တောင်ဘက်ခေါ်ရာ, အရပ်မျက်နှာ၌၊ ဝိရူဠကော-ဝိရူဠက, မည်ရထင်လင်း, နတ်မင်းကြီးသည်၊ အတ္ထိ-ရှိ၏၊ ပစ္ဆိမေန-အနောက်ခေါ်ရာ, အရပ်မျက်နှာ၌၊ ဝိရူပက္ခော-ဝိရူပက္ခ, မည်ရ ထင်လင်း,

နတ်မင်းကြီးသည်၊ အတ္ထိ-၏၊ ဥတ္တရဒိသံ-မြောက်ဘက် ခေါ်ရာ, အရပ်မျာက်နှာ၌၊ ကုဝေရော-ကုဝေရဟု, မည်ရထင်လင်း, နတ်မင်းကြီးသည်၊ (အတ္ထိ-၏)။

၂၆။ စတ္တာရော-လေးယောက်ကုန်သော၊ တေ မဟာရာဇာ-ထို နတ်မင်းကြီးတို့သည်၊ လောကပါလာ-ကမ္ဘာလောကကို စောင့်ရှောက်ကြပေကုန်၏၊ ယသသိနော-များသော အခြံအရံ ရှိကြကုန်၏၊ တေပိ-လောကစောင့်ငြား ထို နတ်မင်းကြီး လေးပါးတို့သည်လည်း၊ အမှေ-ငါတို့ကို၊ (တုမှေ-တို့ကို)၊ အရောဂေန စ-ဖြင့်လည်းကောင်း၊ သုခေန စ-ဖြင့် လည်းကောင်း၊ အနုရက္ခန္တု-သတည်း၊

၂၇။ အာကာသဋ္ဌာ-ဟင်းလင်း အပြင်၌၌, အစဉ် တည်နေကြကုန်သော၊ မဟိဒ္ဓိကာ-သော၊ ဒေဝါ စ-နတ်တို့သည် လည်းကောင်း၊ ဘူမဋ္ဌာ-မြေကြီး၌မှီ, တည်နေကြကုန်သော၊ မဟိဒ္ဓိကာ-သော၊ ဒေဝါ စ-လည်းကောင်း၊ နာဂါ-နဂါးတို့သည် လည်းကောင်း၊ သန္တိ-ရှိကုန်၏၊ တေပိ-ထို နတ်, နဂါးတို့သည်လည်း၊ အမှေ-ငါတို့ကို၊ (တုမှေ-တို့ကို)၊ အရောဂေန စ-ဖြင့် လည်းကောင်း၊ သုခေန စ-ဖြင့် လည်းကောင်း၊ အနုရက္ခန္တု-သတည်း၊

၂၈။ ဣဓသောသနေ-ဗုဒ္ဓမြတ်စွာ, ဤသာသနာတော်၌၊ ဝသန္တာ-နေကြကုန်သော၊ ဣဒ္ဓိမန္တော-လွန်ကဲသော တန်းခိုး, ရှိကြကုန်သော၊ ယေ ဒေဝါ စ-အကြင် နတ်တို့သည်လည်း၊ (သန္တိ-ရှိကြပေကုန်၏)၊ တေပိ-တန်ခိုးကြီးမား ထို နတ်အများတို့သည်လည်း၊ အမှေ-

ငါတို့ကို၊ (တုမှေ-တို့ကို)၊ အရောဂေန စ-ဖြင့် လည်းကောင်း၊ သုခေန စ-ဖြင့် လည်းကောင်း၊ အနုရက္ခန္တု-သတည်း၊

၂၉။ သဗ္ဗီတိယော-လုံးစုံ များပြား, ဘေးရန်အန္တရာယ် အများတို့သည်၊ ဝိဝဇ္ဇန္တု-ကွင်းဖယ် ထွက်သွား, ရှောင်ရှား ကြပါစေကုန်သတည်း၊ သောကော-ဝမ်းနည်းခြင်းသည် လည်းကောင်း၊ ဝါ-စိုးရိမ် ပူပန်ခြင်းသည် လည်းကောင်း၊ ရောဂေါ-အနာရောဂါအမျိုးမျိုးသည် လည်းကောင်း၊ ဝိနဿတု-မကျမရောက်, ကင်းပျောက်ပါစေသတည်း၊ တေ-သင့်အား၊ အန္တရာယာ-ဘေးရန်အန္တရာယ် ဟူသမျှတို့သည်၊ မာဘဝန္တု-မဖြစ်ပါစေကုန်သတည်း၊ တွံ-သင်သည်၊ သုခီ-ကိုယ်ရော စိတ်ပါ, ချမ်းသာခြင်းရှိသည် ဖြစ်၍၊ ဒီဃာယုကော-ရှည်သောအသက် ရှိသည်၊ ဘဝ-ဖြစ်ပါစေသတည်း၊

၃၀။ အဘိဝါဒနသီလိဿ-ရှိခိုးလေ့ရှိထသော၊ နိစ္စံ-အမြဲမပြတ်၊ ဝုမှာပစာယိနော-အသက် သိက္ခာ, ဂုဏ်ဝါကဲပြူ, မိမိထက် ကြီးသူတို့ကို, ရှိသေသမှု, ပြုလေ့ရှိသူအား၊ အာယု-အသက်သည် လည်းကောင်း၊ ဝဏ္ဏော-ကြည်လည်သန့်ရှင်း, ရုပ်ရည် အဆင်းသည် လည်းကောင်း၊ သုခံ-ကိုယ်ရော စိတပါ, ချမ်းသာခြင်းသည် လည်းကောင်း၊ ဗလံ-ကိုယ်အား ဉာဏ်အား, စွမ်းပကားသည် လည်းကောင်း၊ စတ္တာရော-လေးပါးကုန်သော၊ ဓမ္မာ-အကျိုးတရားတို့သည်၊ ဝမုန္တိ-တစ်နေ့ တခြား, တိုးပွားကြလေကုန်၏။

အာဋာနာဋိယသုတ်နိဿယပြီး၏။

၉။ အဂ်ုလိမာလသုတ်နိဿယ

တိုက်တွန်းချက်

၁။ ယံ ပရိတ္တံ-အဂ်ုလိမာလခေါ်, အကြင် ပရိတ်တော်ကို၊ ဘဏန္တသ-ရွတ်ဆိုသော ပုဂ္ဂိုလ်၏၊ နိသိန္နဋ္ဌာနဓောဝနံ-ထိုင်နေရာ အရပ်ကို ဆေးကြောကြောင်း ဖြစ်သော၊ ဥဒကမ်ပိ-ရေသော်မှလည်း၊ သဗ္ဗမေဝပရိဿယံ-အလုံးစုံသော ဘေးရန်ကိုပင်၊ ဝိနာသေတိ-ဖျက်ဆီး နိုင်၏။

၂။ ယဉ္စ-ယင်း အဂ်ုလိမာလပရိတ်တော်သည်ပင်၊ သောတ္ထိနာ-ချမ်းသာသဖြင့်၊ ဂဗ္ဘဝုဋ္ဌာနံ-ကိုယ်ဝန်မှ ထမြောက် မွေးဖွားခြင်းကို၊ တန်ဏော-တစ်ခဏချင်းအားဖြင့်၊ သာဓေတိ-ပြီးစေနိုင်၏၊ အဂ်ုလိမာလဿ-အဂ်ုလိမာလမည်တော်မူသော၊ ထေရဿ-မဟာထေရ်အား၊ လောကနာထေန-လောကထွတ်ထား, မြတ်ဘုရားသည်၊ ဘာသိတံ-ဟောတော်မူအပ်သော၊ ကပ္ပဋ္ဌာယိံ-ကမ္ဘာဆုံးတိုင် တည်တံ့နိုင်သော၊ မဟာတေဇံ-ကြီးမားလှသည့်, အစွမ်းသတ္တိရှိသော၊ တံ ပရိတ္တံ-ထို အဂ်ုလိမာလခေါ်, ပရိတ်တောကို၊ ဟေ-အိုသူတော်ကောင်းတို့၊ (မယံ-ငါတို့သည်၊) ဘဏာမ-ရွတ်ဆိုကြကုန်စို့။

၃။ ဘဂိနိ-နှမ၊ အဟံ-ငါသည်၊ ယတော-အကြင် အခါမှစ၍၊ အရိယာယဇာတိယာ-မြတ်စွာဘုရား၏, အရိယာဇာတ် အားဖြင့်၊ ဇာတော-ဖြစ်ခဲ့ပြီ၊ (တတော-ထို အခါမှ၊ ပဋ္ဌာယ-စ၍၊) ပါဏံ-အသက်ရှိသော သတ္တဝါတစ်ဦး တစ်ယောက်ကို၊ သဉ္စိစ္စ-

သေစေလိုသော စေတနာနှင့်တကွ စေ့ဆော်ကြိုးကုတ်, အားထုတ်၍၊ ဇီဝိတာ-ဇီဝိတိန္ဒြေမှ၊ ဝေါရောပေတာ-ခွင်းခဲ့ဖူးသည်, ဖျက်ဆီးခဲ့ဖူးသည်ကို၊ ၊ နာဘိဇာနာမိ-တစ်ခါဘူးမျှ, မသိရပါ၊ ဇေတန သစ္စေန-ထို မှန်ကန်တဲ့ သစ္စာ စကားကြောင့်၊ တေ-သင် နှမ၏၊ သောတ္ထိ-ဘေးရန် အန္တရာယ် ကင်း၍ ချမ်းသာခြင်းသည်၊ ဟောတု-ဖြစ်စေသတည်း၊ ဂဗ္ဘသ-ကိုယ်ဝန်သူငယ်၏၊ သောတ္ထိ-ကျန်းမာ ချမ်းသာခြင်းသည်၊ ဟောတု-ဖြစ်ပါစေသတည်း။

အဂ်ုလိမာလသုတ်နိဿယပြီး၏။

၁၀။ ဗောဇ္ဈင်သုတ်နိဿယ

တိုက်တွန်းချက်

၁-၂။ သံသာရေ-ဘဝများစွာ, သံသရာကြီးထဲ၌၊ သံသရန္တာနံ-တစ်ဘဝမှ, တစ်ဘဝသို့, ကျင်လည်နေကြကုန်သော, သူရော ကိုယ်ပါ, သတ္တဝါ ဟူသမျှတို့၏၊ သဗ္ဗဒုက္ခဝိနာသနေ-အလုံးစုံသော ဝဋ်ဒုက္ခကို, ပယ်ဖျောက်နိုင်ကုန်ထသော၊ မာရသေနာပမဒ္ဒနေ-မာရ်နတ်မင်း၏ ကိလေသာ စစ်တပ်ကို နှိမ်နင်းနိုင်ကုန်ထသော၊ ဗောဇ္ဈင်္ဂေ-သစ္စာလေးပါးတရားကို သိတတ်သော အရဟတ္တမဂ်ဉာဏ်၏ အကြောင်းဖြစ်ကုန်သော၊ သတ္တဓမ္မေ-ခုနစ်ပါးသော ဗောဇ္ဈင်တရားတို့ကို၊ ဗုဇ္ဈိတွာ-ကောင်းမွန်စွာ သိကြပြီး၍၊ ဝါ-သိကြခြင်းကြောင့်၊ ယေ ဣမေ သတ္တာ-အကြင် သတ္တဝါတို့သည်၊ ဥတ္တမာ-

မွန်မြတ်သော ပုဂ္ဂိုလ်တို့သည်၊ (ဟုတ္တာ-ဖြစ်၍၊) တိဘဝါ-ကာမရူပ၊ အရူပဟု, သုံးမျိုးသော ဘဝမှ၊ မုတ္တကာ-လွတ်မြောက်ကြလေကုန်ပြီ၊ (တေ-ထို သံသရာ ဒုက္ခမှ, လွတ်မြောက်ကြသော ဘုရား ပစ္စေကဗုဒ္ဓါ, အရိယာသာဝကတို့သည်၊) အဇာတိ-ပဋိသန္ဓေ, တည်နေရ ခြင်းလည်း မရှိထသော၊ အဇရံ-ရွတ်တွယိုယွင်း, အိုမင်း ရခြင်းလည်း မရှိထသော၊ အဗျာဓိ-မကျန်းမမာ ဖျားနာရခြင်းလည်း မရှိထသော၊ အမတံ-သေရခြင်းလည်း မရှိထသော၊ နိဗ္ဘယံ-ဘေးမရှိသော နိဗ္ဗာန်သို့၊ ဂတာ-အာရုံပြုသောအားဖြင့် ရောက်သွားကြလေကုန်ပြီ၊ ဝါ-ပရိနိဗ္ဗာန်စံသော အားဖြင့် ရောက်သွားကြလေကုန်ပြီ။

၃။ ဧဝမာဒိဂုဏ္ဏပေတံ-သံသရာဝဋ်ဒုက္ခမှ, လွတ်မြောက်၍, နိဗ္ဗာန်ရခြင်း တည်းဟူသော အကျိုးဂုဏ်တို့နှင့်လည်းပြည့်စုံထသော၊ အနေကဂုဏသင်္ဃံ-အမျိုးမျိုးသော ဂုဏ်တို့ကို, သိမ်းကျုံး၍လည်း ယူနိုင်ထသော၊ ဩသဓဥ-မကျန်းမမာ, ဖျားနာသူတို့ အတွက်, ဆေးဝါးကောင်းလည်း ဖြစ်ပေထသော၊ မန္တံ စ-မကျန်းမမာ, ဖျားနာသူတို့အတွက်, မန္တ ရားလည်း ဖြစ်ပေထသော၊ ဣမံဗောဇ္ဈင်္ဂံ-ဤဗောဇ္ဈင်မည်သော တရားကို၊ ဟေ-အို.....သူတော်ကောင်းတို့၊ (မယံ-ငါတို့သည်၊) ဘဏာမ-ညီညာညာဖြဖြ, ရွတ်ဆိုကြပါကုန်စို့။

၄-၅-၆။ သတိသခ်ါတော ဗောဇ္ဈင်္ဂေါ-သတိဆိုအပ်, ဗောဇ္ဈင် တရားတော်မြတ် လည်းကောင်း၊ ဓမ္မာနံ ဝိစယော-ဓမ္မဝိစယဗောဇ္ဈင် လည်းကောင်း၊ တထာ-ထို မှတစ်ပါး၊ ဝိရိယံ-ဝိရိယ ဗောဇ္ဈင်

လည်းကောင်း၊ ပီတိပဿဒ္ဓိဗောဇ္ဈင်္ဂေါ-ပီတိဗောဇ္ဈင်, ပဿဒ္ဓိဗောဇ္ဈင်တို့ လည်းကောင်း၊ တထာပရေ-ထိုမှ တစ်ပါးကုန်သော၊ သမာဓိဗောဇ္ဈင်္ဂေါ-သမာဓိဗောဇ္ဈင်, ဥပေက္ခာဗောဇ္ဈင်တို့ လည်းကောင်း၊ ဣတိ-ဤသို့၊ သဗ္ဗဒသိနာ-အလုံးစုံကို သိမြင်တော်မူသော၊ မုနိနာ-ဘုရားရှင်သည်၊ သမ္မ (သမ္မာ)-ရွေဉာဏ်တော်ဖြင့် ပိုင်းဖြတ်၍ အကောင်းမြတ်ဆုံး ဖြစ်ရလေအောင်၊ အက္ခာတာ-ဟောပြတော်မူအပ်ကုန်သော၊ ဧတေသတ္တ-ဤ ခုနစ်ပါးသော ဗောဇ္ဈင်တရားတို့သည်၊

ဘဝိတာ-မိမိတို့သန္တာန်၌ ဖြစ်စေအပ်ကုန်သည် ရှိသော်၊ ဗဟုလီကတာ-ကြိမ်ဖန်များစွာ, အလေ့အလာ ပြုအပ်ကုန်သည် ရှိသော်၊ အဘိညာယ-သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ လည်းကောင်း၊ နိဗ္ဗာနာယ စ-ရုပ်နာမ်ခပ်သိမ်းတို့၏ အေးငြိမ်းရာ နိဗ္ဗာန်အကျိုးငှာ လည်းကောင်း၊ ဗောဓိယာ-မဂ်ဉာဏ် အကျိုးငှာ လည်းကောင်း၊ သံဝတ္တန္တိ-စင်စစ်ဧကန်, အမှန်ပင် ဖြစ်နိုင်ပါပေကုန်၏၊ ဧတေန သစ္စဝဇ္ဇေန-မှန်ကန်လှစွာ ဤဝစီ သစ္စာကြောင့်၊ တေ-သင့်အား၊ သဗ္ဗဒါ-နေ့ရောညဉ့်ပါ, အခါခပ်သိမ်း၊ သောတ္ထိ-ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာခြင်းသည်၊ ဟောတု-စင်စစ်မသွေ ဖြစ်ပါစေသတည်း။

၇။ ဧကသ္မိံ သမယေ-အခါတစ်ပါး၌၊ နာထော-သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ဂိလာနေ-

မကျန်းမမာကြကုန်သည် ဖြစ်၍၊ ဒုက္ခိတေ-ဒက္ခ ရောက်ရှ
ကုန်သော၊ မောဂ္ဂလ္လာနဉ္စ-လက်ဝဲတော်ရံ၊ အရှင်မောဂ္ဂလာန် မ
မြတ်ကို လည်းကောင်း၊ ကဿပဉ္စ-ရတ္တညှ မဟတ္တ, ဇေတဝဂ်ရှ
ဓုတင်တေရသကို ဆောင်နိုင်သော အရှင်မဟာကဿပ မထေရ်မြ
ကို လည်းကောင်း၊ ဒိသွာ-မြင်တော်မူ၍၊ သတ္တ ဗောဇ္ဈင်္ဂ-ခုနစ်
သော, ဗောဇ္ဈင်တရားတို့ကို၊ အဒေသယိ-ဟောတော်မူခဲ့လေ

၈။ တေစ-ထို အရှင်မောဂ္ဂလာန် မထေရ်မြတ်, အရှင် မ
ကဿပ မထေရ်မြတ်တို့သည်လည်း၊ တံ-ထို ဘုရားရှင်ဟော
မူအပ်သော, ဗောဇ္ဈင်ခုနစ်ပါး တရားတော်ကို၊ အဘိနန္ဒိတွာ-လွန်
မင်းမင်း, နှစ်သက်တော်မူကြခြင်းကြောင့်၊ တခ်ဏေ-မြတ်စွာဘုရ
တရားဟောတော်မူရာ, ထိုခဏ၌၊ ရောဂါ-မကျန်းမမာ, ဖျ
နေသော ရောဂါမှ၊ မုစ္စိ်သု- လွတ်မြောက်ကြရဖူးကုန်ပြီ၊

ဇေတေန သစ္စဝဇ္ဇေန-ဤကဲ့သို့ မှန်ကန်သော သစ္စာစက
ပြောဆိုရခြင်းကြောင့်၊ တေ-ရတနာသုံးပါးကို, ယုံကြည်အား
နေသော သင် (ဒါယကာကြီး) အား၊ သဗ္ဗဒါ-နေ့ရော
အခါခပ်သိမ်း၊ သောတ္ထိ-ကိုယ် စိတ်နှစ်ဖြာ, ချမ်းသာခြင်း
ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၉-၁၀။ ဇေဒါ-အခါတစ်ပါး၌၊ ဓမ္မရာဇာပိ-တရားမင်း
သော်မှလည်း၊ ဂေလညေန-မကျန်းမမာ, ဖျားနာခြင်း ရောဂါ

အဘိပီဠိတော-နှိပ်စက်တော်မူအပ်သည် ဖြစ်၍၊ စုန္ဒတ္ထေရေန-အရှင်
စုန္ဒမဟာထေရ်ကို၊ တံယေဝ ဗောဇ္ဈင််-ထိုဗောဇ္ဈင် ခုနစ်ပါး,
မြတ်တရားကိုပင်၊ သာဒရံ-ရိုသေလေးမြတ်စွာ၊ ဘဏာပေတွာ-
မြတ်စွာဘုရား, ထံတော်ပါး၌, ရွတ်ပွားစေပြီး၍၊ သမ္မောဒိတွာန-
မြတ်စွာဘုရား ကိုယ်တော်တိုင် ဝမ်းမြောက်တော်မူလှသည် ဖြစ်၍၊
တမှာ အာဗာဓာ-ထို မကျန်းမမာ, ဖျားနာရင်းစွဲဖြစ်သော ရောဂါမှ၊
ဌာနသော-တစ်ခဏချင်းအားဖြင့်၊ ဝုဋ္ဌာသိ-ထမြောက် လွတ်ကင်း
တော်မူလေပြီ၊ ဇေတေန သစ္စဝဇ္ဇေန-ဤကဲ့သို့ မှန်ကန်သော သစ္စာ
စကားကို ပြောဆိုရခြင်းကြောင့်၊ တေ-ရတနာသုံးပါးကို, ယုံကြည်
အားထား၍ နေသော သင် (ဒါယကာကြီး) အား၊ သဗ္ဗဒါ-နေ့ရော
ညပါ, အခါခပ်သိမ်း၊ သောတ္ထိ-ကိုယ် စိတ်နှစ်ဖြာ, ချမ်းသာခြင်း
သည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၁၁။ မဂ္ဂဟတာ-အရိယာမဂ်, ဉာဏ်လက်နက်ဖြင့်, ပယ်ဖျက်
အပ်ပြီးကုန်သော၊ ကိလေသာ-တစ်ထောင်ငါးရာ, ကိလေသာတို့
သည်၊ အနုပ္ပတ္တိဓမ္မတံ-တစ်ဖန်ထပ်ကာ, မဖြစ်လာခြင်း သဘော
ရှိကုန်သင်၏ အဖြစ်သို့၊ ပတ္တာဂ္ဂဝ-စင်စစ်မုချ, ရောက်ရကုန်သကဲ့
သို့၊ (တထာ-ထို့ အတူ)၊ တိဏ္ဏန္နမ်ဂ်-ရှင်တော်ဘုရား, ထေရ်နှစ်ပါး
နှင့်, သုံပါးလည်း ဖြစ်ကုန်သော၊ မဟေသီနံ-မဟာဏ္ဍသိ မုနိထွတ်
တင်, ထေရ်အရှင်တို့၏၊ ပဟီနာ-ဗောဇ္ဈင်ခုနစ်ပါး, မြတ်တရားဖြင့်,
ပယ်ရှားအပ်ပြီးကုန်သော၊ တေ အာဗာဓာ စ-ထိုသည့် ရောဂါ,
ဝေဒနာတို့သည်လည်း၊ (အနုပ္ပတ္တိဓမ္မတံ-တစ်ဖန်ထပ်ကာ, မဖြစ်လာ

ခြင်းသဘော ရှိကုန်သည်၏ အဖြစ်သို့၊ ပတ္တာ-မုချမသွေ, ရောက်ကြပေကုန်ပြီ၊) ဧတေန သစ္စဝဇ္ဇေန-ဤကဲ့သို့ မှန်ကန်သော သစ္စာစကားကို ပြောဆိုရခြင်းကြောင့်၊ တေ-ရတနာသုံးပါးကို ယုံကြည်အားထား၍ နေသော သင် (ဒါယကာကြီး) အား၊ သဗ္ဗဒါ-နေ့ရော ညဉ့်ပါ, အခါခပ်သိမ်း၊ သောတ္ထိ-ကိုယ် စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

ဗောဇ္ဈင်သုတ်နိဿယပြီး၏။

ပါဠိတော်ဗောဇ္ဈင်သုတ်နိဿယ

က။ ဥပါသကာ-ရတနာသုံးရပ်ကို, မပြတ်မလပ်, ဆည်းကပ်မြတ်နိုး, အားကိုးလေ့ရှိသော ဥပါသကာ ဒါယကာကြီး၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ သမ္မ (သမ္မာ)-ရွေဉာဏ်တော်ဖြင့် ပိုင်းဖြတ်၍ အကောင်းမြတ်ဆုံး ဖြစ်ရလေအောင်၊ အက္ခာတာ-ဟောပြတော်မူ အပ်ကုန်သော၊ သတ္တ-ခုနစ်ပါးကုန်သော၊ ဣမေ ဗောဇ္ဈင်္ဂါ-ဤဗောဇ္ဈင်တရားတို့သည်၊ ဘာဝိတာ-မိမိတို့သန္တာန်၌ ဖြစ်စေအပ်ကုန်သည် ရှိသော်၊ ဗဟုလီကတာ-ကြိမ်ဖန်များစွာ, အလေ့အလာ ပြုအပ်ကုန်သည် ရှိသော်၊ အဘိညာယ-သစ္စာလေးပါး တရားကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ လည်းကောင်း၊ သမ္မောဓာယ-မဖေါက်မပြန်, အမှန်အတိုင်း သိခြင်းငှာ လည်းကောင်း၊ နိဗ္ဗာနာယ-ရုပ်နာမ်ခပ်သိမ်းတို့၏ အေးငြိမ်းရာ နိဗ္ဗာန်အကျိုးငှာ လည်းကောင်း၊ သံဝတ္တန္တိ-စင်စစ်ဧကန်, အမှန်ပင် ဖြစ်နိုင်ပေကုန်၏။

ခ။ ကတမေ သတ္တ-အဘယ် ခုနစ်ပါးတို့နည်း ....။

၁။ ဥပါသက-ရတနာသုံရပ်ကို, မပြတ်မလပ်, ဆည်းကပ်မြတ်နိုး, အားကိုးလေ့ရှိသော ဒါယကာကြီး၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ သမ္မ(သမ္မာ)-ရွေဉာဏ်တော်ဖြင့် ပိုင်းဖြတ်၍ အကောင်းမြတ်ဆုံး ဖြစ်ရလေအောင်၊ အက္ခာတော-ဟောပြတော်မူ အပ်ခဲ့သော၊ သတိသမ္ဗောဇ္ဈင်္ဂေါ-မိမိ ရုပ် နာမ်, ခန္ဓာပေါင်း, သတိထား၍ ဆုရခြင်းဟူသော သတိသမ္ဗောဇ္ဈင်တရားသည်၊ ဘာဝိတော-မိမိတို့သန္တာန်၌ ဖြစ်စေအပ်သည် ရှိသော်၊ ဗဟုလီကတော-ကြိမ်ဖန်များစွာ, အလေ့အလာ ပြုအပ်သည် ရှိသော်၊ အဘိညာယ-သစ္စာလေးပါးတရားကို ထူးသောဉာဏ်ဖြင့်သိခြင်းငှာ လည်းကောင်း၊ သမ္မောဓာယ-မဖေါက်မပြန်, အမှန်အတိုင်း သိခြင်းငှာ လည်းကောင်း၊ နိဗ္ဗာနာယ-ရုပ် နာမ်ခပ်သိမ်းတို့၏ အေးငြိမ်းရာ နိဗ္ဗာန်အကျိုးငှာ လည်းကောင်း၊ သံဝတ္တတိ-စင်စစ်ဧကန်, အမှန်ပင် ဖြစ်နိုင်ပေ၏။

၂။ ဥပါသက-ဒါယကာကြီး၊ ဘဂဝတာ-သည်၊ သမ္မ(သမ္မာ)-ဖောင်၊ အက္ခာတော-သော၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ-ရုပ် နာမ်တရား

တို့ကို စိစစ်၍ နေရခြင်းတည်းဟူသော ဓမ္မဝိစယသမ္ဗောဇ္ဈင် တရား သည်၊ ဘာဝိတော-သော်၊ ဗဟုလီကတော-သော်၊ အဘိညာယ-ဌာလည်းကောင်း၊ သမ္မောဓာယ-ဌာလည်းကောင်း၊ နိဗ္ဗာနာယ-ဌာလည်းကောင်း၊ သံဝတ္တတိ-၏။

၃။ ဥပါသက-ဒါယကာကြီး၊ ဘဂဝတာ-သည်၊ သမ္မ(သမ္မာ)-အောင်၊ အက္ခာတော-သော၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ်-ကြိုးစား အားထုတ်ခြင်း ဟူသော ဝီရိယသမ္ဗောဇ္ဈင် တရားသည်၊ ဘာဝိတော-သော်၊ ဗဟုလီကတော-သော်၊ အဘိညာယ-ဌာလည်းကောင်း၊ သမ္မောဓာယ-ဌာလည်းကောင်း၊ နိဗ္ဗာနာယ-ဌာလည်းကောင်း၊ သံဝတ္တတိ-၏။

၄။ ဥပါသက-ဒါယကာကြီး၊ ဘဂဝတာ-သည်၊ သမ္မ(သမ္မာ)-အောင်၊ အက္ခာတော-သော၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ်-နှစ်သက်ခြင်း ဟူသော ပီတိသမ္ဗောဇ္ဈင် တရားသည်၊ ဘာဝိတော-သော်၊ ဗဟုလီကတော-သော်၊ အဘိညာယ-ဌာလည်းကောင်း၊ သမ္မောဓာယ-ဌာလည်းကောင်း၊ နိဗ္ဗာနာယ-ဌာလည်းကောင်း၊ သံဝတ္တတိ-၏။

၅။ ဥပါသက-ဒါယကာကြီး၊ ဘဂဝတာ-သည်၊ သမ္မ(သမ္မာ)-အောင်၊ အက္ခာတော-သော၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ်-ကိုယ်နှုတ် နှစ်ပါး၏ အေးငြိမ်းခြင်း ဟူသော ပဿဒ္ဓိ သမ္ဗောဇ္ဈင် တရားသည် ဘာဝိတော-သော်၊ ဗဟုလီကတော-သော်၊ အဘိညာယ-

ဌာလည်းကောင်း၊ သမ္မောဓာယ-ဌာလည်းကောင်း၊ နိဗ္ဗာနာယ-ဌာလည်းကောင်း၊ သံဝတ္တတိ-၏။

၆။ ဥပါသက-ဒါယကာကြီး၊ ဘဂဝတာ-သည်၊ သမ္မ(သမ္မာ)-အောင်၊ အက္ခာတော-ဟောပြတော်မူအပ်သော၊ သမာဓိသမ္ဗောဇ္ဈင်္ဂေါ်-စိတ်တည်ကြည် ခြင်းဟူသော သမာဓိသမ္ဗောဇ္ဈင် တရားသည်၊ ဘာဝိတော-သော်၊ ဗဟုလီကတော-သော်၊ အဘိညာယ-ဌာလည်းကောင်း၊ သမ္မောဓာယ-ဌာလည်းကောင်း၊ နိဗ္ဗာနာယ-ဌာလည်းကောင်း၊ သံဝတ္တတိ-၏။

၇။ ဥပါသက-ဒါယကာကြီး၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ သမ္မ(သမ္မာ)-ရွှေဉာဏ်တော်ဖြင့် ပိုင်းပြတ်၍ အကောင်းမြတ်ဆုံး ဖြစ်ရလေအောင်၊ အက္ခာတော-ဟောဖြတော်မူအပ်သော၊ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ်-လျစ်လျူရှုခြင်းဟူသော ဥပေက္ခာသမ္ဗောဇ္ဈင်တရား သည်၊ ဘာဝိတော-သော်၊ ဗဟုလီကတော-သော်၊ အဘိညာယ-ဌာလည်းကောင်း၊ သမ္မောဓာယ-ဌာလည်းကောင်း၊ နိဗ္ဗာနာယ-ဌာလည်းကောင်း၊ သံဝတ္တတိ-၏။

* ဥပါသက-ဥပါသကာ ဒါယကာကြီး၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ သမ္မ (သမ္မာ)-ရွှေဉာဏ်တော်ဖြင့် ပိုင်းဖြတ်၍ အကောင်းမြတ်ဆုံး ဖြစ်ရလေအောင်၊ အက္ခာတာ-ဟောပြတော်မူ အပ်ကုန်သော၊ ဤမေ သတ္တဗောဇ္ဈင်္ဂေါ်-ဤဗောဇ္ဈင်ခုနစ်ပါး မြတ်

တရား တို့သည်၊ ဘာဝိတာ-မိမိတို့ သန္တာန်၌ ဖြစ်စေအပ်ကုန်သည် ရှိသော်၊ ဗဟုလီကတာ-ကြိမ်ဖန်များစွာ, အလေ့အလာ ပြုအပ်ကုန်သည် ရှိသော်၊ အဘိညာယ-သစ္စာလေးပါးတရားကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှာ လည်းကောင်း၊ သမ္မောဓာယ-မဖေါက် မပြန်, အမှန်အတိုင်း သိခြင်းငှာ လည်းကောင်း၊ နိဗ္ဗာနာယ-ရုပ် နာမ် ခပ်သိမ်းတို့၏ အေးငြိမ်းရာ နိဗ္ဗာန် အကျိုးငှာ လည်းကောင်း၊ သံဝတ္တန္တိ-စင်စစ်ဧကန်, အမှန်ပင် ဖြစ်နိုင်ပေကုန်၏။

ပါဠိတော်ဗောဇ္ဈင်သုတ်နိဿယ

ပြီး၏။

— — — — — —

အမှာ။ ။ဤပါဠိတော် ဗောဇ္ဈင်ကို ရွတ်ရာ၌ ဒါယကာအတွက် "သတ္တိ.မေ ဥပါသက ဗောဇ္ဈင်္ဂါ" ဒါယိကာမ အတွက် "သတ္တိ.မေ ဥပါသိကေ" သီတင်းကြီး- ငယ် ရဟန်းသာမဏေများ အတွက်- "သတ္တိ.မေ ဘန္တေ" "သတ္တိ.မေ အာဝုသော ဗောဇ္ဈင်္ဂါ"ဟု ဆိုင်ရာ ထည့်၍ ရွတ်သင့်ပါသည်။

၁၁။ ပုဗ္ဗဏှသုတ်နိဿယ

တိုက်တွန်းချက်

၁။ ယံဒုန္နိမိတ္တဉ္စ-အကြင် မကောင်းသော အတိတ်နိမိတ်သည် လည်းကောင်း၊ ယံ အဝမင်္ဂလဉ္စ-အကြင် မကောင်း ဆိုးဝါးသော အမင်္ဂလာသည် လည်းကောင်း၊ အမနာပေါ-နှစ်သက်ဖွယ်မကောင်းသော၊ ယော သကုဏသသဒ္ဒေါ စ-အကြင် ငှက်ဆိုးသံသည် လည်းကောင်း၊ ယော ပါပဂ္ဃော စ-အကြင် မကောင်းသော ဂြိုဟ်စီး ဂြိုဟ်နင်းသည် လည်းကောင်း၊ အကန္တံ-နှစ်သက်ဖွယ် မကောင်းသော၊ ယံ ဒုဿုပိနဉ္စ-အကြင် မကောင်းသော အိပ်မက်ဆိုးသည် လည်းကောင်း၊ (အတ္ထိ-ရှိတတ်လေသေး၏၊ တေ-ထို မကောင်းဟူသမျှတို့သည်၊) ဗုဒ္ဓါနုဘာဝေန-မြတ်စွာဘုရား၏ တန်ခိုးရှိန်စောင့်, အာနုဘော်တော်ကြောင့်၊ ဝိနာသံ-ဘုရား တရား သံဃာကို အာရုံပြု၍ နေကြသော အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့ အတွက် ကင်းစင် လွင့်ပျောက်ခြင်းသို့၊ ဧန္တု-ရောက်ကြပါစေကုန်သတည်း။

၂။ ယံဒုန္နိမိတ္တဉ္စ-လည်းကောင်း၊ ယံ အဝမင်္ဂလဉ္စ-လည်းကောင်း၊ အမနာပေါ-သော၊ ယော သကုဏသသဒ္ဒေါ စ-လည်းကောင်း၊ ယော ပါပဂ္ဃော စ-လည်းကောင်း။ အကန္တံ-သော၊ ယံ ဒုဿုပိနဉ္စ-လည်းကောင်း၊ (အတ္ထိ-၏၊ တေ-သည်၊) ဓမ္မာနုဘာဝေန-တရားတော်တို့၏ တန်ခိုး ရှိန်စောင့်, အာနုဘော်တော်ကြောင့်၊ ဝိနာသံ-သို့၊ ဧန္တု-တည်း။

၃။ ယံဒုန္နိမိတ္တဥ္စ-လည်းကောင်း၊ ယံ အဝမင်္ဂလဥ္စ-ပညည်းကောင်း၊ အမနာပေါ-သော၊ ယော သကုဏသသဒ္ဒေါ စ-ပညည်းကောင်း၊ ယော ပါပဂ္ဂဟော စ-လည်းကောင်း။ အကန္တံ-သာ၊ ယံ ဒုဿုပိနဥ္စ-လည်းကောင်း၊ (အတ္ထိ-၏၊ တေ-သည်၊) ပံဃာနုဘာဝေန-အရိယာသံဃာတော်တို့၏ တန်ခိုး ရှိန်စော်, ဘာနုဘော်တော်ကြောင့်၊ ဝိနာသံ-သို့၊ ဧန္တု-တည်း။

၄။ သဗ္ဗေပိ-ကြွင်းမဲ့ဥသုံ, အလုံးစုံလည်း ဖြစ်ကုန်သော၊ ပါဏိ နာ-ရှိရှိသမျှ, သတ္တဝါဟူသမျှတို့သည်၊ ဒုက္ခပတ္တာ-မတော်တဆ ကွသို့ ရောက်နေကြကုန်သည်၊ (သမာနာ-ဖြစ်ကုန်သည်ရှိသော်၊) ဒ္ဒုက္ခာ-ဘုရား တရား သံဃာများ၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် ဆင်းရဲဒုက္ခ မရှိကြကုန်သည်၊ ဝါ-ဒုက္ခကင်းကြကုန်သည်၊ ဟာန္တု-ဖြစ်ကြပါစေကုန်သတည်း၊ ဘယပတ္တာ-မတော်တဆ, ဘးဘယသို့ရောက်၍ နေကြကုန်သည်ရှိသော်၊ နိဗ္ဘယာ စ-ဘေးရှိကြကုန်သည်လည်း၊ ဟောန္တု-တည်း၊ သောကပတ္တာ-ဝမ်းနည်းငှင်း တည်းဟူသော သောကသို့ ရောက်နေကြကုန်သည် ရှိသော်၊ သောကာ စ-သောကမရှိကြကုန်သည်လည်း၊ ဟောန္တု-သတည်း။

၅။ သဗ္ဗေဒေဝါ-အလုံးစုံ ဤနေရာသို့ ရောက်ရှိလာကြကုန်သော တ်ဖြဟ္မာ အပေါင်းတို့သည်၊ ဇေတ္တာဝတာ-ဤမြေ အတိုင်းအရှည် သော မကြာခဏ ရောက်၍ နေရတဲ့ အတိုင်းအရှည်ဖြင့်၊ အမှေဟိ-သင် နတ်တို့နှင့်တကွ ဖြစ်သော ငါတို့သည်၊ သမ္ဘတံ-ကောင်းစွာ ဆောင်း, စုပေါင်းထားအပ်ပြီးသော၊ ပညသမ္ဘဒံ-ကောင်းမှု၏

ပြည့်စုံခြင်းကို၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ-အလုံးစုံသော လောကီသမ္ပတ္တိ, လောကုတ္တရာသမ္ပတ္တိ၏ ပြီးစီးထမြောက် အောင်မြင်ခြင်း အကျိုးငှာ၊ သဗ္ဗေ-အလုံးစုံ အကုန် အစင်သော နတ်ဗြဟ္မာတို့သည်၊ အနုမောဒန္တု-ဝမ်းမြောက်ကြပါကုန်လော။

၆။ အာဂတာ-စောစောက ပင့်ဖိတ်၍ ရောက်လာကြကုန်သော၊ ဒေဝတာ-ပရိတ်တရားကို နာဖို့ရန် ရည်သန်၍ နေကြသော နတ်ဗြဟ္မာ အပေါင်းတို့သည်၊ ဒါနံ-အလှူဒါနကို၊ ဒဒန္တု-ပေးလှူကြပါကုန်လော၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ သီလံ-မိမိတို့ ဆိုင်ရာ ငါးပါး သီလ စသည်ကို၊ ရက္ခန္တု-စောင့်ရှောက်ကြပါကုန်လော၊ ဘာဝနာ ဘိရတာ-အနိစ္စ ဒုက္ခ အနတ္တစသော ဘာဝနာပွားခြင်း၌ မွေ့လျော်ကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါကုန်လော၊ ဒေဝတာ-စောစောက ဖိတ်မန်၍ ရောက်လာကြကုန်သော နတ်တို့သည်၊ ဂစ္ဆန္တု-ကိုယ်စီကိုယ်ငှ, ကိုယ့်ဒေသသို့, ပြန်နိုင်ကြပါစေကုန်သတည်း။

၇။ သဗ္ဗေဗုဒ္ဓါ-ဂင်္ဂါဝါဠု, သဲစု အမျှ, ပွင့်တော်မူကြသော ဘုရားရှင်ဟူသမျှတို့သည်၊ ဗလပတ္တာ-ကာယဗလ, ဉာဏဗလသို့, ရောက်တော်မူကြကုန်၏၊ တေသံ ဗုဒ္ဓါနံ-ထိုဘုရားရှင်တို့၏၊ ဗလေန စ-ဉာဏ်တော် အစွမ်းကြောင့် လည်းကောင်း၊ ဝါ-ဖြင့်လည်းကောင်း၊ ပစ္စေကာနံ-ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏၊ ယံ ဗလံ-အကြင် ဉာဏ်စွမ်းသည်၊ အတ္ထိ-ရှိ၏၊ တေန ဗလေန စ-ထို ပစ္စေကဗုဒ္ဓါတို့၏ ဉာဏ်စွမ်းကြောင့် လည်းကောင်း၊ ဝါ-ဉာဏ်စွမ်းဖြင့် လည်းကောင်း၊ အရဟန္တာနံ-ဘုရား ပစ္စေကဗုဒ္ဓါမှ ကြွင်းကျန်သော ရဟန္တာ အရှင်

မြတ်တို့၏၊ တေဇေန စ-တန်ခိုးရှိန်စော်, အာနုဘော်တော်ကြောင့် လည်းကောင်း၊ ဝါ-ဖြင့် လည်းကောင်း၊ သဗ္ဗသော-အလုံးစုံသော အရပ်မျက်နှာတို့၌၊ ရက္ခ-အစောင့်အရှောက်ကို၊ ဗန္ဓာမိ-ဖွဲ့စည်း၍ ထားပါ၏၊ (တေန-ထို ဖွဲ့စည်း၍ထားခြင်းကြောင့်၊ သဗ္ဗုပဒ္ဒဝါ-အလုံးစုံသော ဘေးဥပါဒ်တို့သည်၊ ဝိနာသံ-ကင်းစင် လွင့်ပျောက်ခြင်းသို့၊ ဇန္တု-ရောက်ကြပါစေကုန်သတည်း။)

၈။ ဣဓ ဝါ-လူတို့နေရာ, မြို့ရွာဌာန, ဤလောက၌ လည်းကောင်း၊ ဟုရံ ဝါ-နဂါး ဂဠုန်, ဖုံဖုံနေကြ, ဟိုအောက်လောက၌ လည်းကောင်း၊ သဂ္ဂေသု ဝါ-နတ်မြို့ခြောက်လီ, ဗြဟ္မာ့ပြည်တို့၌ လည်းကောင်း၊ ဝိတ္ထံ-ပီတိ အစွမ်း, ကိုယ် စိတ်လန်း၍, ဝမ်းပန်းကြည်သာ, နှစ်သက်စရာလည်း ဖြစ်ပေထသော၊ ပဏီတံ-လောကီရေးရာ, ရတနာဝယ်, အသာဆုံးအမြတ်ဆုံးလည်း ဖြစ်ပေထသော၊ ယံကိဉ္စိ-သက်ရှိသက်မဲ့, ကြွင်းမဲ့ဥသုံ, အလုံးစုံသော၊ ယံရတနံ-ဥစ္စာရှင်တို့, သုံးဆောင်ဖို့လျှင်, နှစ်မြို့ဖွယ်ရာ, အကြင် ရတနာသည်၊ အတ္ထိ-ရှေးကံအလျောက်, ဘုန်းကံတောက်က, ဝမ်းမြောက်ဖွယ်ရာ, ထင်ရှားရှိပါပေ၏၊ ဧတ္ထ-နှစ်သက်ရွှင်လန်း, ပီတိဖျန်းဖို့, သိန်းသန်းကုဋေ, အထွေထွေသော ဤ ရတနာတို့တွင်၊ တထာဂတေန-သုံးလူထွတ်ထား, မြတ်ဘုရားနှင့်၊ သမံ-တန်းတူထား၍, ရှုစားလောက်စွာ, တစ်စုံ တစ်ခုသော ရတနာသည်၊ နနော အတ္ထိ (နတ္ထိဧဝ)-အကြောင်းကိုကြည့်, အကျိုးကြည့်လည်း, မရှိ ဧကန်, အမှန်ပင် ဖြစ်ပါတော့သတည်း။

ဣဒမ်ပိဗုဒ္ဓေ-သုံးလူထွတ်ထား ဤငါတို့ မြတ်စွာဘုရားသည်လည်း၊ ပဏီတံ-လောကီဥစ္စာ, ရတနာထက်, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ-ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ ,ဖြစ်တော်မူပါပေ၏၊ ဧတေန သစ္စေန-မှန်ကန်လှစွာ, ဤ ဝစီသစ္စာ ကြောင့်၊ (ပါဏီနံ-ဘေးရန် ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊) သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန် ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၉။ ဣဓ ဝါ-လူတို့နေရာ, မြို့ရွာဌာန, ဤလောက၌ လည်းကောင်း၊ ဟုရံ ဝါ-လည်းကောင်း၊ သဂ္ဂေသု ဝါ-လည်းကောင်း၊ ဝိတ္ထံ-သော၊ ပဏီတံ-သော၊ ယံကိဉ္စိ-သော၊ ယံ ရတနံ-သည်၊ အတ္ထိ-၏၊ ဧတ္ထ-တွင်၊ ဓမ္မေန-တရားတော်မြတ်နှင့်၊ သမံ-တန်းတူထား၍, ရှုစားလောက်စွာ, တစ်စုံတစ်ခုသော ရတနာသည်၊ နနော အတ္ထိ (နတ္ထိဧဝ)-တည်း၊ ဣဒမ်ပိဓမ္မေ-ဤ ငါတို့ တရားတော်မြတ်သည်လည်း၊ ပဏီတံ-သော၊ ရတနံ-၏၊ ဧတေန သစ္စေန-မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏီနံ-ဘေးရန် ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ် တို့အား၊) သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်နှင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-သတည်း။

၁၀။ ဣဓ ဝါ-လည်းကောင်း၊ ဟုရံ ဝါ-လည်းကောင်း၊ သဂ္ဂေသု ဝါ-လည်းကောင်း၊ ဝိတ္ထံ-သော၊ ပဏီတံ-သော၊ ယံကိဉ္စိ-

သော၊ ယံ ရတနံ-သည်၊ အတ္ထိ-၏၊ ဇေတ္တ-တွင်၊ သံဃေန-သံဃာတော်မြတ်နှင့်၊ သမံ-သည်၊ နနောအတ္ထိ (နတ္ထိဇေ)-တည်း ဣဒမ္ပိသံဃေ-ဤ ငါတို့ သံဃာတော် မြတ်သည်လည်း၊ ပဏီတံ-သော၊ ရတနံ-၏၊ ဇေတေန သစ္စေန-ကြောင့်၊ (ပါဏီနံ-အား၊) သုဝတ္ထိ-သည်၊ ဟောတု-သတည်း။

၁၁။ သဗ္ဗမင်္ဂလံ-အလုံးစုံသော ကောင်ကျိုး ချမ်းသာ မင်္ဂလာ သည်၊ ဘဝတု-ဖြစ်ပါစေသတည်း၊ သဗ္ဗဒေဝတာ-အလုံးစုံသော သမ္မာဒေဝ အပေါင်း နတ်ကောင်း နတ်မြတ်တို့သည်၊ ရက္ခန္တု-အမြဲမပြတ်, စောင့်ကြပ်လျက် ရှိကြပါစေ ကုန်သတည်း၊ သဗ္ဗဗုဒ္ဓါ နုဘာဝေန-ဂင်္ဂါဝါဠု, သဲစု အမျှ, ပွင့်တော်မူကြသော အလုံးစုံသော ဘုရားရှင်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်၊ တေ-ထို ဘုရား တရား သံဃာကို ကိုးကွယ်ဆည်းကပ်၍ နေကြသော ဥပါသကာ, ဥပါသိကာမတို့သည်၊ သဒါ-အခါခပ်သိမ်း၊ သုခီ-ကိုယ်ရော စိတ်ပါ, ကျန်းမာ ချမ်းသာခြင်း ရှိကြကုန်သည်၊ ဘဝန္တု-ဖြစ်ကြပါစေကုန်သတည်း။

၁၂။ သဗ္ဗမင်္ဂလံ-သည်၊ ဘဝတု-တည်း၊ သဗ္ဗဒေဝတာ-သည် ရက္ခန္တု-တည်း၊ သဗ္ဗမမ္မာ နုဘာဝေန-အလုံးစုံသော ဘုရားရှင်တို့ ကိုယ်တော်မြတ်တို့ ဟောပြော ပြသ ဆုံးမတော် မူအပ်သော ပိဋကတ်သုံးပုံနှင့် တကွ မင်္ဂတရား ဖိုလ်တရား နိဗ္ဗာန်တရားတော် မြတ်၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်၊ တေ-တို့သည်၊ သဒါ-အခါခပ်သိမ်း၊ သုခီ-ကုန်သည်၊ ဘဝန္တု-တည်း။

၁၃။ သဗ္ဗမင်္ဂလံ-သည်၊ ဘဝတု-တည်း၊ သဗ္ဗဒေဝတာ-သည် ရက္ခန္တု-တည်း၊ သဗ္ဗသံဃာ နုဘာဝေန-အလုံးစုံသော ဘုရားရှင်တို့ ၏ သာဝကများ၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်၊ တေ-တို့သည်၊ သဒါ-သိမ်း၊ သုခီ-ကုန်သည်၊ ဘဝန္တု-တည်း။

၁၄။ မဟာကာရုဏိကော-ကြီးကျယ် မြင့်မြတ်သော ကရုဏာ ရှင်ဖြစ်တော်မူသော၊ နာထော-သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည်၊ သဗ္ဗပါဏိနံ-အလုံးစုံသော သတ္တဝ တို့၏၊ ဟိတာယ-လောကီ, လောကုတ္တရာ စီးပွားချမ်းသာအကျိုးငှ သဗ္ဗာပါရမီ-ဒါန သီလ, စသည်ဥဿုံ, အလုံးစုံသော ပါမီတော်တ် ကို၊ ပူရေတွာ-ဖြည့်ကျင့်တော်မူပြီး၍, ဖြည့်ကျင့်တော်မူပြီးမှ၊ ဥတ္တ သမ္မောဓိ-အမြတ်ဆုံးဖြစ်သော သဗ္ဗညုတဉာဏ်တော်သို့၊ ပတ္တော-ရောက်တော်မူခဲ့ရလေပြီ၊ ဇေတေန သစ္စဝဇ္ဇေန-ဤ မှန်ကန်သော သစ္စာစကားကြောင့်၊ တေ-ထို မြတ်စွာဘုရား၏ ပါရမီတော်တို့ဂ ယုံကြည်ကိုးစား အားထား၍ မိမိကိုယ်တိုင်ပင် ပါရမီကို ဖြည့်ကျင့် နေသော ဒါယကာ, ဒါယိကာမအား၊ သဗ္ဗဒါ-သိမ်း၊ သောတ္ထိ ပါရမီဖြည့်ဖို့ရန် ကျန်းမာ ချမ်းသာခြင်းသည်၊ ဟောတု-တည်း

၁၅။ ဗောဓိယာမူလေ-ဗောဓိပင်၏ အရင်း၌၊ သက္ယာနံ သာကီဝင်မင်းသားတို့၏၊ နန္ဒိဝဒ္ဓနော-နှစ်သက်ခြင်းကို တိုးပွားစေ တတ်သော သိဒ္ဓတ္ထမင်းသား ငါတို့မြတ်စွာဘုရားသည်၊ ဇယန္တော ယထာ-အောင်တော်မူသကဲ့သို့၊ ဇဝ မေဝ-ဤ အတူသာလျ

(တေ-သင်၏)၊ ဇယော-အောင်ခြင်းသည်၊ ဟောတု-ဖြစ်ပါစေသတည်း၊ ဇယမင်္ဂလေ-အောင်သူအပေါင်းတို့ စုပေါင်း၍ နေရာမင်္ဂလာပွဲကြီး သဘင်၌၊ (တွံ-သင် တစ်ယောက်သည်လည်း)၊ ဇယသု-အောင်ပွဲတွင်, အပါအဝင် ဖြစ်၍ အောင်မြင်နိုင်ပါစေသတည်း။

၁၆။ သဗ္ဗဗုဒ္ဓါနံ-အလုံးစုံသော ဘုရားရှင်တို့၏၊ အဘိသေကေ ဗုဒ္ဓါဘိသေက ခံယူရာဌာန ဖြစ်သော၊ ပထုဝိပုက္ခလေ-တင့်တယ်လှပေ ကောင်းမြတ်သော မြေဖြစ်သော၊ သီသေ-မြေ၏ ဦးထိပ်သဖွယ် ဖြစ်သော၊ အပ္ပရာဇိတပလ္လင်္ကေ-တစ်စုံ တစ်ယောက်မျှ မအောင်အပ် မအောင်နိုင်သော အပ္ပရာဇိတပလ္လင်တော်၌၊ ပတ္တော-အမြတ်ဆုံး, အထွဋ်ဆုံး ဘုရားအဖြစ်သို့ ရောက်တော်မူသည် ဖြစ်၍၊ ပမောဒတိ ယထာ-ဝမ်းမြောက် ဝမ်းသာ ဖြစ်တော်မူရ သကဲ့သို့ (တထာ-ထို့ အတူ၊ တွံပိ-မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်ကို ယုံကြည်အားကိုး၍ နေသော သင် ဒါယကာ, ဒါယိကာမသည်လည်း၊ ပမုဒသု-မြတ်စွာဘုရား ဘုရားဖြစ်ချိန် အခါ၌ ဝမ်းမြောက် သကဲ့သို့ မိမိမှာ ရရှိသော ပါမိတို့ အတွက် ဝမ်းမြောက် ဝမ်းသာ ဖြစ်နိုင်ပါစေသတည်း)။

၁၇။ သုနက္ခတ္တံ-ကုသိုလ်ကောင်မှု, အစုစုကို, ပြု၍ နေသည့် အတွက်ကြောင့် ကောင်းမြတ်သော နက္ခတ်သဘင်သည်လည်း၊ ဟောတု-ဖြစ်ပါစေသတည်း၊ သုမင်္ဂလံ-သုစရိုက်တို့ကို နေ့ရော ညရော, နံနက်ရော ပြုနေသည့်အတွက် ကောင်းသော မင်္ဂလာသည်၊

ဟောတု-တည်း၊ သုပ္ပဘာတံ-အိပ်ရာမှ ထသည်ရှိသော် ကောင်းသော မေတ္တာဘာဝနာဖြင့် အိပ်ရာမှ ထသည့်အတွက် ကောင်းသော မိုးသောက် အလင်းသို့ရောက်ခြင်းသည်၊ ဟောတု-တည်း၊ သုဥဋ္ဌိတံ-အိပ်ရာမှ ထသည်ရှိသော် သူတော်ကောင်းစိတ်ဖြင့် ထရသည့်အတွက် ကြောင့် ကောင်းသော အိပ်ရာမှ ထခြင်းသည်၊ ဟောတု-တည်း။

သုခဏော-ဘယ်အချိန် ဘယ်အခါမဆို, ကောင်းသော စေတနာကိုချည်း ဖြစ်စေ၍ နေသောကြောင့် ကောင်းသော ခဏသည်၊ ဟောတု-တည်း၊ သမုဟုတ္တော-ဘယ်အချိန်, ဘယ်အခါမဆို ကောင်းသောစိတ်ကိုသာ ထား၍ နေခြင်းကြောင့် ကောင်းသော မုဟုတ်သည်၊ ဟောတု-တည်း၊ ဗြဟ္မစာရီသု-မြတ်သော အကျင့်ကို ကျင့်၍ နေကြသော သူတော်မြတ်တို့၌၊ သုယိဋ္ဌ-ကောင်းသော ပူဇော်ခြင်း, ကောင်းသော လှူဒါန်းခြင်းသည်၊ ဟောတု-တည်း။

၁၈။ ပဒက္ခိဏံ-အပြစ်ကင်းလတ် ကောင်းမြတ်သော၊ ကာယကမ္မံ-ကာယကံသည်၊ ဟောတု-တည်း၊ ပဒက္ခိဏံ-အပြစ်ကင်းလတ် ကောင်းမြတ်သော၊ ဝါစာ ကမ္မံ-ဝစီကံသည်၊ ဟောတု-တည်း၊ ပဒက္ခဏံ-အပြစ်ကင်လတ်, ကောင်းမြတ်သော၊ မနော ကမ္မံ-စိတ်နေ စိတ်ထားဟူသော မနောကံ သည်၊ ဟောတု-တည်း၊ ပဏိဓိယော-မိမိစိတ်ကို ထားခြင်း ဆုတောင်းခြင်းတို့သည်လည်း၊ ပဒက္ခိဏာ-အရာရာ၌ ကောင်းကုန်သည် ချည်းသာ၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။

၁၉။ ပဒက္ခိဏာနိ-အကောင်းအမွန် ဟူသမျှတို့ကို၊ ကတွာန-ပြု၍၊ ပဒက္ခိဏေ-ကောင်းမြတ်ကုန်သော၊ အတ္ထေ-စီးပွား အကျိုးတို့ကို၊ လဘန္တိ-သူသူ ငါငါ ရနိုင်ကြလေကုန်၏၊ အတ္ထလဒ္ဓါ-ရအပ်ပြီးသော အကျိုးစီးပွား ရှိကြကုန်သည် ဖြစ်၍၊ တေ-ထို အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည်၊ သုခိတာ-ကိုယ်စိတ် နှစ်ဖြာ, ချမ်းသာ ကြကုန်သည်၊ ဟုတွာ-ဖြစ်၍၊ ဗုဒ္ဓသာသနေ မြတ်စွာဘုရား၏ သာသနာတော်၌၊ ဝိရုဠှာ-စည်ပင် ပြန့်ပွားကြကုန်လျက်၊ သဟသဗ္ဗေ ဟိဉာတိဘိ-ဆွေမျိုးအားလုံးတို့နှင့် တကွ၊ အရောဂါ-အနာရောဂါ ကင်းကြကုန်သည်၊ သုခိတာ-ကိုယ် စိတ် နှစ်ဖြာ, ချမ်းသာကြကုန် သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။

ပုဗ္ဗကသုတ်နိဿယပြီး၏။

ပရိတ်ကြီးနိဿယပြီးပြီ။

အမရပူရမြို့
ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ
၏
ပရိတ်တရားတော်များ



အရှင်ဇနကာဘိဝံသ.၏

ပရိတ်တရားတော်များ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပရိတ်ရွတ်ဖတ်သူအတွက် တိုက်တွန်းချက်

ပရိတ်တော်အစ ပရိတ်ရွတ်တော့ "ဒီ ပရိတ်တော်က ဘယ်ကစ ပြီးတော့ ဖြစ်ပေါ်လာတဲ့ ပရိတ်တော်ပါတုန်း" လို့ စဉ်းစားပါ၊ စဉ်းစားတဲအခါ "အော်–မြတ်စွာဘုရားရဲ့ ရွှေ ကတ်တော်ကစ၍ ဖြစ်ပေါ်လာတဲ့ ပရိတ်တော်ပါလား" ဒါဖြင့် အဲဒီ မြတ်စွာဘုရားကိုယ်တော်မြတ်က ဘုရားဖြစ်ဖို့ရန် ဘယ်လောက် အချိန်များစွာက ဘယ်လောက် ကြိုးစားရတုန်းလို့ဆိုတာ စဉ်းစား လိုက်ပါတဲ့၊ ဒီ ရွတ်တဲ့ပုဂ္ဂိုလ်ရဲ့ နှုတ်ထဲမှာ အာနိသင်တွေ, အကျိုး တွေ, အစွမ်းသတ္တိတွေ အများကြီး ပါဝင်လာအောင် ဘုရားတရား တော်ကို ရွတ်ပေးမယ်လို့၊ ရွတ်တဲ့ပုဂ္ဂိုလ်က ဘုရားဂုဏ်တော်တွေ ကို ပါရမီဖြည့်တုန်းက စပြီး စဉ်းစား ဆင်ခြင်လိုက်ပါအုန်းတဲ့။

ပါရမီတွေ ဒီဟာတွေက သာမန်ပါရမီတွေ၊ ယခု ကျောင်းဒကာ, ကျောင်းအမတွေ ကျောင်းဆောက်ကြတာ, ဘုရားတည် ကြတာ, ဟိုဒါန ဒီဒါန ပြုတာမျိုးလို, ရိုးရိုးဒါနတွေက သာမန် ပါရမီတွေ၊ ယခု ဥပါသကာ, ဥပါသိကာမတွေ ဥပုသ်စောင့်ကြတာ, ရိုးရိုးလေး သီလပါရမီတွေ၊ အဲဒီ ရိုးရိုး ရိုးရိုး ဘာမှ အင်္ဂါခြေလက်

အပျက်အစီး မခံရသေး၊ ရိုးရိုးကလေးလှူကြ, စောင့်ကြတဲ့ ဒါနမျိုး, သီလမျိုး, နေကွမ္မမျိုး, ခန္ဓီမျိုးဘဲ၊ အဲဒီလို ပါရမီတွေလဲ မြတ်စွာဘုရားရဲ့ အလောင်းတော်ဘဝတုန်းက ဖြည့်ကျင့်ခဲ့ပုံတွေကို တွေးလိုက်အုံး, အာရုံပြုလိုက်ပါအုံးတဲ့၊ အာရုံပြုလိုက်တော့ အာရုံပြုတဲ့ စိတ်က မြတ်စွာဘုရားရဲ့ ဓာတ်တွေ ကူးလာတယ်၊ အဲဒီ စိတ်ကြောင့် ဖြစ်တဲ့အသံ, ပရိတ်သံထဲမှာ ဒီမြတ်စွာဘုရားရဲ့ဓာတ်တွေ ကူးလာတယ်၊ အခု ဘုန်းကြီး ပြောနေတာဟာ ဘုရားအာရုံပြုနေတာဘဲ၊ ယခု ဒါယကာတို့ နာနေတဲ့ ဥစ္စာဟာ အဲဒီဘုရားကို အာရုံပြုရက်ဘဲ။

ဖွားဖွားခြင်းစကားပြော ဒီတော့ အာလုံးသိနေကြတဲ့ ဝေဿန္တရာမင်းရဲ့ဘဝကို ပြောကြစို့ရဲ့၊ အားလုံးသိ အာလုံး အသိပါ၊ အဲဒီဟာ ပထမဆုံး ဖွားတယဆိုရင်ဘဲ လက်ကလေးဖြန့်ပြီးတော့ "မယ်တော် ဘာများပေးစရာရှိတုန်း" လို့ တောင်းတယ်တဲ့၊ ဘုရားအလောင်း ဘဝမှာ "မဟောသဓာဘဝတုန်းက ဖွားဖွားခြင်းတစ်ခါ စကားပြောတယ်၊ ဝေဿန္တရာဘဝမှာ ဖွားဖွားခြင်းတစ်ခါ စကားပြောတယ်၊ သိဒ္ဓတ္ထမင်းသား ဘဝမှာ ဖွားဖွားခြင်း စကားပြောတယ်"၊ အဲဒီ သုံးဘဝလောက်ဘဲ ထင်ထင်ရှားရှား ဖွားဖွားခြင်း စကားပြောတယ်လို့ စာကဆိုတယ်၊ ပြောတဲ့ စကားကလဲ တယ်ကောင်းတယ်- "မယ်တော်-ဘာများ လှူစရာရှိတုန်း"တဲ့၊ အဲဒီတော့ လှူချင်နေတဲ့ စိတ်ဟာ ဝမ်းထဲမှာ ဓာတ်ကို ပါလာတာ၊ ဂုဏ်ပကာသန ဘာတစ်စွန်းတစ်စမှ မရှိဘူး၊ တကယ့်ကို လှူချင်တဲ့ ဓာတ်ပါလာတာ။

လှူချင်နေ တစ်ခါ လေးနှစ်သားလောက် အရွယ်ကျတော့ ပုတီးတို့ လက်ကောက်တို့ ဘာတို့ ဆင်ပေးတယ်၊ အဲဒီပုတီးလက်ကောက်တွေကို အထိမ်းတော်တွေကို ချွတ်ချွတ်ပေးတယ်၊ အထိမ်းတော်တွေက မယ်တော်ကြီးကို ဒီအကြောင်း ပြောတော့ မယ်တော်ကြီးက "သားတော်ကလေးက ပေးလို့ရှိယင် အပိုင်းဘဲ ရကြပါစေ"လို့ မယ်တော်ကြီးက ပြန်မယူဘူး၊ အဲဒီတော့ ဒီအချိန်လဲ ဘုန်းကြီးက တွေးကြည့်တယ်၊ ဘာမှ ဂုဏ်ပကာသန မငဲ့ဘူး၊ ဂုဏ်ရှိအောင် ဘာမှ မစဉ်းစားဘူး တကယ့်ကို အထိမ်းတော်တွေကို ပေးချင်တာဘဲ၊ အထိမ်းတော်တွေ ရစေချင်တာဘဲ၊ ဒီတော့ ဒါန ပြုတဲ့နေရာမှာ မေတ္တာ ဦးစီးရက် ဦးစီးရက် ဖြစ်နေတယ်၊ ဒါန ပြုတဲ့နေရာမှာ ကရုဏာ ပါရက် ပါရက် ဖြစ်နေတယ်၊ ဘုန်းကြီးက ရိုးရိုး ဒါနပါရမီမှာကို ကျေနပ်လွန်းလို့ ကျေနပ်လွန်းလို့၊ တစ်ခါ ရှစ်နှစ်သားလောက်ကျတော့ တစ်ပါးထဲ တစ်ယောက်ထဲ စဉ်းစား တယ်- "ခုနယ်များနော် ငါ့ကိုလာပြီးတော့ အလှူခံယင်၊ ဥပမာ-မျက်လုံးကိုလိုချင် နှလုံးသားတွေကို အသုံးချချင်လို့ လှူပါဆိုရင် အဲဒီနှလုံးသားတွေ မျက်လုံးတွေကို ငါထုတ်ပြီး ပေးစမ်းချင်ပါဘိ တော့်တယ်"၊ အဲဒီလိုများ အကြံဖြစ်တယ်တဲ့။

ကြည်ညိုလွန်းလို့ ဘုန်းကြီးက ကြည်ညိုလွန်လို့ ယုံလဲ ယုံလွန်းလို့ တစ်ခါတစ်လေ "ပေးချင်တယ် ပေးချင်တယ်" ဆိုတဲ့ ဥစ္စာတွေဟာ အခု ဒါနရှင်တွေဘဲ စဉ်းစားကြည့်ပါ၊ ဘယ်လောက်ပေးချင်တဲ့ စိတ်တွေ ပေါ်လာသလဲလို့၊ ဒီတော့ ဘုန်းကြီး

တို့ရဲ့ မြတ်စွာဘုရားအလောင်းတော် ယခုပရိတ်တွေကို ဟောတော်မူမယ့် မြတ်စွာဘုရားရဲ့ အလောင်းတော် အဲဒီ အလောင်းတော် ဘဝတုန်းက ရိုးရိုးရာရာဖြစ်တဲ့ ဒါနပြုပုံတွေကိုလေ ပြန်ပြီးတော့ စဉ်းစားလိုက်ရင် အဲဒီဒါနရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်က ဖြစ်လာတဲ့ဘုရား၊ အဲဒီဘုရားရဲ့ ပရိတ်တော်ပါလားလို့ဆိုတော့ ရွတ်ရတဲ့ ပုဂ္ဂိုလ်ကလဲ အာတက်သရောကြီး, နာရတဲ့ပုဂ္ဂိုလ်ကလဲ ယုံယုံကြည်ကြည်ကြီး၊ အင်မတန် ဝမ်းသာစရာ ကောင်းတယ်။

မျက်လုံးထုတ်လူ တစ်ခါတစ်ခါကျတော့ ဒါနက ဒါနရိုးရိုးမဟုတ်ဘူး၊ သိဝိမင်းကြီးတို့ ဘဝမျိုးကျတော့ မျက်လုံးထုတ်ပြီးတော့ လူတယ်၊ မျက်လုံးထုတ်ပြီးတော့ လူရတဲ့ အခါမှာတောင် စိတ်ကထက်သန်လိုက်တာ၊ တကတဲ အနားက သမားတော်က မလူဖို့ရန် တားတာတောင် "အို-ထုတ်သာထုတ် မျက်လုံးကို" ထုတ်ယင်း ထုတ်ယင်းတောင်မှ ရပ်ထဲ့ ရပ်ထဲ့ပြီးတော့ သမားတော်က "အရှင်မင်းမြတ်, စဉ်းစားပါအုံးနော်, နဂိုအတိုင်း ပြန်ဖြစ်နိုင်ပါသေးတယ်, စဉ်းစားပါအုံးနော်" "အို-သမားတော် ထုတ်သာထုတ်"။

ဘုန်းကြီးကလေ- အဲဒီလိုသမားတော်ကို ပြောနေပုံ, သိဝိမင်းက မျက်လုံးကို ရက်ရက်ရောရော လူဖို့ရန် ပြင်ဆင်နေပုံ, အဲဒါတွေကို စိတ်ထဲမှာ စဉ်းစားတော့ "အို-အဲဒီ ပုဂ္ဂိုလ်က ဖြစ်လာတဲ့ အင်မတန် ကြီးကျယ်တဲ့ မေတ္တာကရုဏာရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရဲ့ ပရိတ်တော်ပါလား၊ ဘာမှမလုပ်ဘဲနဲ့ ပရိတ်တော်

ကို ရွတ်နေရတာကို, ဘာမှ မလုပ်ဘဲနဲ့ ပရိတ်တရားတော်တွေကို နာနေရတာနဲ့ကို, တကထဲ အကုသိုလ်စိတ်တွေ ကင်းလို့, ကုသိုလ်စိတ်တွေ တိုးပွားလို့, ဘယ်လောက် များ အားရစရာ ကောင်းတုန်း။

အသက်စွန့်လူ တချို့ ပါရမီကျတော့ အသက်ကို စွန့်ပြီးတော့ "စားပါ စားပါ, အသင်က ဆာနေတဲ့ဥစ္စာ၊ ငါ့အသက်ကိုစား၊ ငါ့ကို စားလိုက်လို့ရှိယင် အသင် အဆာပြေမည့်ဥစ္စာ၊ စားသာစား, စားသာစား"၊ တစ်မျိုး စဉ်းစားတော့လဲဘဲ အလောင်းတော်များဟာလေ အသက်ကို ဘာဖြစ်လို့မှ ဘာလောက်ကမှ အရေးကြီးပုံ မရဘူး၊ တစ်ခါ စဉ်းစားလိုက်တော့လဲ အရေးသိပ်ကြီးစရာလဲ ဟုတ်မယ် မဟုတ်ပေဘူးပေါ့လေ၊ ဘာဖြစ်လို့လဲလို့ဆိုတော့ ဒီတစ်သက် သေသွားတော့လဲဘဲ ပါရမီဟာ ထပ်ဖြည့်ပြီးတော့ ဖြစ်မယ့် ဒီထက် မွန်မြတ်တဲ့ ဘဝကို ရောက်ကြရမှာဘဲကိုး၊ ဒီတော့ အသက်စွန့်ပြီးတော့ ဒါနပြုမယ်, အသက်ကို စွန့်ပြီးတော့ ဥပုသ်စောင့်မယ်။

ဘူရိဒတ်နဂါးမင်း: ဘူရိဒတ်နဂါးမင်းတို့ရဲ့ ဇာတ်တော်များမှာလေ တောင်ပို့ပေါ်မှာ တစ်ခါထဲ ဥပုသ်စောင့်ပြီးတော့နေတယ်၊ ဘယ်သူကဘဲ လာပြီးတော့ယူယူ, သတ်သတ်, ဘာဘဲလုပ်လုပ်, ငါသီလမဖျက်ပါဘူးလို့ အဓိဋ္ဌာန်ပြီးတော့ သီလစောင့်တယ်၊ တကယ်လဲဘဲ လာတာဘဲ၊ တကယ်လာတော့လဲဘဲ အဲဒီ လာတဲ့ပုဂ္ဂိုလ် အလမ္ဘါယ်သမားကို မခံချင်ဘူးလို့ ဆိုယင်

နှာလေတွေနဲ့ မူတ်လိုက်လို့ရှိယင် လွင့်သွားမှာပေါ့ အဲ- ဒါပေမယ့်လေ ဒေါသဖြစ်မှာစိုးလို့ တစ်ခါထဲ မျာက်စိမှိတ်ပြီးတော့ သူညှင်းဆဲသမျှ ခံတယ်၊ ဒီတော့ ဘုန်းကြီးကလေ ငါတို့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ အလောင်းတော် ဘဝပေါင်များစွာတုန်းက လူဖြစ်မှသာ ဒီပါရမီ တွေကို ဖြည့်တာမဟုတ်ဘူး၊ ဖြည့်နိုင်တဲ့ဘဝမှန်လို့ရှိယင် တိရစ္ဆာန် ဘဝမှာလဲဘဲ ဖြည့်တာဘဲ။

အဲဒီလောက် ပါရမီရှင် ဖြစ်လာတဲ့ ပုဂ္ဂိုလ်က ဘုရားမဖြစ်ဘဲ ရှိပါ့မလား၊ ယခုဘဲ ရက်ရက်ရောရော ဒါနပြုနေတယ် ဆိုယင်ဘဲ ဒီဘဝမှာဘဲ ဒါနကျိုး ပေးတဲ့သူကပေးလို့, ဒီဘဝမှာဘဲ ချမ်းသာတဲ့သူကချမ်းသာလို့၊ ဥပုသ်သီတင်း ဆောက်တည်ပြီးတော့ နေကြည့်ကြစမ်းပါ၊ ငါတော့ ဥပုသ်သီတင်း ဆောက်တည်ပြီးတော့ လောကီလုပ်ငန်း ဆောင်တာတွေကို ဖယ်ပြီး အေးအေး ဆေးဆေး နေပါတော့မယ်ဆိုယင် အို-သိပ်ချမ်းသာတဲ့ ဘဝမျိုးကို ချက်ချင်းရတယ်။

ဝမ်းသာစရာ ဒီလိုတရားတွေကို ဘဝပေါင်းများစွာ လေးအသချေ်နဲ့ ကမ္ဘာတစ်သိန်းတောင်မှ ဖြည့်လာတဲ့ ဘုရားရှင်ဘဲ၊ ဒီဘုရားရှင်ရဲ့ ပရိတ်တွေကို မိမိတို့က နှုတ်နဲ့ဆက်ပြီးတော့ ရွတ်နေရတဲ့အဖို့ဟာ ဘယ်လောက် ထိုက်တန်တယ်လို့ ဆိုတဲ့ဥစ္စာလေ စဉ်းစားလေလေ ဝမ်းသာစရာ ကောင်းလေလေ၊ ဘုန်းကြီးဟောနေရတာလဲ ဝမ်းသာစရာ ကောင်းလေလေ၊ အဲဒါကြောင့် ဘုန်းကြီးတို့ရဲ့ လာခဲ့တဲ့ မြတ်စွာဘုရားဟာ အင်မတန် အတူမရှိတဲ့ ဘုရားဆိုတဲ့ဥစ္စာ တကယ့်ကိုအားရပါးရ ကြွားလောက် ဝါလောက်တဲ့

ဘုရားပါဘဲ၊ သာဝကတွေက ကြွားလောက် ဝါလောက်တဲ့ ငါတို့ ဘုရားဟာ ဒီလိုဘုရားပါလို့ ကြွားလောက်ဝါလောက်တဲ့ ဘုရားပါ။

စွန့်ခြင်းကြီးငါးပါး စွန့်ခြင်းကြီးငါးပါး ဆိုတာ ဒါနပါဘဲ၊ ဒါနပါရမီထဲက ထူးခြားတဲ့ ဒါနတွေမို့လို့ သီးခြား နာမည်တတ်ပြီးတော့ စွန့်ခြင်းကြီးငါးပါးလို့ ဒီနာမည်လာပြန်တယ်၊ ဝေဿန္တရာမင်း ဘဝတုန်းက သားတော် သမီးတော်တွေကို စွန့်တယ်, အင်မတန် အသက်နှင့်တမျှ ထပ်တူချစ်နေတဲ့ မဒ္ဒီမိဖုရားကို စွန့်တယ်၊ တစ်ချို့ ရှင်ဘုရင်ဘဝကျတော့ တိုင်းပြည်ကြီးကို စွန့်ပြီးတော့ ထွက်ခဲ့တယ်၊ တစ်ချို့ဘဝကျတော့ လက်ခြေအင်္ဂါတွေကို စွန့်တယ်၊ အဲဒီလို ဒါနမှာဘဲ ထူးထူး ခြားခြား ဒါနတွေကို ရွေးပြီးတော့ "စွန့်ခြင်းကြီးငါးပါး"လို့ ဒီလို နာမည်တပ်ပြန်တယ်။

ပရိတ်ရွတ်မယ်ဆိုတော့ ငါတို့ဘုရားကို ဘယ်လိုဘုရားထင် သလဲ၊ "အို- တစ်တိုင်း တစ်ပြည်းလုံး သတ္တဝါတွေ အကုန်လုံး ချမ်းသာအောင် ရွက်ဆောင်ခဲ့တဲ့ ငါတို့ ဘုရားဘဲ"လို့ မြတ်စွာဘုရား ရဲ့ "လောကတ္ထစရိယ=လောကကောင်းအောင် ရွက်ဆောင်ခဲ့ပုံတွေ" ကို ပြန်ပြီးတော့ တွေးလိုက်စမ်းပါ၊ ပရိတ်ရွတ်ခါနီး တွေးလိုက်စမ်းပါ, ကဲ ဆင်ခြင်ကြည့်ရအောင်လေ။

ယဇ်နတ်ပူဇော် တစ်ခါတုန်းက ဘုန်းကြီးတို့ရဲ့ မြတ်စွာဘုရား အလောင်းတော်ဟာ ရှင်ဘုရင်သား ဖြစ်တယ်၊

ဒီအလောင်းတော်ရဲ့ ဘဝဖြစ်စဉ် တစ်မျိုးစီ တစ်မျိုးစီ လျှောက်ပြီးတော့ စဉ်းစားတဲ့ အခါမှာ စဉ်းစားဉာဏ် တော်တော်ကြီးကျယ်တယ်ထင်တယ်၊ အဲဒီ ဘဝတုန်းက မင်းသားလေးဖြစ်တဲ့အချိန်မှာ တိုင်သူပြည်သား တွေ ဘာလုပ်နေကြတုန်းလို့ ဆိုတော့ နွားတို့, ကျွဲတို့, မြင်းတို့, ဆိတ်တို့ ဒီလိုအကောင်တွေ သတ်ပြီးတော့ ညောင်ပင်ကြီး တစ်ပင်မှာ ယဇ်နတ် ပူဇော်ကြတယ်၊ တယ်လဲ-အားကိုးကြတယ်၊ သတ်ဖြတ် ပြီးတော့လဲ ယဇ်နတ် ပူဇော်ကြတယ်။

ဒီတော့ မင်းသားလေးက စဉ်းစားတယ်-"ဒီလူတွေ လုပ်ပုံဟာ မတရားဘူး ဒီနတ်ကြီးက ဒီအသားတွေ စားသလား၊ နတ်ဆိုတဲ့သူက ပြီးတော့ ဒီကောင်တွေသတ်တော့ ဒီကောင်တွေဟာ အင်မတန် ကြောက်ကြောက် လန့်လန့်နဲ့ သေကြရတယ်၊ ဒါအသတ်ခံရတဲ့ သတ္တဝါတွေရဲ့ဘက်က နေကြည့်တော့လဲ ဒါမတရားဘူး၊ ဒါအားလုံး တိုင်းသူပြည်သားတွေရဲ့ ကိုးကွယ်ရာဆိုတဲ့ နတ်ကြီးက ဒီအသားတွေကို စားတယ်ဆိုရင်လဲ သူလဲမတရားဘူး၊ ဒီတော့ လောကကြီးဟာ မတရားတာတွေ လုပ်နေကြတာဘဲ၊ ဒါ ငါခုနှယ်က မတရားတာတွေကို မတရားပါဘူးလို့ပြောရင် ငါ့စကားဟာ ခရီးရောက်မှာ မဟုတ်ဘူး၊ နေနှင့်ဦး တစ်ချိန်ကျမှ ဒီမတရားတာတွေကို ငါတရားဘက် ဆွဲမယ်"လို့ မင်းသားလေးအရွယ်ကထဲက စဉ်းစားပြီးတော့ ဒီသစ်ပင်ကြီးဆီမှာလာပြီး သူကဒူးထောက် ဆုတောင်းသလိုလုပ်တယ်၊ တိုင်းသူပြည်သားတွေ လာပြီးတော့ ရှိခိုးကြ ပူဇော်ကြ ပ,သကြပြီ လို့ဆိုယင် သူကလဲ လာတယ်၊ သူလဲ

ဒူးထောက်ရှိခိုး ဆုတောင်းသလို လုပ်တယ်၊ ဒါအမှန်တော့ လူတွေကို သူပြုပြင် ချင်လို့ စဉ်းစားပြီးတော့ အလုပ်လုပ်နေတာ။

တာဝန်ခံခဲ့ နောက်တော့ ထုံးစံအတိုင်းဘဲ ခမည်းတော် နတ်ရွာစံတော့ သူ့ကို ရှင်ဘုရင်မြောက်ကြရော၊ ရှင်ဘုရင်မြောက်တဲ့ နေ့မှာ သူဘာပြောသလဲ ဆိုတော့ "အမတ်မင်းများ, လူကြီးမင်းများ- အကျွန်ုပ် ရှင်ဘုရင် ဖြစ်တာဟာ ဘာ့ကြောင့် ဖြစ်တယ်လို့ဆိုတာ သိကြပါရဲ့လား"၊ "မသိကြပါဘူး"။

"ဒါဖြင့် တိုင်းသူပြည်သားတို့ ကိုးကွယ်တဲ့ သစ်ပင်ကြီးမှာ သွားပြီးတော့ ကျွန်ုပ် မကြာမကြာ သွားပြီး ဆုတောင်းနေတာတော့ မြင်ကြပါလိမ့်မယ်"၊ "မြင်ကြပါတယ်" အဲဒီတုန်းက အကျွန်ုပ် တာဝန်ခံခဲ့တယ်- အရှင်နတ်မင်း- ကျွန်ုပ် အချိန်ရောက်တဲ့ အခါ ရှင်ဘုရင်ဖြစ်အောင် ချီမြှောက် မစတော်မူပါ၊ ချီမြှောက် မစလို့ ရှင်ဘုရင်ဖြစ်တဲ့ အခါကျလို့ ရှိယင် အရှင်နတ်မင်းကို ပူဇော် ပ,သ ပါမယ်"လို့ ကျွန်ုပ် အဲဒီတုန်းကဘဲ တာဝန်ခံပြီးတော့ ဆုတောင်းခဲ့တယ်၊ အခု ကျွန်ုပ် ရှင်ဘုရင်ဖြစ်ပြီ၊ ရှင်ဘုရင်ဖြစ်တော့ ကျွန်ုပ် နတ်မင်းကြီးထံမှာ ပူဇော်ဖို့ရန် တာဝန်ရှိ နေပါတယ်၊ ဒါ့ကြောင့် တာဝန်အရ ပူဇော်ရအောင်လေ၊ အသင် လူကြီးမင်းများက တိုင်းသူပြည်သားထဲက ကျွန်ုပ် ပူဇော်စရာ ဖြစ်တဲ့ ပစ္စည်းကို ရှာပေးကြပါ၊ ပူဇောစရာက ဘာတုန်းဆိုတော့-

လူမိုက်တစ်ထောင်ရှာ

ဒုမ္မေဓာနံ သဟဿေန, ယညော မေ ဥပယာဇိတော၊
ကဒါနိ ခေါဟံ ယဇိဿာမိ, ဗာဟု အဓမ္မိကော ဇနော။

ဒုမ္မေဓာနံ-ပညာမဲ့သူ, လူပြိန်းတို့၏၊ သဟဿေန-တစ်ထောင်ဖြင့်၊ မေ-အကျွန်ုပ်သည်၊ ယညော-ယဇ်ကို၊ ဥပယာဇိတော-ပူဇော်အပ်၏၊ ဝါ-ပူဇော်ချင်၏၊ ကဒါနိ-ယခု အခါ၌၊ အဟံ-အကျွန်ုပ်သည်၊ (ယညံ-ယဇ်ကို)၊ ယဇိဿာမိ-ပညာမဲ့သူ, လူတစ်ထောင်၏ သွေးဖြင့် ပူဇော်ပါအံ့၊ ဗဟု-များစွာသော၊ ဇနော-လူအပေါင်းသည်၊ အဓမ္မိကော-တရားနှင့် မယှဉ်ပါတကား၊ ဝါ-တရားမရှိပါတကား။

ကျွန်ုပ် ရှင်ဘုရင်ဖြစ်လို့ ရှိယင် လူမိုက်ပေါင်း တစ်ထောင်ရဲ့ လည်ချောင်းသွေးနဲ့ ပူဇော်ပါ့မယ်လို့ တာဝန်ခံခဲ့တယ်၊ တိုင်းသူပြည်သားတွေကတော့ နွားတွေ, ကျွဲတွေ, ဆိတ်တွေရဲ့ သွေးနဲ့ ပူဇော်ကြတယ်၊ ကျွန်ုပ်က လူမိုက်တို့ရဲ့ သွေးနဲ့ ပူဇော်ချင်တယ်၊ ပူဇော်မယ်လို့ ဝန်ခံခဲ့တယ်၊ ဒါ့ကြောင့် အရှင်နတ်မင်းကြီးကို ပူဇော်ဖို့ရန် အသင် လူကြီးမင်းများက လူမိုက်ပေါင်း တစ်ထောင်ရှာပေးပါ၊ လူမိုက်ဆိုတာ ဘယ်လိုလူတွေတုန်းဆိုတော့-

"အို-သူများအသက်တွေ သတ်နေတဲ့သူဟာ လူမိုက်ပေါ့၊ သူများဥစ္စာတွေ မတရားယူတယ်, ခိုးတယ်, တိုက်တယ် ဆိုတဲ့ သူတွေ လူမိုက်ပေါ့"နဲ့ အဲဒီလို သီလဘက်လျှောက်ပြီး ပြောတာဘဲ၊

ဒါနဲ့ လူကြီးတွေ ငြိမ်ပြီးတော့ တွေပြီးတော့နေတယ်၊ "ကောင်းပါပြီ ရှာပါ့မယ်"လို့ ဒီလိုသာ ဝန်ခံသွားကြတယ်၊ သူတို့စိတ်ထဲ အင်မတင် အားမရပါးမရပေါ့လေ ဒီလိုဖြစ်နေတယ်။

လူမိုက်ဆိုတာ အဲဒီလို ဖြစ်နေပြီးတဲ့ နောက်မှာ တိုင်းသူ ပြည်သားတွေကို ကိုယ့်စပ်ရာစပ်ရာကို ပြောတယ်၊ "ဟေ့-မင်းတရားလေးက လူမိုက်တစ်ထောင်ကို လိုချင်နေသတဲ့၊ ယဇ်နတ်ပူဇော်ဖို့ရန် လူမိုက် တစ်ထောင် လိုအပ်နေသတဲ့၊ သူ့အသက်သတ်သူများ လူမိုက်တဲ့ မောင်၊ တို့ဆွေ တို့မျိုးထဲကဖြင့် ဟေ-မလုပ်ကြပါနဲ့၊ သူ့ဥစ္စာ မတရားယူတဲ့သူ, ခိုးတဲ့သူတွေ လူမိုက်တဲ့ မောင်၊ မင်းတရားလေးက လူမိုက်တစ်ထောင် လိုချင်တာ၊ တို့အမျိုးထဲက မရှိကြနဲ့နော်၊ သူ့သားအိမ်ယာတွေ ပြစ်မှားတဲ့သူတွေ လူမိုက်တဲ့ဟေ့" အဲဒီလို စသည်အားဖြင့်" သီလ ပျက်တဲ့လူတွေကို လူမိုက်တွေ လူမိုက်တွေလို့" ပြောတော့-

ဒီအမတ်ကြီးရဲ့ ဆွေမျိုးတွေက လူမိုက်တွေ မရှိရအောင် သူကကြိုးစားတယ်၊ ဟေ့- မင်းတရားလေးကနော် လူမိုက်တစ်ထောင် လိုချင်နေတာ၊ တို့အမျိုးထဲက မပါကြစေနဲ့ဟေ့၊ ဟိုအမတ်ကြီးကလဲ သူတို့အမျိုးထဲက လူမိုက်မပါအောင်ပြော၊ အဲဒီ သူတို့အမျိုးထဲကလဲ သူတို့မိတ်ဆွေတွေကို "ဟေ့- တို့ဆွေမျိုး အမတ်ကြီးကပြောတယ်မောင်" လူမိုက်တစ်ထောင် မင်းတရားလေးက ရှာနေသတဲ့၊ တို့မိတ်ဆွေများထဲကတော့ လူမိုက်တွေ မပါကြပါစေနဲ့ ဆိုပြီးတော့ သီလတွေ ပြောပြန်ရော။

တိုင်းပြည်အကျိုးဆောင် အဲဒီဟာနဲ့လေ မကြာခင်ဘဲ တစ်တိုင်းလုံး တစ်ပြည်လုံးဟာ သီလစောင့် ထိမ်းပြီးတော့ ယဇ်နတ်ပူဇော်တဲ့ ကိစ္စတွေပါ ပျောက်ပြီးတော့ လူကောင်း သူကောင်းတွေ ဖြစ်လာကြသတဲ့၊ အဲဒါ ဘုန်းကြီးက သဘောကျတယ်လေ၊ "ဘယ်သူ့ကိုမှ မနှိပ်စက်ရဘဲနဲ့ အာလုံး အလိုရှိတဲ့ ကိစ္စကြီး ပြီးစီးအောင် စီမံနိုင်ပါပေတယ်"လို့ သဘောကျတယ်၊ ဒါ့ကြောင့် ကိုယ့်ဆွေ ကိုယ့်မျိုးတွင် မကဘူး၊ တစ်တိုင်းပြည်လုံး ချမ်းသာအောင်လုပ်တာ၊ အဲဒါမျိုးကို "လောကတ္ထစရိယာ"လို့ ခေါ်တယ်၊ ဘုရားအလောင်းလို တစ်တိုင်းပြည်လုံး ချမ်းသာအောင် မတတ်နိုင်ပေမယ့် တတ်နိုင်သလောက် လောကတ္ထစရိယာ ဆိုတာ ဆောင်ရမှာပေါ့။

အမျိုးသားအကျိုးဆောင် ဘုန်းကြီးတို့ အလောင်းတော်ဘုရားလေ တိရစ္ဆာန်ဘဝ ရောက်ပြန်တော့လဲ အဲဒီတိရစ္ဆာန်တစ်မျိုးသားလုံး ကြီးပွားအောင် ချမ်းသာအောင် ဘေးရန်ကင်းအောင် စောင့်ရှောက်တော်မူတယ်၊ လူ့ဘဝရောက်ပြန်လို့ ရှိယင်လဲ ကိုယ့်လူမျိုးရဲ့ အမျိုးတစ်မျိုးလုံးဟာ ကြီးပွားအောင် ချမ်းသာအောင် ဘေးရန်ကင်းအောင် စောင့်ရှောက်တော်မူလေ့ရှိတယ်၊ ဒါတွေကို ဟိဇာတ်, ဒီဇာတ်, ဟိဝတ္ထု, ဒီဝတ္ထုတွေ ကြားဘူးကြပါလိမ့်မယ်။

စိတ်ကောင်ထားပုံ တစ်ချို့ ကောင်းတဲ့ အလုပ်တွေကျတော့ ဆွေတော် မျိုးတော်တို့ အတွက်လဲ မဟုတ်ဘူး၊ ကမ္ဘာသူ ကမ္ဘာသား လူအများအတွက်လဲ မဟုတ်ပေဘူး၊ ဘာလုပ်

ဖို့လဲ၊ ဥပမာ-စိတ်ကောင်း နှလုံးကောင်း ထားလိုက်တယ်၊ ကျသာမဖြစ်စေရဘူး၊ ကျသာဆိုတာ ကိုယ့်ထက်သာ မနာလိုတာ၊ ကိုယ့်ထက်သာ မနာလိုတဲ့စိတ် ဆိုတဲ့ဥစ္စာဟာ သိပ်ယုတ် ညံ့တဲ့ စိတ်ဘဲ၊ ငါတော့မဖြစ်စေရဘူး၊ ကိုယ်ထက်သာပါစေ၊ သာတဲ့ သူတွေကို ဝမ်းမြောက်ဝမ်းသာ မုဒိတာဖြစ်လိုက်လို့, မစ္ဆရိယဆိုတာ ကိုယ့်လို သူချမ်းသာသွားမှာကို ဝန်တိုတာ, ကိုယ့်လို ကြီးပွားမှာကို ဝန်တိုတာ၊ ကိုယ့်ပစ္စည်းကလေး သူပေးရမှာ ဝန်တိုတာ၊ အို- ဒါလဲ လူယုတ်လူနုတ် လူညံ့တို့ရဲ့ အလုပ်ဘဲ၊ ငါ့မှာ မဖြစ်စေရဘူး၊ ဟော-စိတ်စင်ကြယ်အောင်လေ အဘိဇ္ဈာ မဖြစ်စေရဘူး, ကျသာ မဖြစ်စေရဘူး, သူတစ်ပါးအပေါ်မှာ မနာလို ဝန်တို မဖြစ်စေရဘူး။

ဖြစ်နိုင်ယင် သူတစ်ပါးအပေါ်မှာ အကျိုးလိုလားတဲ့ မေတ္တာစိတ်တွေ, သူတစ်ပါး အပေါ်မှာ ဆင်းရဲတဲ့သူတွေ သနားကြင်နာတဲ့ ကရုဏာစိတ်တွေ, ချမ်းသာတဲ့ သူတွေကို ကြည့်ပြီးတော့ "တော်ကြပေတယ်, ရှေးကုသိုလ်ကံ ကောင်းကြပေတယ်, လုံ့လဝီရိယ ကောင်းကြပေတယ်, ဉာဏ်ပညာရှိကြပေတယ်, တယ်တော်, တယ်ချမ်းသာ"လို့ ဟော-မုဒိတာဖြစ်လို့၊ အဲဒီလိုဖြစ်တဲ့ အကျင့်တွေကိုတော့လေ "ဗုဒ္ဓတ္ထစရိယ (ဗုဒ္ဓိ+အတ္ထစရိယ) ဉာဏ်ပညာတိုးပွားပြီး သဗ္ဗညုတဉာဏ်အထိရအောင် ကျင့်ကြံ ကြိုးကုတ်အားထုတ်ခြင်း"လို့ ခေါ်တယ်။

တောထွက်ကြိုးစား ဒီလို ဘဝတွေက အများကြီးပေါ့၊ တစ်ခါတစ်ခါ ဘုရားအလောင်း တောထွက်သွား

တယ်၊ ထီးနန်းစည်းစိမ်ကို စွန့်ပြီးတော့ တောထွက်တာ၊ တစ်တိုင်းလုံး တစ်ပြည်လုံးက ဖူးဖူးမှုတ်နေတဲ့ အချိန်မှာ တောထွက်တာ၊ တကတဲ ဘုန်းကြီးက အဲဒီလို အားရတာ၊ အခု တောထွက်ကြမှာက "စိတ်ညစ်လို့ တောထွက်မယ်တဲ့, သူများကကိုယ့်ကို လူရာ မသွင်းလို့ တောထွက်မယ်တဲ့"၊ ဒီလိုဆိုတော့ အားရစရာ မဟုတ်ဘူး။

ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်းဟာ တောထွက်မယ်ဆိုတာ ကြည့်ကြစမ်း, တေမိမင်း ဘဝတဲ့၊ "အို-ခမည်းတော် မယ်တော် တိုင်းသူပြည်သားတွေက အရေးပါနေတဲ့ ဥစ္စာကို တောမထွက်ရအောင်, အရောင်, ဆွံ့ရောင်, နားပင်းရောင် ဆောင်ပြီးတော့ တောထွက်ရအောင် ကြိုးစားတယ်။

အဲဒါ ဘာဖြစ်လို့လဲ၊ ဥာဏ်ပညာ တိုးပွားပြီးတော့ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းလို့ စိတ်ဓာတ်တွေ ရင့်သန်လာအောင်, ဗုဒ္ဓဥာဏ်ပညာ တိုးပွားအောင်, ဘုရားဖြစ်အောင် ကြိုးစားတာဘဲ၊ အဲဒီလို ဘဝပေါင်းများစွာတွေကိုလဲ ပရိတ်ရွတ်တဲ့ ပုဂ္ဂိုလ်က, ပရိတ်နာတဲ့ ပုဂ္ဂိုလ်တွေက အာရုံပြုလို့, တွေးလို့နေရတယ်၊ ဒီစိတ်နဲ့ ရွတ်ယင် ဒီစိတ်နဲ့ နာယင် ဘယ်လောက်များ ပရိတ်တန်ခိုးကြီးမလဲလို့၊ ရွတ်တဲ့ ပုဂ္ဂိုလ်ကလဲ အားတက်သရော ဝမ်းမြောက်ဝမ်းသာ, နာတဲ့ ပုဂ္ဂိုလ်တွေကလဲ ယုံယုံကြည်ကြည်နဲ့ ဘယ်လောက်များ ရွတ်လို့ နာလို့ ကောင်းသလဲ။

ပဋိသန္ဓေနေခန်း: ဘုန်းကြီးတို့တစ်တွေ, အားလုံး ဒါယကာ ဒါယိကာမတို့ တစ်တွေကလဲ ဟို ဘက်ဘဝက

ဒီဘက် ဘဝကို ပဋိသန္ဓေ နေတော့မယ်လို့ဆိုတော့ မရေမရာတာတွေ အများကြီးရှိတယ်၊ ပဋိသန္ဓေ နေခါနီးကျတော့ သေငယ်ဇောနဲ့ ဇာလောက်ဖြစ်စေ မြောသေးတယ်၊ အဲဒီ ဇာလောက် ဖြစ်ဖြစ် မြောတဲ့အချိန်မှာ အခွင့်သာတဲ့ကံက ဝင်ပြီးတော့ ထင်လာရင် အဲဒီကံက အကျိုးပေးတာဘဲ၊ ဘာမှ မရေမရာဘူး၊ ဘုန်းကြီးတို့ ပုထုဇဉ် ဘဝလဲ ဖြစ်မယ်, သာမန်ပုဂ္ဂိုလ်တွေလဲ ဖြစ်မယ်ဆိုရင် ဘာမှ မရေရာဘူး။

ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်းတော်က ပဋိသန္ဓေ နေတော့မယ်လို့ ဆိုတဲ့အချိန် မရောက်မီကလေးမှာ အားလုံး နတ် ဗြဟ္မာတွေက လာပြီးတောင်းပန်ကြတယ်၊ "အရှင်နတ်မင်း အချိန်စေ့ပါပြီ လူ့ပြည်မှာ ပဋိသန္ဓေ နေပြီးတော့ ဘုရားဖြစ်တော်မူပါ"လို့ တောင်းပန်ကြရတယ်။

ဘုရာ.ဖြစ်ရကာလ အဲဒီလို တောင်းပန်တဲ့ အခါမှာ ချက်ချင်း "ကောင်းပြီ လူ့ပြည်မှာ ပဋိသန္ဓေနေမယ်" လို့ ခွင့်မပေးလိုက်သေးဘဲနဲ့ အချိန်ကာလကများ ဘုရားဖြစ်ဖို့မှုတ်ကဲ့လား၊ အနှစ်တစ်ရာ တန်းက အောက်မှာဆုတ်နေတဲ့ အချိန်အခါဆိုယင် ဘုရားဖြစ်ဖို့ ကာလ မဟုတ်ဘူး၊ အနှစ်တစ်သိန်းက အထက် ကျပြန်လို့ ရှိယင် လဲဘဲ လူတွေက တကတဲ- အိုတယ်, နာတယ်, သေတယ်၊ အနိစ္စဘဲ, ဒုက္ခဘဲ, အနတ္တဘဲ, ဟောလို့ မရမှာမို့လို့ ဘုရားဖြစ်ဖို့ရန် ကာလမဟုတ်ဘူး၊ အနှစ်တစ်ရာက အောက်ကျပြန်လဲ လောဘ, ဒေါသ, မောဟတွေက အားကြီး

လွန်းလို့ ပြောလို့ ဟောလို့မရဘူး၊ ဘုရားဖြစ်ဖို့ကာလ မဟုတ်ဘူး၊ အဲဒီလို ကာလ ကြည့်တော်မူတယ်၊ ကာလကြည့်တော့ အနှစ်တစ်ရာ တန်းဘဲ ရှိသေးတယ်, တော်သေးတယ်။

တစ်ခါ ဒေသကြည့်ပြန်တယ်၊ အားလုံး ကြားဖူးတဲ့အတိုင်း ပေါ့လေ၊ အဲဒီလို အကုန်အစင် မယ်တော်ကိုကြည့်တယ်, အမျိုးကို ကြည့်တယ်, အရပ်ဒေသကိုကြည့်တယ်။

မယ်တော်ကိုကြည့် မယ်တော်ရဲ့ အသက်တန်းက နောက် ဘယ်လောက် နေနိုင်အုံးမှာတုန်းလို့ ကြည့်တယ်၊ အားလုံးကြည့်ပြီးတော့ စုံစုံလင်လင်တွေ့တော့မှ "ကောင်းပြီ, လူ့ပြည်မှာ ပဋိသန္ဓေနေမယ်"လို့ အဲဒီလို ခွင့်ပြုလိုက်ပြီးတဲ့ နောက် မယ်တော်က ဥပုသ်တွေစောင့်လို့ ဥပုသ်သီတင်း သီလတွေများထိမ်းလို့၊ နဂိုကလဲ သူတော်ကောင်း မယ်တော်, နဂိုကလဲ အဆင့်အတန်းမြင့်တဲ့ မဟာရာဇကြီးရဲ့ မဟာဒေဝီ မယ်တော်၊ ပြီးတော့ အကျင့်သီလ သိက္ခာကလဲ ကောင်းလိုက်တာ၊ အဲသလို အချိန်မှာ အသက်တန်းကလဲ အကယ်၍များ ဘုရားအလောင်း ဖွားပြီးတဲ့ နောက်မှာ ဆိုယင် ခုနစ်ရက်လောက်သာ နေရတော့မယ်၊ အဲဒီလို အကုန်လုံးကြည့်ပြီး တော့မှ မေတ္တာဘာဝနာပွားလို့, သတ္တဝါတွေ ချမ်းသာကြပါစေလို့ အဲဒီလို မေတ္တာပွားပြီးတော့မှ မယ်တော်ရဲ့ ဝမ်းမှာ လာပြီးတော့ ပဋိသန္ဓေ နေတော်မူတယ်။

အဲဒီလို စသည် အားဖြင့် ချမ်းချမ်းသာသာ ပဋိသန္ဓေနေလို့, မယ်တော် ကလဲဘဲ ကိုယ့်သားတော်အလောင်းကို စောင့်ရှောက်လို့ အဲဒီလို ပဋိသန္ဓေနေတော်မူလာခဲ့တယ်။

ချမ်းသာစွာဖွားမြင် ပင်ပင်ပန်းပန်း မဟုတ်ဘဲနဲ့ ချမ်းချမ်းသာသာနဲ့ စာကဘယ်လောက်များ ဆိုတုန်း ဆိုတော့ "တရားဟောပလ္လင်က ဓမ္မကထိကပုဂ္ဂိုလ် ဆင်းလာရသလို, မယ်တော်ဝမ်းထဲက ဖွားတော်မူတဲ့ အခါလဲဘဲ အင်မတန် ချမ်းချမ်းသာသာနဲ့ ဖွားမြင်တော်မူခဲ့ရတယ်၊ အညစ်အကြေးတွေ ဘာမှ မလူးဘဲနဲ့ အပြင်ရောက်သည်နှင့် တစ်ပြိုင်နက် ရေနွေး, ရေအေးရောအဆင်သင့်ရလို့ သန့်သန့်ရှင်းရှင်းနဲ့ ဆေးကြော သုတ်သင်ပြီးတော့မှ မြှောက်အရပ်သို့ လှမ်းကြွပြီး "ငါဟာ အသာဆုံးဘဲ, အမြတ်ဆုံးဘဲ, အကြီးဆုံးဘဲ"လို့ အဲသလို ကြုံးဝါးပြီးတော့ ဖွားမြင်တော်မူခဲ့ရတယ်။

တောထွက် ၂၉-နှစ် အရွယ်တော် ရောက်တဲ့ အခါ ထီးနန်းစည်းစိမ်ကို စွန့်ခွါ၍ မြတ်သော တောထွက်တော်မူပုံကို အားလုံးသိပြီး၊ ထီးနန်းကိုသူများနဲ့ မတူအောင် စံလို့, အဲဒီလို စံရာကဘဲ သံဝေဂဖြစ်ပြီးတော့ တောတွက်လို့၊ ဒီဟာတွေကို စဉ်းစားပါတဲ့, အဲဒီဘုရားရဲ့ ပရိတ်တော်ပါ၊ အဲဒီဘုရားရဲ့ ပရိတ်တော်တွေကို ယခုရွတ်မှာဘဲလို့ အားတက်သရောနဲ့ စဉ်းစားပြီး အာရုံပြုလိုက်ပါအုံးတဲ့။

တရားကျင့်

တောထွက်ပြီးတော့ မနေ့တစ်နေ့တုန်းကလို ဆိုယင် တကတဲ ထီးနန်းပေါ်မှာ ချမ်းချမ်းသာသာနဲ့၊ ယခု တောထွက်လာတော့လေ ရသေ့ ရဟန်းပြုလို့, ဆွမ်းခံလို့, တကတဲ့ ကြိုးကြိုးစားစား အားထုတ်လို့နေတယ်၊ တစ်နေ့တုန်းက ဆိုယင် ခန္ဓာကိုယ်ကလေး အရေးပါပြီးတော့ နည်းနည်းကလေးမှ မပင်ပန်း ရဘူး၊ ယခု တောထွက်လာတဲ့ အချိန်ကျတော့ ကျင့်လိုက်တာ သေသေ ကြေကြေ ကျင့်တယ်၊ ဖြစ်သလိုကလေး စားပြီးတော့ ကျင့်တယ်၊ ပဲပြုတ်ရေလေးများ တစ်ခွက်လောက် လက်တစ်ခုတ် စာလေးလောက် သောက်ပြီးတော့ ကျင့်တယ်၊ ဟို မကြာမီတုန်းက တော့ ထီးနန်းပေါ်မှာ နလိုက်တာ၊ ယခု တောထွက်လာတော့ ရဲရဲ ရင့်ရင့် ကျင့်တော်မူလိုက်တာ၊ ခြောက်နှစ်ပတ်လုံး ကျင့်တော်မူတယ်။

ဘုရားအာရုံပြု ပရိတ်ရွတ်

ကျင့်တော်မူပြီးတဲ့နောက် မဟာဗောဓိပလ္လင်ရောက် တော်မူပြီးတဲ့ အခါ သမာဓိပျက်အောင် ဖျက်ဆီးလာတဲ့ မာရ်နတ်၏ စစ်တပ်ကိုအောင် တော်မူခဲ့ပုံ, ကဆုန်လပြည့် နောက်တစ်ရက် အရဏ်မတက်ခင် အချိန်မှာပင် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိတော်မူပုံ, ဘုရား ဖြစ်တော်မူပုံ, မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောတော်မူပုံနှင့် မဂ်လေးပါး, ဖိုလ်လေးတန်, နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ကိုးပါးတို့ကို ပရိတ်ရွတ်မယ့် ပုဂ္ဂိုလ်က ဆင်ခြင်ရမယ်တဲ့၊ ဒီတော့ ဘုရားဖြစ်တော်မူပုံကို အကုန်လုံး စိတ်ထဲမှာ ခြုံပြီး, ငုံပြီးတော့ အာရုံပြုလိုက်စမ်းပါတဲ့၊ မြတ်စွာဘုရား ဆုပန်သည်က စပြီးတော့ ဓမ္မစကြာတရား

ဟောတော်မူသည့် တိုင်အောင် ဘုရားအဖြစ်တော်စဉ်ကို ငုံပြီး အာရုံပြုပြီးတဲ့ နောက်မှ ဒီပရိတ်တော်ကို ရွတ်ပါ။

အရှင်အာနန္ဒာစိတ်ဖြင့် ပရိတ်ရွတ်

အဲဒီလို ဘုရားဂုဏ်တော်တွေကို ဆင်ခြင်ပြီးတော့ ပရိတ်ရွတ်တဲ့ ပုဂ္ဂိုလ်ဟာ အရှင်အာနန္ဒာ စိတ်ထားလိုက်စမ်းပါ၊ အရှင်အာနန္ဒာစိတ်က ဘယ်လိုစိတ်မျိုးတုန်း ဆိုတော့၊ ဟို အရှင်အာနန္ဒာ တစ်ခါတုန်းက ဝေဿလီပြည် မြို့ရိုးသုံးထပ်ရဲ့ အကြားမှာ ညဉ့်သုံးယမ်ပတ်လုံး တစ်ညလုံး မြို့ရိုးသုံးထပ်ရဲ့ အကြားမှာ လှည့်ပတ်ပြီးတော့ ပရိတ်ရွတ်တယ်၊ အဲဒီလို ပရိတ်ရွတ်တဲ့ အရှင်အာနန္ဒာရဲ့ စိတ်ဟာ ဘယ်လောက်များ ထက်သန်ပြီးတော့ ဝေဿလီ ပြည်သူပြည်သားတွေကို ဘယ်လောက် သနားတယ်ဆိုတဲ့ ဥစ္စာကို, တစ်ညဉ့်လုံး မနားမနေ ပရိတ်ရွတ်တဲ့ ဥစ္စာကို ကြည့်ပြီးတော့ သိနိုင်တယ်၊ အဲဒါကြောင့် အရှင်အာနန္ဒာစိတ်မျိုးထားပြီးတော့ ပရိတ်နာတဲ့ မကျန်းမမာတဲ့ ပုဂ္ဂိုလ်တို့ အပေါ်မှာ အင်မတန် ကြီးကျယ်တဲ့ မေတ္တာ ကရုဏာ စိတ်ထားပြီးတော့ ပရိတ်ရွတ်ပါလို့ ဆိုလိုတယ်။

ရတနာ့သုတ်တရားတော်

ဘေး ၃ မျိုး "ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ"စသည်ဖြင့် ရတနာသုံးပါး၏ ဂုဏ်တော်များကို အမှန်အတိုင်းပြတဲ့ သုတ်မို့လို့ "ရတနာ့သုတ်"လို့ ခေါ်တယ်၊ ဒီရတနာ့သုတ်ပရိတ်တော်ဟာ ဝေသာလီပြည်က စတာ၊ ဝေသာလီပြည်မှာ မြတ်စွာဘုရားပွင့်တော်မူပြီးတဲ့နောက် သိပ်မကြာခင်မှာ ကပ်ကြီးသုံးပါးဆိုက်တယ်၊ ပဌမ တုန်းက ဒုဗ္ဘိက္ခကပ်တိုက်တယ်၊ ငတ်မွတ်ခေါင်းပါး အစာရှားပြီးတော့နေလို့ ဆင်းရဲသူ ဆင်းရဲသားတွေ သေကြရှာတယ်၊ အသေများလာတော့ ကောင်းကောင်းမွန်မွန် မချနိုင်ကြဘူး၊ ဟိုနားပစ်ထားလိုက်ကြ၊ ညကြီးပေမယ့် သေလို့မို့ မြို့ အပြင်ဘက် ပစ်ထားလိုက်ကြ၊ တော်တော်ကြာတော့ ဒီလိုမသေမသတ်ဘဲနဲ့ ပစ်ထားလိုက်တဲ့ အလောင်းတွေ အကြောင်းပြုပြီးတော့ အပြင်ဘက်က ဘီလူးတွေ, သရဲတွေ, အစိမ်းတွေ မြို့တွင်းဝင်ပြီး အနှောက် အယှက်ပေးကြရော၊ ဒီတော့ နည်းနည်းပါးပါး မမာတဲ့သူတွေကို သူတို့က ဝင်ပြီးတော့ နှောက်ယှက်လိုက်တယ်၊ နှောက်ယှက်လိုက်ပြီ ဆိုယင် တော်တော်တန်တန် မမာတဲ့သူတွေ တစ်ခါထဲ သေကြတယ်။

ပဌမတုန်းက ငတ်မွတ်ခေါင်းပါးတဲ့ ဒုဗ္ဘိက္ခဘေး ပေါ်လာတယ်၊ နောက်တော့ သေကြတယ်၊ သေကြတော့ မကောင်းဆိုးဝါးတွေက ဝင်လာကြတယ်၊ ဒါအမနုဿဘေး ပေါ်လာတယ်၊ မကောင်းဆိုးဝါးတွေ ဝင်လာတော့ သာပြီးတော့ ရောဂါတွေ များလာတယ်၊ အဲဒီမှာ ရောဂါဘေး ပေါ်လာတယ်။

ဘုရားပင့်ရန်တိုင်ပင် အဲဒီလို အကြီးအကျယ် ဘေးကြီးသုံးမျိုး ဖြစ်လာတဲ့ အခါကျတော့ တိုင်းသူပြည်သားတွေပါစုဝေး တိုင်ပင်ကြတယ်၊ မှူးကြီး မတ်ကြီးနဲ့ ရှင်ဘုရင်ပါ တိုင်ပင်ကြတယ်၊ "ခက်ကုန်ပြီ တို့ဝေသာလီပြည်မှာ ဒီလိုဘေးကြီးတွေ ဖြစ်နေပြီ, ဘယ်လိုကာကွယ်လို့မှ မရဘူး၊ ဘယ်နယ်လုပ်ကြမလဲ"လို့ ဆိုတော့ တစ်ချို့ သတင်းကြားတဲ့ သူတွေက "ဗုဒ္ဓပေါ်ထွန်းတယ်လို့ကြားတယ်၊ အဲဒီဗုဒ္ဓဟာ သတ္တဝါတွေကို အင်မတန်သနားတယ်လို့ ဆိုတယ်, အဲဒီဗုဒ္ဓ ယခု ဘယ်နေတုန်း"၊ "ဟာ ယခု ရာဇဂြိုဟ်ပြည်မှာနေတယ်" ကောင်းပြီ ဒါဖြင့် ဗုဒ္ဓကို သွားပြီးတော့ ပင့်ကြယင် မကောင်းဘူးလား, ဗုဒ္ဓရောက်လာလို့ ရှိယင် ဒီဘေးတွေ အေးမှာပေါ့"လို့ အဲဒီလို တိုင်ပင်ကြတယ်။

ခွင့်ပြုချက်ရ အဲဒီလို တိုင်ပင်ကြတော့ ကောင်းပြီ ဗုဒ္ဓကို သွားပင့်မယ်၊ သို့သော် ဗိမ္ဗိသာရမင်း ကိုးကွယ်နေတာဖြစ်တော့ သူက ခွင့်ပေးချင်မှ ပေးမှာ၊ သူ့ကို အရင်လက်ဆောင်ပဏ္ဏာနဲ့ ကျေနပ်အောင်ပေးပြီး ဝင်ကြစို့ရဲ့ ဆိုပြီးတော့ ဝေသာလီမင်းကြီးနှစ်ယောက် နောက်ပါအခြွေအရံနဲ့ လက်ဆောင်ပဏ္ဏာများစွာယူပြီး ဗိမ္ဗိသာရမင်းကြီးဆီ ဝင်ကြတယ်၊ နောက်တော့ ဗိမ္ဗိသာရမင်းကြီးဆီ အကျိုးအကြောင်း ဘုရားပင့်လိုတဲ့အကြောင်း လျှောက်တော့–

"ဟာ–ဒါဖြင့် ဘုရားကိုယ်တော်တိုင် ခွင့်ပြု, မပြုကို သိမှပေါ့၊ ဘုရားသွားပြီးတော့ လျှောက်ကြပါ" ဆိုလို့ မြတ်စွာဘုရားကို အကျိုး

အကြောင်း လျှောက်တော့ မြတ်စွာဘုရားက ခွင့်ပြုလိုက်ရော၊ ခွင့်ပြုလိုက်တဲ့အခါ ဗိမ္မိသာရမင်းကြီးလဲ သိတာနဲ့မို့လို့ "မြတ်စွာဘုရား- ခဏဆိုင်းပါအုန်း, ဒကာတော် လမ်းပြင်ပါ အုန်းမယ်"လို့ လျှောက်တယ်၊ ရာဇဂြိုဟ်ပြည်နဲ့ ဂင်္ဂါမြစ်ကြီးဟာ ငါးယူဇနာလောက် ကွာသတဲ့၊ အဲဒီ ငါးယူဇနာလောက်ကို သူ တဲကျောင်းတွေ အဆင့်ဆင့် ဆောက်ပြီး လမ်းပြင်ရော။

ဖောင်ကြီးစီမံ ပြင်ပြီးတော့မှ မြတ်စွာဘုရားကို မင်းကြီးက ပင့်ပြီး ဂင်္ဂါမြစ်ရောက်တော့ ဖောင်ကြီး စီမံတယ်၊ ဖောင်ကြီးစီမံပြီး ဝေသာလီပြည် မင်းတွေဆီ အကြောင်းကြားလိုက်တယ်၊ "မြတ်စွာဘုရား ကြွလာလိမ့်မယ်, ဂင်္ဂါမြစ်ကကြွလာလို့ ရှိယင် အသင်တို့ကလဲ ကြိုဆိုကြပါ"လို့ အချိန်း အချက်တွေပါ ပြောပြီး သတင်း ပေးလိုက်တော့, ဟိုကလဲ အသင့် စီမံထားကြတယ်၊ မြတ်စွာဘုရားက ဖောင်တော်ကြီးနဲ့ ဂင်္ဂါမြစ်ကို ဖြတ်ပြီးတော့ တစ်ယူဇနာလောက်ခရီး ကူးမိယင်ဘဲ ဝေသာလီပြည် မင်းများရဲ့ နယ်နိမိတ် ရောက်သွားတယ်၊ ဟို မင်းတွေကလဲ ခရီးဦးကြိုဆိုပြီး အသင့်ပြင်နေကြတယ်။

ပရိတ်သင်ပေး မြတ်စွာဘုရားက ရဟန်းတော် ငါးရာနှင့် အတူ ဝေသာလီပြည် မြို့တံခါး ရောက်ယင်ဘဲ "အာနန္ဒာ-ရတနသုတ်ပရိတ်တော်ကို သင်ယူစမ်း" ဆိုပြီးတော့ အရှင်အာနန္ဒာကို ရတနသုတ်ပရိတ်တော်ကို ချပေးတယ်၊ ချပေးပြီးတော့ "ဒီ ရတနသုတ်ပရိတ်တော်ကို အသင် မြို့ထဲလှည့်ပြီး မြို့ရိုးသုံးထပ်ရှိ ဝေသာလီမြို့ရဲ့ မြို့ရိုးသုံးထပ်ကြားထဲမှာ တစ်ဂါဝုစ် တစ်ဂါဝုစ်စီ ကွာတယ်၊ အဲသလောက် ကွာဝေးတဲ့ မြို့ရိုးသုံးထပ်ထဲမှာ သင် ရတနသုတ်ပရိတ်တော်ကိုရွတ်"လို့ မြတ်စွာဘုရားက အမိန့်ပေးတယ်။

မိုးကြိုးရွာ အမိန့်ပေးတော့ အရှင်အာနန္ဒာ မရွတ်ခင် မြတ်စွာဘုရား ကြွလာလို့ရှိယင်ဘဲ နတ်ကြီးတွေကလဲ ဘုရားထံ ဆီးကပ်လာကြတယ်၊ အဲဒီမှာ မြတ်စွာဘုရား မရောက်ခင် စောစောက တင်ကြိုပြီးတော့ မိုးကြီးကလဲ သည်းထန်စွာ ရွာတယ်၊ မြတ်စွာဘုရား ဝေသာလီမြို့ ခြေတော်နင်းလိုက်တယ် ဆိုယင် မိုးကြီးဟာ သည်းထန်စွာရွာလို့,တစ်ခါထဲ စောစောက အလောင်းကောင်တွေ အပုတ်တွေဟာ ရေထဲမျောလို့ အတော် သန့်ရှင်းသွားပြီ၊ ဒါဟာ သဘာဝလဲ အင်မတန်ကျတယ်။

မြတ်စွာဘုရား ကြွလာလို့ မိုးကြီးကရွာတော့ အလောင်း ကောင်တွေ မစင်ကျယ်တာတွေ ရေထဲမျောလို့ မြေတလင်း သန့်ရှင်းတာက တစ်ကြောင်း, နတ်ကြီးတွေက မြတ်စွာဘုရားကို ဖူးမျှော်လာကြကော့ နတ်ကြီးတွေ အတွက်ကြောင့် နဂိုကဝင်နေတဲ့ မကောင်းဆိုးဝါးတွေဟာ ထွက်ပြေးတာလဲ တစ်ကြောင်း, ဒီ အကြောင်းတွေကြောင့် လူတွေကလဲဘဲ ဗုဒ္ဓကိုယ်တော်မြတ် ကြွလာတော်မူ သတဲ့လို့ ကြားတဲ့အခါမှာ လူမမာတွေကလဲ သိပ် စိတ်အား ထက်သန်လာကြတယ်၊ နဂိုက သူတို့အနီးအပါးမှာ ပူးကပ်ပြီးတော့ နှောက်ယှက်နေတဲ့ မကောင်းဆိုးဝါးတွေကလဲ ထွက်ပြေးကြတယ်။

ပရိတ်ရေဖြန်း အဲဒီတော့ လူတွေကလဲ အင်မတန် စိတ်အား ထက်သန်စွာနဲ့ ကျန်းမာတဲ့ဘက်မှာ ရှေးရှုပြီး တော့နေတဲ့ အခိုက်အတန့်မှာ အရှင်အာနန္ဒာကလေ ဝေသာလီမြို့ ထဲက လုလင်ပျို အရွယ်ကောင်းကောင်းတွေကို နောက်ပါခေါ်ပြီး တော့ မြတ်စွာဘုရား၏ သပိတ်တော်နဲ့ ဂင်္ဂါမြစ်ရေခပ်ပြီး ပရိတ် တော်ရွတ်လိုက်, ရေနဲ့ဖြန်းလိုက်၊ ပရိတ်တော်ရွတ်လိုက်, ရေနဲ့ဖြန်း လိုက်၊ နောက်လုလင်တွေကလဲ အားတက်သရောလိုက်လာကြတယ်။

အဲဒီတော့ စောစောကထဲက ကပ်နေတဲ့ မကောင်းဆိုးဝါး အစိမ်း သဘက်တွေဟာ အနားမှာ မနေတော့ဘဲ တစ်ခါထဲ ပြေးကုန်ကြ တယ်၊ ဦးတည်ရာမှာ အတင်း ထွက်ပြေးကြတာဘဲတဲ့၊ ဒါ့ကြောင့် အင်မတန် စိတ်အားထက်သန်စွာနဲ့ အရှင်အာနန္ဒာ ပရိတ်ရွတ်တယ်။

ဆရာတော့်စေတနာ ဒါ့ကြောင့် "တစ်ခါတစ်ခါများ မြို့သူ မြို့သား လူကြီးလူကောင်းတွေ, ဆရာ သမားတော်တွေ, မတော်တဆများ ယခုလို ဘေးအန္တရာယ် ကြုံတဲ့ အခါမှာ တယ် အားရပါးရ ဒီစေတနာမျိုးနဲ့ လူကြီးလူကောင်းတွေ, ကာလသားတွေ, နောက်ကလိုက်လို့ ပရိတ်တွေရွတ်ပြီးတော့ အဲဒီ လိုများ ပေးရလို့ရှိယင် ဘယ်လောက်များ ကောင်းမလဲ"လို့ အဲသလို စိတ်ထဲမှာ တွေးမိတယ်။

ဒီရတနသုတ်ပရိတ်တော်ကို အရှင်အာနန္ဒာလဲ လှည့်ပြီးတော့ ရွတ်လိုက်ရော, စောစောစီးစီးက မိုးကြိုးကလဲ ရွာချထားတယ်၊ မြတ်စွာဘုရားကို နတ်မင်းကြီးတွေ အဖူးအမြော် လာကြတယ်၊

အရှင်အာနန္ဒာကလဲ မြို့ရိုး သုံးထပ်အကြားမှာ နှံ့နှံ့စပ်စပ် တစ်ညဉ့် လုံးလှည့်ပတ်ပြီးတော့ ပရိတ်ရွတ်တော်မူလိုက် ပရိတ်ရေဖြန်းလိုက် ဆိုတော့ နည်းပါးပါး နေမကောင်းတဲ့ သူတွေကလဲ ထလာပြီးတော့ အရှင်အာနန္ဒာကို ရှိခိုးကြတာဘဲတဲ့။

ထပ်ပြီးဟော အဲသလို ရှိခိုးလို့ နံနက်လဲလင်းရော မြတ်စွာဘုရား ကလဲ ရတနသုတ်ပရိတော်ကို ရွတ်ဖို့ရန် အဆင် သင့်ဖြစ်ပြီး ပရိသတ်လူနတ်တွေကလဲ ရောက်နေရာ, အရှင်အာနန္ဒာ ကလဲဘဲ ဝေသာလီမြို့ တစ်မြို့လုံး တစ်ပတ်လုံး ရွတ်ပြီးတဲ့ အခါမှာ ဝမ်းမြောက် ဝမ်းသာဖြစ်နေတဲ့ ပရိတ်သတ်တွေကို နောက်ကထား ပြီးတော့ မြတ်စွာဘုရားဆီ ကြွလာခဲ့တယ်တဲ့၊ အဲဒီ ပရိသတ် အလယ်မှာ မြတ်စွာဘုရားက ဒီရတနသုတ် ပရိတ်တော်ကြီးကို ထပ်ပြီး ဟောတော်မူတယ်။

အမိန့်ပေး "အို-အခုရောက်လာတဲ့ နတ်အများတို့ အသင်တို့ကို လေ ဒီလူတွေက ဗိလိနတ်စာများ ပေးသောအားဖြင့် မေတ္တာပို့သော အားဖြင့် အသင်တို့ကို ပူဇော်ပသမှုကို အမြဲမပြတ် ပြုနေကြတယ်၊ အဲဒါကြောင့် ယခုရောက်လာကြတဲ့ အသင်နတ်တို့ ကလဲဘဲ ဒီ လူသားတွေကို သနားပြီးတော့ ပြန်ပြီးစောင့်ရှောက်ကြ" လို့ နတ်တွေကို လူတွေ စောင့်ရှောက်ဖို့ရန် အမိန့်ပေးတော်မူခဲ့တယ်၊

အမြတ်ဆုံးရတနာ လောကမှာ နှစ်သက်စရာ စိန်တွေ, ရွှေတွေ, သားရတနာ, သို့ီးရတနာတွေ, တယ်လဲ နှစ်သက် စရာကောင်းတယ်၊ ဥစ္စာရှင်မှာ စိတ်ချမ်းသာစေတယ်၊ ဥပမာ

စိန်တွေ, ရွှေတွေ, ပြည့်ပြီးတော့နေတယ်ဆိုယင် ဥစ္စာရှင်မှာ တယ် စိတ်ချမ်းသာတယ်၊ တော်တော့လူလဲ မရနိုင်ဘူး၊ တော်တော် အထက် တန်းကျတဲ့ ပုဂ္ဂိုလ်တွေမှ ရနိုင်တယ်၊ သားရတနာ, သျှီးရတနာ, သားကောင်း, သျှီးကောင်းကို တော်တော့လူလဲ မရနိုင်ဘူး၊ အင်မတန် ဘုန်းကံရှိမှ ရနိုင်တယ်၊ အဲဒါတွေကောင်းပါတယ်၊ လောကမှာ အမြတ်ပါဘဲ၊ ဒါပေမယ်လို့ လူပြည်မှာရော, နတ်ပြည်မှာရော, နဂါးပြည်မှာရော, ရှိရှိသမျှ ကောင်းပါပေ့ဆိုတဲ့ လောကီ ရတနာ တွေထက် မြတ်စွာ ဘုရားရတနာက သာပြီးတော့ မွန်မြတ်တယ်။

ဘာဖြစ်လို့လဲဆိုတော့ စဉ်းစားကြည့်လေ စိန်တွေ, ရွှေတွေ, သားတွေ, သျှီးတွေကို, ရတနာလို့ ဆိုရပေမယ့် ဘုရားရတနာလောက် တွေ့ဖို့ ကြုံဖို့ ခဲယဉ်းရဲ့လား၊ ဘုရားရတနာတစ်ပါး, ဘုရားရတနာ တစ်ဆူ ပွင့်ဖို့ရန်ဆိုတာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာမှ ပွင့်တယ်၊ စိန်တွေ, ရွှေတွေ, ရဖို့ရန်ဆိုတာ တစ်သက်လုံး ကြိုးစား လိုက်လို့ရှိယင် နောက်ဆုံးကျပြီ ဆိုယင် စိန်ပိုင်ရှင်, ရွှေပိုင်ရှင် ဖြစ်နိုင်တယ်၊ ဘုရားရတနာက ဒီလိုရဖို့ရန် မမြန်ပါဘူး, အင်မတန် ရခဲတယ်၊ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာမှ ဒီဘုရားရတနာ တွေ့ရတယ်၊ အဲဒါကြောင့် ဘုရားရတနာနဲ့ တူတဲ့ရတနာဟာ လောကီရတနာထဲမှာ တစ်ပါးမှ မရှိပါဘူး။

တံခါးတိုင်ကြီးလွန်ခိုင်ဖြီး တစ်ဆယ့်ရှစ်တောင် အထက်မှာ မြင်လို့ရှိယင် အောက်မှာလဲ တစ်ဆယ့်ရှစ်တောင်နက်အောင် စိုက်ထားတဲ့ တံခါးတိုင်ကြီးရှိတယ်၊ အဲဒီ

တံခါးတိုင်ကြီးဟာ အရပ်လေးမျက်နှာက လေမုန်တိုင်းတွေလာ, ဘယ်လောက်လာလာ, ဒီလေမုန်တိုင်းကြောင့် ဒီတံခါးတိုင်ကြီးဟာ ယိုင်တယ်လို့မရှိပါဘူး၊ အရိယာအဖြစ် ရောက်ပြီးတဲ့ ပုဂ္ဂိုလ်လဲဘဲ မြဲမြံနစ်စွာ စိုက်ထားအပ်သော တံခါးတိုင်ကဲ့သို့ ခိုင်မြဲ၏ဟု မှန်ကန် သောစကားကို ဆိုရခြင်းကြောင့် သင်တို့တစ်တွေ ချမ်းသာကြပါစေ။

ကုသိုလ် အကုသိုလ်ကုန် ရဟန္တာဖြစ်ပြီ ဆိုလို့ရှိယင် ရှေးရှေးက ပြုထားတဲ့ ကုသိုလ်ကံတွေ, အကုသိုလ်ကံတွေ အကုန်လုံးကုန်သွားတယ်၊ အမှန်ကုန်တာကတော့ အကုသိုလ်ကံတွေ ကုန်တာ၊ အကုသိုလ်ကံတွေကို ကုသိုလ်ကံတွေက လိုက်ပြီး ဖျက်ဆီးနေရတာဖြစ်တော့ အကုသိုလ်ကံ ကုန်သွားယင်ဘဲ ကုသိုလ်ကံက ဖျက်ဆီးစရာ မရှိလို့ သူလဲ သတ္တိကုန်သွားတာဘဲ၊ စိတ်ထဲက မှန်းကြည့်ပါ၊ ရဟန္တာအရှင်မြတ် အရှင်သာရိပုတ္တရာ ကြီးမှာ အရှင်သာရိပုတ္တရာ ဘဝများက တစ်အသင်္ချေနှင့် ဘဝတစ်သိန်းက ကုသိုလ်တွေ အများကြီးပါလာတာဘဲ။

တစ်ခါတစ်ခါ အကုသိုလ်လဲပါမှာပေါ့၊ အဲဒီ အကုသိုလ်တွေကို ရဟန္တာဖြစ်သည်နှင့်တစ်ပြိုင်နက် အကုသိုလ်ဓာတ်တွေ, အဝိဇ္ဇာ တဏှာဓာတ်တွေ သတ်ပစ်လိုက်တဲ့အခါမှာ ဟိုရှေးရှေးတုန်းက ပါလာတဲ့ ကုသိုလ်တွေကလဲ သူတို့သတ်စရာ အကုသိုလ်မရှိတော့ သူတို့လဲ ကုန်သွားတာဘဲ၊ ဒီတော့ အရှင်သာရိပုတ္တရာရဲ့သန္တာန်မှာ နောင်အကျိုးပေးစရာ ကုသိုလ်ကံ အကုသိုလ်ကံတွေ မရှိတော့ဘူး၊ စိတ်ထဲကမြင်ထားပါ။

ကုသိုလ်မခေါ်ရ ဒါဖြင့် ကောင်းပြီ အရှင်သာရိပုတ္တရာ နောက်ထပ် ကောင်းတဲ့ကံတွေ မလုပ်တော့ဘူးလား၊ အရှင်သာရိပုတ္တရာ ရဟန္တာဘဝနဲ့ ဒီပြင်ရဟန်းတွေ ချမ်းသာအောင် တရားဟောမယ်, စာပေပို့ချမယ်၊ မြတ်စွာဘုရား၏ အဆုံးအမ အတိုင်း ဝိနည်းတရားတော်တွေ လိုက်နာမယ်၊ ဒီကုသိုလ် ကံတွေ မရှိဘူးလားလို့ဆိုတော့- အဲဒါတွေကို ကုသိုလ်လို့ မခေါ်ရတော့ဘူး၊ ဘာတွေဖြစ်နေတုန်းလို့ ဆိုတော့ ဘုန်းကြီးတို့ အသီးမသီးတဲ့ လေကြောင့် ပွင့်တဲ့အပွင့်လို နောက်ထပ်အသီးမသီးဘဲနဲ့ အပွင့်သာ ပွင့်တာနဲ့ ပြီးသွားတာလို အရှင်သာရိပုတ္တရာပြုသမျှ ကောင်းတဲ့ အလုပ်တွေဟာ ကုသိုလ်လို့ မခေါ်ရတော့ဘူး၊ တစ်ခါထဲ အကျိုး နောက်ထပ် မဖြစ်နိုင်တဲ့ ကြိယာအဖြစ်မျိုးနဲ့ ပြီးရတော့တယ်။

အစေးမရှိ ဘာဖြစ်လို့ အကျိုးနောက်ထပ် မဖြစ်ရသတုန်းလို့, ဆိုတော့ အကျိုးပေးတယ်, အကျိုးပေးတယ် ဆိုတဲ့ ဥစ္စာ အဝိဇ္ဇာက သံသရာကို ဖုံးလွှမ်းပေးရသေးတယ်၊ တဏှာက နောက် ဘဝအတွက် အစေးကလေး ကပ်ပေးရသေးတယ်၊ အဲဒီ အဝိဇ္ဇာ တဏှာ အစေးမရှိလို့ ရှိယင် ကုသိုလ်ရယ်လို့ မရှိတော့ဘူး၊ အားလုံးပြုပြုကာမတ္တပြီးတာဘဲ၊ အဲသလို ဖြစ်သွားတယ်။

ဒါ့ကြောင့် အရှင်သာရိပုတ္တရာရဲ့ သန္တာန်မှာ အဝိဇ္ဇာ တဏှာ ဆိုတဲ့ အစေးကလေးကလဲ မရှိ, ဖုန်းမယ့်တရားကလဲ မရှိလို့မို့ ကောင်းတဲ့ ဘဝတွေ လုပ်ပေမယ်လို့ အသစ်ဘဝတွေ ဖြစ်ဖို့ရန် မရှိတော့ဘူး၊ ဘုန်းကြီးတို့က ဒီ ဘဝသေပြီးတော့ ဘယ်ဘဝဆိုတာ

လေးကို၊ ဒီလို တွယ်တာမှုလေးရှိသေးတယ်၊ အရှင်သာရိပုတ္တရာတို့ လိုက ဒီဘဝလေး သေပြီးတော့ ဘယ်ဘဝဆိုတဲ့ တွယ်တာမှုလေးမှ မရှိတော့ဘူး။

မီးတောက်ငြိမ်းသလို မြတ်စွာဘုရားက ဒီတရားဟောတဲ့ အချိန်မှာ မီးတောက်ကလေးရှိတယ်၊ အဲဒါ မီးတောက်ကလေး ငြိမ်းသွားတော့ ဘယ်သွားတုန်း၊ ဒီမီးတောက်ကလေးဟာ အရှေ့ သွားသလား မသွားပါဘူး၊ ဘယ်သွားလဲ, ငြိမ်းသွားတယ်၊ ငြိမ်းတာတော့အမှန်ဘဲ၊ ဒီနဂိုတုန်းက မီးတောက်ကလေး ပူပူ လောင်လောင်ကလေး ရှိတာအမှန်ဘဲ၊ နောက်ငြိမ်းသွားတော့ ဘယ် နေရာမှာမှရှာလို့ မရတော့ဘူး၊ အဲဒီလိုဘဲ ရဟန္တာအရှင် မြတ်တွေ လဲဘဲ ဒီဘဝရဲ့ နောက်ဆုံးစုတိဆိုတဲ့ စိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက် နောက်ထပ် ဘဝအသစ် မရှိတော့ဘူး၊ ဘယ်ရောက်သွားလဲ, ဘယ် ရောက်သွားတယ်လို့ကို မသိတော့ဘူး၊ အရှေ့ အနောက် တောင် မြောက် ဘယ်ဘဝ ရောက်သွားတယ်လို့ကို မဟုတ်ဘူး၊ တစ်ခါထဲ ငြိမ်းသွားတဲ့မီးလို ငြိမ်းသွားတာဘဲ၊ မိမိ တို့လဲဘဲ မီးတောက်ကလေး ငြိမ်းပြောက်သွားသလို ငြိမ်းအေးသွားတော်မူကြတဲ့ ရဟန္တာပုဂ္ဂိုလ် များကဲ့သို့ ရာဂစတဲ့ မီးတစ်ဆယ့်တစ်ပါးတို့၏ ငြိမ်းအေးရာ ဖြစ်သော နိဗ္ဗာန်ကို အသီးအသီး ကိုယ်စီကိုယ်ငြ မျက်မှောက်ပြုနိုင် အောင် ကြိုးစားနိုင်ကြစေ ကုန်သတည်း။

ရတနသုတ်တရားတော်ပြီး၏။

မေတ္တာသုတ်တရားတော်

မြတ်စွာဘုရား လက်ထက်တော်တုန်းက ရဟန်းတော်ငါးရာ လောက် မြတ်စွာဘုရားထံက တရားယူပြီးတော့ မိမိတို့ ဝါတွင်း သီတင်းသုံးဖို့ နေရာရှာကြတယ်၊ နေရာရှာကြတော့ ဟိမဝန္တာရဲ့ အနီအပါး ရွာကြီးတစ်ရွာမှာ ဂေါစရဂါမ်ပြုပြီးတော့ တောထဲ သီတင်းသုံးကြတယ်၊ အဲဒီ သီတင်းသုံးတဲ့ အချိန်မှာ ပထမရောက် တော့ တောထဲမှာနေတဲ့ ရုက္ခစိုးနတ်တွေက သူတို့နတ်ကလေးတွေ ခေါ်ပြီးတော့ တစ်နေရာ သွားကြရတယ်၊ ဘာဖြစ်လို့လဲ၊ ဒီရဟန်း တွေက သီလရှိတဲ့ရဟန်းတော်တွေ၊ သူတို့က အထက်ကမနေချင်ကြ ဘူး, မနေရဲကြဘူး၊ ဒါနဲ့ နတ်ကလေးတွေ သားတွေ သမီးတွေ ခေါ်ပြီတော့ ဟိုနားဒီနား သွားနေကြရတယ်၊

ခြောက်လှန့် သူတို့စိတ်ထဲမှာ ဘယ်နှယ် အောက်မေ့နေတုန်း ဆိုတော့ "ကိုယ်တော်များ ခဏလာတာဘဲ၊ နောက်ရက်တွေ လောက်ဆိုယင် ပြန်ကြမှာပေါ့"လို့ ဒီလို အောက်မေ့ နေကြတယ်၊ မနက်ဖြန်ကျတော့ အဲဒီရွာမှာ ဆွမ်းခံကြတယ်၊ ဆွမ်းခံ ပြီးတော့ ဒီတောထဲပြန်လာ ကြတယ်၊ "အော်- ကိုယ်တော်များ ထပ်ပင့်လို့ လာကြတာထင်ပါရဲ့" ဒီလိုနဲ့ဘဲ သူတို့က သည်းခံ ပြီးတော့ နေရာလေး ဘာလေး ရွှေ့နေကြရတယ်၊ နောက် ရက်ကျလဲ ကိုယ်တော်များ ပြန်လာကြတယ်။

ကဲ ကိုယ်တော်များလာပြန်ပြီ၊ ဒီလိုဆိုယင် တို့ကလေးတွေနဲ့ ဒီလိုဆင်းရဲခံပြီးတော့ မနေနိုင်ဘူး၊ ဒီလိုဆိုယင်တော့ ဒီကိုယ်တော်များ

ဒီမှာ မနေနိုင်အောင် လုပ်မှဘဲလို့ တိုင်ပင်ကြတယ်၊ တိုင်ပင်ပြီး ညကျတော့ တချို့က ကြောက်စရာ အသံတွေနဲ့ ချောက်ကြတယ်, တချို့ကလဲ ကြောက်စရာ အဆင်းတွေနဲ့ ပြကြတယ်, တချို့က မကောင်း တဲ့ အနံ့တွေ ပေးကြတယ်၊ နတ်တော့နတ်ဘဲ, ရုက္ခစိုး နတ်တွေဘဲ၊ ချောက်တာက တစ္ဆေချောက်သလိုဘဲ ချောက်နေ ကြတယ်။

နေမကောင်းဖြစ်ကြ ဒါနဲ့ ရဟန်းတော်များ သမာဓိမရဘူး၊ တရားအားထုတ်လို့ မဖြစ်ဘူး၊ မဖြစ် ရုံတင်မကဘူး၊ တစ်ချို့က နေမကောင်းကြဘူး အနံ့တွေက မကောင်းလို့ နေမကောင်း, စိတ်က မကောင်းလို့ နေမကောင်းကြ၊ ဒါနဲ့ နောက်တော့ မထေရ်ကြီးထံ စည်းဝေးကြတယ်၊ "ငါ့ရှင်တို့- ငါရှင်တို့ရဲ့ ရုပ်အဆင်းဟာ ပထမ ရောက်ခါစနဲ့ မတူပါဘဲလား၊ တယ်ညှိုးညှိုးနွမ်းနွမ်း ဖြစ်နေကြ ပါလား၊ ဘာများဖြစ်ကြတုန်း"လို့ ဆိုတော့-

"တချို့က မကောင်ဆိုးဝါးတွေ မြင်ကြတယ်၊ တချို့က မကောင်းတဲ့ အသံတွေ ကြားရတယ်၊ ဒါ့ကြောင့် စိတ်မကောင်းကြ ပါဘူး၊ မကောင်းတဲ့ အနံ့တွေ နံရလို့ ခေါင်းတွေကိုက်ခဲပြီးတော့ မကျန်းမမာ ဖြစ်ကြပါတယ်"လို့ အဲဒီလို အသီးအသီး ပြောကြတယ်၊ အဲဒီလို အသီးအသီးပြောကြတော့ "ငါ့ရှင်တို့- မြတ်စွာဘုရားက ဝါတွင်းပေမယ့် ဘေးအန္တရာယ်ရှိလို့ရှိယင် ရွှေ့ပြောင်းပြီးတော့ ဝါကပ်နိုင်တယ်လို့ ခွင့်ပြုတော်မူတယ်၊ ဒါ့ကြောင့် တို့တစ်တွေ

ဒီနေရာဟာ သပ္ပါယမဖြစ်ပါဘူး၊ မြတ်စွာဘုရားဆီ ပြန်ကြဦးစို့ရဲ့" ဆိုပြီးတော့ ရဟန်းတော်တွေ ပြန်လာကြတယ်။

ပရိတ်ရွတ်သွားကြ ပြန်လာတော့ မြတ်စွာဘုရားက အကျိုးအကြောင်း သိပြီးသားဘဲ၊ သိပြီးသား ပေမယ့် စကားလက်စရအောင်လို့ မေးတော်မူတယ်၊ မေးတော့လဲ ဒီအကြောင်းတွေ လျှောက်ကြတယ်၊ မြတ်စွာဘုရားကသိတော်မူတယ်၊ ဒီရဟန်းတွေ တရားရဖို့က ဒီနေရာဘဲရှိတယ်၊ ဒို့ပြင်နေရာဆိုယင် ဒီရဟန်းတွေ တရားရစရာနေရာကို မမြင်ဘူး၊ ဒီတော့ ဒီနေရာပြန်သွားမှဘဲ၊ "ငါ့ရှင်တို့- ဒီနေရာဘဲ ပြန်သွားကြ၊ ငါဘုရားဆီက ပရိတ်ကို ယူသွားကြ, ဒီပရိတ်ကို တောစကနေပြီးတော့ ရွတ်သွားကြ, ဒီပရိတ်တော်မှာ လာတဲ့ အတိုင်းဘဲ မေတ္တာပွားကြ"လို့ အဲဒီလို အမိန့်တော်ရှိပြီးတော့ ပြန်လွှတ်လိုက်တယ်။

ဒီမေတ္တာသုတ်ပရိတ်ကိုလဲ မြတ်စွာဘုရားက ရွတ်ပေးလိုက်တယ်၊ အဲဒီလို ရဟန်းများ မေတ္တာသုတ်ပရိတ် သင်ယူပြီးတော့ တောစလောက်ကဘဲ "ကရဏီယ မတ္ထကုသလေန, ယန္တ သန္တံ ပဒံ အဘိသမေစ္စ"လို့ ညီညီညွတ်ညွတ် ရွတ်ပြီးတော့ တောထဲ ဝင်သွားကြတယ်။

နတ်တွေချစ်ခင် စိတ်ကလဲ မေတ္တာပို့ကြတယ်, နှုတ်ကလဲ မေတ္တာသုတ်ကို ရွတ်ကြတယ်၊ အဲဒီလို မေတ္တာပို့, မေတ္တာသုတ်ကို ရွတ်ပြီး ဝင်သွားကြတော့ နဂိုရှိတဲ့ နတ်တွေဟာ

စိတ်နှုးညံ့ပြီးတော့- "အော်- ကိုယ်တော်မြတ်တွေ ပြန်ကြွလာကြတယ်" စိတ်ထဲက ရင်းရင်းနှီးနှီးနဲ့ ချစ်ခင်လို့ နတ်တွေက၊ ဒါနဲ့ တချို့နတ်တွေက ကိုယ်ထင်ပြပြီး သပိတ်များ လှမ်းယူတဲ့သူက ယူလို့, ရဟန်းများဆီမှာပါတဲ့ ဟိုပစ္စည်း ဒီပစ္စည်းလေးတွေ ယူလို့, ရင်းရင်းနှီးနှီး ဆရာ ဒကာဖြစ်ကြတယ်၊ ဆရာ ဒကာဖြစ်တော့လဲ နေရေးထိုင်ရေးက လွယ်သွားပြန်တယ်။

ဥပမာ- မိမိအိမ်မှာ မင်းကြီး စိုးကြီးတွေ လာပြီးနေတယ်ဆိုယင် ပထမကတော့ ခပ်စိမ်းစိမ်းဆိုယင် အနေအထိုင်ခက်ကြတယ်၊ နောက် ရင်းနှီးလာတော့ တယ်မထူးဘူး, နေနိုင် ထိုင်နိုင်ကြတယ်၊ အဲဒါလို ဘဲ ရဟန်းတော်များနဲ့ နတ်တွေနဲ့ ရင်းရင်းနှီးနှီး ဆရာရင်း ဒကာ ရင်းတွေ ဖြစ်တော့ နေသာထိုင်သာ ရှိကြတယ်၊ နေလို့ ထိုင်လို့ ရှေးတုန်းကလို မဆင်းရဲကြဘူး၊ အဲဒါနဲ့ ဒီတစ်ခေါက်တော့ နတ်တွေက မကောင်းတဲ့ အသံတွေ မကြားစေကြဘူး, မခြောက်လှန့်ကြဘူး၊ မကောင်းတဲ့ ရုပ်အဆင်းတွေလဲ မပြကြဘူး၊ မခြောက်လှန့်ကြဘူး, အနံ့တွေလဲ မပေးဘူး၊ စောင့်ရှောက်ပြီး အဲသလို နေကြတော့လေ ရဟန်းတော်မြတ်တွေ စိတ်ကို တည်ကြည်လို့, စိတ်ချမ်းသာလို့ နောက် တစ်ဝါတွင်းမှာဘဲ တရားအားထုတ်ကြတာ တရားရသွားကြတယ်။

မေတ္တာအကျိုး(၁၁)မျိုး

သုဘာဝိတာယ မေတ္တာယ, သုခံ သုပတိ ဗုဇ္ဈတိ၊
န ပဿေ ပါပသုပိနံ, ပိဟယန္တိ နရာ မရူ။

မေတ္တာယ-မေတ္တာကို၊ သုဘာဝိတာယ-ကောင်းစွာ ပွားများအပ်သော်၊ သုခံ-ချမ်းသာစွာ၊ သုပတိ-အိပ်ရ၏၊ သုခံ-စွာ၊ ဗုဇ္ဈတိ-နိုးရ၏၊ ပါပသုပိနံ-မကောင်းသော အိပ်မက်ကို၊ နပဿေ-မမြင်မမက်ရ၊ (တံ-ထို မေတ္တာပွား၍ နေလေ့ရှိသော အမျိုးကောင်းသား, အမျိုး ကောင်းသမီးကို၊) နရာ-လူတို့သည်၊ ပိဟယန္တိ-ချစ်ခင်မြတ်နိုးကြလေကုန်၏၊ မရူ-နတ်တို့သည်၊ ပိဟယန္တိ-ချစ်ခင်မြတ်နိုးကြကုန်၏၊ (လူတွေ နတ်တွေက မေတ္တာပွားတဲ့သူကို တကယ်မြတ်နိုး ချစ်ခင်းကြတယ်။

ဒေဝါ ရက္ခန္တိ နဂ္ဂာဒိ, ကမေ ခိပ္ပံ သမာဓိယေ၊
ပသီဒတိ မုခဝဏ္ဏော, ကာလင်္ကရော အမူဠကော။

ဒေဝါ-နတ်တို့သည်၊ ရက္ခန္တိ-စောင့်ရှောက်ကြကုန်၏၊ အဂ္ဂါဒိ-မီးအစရှိသော, အဆိပ် အစရှိသော ဘေးရန်အန္တရာယ်သည်၊ နကမေ-မဝင်မရောက်နိုင်၊ (မီးဖြစ်ဖြစ်, အဆိပ်ခပ်ခပ်, တစ်စုံတစ်ခုလက်နက်နဲ့ဘဲ နှိပ်စက်နှိပ်စက်, မေတ္တာနဲ့ နေတဲ့ပုဂ္ဂိုလ်ထံ မရောက်နိုင်ပါဘူး)၊ ခိပ္ပံ-လျင်စွာ၊ သမာဓိယေ-တည်ကြည်၏၊ မုခဝဏ္ဏော-မျက်နှာအဆင်းသည်၊ ပသီဒတိ-ကြည်လင်၏ (မေတ္တာနဲ့ နေယင် မျက်နှာကြည်လင်တယ်)၊ အမူဠကော-မတွေမဝေ၊ ကာလင်္ကရော-စုတေရ၏၊

ဥဒ္ဓံ-မပွင့်ဋိဝဏ္ဏော, ဗြဟ္မလောကူပဂေါ ဣတိ၊
ဧကာဒသအာနိသံသာ, ပါဋိကင်္ခါ အသံသယာ။

ဥဒ္ဓံ-အထက်မဂ် အထက်ဖိုလ်ကို၊ အပ္ပဋိဝဏ္ဏော-ထိုးထွင်း၍ မသိရသေးသည်ရှိသော်၊ ဗြဟ္မလောကူပဂေါ-ဗြဟ္မပြည်သို့ လားရ၏၊ ဣတိ-ဤသို့၊ ဧကာဒသအာနိသံသာ-တစ်ဆယ့်တစ်ပါးသော အကျိုးအာနိသင်တို့ကို၊ ပါဋိကင်္ခါ-အလိုရှိအပ်ကုန်၏၊ အသံသယာ-မယုံမှားအပ်ကုန်။

နွားမကြီးမေတ္တာ ရှေးတုန်းက ကမ္မဋ္ဌာန်းမေတ္တာကြီးတောင် မဟုတ်ဘူး၊ နွားမကြီးက နွားငယ်ကလေးကို နို့တိုက်ပြီးတော့ နေတယ်၊ နွားငယ်ကလေးကို နို့တိုက်ပြီးတဲ့ အချိန်မှာ နွားမကြီးရဲ့စိတ်ကို စဉ်းစားကြည့်ရမယ်၊ အဲ သူ့သားအပေါ် တယ်အကျိုးလိုလားတယ်၊ တယ်မေတ္တာစိတ်ဖြစ်နေတယ်၊ နို့တိုက်ပြီးတော့ နေတယ်၊ အဲဒီ အချိန်မှာ လူတစ်ယောက်က လှံနဲ့လှမ်းပြီး ထိုးလိုက်တယ်၊ လှံမစူးဘဲနဲ့ လှံဟာ ဘေးကိုလွှင့်ပြီးတော့ ထန်းရွက်ကလေးများ ကျသလို လွှင့်ကျသွားတယ်၊ အဲဒီမေတ္တာ ဟာလေ အမေက သားချစ်တဲ့ မေတ္တာမျိုး, အမေအဖေက သမီးချစ်တဲ့ မေတ္တာမျိုးဘဲ၊ အဲဒီ မေတ္တာတောင်မှ ကမ္မဋ္ဌာန်းဘာဝနာ မဟုတ်သေးဘဲနဲ့ ဘေးကထိုးတဲ့ လှံ မစူးနိုင်ဘူး။

မျက်နှာကြည်လင် မေတ္တာပွားနေတဲ့သူဟာ တယ်တည်တည်ကြည်ကြည်ရှိတယ်၊ မေတ္တာဘာဝနာ ပွားများတဲ့ပုဂ္ဂိုလ် မျက်နှာရဲ့ မျက်နှာအဆင်းများလဲ တယ် ကြည်လင်တယ်၊ မြတ်စွာဘုရားကလဲ-

မေတ္တာဝိဟာရီ ယော ဘိက္ခု, ပသန္နော ဗုဒ္ဓသာသနေ၊
အဓိဂစ္ဆေ ပဒံ သန္တံ, သင်္ခါရူပသမံ သုခံ။

ယောဘိက္ခု-အကြင်ရဟန်းသည်၊ မေတ္တာဝိဟာရီ-မေတ္တာဖြင့် နေလေ့ရှိ၏၊ ဗုဒ္ဓသာသနေ-မြတ်စွာဘုရား သာသနာတော်၌၊ ပသန္နော-ကြည်လင်၏၊ (သော ဘိက္ခု-ထိုရဟန်းသည်၊) သင်္ခါရူပသမံ-သင်္ခါရတို့၏ ငြိမ်းအေးရာဖြစ်သော၊ သန္တံ-ငြိမ်သက်သော၊ ပဒံသုခံ-နိဗ္ဗာန်ချမ်းသာကို၊ အဓိဂစ္ဆေ-ရနိုင်လေ၏၊ (မေတ္တာနဲ့ နေတာကို မြတ်စွာဘုရားက တယ် ကျေနပ်တော်မူတယ်, တယ်လဲ ကြည်ညိုစရာကောင်းတယ်၊ တရားနဲ့နေတာဖြစ်လို့ နောက်တော့ သင်္ခါရတို့ရဲ့ အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ရနိုင်တယ်၊ ဒီတော့ မြတ်စွာဘုရားက "မေတ္တာနဲ့နေကြ, မေတ္တာနဲ့နေကြ"လို့ မိန့်တော်မူတယ်။)

အလုပ်တရား: ဒါ့ကြောင့် အဲဒီမေတ္တာရဲ့ အကြောင်းအရာတွေကို ဖေါ်ပြတဲ့ မေတ္တာနဲ့ နေတဲ့ပုဂ္ဂိုလ် အခြေခံနဲ့ ပြည့်စုံရမယ်လို့ မေတ္တာရဲ့ အခြေခံတွေကိုလဲညွှန်ပြလို့, မေတ္တာ ပွားများနည်းကိုလဲ ညွှန်ပြလို့ ဟောတဲ့သုတ်ဖြစ်တော့ ဒီသုတ်ဟာ နာတရားသုတ် မဟုတ်ဘူး၊ တကယ့် "အလုပ်တရား"သုတ် ဖြစ်နေတယ်၊ အင်မတန် အလုပ်လုပ်ဖို့ ကောင်းတယ်။

နိဗ္ဗာန်မှန်း: မေတ္တာဘာဝနာ ပွားများတဲ့ပုဂ္ဂိုလ်ဟာ မှန်းကတဲ့က နိဗ္ဗာန်ကိုမှန်းပြီးတော့ "အဒ္ဓါ ဣမာယ ပတိပတ္တိယာ ဧရာမရဏာမှာ ပရိမုဉ္စိသာမိ၊ ဣမာယ ပတိပတ္တိယာ-ဤ မေတ္တာ

ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း ပွားများခြင်း တည်းဟူသော အကျင့်မြတ်ဖြင့်၊ အဒ္ဓါ-မချွတ်ဧကန်, အမှန်စင်စစ်၊ ဧရာမရဏာမှာ-အိုနာသေရေး, ဒုက္ခဘေးမှ၊ ပရိမုဉ္စိသာမိ-လွတ်မြောက်ရပေတော့ မည်" လို့ စိတ်ကိုက နိဗ္ဗာန်မှန်ပြီးထားပါ၊ ဒီ မေတ္တာဘာဝနာ ပွားများမှုကို ပြုတဲ့ပုဂ္ဂိုလ်ဟာ ဘာကွေ ပြုရမှာလဲ ဆိုတော့-

စွမ်းနိုင် ကိုယ်နှုတ်စိတ်ရိုးသား: မေတ္တာဘာဝနာ ပွားများတဲ့ပုဂ္ဂိုလ်ဆိုတာ- (၁) မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပွားများခြင်း၌ စွမ်းနိုင်သူ ဖြစ်ရမယ်၊ ကျန်းမာရေးမကောင်းလို့, ဟိုကိစ္စ ဒီကိစ္စတွေကများလို့, ဟိုကြောင့်ကြ ဒီဗျာပါရတွေကများ လို့, ဘာမလုပ်နိုင်သေးပါဘူးလို့ ဒီလိုမရှိရဘူး၊ စွမ်းနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်၊ ပြီးတော့- (၂) ကိုယ်ရောနှုတ်ပါ ရိုးသား ဖြောက်မတ်သူ ဖြစ်ရမယ်၊ မေတ္တာဘာဝနာ ပွားများတဲ့ ပုဂ္ဂိုလ်က မဖြောင့်ဘူး, ကိုယ်ကလဲ ပရိယာယ်ကလေးနဲ့ ဟန်ကလေးနဲ့, နှုတ်အပြောကလဲ မဖြောင့်ဘူး, ပရိယာယ်ကလေးနဲ့ ဟန်ကလေးနဲ့ ပြောတယ်, ဒီလိုဆိုယင် ဒီမေတ္တာ ဘာဝနာပွားများလို့ မတော်ဘူး၊ ဒီပုဂ္ဂိုလ်ဟာ ကိုယ် အနေအထားက ရိုးသားရမယ်၊ နှုတ်အပြော အဆိုအားဖြင့်လဲ ဘာပရိယာယ်မှ မပါဘဲနဲ့ ရိုးသားရမယ်၊ ထို့ပြင်- (၃) အလွန်အလွန် စိတ်ပါဖြောင့်မတ်သူ ဖြစ်ရမယ်၊ ကိုယ်နဲ့နှုတ်ကတော့ ထိန်းထားလို့ ရိုးပါရဲ့၊ စိတ်က မဖြောင့်ဘူး ဆိုပြန်ယင်လဲ ဒီမေတ္တာဘာဝနာ ပွားများတဲ့ ပုဂ္ဂိုလ်များ နဲ့ မလျော်ဘူး၊ မဖြစ်ဘူး၊ ဒါ့ကြောင့် စိတ်ပါ တယ် ရိုးသား ဖြောင့်မတ်ရမယ်။

ဆုံးမလွယ်,နှုးညံ့

မေတ္တာဘာဝနာ ပွားများတဲ့ပုဂ္ဂိုလ်ဆိုတာ- (၄) သူတစ်ပါးတို့က မိမိကို မသင့်မတော်သည့်အတွက် ပြောဆိုလာလျှင်လည်း လွယ်ကူစွာ အပြောအဆို ခံနိုင်သူ ဖြစ်ရမယ်၊ "လူကြီမင်းခင်ဗျာ, ဒီဟာကလေးတော့ မတော်ပါဘူး"လို့ ဆိုယင် ဟုတ်တယ်ဟုတ်တယ်၊ ကျုပ်ကလေ နည်းနည်းမှားသွားတယ်၊ လူကြီးမင်း ဒီလိုပြောတာတော့ဗျာ ကျုပ်တော့ တယ်သူများနားထဲ မခံသာဘူးလို့ပြောယင်လဲ ဟုတ်တယ် ဟုတ်တယ်, ကျုပ်ကလေ ရုတ်တရက် နုတ်ကထွက်သွားတာ၊ ဟော ပြောလိုက်မှဖြင့်လေ တယ်ပြောလို့လွယ်တယ်, ဆုံးမလို့လွယ်တယ်, သတိပေးလို့ တယ်လွယ်တယ်၊ မေတ္တာသမားက အဲဒီလို ပြောဆို ဆုံးမလွယ်တဲ့ ပုဂ္ဂိုလ်မျိုးဖြစ်ရမယ်၊ ပြီတော့- (၅) မေတ္တာဘာဝနာ ပွားများတဲ့ ပုဂ္ဂိုလ်ဆိုတာ နူးညံ့သူ ဖြစ်ရမယ်၊ ကြမ်းကြမ်းထန်းထန်း ဒီလိုပုဂ္ဂိုလ်မျိုး မဖြစ်ရဘူး၊ တယ်နူးညံ့ရတယ်, စိတ်ကလဲ နူးညံ့ ရတယ်, နှုတ်ကလဲ နူးညံ့ ရတယ်, ကိုယ်အနေအထားလဲ နူးနူးညံ့ညံ့ ပျော့ပျော့ပြောင်းပြောင်း ပါဘဲ၊ တယ်တော်တယ်။

မာနနည်း မျှတရောင့်ရဲ

မေတ္တာပွားတဲ့ ပုဂ္ဂိုလ်ဆိုတာ- (၆) အလွန်မာန်မာနကြီးသူ မဖြစ်ရဘူး၊ မေတ္တာနဲ့ သူများကို ကောင်းစားစေချင်နေတဲ့ ပုဂ္ဂိုလ်က ထန်တန်တန်နဲ့ မာနကြီးတဲ့သူ မဖြစ်ထိုက်ဘူး၊ ခုနကလို နူးညံ့လို့, မာန်မာနတွေ နှိမ်ချလို့, အဲဒီလို အလွန် မာန်မာနနည်းတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ရပါမယ်၊ (၇) ရသမျှနဲ့ မျှတရောင့်ရဲနိုင်သူ ဖြစ်ရမယ်၊ ဒီဟာ ရဟန်းသံဃာတွေအတွက် မြတ်စွာဘုရားကဟောတဲ့ တရားဖြစ်တော့လေ ရဟန်း

သံဃာဆိုတာ ရသမျှနဲ့ မျှတရတယ်၊ ဒီဆွမ်းမျိုးရတယ် ဆိုယင် ဒီဆွမ်းနဲ့ မျှတရတယ်၊ ဒီသင်္ကန်းမျိုးရတယ်ဆိုယင် ဒီသင်္ကန်းနဲ့ မျှတရတယ်၊ ဟာ ဘယ်လိုသင်္ကန်းမျိုးရယင် ကောင်းမှာဘဲ, ဒီလို မဟုတ်ရဘူး၊ ဒါပေမယ့် ကိုယ်နဲ့ သပ္ပါယဖြစ်တာတော့ လိုက်ရတယ်၊ ကိုယ်က ဒီကျောင်းမျိုးနဲ့မှ သပ္ပါယဖြစ်တယ်ဆိုယင် အဲဒီကျောင်းမျိုး နေရတယ်၊ ဒီအဝတ်သင်္ကန်း, ဒီဆွမ်းမျိုးနဲ့မှ မျှတတယ်ဆိုယင် အဲဒီ မျှတတဲ့ အဝတ်သင်္ကန်းမျိုးနဲ့, မျှတတဲ့ ဆွမ်းမျိုးနဲ့ ဝတ်ရ, စားရတယ်။

မွေးမြူလွယ်ကူ သက်မွေးပေါ့ပါး

မေတ္တာဘာဝနာပွားတဲ့ ပုဂ္ဂိုလ်ဆိုတာ- (၈) မိမိကိုယ် မိမိ ဒါယကာတို့ကို လွယ်လွယ်ကူကူ မွေးမြူအပ်သူ ဖြစ်ရမယ်၊ တချို့ ပုဂ္ဂိုလ်များက မေတ္တာနဲ့ ဘာဝနာနဲ့ နေတဲ့ ပုဂ္ဂိုလ်မဟုတ်တော့ ဒါယကာ ဒါယိကာမတွေက ဆွမ်းပို့ လိုက်ယင် "အို- ဒါ မတဲ့တာကြီး ပို့နေတယ်, မစားချင်တာကြီး ပို့နေတယ်"၊ သင်္ကန်းလှူပြန်ယင်လဲ" အို- ဒီသင်္ကန်းမျိုး ငါ ဝတ်တာ မဟုတ်ပါဘူး "အဲဒီလို ချွေးများနေတော့လေ ဒါယကာ ဒါယိကာမ တွေက ဒီဘုန်းကြီးကို ကိုးကွယ်သာနေရတယ်, ဘာမှ သဘောကျတယ်လို့ မရှိဘူး" တော်ပြီ နောက်တော့ မကိုးကွယ်တော့ဘူး" ဟောဒီလို ဖြစ်သွားတတ်တယ်၊ ဆွမ်းလာပို့ယင် နဲ့နဲအေးနေတယ် ဆိုပါတော့-နည်းနည်း ဆွမ်းကအေးနေတယ်၊ "အို-အေးလဲ ကိစ္စ မရှိပါဘူး, ဝမ်းထဲကျ အစာကျေတာဘဲ"၊ နည်းနည်း ဆွမ်းပျော့ ပြန်ယင်လဲ "အို-ပျော့နေသာတောင်မှ အစာကျေလွယ်တာပေါ့" အဲဒီလို စသည်အားဖြင့် ဘာမှ

တစ်ဖက်သား မကျေနပ်စရာ, ဒါယကာ ဒါယိကာမတွေ တာဝန်ကြီးစရာ မပြောဘူး၊ "တော်ပြီ, ဒီလောက်ဆို တော်ရောပေါ့"လို့ ဆိုတယ်၊ "တို့ဘုန်းကြီးကတော့, တို့ကိုယ်တော်ကတော့ တယ်လွယ်တယ်၊ ဘာဖြစ်ဖြစ် ကျေနပ်တာဘဲ၊ ဒီလိုကိုယ်တော်မျိုး ကိုးကွယ်ရလို့တော့ ဘာမှ စိတ်အနှောက်အယှက် မဖြစ်ဘူး" အဲဒီလို မေတ္တာနဲ့ နေတဲ့ ပုဂ္ဂိုလ်ဆိုတာ "သုဘရော-လွယ်ကူစွာ မွေးမြူရတဲ့ ပုဂ္ဂိုလ် ဖြစ်ရမယ်။

ကိစ္စနည်း မေတ္တာဘာဝနာ ပွားများတဲ့ ပုဂ္ဂိုလ်ဆိုတာ- (၉) ထိုထို ဤဤ ကိစ္စမများတဲ့သူ ဖြစ်ရမယ်၊ မေတ္တာကမ္မဋ္ဌာန်းနဲ့ ဘာဝနာနဲ့ နေတဲ့ ပုဂ္ဂိုလ်ဆိုတာ ကိစ္စများလို့ မဖြစ်ဘူး၊ တော်တော်ကြာ ဘယ်သွားစရာရှိတယ်၊ တော်တော်ကြာ ဒီအလုပ်တွေ လုပ်စရာရှိတယ်၊ အဲဒီလို စသည်အားဖြင့် ကိစ္စများနေယင် ဘယ်မှာ မေတ္တာပို့ချိန် ရလိမ့်မတုန်း၊ ဒါ့ကြောင့် ကိစ္စမများတဲ့သူ ဖြစ်ရမယ်၊ ပြီးတော့ (၁၀) ပေါ့ပါးသော အသက်မွေးခြင်းရှိသူ ဖြစ်ရမယ်၊ တချို့က သွားတော့မယ် ဆိုလို့ရှိယင် ဘေးက အသိုင်းတွေ အဝိုင်းတွေ ယူစရာတွေနဲ့ တယ်တာဝန်ကြီးတယ်၊ စားပြန်တော့လဲ ပွဲကြီးနဲ့, ဘာနဲ့ ဟင်းခွက်တွေ အများကြီးနဲ့ တယ်တာဝန်ကြီးတယ်၊ နေပြန် တော့လဲ ခန်းခန်းနားနားနဲ့၊ ဟိုဟာ ကလေးရှိရ, ဒီဟာကလေးရှိရနဲ့ တယ် တာဝန်ကြီးတယ်၊ မေတ္တာနဲ့ နေတဲ့ပုဂ္ဂိုလ်က ဒီလို တာဝန်မကြီးရဘူး၊ အသက်မွေးဝမ်းကြောင်းပါ ပေါ့ပေါ့ပါးပါး၊ ဖြစ်ရမယ် စားတော့လဲ ပေါ့ပေါ့ပါးပါး, သွားတော့လဲ

လွယ်လွယ်ကူကူ၊ နေတော့လဲဘဲ လွယ်လွယ်ကူကူ၊ ဘာမှ မိမိမှာလဲဘဲ ဝန်မလေးဘူး၊ ဒါယကာ ဒါယိကာမတွေမှာလဲဘဲ ဝန်မလေးဘူး၊ အဲဒီလို ဝန်မလေး ဘဲနဲ့ ပေါ့ပေါ့ပါးပါး အသက်မွေးနိုင်တဲ့သူ ဖြစ်ရမယ်။

ဣန္ဒြေငြိမ်သက် မေတ္တာဘာဝနာ ပွားတဲ့ ပုဂ္ဂိုလ်ဆိုတာ- (၁၁) ငြိမ်သက် အေးမြသော ဣန္ဒြေရှိသူ ဖြစ်ရမယ်၊ မျက်စိက ဟိုကြည့်ချင် ဒီ ကြည့်ချင် ဒီလိုမဟုတ်ရဘူး၊ မျက်စိကလဲ ငြိမ်ငြိမ်သက်သက်ဘဲ၊ ဘယ်အာရုံလာလာ တယ် ကြည့်လှတယ် မဟုတ်ဘူး၊ ငြိမ်ငြိမ်သက်သက် စက္ခုန္ဒြေရ၊ နားကလဲ ဟို အာရုံနားထောင်ချင်, ဒီအာရုံနားထောင်ချင်, ဟို အသံကြားလိုက်ပြန် လှမ်းကြည့်လိုက်, ဒီလို နားကလဲ မငြိမ်မသက် မရှိရဘူး၊ သောတိန္ဒြေ ဆိုတဲ့ နားနဲ့ စပ်လို့လဲ ငြိမ်ငြိမ်သက်သက်ဘဲ၊ ဘာမှ ဂရုစိုက် နားထောင် တယ် မဟုတ်လှပါဘူး၊ ကိုယ့်မေတ္တာနဲ့ ကိုယ်နဲ့ နေတာဘဲ၊ အဲဒီလို စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန, စိတ်ကလဲ ငြိမ်ငြိမ်သက်သက်ဘဲ၊ စိတ်ကလဲ ပူပူပင်ပင်လဲ မရှိဘူး၊ ကြောင့်ကြဗျာပါရလဲ မများဘူး၊ ဒေါသမာန်မာနလဲမရှိဘူး၊ မနိန္ဒြေကလဲ ငြိမ်ငြိမ်သက်သက်ဘဲ။

ပညာရင့်ကျက်မကြမ်းတမ်း မေတ္တာဘာဝနာ ပွားများတဲ့ ပုဂ္ဂိုလ်ဆိုတာ- (၁၂) ရင့်ကျက်သော ဝိပဿနာဉာဏ် ပညာရှိသူ ဖြစ်ရမယ်၊ ပညာကလဲ စဉ်းစားဉာဏ်ဝေါ

ကလဲ ရင့်ကျက်လို့, မိမိခန္ဓာကိုယ်လဲ အနိစ္စ, ဒုက္ခ, အနတ္တရှုလို့, ဝိပဿနာနဲ့ ရင့်ကျက်လို့၊ အဲဒီလို ဉာဏ်ပညာနဲ့ ရင့်ကျက်တဲ့ ပုဂ္ဂိုလ်ဆိုတာ စဉ်းစဉ်းစားစားနဲ့ ဘာမှ မှားမှားယွင်းယွင်း မရှိဘူး၊ ပြီးတော့ (၁၃) ခက်ထန်ကြမ်းကြုတ်ခြင်း မရှိသူ ဖြစ်ရမယ်၊ တချို့က ကိုယ်နဲ့ ကြမ်းကြမ်းတမ်းတမ်း, ပရိသတ်ထဲ သွားလိုက်လဲ ကြမ်းကြမ်းတမ်းတမ်း, စကားပြောလိုက်ပြန်လဲ ကြမ်းကြမ်းတမ်းတမ်း, အဲဒီလို ကြမ်းတမ်းမှု မရှိရဘူး၊ ပရိသတ်နဲ့ တွေ့ပြန်တော့လဲ နူးနူးညံ့ညံ့ ပျော့ပျော့ပြောင်းပြောင်း၊ စကားပြောပြန်တော့လဲ နူးနူးညံ့ညံ့ ပျော့ပျော့ပြောင်းပြောင်းဘဲ၊ ဘယ်သူ့မှ မထိမခိုက် လွတ်လွတ် ပျော့ပျော့ပြောင်းပြောင်းနဲ့ ဒီလို ပြောလေ့ရှိတယ်။

မမက်မော မေတ္တာဘာဝနာ ပွားများတဲ့ ပုဂ္ဂိုလ်ဆိုတာ-(၁၄) ဒါယကာ ဒါယိကာမ အမျိုးတို့၌ မမက်မောသူ ဖြစ်ရမယ်၊ "ငါ့ ဒါယကာတွေ ဆင်းရဲမှာ စိုးလွန်းလို့ ငါ့ ဒါယကာတွေ ချမ်းသာစေချင်တယ်၊ ငါ့ ဒါယိကာမကြီးတွေ ကျန်းမာစေချင်တယ်, ချမ်းသာစေချင်တယ်"လို့ သံယောဇဉ်ကြီးနေပြန်ယင်လဲ မကောင်းပါဘူး၊ ဒါ့ကြောင့် မေတ္တာပွားများမယ့် ပုဂ္ဂိုလ်ဟာ အများဆုံးဖြန့်ပြီး မေတ္တာ ပွားနိုင်အောင် ငါ့ဒါယကာ ဒါယိကာမရယ်, ဘာရယ်နဲ့ ဒီလို အမျိုးတို့၌ အလွန်မက်မော တွယ်တာမှုလဲ မရှိရပါဘူး၊ ဒါမေတ္တာ ပွားများတဲ့ ပုဂ္ဂိုလ်ရဲ့ ရှေ့အဖို့က ဒီလို နေရမယ်, ထိုင်ရမယ်, စိတ်ထားရမယ်ဆိုတဲ့ အကြောင်း အရာတွေကို မြတ်စွာဘုရားက ညွှန်ပြနေတာ ဖြစ်တယ်။

ပညာရှိကဲ့ရဲ့မည့် မကောင်းမှု,နည်းနည်းမှမပြု (၁၅) မေတ္တာကမ္မဋ္ဌာန်းနဲ့ နေတဲ့ ပုဂ္ဂိုလ်ဆိုတာ အကုသိုလ်လေးနည်းနည်းလေးဘဲ ဖြစ်ဖြစ် မပြုရဘူး၊ ဒီပြင်ပုဂ္ဂိုလ်ဆိုယင် ဘာမှ မပြောပလောက်ဘူး၊ ဒါပေမယ့် သူ့ကျတော့လေ "အော်- မေတ္တာနဲ့ နေတဲ့ ပုဂ္ဂိုလ် ကမ္မဋ္ဌာန်းနဲ့ နေတဲ့ ပုဂ္ဂိုလ်"တဲ့လို့ ဆိုတော့ သေးကပညာရှိတွေက "အို-ကမ္မဋ္ဌာန်း ပုဂ္ဂိုလ်က ဒီအလုပ်ကလေး လုပ်ရသတဲ့လား"၊ ဥပမာ-စကားကြမ်းကြမ်း တမ်းတမ်း ပြောလိုက်ယင်ဘဲ ဘယ့်နယ်လဲ မေတ္တာနဲ့ နေတယ်လဲ ဆိုသေး, ကိုယ်တော့်နယ် ကြမ်းကြမ်းတမ်းတမ်း ပြောရသလားလို့ ကဲ့ရဲ့ကြတယ်၊ ပညာရှိက ကဲ့ရဲ့တယ်၊ မေတ္တာနဲ့ နေတယ်လဲဆိုသေး၊ ဘယ့်နယ် ဒီအလုပ်ကလေး သူလုပ်ရဲသလား၊ ဟော- နည်းနည်းကလေးမှ မကောင်းမှု ဆိုလို့ရှိယင် မလုပ်မိအောင် ရှောင်ရမယ်။

ဒီတိုင်းနေယင် ကြည်ညိုစရာ ဒီတော့ "မေတ္တာ မေတ္တာ" နဲ့ အမှတ်တမဲ့ ပြောတော့ ချမ်းသာပါစေလောက်တင်,ကျန်းမာပါစေလောက်တင် ထင်ရတယ်၊ ဒါပေမယ်လို့ မြတ်စွာဘုရားရဲ့ မေတ္တာသုတ်မှာလာတဲ့ ပုဂ္ဂိုလ်ကတော့ မေတ္တာ မပွားများခင်ကို ဒီအတိုင်းနေယင်ဘဲ ကျေနပ်စရာ ကောင်းလှပြီ၊ ဒီအတိုင်းနေယင် ကြည်ညိုစရာ ကောင်းလှပြီ၊ လူ ဒါယကာ ဥပါသကာ, ဥပါသိကာမဖြစ်လဲ ဒီအတိုင်းနေယင်ဘဲ အို ပတ်ဝန်းကျင်က ချီးမွမ်းစရာ ကောင်းလှပြီ၊ ကျေနပ်စရာ ကောင်းလှပြီ၊ ဒါ့ကြောင့်

မြတ်စွာဘုရားက "မေတ္တာကမ္မဋ္ဌာန်းနဲ့ နေတဲ့ပုဂ္ဂိုလ်ဟာ ဒီလိုဒီလို ရှေ့ပိုင်းက ပြုရမယ့် ကိစ္စများ ပြုပြီး နေကြရမယ်"လို့ ဟောတော်မူတယ်၊ ပြီးတော့မှ မေတ္တာပွားပါ။

မေတ္တာပို့ ရှေ့ပိုင်းက မေတ္တာပို့တာကို မဟုတ်သေးဘူး၊ မေတ္တာကို မပို့သေးဘူး၊ "သုခိနောဝ ခေမိနော ဟောန္တု, သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ" ဟောဒီကျမှ မေတ္တာပို့တာ၊ "အားလုံး သတ္တဝါတွေ ကိုယ်ချမ်းချမ်းသာသာနဲ့ နေနိုင်ကြပါစေ၊ မေတ္တာပို့တဲ့ပုဂ္ဂိုလ်က အားလုံးသော သတ္တဝါတွေကို မှန်းပြီးတော့ ခန္ဓာကိုယ် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ နေနိုင်ကြပါစေ၊ ဘေးရန်ခပ်သိမ်း အေးငြိမ်းကြပါစေ၊ အားလုံးသော သတ္တဝါတို့သည် စိတ်ပါချမ်းသာတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြပါစေ ကုန်သတည်း"၊ "သုခိနောဝ ခေမိနော ဟောန္တု, သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ"လို့ မေတ္တာပို့ရတာ တယ်ကောင်းတယ်။

ဥပမာ– တောကျောင်းတို့လို့ ကမ္မဋ္ဌာန်းကျောင်းတို့လို နေပြီးတော့ ရှေ့ကပြခဲ့တဲ့ အစီအစဉ်အတိုင်း မိမိကိုယ်ကို မိမိထိန်းလို့, ဘာမှ ပညာရှိများက ကဲ့ရဲ့စရာ အပြစ်မရှိအောင် ထိန်းလို့ နေရတယ်၊ အဲဒီလို ထိန်းရာက သီလတွေက စင်စင်ကြယ်ကြယ်နဲ့, စိတ်တွေကလဲ ဖြူဖြူစင်စင်နဲ့, ဖြောင့်ဖြောင့်မတ်မတ်နဲ့, ကမ္မဋ္ဌာန်းကျောင်းက နေပြီးတော့ "သုခိနောဝ ခေမိနော ဟောန္တု, သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ" တယ်ပြီး မေတ္တာပို့လို့ ကောင်းတယ်ကိုး။

စိတ်ထဲအေးချမ်း မေတ္တာပို့တဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ဟာ ပထမဆုံးတယ် အေးချမ်းတယ်၊ အဲဒီ မေတ္တာပို့သံကြားလိုက်ယင်ဘဲ ဘေးပတ်ဝန်းကျင်က တယ် ကြည်နူးတယ်၊ အကယ်၍များ ကမ္မဋ္ဌာန်းကျောင်းဆီက ညပိုင်းအချိန်မှာ "သုခိနောဝ ခေမိနော ဟောန္တု, သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ– အားလုံးသော သတ္တဝါတို့သည် ကိုယ် စိတ်နှစ်ဖြာ ချမ်းသာကြပါစေ, အားလုံးသော သတ္တဝါတို့သည် ဘေးရန်ခပ်သိမ်း အေးငြိမ်းကြပါစေ"လို့ အဲဒီလို မေတ္တာသံကြားယင်ဘဲ ဘေးပတ်ဝန်းကျင်က စိတ်တွေကို အေးလို့, နားထောင်လို့ ကောင်းလို့, မေတ္တာပို့တဲ့ ပုဂ္ဂိုလ်မှာလဲဘဲ ဝမ်းထဲ စိတ်နလုံးထဲ ဟဒယနလုံးထဲ အေးလို့, အင်မတန် ကောင်းတဲ့ တရားဘဲ၊ ဒါ့ကြောင့် နတ်တွေဟာ ဒီမေတ္တာပို့ပြီး, မေတ္တာသုတ်ရွတ်ပြီးတော့ ဝင်သွားကြယင်ဘဲ အကုန်လုံး ကြားကြားသမျှ နတ်တွေဟာ စိတ်နူးညံ့ပြီး, တစ်ခါထဲ ဆရာရင်း ဒကာရင်းဖြစ်ပြီး သပိတ်, သင်္ကန်း လှမ်းယူကြတယ်။

ကြောက်မကြောက် သတ္တဝါ ဒီဟာက ကြောက်ရွံ့ ထတ်လန့်တတ်တဲ့ ပုဂ္ဂိုလ်တွေ ဆိုတော့– ကြောက်ရွံ့တဲ့ ဥစ္စာ ဒေါသကြောင့် ကြောက်တာ၊ အဲဒီ ဒေါသ မကင်းသေးတဲ့ ပုထုဇဉ်တွေ ကြောက်ရွံ့ကြတယ်၊ ဒေါသ မကင်းသေးဘူးဆိုယင် သောတပန်တွေ သကဒါဂါမ်တွေ ကြောက်ရွံ့တတ်ကြတယ်၊ မကြောက်ရွံ့တော့ဘူး, ခိုင်မြဲတယ်ဆိုယင် အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်တွေ၊ အဲဒီလို နှစ်မျိုးခွဲပြီးတော့ ပုထုဇဉ် သောတာပန်,

သကဒါဂါမ်ပုဂ္ဂိုလ်တွေ, အနာဂါမ် ရဟန္တာဖြစ်ပြီးကြတဲ့ ပုဂ္ဂိုလ်တွေ အားလုံးသော သတ္တဝါတို့သည် ဘေးရန်ခပ်သိမ်း အေးငြိမ်းချမ်းသာကြပါစေလို့ သတ္တဝါထဲက နှစ်မျိုးခွဲပြီးတော့ မေတ္တာပို့ပြန်တယ်။

ရှည်တိုလယ်လတ် သတ္တဝါ

မေတ္တာပို့တယ်ဆိုယင် မလပ်ရဘူး၊ ဟိုမြွေတို့ နဂါးတို့ ငါးရှည်ကြီးတို့ အဲဒီ သတ္တဝါတွေ ချမ်းသာကြပါစေ၊ ဟို ပုပုတိုတိုကလေး အဲဒီလို သတ္တဝါကလေတွေ, ငယ်ငယ်ကလေးတွေ, ဒါတွေလဲ ချမ်းသာကြပါစေ၊ အလယ်အလတ် ရှိကြတဲ့ လူတို့လို ဘာတို့လို ဒီလို သတ္တဝါတွေ ချမ်းသာကြပါစေ, ကျန်းမာကြပါစေ။

ကြီးငယ်သတ္တဝါ

ကြီးကြီးမားမားကြီးတွေ ဟို ဒါနောရက္ခိုဿ ဘီလူးကြီးတွေ, ရေထဲမှာ ရှိတဲ့ လိပ်ကြီးတွေ, ကုန်းပေါ်မှာ နေတဲ့ ဆင်ကြီးတွေ, အဲဒီလို သတ္တဝါကြီးတွေလဲ ချမ်းသာကြပါစေ၊ ငယ်ငယ်နှောင်းနှောင်း သတ္တဝါလေးတွေလဲ ချမ်းသာကြပါစေ၊ အလယ်အလတ်ဖြစ်တဲ့ သတ္တဝါတွေလဲ ချမ်းသာကြပါစေလို့ အကုန်လုံး သတ္တဝါမှန်သမျှ မကျန်ရအောင် လှည့်ပြီးတော့ မေတ္တာပို့ပေးနေတယ်၊ ဟို သေးသေးမွှားမွှားလေးတွေ အနုမြူလောက် သေးပြီးနေတဲ့ သတ္တဝါလေးတွေ ရှိတယ်၊ ဒီလို သတ္တဝါလေးတွေလဲ ချမ်းသာကြပါစေ၊ တုတ်တုတ်ခိုင်ခိုင် သတ္တဝါကြီးတွေ, အလယ်အလတ် သတ္တဝါတွေ ချမ်းသာကြပါစေ။

မျက်ကွယ်နီးဝေး

မိမိအနားမှာ မျက်စိနဲ့ မြင်ရတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ၊ မိမိမျက်ကွယ်မှာ မျက်စိနဲ့ မမြင်ရတဲ့ ပုဂ္ဂိုလ်တွေ ချမ်းသာကြပါစေ၊ အနီးအပါးပင် ဖြစ်သော်လဲ မျက်စိနဲ့ကြည့်လို့ မမြင်နိုင်လောက်တဲ့ သေးသေးမွှားမွှား သတ္တဝါတွေ ချမ်းသာကြပါစေ၊ အဲဒီလို သတ္တဝါဟူသမျှတွေ, ဘာမှ မလပ်ရ အောင် အဝေးနေတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ၊ စကြဝဠာ အနှံ့အနှံ့ နေကြတဲ့ သတ္တဝါတွေ, အထက် နတ်ဗြဟ္မာတွေ, အောက် ငရဲ အဝီစိထိ သတ္တဝါတွေ, မမြင်ရပေမယ့် အဝေးနေပေမယ့် ချမ်းသာကြပါစေ၊ မိမိ အနီးအပါးမှာ နေကြတဲ့ မျက်စိနဲ့ မြင်ရတဲ့ သတ္တဝါတွေ ချမ်းသာကြပါစေ။

မေတ္တာအချုပ်

အချင်းချင်း တစ်ယောက် တစ်ယောက် အထင် မသေးပါနဲ့၊ တစ်ယောက် တစ်ယောက် မလှည့်ပတ်ပါနဲ့၊ မညာပါနဲ့၊ ဘယ်ရောက်ရောက် အထင် မသေးပါလေနဲ့၊ ဘယ် သူတစ်ပါးကိုမှ အထင် မသေးပါလေနဲ့၊ တစ်ယောက် တစ်ယောက် ချုပ်ချယ်စော်ကားလို့၊ ငါက တင်စီးလိုက်မယ်နဲ့ တစ်ယောက် တစ်ယောက် ဒေါသတွေနဲ့ အဲဒီလို "ဒီကောင်တော့ ဘယ်လို ဖြစ်သွားစေရမယ်"ဆိုတဲ့ သူတစ်ပါးရဲ့ ဒုက္ခကို မလိုလားပါနဲ့။

မိခင်မေတ္တာလို

ဒီမေတ္တာပွားတဲ့ နေရာမှာ ဥပမာပြလို့က-မိခင်ဟာ အကောင်းဆုံးဘဲ၊ မိခင်ကသားတစ်ယောက်

ထည်းရှိတယ်၊ မိခင်ရဲ့သားက တစ်ယောက်ထည်း၊ အဲဒီသားကိုလေ လိမ္မာစေချင်တယ်, ကျန်းမာစေချင်တယ်, အသက်ရှည်စေချင်တယ်, ချမ်းသာစေချင်တယ်၊ အဲဒီအမေက သားတစ်ယောက်ကို စောင့်ရှောက်သလို အဲဒီလိုဘဲ သတ္တဝါတွေ, သတ္တဝါတွေ အပေါ်မှာ စိတ်ထားလိုက်စမ်းပါ၊ ဟို တစ်ယောက်တွေ့ပြန်တော့လဲ သား တစ်ယောက်ကို အမေက ချစ်ခင်သလို, သားတစ်ယောက်ကို အမေက မေတ္တာထားသလို အဲဒီတစ်ယောက်ကို မေတ္တာထားလိုက်ပါ၊ ဘယ်လောက် သတ္တဝါရယ်လို့ အပိုင်အခြား မထားလိုက်ပါနဲ့၊ အဲဒီ သတ္တဝါမှာလဲ ဘယ်အပိုင်းကိုသာ ငါက မေတ္တာရှိတယ်လို့ ဒီလို အပိုင်းအခြား မထားလိုက်ပါနဲ့။

ပိုင်းခြားမထား တစ်လောကလုံးလေ ငါက အကျိုးလိုလားတာ၊ ဘယ်အပိုင်းတော့ ဖြစ်ချင်ရာ ဖြစ်ပါစေ၊ အဲဒီလို အပိုင်း အခြားကို ထားလဲ မထားဘူး၊ တစ်ခါထဲ အရှေ့ အရပ်ကြည့်လိုက်လဲ အပိုင်းအခြား မထားဘူး၊ အားလုံးချမ်းသာကြပါစေ၊ အထက်ရော အောက်ရော ပတ်ဝန်းကျင်ရော တစ်ခါထဲ မေတ္တာရဲ့ နယ်ဟာလဲ ကျဉ်းကျဉ်းကြပ်ကြပ် မနေစေနဲ့ တစ်ခါထဲ ကျယ်ကျယ်ပြန့်ပြန့်ကြီး ပွားများလိုက်ပါ။

အမြတ်ဆုံးနေခြင်း ငါမေတ္တာနဲ့ချည်းနေမယ်၊ ရုပ်နေတုန်းလဲ မေတ္တာနဲ့နေမယ်၊ ဟိုနားဒီနား သွားတော့လဲ တကတဲ့ မေတ္တာစိတ်နဲ့ သွားလို့၊ ထိုင်နေပြန်တော့လဲ ဒီနေရာမှာ

မေတ္တာစိတ်နဲ့ ထိုင်လို့၊ သတ္တဝါတွေ ချမ်းသာကြပါစေ၊ အိပ်ခါနီးလဲလျောင်းနေပြန်ယင်လဲ အားလုံးသတ္တဝါတွေ ချမ်းသာကြပါစေလို့ အိပ်မပျော်သမျှ အိပ်ချင်စိတ် မရှိသမျှ အဲဒီ မေတ္တာစိတ်ချည်း ဖြစ်အောင် မိဋ္ဌာန်ပါ၊ တယ် မြင့်မြတ်တဲ့ နေခြင်းဘဲ၊ စိတ်နေစိတ်ထားတယ် မြင့်မြတ်တယ်ကိုး၊ သွားလဲ ဒီမေတ္တာစိတ်နဲ့၊ ရပ်နေလဲ ဒီမေတ္တာစိတ်နဲ့၊ ထိုင်နေလဲ ဒီ မေတ္တာစိတ်နဲ့၊ လဲလျောင်းနေလဲ ဒီမေတ္တာစိတ်နဲ့၊ အဲဒီလို "မေတ္တာနဲ့ နေခြင်းကိုလေ အမြတ်ဆုံးနေခြင်း"လို့ ဘုရားရှင်ကိုယ်တော်မြတ်များက မိန့်တော်မူကြတယ်၊ တစ်နည်း ဗြဟ္မာကြီးများရဲ့ နေခြင်းလို့လဲ မိန့်တော်မူကြတယ်။

ဒိဋ္ဌိကင်းစင် မေတ္တာဆိုတာ သတ္တဝါကို အာရုံပြုရတာ၊ သတ္တဝါ အာရုံပြုရတော့ သတ္တော-သတ္တဝါ၊ ပုဂ္ဂိုလ် သတ္တဝါ, ယောကျ်ား, မိန်းမ အဲဒီလို ဒိဋ္ဌိဖြစ်မှာတော့ စိုးတယ်၊ အဲဒီလို ဒိဋ္ဌိဖြစ်မှာ စိုးလို့လေ မြတ်စွာဘုရားက ဒိဋ္ဌိတော့ မဖြစ်စေနဲ့၊ မေတ္တာပို့တဲ့ နေရာသာ သတ္တဝါမှန်းပြီးတော့ မေတ္တာပို့ရတာ၊ တကယ်တော့ သတ္တဝါအစစ် မဟုတ်ဘူး, ရုပ်နာမ် အပေါင်းဘဲလို့၊ မိစ္ဆာဒိဋ္ဌိ မကပ်ရောက်လို့ရှိယင် ဒီ မေတ္တာကတက်လာတော့ သောတာပန်ဖြစ်ရော၊ သောတာပန်ဖြစ်ရာက တစ်ဆင့် တိုးတက်ပြီး အားထုတ်လိုက်တော့ ကာမဂုဏ်အာရုံတွေပါ စက်ဆုတ်လို့, မေတ္တာပွားလို့ မိစ္ဆာအယူတွေ သတ္တဝါရယ် ငါရယ် သူရယ် မရှိဘူး၊ ရုပ်နာမ်သာ ရှိတယ်လို့ အယူမှန်ပြီးတဲ့နောက် သောတာပန်ဖြစ်တယ်၊ သောတာပန် ဖြစ်ပြီးနောက် ကာမဂုဏ် အာရုံတွေ စက်ဆုတ် ပြီးတော့

အနာဂါမ်ဖြစ်တယ်၊ အဲဒီ အနာဂါမ်ဖြစ်တဲ့ အခါကျတော့ ဒီ လူ့ပြည်မှာ အမိဝမ်းထဲ ပဋိသန္ဓေနေရတဲ့ ပုဂ္ဂိုလ်မျိုး မဖြစ်တော့ဘူး၊ ဗြဟ္မာပြည်ရောက်ပြီး အထက်တက်ပြီးတော့ ပရိနိဗ္ဗာန် စံရတော့တာဘဲ။

ဒီစိတ်နဲ့နေ အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်ကလေ မေတ္တာသုတ်ကို အကြောင်းပြုပြီး တရားထူးရသည်အထိ ဟောပြတော်မူတယ်၊ အိပ်ချင်စိတ် မဖြစ်သေးသမျှ သွားလဲ မေတ္တာနဲ့၊ ချမ်းသာကြပါစေ၊ အသံကြားလဲ, ခွေးသံကြားလဲ ဒီခွေး သတ္တဝါတွေ ချမ်းသာကြပါစေ၊ နွားသံကြားယင် ဒီနွားတွေ ချမ်းသာကြပါစေ၊ ငှက်သံကြားယင် ဒီငှက်တွေ ချမ်းသာကြပါစေ၊ တစ်ယောက်ယောက် မြင်လို့ရှိယင် အဲဒီသူ ချမ်းသာပါစေ, ကျန်းမာပါစေ၊ ဘေးရန်ခပ်သိမ်းအေးငြိမ်းပါစေလို့ အဲဒီလို မတ်တပ်ရပ်နေလဲ ဒီစိတ်နဲ့၊ သတ္တဝါတွေ ချမ်းသာကြပါစေလို့ အဲဒီလို ထိုင်နေလဲ ဒီစိတ်နဲ့၊ လျောင်းနေလဲ ဒီစိတ်နဲ့၊ စင်္ကြံသွားနေလဲ ဒီစိတ်နဲ့၊ အဲဒီလို နေပြီးတော့ ရုပ်ဘဲ နာမ်ဘဲ ငါ သူတစ်ပါး ယောကျ်ား မိန်းမ မရှိဘူး၊ ကာမဂုဏ်တွေ စက်ဆုပ်ရွံရှာတဲ့ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်လို့ရှိယင် ဒီလူ့ပြည်မှာလာပြီး အမိဝမ်းပဋိသန္ဓေ မနေရတော့ဘဲ ဗြဟ္မာပြည်မှာ ဗြဟ္မာဖြစ်ပြီးတော့ တစ်ဆင့်တက်၍ ရဟန္တာဖြစ်နိုင်တယ်။

လက်တွေ့ချမ်းသာ ဒီ မေတ္တာတရားတော်ကို လက်ကိုင်ထားပြီး နိဗ္ဗာန်အာရုံပြုပါ၊ နိဗ္ဗာန်ကို မှန်းပြီးတော့ ငါ မေတ္တာပွားမယ်လို့ အဲဒီလို အဓိဋ္ဌာန်ထားတဲ့ ရဟန်းတော်များ,

အဲဒီလို အဓိဋ္ဌာန်ထားတဲ့ အမျိုးသား အမျိုးသမီးများဟာ ဒီ လောကမှာလဲ စိတ်ကြည်လို့, နေထိုင်ရတာလဲ ချမ်းသာလို့ အိပ်စက်ရတာလဲ ပြုံးပြုံးရွှင်ရွှင်နဲ့, မကောင်းဆိုးဝါးတဲ့ အိပ်မက်တွေများ မမက်လို့ ချမ်းချမ်းသာသာ အိပ်ရနေရတဲ့သုတ် ဖြစ်သောကြောင့် ဒီမေတ္တာသုတ်ကို ရွတ်ပါ၊ မေတ္တာတရားလဲ ပွားလဲ ပွားများပါ၊ ဘုရားအလိုတော် အတိုင်း မဂ်ဖိုလ်နိဗ္ဗာန်အထိ မျက်မှောက်ပြုနိုင်တဲ့ တရားကြီးလို့ အဲဒီလို ယုံကြည် အားကိုးပြီးသကာလ အားရပါးရ ရွတ်ဖတ်သရဇ္ဈာယ်ပြီး မေတ္တာတရားကို ပွားများနိုင်ကြစေကုန်သတည်း။

သာဓု..... သာဓု..... သာဓု။

မေတ္တာသုတ်တရားတော်ပြီး၏။

ခန္ဓသုတ်တရားတော်

ခန္ဓသုတ် ရတနသုတ်ကတော့ "ဣဒမ္မိ ဗုဒ္ဓေ ရတနံ ပဏီတံ" လို့ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေပြတဲ့ သုတ်မို့လို့ ရတနသုတ်၊ မေတ္တာသုတ်ကလဲ မေတ္တာရဲ့ အကျိုးတွေကို ပြလို့ မေတ္တာသုတ် ခန္ဓသုတ်ဆိုတော့ လူတွေက နားမလည်သေးဘူး၊ ဘုန်းကြီးတို့ရဲ့ ဝိနည်းမှာ မဟာဝါခန္ဓက, စူဠဝါခန္ဓကလို့ ရှိတယ်၊ အဲဒီ အထဲက ဟို စူဠဝါခန္ဓကထဲမှာ ဒီသုတ်ကပါနေတယ်၊ ဒါ့ကြောင့် ခန္ဓကထဲမှာ ပါတဲ့ သုတ်မို့လို့ ဒီသုတ်ကို "ခန္ဓသုတ်"လို့ နာမည် တပ်ထားတယ်၊ အဲဒီပါဠိတော်မှာ အကြောင်းရင်းက ဒီလိုတဲ့။

ရဟန်းတစ်ပါးမြွေကိုက် ရဟန်းတစ်ပါး ပိုးထိလို့, မြွေကိုက်လို့ ပျံတော်မူရော၊ အဲဒီ ပျံတော်မူတော့ သံဃာများက လှုပ်လှုပ်ရွရွဖြစ်ပြီးတော့ မြတ်စွာဘုရားလျှောက်ကြတယ်၊ လျှောက်တော့ မြတ်စွာဘုရားက "အကယ်၍များ နဂါးမင်းလေးမျိုးကို မေတ္တာပို့နေမယ်ဆိုယင် မတော်တဆ ထိမိ ကိုက်မိတောင်မှ မသေနိုင်ဘူး၊ ဒါ့ကြောင့် သင်တို့နဂါးမင်းလေးမျိုးကို မေတ္တာပို့ကြ" လို့ တိုက်တွန်းပြီးတော့ ဒီခန္ဓသုတ်ကို မြတ်စွာဘုရား ဟောတော်မူတယ်။

အဆိပ်ပယ်နိုင် မြွေတို့ နဂါးတို့ဆိုတာလဲ သဘောတူတယ်၊ ဒီပရိတ်ဟာ မြတ်စွာဘုရား ဟောတော်မူရင်း အတိုင်း မြွေတို့နဂါးတို့ အဲဒီလို သတ္တဝါများရဲ့ အဆိပ်ကိုလဲ ပယ်နိုင်

တယ်၊ ဘယ်လိုများ ပယ်နိုင်တုန်းဆိုတော့ နတ်မန္တရား, နတ်ဆေးဝါးများနဲ့ ကုသလိုက်သလို အဆိပ်ကို ပယ်နိုင်တယ်၊ ဒီပြင် ဘေးရန် အန္တရာယ်များ ပေါ်လာယင်လဲ ပယ်နိုင်တယ်၊ ဘယ်လောက် ကျယ်ကျယ်ဝန်းဝန်း နယ်ပယ်အတွင်း ပယ်နိုင်သတုန်းလို့ဆိုတော့ အာဏာခေတ်ဆိုတာ စကြဝဠာ ကုဋေတစ်သိန်းရှိတယ်၊ အဲဒီအတွင်းမှာ မြတ်စွာဘုရားရဲ့ ဒီပရိတ်အာဏာတော် ပျံ့နှံ့တယ်၊ ဒါ့ကြောင့် ကုဋေတစ်သိန်းအတွင်းမှာ ဘယ်နေရာမဆို, ဘယ်ချိန်မဆို, ဘယ်သတ္တဝါမဆို ဘေးရန်ပေါ်လာလို့ရှိယင် ဒီပရိတ်တော်က ပယ်နိုင် ကာကွယ်တားမြစ်နိုင်ပါတယ်။

နဂါးမင်းများ ဝိရူပက္ခနဂါးမင်းတွေ ရှိကြတယ်၊ အမျိုးနှင့်တကွ အများအပြားရှိကြတယ်၊ တယ်လဲ အဆိပ်ပြင်းထန်တယ်၊ အဲဒီ ဝိရူပက္ခနဂါးမင်းများကိုလဲ မေတ္တာပို့ပါတယ်-"ကျန်းမာပါစေ, ဝိရူပက္ခနဂါးမင်းများ အမျိုးနှင့်တကွ ကျန်းမာ ချမ်းသာကြပါစေ"၊ ဧရာပထဆိုတဲ့ နဂါးမင်းမျိုးတွေလဲ ရှိကြတယ်၊ အင်မတန် အဆိပ်ပြင်းထန်ကြတယ်၊ အဲဒီ ဧရာပထနဂါးမင်းရဲ့ အမျိုးများကိုလဲ ကျွန်ုပ်တို့က မေတ္တာပို့ပါတယ်-"ကျန်းမာကြပါစေ၊ ဧရာပထနဂါးမင်းမျိုးများလဲ ကျန်းမာ ချမ်းသာကြပါစေ"၊ ဆဗျာပုတ္တာအမည်ရတဲ့ နဂါးမင်းများကိုလဲ ကျန်းမာချမ်းသာစေကြောင်း မေတ္တာပို့ပါတယ်၊ ကဏှဂေါတမကအမည်ရတဲ့ နဂါးမင်းမျိုးများလဲ မေတ္တာပို့ပါတယ်-"ကျန်းမာ ချမ်းသာကြပါစေ"။

သတ္တဝါလေးမျိုး အားလုံး အခြေမရှိပဲနဲ့ သွားလာပြီးတော့ နေနိုင်ကြတဲ့ မြွေများရှိတယ်၊ အဲဒီမြွေများကိုလဲ မေတ္တာပို့ပါတယ်၊ အခြေနှစ်ချောင်းရှိကြတဲ့ လူတို့ နတ်တို့ ဗြဟ္မာတို့ အဲဒီလို ပုဂ္ဂိုလ်များကိုလဲ မိတ်ဆွေအစစ်ဖြစ်ဖို့ရန် အကြောင်းဖြစ်တဲ့ မေတ္တာစိတ် မေတ္တာစစ်စစ်ဖြင့် ကျန်းမာ ချမ်းသာစေကြောင်း ဆုတောင်းမေတ္တာပို့သပါတယ်၊ အခြေလေးချောင်းရှိတဲ့ အားလုံး ဆင်တွေ မြင်းတွေ သတ္တဝါတွေလဲပဲ မိတ်ဆွေလိုသဘောထားပြီးတော့ မေတ္တာပို့ပါတယ်၊ "ကျန်းမာ ချမ်းသာကြပါစေ"၊ အခြေများစွာပါရှိနေကြတဲ့ ကင်းခြေများတို့လို သတ္တဝါတို့နှင့်တကွလဲ မိတ်ဆွေဖြစ်ပါတယ်၊ မေတ္တာပို့ပါတယ်၊ "ကျန်းမာ ချမ်းသာကြပါစေ"။

ကောင်းကျိုးရစေ အားလုံးသတ္တဝါတွေ အချင်းချင်းလဲ မည္သင်းဆဲပဲနဲ့, မိမိကိုယ်လဲ မည္သင်းဆဲပဲနဲ့, မိမိကလဲ အားလုံးသတ္တဝါတွေကို မေတ္တာပို့လို့, အားလုံးသတ္တဝါတွေ ကောင်းကျိုးချမ်းသာမင်္ဂလာရှိတဲ့ ကောင်းတဲ့အသံ ကြားကြပါစေ၊ ကောင်းတဲ့အကျိုး ရကြပါစေ၊ ကောင်းသောအရာတွေ တွေ့ကြမြင်ကြပါစေ၊ မကောင်းဆိုးဝါးဟူသမျှ စိတ်ရော ကိုယ်ရော နှုတ်ရော ဘာမှ မရောက်မလာကြပါစေနှင့်။

တိုင်းလို့မရ မြတ်စွာဘုရားကို တိုင်းလို့မရဘူး၊ ယခုကာလ တိုင်းရတယ်, တိုင်းရတယ် ဆိုတဲ့ဥစ္စာ သူက လောဘကြီးတယ်၊"ဟာ-လောဘရှိယင် ဇကန်မုချ ဒီသူဟာပုထုဇဉ်

ပဲ ရှိသေးတယ်"လို့ လောဘနဲ့ တိုင်းကြည့်လို့ရှိယင် ပုထုဇဉ်သာသာ ရှိသေးတယ်လို့ သိရတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်မှာ ဒီလိုတိုင်းတာစရာ ကိလေသာ ဘာမျှမရှိတော့ဘူး၊ "ငါလေ အပွမာဏဖြစ်တဲ့ ဘုရား တရား သံဃာကို ရိသေပါတယ်, မြတ်နိုးပါတယ်, အားကိုးပါတယ်, လက်အုပ်ချီမိုး ရှိခိုးပါတယ်"။

"မြွေ ကင်းစတဲ့ အသင်တို့က ကိလေသာ ရှိကြသေးတယ်၊ အကျွန်ုပ်က အပွမာဏဖြစ်တဲ့ ဘုရား, တရား, သံဃာကို ကိုးကွယ်ဆည်းကပ်ပြီးတော့ နေပါတယ်၊ ဒါ့ကြောင့် အသင်တို့က အကျွန်ုပ်ကို မည္သင်းဆဲကြပါနဲ့၊ အသင်တို့အပေါ်မှာ အကျွန်ုပ် မေတ္တာပို့ပါတယ်၊ ကျန်းမာကြပါစေ, ချမ်းသာကြပါစေ"လို့ မေတ္တာပို့ပါတယ်။

ယခု ပရိတ်နာနေကြတဲ့ ပုဂ္ဂိုလ်တွေလဲ ခန္ဓသုတ်မှာ ပါတဲ့ အတိုင်း မြွေနဂါးမင်းမျိုးများ, သတ္တဝါလေးမျိုးများနှင့်တကွ အားလုံးသော သတ္တဝါတွေကို မေတ္တာပို့ပြီးတော့ မေတ္တာဘာဝနာကမ္မဋ္ဌာန်းနှင့် နိဗ္ဗာန်ရောက်ကြောင်း ပါရမီကောင်းမှုများကို ကိုယ်စီကိုယ်ငြ ကြိုးစားအားထုတ်နိုင်ကြစေကုန်သတည်း။

ခန္ဓသုတ်တရားတော် ပြီး၏။

မောရသုတ်တရားတော်

ဥဒေါင်းမင်း

မောရသုတ် ဆိုတာကတော့-"မောရပါဠိက-ဥဒေါင်း"လို့ အနက်ထွက်တယ်၊ ဥဒေါင်းမင်းကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရား ဟောတော်မူထားတဲ့သုတ် ဖြစ်လို့မို့ "မောရသုတ်"လို့ ခေါ်တယ်၊ ဒီသုတ်ဟာ ဘုရားရှင် လက်ထက်ကျတော့ ဘုရားရှင်ကိုယ်တော်မြတ်က နည်းနည်းကလေး ပို ဟောရတယ်၊ ဒီ အလောင်းတော် ဘဝတုန်းက ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်း ဥဒေါင်းမင်းဖြစ်တယ်၊ ထူးဆန်းချင်တော့ နဂိုဥနေတဲ့ အချိန်တုန်းကိုက ကြီးကြီးမားမားပဲ၊ အထဲက အသွေးနဲ့ အရောင်နဲ့ ဖြူဖြူမှုတ်ဘူး၊ အသွေးအရောင်နဲ့၊ နောက် ပေါက်ဖွားလာတော့လဲ တကထဲ တောင့်တောင့်တင်းတင်း ရွှေအဆင်းလို ပေါက်ဖွားလာတယ်၊ လည်ပင်းများ အရေးလေးတွေ လှလိုက်တာတဲ့။

အဲဒီတော့ ဥဒေါင်းမင်းက သူကိုယ်သူ တန်ဖိုးသိတယ်၊ သူ့ကိုယ်သူ တန်ဖိုးသိတော့ "ဟာ-လူတွေနဲ့ နီးနီးနားနားနေယင် ငါ ဘေးရန်ရှိလိမ့်မယ်"ဆိုပြီးတော့ ဟိမဝန္တာတောင် ပထမတောင်အရေး, ဒုတိယ တောင်အရေး, တတိယ တောင်အရေးကို ကျော်ပြီးတော့ စတုတ္ထဒဏ္ဍက သုဝဏ္ဏပဗ္ဗတဆိုတဲ့ အဲဒီတောင်သွားပြီးတော့ နေတယ်။

ကိုယ်ကိုယ်ကို စောင့်ရှောက်

ဘုန်းကြီးက သတိရတယ်၊ တန်ဖိုးရှိတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်ကိုယ်ကို ထိန်းရတာ ထုံးစံပဲ၊ တန်ဖိုးရှိတဲ့ပုဂ္ဂိုလ် သူများနေသလို

မနေရဘူး၊ သူများနေတဲ့ အရပ်ထဲလဲ မနေရဘူး၊ သူများ သွားသလို, စားသလို, ဝတ်သလို, ပြောသလို ဒီလိုမဟုတ်ရဘူး၊ ဒီသုတ်တော်ကိုကြည့်ယင် "တန်ဖိုးရှိတဲ့ပုဂ္ဂိုလ်ဆိုတာ ကိုယ့်ကိုယ်ကို စောင့်ရှောက်ရတယ်"ဆိုတဲ့ ဥပဒေတစ်ခု ရထားတယ်။

ဒါနဲ့ ဥဒေါင်းမင်း ဘုရားအလောင်းက သူ့ကိုယ်သူ အင်မတန် စောင့်ရှောက်နေတဲ့ လက္ခဏာရှိတယ်၊ စောင့်ရှောက်နေတော့ သူ အစာရှာကိစ္စ, အခြားကိစ္စအတွက် ထွက်တဲ့အခါမှာ ရန်သူတွေ အန္တရာယ်တွေ တွေ့မှာစိုးတယ်၊ စိုးတော့ သူဘာကို အားကိုးသလဲဆိုတော့ နံနက်စောစော နေထွက်လာတဲ့ နေမင်းကို သူတော်တော် အားကိုးတယ်၊ အဲဒီ နေမင်းအားကိုးတာနဲ့မို့လို့ နေမင်းကိုရည်ရွယ်ပြီးတော့ နေမင်းစောင့်ရှောက်ပါလို့ ဆိုတဲ့အဓိပ္ပာယ်မျိုးနဲ့ အစာရှာထွက်တော့မယ်ဆိုယင် မနက်စောစော ဒီမန္တန် ဒီဂါထာကို ရွတ်လေ့ရှိတယ်၊ ဒါ့ကြောင့် ဒီသုတ်ဟာလဲ တစ်မျိုးကြည်နူးစရာကောင်းတယ်။

ဖမ်းမရ

ဒီ ဥဒေါင်းမင်းကို မုဆိုးအဆက်ဆက် ဖမ်းလိုက်တာ ဖမ်းမရဘူး၊ တစ်ယောက်သေသွား နောက်တစ်ယောက်က ဆက်ဖမ်း၊ တစ်ယောက်သေသွား နောက်တစ်ယောက်က ဆက်ဖမ်းတယ်၊ အဲဒီလို ဖမ်းလိုက်တာ အကြာကြီး၊ နှစ်ပေါင်း ခုနစ်ရာလောက် ကြာတယ်၊ အဲဒီလောက် အားထုတ် ဖမ်းတာတောင်မှ ဖမ်းလို့ မမိဘူးတဲ့၊ ဘာ့ကြောင့်တုန်း ဒီ "ဥဒေတယံ စက္ခုမာ ဧကရာဇာ, ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော" အဲဒီ မန္တန်နဲ့ ရွတ်၊ ဒီမန္တန်နဲ့

ဆီးတားပြီးတော့ အစောင့်အရှောက်လုပ် သွားလာနေတယ်၊ အဲဒါကြောင့် ဖမ်းလို့ မရဘူးတဲ့။

နေမင်းရှိခိုး ဥဒေါင်းမင်းက အစာရှာထွက်တော့မယ်လို့ ဆိုယင် မပျက်ဘူး၊ သတိ အင်မတန်ကောင်းတယ်၊ နေမင်းကို ရှိခိုးတယ်၊ အင်မတန် ကျေးဇူးများတဲ့ နေမင်း၊ သူထွက်လာပေလို့ သတ္တဝါတွေ မြင်ကြရတယ်၊ ရွှေတောင်ကြီးလို ဝင်းလို့၊ တစ်မြေပြင်လုံး သူ၏အရောင်ဖြန့်လို့, ဥဒေါင်းမင်းက "ကျွန်ုပ် ရှိခိုးပါတယ်, စောင့်ရှောက်ပါ၊ အရှင်နေမင်းရဲ့ အစောင့်အရှောက်နဲ့ ကျွန်ုပ် ချမ်းချမ်းသာသာ နေပါရစေ, နေမင်းစောင့်ရှောက်ပါ"လို့ နေမင်းကို ရှိခိုးတယ်၊ နေမင်းကို တိုင်တယ်တယ်။

ဘုရားရှင်တွေရှိခိုး နေမင်းကိုချည်း တိုင်တယ်တာ မဟုတ်ဘူး၊ "အားလုံးသူတော်ကောင်းတွေကလဲ သူ့ကို စောင့်ရှောက်ကြပါစေ" လို့ တိုင်တယ်တယ်၊ စိတ်ထဲက ပွင့်တော်မူကြတဲ့ ဘုရားရှင်တွေကို ကျွန်ုပ် ရှိခိုးပါတယ်၊ သူတော်ကောင်းတွေဟာ စဉ်းစားကြည့်တော့ပေါ့လေ၊ တယ် သတိကောင်းတယ်၊ အမှတ်တမဲ့ အစာရှာမသွားဘူး၊ နေမင်းကြီးက ထင်းထင်းကြီးထွက်လာတော့ သူက နေမင်းကြီးတိုင်တယ်တယ်-"အရှင်နေမင်း အစောင့်အရှောက်နဲ့ ကျွန်ုပ် ချမ်းချမ်းသာသာ နေပါရစေ"လို့။

ဟို ပွင့်တော်မူကြတဲ့ ဘုရားရှင်ကိုယ်တော်မြတ်တွေ, ဘုရားရှင်ကိုယ်တော်မြတ်များရဲ့ ဉာဏ်တော်ကြီးတွေ အင်မတန်မှ အားရစရာ

ကောင်းပါပေတယ်၊ အဲဒီ ဘုရားရှင် ကိုယ်တော်မြတ်ကြီးတွေ, ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဉာဏ်တော်ကြီးတွေ, မြတ်စွာဘုရားရဲ့ ကိလေသာတို့မှ လွတ်သွားပုံတွေ အဲဒီအားလုံးကို အာရုံပြုပြီး ရှိခိုးပါတယ်လို့ ဆိုပြီးတော့မှ အစာရှာထွက်တယ်။

ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓဘာသာတွေလေ ဘုရားအာရုံပြုပြီးတော့မှ အရောင်းအဝယ် လုပ်တယ်၊ ဘုရားအာရုံပြုပြီးတော့မှ စီးပွားရေး စကားပြောတယ်၊ မနက်စောစော အိပ်ရာထ, ထပြီးပြီးဆိုယင် ဘုရားအာရုံပြုလို့, ဘုရားနားသွားလို့, ဘုရားဂုဏ်တော်တွေ အာရုံပြုလို့၊ ဒီလို ပရိတ်တွေ ရွတ်ဖတ်သရဇ္ဈယ်လို့, ပြီးတော့မှ စကားပြောတဲ့အခါ အရောင်းအဝယ် ဖြစ်ဖြစ် ကောင်းကောင်းစကားပြောလို့၊ ဒီလိုဆိုယင် အိမ်မှာနေတယ် ဆိုပေမယ့် ဘယ်လောက်များ လူဖြစ်ရကျိုး နပ်သလဲ။

ဘုရားအလောင်းဟာ တိရစ္ဆာန်ဘဝ ဥဒေါင်းဘဝ ရောက်နေတာတောင်မှ သတိမမေ့ပဲနဲ့ သတိရှိရှိနဲ့ အစာရှာထွက်တယ်၊ တစ်ခါညနေအစာရှာပြီးလို့ ပြန်လာတော့လဲ ဒီလိုပဲ ပြန်လာတယ်။

အိပ်မက်မက် ညအိပ်ခါနီးကျတော့လဲ သတိမလစ်ဘူး၊ မနက် အစာရှာ ထွက်ခါနီးတုန်းကလိုပဲ ဝင်သွားတဲ့ နေမင်းကြီးကို မှန်းပြီးတော့ ရှိခိုးလို့, ရှေးရှေးက ပွင့်တော်မူကြတဲ့ ဘုရားရှင်တွေကို ရှိခိုးလို့၊ အဲဒီလို ရှိခိုးပြီးမှ ညမှာ အိပ်စက်တယ်၊ အဲဒီလို အိပ်စက်နေတဲ့ဥစ္စာ ဘာဖြစ်မှန်းမှ မသိဘူး၊ အခါတစ်ပါးကျတော့ ဧမာဆိုတဲ့ မိဖုရားတစ်ယောက်က "ဥဒေါင်းမင်း တရားဟောနေ

တာကို သူနာရတယ်"လို့ အိပ်မက်မက်တယ်၊ အိပ်မက်မက်တော့ သူ့ရဲ့ ရှင်ဘုရင်ကို သံတော်ဦးတင်တယ်-"ရွှေဥဒေါင်းမင်းရဲ့ တရားနာချင်ပါတယ်"၊ ဒီလိုဆိုယင် ရွှေဥဒေါင်းမင်း ရှိတယ်ဆိုတာတောင်မှ ရှင်ဘုရင်က မကြားဖူးဘူး။

မုဆိုးတွေစည်းဝေး ဒါနဲ့ ကျမ်းတတ်ပေတတ် ဗြဟ္မဏတွေ ခေါ်ပြီးတော့ "ရွှေဥဒေါင်းမင်း ရှိပါရဲ့လား"၊ ဟာ-ရှိတယ်၊ ဝေဒကျမ်းဂန်မှာ ရွှေဥဒေါင်းရှိတယ်လို့ ဆိုပါတယ်"၊ ဘယ်မှာရှိသလဲ အဲဒီဟာ အကျွန်ုပ်တို့ မသိဘူး၊ ဒါတော့ မုဆိုးတွေ သိလိမ့်မယ်၊ ဒီတော့ တစ်နိုင်ငံလုံးရှိတဲ့ မုဆိုးတွေ စည်းဝေးကြတယ်၊ မုဆိုးတွေ စည်းဝေးကြတော့ တောထဲအလယ်သွားယင်း အဝေးရောက်သွားတဲ့ မုဆိုးကြီးတစ်ယောက်က ရွှေဥဒေါင်းကို မြင်ခဲ့ဖူးတယ်၊ မြင်ခဲ့ဖူးတော့ လိုလိုမယ်မယ်ဆိုပြီး သူ့သားမုဆိုးကို ပြောခဲ့တယ်၊ "ငါ့သား ဟော ဒဏ္ဍကရွှေတောင်မှာလေ ရွှေဥဒေါင်းမင်း ရှိတယ်" ဒီဟာပဲ ပြောခဲ့တယ်၊ ဒါနဲ့ မုဆိုးတွေ စည်းဝေးတော့ ရှိတယ်လို့ ကြားဖူးကြပါတယ်။

ဘယ်မှာလဲ၊ အဲဒီတောင်မှာ ရှိတယ်လို့ ကြားပါတယ်၊ ဒါဖြင့် မောင်မင်း ရအောင်ဖမ်းပေးပါ၊ အဲဒီတော့ သူက "ကောင်းပါပြီ"လို့ တာဝန်ခံပြီး တစ်ခါထဲ သူတို့မုဆိုးထုံးစံအတိုင်း ကျော့ကွင်းတွေ ဖမ်းစရာတွေချပြီးတော့ ဖမ်းတယ်၊ နှုတ်သီးနဲ့ ခြေထောက်ရောက်သာရောက်ပေမယ့် ကျမသွားဘူး၊ တစ်ခါထဲပြုတ်နေတာပဲ၊ ကျော့ကွင်းတော့ နင်းမိတယ်၊ ကျော့ကွင်းထဲ ခြေထောက်ရောက်တယ်၊

ဒါပေမယ့်လို့ ကျမသွားဘူး၊ ပြုတ်နေတာပဲ၊ ဒီ မန္တန်ကြောင့်ပဲ၊ အဲဒီလိုဖမ်းတာ မုဆိုးတွေ ခုနစ်နှစ်လောက်ကြာတယ်၊ ဒီလိုပဲလာဖမ်း, ကျော့ကွင်းပေါ် နင်းတာပဲ၊ ခြေထောက်ထဲ ရောက်တာပဲ၊ ပြုတ်ကျတာပဲ။

ရွှေပြားမှာ စာရေးထားခဲ့ ဒါနဲ့ မုဆိုးလဲ လက်လျှော့ရတယ်၊ မိဖုရားလဲ သူဒီဟာ တောင့်တချက်မရတာနဲ့ သူလဲ စိတ်သိပ်မကောင်းဘူးနဲ့ တူတယ်၊ ဒါနဲ့ဘဲ ဆုံးရှာရော့၊ ဆုံးတော့ ရှင်ဘုရင်က မဆိုင်တာကို ရန်ငြိုးဖွဲ့တယ်၊ ငါ့မိဖုရားဟာ ဒီရွှေဥဒေါင်းကြောင့် ဆုံးရတာ၊ ငါမကြေဘူး ဆိုပြီးတော့ ရွှေပြားထဲမှာ စာရေးထားခဲ့တယ်၊ "ဘယ်မှာ ရွှေဥဒေါင်းရှိတယ်၊ အဲဒီရွှေဥဒေါင်းရဲ့အသား စားလို့ရှိယင် မအိုဘူး, မသေနိုင်ဘူး၊ အဲဒါရအောင်ဖမ်းနိုင်လို့ရှိယင် ဒီအသားကို စားရမယ်၊ စားရလို့ရှိယင် မအိုမသေပဲနဲ့ နေနိုင်တယ်"လို့ စာရေးထားခဲ့တယ်။

ရွှေပုရပိုက်ထဲ ရွှေပြားထဲစာရေးပြီးတော့ သူတို့ရဲ့ မင်း အစဉ်အဆက်ရှိတဲ့ ဘဏ္ဍာတိုက်ထဲ ထည့်ထားခဲ့တယ်၊ ဒီမင်း အသက်တမ်းစေ့လို့ ဆုံးသွားတယ်။

မင်းခုနစ်ဆက် ဒီမင်းဆုံးသွားတော့ နောက်မင်း တစ်ယောက် တက်လာတယ်၊ အကုန်လုံး လျှောက်ကြည့်တော့ ဒီရွှေပြားကို တွေ့တယ်၊ "ဟာ ရွှေဥဒေါင်းရှိဆိုပါလား၊ သူ့အသားက တကတဲရှိန်ပြီးဆိုပါလား"ဆိုပြီးတော့ သူတို့လက်ထဲရှိတဲ့

မုဆိုး လွှတ်ပြန်ရော၊ ရွှေဥဒေါင်းမင်းကို ဖမ်းတာပဲ၊ ခုနကလိုပဲ မမိဘူး၊ ဒုတိယမင်းလဲ သေရော၊ တတိယမင်း တက်တယ်၊ ဒီအတိုင်းပဲ ဒီရွှေပြားက မပျောက်ဘူး၊ တတိယမင်းလဲ မရဘူး၊ စတုတ္ထမင်းတက် မရဘူး၊ ပဉ္စမမင်းတက် မရဘူး၊ ဆဋ္ဌမမင်းတက် မရဘူး၊ ရွှေဥဒေါင်းမင်းကတော့ ကျော့ကွင်းထဲ ခြေထောက်ရောက်တာပဲ, မမိဘူး, ပြတ်မလာဘူး၊ ဒါနဲ့ သတ္တမမြောက် မင်းကျတော့လဲ မုဆိုးတစ်ယောက် လွှတ်တယ်။

ဥဒေါင်းမလေး မုဆိုးတစ်ယောက်က စဉ်းစားတယ်၊ ဒီ ရွှေဥဒေါင်းဟာ သူ့မှာ မန္တန်ကောင်း, အကာ အရံကောင်း ရှိမှာပဲ၊ ဘယ့်နယ် ဒို့ရာဇဝင်အရဆိုယင် ကြာလှပါပြီ ဆိုပြီးတော့ သူ့ဥဒေါင်းမလေး တစ်ကောင်ကို သိပ်သင်တာပဲ၊ သူတို့ ဒေါင်းလို ဒေါင်းဘာသာနဲ့ အဆိုသင်တယ်, အကသင်တယ်, ဒီက လက်ဖျောက်တီးလို့ရှိယင် ဟိုက သီချင်းဆိုတတ်ရမယ်။

ဒီက လက်ခုတ်တီးပေးလို့ရှိယင် ဟိုက ကတတ်ရမယ်၊ အဲဒီလို အင်မတန် ကျနအောင်သင်ပြီး ဒီ ဥဒေါင်းမလေးကို ခေါ်ယူပြီးတော့ အဲဒီဥဒေါင်းမင်း အစာရှာထွက်တဲ့နေရာ ခပ်နီးနီး တစ်နေရာက နေပြီးတော့ သူမက မနက်စောစော ဟိုက မန္တန်မရွတ်ခင်လောက် အချိန်မှာ မှန်းပြီးတော့ နေမထွက် တထွက်နဲ့ တူရဲ့၊ အဲဒီအချိန်မှာ မှန်းပြီးတော့ ဥဒေါင်းမလေး ချထားတယ်၊ ထားပြီးတော့ ဒီနားမှာ ကျော့ကွင်းထားတယ်၊ ကျော့ကွင်းထားပြီးတော့ ဥဒေါင်းမ လေးကို

ခပ်လှမ်းလှမ်းက သူ့ကနေပြီး လက်ခုတ်တီးပေးပြီး, လက်ဖျောက်တီးပေးတော့ ဟိုက ဥဒေါင်းလိုတွန်, သီချင်းဆို ကတယ်။

ကျော့ကွင်းမိ အဲဒီ အသံကြားတော့ ဥဒေါင်းမင်းဟာ ရုတ်တရက် ခါတိုင်းရွှတ်နေကြဖြစ်တဲ့ "ဥဒေတယံ စက္ခုမာ ဇကရာဇာ"အဲဒီဟာ မေ့ပြီး သူ ကပျာကယာ ဥဒေါင်းမလေးဆီ သွားလိုက်တယ်၊ သွားလိုက်လို့ ဟိုနားလဲ ရောက်ရော ကျော့ကွင်းမိပြီး တစ်ခါထဲ စွပ်မိတာပဲ၊ မိလဲ မိတာပဲ၊ မိလို့ ဖမ်းပြီးတော့ ရှင်ဘုရင်ဆီ ယူသွားတယ်။

ရှင်ဘုရင်ဆီ ယူသွားတော့ ဥဒေါင်းက မေးတယ်၊ သူတို့ရဲ့ လူဘာသာနဲ့-"ဘာပြုလို့ သူ့လဲ ဖမ်းတာတုန်း"၊ အသင်ရဲ့ အသားကို စားယင် မအိုဘူး, မသေဘူးလို့ စာရှိလို့ ဖမ်းတာပဲ" အော် ဒီလိုလား၊ ကျုပ်တော့ သေမှာမဟုတ်ဘူးလား၊ ဟုတ်တယ်၊ သူကတော့ ပထမဆုံးသေမှာပဲ၊ ဥဒေါင်း သေတဲ့အကောင်က ကျုပ်တောင်မှ သေသေးတဲ့ဥစ္စာ ကျုပ်အသားစားတဲ့သူက မသေဘူးဆိုတာ ဟုတ်ပါ့မလား။

အဲဒီတော့ ရှင်ဘုရင်က စဉ်းစားတယ်၊ "မဟုတ်ဘူးလေ အသင်က ရွှေအဆင်းရှိတာကိုး၊ ထူးတာကိုး၊ အဲဒီတော့ အသားကျတော့လဲ ထူးမှာပေါ့"။

စကြာမင်း "မဟုတ်ဘူး၊ ကျုပ် ရွှေအဆင်းရှိတဲ့ ဥစ္စာက အကြောင်းမဲ့မဟုတ်ပါဘူး၊ ရှေးတုန်းက ကျုပ် ဒီနေရာမှာ စကြာမင်း ဖြစ်ခဲ့ဖူးတယ်၊ ဒီနေရာ စကြာမင်း ဖြစ်တဲ့ အခါတုန်းက ကျုပ်ကိုယ်တိုင် ငါးပါးသီလ စောင့်တယ်၊ ကျုပ်ရဲ့

တိုင်းသူပြည်သားတွေကိုလဲ အကုန်လုံး ငါးပါးသီလ စောင့်ခိုင်းတယ်၊ အဲဒီဟာကြောင့် ကျုပ်လေ နတ်ပြည်ရောက်ပြီးတော့ နတ်ပြည်က ပြန်ပြီး စုတေတဲ့အခါ ဒီ ဥဒေါင်းဘဝ ရောက်ပြီးတော့ ရွှေအဆင်း ရှိတာပဲ"။

သက်သေပြ

ဟာ သင်ဟာသက်သေမရှိဘူး၊ ဒါဖြင့် စကြာမင်းဖြစ်တုန်းက အကြောင်းအရာတွေဆိုတာ ဘယ့်နယ်လုပ် ယုံရမှာလဲ၊ အို ဒီလိုဆိုယင် ကျုပ်စကြာမင်းဖြစ်တုန်းက လေးကျွန်းကို လှည့်တဲ့အခါ ကျုပ်စီးတဲ့ရထား ရှိတယ်၊ အဲဒီ ရထားကို မင်္ဂလာကန်တော်ထဲမှာ မြှုပ်ထားတယ်၊ အဲဒီဟာ အဖော်ခိုင်းပါ ဆိုတော့ ရောကန်ထဲကရေတွေ အကုန်လုံးထုတ်၊ ထုတ်ပြီးတော့ မင်္ဂလာကန်တော် ဖော်ကြည့်တော့ အဟုတ်ကိုပဲ ဟိုတုန်းကစီးတဲ့ ရထားတွေ့ရော၊ တွေ့တော့မှ သက်သေရတာနဲ့ ယုံပြီးတော့ "ကောင်းပြီ, ဒါဖြင့် ကျုပ်ကလဲ သီလစောင့်မယ်, ခင်ဗျားလဲပဲ ကျုပ်တို့ကို ဆုံးမပါ"ဆိုပြီးတော့ ဥဒေါင်းမင်းက ဆုံးမလို့ ရှင်ဘုရင်က သီလစောင့်လို့, တိုင်းသူပြည်သားတွေပါ သီလစောင့်ပြီးတော့ ဥဒေါင်းမင်းလဲဘဲ ရက်အနည်းငယ် နေပြီးတော့ ပြန်သွားတယ်။

ကောက်ချက်ချ

အဲဒီတော့ ဘုန်းကြီးက စဉ်းစားကြည့်တယ်၊ ဒီအထဲမှာ ကောက်ချက်တွေ အများကြီးရတယ်၊ ပထမဆုံး မန္တန်မှန်မှန်ရွတ်တယ်၊ နောက်တော့ ဥဒေါင်းမရဲ့ အသံကြားလို့ မရွတ်ဖြစ်ဘူး၊ မိတယ် ကျောက္ခင်းနဲ့၊ တစ်ခါ ငါးပါးသီလကိုစောင့်လို့ တိုင်းသူပြည်သားတွေကို ငါးပါးသီလထိန်းသိမ်းအောင်ပြောလို့, နတ်ပြည်ကိုရောက်ပြီးတော့ ရွှေအဆင်းနဲ့ တကွ ဒီမှာ

ဥဒေါင်းလာဖြစ်တယ်၊ ဒို့ပြင်ဒို့ပြင် ရှင်ဘုရင်တွေ လက်ထက်တုန်းက ဒီလိုအကြောင်းတွေ မညီညွတ်လာဘူး၊ ယခုဒီရှင်ဘုရင်ကျမှ ဘာဖြစ်လို့ ဒီအကြောင်းတွေ ညီညွတ်လာရသလဲဆိုတော့ ဒို့ပြင် ရှင်ဘုရင်တွေတုန်းက ဘာအလောင်းရယ်လို့မှ မပါဘူး၊ ယခုရှင်ဘုရင်က အရှင် အာနန္ဒာအလောင်း၊ ဒါ့ကြောင့် အရှင်အာနန္ဒာ အလောင်းမင်းရဲ့ လက်ထက်ကျမှ မိအောင်လဲ ဖမ်းနိုင်တယ်၊ ဒီ ဝတ္ထုကြောင်းတွေ ပေါ်ပြီးတော့ အားလုံးပဲ သူတော်ကောင်းတွေ ဖြစ်ကြတယ်။

သတိနဲ့ နေ

ဒါ့ကြောင့် ဒီဝတ္ထုကို မှတ်ချက်ချပြီးတော့ "ငါ သတိနဲ့ နေမယ်၊ ငါ သတိနဲ့ သွားမယ်၊ ငါ သတိနဲ့ အိပ်မယ်၊ ငါ ဘေးရန်အန္တရာယ်တွေကို ကာကွယ်နိုင်တဲ့ ဘုရား တရား သံဃာ့ဂုဏ်တော်တွေရှိတယ်၊ ယခုလို ပရိတ်တော်တွေရှိတယ်၊ ဒီလို ပရိတ်တော်တွေကို ရွတ်ပြီးတော့ သူတော်ကောင်းအနေနဲ့ နေမယ်၊ ငါ သီလတွေစောင့်ထိန်းမယ်"လို့ အမြဲတန်းသတိနဲ့ နေရတယ်။

အဲဒီလိုဆိုလို့ရှိယင် လူဘဝနဲ့ကော မင်္ဂ ဖိုလ် နိဗ္ဗာန်ကို ရောက်ကြောင်းဖြစ်တဲ့ ပါရမီတွေ မဖြည့်ဘူးလား၊ ဒီလိုပဲ ပါရမီတွေဖြည့်လာကြတာပဲ၊ ဒါ့ကြောင့် ဒီပရိတ်တော်ကိုလေ ကောက်ချက်ချပြီးတော့ ဘေးရန်အန္တရာယ် အကာအကွယ်တွေကို ယုံယုံကြည်ကြည်နဲ့ ကာကွယ်ပြီးသကာလ လူကောင်းသူကောင်းတစ်ယောက်ဖြစ်အောင် ကိုယ်စီကိုယ်ငြ ကြိုးစား အားထုတ်နိုင်ကြစေကုန်သတည်း....။

မောရသုတ်တရားတော် ပြီး၏။

ဝဋ္ဋသုတ်တရားတော်

ဝဋ္ဋသုတ်ဆိုတဲ့ဥစ္စာ "ဝဋ္ဋက-ဒုံး"ဆိုတဲ့ အနက်ကို ဟောတယ်၊ ဒါ့ကြောင့် ဒီပရိတ်တော်ဟာ "ဒုံးမင်း ပရိတ်"ဖြစ်တယ်၊ ဒီ ပရိတ်တော်က တစ်မျိုးအားကိုးစရာ ကောင်းတယ်၊ မြတ်စွာဘုရား လက်ထက်တော်တုန်းက မြတ်စွာဘုရား ဒေသစာရီ ကြွတော်မူတော့ နောက်လိုက်နောက်ပါ ရဟန်းသံဃာများစွာနဲ့သွားတော့ တောထဲရောက်တယ်၊ မာဂဓတိုင်း တောထဲမှာ ခရီးသွားတုန်း တောမီးကြီးလောင်လာတယ်၊ ဟိုပတ်ဝန်းကျင် အဝေးကြီးက တောမီးမှ တကတဲ့ အသံတွေမြည်ပြီးတော့ အင်မတန်ပဲ ကြောက်စရာ လန့်စရာ တောမီးကြီးလောင်လာတယ်။

အဲဒီတင် ရဟန်းတွေတစ်ချို့က တောမီးလာလို့ရှိယင် ဒီက သစ်ပင်တွေကို မီးရို့ထားနှင့်ကြစို့ရဲ့၊ ဒီက သစ်ပင်တွေ မီးရို့ထားနှင့်လို့ရှိယင်ဖြင့် တို့ဆီမရောက်ပဲနဲ့ မီးငြိမ်းသွားလိမ့်မယ်လို့ပြောပြီးတော့ မီးရို့မယ်လို့ ပြင်ကြဆင်ကြတုန်းမှာ။

တစ်ချို့က "ဟာ-ကိုတော်တွေ ဘယ်နယ့် မြတ်စွာဘုရားရှိလျက်သားနဲ့ မြတ်စွာဘုရားတော့ အားမကိုးပဲနဲ့ ဘယ်နယ် မီးရို့ထား, ဟိုကမီးကို ဒီထိအောင် လောင်မလာအောင် ဒီကသစ်ပင်တွေကို မီးရို့ထားနှင့်မယ်လို့ ဘယ့်နယ်လုပ်နေကြတာတုန်း၊ မြတ်စွာဘုရားရှိသားပဲ ဆိုတော့မှ အားလုံးသတိရပြီးတော့ ဘုရားဆီ အကုန်လုံးပြေးကြတာကိုး.....။

မီးငြိမ်း ပြေးပြီးတော့ ဘုရားနားမှာ စုပြီးနေကြတယ်၊ အားလုံးစုမိတဲ့အချိန်လောက်မှာပဲ မြတ်စွာဘုရားရဲ့ ပတ်ဝန်းကျင် တစ်ဆယ့်ခြောက်ကရီသလောက် ဝေးတဲ့နေရာကမီးဟာ တစ်ခါထဲ ရပ်ပြီးတော့ မီးရှူးတစ်ခုဟာ ရေထဲချလိုက်တော့ ငြိမ်းသွားသလို အားလုံး ပတ်ပတ်လည်မှာ ငြိမ်းသွားတယ်၊ ဒီတော့မှ ရဟန်းတော်များက "မြတ်စွာဘုရားရဲ့ ဘုန်းတန်ခိုးများ ကြီးလိုက်တာ၊ ကြည့်စမ်း တကထဲ အသံပြင်းထန်စွာလောင်လာတဲ့ မီးကြီးကိုပဲ ရပ်တန့်ပြီးတော့ ငြိမ်းကိုသွားရတယ်"လို့ တအံ့တသြပြောကြတာကို မြတ်စွာဘုရားက ကြားတော့.....

"ရဟန်းတို့....ဒီတန်ခိုးက ငါဘုရားရဲ့ တန်ခိုးမဟုတ်ဘူး၊ ဒါဒီနေရာမှာဆိုယင် ဘယ်နည်းနဲ့မဆို မီးငြိမ်းမှာချည်းပဲ၊ ဟို ငါဘုရား ဒုံးဘဝတုန်းက သစ္စာပြုခဲ့လို့ ဒီပတ်ဝန်းကျင် တစ်ဆယ့်ခြောက်ကရီသအရပ်လောက်မှာ တစ်ခါထဲ မီးမလာနိုင်ပဲနဲ့ ငြိမ်းကြရတယ်၊ ငါဘုရား ဟိုတုန်းက သစ္စာအစွမ်းပဲ၊ ယခု ငါဘုရားရဲ့ တန်ခိုးမဟုတ်ဘူး" လို့ အဲဒီလို မိန့်တော်မူတော့မှ အရှင်အာနန္ဒာက "ရှေးတုန်းကအကြောင်းကို ဟောတော်မူပါဘုရား"လို့ လျှောက်လို့မို့ ဒုံးမင်းဘဝတုန်းက မြတ်စွာဘုရားရဲ့ အကြောင်းကို ပြတဲ့ပရိတ်မို့လို့ ဒီပရိတ်ကို "ဝဋ္ဋသုတ်, ဝဋ္ဋပရိတ်"လို့ ခေါ်တယ်။

ဒုံးမင်း ဒီပရိတ်တော်ရဲ့ တန်ခိုးရှိန်စော်ဟာ အဲဒီနေရာမှာ တစ်ကမ္ဘာပတ်လုံး မီးမလောင်ဘူး၊ ဘယ်က မီးလောင်လာလာ ဒီနေရာကျယင် ငြိမ်းရော၊ အဲဒီ အချိန်တုန်းက

ဘုရားအလောင်း ငုံးမျိုးမှာ သွားဖြစ်တယ်၊ ငုံးမျိုးဖြစ်ပြီးတော့ ငုံးငယ်ငယ်ကလေး အဲဒီလိုအချိန်မှာ မိဘတွေက စောစောက အစာရှာပြီးတော့ ကျွေးတယ်၊ အဲဒီလိုနေရာက တစ်နေ့တော့ တောမီးလောင်လာရော၊ ခုနကလိုပဲ ပြင်းပြင်းထန်ထန် မီးလောင်လာတယ်။

ငှက်တွေထွက်ပြေး အဲဒီလို လောင်လာတော့ ပတ်ဝန်းကျင်ကရှိတဲ့ ငှက်တွေလဲပဲ ကိုယ့်အသိုက်က ကိုယ့်အသိုက်က ထွက်ပြီးတော့ ပြေးကြရော၊ ဒီငုံးမင်းကလေးရဲ့ အမေ, အဖေငှက်များလဲပဲ တစ်ခါထဲကလေးကိုစွန့်ပြီးတော့ ထွက်ပြေးကြရော၊ မီးကလဲ အသံပြင်းစွာ လောင်လာတော့ သူ အသိုက်ထဲကကြည့်တယ်။

"ဟာ...မီးကြီးသိပ်လောင်လာလို့ အမေအဖေတွေလဲ ထွက်ပြေးကြပြီ၊ ငါ့မှာလဲ အားကိုးစရာမရှိဘူး၊ သူဘဝါဘဝက ပါရမီပါလာလို့ သူသိနေတဲ့ဥစ္စာဟာ သီလရဲ့ဂုဏ်ဟာ လောကမှာရှိတယ်၊ သစ္စာရဲ့ဂုဏ်လဲ ရှိတယ်၊ သစ္စာရဲ့ အစွမ်းလဲ ရှိတယ်၊ သန့်ရှင်းစင်ကြယ်တဲ့ အစွမ်းလဲ ရှိတယ်၊ သတ္တဝါတွေကို သနားတဲ့ အစွမ်းလဲ ရှိတယ်၊ ဒီတော့ ငါသစ္စာပြုမှပဲ"လို့ အကြံဖြစ်ပြီး သစ္စာပြုတယ်။

သစ္စာပြု သစ္စာရှိတယ်၊ ငါသစ္စာပြုတော့မယ်၊ ဘာမှ ငါ့အားကိုးစရာ မရှိဘူး၊ သစ္စာပဲပြုမယ်၊ "အရှင်သာရိပုတ္တရာ ငါလေ အဲဒီတုန်းက ဘာမှ အားကိုးစရာမရှိလို့ သစ္စာပဲ အားကိုးပြီး သစ္စာပြုခဲ့တယ်၊ ပြုတဲ့သစ္စာဟာလေ ဘာမှ အဆန်းကြီးမဟုတ်ဘူး,

မှန်တာပြောနေတာ၊ ကျွန်ုပ်မှာ အတောင်ရှိတာမှန်တယ်၊ ဒါပေမယ့် ဒီအတောင်တွေဟာလေ ပျံများပျံနိုင်လို့ရှိယင် ပျံပြေးမှာပဲ၊ ယခုတော့ ကျွန်ုပ်အတောင်က မပျံနိုင်သေးပါဘူး၊ ကျွန်ုပ်မှာ ခြေထောက်ကလေးတွေရှိတယ်၊ အဲဒီခြေထောက်ကလေးတွေနဲ့ သွားနိုင်လို့ရှိယင် ပြေးပြီးတော့ ကျုပ်လွတ်ရာလွတ်ကြောင်း သွားမှာပဲ, ပြေးမှာပဲ၊ ယခုတော့ ကျွန်ုပ်ခြေထောက်များဟာ မသွားကို မသွားနိုင်သေးဘူး၊ အမေ အဖေ ရှိတော့ရှိတယ်၊ အမေအဖေတွေက ကျုပ်ကို ကယ်မယ်ဆိုယင်ကယ်နိုင်မလားပဲ၊ ယခုတော့ အမေ အဖေတွေကလဲ သူတို့အသက်ဘေးကြောင့် ထွက်ပြေးကြပြီ၊ အဲဒီ မှန်ကန်တဲ့ သစ္စာစကားကြောင့် "အိုတောမီး ...ဝေးရာ ရှောင်လွဲဖဲပါတော့လော"လို့ သစ္စာဆိုလိုက်တယ်။

ယုံကြည် အဲဒီသစ္စာဆိုတုန်းက သူ ဘုရားဂုဏ်တော်တွေ အောက်မေ့သေးတယ်၊ သစ္စာရဲ့ အစွမ်းကိုလဲ သူသတိရသေးတယ်၊ ပြီးတော့ သီလရဲ့ ဂုဏ်တွေလဲ လောကမှာ ရှိတယ်ဆိုတာကို သူက ယုံကြည်သေးတယ်၊ မေတ္တာ ကရုဏာရဲ့ ဂုဏ်တွေရှိတယ်ဆိုတာကို သူက ယုံကြည်သေးတယ်၊ အဲဒါတွေ အခြေခံပြီးတော့မှ "အတောင်တွေရှိပေမယ့် မပျံနိုင်ကြ၊ ငါ့မှာ ခြေတွေရှိပေမယ့်လို့ မသွားနိုင်ကြ၊ ငါ့အားကိုးရာ အမေ အဖေတွေ နဂိုက ရှိပေမယ့် ယခု ထွက်ပြေးကြပြီ"အဲဒီသုံးခွန်းကို သစ္စာဆိုတယ်။

အဲဒီသစ္စာသည်နှင့် တစ်ပြိုင်နက်ပဲ တစ်ဆယ့်ခြောက်ကရီသတဲ့၊ တစ်ကရီသမှာ ဘယ်လောက်ရှိတယ်ဆိုတာ တွက်ချက်ကြည့်တော့၊

တစ်ဆယ့်နဲ့ ခြောက်ကရီသ ပတ်ဝန်းကျင်က တစ်ခါထဲ ရေထဲမီးချလိုက်တဲ့အခါ ငြိမ်းသွားသလို တစ်ခါထဲ ငြိမ်းသွားတာပဲ၊ ရှေ့မလာရုံတင် မကဘူး၊ ဘေးလျှောက်ပြီးတော့လဲ လောင်မသွားဘူး၊ တစ်ခါထဲ ငြိမ်းသွားတာပဲ။

သစ္စာဆိုတာ ဒါကြောင့် သစ္စာဆိုတဲ့ ဥစ္စာဟာလေ ဆန်းဆန်းပြားပြားကြီးတွေ လျှောက်ပြီးတော့ ကြံဖန်ဆိုနေရတာ မဟုတ်ဘူး၊ ဥပမာ...မိမိက ဘယ်ကိစ္စမှာလေ အင်မတန် ဖြောင့်ဖြောင့်မတ်မတ် လုပ်ခဲ့ပါ၊ ဥပမာ...လောကကြီး ကောင်းစားအောင်လို့မို့လေ ဘယ်အလုပ်ကို ဖြောင့်ဖြောင့် မတ်မတ် လုပ်ခဲ့တယ်၊ အဲဒီ မှန်ကန်သော သစ္စာစကားကြောင့် ဘယ်လိုဖြစ်ပါစေသတည်း။

မိမိသည် ဘယ်အလုပ်တစ်ခုကို မြတ်စွာဘုရားအတွက် ဘယ်လိုကြိုးစားခဲ့တယ်၊ ဥပမာ...ဆရာသမားအတွက် ဘယ်လိုကြိုးစားခဲ့တယ်၊ ဒါမှမဟုတ်, ဆွေတွေ မျိုးတွေအတွက် ကြိုးစားခဲ့တယ်၊ ဘယ်လို စောင့်ရှောက်ခဲ့တယ်၊ ဘယ်လို ထိန်းသိမ်းခဲ့တယ်၊ အဲဒီလို စသည်အားဖြင့် အရေးရှိလို့ရှိယင် မှန်ကန်တဲ့ သစ္စာစကားသာဆို၊ မှန်သာမှန်ပါစေ၊ အဲဒီလို မှန်လို့ရှိယင် အဲဒီသစ္စာရဲ့ အစွမ်းသတ္တိဟာ အင်မတန် အကျိုးရှိပါတယ်။

ကလေးမွေကိုက် ရှေးတုန်းက ဒီလို ကောင်းတဲ့ဘက်တောင် မဟုတ်ဘူး၊ မကောင်းတဲ့ အကြောင်းအရာတွေတောင် သစ္စာဆိုတာနဲ့ပဲ သူတို့ဆိုင်ရာ အကျိုးတွေ ရတယ်၊

ဟိုရှေးတုန်းက ရသေ့တစ်ပါး လာတော့ကို သူနဂိုက လူတုန်းက မိတ်ဆွေဖြစ်ခဲ့တဲ့ ဒါယကာနဲ့ ဒါယိကာမက သားကလေးကို ခေါ်ပြီးတော့ ရသေ့ဆီ လာကြတယ်၊ စကားစမြည် ပြောနေကြတုန်းမှာ သားကလေးက ဂျင်ပေါက်ယင်းကစားနေတော့ ဂျင်ကတောင်ပို့ထဲဝင်သွားလို့ နှိုက်လိုက်တဲ့အခါမှာ ကလေးရဲ့လက်ကို မွှေကိုက်လိုက်တယ်၊ အဲဒီမှာ ကလေးလဲနေတော့ လှမ်းကြည့်လိုက်တဲ့အခါမှာ ကလေးလဲနေတာမြင်လို့ အကုန်လုံး ထလာကြတယ်။

ရသေ့သစ္စာ ထလာတော့ "အရှင်ဘုရား ရသေ့ပဲ၊ ဆေးတွေဝါးတွေ လုပ်စမ်းပါအုံး"လို့ ဆိုတော့ "ငါရသေ့ပေမယ်လို့ ဆေးမတတ်ဘူး၊ ငါသစ္စာဆိုမယ်"လို့ ဆိုပြီးတော့ ချက်ချင်းထဆိုတယ်၊ "ငါယခု ရသေ့ဘဝနဲ့ နေတာ အသက် ၅၀ ရှိပြီ၊ ခုနစ်ရက်လောက်သာ ပျော်တယ်၊ ကျန်တဲ့ရက်တွေ မပျော်ဘူး၊ အဲဒီမှန်ကန်တဲ့သစ္စာစကားကြောင့် ကလေးရဲ့ အဆိပ်တွေ လျှောကျပါစေသား"လို့ အဲဒီလို သစ္စာဆိုလိုက်တာ တစ်ခါထဲ ကလေးဟာ မျက်လုံးကလေး ကလယ်ကလယ်နဲ့ ခေါင်းတွေကိုယ်တွေ လှုပ်လာတယ်၊ တော်တော်ကောင်းသွားတယ်၊ ခုနက ဘာမှမလှုပ်နိုင်ဘူး။

အဖေသစ္စာ ဟာ ဒါဖြင့် ရသေ့ရဲ့ အစွမ်းဟာ တော်တော်ကောင်းပြီ၊ ဒါဖြင့် ကလေးအဖေ သစ္စာဆိုစမ်းပါအုံး၊ အဲဒီတော့ ကလေးအဖေက ဆိုပါ့မယ်၊ သား အတွက်ကြောင့် ဆိုရတော့မှာပဲ၊ ဒါပေမယ့်လို့ သူဟာသူတော့ ရိုးရိုးဆိုယင် ဘယ်သူမှ

မပြောဘူး၊ ယဲခုတော့ သားအတွက်ကြောင့် ဆိုရတော့မှာပဲဆိုပြီးတော့ "ကျွန်ုပ်ဟာလေ အများက ဒါနရှင် ဒါနရှင် အလှူရှင် အလှူရှင်နဲ့ အင်မတန်မှ ချိမ်းမွမ်းကြပါတယ်၊ အထင်ကြီးကြပါတယ်၊ ဒါပေမယ်လို့လေ နည်းနည်းကလေးမှ သဒ္ဓါတရားမရှိဘူး၊ အဲဒီလို သဒ္ဓါတရားမရှိပဲနဲ့ သူများက ကဲ့ရဲ့မှာစိုးလို့ မိဘထုံးစံအတိုင်း မလှူဘူးလို့ ပြောမှာစိုးလို့ ကျုပ်ကြိပ်မိုတ်ပြီးတော့ နေ့တိုင်းနေ့တိုင်း ပေးကမ်း စွန့်ကြဲပြီးတော့ နေရတာ မှန်တယ်၊ အဲဒီလို သဒ္ဓါတရားမရှိပဲနဲ့ စွန့်ကြဲနေရတယ်လို့ ပြောဆိုရတဲ့ သစ္စာစကားကြောင့် ကလေးရဲ့ အဆိပ်တွေလျှောကျပါစေသား"လို့ ဆိုပြီးတော့ လက်နဲ့သတ်ချလိုက်တာ တစ်ခါထဲ ကလေးဟာ ထိုင်နိုင်လာတယ်၊ ထတော့ ထမသွားနိုင်သေးဘူး၊ ထိုင်နိုင်လာတယ်။

အမေ့သစ္စာ

ကဲ-ဒါဖြင့် ကလေးအမေ သစ္စာဆိုပါလို့ ဆိုတော့ ကလေးအမေက သူ့မှာလဲပဲ ဘယ်သူ့မှ မပြောနိုင်တဲ့ အင်မတန်မှန်တဲ့ ကိစ္စတစ်ခုရှိနေတယ်၊ အဲဒါဖြင့် ကလေးအဖေတစ်ခြားသွားယင် ကောင်းတယ်၊ ရှေ့တော့မပြောချင်ဘူး၊ ဟာ ကိစ္စမရှိဘူး၊ ဘာပဲဖြစ်ဖြစ်ကွာ ကလေး အသက်ရှင် ပြီးတာပဲ၊ ဘာပဲဖြစ်ဖြစ် ဆိုပါလို့ တိုက်တွန်းတော့ ဘာမှ မငဲ့နိုင်ဘူး၊ ဒီတင်မှာပဲ "ကျုပ်ဟာလေ ဟောဒီကလေးကို ကိုက်တဲ့မြွေနဲ့ ကလေးအဖေနဲ့ ဟာတန်းတူကို မေတ္တာမရှိခြင်း တူပါတယ်၊ အဲဒီသစ္စာစကားကြောင့် ကလေးရဲ့ အဆိပ်တွေ လျှောကျပါစေသား"လို့ ဆိုပြီးလက်နဲ့ သပ်ချလိုက်တာ ကလေးဟာ ထပြီးတော့ ဘာမှမဖြစ်သလိုပဲ သွားနိုင် လာနိုင်ဖြစ်လာတယ်။

ပျော်ပျော်နေပါ

ဒီတော့ ဒီမှာ ခုနက ဝဋ္ဋသုတ်မှာ လာတဲ့ အကောင်းတွေတောင် မဟုတ်ဘူး၊ သူတို့ဟာနဲ့ သူတို့များ ပြောလို့မကောင်းတဲ့ လျှို့ဝှက်ထားတဲ့ အကြောင်းအရာတွေကို သစ္စာဆိုတာနဲ့ပဲ အဲဒီသစ္စာရဲ့ တန်ခိုးကြောင့် တစ်ခါထဲ အဆိပ်တွေပျောက်သွားတယ်၊ နောက်တော့မှ ကလေးလဲ ထလို့မို့ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြတော့မှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးတော့ ပြောကြတယ်၊ "အရှင်ရသေ့ကြီး နေရအတူတူတော့ မပျော်ပဲနဲ့ မနေပါနှင့်၊ အရှင်ရသေ့ကလဲ မကောင်းဘူး၊ ခုနစ်ရက်သာ ပျော်တယ်ဆိုတော့ ကျုပ်တို့ကတော့ အင်မတန် ပျော်လို့ နေတယ်ထင်တာ၊ ခင်ဗျားက ခုနစ်ရက်သာ ပျော်တယ်ဆိုတော့ မကောင်းပါဘူး၊ အရှင်ရသေ့ကြီးလဲ နောက်တော့ ပျော်ပျော်နေပါ"၊ "ငါလဲ နောက်တော့ ပျော်ပျော်နေတော့မယ်"...။

သဒ္ဓါ မေတ္တာရှိပါ

"မင်းလဲပဲ လှူပြီးတော့ကွာ, သူများအပြစ်တင်မှာစိုးလို့ လှူနေရတယ်ဆိုတာ ကုန်ကျတာ မင်းလဲ ကျေးဇူးမများပါဘူး၊ သဒ္ဓါတရားနဲ့ လှူပါကွာ"လို့ ဆိုတော့ "တပည့်တော်လဲ နောက်တော့ သဒ္ဓါတရားနဲ့ လှူတော့မယ်" ဒီမှာလဲ အကျိုးရနေတာကိုး၊ "ရှင်မကလဲ မတော်ဘူး၊ ဒီမှာ ငါနဲ့ မြွေနဲ့ ထပ်တူပဲ စိတ်ကမုန်းပါတယ်လို့ ဆိုတဲ့ဥစ္စာ မတော်ဘူး၊ သားသမီးလဲ ရပြီနေကွာ၊ နောက်တော့ ဒီလိုမလုပ်ပါနဲ့"လို့ ဆိုတော့ ရသေ့ကလဲ တောင်းပန်တယ်၊ နောက်တော့ မလုပ်ပါဘူး၊ သားကလေးချမ်းသာတာနဲ့ပဲ ကြေကြေနပ်နပ် အားလုံးကပဲ မေတ္တာနဲ့

နေပါတော့မယ်လို့ ဆိုပြီး သုံးယောက်စလုံး အကောင်းပြန်ပြီး ဖြစ်သွားကြတယ်.....။

မှန်တာပြော, လုပ်

ဒီတော့ သစ္စာဆိုတဲ့ဥစ္စာ သိပ်ယုံကြည်တတ်ယင် ဒီဝဋ္ဋသုတ်မှာလာတဲ့ အကောင်းသစ္စာတောင်မဟုတ်ဘူး၊ မကောင်းတာတွေ ဆိုတာတောင်မှ သစ္စာဖြစ်သေးတယ်၊ ဒါကြောင့်-"ငါဟာ မုသားကိုလေ ကောင်းကောင်းကြီးထိမ်းပြီးတော့ မှန်တာကို ပြောမယ်၊ ငါ့နှုတ်က တစ်ခါထဲ အာဆိတ်လျှာဆိတ်တွေ တန်ဖိုးရှိပါစေ၊ ငါ မှန်တာပြောမယ်၊ မှန်တဲ့အနေမျိုးနဲ့နေမယ်၊ မှန်တဲ့စကားကို ဆိုမယ်၊ ငါ မှန်တဲ့အကြည့်ကို ကြည့်မယ်" အဲသလို အနေမျိုးနဲ့လေ ကိုယ့်ကိုယ်ကို အင်မတန် မှန်တဲ့ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပြီး သစ္စာတုံးကြီး ဖြစ်နေလို့ရှိယင် ဘယ်အေးအန္တရာယ်မှ မဖြစ်နိုင်ပဲနဲ့ မင် ဖိုလ် နိဗ္ဗာန်အထိ မိမိကိုယ်ကို မိမိသူတော်ကောင်းကြီးဖြစ်အောင် ပြုနိုင်သောကြောင့် ဤဝဋ္ဋသုတ်ကို အကြောင်းပြုပြီးတော့ သစ္စာရှိတဲ့ အမျိုးသား အမျိုးသမီးတွေ ကိုယ်စီကိုယ်ငှ ဖြစ်အောင် ကြိုးစားနိုင်ကြစေကုန်သတည်း။

သာဓု...သာဓု...သာဓု...။

ဝဋ္ဋသုတ်တရားတော် ပြီး၏။

ဓဇဂ္ဂသုတ်တရားတော်

ဓဇဂ္ဂသုတ်

ဓဇဂ္ဂသုတ်ဆိုတာ ပါဠိတော်ထဲမှာ "မမေဝ တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ"လို့ အဲဒီက "ဓဇဂ္ဂံ ဓဇဂ္ဂံ" များများပါလို့ ဒီသုတ်ကို "ဓဇဂ္ဂသုတ်"လို့ နာမည်တပ်ထားတယ်၊ ဒီ ဓဇဂ္ဂသုတ်ရဲ့ တန်ခိုးကလဲ ကျမ်းစာထဲမှာ အသီးအသီး ရှိတယ်။

စေတီပေါ်က လိမ့်ကျ

ရှေးတုန်းက ဒီဃပါဝီ စေတီတော်မှာ အထက် တက်ပြီးတော့ ကိုယ်တော်ကလေးတွေ အင်္ဂတေသုတ်ကြတယ်၊ အထက်တက်ပြီးတော့ အင်္ဂတေ သုတ်ရာက ကိုယ်တော်လေးတစ်ပါး ခြေချော်ပြီးတော့ ကျတယ်၊ ကျတာက တစ်ခါထဲ ဟိုဒီဘေး လွတ်ကျတာ မဟုတ်ဘူး၊ စေတီကပ်ရက် ဒီလို ဒရွတ်ဒရွတ်ကျတော့ အောက်က ကိုယ်တော်တွေက "ငါရှင် ဓဇဂ္ဂသုတ်ပရိတ်ကို အမှတ်ရလိုက်ပါ, ဓဇဂ္ဂသုတ်ပရိတ်ကို အမှတ်ရလိုက်ပါ"လို့ လှမ်းအော်လိုက်ကြတော့ သူကလဲပဲ "ငါကို ဓဇဂ္ဂသုတ်ပရိတ် စောင့်ရှောက်ပါစေသတည်း"လို့ စိတ်ထဲကရော, နှုတ်ကရော ဒီလိုရွတ်လိုက်, ပြောလိုက်တယ်။

ဓဇဂ္ဂသုတ် အကျိုး

တစ်ခါထဲ လမ်းစေတီတော်ရဲ့ အုပ်ချုပ်(၂)ချုပ်ဟာ ဘေးထွက်လာပြီးတော့ အဲဒီကျတဲ့ ကိုယ်တော်ကို အောက်ကခံထားတယ်၊ နောက် အောက်ကခံထားလို့ ရပ်နေတော့မှ အပေါ်ကနေပြီး နွယ်ကြိုးတွေချပြီးတော့ ပေးလို့ အဲဒီ နွယ်ကြိုးလေခါးကို သူပြန်ပြီးတော့ ချည်နှိုင်ဆွဲနှိုင်မှ

ခုနက အုပ်ချုပ်(၂)ချုပ် ပြန်ပြီးတော့ သူ့နေရာသူ ရောက်သွားတယ်တဲ့...။

အဲဒီဟာကို ဒီက ဓဇဂသုတ်အစက အမွှန်းတင်ထားတာ၊ "ယဿာနုဿဏ္ဏောနာပိ"စသည်ဖြင့် အမွှန်းတင်ထားတယ်၊ အဲဒီဝတ္ထုကို အဋ္ဌကထာကပါလာလို့ ပါဠိတော်မှာ ထည့်ထားတယ်၊ အထက် ကောင်းကင်လွင်ပြင်မှာ ရောကနေတာတောင်မှ ထောက်ရာတည်ရာ ရနိုင်တယ်တဲ့၊ ရွှတ်နေတာလားလို့ ဆိုတော့ မဟုတ်ပါဘူး၊ "အနုဿရဏ္ဏောနာပိ-ဓဇဂသုတ်ကို အောက်မေ့ရုံဖြင့်လည်း၊ ပတိဋ္ဌ-ထောက်ရာတည်ရာကို၊ အဓိဂစ္ဆန္တိ-ရနိုင်ကြလေကုန်၏"၊ နှုတ်က ရွှတ်တာ မဟုတ်ဘူး၊ တရားတော်မှာပါတဲ့အတိုင်း နှလုံးသွင်းနေတာ မဟုတ်ဘူး၊ တစ်ခါတည်း "ဓဇဂသုတ်ပရိတ်တော်က ငါကို စောင့်ရှောက်ပါစေသတည်း"လို့ အဲဒီလို အောက်မေ့ရုံနဲ့ပဲ အုပ်ချုပ်(၂)ချုပ်ထွက်ပြီးတော့ ခံရတယ်တဲ့။

အားကိုးရ ဒါကြောင့် "ယဿ-အကြင်ဓဇဂသုတ်ပရိတ်တော်ကို၊ အနုဿရဏ္ဏောနာပိ-ရွှတ်ဖို့ကို မဆိုထားဘိ, အောက်မေ့ရုံဖြင့်လည်း၊ ပါဏိနော-သတ္တဝါတို့သည်၊ ဘူမိယံဝိယ-မြေပေါ်၌ကဲ့သို့၊ အန္တလိက္ခေပိ-အထက်ဝေဟင်, မိုးကောင်းကင်၌ သော်မှလည်း၊ သဗ္ဗဒါ-အခါခပ်သိမ်း၊ ပတိဋ္ဌ-ထောက်ရာတည်ရာကို၊ အဓိဂစ္ဆန္တိ-ရနိုင်ကြလေကုန်၏"လို့ အဲဒီ ဝတ္ထုအတိုင်း ရကြတယ်၊ ဒါ့ကြောင့် ပရိတ်ရဲ့ အကြောင်းကို ကောင်းကောင်းသိပြီးတော့ ရွှတ်ရတော့ တယ်စိတ်ထဲမှာ အားကိုးအားထား ရသွားတယ်၊ တယ် အားရပါးရရှိတယ်...။

မရေတွက်နိုင် ဒီဓဇဂသုတ်ပရိတ် စောင့်ရှောက်လို့ ဘယ်သူဟာ မကောင်းဆိုးဝါး အစိမ်း သရဲ ဘီလူး အဲဒီ ဘေးရန်တွေက လွတ်လာခဲ့တယ်လို့ ပြောဖို့ရန်, ဒီဓဇဂသုတ်ပရိတ်တော် အစောင့်အရှောက် ယူလို့မို့ ဘယ်သူဟာ သူခိုး ဓားပြ သူပုန်ဘေးတို့မှ လွတ်လာခဲ့တယ်လို့ ပြောဖို့ရန် အဲဒါကတော့ အရေအတွက် တောင် မရှိဘူး၊ ဘယ်လောက်ကယ်လို့ ရေတွက်လို့တောင် မရဘူးတဲ့၊ အလွန်ကိုများခဲ့တယ်။

သိကြားမင်းရဲ့ အလံ အသင် နတ်မင်းတို့ စစ်တိုက်ခါနီး, စစ်တိုက်နေတုန်းမှာ ကြောက်လာတယ်, တစ်ဖက်စစ်သည်တွေကို မြင်လို့ တုန်လှုပ်လာတယ်, ကြက်သီးထလာတယ်ဆိုယင် ငါ့ရဲ့ အလံကို မော်ကြည့်ကြ၊ မော်ကြည့်တဲ့အခါကျတော့ "အို ငါတို့ရဲ့ အရှင်သခင်ဖြစ်တဲ့ သိကြားမင်းတောင်မှ ငါတို့စစ်တပ်ထဲမှာ ပါတယ်၊ ကြည့်စမ်း တံခွန်အလံကြီး, သိကြားမင်းရဲ့ အလံကြီး ရှိသားပဲ"လို့ အဲဒီလို တွေးပြီးနေယင် သင်တို့ ကြောက်ခြင်းတွေ, တုန်လှုပ်ခြင်းတွေ ပျောက်ကင်းသွားလိမ့်မယ်။

ပဏာပတိ နတ်မင်း သိကြားမင်းနဲ့ အားလုံး အရည်အချင်းတူ, အသက်အရွယ် တူနေတဲ့ ပဏာပတိ နတ်မင်းဆိုတာ သိကြားမင်းရဲ့ နေရာဘေးနားက နေလေ့ရှိတယ်၊ ဒီတော့ စစ်မြေပြင်မှာရောက်လို့ အသင်တို့ ကြောက်နေလို့ ရှိယင် ငါရဲ့ အလံကို မကြည့်မိယင် ပဏာပတိနတ်မင်းရဲ့ အလံကို မော်ကြည့်ကြ၊

ပဇာပတိနတ်မင်းဟာ မားမား မားမားနဲ့ သူ့အလံနဲ့ တက်ပြီးတော့ လာလိမ့်မယ်၊ အဲဒီ ပဇာပတိနတ်မင်းရဲ့ အလံကို ကြည့်လို့ရှိယင် သင်တို့ နဂိုဖြစ်နေတဲ့ ကြောက်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးထခြင်း ဆိုတာတွေ ပျောက်ကင်းသွားပါလိမ့်မယ်။

ဝရုဏနတ်မင်း ပဇာပတိနတ်မင်းရဲ့ အလံကို မကြည့်မိလို့ ရှိယင် ဒုတိယနေရာမှာ နေလေ့ရှိတဲ့ ဝရုဏနတ်မင်းရဲ့ အလံကို မော်ၖကြည့်ကြ၊ ဝရုဏနတ်မင်းဟာ ဒီစစ်သည်တော်တွေ တပ်သားတွေရဲ့ အလယ်မှာ မားမား မားမားနဲ့ အလံစိုက်ပြီးတော့ တက်လာလိမ့်မယ်၊ အဲဒါမြင်ရလို့ရှိယင် သင်တို့မှာ ကြောက်နေတာတွေ, တုန်လှုပ်တာတွေ, ကြက်သီးထတာတွေ ပျောက်သွားလိမ့်မယ်။

ဥျှသာနနတ်မင်း ဝရုဏနတ်မင်းရဲ့ အလံကို မကြည့်မိကြလို့ ရှိယင် တတိယနေရာမှာ နေလေ့ရှိတဲ့ ဥျှသာနနတ်မင်းရဲ့ အလံကို မော်ၖကြည့်ကြ၊ ဥျှသာနနတ်မင်းဟာ ဒီစစ်သည်တော်တွေ တပ်သားတွေရဲ့ အတွင်းမှာ မားမား မားမားနဲ့ အလံစိုက်ပြီးတော့ တက်လာတာ, ဘယ်မှ မပြေးပဲနဲ့နေတာ မြင်လို့ရှိယင် သင်တို့ဟာ ကြောက်နေတာတွေ ပျောက်သွားလိမ့်မယ်, တုန်လှုပ်တာတွေ ပျောက်သွားလိမ့်မယ်, ကြက်သီးထတာတွေ ပျောက်သွားလိမ့်မယ်လို့ အဲဒီလို သိကြားမင်းက နတ်စစ်သည်တွေကို အားပေးလေ့ရှိတယ်တဲ့၊ အဲဒီစစ်တိုက်တုန်းကလဲ ဒီလိုပဲ အားပေးနေတယ်တဲ့။

ပျောက်ချင်မှ ပျောက် သိကြားမင်းက ဒီလိုအားပေးပေမယ်လို့ အဲဒီ အလံကို မော်ပြီးကြည့်ကြတဲ့ နတ်စစ်သည်တွေမှာ သူတို့ရဲ့ ကြောက်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, ကြက်သီးထခြင်းတွေ ပျောက်ချင်လဲ ပျောက်မယ်တဲ့ မပျောက်ပဲ နေချင်လဲ နေမယ်။

သူတို့ကိုယ်တိုင်ကြောက် သိကြားမင်းက သူတို့ရဲ့အလံကို ကြည့်ကြ၊ ကြောက်ခြင်းစသည်တွေ ပျောက်လိမ့်မယ်လို့ အားပေးနေပေမယ့် သူတို့ကိုယ်တိုင်ကိုက ကြောက်တတ်တယ်၊ သူတို့ကိုယ်တိုင်က ကြောက်တတ်တော့ သူအားပေးတဲ့အတိုင်း ဒီပြင် သူ့နတ်စစ်သည်တွေဟာ မကြောက်ပဲ လုံးလုံး ရှိချင်မှ ရှိမယ်တဲ့၊ ကြောက်တတ်တဲ့သူက အားပေးတဲ့ဥစ္စာဟာ အားပေးခံရတဲ့သူတွေ မကြောက်ပဲလဲ ရှိချင်မှ ရှိမယ်၊ ကြောက်ချင်လဲ ကြောက်လိမ့်မယ်၊ သူကိုယ်တိုင်က တုန်လှုပ်တတ်တယ်, ကြက်သီးထတတ်တယ်, ထိန့်လန့်တတ်တယ်၊ သူကိုယ်တိုင်က အရေးကျလို့ရှိယင် ပြေးတတ်တယ်တဲ့၊ ဒီတော့ ဒီအကြောင်းတွေကို သိနေတဲ့ နတ်စစ်သည်တွေက သူအားပေးတိုင်း အလံဖျားကြည့်ရုံနဲ့ ဘေးရန်အန္တရာယ်တွေ ကြောက်ခြင်းတွေ ပျောက်ကင်းချင်မှ ပျောက်ကင်းမှာပဲ။

ငါဘုရား ငါဘုရားကတော့ ဒီလိုအမိန့်ရှိတယ်-"သင်တို့တောထဲ ကမ္မဋ္ဌာန်းထိုင်ပြီးတော့ နေကြတုန်း, သစ်ပင်အောက်မှာ တရားနှလုံးသွင်းပြီးတော့ နေကြတုန်း, တိတ်တိတ် ဆိတ်ဆိတ်

ကျောင်းတစ်ကျောင်းမှာ တရားနှလုံးသွင်းပြီးတော့ နေကြတုန်း ကြောက်များ ကြောက်လာမယ်, ကိုယ်တွေများ တဆတ်ဆတ် တုန်လာမယ်, ကြက်သီးများ ထလာမယ် ဆိုယင် ငါဘုရားကို အောက်မေ့လိုက်ကြ၊ ဘယ်လို ငါဘုရားကို အောက်မေ့လိုက်ရမလဲ လို့ ဆိုတော့ "ကွတိပိ သော ဘဂဝါ အရဟံ ၊ပေ၊ ဘဂဝါ" လို့ အဲသလို ငါဘုရားရဲ့ ဂုဏ်တော်တွေကို အောက်မေ့လိုက်ကြ"။

ဘာဝနာကုသိုလ်စိတ်

ဒီတော့ ဘုရားကို အောက်မေ့လိုက်တော့ ဒီ ကြောက်ခြင်းတွေ, ကြက်သီးထခြင်းတွေ ပျောက်သွားရောလား ဆိုတော့ ဘုရားရဲ့ ဂုဏ်တော်တွေကို အောက်မေ့နေတဲ့စိတ်က အင်မတန် မွန်မြတ်တဲ့ ဘာဝနာကုသိုလ်စိတ်ဖြစ်တယ်၊ ကြောက်တယ်ဆိုတဲ့ စိတ်က ဒေါသ, ဒေါမနဿစိတ် အကုသိုလ်စိတ် ဖြစ်တယ်၊ ဒီတော့ ရေလာယင် မီးပျောက်ရတယ်၊ မီးကနိုင်လို့ရှိယင် ရေခမ်းသွားရတယ်၊ အဲဒါလိုဘဲ ဘုရားဂုဏ်တော်တွေကို အာရုံပြုပြီးတော့ အောက်မေ့နေတဲ့ ကုသိုလ်စိတ်တွေချည်း ဆက်ဆက် ဆက်ဆက်ဖြစ်တော့ ခုနက ကြောက်ဆိုတဲ့ အကုသိုလ်စိတ်ဟာ ပျောက်သွားတယ်၊ ဒါ့ကြောင့် မြတ်စွာဘုရားက "ပျောက်ရမယ်, ဧကန်ပျောက်ရမယ်"လို့ မိန့်တော်မူတယ်။

ကြောက်တာတွေပျောက်

တကယ် ကိုယ်ဟာ ကြောက်လွန်းလို့ တဆတ်ဆတ် တုန်နေတဲ့ဥစ္စာ ပျောက်ရမယ်၊ အဲဒါ ဒေါသ, ဒေါမနဿကြောင့် လန့်ဖြန့်ပြီး တဆတ်ဆတ်

တုန်နေတာ၊ ဒီကုသိုလ်ဘာဝနာစိတ်တွေ ဖြစ်နေယင် ဧကန်ပျောက်ရမယ်၊ ကြက်သီးတွေ, မွေးညှင်းတွေ ထတယ်ဆိုတဲ့ဥစ္စာဟာ တစ်ခါတစ်ခါတော့ ပီတိသောမနဿ စိတ်ကောင်းနဲ့ ထတာရှိသေးတယ်၊ တရားနှလုံးသွင်းနေလို့, တရားအာရုံပြုနေလို့, တရားနာနေလို့ ကြက်သီးထတယ်၊ ဒီဟာ ကုသိုလ်စိတ်နဲ့ ထတာ၊ ခုနက တောထဲတောင်မှာနေတုန်း ဘာမှ ကုသိုလ်စိတ် မဖြစ်ဘဲနဲ့ ကြက်သီးထတာက အကုသိုလ်စိတ်အရင်းခံပြီးတော့ ကြက်သီးထတာ၊ အဲဒီဟာတွေ ဘုရားအာရုံပြုတဲ့ ဘာဝနာကုသိုလ်စိတ် ဖြစ်ပြီဆိုယင် ဒါတွေ ပျောက်တာပဲ၊ ဒီတော့ ဘုရားအာရုံရပြုတာ ကုသိုလ်လဲ ရသေးရဲ့၊ အကုသိုလ်ရော, အကုသိုလ်ကြောင့် ဖြစ်တဲ့ကြောက်ခြင်း စသည်တွေလဲ ကင်းသွားသေးရဲ့၊ အင်မတန် ကျေးဇူးများတယ်...။

အကြောင်းကိုကြည့်

ဒါဖြင့် ဘုရားကို ဘယ်လိုအာရုံပြုဖို့ ကောင်းသလဲလို့ ဆိုတော့...ဘုန်းကြီးကလေ ဘုရားကို အာရုံပြုလို့ရှိယင် အကြောင်းကို ကြည့်တတ်တယ်၊ ငါတို့မြတ်စွာဘုရား လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဒါနတွေ ပြုတော်မူခဲ့တယ်၊ အဲဒီလိုပဲ ဥပုသ်သီတင်းသီလတွေ ဆောက်တည်တော်မူခဲ့တယ်၊ သစ္စာပါရမီတွေ မကြာမကြာပဲ ဖြည့်ကျင့် ဆောက်တည်တော်မူခဲ့တယ်၊ အဲဒီလို ပါရမီတော်တွေ ဆောက်တည်တဲ့ ဥစ္စာဟာ အခု မိမိတို့ လက်တွေ့အလုပ်လုပ်နေတဲ့ အခါကျတော့ ဒါနလုပ်တဲ့အခါပဲ ဆိုပါတော့ စိတ်ကလေးဟာ ဘယ်လောက်နူးညံ့ နေသလဲလို့ဆိုတော့ အလှူဒါနပြုရင်း ပြုရင်းပဲ သူများ ချီးမွမ်းကလေး

နည်းနည်းခံချင်သလိုလေး မသန့်ရှင်းတဲ့ စိတ်ကလေး ပါလာတယ်။

မသန့်ရှင်း အလှူဒါနပြုရင်း ပြုရင်းပဲ ကိုယ့်ကိုယ်ကို အလှူရှင်လို့ ဒီလို ထင်ရှားလို့တဲ့ စိတ်ကလေး မသိမသာ ပါလာတယ်၊ အလှူဒါနပြုရင်း ပြုရင်းပဲ ဒီဒါနကြောင့် ခုလောကမှာ ဘယ်လောက် လူရိုသေ ရှင်ရိုသေ ဒီလိုအကျိုးကလေးပါလာတယ်၊ မသန့်ရှင်းတာလေးတွေ စိတ်ဟာ အင်မတန်မှ သိမ်မွေ့တယ်၊ စိတ်ဖြစ်ပုံလေးတွေဟာ တစ်ခါ ဒီဒါနကြောင့် "အို...နောက်တစ်ကြိမ် နောက်သံသရာ နောက်ဘဝဆိုလို့ရှိယင် ဘယ်လိုလူစည်းစိမ်တွေ နတ်စည်းစိမ် တွေ ရမှာပဲ" လို့ ဒီလိုလေး မသိမသာကလေး ပါပါနေတတ်တယ်...။

ပေးချင်တဲ့စိတ် ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဒါနကို ခန့်မှန်းကြည့်ရတယ်၊ ဟိုအရင်တစ်ခါ ပြောခဲ့တဲ့ ဝေဿန္တရာမင်း ဘဝတုန်းက "ဖွားဖွားလာခြင်းပဲ "မယ်တော် ဘာများ လှူစရာရှိတုန်း"တဲ့၊ ကြည့်စမ်း ခုနကပြောခဲ့တဲ့ မသန့်ရှင်းတဲ့စိတ် မပါဘူး၊ သက်သက်ပေးချင်တဲ့စိတ်၊ တစ်ခါ လေးနှစ်သားအရွယ်ကျတော့ လက်ဝတ် လက်စားတွေ ချွတ်ပြီးတော့ အထိန်းတော်တွေ ပေးတယ်၊ ဒါ အထိမ်းတော်တွေက ချီးမွမ်းစရာလဲ မလိုဘူး၊ သူများက အထင်ကြီးစရာလဲမလိုဘူး၊ ဒီလိုပဲ သူ့စိတ် စေတနာတွေ မထားတတ်သေးဘူး၊ သက်သက် အထိန်းတော်တွေ သူ့လက်ဝတ် လက်စားတွေလို မရှိတာနဲ့ပဲ အထိန်းတော်တွေကို ပေးချင်လာတယ်။

ဖြင်းထန်လာ တစ်ခါ ရှစ်နှစ်သားလောက်ကျတော့ "ခုနယ်များငါ့ကို လာပြီးတော့ အသည်းနှလုံးတောင်းယင် အသဲနှလုံး ထုတ်ပေးမယ်၊ မျက်လုံးတောင်းလို့ရှိယင် မျက်လုံးထုတ်ပေးမယ်"စိတ်ထဲက ပြင်းထန်လိုက်တာ ပေးချင်တဲ့စိတ်တွေ၊ အဲဒီပေးချင်တဲ့ ပြင်းထန်တဲ့စိတ် ဖြစ်နေတဲ့အချိန်မှာ ဘယ်သူမှလည်းမသိဘူး၊ ဘယ် ပကာသနမှလည်း မလိုဘူး၊ တကယ်ဝမ်းထဲမှာ ဖြစ်နေတဲ့ ဘဝသံသရာက အထုံပါလာတဲ့ မာတ်ခံကြောင့် အင်မတန်ပေးချင်တဲ့စိတ် ပြင်းပြလာတယ်။

ရှိခိုးချင်စရာ ဒီတော့ ဒီလိုပုဂ္ဂိုလ်ဟာ ဟို-ဇူဇကာပုဏ္ဏားကိုသားတော် သမီးတော်တွေ လှူလိုက်တယ်ဆိုကဟာ ဘာမှ မဆန်းတော့ဘူး၊ အလှူကြီးခြောက်ရုံ ဆောက်ပြီးမရှိဆင်းရဲတဲ့သူတွေ စားကြ သောက်ကြတာတွေကို ဝမ်းမြောက်ဝမ်းသာ နှစ်နှစ်မြို့မြို့နဲ့ ကြည့်ပြီးတော့ လှူဒါန်းနေတယ်ဆိုတာကဘာမှ မဆန်းတော့ဘူး၊ ဒီတော့ ဘုန်းကြီးတို့ ဘုရားအလောင်းကဘုရားဖြစ်မှ ရှိခိုးချင်စရာကောင်းတာ မဟုတ်ဘူး၊ ဘုရားမဖြစ်ခင်ပါရမီဖြည့်တုန်းကတဲကိုက ဒါနပြုပုံ ကြည့်လိုက်, ဟို...အရင်တစ်ခါကဟုန်းက ပြောခဲ့တဲ့ ရှင်ဘုရင့်သားကလေးဘဝတုန်းက တိုင်းသူပြည်သားတွေ ကောင်းစားအောင် လုပ်ပုံတွေ ကြည့်လိုက်ကြည့်လိုက်, အဲသလို ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း ရှိခိုးချင်စရာ, ဦးချချင်စရာ, အားကိုးချင်စရာ အင်မတန်ကောင်းတဲ့ အလောင်းတော်ဘဝဟုန်းက အင်မတန်ကောင်းတဲ့ အဖြစ်မျိုးကို တွေ့ခဲ့ရတယ်၊ အဲဒီဟာတွေ အကြောင်းကောင်းတာပဲ။

ထီးဖြူကြီး တစ်ခါတုန်းကဖြစ်ပုံ ဘုန်းကြီးစိတ်ထဲမှာ စွဲနေတယ်၊ တေမိမင်းသားဘဝဟာ တကဲ့ လသားလေးအရွယ်မှာ သလွန်တော်ပေါ် အိပ်နေရာက မျက်လုံးကလေး ဖွင့်ကြည့်လိုက်တော့ ထီးဖြူမြင်တယ်၊ ငရဲမရောက်ခင် ဒီ ရှင်ဘုရင်တစ်ဘဝတုန်းက ရှင်ဘုရင်လုပ်ခဲ့လို့ ဒီထီးဖြူကို ဆောင်းခဲ့လို့ အနှစ်နှစ်သောင်းလောက် ဥဿဒငရဲမှာ ကျက်ခဲ့ရတယ်၊ အဲဒါတွေကို ဆက်စပ်ပြီး ကြည့်တော့ လာပြန်ပြီးလား ဒီထီးဖြူကြီး အနှစ်နှစ်သောင်းလောက် ငရဲကျစေတဲ့ ဒီထီးဖြူကြီးဟာ ယခု လာပြန်ပကောလို့ တွေးပြီးတော့ အင်မတန်မှ တကတဲ ကြောက်ကြောက်လန့်လန့်ကြီး ချွေးတွေ သံတွေများထွက်လို့၊ ကလေးနဲ့မလိုက်အောင် လန့်ဖြန့်နေတယ်။

သဘောကျ ဘုန်းကြီး သဘောကျတယ်, သိပ်သဘောကျတယ်၊ ဘာပြုလို့ သဘောကျသလဲလို့ဆိုတော့ ဘုန်းကြီးတို့ တတွေက အဲဒီလို ထီးနန်းစည်းစိမ်ကို မဟုတ်သေးဘူး၊ အဲဒီ ထီးနန်းစည်းစိမ်ရဲ့ အစိတ်အပိုင်းလောက်တောင်မှ မကြီးကျယ်သေးဘူး၊ အဲဒီလောက်စည်းစိမ်, အဲဒီလောက်ရာထူး, အဲဒီလောက်ဂုဏ်သိရ် မကြီးကျယ်သေးတဲ့ အခြေအနေကိုပဲ နင်လား ငါလား မရမက တကတဲ အတိုက်အခိုက်နဲ့ ကြိုးစားနေကြတဲ့ လူ့လောကကြီးထဲမှာ, ကမ္ဘာလောကကြီးထဲမှာ ကြည့်လိုက်တော့ ဘုန်းကြီးတို့ မြတ်စွာဘုရားအလောင်းတော်ရဲ့ စိတ်နေစိတ်ထားကို ကြည်ညိုလိုက်တာလေ၊ နောက်ဆုံး ကြားဖူးကြတဲ့အတိုင်း တောထွက်ပြီး သွားရတာပါပဲ။

ဒီလိုပုဂ္ဂိုလ် ဒီတော့ အဲဒါလောက် အလောင်းတော်ဘဝတုန်းက ကို ရှိခိုးချင်စရာ၊ ဂုဏ်တော်တွေများ ကြည့်လိုက်ယင် အလောင်းတော်ဘဝတုန်းက ပါရမီဖြည့်ပုံ, စိတ်နေ စိတ်ထားပုံတွေကို အာရုံပြုပြီးတော့ ရှိခိုးချင်စရာ အဲဒီဘဝတွေကို ကြည့်နေယင်းပဲ ခုနက ကြောက်ခြင်းတွေ, ကိုယ်တုန်လှုပ်ခြင်းတွေ, ကြက်သီးမွေးညှင်းထခြင်းတွေ တစ်ခါထဲ ပျောက်သွားလောက်စရာ၊ အဲဒီလိုပုဂ္ဂိုလ်က ဘုရားဖြစ်လာတာ၊ ဘာပကာသန, ဘာဂုဏ်လိုလားအုံးမှာတုန်း၊ သတ္တဝါတွေရဲ့အကျိုးကို သက်သက်ဆောင်ပြီးတော့ နေမှာပေါ့။

ဘုရားအောက်မေ့လိုက်ကြ ဒါ့ကြောင့် မြတ်စွာဘုရားကလေ "ငါဘုရားကို အောက်မေ့လိုက်ကြ၊ ကြောက်လာယင် ငါဘုရားကို အောက်မေ့လိုက်ကြ၊ တောထဲ တောင်ထဲမှာ သစ်ပင်အောက်မှာ တရားနှလုံးသွင်းနေယင်း ကြောက်လာယင် ငါဘုရားကို အောက်မေ့လိုက်ကြ" တဲ့၊ အောက်မေ့လို့ ဘယ်လောက်ကောင်းတုန်း၊ ဘုရားရှင်ကိုယ်တော်မြတ်က ထီးနန်းစည်းစိမ်ကြီး စွန့်ပြီးတော့ တောထွက်လို့ ဒုက္ကရစရိယာ ခဲခဲယဉ်းယဉ်းကျင့်ဘုရားဖြစ်၊ အဲဒီ ဘုရားဖြစ်လာတဲ့ အခါမှာ ဘုရားအောက်မေ့လို့ အာရုံပြုလို့ ဘယ်လောက်ကောင်းမလဲ။

ကိလေသာ အစွန်းမရှိ ကြည့်စမ်း တောထွက်ပြီးတော့လာတယ်၊ ဘုရားဖြစ်လို့ ဗောဓိပင် အောက်မှာ သုံးဆယ်နဲ့ ငါးနှစ် ကောင်းလိုက်တဲ့ အရွယ်တော်၊ အဲဒီ အခါမှာ

တရားရလို့ ဘုရားဖြစ်တယ်ဆိုယင်ပဲ ဘယ်အစွန်းအစနဲ့ ကြည့်မလဲ၊ လောဘအစွန်းအစနဲ့ ကြည့်မလား, ဘာမှ လောဘ အစွန်းအစ မရှိဘူး၊ ရိုးရိုး ရဟန္တာကိုယ်တော်မြတ်တွေ အထူးသဖြင့် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တိုင်အောင် ကိလေသာအာသဝေါတွေ ကုန်သွားတယ်၊ လောဘကုန်သွားတယ်၊ လောဘ ဘယ်တော့မှ မဖြစ်တော့ဘူး၊ ဒါပေမယ်လို့လေ ဘဝကပါလာတဲ့ ဓာတ်ခိုးဓာတ်ငွေ့လေး ရှိသေးတယ်။

အရှင်ပိလိန္ဒဝစ္ဆ ဟို အရှင်ပိလိန္ဒဝစ္ဆဆိုတဲ့ မထေရ်ဟာ ရဟန္တာဖြစ်လို့ ဘာမှ ကိလေသာမရှိ မာန်မာနမရှိဘူး၊ ဒါပေမယ်လို့လေ ဘဝသံသရာက အထုံပါလာတဲ့ ဓာတ်ခိုး ဓာတ်ငွေ့လေး တစ်ခု ရှိနေတယ်၊ ဘယ်တုန်းက အထုံပါလာတုန်းဆိုတော့ ရှင်ဘဝနဲ့ တော်တော်များများ နေခဲ့တော့ တစ်ဖက်သားတွေအပေါ်မှာ မောက်မောက်မာမာနဲ့ ခေါ်လေ့ ပြောလေ့ သုံးနှုန်းလေ့ရှိတော့ ယခုဘဝ ရဟန္တာကြီးဖြစ်လို့ မာနတွေ ဒေါသတွေ လုံးလုံးမဖြစ်ဘူး၊ လုံးလုံးကို ကုန်သွားတယ်၊ အဲ ဒါပေမယ်လို့ ဓာတ်ခိုး ဓာတ်ငွေ့ကလေး ကျန်လို့မို့ "ဟဲ့ အကောင်, ဟဲ့အကောင်"နဲ့ ပြောစရာရှိလို့ ရှိယင် "ဟဲ့ အကောင် ဒီလာအုန်း"နဲ့ အဲဒီလို ခက်ထန်ထန်ကလေး ဓာတ်ကလေးပါနေသေးတယ်။

ထန်ရည်ခါးအိုးလို ဘုရားရှင် ကိုယ်တော်မြတ်ကတော့ အဲသလို ဓာတ်ခိုးဓာတ်ငွေ့တောင်မှ မရှိအောင် ကိလေသာ အာသဝေါတွေ အကုန်လုံး ကုန်စင်အောင် ပယ်တော်မူတယ်၊

ဒီတော့ ဘာနဲ့တူသလဲဆိုတော့ ဘုန်းကြီးတို့ ကျေးတောက ထန်းရေခါးအိုးထဲက ထန်းရေခါးတွေ သွန်ပစ် ဆေးပစ်လို့ ထန်းရေခါးတွေ ကုန်သွားပေမယ်လို့ အနံ့ကလေးတော့ အိုးထဲကျန်နေတယ်၊ အဲဒီလိုပဲ ရဟန္တာပုဂ္ဂိုလ်များက ကိလေသာတွေ ပယ်လိုက်တဲ့ဥစ္စာဟာ ကိလေသာတွေ သွန်လိုက် ဆေးပစ်လိုက်တယ်၊ ဒါပေမယ်လို့ ခုနက ထန်းရေခါးနံ့ကလေး ကျန်နေသလို ကိလေသာ ဓာတ်ခိုး ဓာတ်ငွေ့ကလေး ကျန်နေတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကလေ ခုနက အရက်ပဲ ဆိုပါတော့ ပုလင်းထဲ ထည့်တဲ့အရက်တွေ သွန်ပစ်လိုက်, ပုလင်း ပြောင်အောင်ဆေး, နေလှန်း၊ ထပ်ဆေး, နေလှန်း၊ တော်တော်ကြာကြာ နေလှန်းထား၊ နောက်တော့ အနံ့ကို မရှိတော့ဘူး၊ ရှင်းလို့၊ ဒီပြင် ထည့်ချင်တဲ့ဟာ ကောင်းကောင်းမွန်မွန် ထည့်လဲ ဘာမှ သူ့အနံ့ မရောဘူး။

ဓာတ်ခိုးဓာတ်ငွေ့ပါပယ် အဲဒီလိုဘဲ ဘုရားရှင်ကိုယ်တော်မြတ်ကလေ ကိလေသာ အာသဝေါတွေ ကုန်အောင် အရဟတ္တမဂ်နဲ့ ပယ်လိုက်တဲ့အခါကျတော့ ခုနက ဓာတ်ခိုး ဓာတ်ငွေ့တွေ မပါအောင် တစ်ခါထဲကင်းပြီး အနံ့အသက်တောင် မရှိရအောင် အဲသလို ကိလေသာတွေကို ပယ်တော်မူတယ်၊ ဒါ့ကြောင့် "အရဟံ-အထုံဝါသနာနှင့်တကွ, တစ်ထောင်ငါးရာ, ကိလေသာတို့မှ, ဝေးကွာအောင် သန့်ရှင်း စင်ကြယ်တော်မူပြီးသော ဘုရားရှင် ကိုယ်တော်မြတ်ပါပေတကား"လို့ တယ် အာရုံပြုလို့ ကောင်းတယ်။

သိပ်စင်ကြယ် မြတ်စွာဘုရား သုံးဆယ်နဲ့ ငါးနှစ်အရွယ် ဗောဓိပင်အောက်မှာ... "အံမယ်လေး စိတ်တွေ သိပ်စင်ကြယ်တာပဲနော် ကြည့်စမ်း၊ သိပ်စင်ကြယ်တာပဲ၊ ဝမ်းထဲမှာ တကထဲ ဘုရားရဲ့ စိတ်အစဉ်ကလေးတွေ မှန်းကြည့်၊ ကြည့်ချင်တဲ့ စိတ်အစဉ်ကို မှန်းမှန်းကြည့်လိုက်၊ အို...ဘာမှ ကိလေသာ အာသဝေါဓာတ်ခိုးဓာတ်ငွေ့တွေမရှိတဲ့ သန့်ရှင်းစင်ကြယ်တဲ့ စိတ်အစဉ်ပါလား" လို့ အဲသလို အောက်မေ့လိုက်ရလို့ရှိယင် ဘယ်မှာ ခုနက ကြောက်ခြင်းတို့၊ ကိုယ်တုန်လှုပ်ခြင်းတို့၊ ကြက်သီးထခြင်းတို့ ဖြစ်တော့မှာလဲ၊ ဒီလို အားရပါးရ ဆင်ခြင်နေတဲ့ အခါမှာ ဘယ်ရန်သူက ဘယ်လို နောက်ယှက် နောက်ယှက် ဘာဖြစ်နိုင်တော့မှာလဲ။

အကုန်လုံးသိ တစ်ခါ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ စိတ်ဓာတ်တော်ကို မှန်းပြီးတော့ ကြည့်ပါ၊ ကိလေသာ အာသဝေါတွေ ကုန်ခမ်းလို့ စင်ကြယ်လို့နေတဲ့ စိတ်တော်မှာ သဗ္ဗညုတဉာဏ်တော်ကြီးက ပါဝင်ပြီးတော့ နေတော့ သိတော်မူလိုက်တာ ဗောဓိပင်အောက် နေပြီးတော့ ဘုရားရှင် ကိုယ်တော်လောကကြီးကို အာရုံပြုကြည့်လိုက်လို့ ရှိယင် အကုန်လုံး သိတော်မူတယ်၊ အဲဒီ သိစရာရှိသမျှ အကုန်လုံးသိမြင်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကို မှန်းပြီးတော့ အာရုံပြုကြည့်စမ်းပါ၊ ဘယ်မှာ ကြောက်ခြင်းတွေ တုန်လှုပ်ခြင်းတွေ ပေါ်လာတော့မလဲ။

ဉာဏ်ပညာ ဝိဇ္ဇာဆိုတာ ဉာဏ်ပညာကို ပြောတယ်၊ အဲဒီ ဉာဏ်ပညာ ဝိဇ္ဇာနှင့်လဲ ဘုရားရှင် ကိုယ်တော်မြတ် ပြည့်စုံတော်မူတယ်၊ ဒါကို ဆိုင်ရာအဖွင့်ကျမ်းစာတွေ ဖတ်ကြည့်ကြပေါ့

နော်၊ စရဏ တစ်ဆယ့်ငါးပါးဆိုတဲ့ အကျင့်တွေကြောင့် ခုနက ဝိဇ္ဇာတွေ, ခုနက သဗ္ဗညုတဉာဏ်တွေ ရတယ်၊ အဲဒီ အကျင့်ဟာ ဘာတွေ ကျင့်တုန်းလို့ ဆိုတော့ တိုတိုလေး ပြောပြမယ်။

သီလ သီ-ကျန်-ဘောဇာ, သဒ္ဒမ္မာ ခွန်။
သီလ-ဘုရားရှင်ကိုယ်တော်မြတ် ဘယ်လိုကြည့်ကြည့် ဘယ်သီလကမှ ချို့ယွင်းချက်မရှိဘူး၊ အခု စောင့်ထိန်းနေတဲ့ ရဟန်းသံဃာတော်များရဲ့ သီလတွေ အကုန်လုံး လျှောက်ကြည့်, ဘယ်သီလကမှ ချို့ယွင်းချက် မရှိဘူး၊ ဣန္ဒြိယသံဝရသီလဆိုတဲ့ ဥစ္စာအသိမ်မွေ့ဆုံး သီလ၊ စက္ခုန္ဒြေ (မျက်လုံး) နဲ့ မြင်လာတဲ့ အာရုံမှန်သမျှမှာ လောဘလဲ မရှိ, ဒေါသလဲ မရှိ, အဘိဇ္ဈာ ဣဿာလဲ မရှိဘူး၊ အင်မတန် သန့်ရှင်းတယ်၊ အကုန်လုံး သန့်ရှင်းတယ်၊ နောက်ဆုံး မနိန္ဒြေစိတ်တော်လဲ အမြဲ သန့်ရှင်းတော်မူတယ်။

ဉာဏ်ရှေ့သွားရှိ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တိ။
သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တိ။
သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တိ။
ဘာပြုလိုက် ပြုလိုက် ဉာဏ်ရှေ့သွားရှိတယ်၊ ရှေ့ဉာဏ်နဲ့ စဉ်းစားပြီးတော့မှ ဒီစကားကို ဒီတရားကို မိန့်တော်မူတယ်၊ ဟောတော်မူတယ်၊ စိတ်နဲ့ ကြံစည်သမျှ မကြံစီမီ ရှေ့နားက ကပ်ပြီးတော့ ဉာဏ်တော်အလျင် သွားနေတယ်၊ ပြုတုန်းမှာလဲ ဉာဏ်တော်က ဦးစီးလျက် ရှိတယ်၊ ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်လေ ဣန္ဒြိယသံဝရသီလနဲ့လဲ စင်ကြယ်တော်မူလိုက်တာ။

အတိုင်းအရှည်သိ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော် မူတယ်၊ ဆွမ်းဘုဉ်းပေးတော်မူလို့ ရှိယင် ဆွမ်းဘုဉ်းပေးလဲပြီးရော၊ ဆွမ်းလဲ ကုန်ရော၊ ဟင်းလဲ ကုန်ရော၊ ဒီလောက် ဒီလောက်သာ မှန်မှန် ဘုဉ်းပေးတော်မူတယ်၊ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးများသွားလို့ ဘယ်တော့မှ မရှိဘူး၊ အင်မတန် အတိုင်းအရှည် သိတော်မူတယ်၊ ဘုဉ်းပေးတုန်းသာလား ဆိုတော့ ဆွမ်းခံတော့လဲပဲ အများကြီး အမို့ အမောက်ကြီး ဆွမ်းခံတာကို ဘုရားရှင် ကိုယ်တော်မြတ်က နှစ်သက်တော်မမူဘူး။

ဒါ့ကြောင့်မို့လို့ "သပိတ်မောက်လာအောင် ဆွမ်းမခံရဘူး"လို့ တောင် သာဝကများကို ပညတ်တော်မူတယ်၊ ဒါ့ကြောင့် "ဆွမ်းခံတာရယ်, ဆွမ်းဘုဉ်းပေးတာရယ် အင်မတန် အတိုင်းအရှည်ကို အမြဲသိတော်မူတယ်" ဒါဟာ စရဏအကျင့်တစ်မျိုးပဲ။

နိုးကြားထကြွ ဇာဂရိယာနုယောဂ-တယ် နိုးနိုးကြားကြား, ထထကြွကြွ ရှိတယ်၊ ဘုရားရှင် ကိုယ်တော်မြတ် ကျိန်းစက်တော်မူတဲ့ အချိန်ဟာ နာရီအနည်းငယ်သာ ရှိတယ်၊ များစွာသော အချိန်ဟာ ကျိန်းစက်တော်မူတယ်လို့ မရှိဘူး၊ အဲဒီတော့ "ဇာဂရိယာနုယောဂ-နိုးကြားတယ်"ဆိုတဲ့ ဥစ္စာလဲပဲ အကျင့်တစ်မျိုးပဲ၊ နောက် သူတော်ကောင်းတရား ခုနစ်ပါးတို့ကိုလည်း လျှောက်ပြီးတော့ ကြည့်ပေါ့လေ၊ အဲဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ဟာ ဟို...ရှေးသံသရာတုန်းကလဲ အင်မတန်မှ ကြိုးစားပြီးတော့ ပါရမီဖြည့်ခဲ့တယ်၊ ဘုရားဖြစ်တော့လဲ အင်မတန်မှ ကြိုးစားပါလား၊

အင်မတန်မှ စောင့်စည်းပါလား၊ အဲသလို စောင့်စည်းလို့ ဉာဏ်တော်ကြီးဟာ အင်မတန်ကြီးကျယ်တဲ့ ဉာဏ်တော်ကြီးနဲ့ သတ္တဝါတွေ အကျိုးကို ဆောင်နေပါလားလို့ တွေးလိုက်ရလို့ အာရုံပြုလိုက်ရလို့ ရှိယင် ဘယ်ကြောက်ခြင်းတွေ, ကိုယ်တုန်လှုပ် ခြင်းတွေ ဖြစ်တော့မှာလဲ။

ပါရမီဖြည့်ခဲ့ ဒီပက်ရာမြတ်စွာဘုရားရဲ့ ခြေတော်ရင်းက စပြီးတော့ အံ့သြစရာ ကောင်းတာက ဘယ်သူမှ မဟောပဲနဲ့ သတ္တဝါတွေ သနားတဲ့စိတ်နဲ့ ဘုရားဖြစ်ဖို့ရန် ဆုထူးဆုမြတ်ကို ယူတော်မူခဲ့တယ်၊ အင်မတန် ကြက်သရေရှိတဲ့ ဗောဓိမဏ္ဍိုင် သဗ္ဗညုတဉာဏ်ကြီးပိုင်အောင် ဆယ်ခိုင်ပါရမီတွေကို ဖြည့်လာတော်မူခဲ့တယ်၊ အဲဒီ ဖြည့်လာခဲ့တဲ့အခါမှာလဲပဲ သတ္တဝါတွေ အကျိုးကိုချည်း ရည်ရွယ်ပြီးတော့ ဟို တလောတုန်းက ပြောခဲ့တဲ့ လောကတ္ထစရိယ, ဉာတတ္ထစရိယ, အဲဒီလို စရိယတွေကို ဖြည့်ကျင့်တော်မူလာခဲ့တယ်၊ အဲဒီ ဖြည့်ကျင့်တော်မူရင်းလဲပဲ သတိတို့, ဉာဏ်တို့ ဘယ်လောက်များသလဲ၊ ဘယ်လောက်များ သတိကောင်းသလဲ ဆိုတော့ မိစ္ဆာဒိဋ္ဌိ တစ်ခါမှ မဖြစ်ခဲ့ဘူး၊ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းမှာ အယူမှားတာ တစ်ခါမှ မဖြစ်ခဲ့ဘူး။

မိစ္ဆာအယူ အဲ-ပြောစရာပေါ့ ရှိတယ်၊ တစ်ခါတော့ စုံစမ်းသော အားဖြင့် မိစ္ဆာအယူကို ယူစမ်းတယ်၊ သူတို့ မိစ္ဆာအယူက ဘယ်လောက်စွမ်းသလဲ၊ ဒီလိုကျင့်လို့ ဘယ်လောက်များတရားထူး ရနိုင်သလဲလို့ အဲဒီလို ရည်ရွယ်ပြီးတော့ မိစ္ဆာအယူကို

စမ်းကြည့်တော်မူတယ်၊ အဲဒါ တစ်ခါထဲ တစ်ဘဝထဲ ရှိတယ်၊ ဒီပြင် ဘဝတွေမှာ ဆိုးဝါးတဲ့ မိစ္ဆာအယူကို တစ်ခါမှ မယူခဲ့ဘူး၊ အဲဒီလို သတိတရား ရှေ့ထားပြီးတော့ အသိညဏ်ရှေ့ထားပြီး ကြွလာတော်မူခဲ့တော့ မြတ်စွာဘုရားလေ "သုဂတော-ကောင်းကောင်းကြီး ကြွလာတော်မူခဲ့တဲ့ မြတ်စွာဘုရားပဲ"လို့ အဲသလို ထင်ရှားတော်မူတယ်။

သတ္တဝါတွေသိ လောကကို သိပုံကလေးဟာ သုံးမျိုးရှိတယ်၊ သတ္တဝါတွေကိုလဲ သိတော်မူတယ်၊ ဥပမာ-ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ရှေ့ ရောက်လာတဲ့ သတ္တဝါတွေ၊ တစ်ယောက်ဆိုပါတော့၊ ယခု ကျောင်းဒကာတို့လို ဆိုပါတော့၊ ရှေ့ရောက်လာလို့ရှိယင် ဒီကျောင်းဒါယကာ, ဒါယကာမောင်ကိုဟာ ဘယ်လိုလဲလို့ ဒီလို သိရုံတင်မကဘူး၊ သူဟာ ရှေးတုန်းက သဒ္ဓါတရားနဲ့ ဘယ်လောက် အထုံပါလာတယ်၊ ဒါမှ မဟုတ် ဘဝသံသရာ ပါရမီဖြည့်စဉ်တုန်းက အသိညဏ် ဘယ်လောက် အထုံပါလာတယ်၊ ယခု တရားရဖို့ရန် သဒ္ဓါက လွန်ကဲနေတယ်၊ ဉာဏ်က နည်းနည်းလေး ရှေ့နေတယ်၊ အဲဒီလို သိပြီးတော့ ဉာဏ်တက်လာအောင် ဉာဏ်တိုးပွားမယ့်တရားချည်း ဟောပေးလိုက်တယ်။

တော်တော်ကြာတော့ သဒ္ဓါနဲ့ ဉာဏ်နဲ့, သဒ္ဓါနဲ့ ပညာနဲ့ ယှဉ်ယှဉ် ယှဉ်ယှဉ် တက်သွားလိုက်တာ တရားလဲဆုံးရော သောတာပန်တို့, သကဒါဂါမ်တို့, အနာဂါမ်တို့, ရဟန္တာတို့ ဖြစ်ကြရော၊ အဲဒီလို သတ္တဝါကို သိတော်မူတယ်၊ "သိ" ဆိုတဲ့ဥစ္စာ ယခု သူသူ ငါငါ

သိတဲ့ အသိမျိုးမဟုတ်ဘူး၊ အတွင်းစိတ်ဓာတ်တွေ, ဟို ရှေးဘဝက အထုံဝါသနာတွေ, ရှေးက အားထုတ်လာတဲ့ သတ္တိတွေ အဲဒါတွေကို အကုန်လုံး သိပြီးတော့ သတ္တလောကမှ သတ္တဝါတွေကိုလဲ ဘုရားရှင်ကိုယ်တော်မြတ် သိတော်မူတယ်၊ ရိုးရိုးသားသား တကယ် ဖြောင့်ဖြောင့်မတ်မတ် တကယ့်စေတနာနဲ့ ပုဂ္ဂိုလ်၊ အဲဒီလိုပုဂ္ဂိုလ် ဘုရားရှင်နဲ့ တွေ့လို့ရှိယင် ရှေးက ပါရမီဓာတ်ခံလဲပါယင် ဘယ်မှာ တရားမရပဲ နေတော့မှာလဲ။

ကမ္မာတွေသိ တစ်ခါ ဩကာသလောက သတ္တဝါတို့ရဲ့ တည်နေရာ ကမ္မာလောကကြီးတွေကိုလဲ ဘုရားရှင် ကိုယ်တော်မြတ် သိတော်မူတယ်၊ ဘုန်းကြီးက စဉ်းစားကြည့်တယ်လေ၊ အကယ်၍ ဘုရားရှင်မပွင့်ဘူးတဲ့၊ အကယ်၍ ဘုရားသာသနာနဲ့ ငါတို့ မကြုံဘူးတဲ့၊ မကြုံလို့ရှိယင် တို့ဘာတွေသာ သိခွင့်ရှိသတုန်းလို့ ဆိုယင် လူ့လောကသိဖို့ရှိတယ်၊ လူတွေနေကြတယ်၊ ဟိုကမ္ဘာတွေလဲ ရှိတယ်ဘဲ ပြောကြဆိုကြအုန်းတော့, လူ့လောကသိဖို့ရှိတယ်၊ တစ်ခါ မျက်မြင် တိရစ္ဆာန်လောက သိဖို့ရှိတယ်၊ လူ့လောက, တိရစ္ဆာန်လောက, လူသတ္တဝါ, တိရစ္ဆာန်သတ္တဝါ သိဖို့ရှိတယ်၊ လူသတ္တလောက, တိရစ္ဆာန်သတ္တလောကထက် ပိုပြီးတော့ ငရဲသတ္တလောကကို ဘယ့်နယ်မှ သိခွင့်မရှိဘူး၊ မသိနိုင်ဘူး။

ပြိတ္တာတွေသိ ပြိတ္တာသတ္တလောက ဘယ့်နယ်မှ သိခွင့်မရှိဘူး၊ ယခု အနီးအပါးမှာနေကြတဲ့ အစိမ်းတို့, တစ္ဆေတို့, သရဲတို့, မှင်စာတို့ ဆိုတဲ့ဥစ္စာတွေဟာ ပြိတ္တာတွေပဲ၊ အဲဒီ ပြိတ္တာတွေကို

ဘယ်သူမှ သိခွင့်မရှိလို့ ငြင်းနေကြတယ်၊ ဗုဒ္ဓဘာသာ မဟုတ်တဲ့ သူတွေက "မရှိဘူး, မရှိဘူးနဲ့"၊ မရှိဘူး, မရှိဘူး ပြောရက်က ရှိတယ် ရှိတယ်လို့ တစ်ခါတရံ ထူးထူးဆန်းဆန်း ဟိုက ဒီကတွေ့လာပြီ ဆိုယင် သူတို့စိတ်ထဲမှာ အံ့အားသင့်ပြီးတော့ "ဘယ့်နယ်လဲ ဘယ်လို ဟာတွေပါလိမ့် မတုန်း"လို့ သူတို့ နားမလည်ပဲ ဖြစ်သွားကြတယ်၊ အဲဒီပြိတ္တာတွေကိုလဲ ဘုရားရှင်သိတော်မူတယ်။

နတ်ဗြဟ္မာလောကသိ ဒါ့ကြောင့် ဘုရားသာ မပွင့်ဘူး ဆိုလို့ရှိယင် ဘုရားကသာ တစ်ဆင့် မဟောပြောလို့ ရှိယင် "ငရဲလောက, ပြိတ္တာလောက, ဟို အထက်ကနတ်လောက, ဗြဟ္မာလောက, ယခုမရှိဘူး"လို့ အားလုံး ငြင်းနေကြတယ်၊ ဒါ ဘုရားသာ မပွင့်ဘူးဆိုယင် ဘုန်းကြီးတို့လဲ မရှိဘူးဘက်က နေရမှာ၊ ယခုတော့ ဘုရားပွင့်လို့, ဘုရားတရားတော်တွေက များလွန်းမက များစွာ လေ့လာထားပြီးတော့မှ "အော်-ဒီလိုနည်းနဲ့ ရှိတယ်ဆိုကိုး"၊ ဒီအကြောင်းကြောင့် ရှိတယ်ဆိုလို့ သြကာသလောက ငရဲလောက ကြီးကိုလဲ မှန်းလို့ရတယ်၊ နတ်လောကကြီး, နတ်တို့နေရာ ဘုံဗိမာန် တွေကိုလဲ မှန်းလို့ရတယ်၊ ဒါ့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ် သတ္တလောကကိုလဲ သိတော်မူတယ်၊ သြကာသလောကဆိုတဲ့ တည် နေရာ လောကကြီးကိုလဲ သိတော်မူတယ်။

ရုပ်နာမ်ကိုသိ တစ်ခါ ထူးထူးဆန်းဆန်း ပိုပြီးတော့ သိတာက လေ ရုပ်တရား နာမ်တရားပဲ၊ အားလုံး ရုပ်နာမ်မှ တစ်ပါး ဘာမှ မရှိဘူး၊ ရုပ်မှာလဲပဲ ပထဝီဓာတ် တစ်ခု တစ်ခုဆိုလို့

ရှိယင် အကြောင်းက ဘယ်လို, သူ့ရဲ့ သဘောက ဘယ်လို, သူ့ရဲ့ လက္ခဏာက ဘယ်လိုလို့ အကုန်အစင် သိမြင်တော်မူတာကိုး။

တစ်ခါ စိတ်ဆိုတဲ့ နာမ်တရားကလေး သိပြန်တော့လဲ သူ့ရဲ့ ဖြစ် ခြင်းက အကြောင်းက ဘယ်လို, အကျိုးက ဘယ်လို, သူ့ဖြစ်ပုံ သဘောက ဘယ်လိုလို့ အကုန်သိတော်မူတယ်။

ဘုရားမပွင့်ယင် အဲဒါ ဘုရားသာ မပွင့်လို့ ရှိယင်လေ...
ဗုဒ္ဓါဒိစ္စေ အနုပ္ပန္နေ, ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ၊
တေသံ သဘာဂမ္မာနံ, နာမမတ္ထံ န နာယတိ။

ဗုဒ္ဓါဒိစ္စေ-ဘုရားတည်းဟူသော နေမင်းသည်၊ အနုပ္ပန္နေ-ပွင့် ထွန်းပေါ်ပေါက်၍ မလာခဲ့သည်ရှိသော်၊ ဗုဒ္ဓစန္ဒေ-ဘုရားတည်း ဟူသော လမင်းသည်၊ အနုဂ္ဂတေ-ပေါ်ထွက်မလာခဲ့သည်ရှိသော်၊ တေသံ သဘာဂမ္မာနံ-ထိုသဘောတူတဲ့ ပရမတ္ထတရားတို့၏၊ နာမ မတ္ထံ-တစ်ခုစီ တစ်ခုစီ ခွဲခြား၍ သိဖို့ကို မဆိုထားဘိ, အကြောင်း အကျိုးကို ဆက်သွယ်၍ သိဖို့ကို မဆိုထားဘိ, နာမည်ကလေးမျှကို လည်း၊ န နာယတိ-မသိအပ် မသိနိုင်ချေတကား။

ဘုရားပွင့်လို့ သိ ဘုရားပွင့်လာလို့ ဒါက ဖဿတဲ့, ဒါက ဝေဒနာတဲ့, ဘုရား နာမည်ပေးလို့ သိရ၊ ဘုရားများ ပွင့်မလာလို့ ရှိယင်လေ, နေထွက်မလာယင် ဘုန်းကြီး တို့ စဉ်းစားကြည့်စမ်း၊ လများ ထွက်မလာလို့ရှိယင် ဒီတိုက်ကြီး လဲ တည်လို့ မဖြစ်ဘူး၊ ဒီလူတွေလဲ နေလို့ မဖြစ်ဘူး၊ ဒီ စားစရာ

သောက်စရာတွေလဲ ရှာလို့ ဖွေလို့ မဖြစ်ဘူး၊ အို လနဲ့ နေသာ မထွက်လို့ ရှိယင် ဒီကမ္ဘာလောကကြီး မှောင်အတိ ဖြစ်ပြီးတော့ တစ်ခါထဲ အကုန်လုံး ဒုက္ခကြီးပဲ နေကြရမှာ၊ အဲသလိုပဲ ဘုရားရှင် ကိုယ်တော်မြတ်သာ ပွင့်မလာလို့ရှိယင် ဘယ်ရပ် ဘယ်နာမ် ဘယ်တရားမှ မသိပဲနဲ့, တကယ့်လေးနက်တဲ့ တရားမှန်သမျှတွေကို မသိပဲနဲ့ ဘုန်းကြီးတို့ဟာ တုံးတိုက်တိုက်, တိုင်တိုက်တိုက်ဆိုတာလို လုပ်ချင်တာတွေ လျှောက်ပြီးတော့ လုပ်နေကြမှာပဲ။

သိလို့ ရှောင်နိုင် ယခု မြန်မာပြည်တို့လို နေရာမှာ ဘုရားရဲ့ အရိုန်အဝါ, ဘုရားရဲ့ အရောင်အဝါတွေက ရှိနေလို့ အတော်အတန် သိလို့ အတော်အတန် ရှောင်နိုင်ကြတယ်၊ အတော်အတန် မသိတဲ့ပုဂ္ဂိုလ်တွေက ရှေးတုန်းက ဝါသနာမတ်ခံ ပါလာလို့, သူတော်ကောင်းစိတ်ကလေး နဂိုက ပါလာလို့သာ ရှောင်နိုင်ယင် ရှောင်နိုင်မယ်၊ အများအားဖြင့် ဆိုလို့ရှိယင် ရှောင်နိုင်တယ်ကို မရှိပဲနဲ့ ယခု အားလုံးသတ္တဝါတွေ အပြုံလိုက်သေမယ့် စစ်တွေကို ရှေးရှုပြီးတော့ လက်နက်အမျိုးမျိုးတွေ လုပ်ရဲနေကြတယ်၊ အဲဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကလေ ရုပ်ရော နာမ်ရောဆိုတဲ့ သခ်ါရလောကကြီးကိုလဲ သိတော်မူတယ်။

တစ်ဆင့်သိရ ဘုရားရှင် ကိုယ်တော်မြတ်က တစ်ဆင့် ဟောလို့ ဘုန်းကြီးတို့တစ်တွေလဲ သိလိုက်ရတာလေ၊ ရှောင်စရာတွေလဲ ရှောင်ရမှန်းသိလို့၊ ဟို နေထွက်လာတော့ "ဟာ ဒါက တုံးပဲ, ဒါက ချောက်ပဲ, ဒါက ကမ်းပါးပဲ, အဲဒါက မီးပဲ,

ဒါက ရေပြင်ကြီးပဲ"လို့ ဆိုပြီးတော့ ရှောင်နိုင်သလို ဘုန်းကြီးကို ဘေးရန်အန္တရာယ်တွေ အကုန်လုံးကို ရှောင်နိုင်တယ်။

နေထွက်လာတော့လေ ဟောဒါက တို့ အကျိုးများတာပဲ၊ ဒါကို ရှာရမယ်, ဒါကို လုပ်ရမယ်, ဒါကို ကိုင်ရမယ် ဆိုတာတွေကို သိသလို ဘုရားရှင် ကိုယ်တော်မြတ် ပွင့်တော်မူလာတော့လေ ဘုန်းကြီးတို့မှာ ဘုရား နေမင်းကြီးကြောင့်, ဘုရား လမင်းကြီးကြောင့် သိလိုက်တာလေ၊ အဲဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်က သတ္တလောက, ဩကာသလောက, သခ်ါရလောကဆိုတဲ့ လောကသုံးပါးကို အကုန်အစင် သိမြင်တော်မူတယ်၊ အဲဒီ ဘုရားရှင် ဟောပြလို့ ဘုန်းကြီးတို့တစ်တွေမှာလဲပဲ အင်မတန် ထူးထူး ခြားခြားတွေကို သိပြီးတော့ နေကြရတယ်။

အရသာရှိ အကယ်၍များ ဘုရားမပွင့်လို့ရှိယင် ဘုန်းကြီးတို့ရဲ့ အသိဉာဏ် ဘယ်လောက်သာ သွားမယ်ဆိုတဲ့ ဥစ္စာနိုင်ငံခြားက လောကီပညာရှင်တွေကို ကြည့်ပြီးတော့ ဘုန်းကြီးတို့ရဲ့ ဉာဏ်ကိုလဲ မှန်းလို့ရပါတယ်၊ ဘာမှ အင်မတန် အရေးကြီးတဲ့ တရားတွေကို သိတော့မှာ မဟုတ်ပါဘူး၊ ဒါ့ကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ "လောကဝိဒူ-လောကသုံးပုံ, အလုံးစုံကို, အကုန်အစင်, သိမြင်တဲ့ ဂုဏ်တော်ကြီးကို အာရုံပြုပြီးတော့ နေရတာလဲ အင်မတန် အရသာရှိတယ်"၊ ပြီးတော့-

ခုနက ကြောက်ခြင်းတို့, ကိုယ်တုန်လှုပ်ခြင်းတို့, ကြက်သီးထခြင်းတို့ဆိုတဲ့ ဥစ္စာတွေလဲ ပျောက်ကင်းနိုင်ပါတယ်။

ဆုံးမရာမှာ ကျွမ်းကျင် မြတ်စွာဘုရားကလေ သတ္တဝါတွေကို ဆုံးမစရာရှိလို့ရှိယင် တစ်ချို့ပုဂ္ဂိုလ်တွေကို ခပ်ကြမ်းကြမ်း ဆုံးမတယ်၊ နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမသလိုလေ ခပ်ကြမ်းကြမ်း ဆုံးမမှ ရမယ်ဆိုယင် ခပ်ကြမ်းကြမ်း ဆုံးမတော်မူတယ်၊ တစ်ချို့ကို သိမ်သိမ်မွေ့မွေ့ ဖြောင့်ဖြောင့်ဖျဖျနဲ့ ဆုံးမမှ ရမယ်ဆိုလို့ရှိယင် သိမ်သိမ်မွေ့မွေ့ ဖြောင့်ဖြောင့်ဖျဖျနဲ့ ချိုချိုသာသာ ဆုံးမတော်မူတယ်၊ တကယ့်သားကလေး, တကယ့်သမီးကလေး တကယ် လိမ္မာစေချင်လို့ တကယ် တတ်စေချင်လို့ မိဘကလေ တစ်ခါတစ်ခါ ငေါက်တန်တဲ့နေရာ ငေါက်ဆုံးမတယ်၊ တစ်ခါတစ်ခါ ချော့ဆုံးမတန်တဲ့နေရာ ချော့ဆုံးမတယ်၊ တစ်ခါ တစ်ခါ သူလိုချင်တဲ့ ပစ္စည်းကလေး ပေးပြီးတော့ ဆုံးမတယ်။

အဲသလို ဘုရားရှင် ကိုယ်တော်မြတ်ကလဲလေ တစ်ချို့နေရာ တကတဲ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့နဲ့, တစ်ချို့နေရာလဲ ငေါက်ငေါက်ငန်းငန်း ကြမ်းကြမ်းတမ်းတမ်း ဆုံးမလို့၊ အဲသလို ဆုံးမတော်မူတော့ "အနုတ္တရော ပုရိသ ဒမ္မသာရထိ-ဆုံးမတဲ့နေရာ အတူမရှိအောင် ကျွမ်းကျင်တော်မူပါပေတယ်"လို့ အဲသလို ဂုဏ်တော်ကြီးလဲ ရတော်မူတယ်။

ဒါမှ ငါတို့ဆရာ တစ်ခါ အဲသလို ဆုံးမထားလို့ ယဉ်ကျေးနေကြတဲ့ လူတွေက "ဟာ ဒါမှ ငါတို့ဆရာ, ငါတို့ဘုရား၊ နတ်တွေက ဟာ ဒါမှ ငါတို့ဆရာ, ငါတို့ဘုရား၊ ဗြဟ္မာ

တွေက ဒါမှ ငါတို့ဆရာ, ငါတို့ဘုရား၊ ဒီပြင်မှာ ဆရာ မရှိ, ဘုရား မရှိ"၊ ဒါ့ကြောင့် "ဒေဝမနုဿာနံ-နတ်တို့၏၊ သတ္ထာ-ဆရာဖြစ်တော်မူပါပေသည် တကား"လို့ ဗုဒ္ဓမြတ်စွာ...သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်ကိုလဲ ရတော်မူတယ်။

ကိုယ်တိုင်သိ, သိအောင်ဟော တစ်ခါ ဘုရားရှင်ကိုယ်တော်မြတ်လေ ဟိုဒီပက်ံရာမြတ်စွာဘုရား၏ လက်ထက်တော်တုန်းကတဲက သစ္စာ ၄ ပါးတရားကို ငါကိုယ်တိုင် သိအောင် ကြိုးစားမယ်၊ ငါသိလို့ရှိယင် သတ္တဝါတွေကို ငါနဲ့အတူ သိစေတော်မူမယ်လို့ အဲသလို အဓိဋ္ဌာန်ပြီးတော့ ပါရမီဖြည့်လာလို့ ဘုရားဖြစ်တော်မူတဲ့အခါကျတော့ ကိုယ်တော်တိုင်လဲသိရော ဝေနေယျတွေကိုလဲ သိအောင် ဟောတော်မူတာပဲ၊ ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာ ဗုဒ္ဓဂုဏ်တော်ကိုလဲ ရတော်မူတယ်။

အစိုးရ, တရားရှိ အဲသလောက် ဂုဏ်တော်တွေနဲ့ ပြည့်စုံတော်မူတဲ့ ပုဂ္ဂိုလ်ဟာ "ဘဂဝါ-ဘုန်းတော်အနန္တဘယ်မှာ မရှိပဲ နေတော့မှာလဲ"၊ ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာလေ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တဟူသော ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတဲ့ ဘဂဝါဂုဏ်တော်ကို ရတော်မူတယ်၊ ဣဿရိယဆိုတာ အစိုးရတော်မူတယ်၊ ကိုယ့်ကိုယ်ကိုလဲ အစိုးရတယ်၊ ကိုယ့်စိတ်ကိုလဲ အစိုးရတယ်၊ သတ္တဝါတွေကိုလဲ အစိုးရတယ်၊ အဲဒီလို ဣဿရိယဂုဏ်နဲ့လဲ ဘုရားရှင် ပြည့်စုံတော်မူတယ်၊ ပြီးတော့...

ဓမ္မ-ကိလေသာတွေကို ဖျက်ဆီးနိုင်တဲ့ လောကုတ္တရာတရားတွေလဲ ဘုရားရှင် ကိုယ်တော်မြတ်မှာ ရှိတော်မူတယ်။

ကျောစောခွေရံရှိ ယသ-မြတ်စွာဘုရားရဲ့ ဂုဏ်တော်ဟာ လူ့ပြည်တင်မက နတ်ပြည်၊ နတ်ပြည်တင်မက ဗြဟ္မာ့ပြည်၊ အဲဒီ ထိအောင်ကို ပျံ့နှံ့ကျော်စောသွားလို့ ဘုရားဂုဏ်တော်တွေ ကျော်သလောက် ဘယ်သူမှ မကျော်ဘူး၊ တစ်ခါတရံ အခြံအရံဘက်ကနေ ကြည့်တော့လဲ ဘုရားရှင် ကိုယ်တော်မြတ် ရဟန်းသံဃာ ပရိသတ်က အမြဲခြံရံလျက် ရှိတယ်၊ လူပရိသတ်ကလဲ မကြာခဏ ခြံရံလျက် ရှိတယ်၊ နတ်တွေ ဗြဟ္မာတွေ ပရိသတ်ကလဲ မကြာခဏ ခြံရံလျက် ရှိတယ်၊ အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်လေ "ပရိဝါရယသ" ဆိုတဲ့ အခြံအရံနဲ့လဲ ပြည့်စုံတော်မူတယ်၊ "ကိတ္တိယသ" ဆိုတဲ့ အကျော်အစောနဲ့လဲ ပြည့်စုံတော်မူတယ်။

ကျက်သရေရှိ သိရီ-ဘုရားရှင် ကိုယ်တော်မြတ်လေ ကျက်သရေသိပ်ရှိလိုက်တာ၊ တစ်ခါတုန်းက မြတ်စွာဘုရားရဲ့ အနီးအပါးမှာ အရှင်အာနန္ဒာက နေတယ်၊ အဲဒီအချိန်မှာ ကောသလမင်းကြီးကလဲ ရှိတယ်၊ အရှင်သာရိပုတ္တရာကလဲ မလှမ်းမကမ်းက ရှိတယ်၊ နေကလဲပဲ ဝင်တော့မယ်၊ လ ကလဲပဲ ထွက်တော့မယ်၊ အဲဒီအချိန်မှာ အရှင်အာနန္ဒာက ဘုရားကို ကြည့်လိုက်, ကောသလမင်းကြီး ကြည့်လိုက်, အရှင်သာရိပုတ္တရာ ကြည့်လိုက်, ဝင်ခါနီးနေ ကြည့်လိုက်, ထွက်ခါနီး လ ကြည့်လိုက်နဲ့ သူ ဘာလျှောက်သလဲလို့ ဆိုတော့, ဘာ ဥဒါန်းကျူးသလဲ ဆိုတော့...

ဒိဝါ တပတိ အာဒိစ္စော, ရတ္တိ.မာဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ, ဗ္ရာယီ တပတိ ဗြဟ္မဏော၊
အထ သဗ္ဗ.မဟော ရတ္တိ, ဗုဒ္ဓေါ တပတိ တေဇသာ။

နေ လ အစွမ်း အာဒိစ္စော-နေမင်းသည်၊ ဒိဝါ-နေ့အခါ၌သာ၊ တပတိ-တောက်ပနိုင်၏၊ (ယခု နေက ဝင်တော့မယ်၊ ညကျလို့ရှိယင် သူက ဘာမှ တန်ခိုးမရှိတော့ဘူး၊) စန္ဒိမာ-လမင်းသည်၊ ရတ္တိ-ညဉ့်အခါ၌သာလျှင်၊ အာဘာတိ-တောက်ပ နိုင်၏၊ (လဟာ နေ့တုန်းက ဘာမှ သူ့အစွမ်းမရှိ၊ အခု ညကျမှ သူ့အစွမ်းပြတော့မယ်)။

ရှင်ဘုရင် အစွမ်း ခတ္တိယော-ရေမြေသေဉ်နင်း, ပြည့်ရှင်မင်းသည်၊ သန္နဒ္ဓေါ-ချပ်ဝတ်တန်ဆာ, မင်းမြောက်တန်ဆာ, ဆင်ထားမှသာလျှင်၊ တပတိ-ထွန်းလင်း တောက်ပနိုင်၏၊ အားလုံးက လေးစားလောက်အောင် တောက်ပနိုင်၏၊ (ရှင်ဘုရင် သူ့လိုကိုယ်လို အဝတ်အစား အရုပ်ဝတ် အရုပ်စားနဲ့ နေတော့ သူလိုကိုယ်လို ဘာမှ မထူးဘူး၊ မင်းမြောက်တန်ဆာတွေ ချပ်ဝတ်တွေ ဆင်ထားတဲ့အခါကျတော့ ပရိသတ်ထဲ တင့်တင့်တယ် တယ်ရှိတယ်၊ အဲဒီအခါကျမှ သူ တင့်တယ်တယ်။)

ရဟန္တာ အစွမ်း ဗြဟ္မဏော-ရဟန္တာပုဂ္ဂိုလ်သည်၊ ဗ္ရာယီ-ဗ္ရာန်သမာပတ်ဝင်စား၍ နေမှသာလျှင်၊ တပတိ-တင့်တယ် တောက်ပနိုင်ပါပေ၏။ (ခပ်လှန်းလှန်းက အရှင်သာရိပုတ္တရာ

က ဗျာန်သမာပတ် ဝင်စားနေတယ်၊ တယ် ကြည်ညိုစရာကောင်းတယ်၊ တယ် ငြိမ်ပြီးတော့ နေတယ်၊ မလှုပ်မယှက် တယ် ကြည်ညိုစရာ ကောင်းပါလား။)

ဘုရားရှင် အထ-ထိုမှတစ်ပါး၊ ဗုဒ္ဓေါ-ဘုရားရှင် ကိုယ်တော်မြတ် သည်ကား၊ သဗ္ဗံ အဟောရတ္တိံ-အလုံးစုံသော နေ့ရောညဉ့်ပါ၊ တေဇသာ-စွမ်းအင်ပြည့်မော်, တန်ခိုးတော်ဖြင့်၊ တပတိ-ထွန်းလင်းတောက်ပတော် မူနိုင်ပါပေသတည်း။

အဲဒီလို အရှင်အာနန္ဒာကလေ အားလုံးကိုကြည့်ပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ကိုတော့ ဗျာန်မဝင်စားလဲ ကြည့်ကောင်းတယ်နော်၊ တယ် ကျက်သရေရှိတယ်၊ ဘုရားရှင် ကိုယ်တော်မြတ် ဗျာန်မဝင်စားပဲ ခုလို နေပြန်တော့လဲ ဘုရားရှင် ကိုယ်တော်မြတ် တယ် ကြည်ညိုစရာကောင်းတယ်၊ တကတဲ့ ဘုရားရှင် ကိုယ်တော်မြတ်က ရှင်ဘုရင်လို ချုပ်ဝတ်တန်ဆာတွေ, မင်းမြောက်တန်ဆာတွေ ဆင်မှသူ့အခါနဲ့ သူမှ မဟုတ်ဘူး၊ ဘုရားရှင် ကိုယ်တော်မြတ်က ခုအနေမျိုးကို ကြည့်လို့ကောင်းတယ်။

ဖူးလို့ကောင်း တကတဲ့ လလို ညမှ ဘုရားရှင် ကိုယ်တော်မြတ် ဖူးလို့ကောင်းတာ မဟုတ်ဘူး၊ ယခု နေ့လဲ ဖူးကောင်းတယ်၊ နေလို နေ့မှ ဖူးကောင်းတာ မဟုတ်ဘူး၊ ညကျတော့လဲ ဘုရားရှင် ကိုယ်တော်မြတ်ကို တယ် ဖူးကောင်းတယ်၊ ဒါ့ကြောင့် မြတ်စွာဘုရားကလေ "သိရီ" ဆိုတဲ့ ဘုန်းတော်နဲ့လဲ ပြည့်စုံတော်မူ

တယ်၊ ဒါ့ကြောင့် "ကသိရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ မှန်, ဘုန်းခြောက်တန်နဲ့ ပြည့်စုံတော်မူသောကြောင့်၊ ဘဂဝါဂုဏ်လဲ ရတော်မူတယ်"လို့ အဲဒီလို ဘုရားဂုဏ်တော်တွေကို အောက်မေ့ပါ၊ ဘုရားဂုဏ်တော်တွေကို အောက်မေ့လို့ရှိယင် ကြောက်ခြင်းတွေ, ကိုယ်တုန်လှုပ်ခြင်းတွေ, ကြက်သီးထခြင်းတွေ အလိုလို ပျောက်သွားလိမ့်မယ်။

တရား သံဃာ အောက်မေ့ကြ ငါဘုရားကို မအောက်မေ့နိုင်လို့ ရှိယင်, မအောက်မေ့မိလို့ရှိယင် တရားဂုဏ်တော်ရဲ့ ဂုဏ်များကို အောက်မေ့ကြ, တရားတော်ကို မအောက်မေ့မိလို့ ရှိယင် အရိယာသံဃာတော်တွေရဲ့ ဂုဏ်တွေကို အောက်မေ့လိုက်ကြ။

ကြောက်လန့်မရှိ "ငါဘုရားကလေ မကြောက်တတ်ဘူး၊ ငါဘုရားက ကြက်သီး မထတတ်ဘူး၊ မထိပ်လန့်တတ်ဘူး၊ ငါဘုရားက တကတဲ ရန်သူနဲ့တွေ့လို့ ပြေးတယ်လို့ မရှိဘူး၊ အဲဒါကြောင့် မကြောက်တတ်တဲ့, မထိပ်လန့်တတ်တဲ့, မတုန်လှုပ်တတ်တဲ့, မပြေးတတ်တဲ့ ငါဘုရားကို အောက်မေ့ကြလို့ ရှိယင်, ငါဘုရားနဲ့ တရားကို အောက်မေ့ကြလို့ ရှိယင်, ငါ ဘုရားရဲ့ သာဝက အရိယာသံဃာတွေကို အောက်မေ့ကြလို့ ရှိယင် သင်တို့ရဲ့ ကြောက်ခြင်း စသည်တွေ အကုန်လုံး ပျောက်သွားလိမ့်မယ်"လို့ အဲသလို ဓဇဂ္ဂသုတ်ပရိတ်တော်ကို ဘုရားရှင် ကိုယ်တော်မြတ် ဟောတော်မူတယ်။

အဋ္ဌာနာဠိယသုတ် တရားတော်

နတ်မင်းကြီးလေးယောက် ဒီနေ့ အာဋာနာဋိယ ပရိတ်တော်ကို ရွတ်ရမယ်၊ ဟောရမယ်၊ အဲဒီ ပရိတ်ဟာ သုတ်ပါဌေယျပါဠိတော် ပါတာက နည်းနည်း ကျယ်ဝန်းတယ်၊ ပရိတ်ကြီးမှာ အများသိနေတဲ့ အာဋာနာဋိယ ပရိတ်ရဲ့ အဓိပ္ပာယ်လဲ ပါသွားမယ်...။

ဧဝံ မေ သုတံ၊ပေ၊ဂိဇ္ဈကူဋေ ပဗ္ဗတေ၊ပေ၊နိသီဒီသု။ ။မြတ်စွာဘုရား ရာဇဂြိုဟ်မြို့ ဂိဇ္ဈကူဋ်တောင်မှာ သီတင်းသုံးတော်မူတယ်၊ ဂိဇ္ဈကူဋ်တောင် သီတင်းသုံးတော်မူတဲ့အခါမှာ စတုမဟာရာဇ် နတ်မင်းကြီး ၄ ယောက် သူတို့ဆိုင်ရာ နတ်ဘီးလူးစစ်တပ်တွေ, နတ်ဂန္ဓဗ္ဗ စစ်တပ်တွေ, ကုမ္ဘဏ်နတ်စစ်တပ်တွေ, နဂါးစစ်တပ်တွေကို ထိုသိကြားမင်းနေရာဖြစ်တဲ့ နေရာမှာလဲ အစောင့်အရှောက်ထားလို့, မိမိတို့ရဲ့ ပတ်ဝန်းကျင်မှာလဲဘဲ အစောင့်အရှောက်ထားလို့, သန်းခေါင်လောက် အချိန်မှာ မြတ်စွာဘုရားထံ ချဉ်းကပ်လာကြတယ်။

ဧကမန္တံ နိသိန္နော ခေါ ဝေဿဝဏ္ဏော မဟာရာဇာ ဘဂဝန္တံ ဧတဒဝေါစ။

အဲဒီလို နတ်မင်းကြီးလေးယောက် အခြေအရံတွေနဲ့တကွ လာပြီးတော့ ဒီလေးယောက်ထဲက ဝေဿဝဏ်နတ်မင်းက အလျှောက်ကောင်း,အပြောကောင်းတယ်၊ မြတ်စွာဘုရားနဲ့လဲ အကျွမ်းဝင်တယ်၊

ရွတ်ဖတ်စဉ်းစား ဒါကြောင့် ဓဇဂ္ဂသုတ်ကို အာရုံပြုပြီးတော့ စိတ်ထဲကလဲ နေပါ၊ ဓဇဂ္ဂသုတ်ကို မကြာခဏ ရွတ်ပြီးတော့လဲ နေပါ၊ ဓဇဂ္ဂသုတ်ရဲ့ အဓိပ္ပာယ်တွေကိုလဲ စဉ်းစားပြီး နေပါ၊ အဲသလို နေလို့ရှိယင် အောက်မေ့ရုံ အောက်မေ့တဲ့ ပုဂ္ဂိုလ်တောင်မှ အထက်ကောင်းကင်မှာ ဘေးရန် အန္တရာယ်ကို ကာကွယ်နိုင်သေးတာဖြစ်တော့ မိမိတို့ရဲ့ လောကီဘေးရန်တွေ, သံသရာသွားဖို့ရန် အနှောက်အယှက်ဖြစ်တဲ့ မကောင်းတဲ့ ဘေးရန်အကုသိုလ်တွေ ကင်းပျောက်ပြီး သွားလိမ့်မယ်၊ ဒါကြောင့် ဒီတရားကို နှလုံးသွင်းပြီးတော့ မင် ဖိုလ် နိဗ္ဗာန် အထိ ဘေးရန် အန္တရာယ်တွေကို ကာကွယ်နိုင်ပါစေသတည်း"လို့ မိမိကိုယ်ကို မိမိ စိတ်ထားပြီး ကြိုးစား၍ ရွတ်ဆိုနိုင်ကြ, အာရုံပြုနိုင်ကြစေကုန် သတည်း။

သာဓု...သာဓု...သာဓု...။

ဓဇဂ္ဂသုတ်တရားတော် ပြီး၏။

ဒါ့ကြောင့် ဝေဿဝဏ်နတ်မင်းက ခေါင်းဆောင်ပြီးတော့ မြတ်စွာဘုရားကို လျှောက်တယ်။

ကြည်ညို့, မကြည်ညို့ **သန္တိ ဟိ ဘန္တေ ဥဠာရာ ယက္ခာ ဘဂဝတော အပ္ပသန္နာ၊ပေ၊ပသန္နာ။** ။ဒီတန်ခိုး ဣဒ္ဓိပါဒ် အထက်တန်းစားဖြစ်တဲ့ နတ်ဘီလူးတွေက မြတ်စွာဘုရား မကြည်ညိုတဲ့သူတွေလဲ ရှိပါတယ်ဘုရား၊ မြတ်စွာဘုရားကို ကြည်ညိုတဲ့သူတွေလဲ ရှိပါတယ်ဘုရား၊ အလယ်အလတ်တန်းစားဖြစ်တဲ့ နတ်ဘီလူးတွေထဲကလဲ မြတ်စွာဘုရား မကြည်ညိုတာလဲ ရှိပါတယ်ဘုရား၊ မြတ်စွာဘုရားကို ကြည်ညိုတာလဲ ရှိပါတယ်ဘုရား၊ အောက်တန်းစားဖြစ်တဲ့ နတ်ဘီလူးများထဲကလဲ မြတ်စွာဘုရားကို မကြည်ညိုတာလဲ ရှိပါတယ်ဘုရား၊ ကြည်ညိုတာလဲ ရှိပါတယ်ဘုရား။

ငါးပါးသီလမကြိုက် **ယေဘုယေန ခေါ ပန ဘန္တေ ယက္ခာ အပ္ပသန္နာယေဝ ဘဂဝတော၊ တံ ကိဿ ဟေတု၊ ဘဂဝါ ဟိ ဘန္တေ ပါဏာတိပါတာ ဝေရမဏိယာ ဓမ္မံ ဒေသေတိ၊ ၊ပေ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ။**

မြတ်စွာဘုရား...အမှန်အားဖြင့် လျှောက်ရလို့ရှိယင် နတ်ဘီလူးတွေက မြတ်စွာဘုရားကို မကြည်ညိုတာတွေက များပါတယ်၊ ဘာ့ကြောင့်လဲဆိုလို့ရှိယင် မြတ်စွာဘုရားက သူ့အသက် မသတ်ဖို့ရန် တရားဟောတော်မူပါတယ်၊ သူ့ဥစ္စာ မခိုးဖို့ရန်, သူ့အိမ်ရာ မပြစ်မှားဖို့ရန်, မုသားမပြောဖို့ရန်, သေရည်အရက် မသောက်ဖို့ရန် တရားဟောတော်မူပါတယ်၊ အများအားဖြင့် ဒီနတ်ဘီလူးတွေဟာ ပါဏာတိပါတမှလဲ မရှောင်ကြပါဘူးဘုရား၊ အဒိန္နာဒါနမှလဲ မရှောင်ကြပါဘူး၊ ကာမေသု မိစ္ဆာစာရမှလဲ မရှောင်ကြပါဘူး၊ မုသာဝါဒမှလဲ မရှောင်ကြပါဘူး၊ သုရာမေရယမှလဲ မရှောင်ကြပါဘူး။

တေသံ တံ ဟောတိ အပ္ပိယံ အမနာပံ။

သူတို့က မကြိုက်ပါဘူးဘုရား၊ မြတ်စွာဘုရားဟောတဲ့ ငါးပါးသီလလုံရမယ်ဆိုတဲ့ တရားနဲ့ သူတို့နဲ့ ဆန့်ကျင်ဘက်ဖြစ်နေတာမို့လို့ မြတ်စွာဘုရား တရားတော်ကို သူတို့ မကျေနပ်ကြ, မကြိုက်ကြပါဘူး၊ ဒါ့ကြောင့် မြတ်စွာဘုရားကို မကြည်ညိုတဲ့ နတ်ဘီလူးတွေလဲ များပါတယ်ဘုရား...။

အစောင့်အရှောက် **သန္တိ ဟိ ဘန္တေ ဘဂဝတော သာဝကာ ၊ပေ၊ ပဋိသလ္လာနသာရုပ္ပါနိ၊ပေ၊ အပ္ပသန္နာ။**

မြတ်စွာဘုရားရဲ့ သာဝကဖြစ်ကြတဲ့ ရဟန်းတော်များကလဲ တောကျောင်းမှာ အနေများကြပါတယ်၊ အဲဒီ ရဟန်းများရဲ့ အနီးအပါး တောကျောင်းမှာ နတ်ဘီလူးတွေကလဲ မြတ်စွာဘုရားရဲ့ သာသနာ မကြည်ညိုကြတဲ့သူတွေ နေကြပါတယ်။

တေသံ ပသာဒါယ ဥဂ္ဂဏှာတု ဘန္တေ ဘဂဝါ အာဠာနာဋိယံ ရက္ခံ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ အဝိဟိံသာယ ဖာသုဝိဟာရာယာတိ။

ဒီတော့ အဲဒီလို သာသနာတော်ကို မကြည်ညိုကြတဲ့ နတ်ဘီလူးတွေ ကြည်ညိုဖို့ရန်, မြတ်စွာဘုရား၏ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ ယောကျ်ား, ဥပါသိကာ မိန်းမများ အစောင့်အရှောက်ရဖို့ရန်, ထို နတ်ဘီလူးတွေက မညှင်းဆဲဖို့ရန်, ချမ်းချမ်းသာသာ နေဖို့ရန် ဟောဒီ အာဠာနာဋိယနတ်မြို့မှာ စီရင်အပ်တဲ့ အစောင့်အရှောက် ပရိတ်တော်ကို မြတ်စွာဘုရား လက်ခံတော်မူပါဘုရား...။

အာဠာနာဋိယနတ်မြို့

ဒီတော့ အာဠာနာဋိယပရိတ် အစဖြစ်လာတာက ဒီ အာဠာနာဋနတ်မြို့မှာ နေပြီးတော့ နတ်မင်းကြီးလေးယောက်က သာသနာတော်မှာ မကြည်ညိုတဲ့ နတ်တွေ မညှင်းဆဲနိုင်အောင်, သာသနာတော်မှာ မကြည်ညိုတဲ့ နတ်တွေ ကြည်ညိုလာအောင် အဲဒီလို နတ်မင်းကြီးတွေက စပြီးတော့ စီမံတဲ့ ပရိတ်ဖြစ်တယ်၊ ဘုရားရှင် ကိုယ်တော်မြတ်က စပြီးတော့ ဟောတဲ့ ပရိတ်မဟုတ်ဘူး၊ အာဠာနာဋနတ်မြို့ဆိုတဲ့ဥစ္စာက မြင်းမိုရ်တောင်ရဲ့ မြောက်မှာ စတုမဟာရာဇိနယ် အပါအဝင် နတ်မြို့တစ်မြို့ရှိတယ်၊ အဲဒီနတ်မြို့မှာ နေပြီးတော့ နတ်မင်းကြီး လေးယောက်က ခမ်းခမ်းနားနား အစောင့်အရှောက်တွေထားပြီးတော့မှ ဝိပဿီအစရှိတဲ့ ဘုရားခုနစ်ဆူကို ဦးတည်ရှိခိုးပြီးတော့ အစောင့်အရှောက် စီရင်တဲ့ ပရိတ်ဖြစ်တယ်။

မြတ်စွာဘုရားလက်ခံ

ဒါ့ကြောင့် "မြတ်စွာဘုရာ...တပည့်တော်တို့ နတ်မင်းကြီးများ စီမံပြီးထားတဲ့ အာဠာနာဋိယ အစောင့်အရှောက် ပရိတ်တော်ကို မြတ်စွာဘုရား

လက်ခံတော်မူပြီးတော့ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသိကာယောကျ်ား, ဥပါသိကာ မိန်းမများ ရွတ်အံပါစေဘုရား"လို့ အဲဒီလို လာလျှောက်တယ်၊ ဒါ့ကြောင့် ဘုန်းကြီးတို့လေ ပရိတ်ကြီးမှာလဲဘဲ...။

၁။ အပွသန္နေဟိ နာထဿ, သာသနေ သာဓုသမ္မတေ၊
အမနုဿေဟိ စဏ္ဍေဟိ, သဒါ ကိဗ္ဗိသကာရိဘိ။

၂။ ပရိသာနံ စတဿာနံ, အဟိံသာယ စ ဂုတ္တိယာ၊
ယံ ဒေသေသိ မဟာဝီရော, ပရိတ္တံ တံ ဘဏာမ ဟေ။

(၁-၂) မြတ်စွာဘုရား၏ အကောင်းမြတ်ဟု သမုတ်အပ်သော သာသနာတော်၌ မကြည်ညိုကြကုန်သော, အခါခပ်သိမ်း ယုတ်မာညစ်ညမ်းသော မကောင်းမှုတို့ကိုသာ ပြုလုပ်လေ့ရှိကြကုန်သော, ကြမ်းတမ်းကြကုန်သော, နတ်ဆိုး နတ်ဝါးတို့သည် လေးပါးကုန်သော ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ရဟနာ ၃ ပါးကို ဆည်းကပ်ကြကုန်သော ဥပါသကာ ယောကျ်ား, ဥပါသိကာ မိန်းမဟူသော ပရိသတ်တို့ကို မညှင်းဆဲနိုင်ခြင်း, လုံခြုံစေခြင်း အကျိုးငှာ နတ်မင်းကြီးလေးပါးတို့ စီစဉ်ပြီးနောက် ဘုရားရှင် ကိုယ်တော်မြတ်အားလျှောက်ထား၍ ဘုရားရှင်ကိုယ်တော်မြတ်က တစ်ဆင့် ဟောပြတော်မူအပ်သော အကြင် အာဠာနာဋိယပရိတ်တော်ကို ကြီးမြတ်သော လုံလဝီရိယ ရှိတော်မူသော မြတ်စွာဘုရား တစ်ဆင့် ဟောပြတော်မူခဲ့လေပြီ၊ ထို အာဠာနာဋိယပရိတ်တော်ကို အိုး...သူတော်ကောင်းတို့ ရွတ်ဆိုကြကုန်တော့အံ့။

အချုပ်မှတ်ထား ဒီတော့ အချုပ်မှတ်ထားရမှာက အာဠာနာဠနတ်မြို့မှာ နတ်မင်းကြီးလေးယောက် စီရင်တဲ့ ပရိတ်မို့လို့ "အာဠာနာဠိယပရိတ်" လို့ ခေါ်တယ်၊ ဘာဖြစ်လို့ သူတို့ စီစဉ်ကြသတုန်းလို့ ဆိုတော့ ခုနက ပြောခဲ့တဲ့ အဆိုအတိုင်း သာသနာတော်ကို မကြည်ညိုတဲ့ နတ်တွေရှိလို့မို့ ရဟန်းတော်တွေ, ဒါယကာ ဒါယိကာမတို့တစ်တွေကို သူတို့ ညှင်းဆဲမှာစိုးလို့ အင်မတန် ကြောင့်ကြ, ဗျာပါရနဲ့ ဘုရားခုနစ်ဆူကို ဦးတည်ပြီးတော့ နတ်မင်းကြီးလေးယောက် စီရင်ကြတယ်။

အဲသလို စီရင်ပြီးတဲ့နောက် ဘုရားရှင်ကိုယ်တော်မြတ်ကို လာလျှောက်လို့ မြတ်စွာဘုရားက လက်ခံပြီး ဘုရားရှင် ကိုယ်တော်မြတ်က ရဟန်းတော်များအား တစ်ဆင့် ဟောပြတော်မူတဲ့ ပရိတ်တော် ဖြစ်တယ်လို့ အဲဒီလို အချုပ်မှတ်ထားရမယ်။

ဝိပဿီ သိခီ **(၃)ဝိပဿိသဿနမတ္ထု, စက္ခုမန္တသ သိရီမတော၊ သိခိဿာပိစ နမတ္ထု, သဗ္ဗဘူတာနုကမ္ပိနော။**

(၃) ဗုဒ္ဓစက္ခု, ဉာဏစက္ခု, သမန္တစက္ခု အစရှိသော စက္ခု ငါးမျိုးနှင့် ပြည့်စုံတော်မူသော ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော ဝိပဿီမြတ်စွာဘုရားအား ကိုင်းညွတ်ရိကျိုး, ရှိခိုးပါ၏ လို့ (ပထမဆုံး ဝိပဿီ မြတ်စွာဘုရားကို ရှိခိုးကြတယ်)၊ အလုံးစုံသော သတ္တဝါတို့ကို အစဉ်သနား စောင့်ရှောက်တော်မူတတ်သော သိခီ အမည်တော်ရှိသော မြတ်စွာဘုရားအားလည်း ရှိခိုးပါ၏၊ (ဒုတိယ သိခီမြတ်စွာဘုရားကို ရှိခိုးကြတယ်)။

ဝေဿဘူ ကကုသန် **(၄) ဝေဿဘုဿစ နမတ္ထု, နှာတကဿ တပဿိနော၊ နမတ္ထု ကကုသန္ဓဿ, မာရသေနာပမဒ္ဒိနော။**

(၄) ကိလေသာ အညစ်အကြေးတွေကို ဆေးကြော သုတ်သင်ပြီးထသော, အပူတပြင်း ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းရှိတော်မူသော, ဝေဿဘူ အမည်ရှိတော်မူသော မြတ်စွာဘုရားအားလည်း ရှိခိုးပါ၏၊ မာရ်မင်း, မာရ်မင်း၏ စစ်တပ်ကို မှုန့်ညက်ညက် ချေဖျက်တော်မူနိုင်ထသော ကကုသန် အမည်တော်ရှိသော မြတ်စွာဘုရားအားလည်း ရှိခိုးပါ၏။

ကောဏာဂုံ ကဿပ **(၅) ကောဏာဂမနဿ နမနမတ္ထု, ဗြဟ္မဏဿ ဝုသီမတော၊ ကဿပဿစ နမတ္ထု, ဝိပမုတ္တဿ သဗ္ဗဓိ။**

(၅) မကောင်းမှု အကုသိုလ်ဟူသမျှကို မျှောတော်မူပြီးထသော, ကျင့်သုံးအပ်ပြီးသော မြတ်သောအကျင့်လည်း ရှိတော်မူထသော ကောဏာဂုံ အမည်တော်ရှိသော မြတ်စွာဘုရားအား ရှိခိုးပါ၏၊ အလုံးစုံသော အာရုံတို့၌ တဏှာဖြင့် ငြိကပ်ခြင်းမရှိ၍ လွတ်လပ်စေတော်မူပြီးသော ကဿပ အမည်တော်ရှိသော မြတ်စွာဘုရားအားလည်း ရှိခိုးပါ၏။

ဂေါတမ **(၆) အင်္ဂီရသဿစ နမတ္ထု၊**
သက္ယပုတ္တဿ သိရီမတော၊
ယော ဣမံ ဓမ္မံ ဒေသေသိ,
သဗ္ဗဒုက္ခ ပနူဒနံ။

(၆) အကြင် မြတ်စွာဘုရားသည် အလုံးစုံသော ဝဋ်ဒုက္ခကို အမြစ်ပြတ်အောင် ပယ်နုတ်တော်မူနိုင်သော ဤ အာဠာနာဒိယ ပရိတ်တရားတော်ကို ဟောပြတော်မူခဲ့လေပြီ၊ ကိုယ်အင်္ဂါတော် အစိပ်စိပ်မှ, တဖိတ်ဖိတ်ထွက်တော်သော အရောင်ရှိတော်မူထသော, သာကီနွယ်ဖွား, သုဒ္ဓေါဓနမင်း၏ သားတော်ဖြစ်တော်မူထသော, ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူထသော ဂေါတမ အမည်တော် ရှိသော မြတ်စွာဘုရားအား ရှိခိုးပါ၏။

ခုနစ်ဆူသာ ရှိခိုး ဘုရားရှင်ကိုယ်တော်မြတ်တွေ အများကြီးဘဲ ရှိရက်သားနဲ့ ဘာဖြစ်လို့ ဝိပဿီ အစရှိတဲ့ ဘုရားရှင်ခုနစ်ဆူကိုသာ အရေးရှိယင် ရှိခိုးရသတုန်းလို့ ဆိုတော့ ရှေးရှေးဘုရားရှင်တွေရဲ့ သာဝကတွေက အထက် ဗြဟ္မာ့ပြည်မှာ မရှိကြတော့ဘူး၊ ဝိပဿီမြတ်စွာဘုရားရဲ့ သာဝက, သိခီမြတ်စွာ ဘုရားစတဲ့ ဒီဘက် ဒီဘက် ဘုရားရှင်များရဲ့ သာဝကတွေကတော့ ဟိုအထက် သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံမှာ ရှိကြသေးတယ်၊ ဒီတော့ ဟို ဗြဟ္မာမင်းကြီးတွေကလဲဘဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်လို့ "ငါတို့ရဲ့ ဆရာသမား ကိုးကွယ်ရာဖြစ်တဲ့ မြတ်စွာဘုရားတွေကို ရှိခိုးကြပေတယ်"လို့ အဲဒီလို အားလုံး ဗြဟ္မာတွေကပါ ဒီပရိတ်တွေကို ဝိုင်းပြီး

တော့ ကူညီကြ, စောင့်ရှောက်ကြစေလိုတဲ့ ဆန္ဒလဲ ကင်းပုံမရဘူး၊ ဒါ့ကြောင့် ဝိပဿီမြတ်စွာဘုရားကစပြီးတော့ ဘုရားခုနစ်ဆူကိုသာ တိုက်ရိုက်နာမည်တပ်ပြီးတော့ ရှိခိုးကြတယ်။

ရဟန္တာတွေ ရှိခိုး **(၇) ယေစာပိ နိဗ္ဗုတာ လောကေ,**
ယထာဘူတံ ဝိပဿိသုံ၊
တေ ဇနာ အပိသုဏာထ,
မဟန္တာ ဝီတသာရဒါ။

(၈) ဟိတံ ဒေဝမနုဿာနံ,
ယံ နမဿန္တိ ဂေါတမံ၊
ဝိဇ္ဇာစရဏသမ္ပန္နံ,
မဟန္တံ ဝီတသာရဒံ။

(၇-၈) ဤကမ္ဘာလောကကြီးထဲ၌ အကြင် ရဟန္တာပုဂ္ဂိုလ်တို့ သည်လည်း ကိလေသာခပ်သိမ်း အေးငြိမ်းကြကုန်ပြီးသည်ဖြစ်၍ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ သိမြင်ကြလေကုန်ပြီ၊ ချောပစ်ကုံးတိုက်ခြင်း မရှိကုန်သော မြတ်သောသဘော ရှိကြကုန်သော၊ ကင်းသော ကြောက်ရွံ့ခြင်း ရှိကြကုန်သော ထို ရဟန္တာ အရှင်မြတ်တို့သည်လည်း နတ်လူတို့၏ အစီးအပွားကို ဆောင်တော်မူသော ဝိဇ္ဇာ ၃ ပါး, ဝိဇ္ဇာ ၈ ပါး, စရဏ ၁၅ ပါးနှင့် ပြည့်စုံတော်မူသော မြင့်မြတ်တော်မူသော ကြောက်ရွံ့ခြင်း ကင်းတော်မူသော ဂေါတမ နွယ်ဖွား, မြတ်စွာဘုရားကို လက်အုပ်ချီမိုး, ရှိခိုးကြလေကုန်၏၊ ထို့ဂေါတမ မြတ်စွာဘုရားကို ရှိခိုးကြကုန်သော ရဟန္တာအရှင်မြတ်တို့အားလည်း ရှိခိုးပါ၏။

လေးကျွန်းနယ်မြေ ဒီထိအောင် အားလုံး ကျက်မှတ်နေကြတဲ့ ပရိတ်ကြီးနဲ့ ထပ်တူကျတယ်၊ ယခု ဒီက နောက်မှာပါတဲ့ ပါဠိတော်သွားတွေကတော့ ပရိတ်ကြီးနဲ့ ထပ်တူမကျပါဘူး၊ ဒီသွားမည့်အကြောင်းအရာတွေကတော့ လေးကျွန်းရဲ့ အကြောင်းအရာတွေကို ပြမယ်၊ အရပ်လေးမျက်နှာ သူတို့ ဝိရူပက္ခနတ်မင်း အုပ်ချုပ်တဲ့ စိုးပိုင်တဲ့နေမြေ၊ ဝိရူဠ္ဍကနတ်မင်း စိုးပိုင်တဲ့ နယ်မြေ၊ အဲဒီလို နတ်မင်းကြီးလေးယောက်တို့ စိုးပိုင်တဲ့ နယ်မြေလေးကျွန်း လေးဘက်ကို ပြလိမ့်မယ်၊ ဒါကျက်ရိုးကျက်စဉ် ပရိတ်ကြီးနဲ့ မတူပါဘူး၊ ဘာဖြစ်လို့ လေးကျွန်းလေးမျက်နှာကို ပြရသလဲလို့ ဆိုတော့ "အဲဒီကျွန်းမှာ ဒီနတ်မင်းကြီးတွေ ကြည့်ရှုစောင့်ရှောက်လျက်ရှိတယ်၊ အသင်တို့ နတ်ဘီလူးတွေဟာ ရိုးတီးရားတား လုပ်ပြီးတော့ အနှောင့်အယှက်ပေးမယ် မကြံကြနဲ့၊ မြတ်စွာဘုရားရဲ့ ပရိတ်သတ်လေးပါးကို အနှောက်အယှက်ပေးလို့ ရှိယင် တို့နဲ့ဆိုင်ရာ နတ်စစ်သည်ကြီးတွေက သင်တို့ကို ချမ်းသာခွင့်ပေးကြမယ် မဟုတ်ဘူး" လို့ အဲဒီလို သိစေလိုလို့ သူတို့ရဲ့ ပိုင်ရာဖြစ်တဲ့ နယ်ပယ် လေးဌာနကို ယခု ညွှန်ပြလိမ့်မယ်...။

နေထွက်ရာအရပ်

ယတော ဥဂ္ဂစ္ဆတိ သူရိယော,
အာဒိစ္စော မဏ္ဍလီ မဟာ၊
ယဿ ဥဂ္ဂစ္ဆမာနဿ,
သံဝရီပိ နိရုဇ္ဈတိ။

ယဿ ဥဂ္ဂတေ သူရိယေ,
ဒိဝသောတိ ပဝုစ္စတိ၊ပေ၊
ဒူရတောဝ နမဿန္တိ,
မဟန္တံ ဝီတသာရဒံ။

အကြင်အရပ်မှ အဒိတိနတ်သမီး၏ သားဖြစ်ခဲ့သော ကျယ်ဝန်းသော အဝန်းအဝိုင်းရှိသော နေသည် ထွက်လာသည်ဟူ၍ အသိအမှတ် ပြုကြ၏၊ (တကယ်တော့ ထွက်လာတာတော့ မဟုတ်ဘူး၊ သို့ပေမယ်လို့ အဲဒီနေရာက နေထွက်လာတယ်လို့ လူ့လောက က အသိအမှတ် ပြုနေကြတယ်၊ အမှန်တော့ သူ့ဟာသူ သွားနေတာ၊ ဘယ်ကမှ ထွက်ပြီးတော့ နေတာမဟုတ်ဘူး၊) အကြင် နေမင်းသည် လူတို့ အသိအမှတ်အားဖြင့် ထွက်လာသည်ရှိသော် ညဉ့်သည်လည်း ချုပ်ပျက်ရ၏၊ အကြင် နေမင်းသည် တက်လာသည်ရှိသော် နေ့ဟူ၍ ဆိုအပ်၏၊ ထို နေထွက်ရာအရပ်၌ စီးသွားသော ရေရှိသော သမုဒ္ဒရာဟူသော ရေအိုင်သည်လည်း နက်လှစွာ၏၊ ထို နေထွက်ရာအရပ်၌ ထိုအရပ်ကို စီးသွားသော ရေရှိသော သမုဒ္ဒရာဟူ၍ ဤသို့ လူအများ အသိအမှတ် ပြုကြကုန်၏။

ဓတရဋ္ဌနတ်မင်း ထို နေထွက်ရာ အရပ်သည် ဤမြင်းမိုရ်တောင်မှ ဘုရားအထံဝယ် နေထိုင်ရာ ဤအရပ်မှ အရှေ့အရပ်ပေတည်း၊ လူအပေါင်းက ပြောပြ၍ နေလေ၏၊ (တကယ် လူတွေအပြောသာ အရှေ့လို့ ဆိုတာ၊ အမှန်တော့ အရှေ့ရယ် ဘာရယ် အမြဲအတည် မရှိပါဘူး၊) အကြင် အရှေ့အရပ်ကို များသော

အခြံအရံရှိသော, ဂန္ဓဗ္ဗနတ်တို့၏ အကြီးအကဲဖြစ်သော, အမည်အား ဖြင့် ဓတရဋ္ဌဟူ၍ ထင်ရှားသော ထို နတ်မင်းကြီးသည် အမြဲမပြတ်, စောင့်ကြပ်၍ နေ၏၊ ထို ဓတရဋ္ဌနတ်မင်းသည် မိမိလက်အောက် ဖြစ်တဲ့ ဂန္ဓဗ္ဗနတ်တို့က ရှေ့သွားပြုအပ်သည် ဖြစ်၍ ကခြင်း, သီဆို ခြင်းတို့ဖြင့် မွေ့လျော်၍ နေ၏။

သူ၏ သားတော်များ ထို ဓတရဋ္ဌနတ်မင်း၏ သားတို့သည်လည်း အလွန်များလှလေကုန်၏၊ ဣန္ဒ ဟူသော အမည်အားဖြင့် တူသော အမည်ရှိကြကုန်၏ ဟူ၍ အကျွန်ုပ် ကြားဖူးပါ၏၊ ကိုးကျိပ် တစ် (၉၁) ယောက်သော သားတို့ရှိကုန်၏၊ သိကြားမင်း၏ နာမည်နှင့်တူသော ဣန္ဒ အမည်ရှိကြကုန်၏၊ ကြီးကျယ်သော ခွန်အားဗလလည်း ရှိကြကုန်၏။

ထို ဓတရဋ္ဌနတ်မင်း၏ သားတော်တို့သည်လည်း နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားကို မြင်ရ တွေ့ရသည်ရှိသော် နေမင်း၏ အဆွေဖြစ်တော်မူသော, မြင့်မြတ်တော်မူသော, ကင်းသော ကြောက်ရွံ့ခြင်း ရှိတော်မူသော မြတ်စွာဘုရားကို အဝေးမှပင် ရှိခိုးကြလေကုန်၏။

မြတ်စွာဘုရားကိုလည်း ဓတရဋ္ဌနတ်မင်းကြီးရဲ့ သားတော် ကိုးကျိပ် တစ်ယောက်က အဝေးမှ နေပြီးတော့ မြတ်စွာဘုရားမြင်ယင် မြင်တဲ့နေရာက ရှိခိုးကြပါတယ်၊ ဒီလောက်ဘဲ မြတ်စွာဘုရားကို ရိုသေကြပါတယ်...။

ဘုရားရှိခိုး **နမော တေ ပုရိသာဇညေ, နမော တေ ပုရိသုတ္တမ၊**
ကုသလေန သမေက္ခသိ, အမနုဿာ ပိ တံ ဝန္ဒန္တိ၊
သုတံ နေတံ အဘိဏှသော, တသ္မာ ဧဝံ ဝဒေမသေ။

ယောကျ်ားအာဇာနည် ဖြစ်တော်မူသော အို...မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရားအား ရှိခိုးပါ၏၊ ယောကျ်ားမြတ် ဖြစ်တော်မူသော အို-မြတ်စွာဘုရား၊ အရှင်မြတ်ဘုရားအား ရှိခိုးပါ၏၊ ကုသိုလ်တရားဖြင့် သတ္တဝါတို့ကို အမြဲမပြတ် ကြည့်ရှုတော်မူ၏၊ နတ်တို့ကလည်း ရှင်တော်မြတ်ဘုရားကို ရှိခိုးကြကုန်၏၊ ဤ အကြောင်းကို မပြတ်မပြတ် ကြားအပ်ပါ၏၊ ထို့ကြောင့် ဤသို့ လျှောက်ရပါကုန်၏၊ (တပည့်တော်လေ မြတ်စွာဘုရား ရှိခိုးတဲ့ အကြောင်းကို နတ်ပြည်မှာ မကြာခဏ ကြားကြား နေရပါတယ်)။

မေးလိုက်ယင် ဖြေ **ဇိနံ ဝန္ဒထ ဂေါတမံ, ဇိနံ ဝန္ဒာမ ဂေါတမံ၊**
ဝိဇ္ဇာစရဏသမ္ပန္နံ, ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

သင်တို့သည် ဂေါတမ အမည်တော်ရှိမူသော မြတ်စွာဘုရားကို ရှိခိုးကြကုန်၏လော၊ (အဲသလို မေးလိုက်ပြီလို့ ဆိုယင် အားလုံး နတ်တွေက) ကျွန်တော်တို့သည် ဂေါတမ အမည်တော်ရှိမူသော မြတ်စွာဘုရားကို ရှိခိုးကြပါကုန်၏၊ ဝိဇ္ဇာစရဏနှင့် ပြည့်စုံတော်မူသော ဂေါတမ အမည်တော်ရှိသော မြတ်စွာဘုရားကို ရှိခိုးကြပါကုန်၏။

တပည့်တော်တို့က အသင်တို့...ဂေါတမဘုရားကို ရှိခိုးကြရဲ့လားလို့ မေးလိုက်ပြီလားဆိုယင် အားလုံးက တကတဲ ချက်ချင်းဘာမှ တွေးဆမနေဘဲနဲ့ ဝိဇ္ဇာစရဏသမ္ပန္နဖြစ်တဲ့ ဂေါတမဗုဒ္ဓကို ရှိခိုးကြပါတယ်လို့ အရှေ့အရပ်မှာနေတဲ့ အားလုံးသော နတ်မင်းတွေ, သားတော်နတ်တွေကလေ အဲသလိုပဲ အမြဲပြောလေ့ရှိကြပါတယ်၊ ဒါ့ကြောင့် တပည့်တော် လျှောက်ဝန့်ပါတယ်၊ မြတ်စွာဘုရားကို အမြဲရှိခိုးကြတယ်လို့ လျှောက်ဝန့်ပါတယ်၊ ဘုရားကို ဝေဿဝဏ်နတ်မင်းကြီးက မြတ်စွာဘုရားကို တစ်ဆင့် လျှောက်နေတယ်။

တောင်အရပ် **ယေန ပေတာ ပဝုစ္စန္တိ, ပိသုဏာ ပိဋ္ဌိမံသိကာ၊**
ပါဏာတိပါတိနော လုဒ္ဒါ,
စောရာ နေကတိကာ ဇနာ ၊ပေ၊
ရမတီ နစ္စဂီတေဟိ, ကုမ္ဘဏ္ဍေဟိ ပုရက္ခတော။

(ဒီဟာက ဝိရူဠ္ဍကနတ်မင်းရဲ့ စိုးပိုင်တဲ့ တောင်အရပ်အကြောင်းကို ပြောမလို့။)

အကြင် အရပ်၌ သေလွန်လေပြီးသော သူတို့ကို ဆောင်ယူအပ်ကုန်၏ ဟူ၍ ပြောဆိုအပ်ကုန်၏၊ (သေတဲ့သူတွေကို တောင်အရပ်က ထုတ်ခဲ့လို့ ဒီလို ပြောလေ့ရှိကြတယ်၊) သူတစ်ပါးကို ချောပြစ်ကုန်းတိုက်တတ်ကြကုန်သော, သူတစ်ပါးရဲ့ မျက်ကွယ်၌ အတင်းပြောသဖြင့် ကျောကုန်းရဲ့ အသားကို စားလေ့ရှိကြကုန်သော, သူတစ်ပါးရဲ့ အသက်ကိုသတ်လေ့ရှိကြကုန်သော, ရက်စက်ကြမ်းကြုတ်ကြကုန်သော, သူခိုး ဓားပြ ဖြစ်ကြကုန်သော, ကောက်ကျစ်စဉ်းလဲကြကုန်သော လူဟူသမျှတို့ကို အကြင် တောင်အရပ်၌ ထုတ်ယူကြကုန်၏ဟု ဆိုအပ်ကုန်၏။

လူဆိုးတွေ တောင်အရပ်က ထုတ်တာဘဲ၊ သူတစ်ပါးကို မတရားနှိပ်စက်ကြတဲ့သူတွေ, သူခိုး ဓားပြတွေ, သူတစ်ပါး အတင်းအဖျင်းပြောတဲ့သူတွေ အဲဒါတွေကို တောင်အရပ်က ထုတ်ပြီး သူတို့ကို ဒဏ်ပေးရမယ်လို့ ဒီလို အသိအမှတ် ပြုထားတယ်။

ဝိရူဠ္ဍကနတ်မင်း **ကုတော သာ ဒက္ခိဏာ ဒိသာ,**
ကုတိ နံ အာစိက္ခတိ ဇနော ၊ပေ၊
ဝိဇ္ဇာစရဏသမ္ပန္နံ,
မဟန္တံ ဝိတသာရဒံ။

အဲဒီ တောင်အရပ်ကို ကုမ္ဘဏ်နတ်တို့ရဲ့ အရှင်သခင်ဖြစ်တဲ့ ဝိရူဠ္ဍကနတ်မင်းကြီးက အမြဲ စောင့်ရှောက်ပြီးတော့ နေပါတယ်၊ အဲဒီ ကုမ္ဘဏ်များ ရှေ့သွားပြုပြီးတော့ ဝိရူဠ္ဍက နတ်မင်းလဲပဲ တောင်အရပ်မှာ အမြဲ မွေ့မွေ့လျော်လျော် ပျော်ပျော်ပါးပါးဘဲ နေပါတယ်၊ သူ့ရဲ့ သားတွေကလဲပဲ အရှေ့အရပ်က ဓတရဋ္ဌနတ်မင်းရဲ့ သားတွေလိုပဲ ကိုးကျိပ်နဲ့ တစ်(၉၁)ယောက် ရှိပါတယ်၊ အားလုံး နာမည်က သိကြားမင်းရဲ့ နာမည်ချည်းဘဲ အမည်ယူထားကြပါတယ်၊ အားလုံး အင်အားရှိကြပါတယ်၊ သူတို့ကို "သင်တို့ ဂေါတမဗုဒ္ဓကို ရှိခိုးကြရဲ့လား" ဆိုလို့ရှိယင် အားလုံးကပဲ "ဂေါတမဗုဒ္ဓကို

ရှိခိုးကြပါတယ်, ဂေါတမဗုဒ္ဓကို ရှိခိုးကြပါတယ်" ဆိုပြီးတော့ မြတ်စွာဘုရား ရှိခိုးတဲ့အကြောင်းကို ပြောကြပါတယ် ဘုရား။

အနောက်အရပ် နောက်တစ်ခါ အနောက်အရပ် အကြောင်း ပြောလိမ့်မယ်...

ယတ္ထ စောဂ္ဂစ္ဆတိ သူရိယော, အာဒိစ္စော မဏ္ဍလီ မဟာ၊
ယဿ စောဂ္ဂစ္ဆမာနဿ, ဒိဝသောပိ နိရုဇ္ဈတိ ၊ပေ၊
ရမတိ နစ္စဂီတေဟိ, နာဂေဟေဝ ပုရက္ခတော။

ဝိရူပက္ခနတ်မင်း အနောက်အရပ်ကိုတော့ ဝိရူပက္ခ နတ်မင်းက စောင့်ရှောက်ပါတယ်၊ နဂါးများကို အုပ်စိုးပါတယ်၊ အဲဒီ အနောက်အရပ်မှာ အမြဲစောင့်ရှောက်နေပြီးတော့ ကိုးကျိပ်တစ်(၉၁)ယောက်သော သားတော်တွေကလဲ မြတ်စွာဘုရားကို အမြဲ ရှိခိုးကြပါတယ်။

မြောက်အရပ် မြောက်အရပ် အကြောင်း ပြောမယ်...

ယေန ဥတ္တရကုရုဒ္ဝေါ, မဟာနေရု သုဒဿနော၊
မနုဿာ တတ္ထ ဇာယန္တိ, အမမာ အပရိဂ္ဂဟာ၊
န တေ ဗီဇံ ပဝပန္တိ, နပိ နီယန္တိ နင်္ဂလာ။

အကြင် မြင်းမိုရ်တောင်၏ မြောက်အရပ်၌ ဥတ္တရကုရု အမည် ရှိသော မြင်းမိုရ်တောင်မင်းသည် အလွန်ကောင်းသော မြင်ရခြင်း ရှိ၏၊ (မြင်းမိုရ်တောင်ရဲ့ မြောက်ကျတော့ ရွှေရောင်တောက်လို့ တယ်ကြည့်လို့ကောင်းသတဲ့၊) ထိုမြင်းမိုရ်တောင်၏ မြောက်ဘက်ကျသော

အရပ်၌ လူတို့သည် ငါ့ဥစ္စာဟု စွဲလမ်းမှု မရှိကြကုန်၊ ငါ့သား, ငါ့သမီး, ငါ့ဇနီး စသည်ဖြင့် သိမ်းဆည်းခြင်း မရှိကြကုန်ဘဲ ဖြစ်ကြရလေကုန်၏။

မြောက်ကျွန်းသားများ မြောက်အရပ်၌ ဖြစ်တဲ့ လူတွေကတော့ တစ်မျိုးကြီးဘဲ၊ မြင်းမိုရ်တော်ရဲ့ မြောက်အရပ်ကို မြောက်ကျွန်းလို့ ခေါ်ကြတဲ့အရပ်မှာ နေကြတဲ့ လူတွေက တစ်မျိုးဘဲ၊ "ဒါ ငါ့ပစ္စည်း, ဒါက ငါ့သား, ငါ့သမီး, ငါ့မယား"အဲဒီလို သိမ်းပိုက်ခြင်း မရှိကြဘူး၊ မြတ်မြတ်နိုးနိုး တွယ်တာခြင်း မရှိကြဘူး၊ ထို မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့သည် မျိုးစေ့ကို မစိုက်ပျိုးကြရကုန်၊ ထွန်တို့ကို လယ်တောသို့လည်း မဆောင်အပ်ကုန်၊ (သူတို့ စပါးစိုက်တယ်, သစ်သီးသစ်ပင်စိုက်တယ် မရှိဘူး၊ လယ်ထွန်တယ် ဘာတယ်လဲ သူတို့ မရှိကြဘူး)။

သလေးထမင်း
အကဋ္ဌပါကိမံ သာလိံ, ပရိဘုဉ္ဇန္တိ မာနုသာ၊
အကဏံ အထုသံ သုဒ္ဓံ, သုဂန္ဓံ တဏ္ဍုလပ္ပလံ။
တုဏ္ဍိကီရေ ပစိတ္ဝာန,
တတော ဘုဉ္ဇန္တိ ဘောဇနံ။

မြောက်ကျွန်းသူ မြောက်ကျွန်းသား လူတို့သည် ထွန်ဖြင့် မထွန်အပ်ဘဲ အလိုလို မှည့်၍နေသော သလေးဆန်ကို သုံးဆောင်ကြရကုန်၏၊ ဆန်ကျိုး ဆန်ကွဲလည်း မပါသော, ဖွဲလည်း မပါသော,

သန့်ရှင်းစင်ကြယ်သော, ကောင်းသော အနံ့ရှိသော ဆန်သီးကို အိုးပေါ်၌ထည့်ကာ ချက်ပြီးတော့ ထိုအိုးမှ ဘောဇဉ်ကို အလွယ်တကူ စားသောက်ကြလေကုန်၏။

ထမင်းအရသာ ထမင်းဆိုတာ ခုနက သလေးဆန်တွေကို အိုးထဲထည့်၊ အိုးထဲထည့်ပြီးတော့ ဧောတိပါသာဏာဆိုတဲ့ ကျောက်တုံးလေးပေါ် တင်ပြီးတော့ ထားလိုက်ယင် အလိုလို ကျက်လာတယ်၊ ဟိုက မီးအရှိန်နဲ့ အငွေ့နဲ့ ဒီထမင်းတွေ ကျက်လာတယ်၊ မီးတွေ, လောင်စာတွေ, ထင်းတွေ ဒီလို ထိုးမနေရတော့ဘူး၊ ယခုကာလ ဓာတ်နဲ့ချက်တဲ့နည်းနဲ့ ခပ်ဆင်ဆင်ပဲ၊ အဲသလို ကျက်သွားတယ်၊ အဲဒီအခါမှာ ထမင်းကျက်တော့ သူတို့ ခူးပြီး ကိုယ်က အချဉ်သဘောကျလို့ ရှိယင်, အချဉ်ကလေး စားချင်လို့ ရှိယင် ဒီထမင်းသက်သက်က အချဉ်အရသာ ပါလာတယ်၊ အချို စားချင်တယ်ဆိုယင် ထမင်းသက်သက်က အချိုအရသာ ပါလာတယ်၊ အဲဒီဟာကို စားကြတယ်။

သူတို့ဘဝ ပါဠိတော်က ဒီလောက်ဘဲ ပါတယ်၊ သူတို့ရဲ့ စားတာ သောက်တာဘဲ ပါတယ်၊ နေတာကို ဒို့ပြင် အဋ္ဌကထာ ဋီကာတို့က ဖွင့်ကြတာယ်၊ "သူတို့ သစ်ပင်ကြီးတွေရဲ့ အောက်မှာ မိန်းမသားတွေ တစ်စုတစ်ဝေးကြီး, ယောကျ်ားတွေကလဲ တစ်စုတစ်ဝေးကြီး နေကြတယ်၊ သူတို့ လောကီအတွက် ဆက်ဆံတဲ့ အခါကျတော့လဲ ခုနစ်ရက်လောက် ဆက်ဆံပြီးတော့ ကိုယ်နေရာကို ကိုယ်သွားကြတာဘဲ၊ နောက်ကို ကလေးတို့, သားတို့, သမီးတို့

မွေးဖွားလာတော့လဲပဲ ကလေးကို ဒီလိုဘဲ ထားပစ်ခဲ့ကြတယ်၊ တွေ့တဲ့သူကပဲ လက်ကလေးကို ပါးစပ်ထဲထည့်လိုက်ပြီဆိုယင် သူတို့ နို့ရည်လေးတွေ ရလာတယ်။

မေတ္တာစိတ်ပေါ်လာ တော်တော်ကြာတော့ ကလေးလေးအားရှိလို့, သွားနိုင်လို့, ယောကျ်ားကလေးက ယောကျ်ားအဖေါ်တွေနဲ့ သစ်ပင်အောက်မှာ သွားနေလို့၊ မိန်းကလေးကလဲ မိန်းကလေးအဖော်တွေနဲ့ သစ်ပင်အောက်မှာ သွားနေလို့ အမေရယ်, အဖေရယ်လို့ သူတို့ မသိပေမယ်လို့ စိတ်ဟာ အလိုလို မေတ္တာစိတ် ပေါ်နေကြတယ်၊ အဲဒီလိုဘဲ နေကြတယ်၊ အကယ်၍ သူတို့ အချိန်ကျလို့ သေကြပြီဆိုလို့ ရှိယင် ဒီမှာပြင်ဆင်ပြီးတော့ ထားလိုက်တယ်၊ တော်တော်ကြာတော့ ငှက်ကြီးတွေက ချီပြီးတော့ ဒို့ပြင် ကျွန်းတစ်ကျွန်းမှာ သူတို့ယူပြီး စားကြ သောက်ကြ, အဝတ်တွေ အသုံးအဆောင်တွေကို ဒို့ပြင် နေရာမှာဘဲ ပစ်လိုက်ကြတာဘဲ။

ဒီတော့ အင်မတန် ကောင်းပြီးတော့ သူတို့မှာ တစ်ယောက်တစ်ယောက် မနာလိုတဲ့ ကလေသာမရှိဘူး၊ တစ်ယောက် တစ်ယောက် ဝန်တိုတဲ့ မစ္ဆရိယ မရှိဘူး၊ ဒီက ဘုရား ရဟန္တာတွေ ကြွပြီးတော့ ဆွမ်းခံချိန် ဆွမ်းခံလို့ ရှိယင် သူတို့ စားခါနီး လှူလိုက်တာဘဲ, ပေးလိုက်တာဘဲ၊ သူတို့မှာ ငါးပါးသီလ အမြဲရှိလို့မို့ သေသွားလဲဘဲ အပါယ်ကျတဲ့ သူရယ်လို့ မရှိပါဘူး၊ အဲဒီလိုဘဲ နေကြတယ်လို့ အဋ္ဌကထာတို့ ဋီကာတို့က ရေးကြ ဖွင့်ကြတယ်။

မြင်းလုပ်စီး လှည်းလုပ်စီး

ဂါဝိ ံ ဧကခုရံ ကတွာ,
အနုယန္တိ ဒိသောဒိသံ၊
ပသုံ ဧကခုရံ ကတွာ,
အနုယန္တိ ဒိသော ဒိသံ၊ပေ၊
ကုမာရိ ံ ဝါဟနံ ကတွာ,
အနုယန္တိ ဒိသော ဒိသံ၊ပေ။

အဲဒီမှာရှိတဲ့ ကုဝေရနတ်မင်းကြီးရဲ့ အလုပ်အကျွေးဖြစ်တဲ့ နတ်တွေကတော့ နည်းနည်းကလေး ထူးခြားတယ်၊ နွားမ ပေမယ်လို့ မြင်းလုပ်ပြီးတော့ သူတို့က စီးပြီး ဟိုလှည့် ဒီလှည့် စီးကြတယ်၊ နွားမှတစ်ပါး ဒုံပြင် ဆိတ်တို့ သမင်တို့ဆိုတဲ့ အကောင်တွေတွေ့ ပြန်လဲ မြင်းလိုပဲ သူတို့စီးပြီး လှည့်ကြတယ်၊ နောက်ဆုံး အစွန်အဖျားက တောကြို တောကြားက မိန်းမတွေ ဘာတွေကို ဖမ်းပြီးတော့လဲ ယာဉ်ထဲ လှည်းထဲမှာ တပ်ပြီးတော့ နွားလို မြင်းလို လုပ်ပြီး အသုံးချကြတယ်၊ အစွန်အဖျားက သတို့သား သတို့သမီးတွေ, အစွန်အဖျားက အ, အ အထိုင်းတွေ တွေ့ပြန်ပြီဆိုလို့ ရှိယင်လဲ တစ်ခါထဲ ဖမ်းပြီးတော့ ဒီလိုဘဲ နွားများက, သလို လှည်းများမှာက, ပြီး စီးကြတယ်။

ယာဉ်အမျိုးစုံ

တေ ယာနေ အဘိရုဟိတွာ,
သဗ္ဗာ ဒိသာ အနုပရိယာယန္တိ၊
ပစာရာ တဿ ရာဇိနော ၊ပေ၊
တဿ စ နဂရာ အဟု,
အန္တလိက္ခေ သုမာပိတာ။

အဲသလို သူတို့မှာ တကထဲ ယာဉ်အမျိုးမျိုး ရှိတယ်၊ ပြာသာဒ်လဲပဲ ယာဉ်လုပ်ပြီး ပြသာဒ်ပေါ်နေပြီးတော့ လှည့်နေကြပါတယ်၊ ထမ်းစင်ပေါ်ကနေပြီးလဲ သူတို့ လှည့်နေကြတာဘဲ၊ ဒီပြင် ဆင်ယာဉ်တို့, မြင်းယာဉ်, နတ်ရထားတွေလဲ ရှိပါရဲ့၊ အဲဒီပေါ်မှာ နေပြီး လှည့်လည်ကြတယ်။

သူတို့မြို့တွေ

သူတို့မှာ မြို့တွေရှိတယ်၊ ကောင်းကင်မှာ သူတို့မြို့တွေရှိတယ်၊ ဘာမြို့တွေလဲဆိုတော့ ပထမ ဒီသုတ် ဒီပရိတ်ကို စီရင်တဲ့မြို့ဟာ...

တဿ စ နဂရာ အဟု ၊ပေ၊ သုမာပိတာ၊
အာဠာနာဠာ ကုသိနာဠာ ပရကုသိနာဠာ,
နာဠသုရိယာ ပရကုသိနာဠာ။
ဥတ္တရေန ကသိဝန္တော, ဇနောဃမပရေန ဇ၊ပေ၊
ရာဇဂဟိနီ။

အာဠာနာဠမြို့, ကုသိနာဠမြို့, ပရကုသိနာဠမြို့, နာဠသုရိယမြို့, ပရကုသိနာဠမြို့တဲ့၊ ဒီမြောက် သွားလိုက်တော့ ကသိဝန္တမြို့, အဲဒီရဲ့မြောက် သွားလိုက်တော့ ဇနောဃမြို့, ဒီရဲ့မြောက် သွားလိုက်တော့ နဝနဝုတိယမြို့, ဒီမြောက် သွားလိုက်ပြန်တော့ အမ္ဗရ အမ္ဗရ ရဝတိယမြို့, အဲဒီမြောက် သွားလိုက်ပြန်တော့ အာဠကမန္ဒာဆိုတဲ့ ရာဇဂဟိနီ မင်းနေပြည် ရှိတယ်။

ကုဝေရပုဏ္ဏား

ကုဝေရဿ ခေါ ပန မာရိသ မဟာရာဇဿ
ဝိသာဏာနာမ ရာဇဂဟိနီ၊
တတ္ထာ ကုဝေရော မဟာရာဇာ,
ဝေဿဝဏ္ဏောတိ ပဝုစ္စတိ။

အရှင်မြတ်ဘုရား ကုဝေရနတ်မင်း၏ ဝိသာဏာ မည်သောမင်း နေပြည် ရှိပါ၏၊ ထို့ကြောင့် ကုဝေရနတ်မင်းကို "ဝေဿဝဏ"ဟူ၍ ခေါ်ဝေါ် ပြောဆိုအပ်ပါ၏။

နတ်မင်းကြီးရဲ့ "ကုဝေရ"ဆိုတဲ့ နာမည်က လူ့ဘဝက နာမည် "ဝေဿဝဏ"ဆိုတဲ့ နာမည်က နတ်ပြည်ကျတော့မှ သူပိုင်တဲ့ နတ်ပြည်ကို အကြောင်းပြုပြီးတော့ ရတဲ့ နာမည်၊ ကုဝေရ နတ်ကြီးဟာ လူ့ဘဝတုန်းက ဘာလုပ်တုန်းဆိုတော့ သူ့နာမည်က ကုဝေရ ပုဏ္ဏား မျိုးဖြစ်ပြီး ကြံလုပ်ငန်း လုပ်တယ်။

ကြံစက် ခုနစ်စက် တစ်နေရာမှာ အကြီးအကျယ် ကြံစိုက်တယ်၊ ကြံစိုက်ပြီးတော့ ကြံတွေ ဖြစ်တဲ့အခါမှာ ကြံစက် ခုနစ်စက် တည်တယ်၊ ကြံစက် ခုနစ်စက် တည်ပြီးတော့ တစ်စက်ကို သူ အဓိဋ္ဌာန်ထားတယ်၊ "ဟောဒီစက်က ရတဲ့အမြတ်တွေကို အကုန်လုံးလျူမယ်"လို့ အဲဒီလို စက်တစ်စက်ကို အဓိဋ္ဌာန်ထားတယ်၊ ကျန်တဲ့ ခြောက်စက်က ရတဲ့ အမြတ်တွေကိုတော့ သူသုံးစွဲမယ်၊ အဲဒီလို အဓိဋ္ဌာန်ပြီးတော့ ကုသိုလ်ပြုပြီး ရောင်းဝယ်ပြီးတော့ နေလိုက်တာ အဓိဋ္ဌာန်တဲ့စက်က ပိုပြီးတော့ အမြတ်ရတယ်၊ အဲဒီလို အမြတ်ရတယ်ဆိုတော့ သူစိတ်ထဲ စဉ်းစားတယ်၊ "ကုသိုလ်ပြုမယ်လို့ ကြံတဲ့စက်က ကုသိုလ်ပြုနိုင်လောက်အောင် ပိုပြီးတော့ အမြတ်ရတယ်၊ ဒီလိုဆိုလို့ရှိယင် ဒီပြင်စက်က ပစ္စည်းတွေပါ ယူပြီးတော့ ကုသိုလ်ပြုမယ်"ဆိုပြီး သဒ္ဓါတရား လွန်ကဲပြီးတော့ စီးပွားဖြစ်လုပ်တဲ့ စက်တွေက ရတာတောင်မှ တချို့ယူပြီးတော့ ဒီစက်ကနေပြီး အလှူဒါန ပြုတယ်တဲ့။

အဲဒီလောက် ထက်ထက်သန်သန် အလှူဒါနပြုလာတဲ့ ပုဂ္ဂိုလ်မို့လို့ သေဆုံးတဲ့ အခါကျတော့ စတုမဟာရာဇ နတ်မင်းကြီး လေးယောက်တို့ထဲက ဝေဿဝဏ္ဏ နတ်မင်းကြီးလို့ အတော် တန်ခိုးကြီးတဲ့ နတ်မင်းကြီး ဖြစ်တယ်။

နတ်စစ်သည်တွေ

ပစ္စေသန္တော ပကာသေန္တိ,
တတောလာ တတ္တလာ တတောတလာ၊
သြဇသိ တေဇသိ တတောဇသိ,
သူရော ရာဇာ အရိဋ္ဌော နေမိ။

အသီးအသီး အကျိုးစီးပွားတို့ကို ရှာမှီးကြကုန်လျက် နတ်မင်းကြီးအား ထင်ရှားစေကြပါကုန်၏၊ (အဲဒီ သူ့ရဲ့ အစေအပါးဖြစ်တဲ့ နတ်စစ်သည်တွေ ဘယ်သူတွေတုန်းလို့ ဆိုတော့) တတောလတဲ့, တတ္တလတဲ့, တတောတလတဲ့, အဲဒီလို စသည်အားဖြင့် သူတို့ရဲ့ နတ်နာမည်တွေ အဲသလို နတ်တွေက အဝေးလျှောက်ပြီးတော့ ဟိုကိစ္စ ဒီကိစ္စတွေ ကြည့်ကြတယ်၊ ကြည့်ပြီးပြီဆိုယင် သူတို့သိတဲ့ အကြောင်းအရာတွေကို ဒီနတ်မင်းကြီးရဲ့ အနီးအပါးမှာ စောင့်ထိန်းပြီးတော့ နေကြတဲ့ အတွင်းဝန် သဘောမျိုးလို အဲဒီ နတ်တွေကို ပြောတယ်၊ အဲဒီနတ်တွေက တစ်ဆင့် ကုဝေရနတ်မင်းကြီးကို ပြောကြတယ်၊ ဒါ့ကြောင့် ကုဝေရ နတ်မင်းကြီးဟာ သူ အုပ်ချုပ်တဲ့ နေရာမှာ မလစ်လပ်ဘူး။

ဓရဏီ ရေအိုင်

ရဟဒေါပိ တတ္ထ ဓရဏီ နာမ,
ယတော မေဃာ ပဝဿန္တိ၊

ဝဿာ ယတော ပတာယန္တိ,
သဘာပိ တတ္ထ သာလဝတီနာမ၊ပေ၊
သောဘတိ သဗ္ဗကာလံ သာ,
ကုဝေရနဒ္ဒိနီ သဒါ။

အချုပ်ကတော့ အဲဒီ ကုဝေရနတ်မင်းရဲ့ နေရာဖြစ်တဲ့ မြို့မှာ "ဓရဏီ"ဆိုတဲ့ ရေအိုင်ရှိတယ်၊ အဲဒီ ရေအိုင်က ရေတွေဟာ လူ့ပြည်ကို ကျပြီးတော့ လာတယ်၊ အထက်မှာ မိုးတွေ လေတွေတက်လာပြီဆိုမှဖြင့် အဲဒီ မိုးတွေ လေတွေ ဒီရေအိုင်ထဲ ရောက်တယ်၊ ရေအိုင်ထဲ ရောက်တဲ့အခါ ရေဟောင်းတွေက အောက်ထွက်ပြီးတော့ ကျကြတယ်၊ အဲဒီ ကုဝေရ နတ်မင်းကြီးရဲ့ ရေအိုင်မှာ ငှက်အမျိုးမျိုးလဲ ရှိပါတယ်၊ ပန်းအမျိုးမျိုးလဲ ရှိပါတယ်၊ ငှက်တွေဟာ အမြဲ တွန်ကြပါတယ်၊ ထူးထူးဆန်းဆန်း ငှက်တွေလဲ ပေါပါတယ်၊ အမြဲ အဲဒီ ရေကန်ဟာ တင့်တယ်ပါတယ်။

ကုဝေရနတ်မင်း ကွတော သာ ဥတ္တရာ ဒိသာ,
ကွတိ နံ အာစိက္ခတိ ဇနော၊
ယံ ဒိသံ အဘိပါလေတိ,
မဟာရာဇာ ယသဿိ သော၊
ယက္ခာနဥ္စ အဓိပတိ,
ကုဝေရော ကွတိ နာမသော၊ပေ၊
ဝိဇ္ဇာစရဏသမ္ပန္နံ,
ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

အဲဒီ ကုဝေရ အမည်ရှိတဲ့ နတ်မင်ကြီးက နတ်ဘီလူးတွေရဲ့ အရှင်သခင် အကြီးအချုပ် ဖြစ်ပါတယ်၊ အဲဒီ နတ်မင်းကြီးက မြင်းမိုရ်တောင်ရဲ့ မြောက်ဘက်မှာရှိတဲ့ အရပ်ကို သူက အားလုံး စောင့်ကြပ်ပြီး ပျော်ပျော်ပါးပါးဘဲ နေပါတယ်၊ သူ့ရဲ့ သားတော်တွေကလဲ မြတ်စွာဘုရားကို အရင် သားတော်တွေလိုပဲ အမြဲ ရှိခိုးကြပါတယ် ဘုရား၊ အဲဒီလို လျှောက်ပြီးတော့ ခုနက ဝေဿဝဏ် နတ်မင်းကြီးက...

"အယံ ခေါ သာ မာရိသ အာဠာနာဋိယာ ရက္ခာ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ ဂုတ္တိယာ ရက္ခာယ အဝိဟိံသာယ ဖာသုဝိဟာရာယ"...

"ဒီ အာဠာနာဋိယ အစောင့်အရှောက် ပရိတ်တော်ဟာ ပရိသတ် ၄ ပါးစလုံးကို နတ်ဘီလူးတွေ မည်းဆဲဖို့ရန်, ချမ်းချမ်းသာသာ နေဖို့ရန် ဖြစ်ပါတယ်ဘုရား၊ ဒါ့ကြောင့် ဒီအာဠာနာဋိယ ပရိတ်ကို မြတ်စွာဘုရား သာဝကဖြစ်တဲ့ ရဟန်းတော်များကို သင်ပြတော်မူပါ"လို့ အဲဒီလို လျှောက်ပြီး...

မနိပ်စက်နိုင် နောက်တစ်ခါ ဘာလျှောက်ပြန်သလဲ ဆိုတော့... "ယဿ ကဿစိ မာရိသ ဘိက္ခုဿ ဝါ ဘိက္ခုနိယာ ဝါ ၊ပေ၊"

"ဒီလို သင်ပြထားတဲ့ ပုဂ္ဂိုလ်တွေ, ဒီအာဠာနာဋိယ ပရိတ်ကို ရွတ်ဖတ်နေတဲ့ ပုဂ္ဂိုလ်တွေအားလုံး နတ်မင်းကြီးလေးယောက်ရဲ့ လက်အောက်ခံဖြစ်တဲ့ ယက္ခတို့, ယက္ခအထီးဖြစ်ဖြစ်, ယက္ခ မဖြစ်ဖြစ်,

ဘယ်သူမှ မနှိပ်စက်ပါဘုရား၊ နောက် ဂန္ဓဗ္ဗလဲ ဒီလိုဘဲ၊ ကုမ္ဘဏ္ဍတွေကလဲ ဒီလိုဘဲ၊ နဂါးတွေကလဲ ဒီလိုဘဲ မနှိပ်စက်နိုင်ပါဘူး" ဘုရားလို့ အဲဒီလို လျှောက်တယ်။

နတ်မြို့နေခွင့်မရ

ဒီလိုလျှောက်ပြီးတော့ "အကယ်၍များ နှိပ်စက်လို့ ရှိယင်တော့ သူတို့ နတ်မြို့မှာ နေခွင့်နေရာ မပေးပါဘူး၊ ခဏခေတ္တမျှ သူတို့ နေခွင့်မပေးပါဘူး၊ အကယ်၍ တိတ်တိတ်ပုန်း နေသွားတာတော့ မတတ်နိုင်ပါဘူး၊ အမြဲနေတဲ့ အနေမျိုးဖြင့် သူတို့ မရပါဘူးဘုရား၊ ဒီလို အာဠာနာဋိယ ပရိတ်ကို ရွတ်ပြီးနေတဲ့ ပုဂ္ဂိုလ်တွေကို နှိပ်စက်လို့ ရှိယင် အားလုံး ဆိုင်ရာ နတ်တွေက ကြည့်မနေပါဘူး၊ သူတို့လိုပဲ ဝိုင်းပယ်ပြီးတော့ သားပေးခြင်း, သမီးပေးခြင်း, ထိမ်းမြားမင်္ဂလာ ပြုခြင်း, အချင်းချင်း ဆက်စပ်ခြင်း သူတို့ မပြုပါဘူး၊ နတ်အစည်းအဝေးမှာလဲ သူတို့ ဝင်ခွင့်မရပါဘူး ဘုရား"လို့ အဲဒီလို လျှောက်ပြီးတဲ့နောက်...။

အပိသု နံ မာရိသ အမနုဿာ သတ္တမာပိဿ မုဒ္ဓံ
ဖာလေယျုံ...။

"သူတို့ကိုလေ အကယ်၍ ဒီလိုနှိပ်စက်တယ်လို့ ဆိုယင်ဖြင့် တပည့်တော်တို့ ဆိုင်ရာဖြစ်တဲ့ နတ်စစ်သည်တွေ, နတ်အာဏာသားတွေက သူတို့ကို ခုနစ်စိတ်ခုနစ်ခြမ် ဦးခေါင်းကိုပဲ ခွဲနိုင်ပါတယ်၊ ခွဲကြပါလိမ့်မယ်၊ ဒါ့ကြောင့် ဒီ အာဠာနာဋိယပရိတ်ကို မြတ်စွာဘုရား သင်ပေးတော်မူပါ, ဟောပြတော်မူပါ"လို့ လျှောက်တယ်။

နတ်ဆိုးနတ်ကြမ်းတွေ

သန္တိ ဟိ မာရိသ အမနုဿာ စဏ္ဍာ ရုဒ္ဓါ ရဘသာ၊ တေ နေဝ မဟာရာဇာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ အာဒိယန္တိ၊ န မဟာရာဇာနံ ပုရိသကာနံ ပုရိသကာနံ အာဒိယန္တိ။

"မြတ်စွာဘုရား... ဒါပေမယ်လို့ အင်မတန် ကြမ်းပြီးတော့ အင်မတန် ဆိုးဝါးတဲ့ နတ်တွေ ရှိပါသေးတယ်၊ အင်မတန်လဲ ကြမ်းကြပါတယ်၊ အင်မတန်လဲဘဲ သူတို့ မတရား လုပ်တတ်ကြပါတယ်၊ အဲဒီနတ်တွေဟာလေ နတ်မင်းကြီးလေးယောက်ရဲ့စကားကိုလဲ မနာယူကြပါဘူး ဘုရား၊ နတ်မင်းကြီးလေးယောက်ရဲ့ အမိန့်အာဏာကိုလဲ သူတို့ မနာယူကြပါဘူး၊ နတ်မင်းကြီးလေးယောက်ရဲ့ အစေအပါး လက်အောက်ခံဖြစ်ကြတဲ့ အစောင့်အရှောက် နတ်မင်းများရဲ့ စကားကို, အမိန့်အာဏာကိုလဲ မနာယူကြပါဘူး၊ အဲဒီ နတ်မင်းကြီးလေးယောက်ရဲ့ အတွင်းမှာ နေကြတဲ့ နတ်မင်းတို့သာ မကသေးဘူး၊ အပြင်က နေကြတဲ့ နတ်များရဲ့ စကားကိုလဲ သူတို့ မနာယူကြပါဘူး ဘုရား။

ဥပမာ-ဘယ်လိုလဲဆိုတော့ မာဂဓတိုင်းမှာ ဗိမ္ဗိသာရမင်းဟာ အင်မတန် တန်ခိုးကြီးပါတယ်၊ အဲဒီ ဗိမ္ဗိသာရမင်းဟာ သူ့တန်ခိုးကြီးလို့ သူ့အမိန့်အာဏာကို လိုက်နာတဲ့သူတွေက လိုက်နာပေမပလို့ အင်မတန် ဆိုးဝါးတဲ့ သူခိုး ဓားပြတွေကတော့ ဗိမ္ဗိသာရမင်း၏ စကားကို နားမထောင်ပါဘူး၊ ဗိမ္ဗိသာရမင်းက ခန့်အပ်ထားဝ

မူးကြီးမတ်ရာ သေနာပတိတို့ရဲ့ စကားကိုလဲ နားမထောင်ပါဘူး၊ အဲဒီ မူးကြီးမတ်ရာ သေနာပတိတို့ရဲ့ ကျေးကျွန်ဖြစ်တဲ့ လက်အောက်ခံဖြစ်တဲ့ ပုလိပ် စသူတို့ရဲ့ စကားကိုလဲ နားမထောင်ကြပါဘူး၊ အဲဒါလိုဘဲ နတ်မင်းကြီးလေးယောက်ရဲ့ စကားကို နားမထောင်, လက်အောက်ခံဖြစ်တဲ့ နတ်တို့ရဲ့ စကားကို နားမထောင်, အစွန်အဖျားက စောင့်ကြပ်ပြီးတော့ နေကြတဲ့ နတ်တို့ရဲ့ စကားကို နားမထောင်ကြတဲ့ နတ်ဆိုး နတ်ဝါးတွေ ရှိကြပါသေးတယ် ဘုရား။

နတ်စစ်သူကြီးတွေ တိုင်တန်း အဲဒီ နတ်ဆိုးနတ်ဝါးတွေကိုတော့ သူတို့ ဘယ့်နယ် လုပ်ရမှာလဲလို့ ဆိုတော့ အဲဒီလို နတ်ဆိုး နတ်ဝါးတွေက ရဟန်းယောကျ်ားကို ဖြစ်ဖြစ်, ရဟန်းမိန်းမကို ဖြစ်ဖြစ်, သာသနာတော်ကို ကိုးကွယ်ပြီးနေတဲ့ ဥပါသကာ ယောကျ်ားကို ဖြစ်ဖြစ်, ဥပါသိကာမကို ဖြစ်ဖြစ် သူတို့က နှောက်ယှက်တယ် ဆိုလို့ရှိယင်, သွားတဲ့နေရာ လိုက်နှောက်ယှက်မယ်, ရပ်တဲ့နေရာ လိုက်နှောက်ယှက်မယ်, အိပ်တဲ့နေရာ လိုက်နှောက်ယှက်မယ်, အဲဒီလို လိုက်နှောက်ယှက်မယ် ဆိုလို့ရှိယင်တော့ ဒီနတ်စစ်သူကြီးတွေကို တိုင်တန်းပါ၊ နတ်စစ်သူကြီးတွေကို အသိပေးစကား ပြောပေးပါ။

"ဟော မည်သည့်ဘီးလူးဟာ မည်သူ့ကို ဖမ်းစားနေပါတယ်၊ မည်သည့်ဘီလူးဟာ မည်သူ့ကို ပူးဝင်နေပါတယ်၊ မည်သည့် နတ်ဘီလူးဟာ မည်သူ့ကို ညှင်းဆဲနေပါတယ်၊ မည်သည့်နတ်ဘီလူးဟာ

ညှင်းဆဲနေရုံတင်မကဘူး, မလွတ်ပါဘူး၊ အမြဲ ပူးပြီးတော့ နေပါတယ်"လို့ အဲဒီလို နတ်စစ်သူကြီးတွေကို တိုင်တန်းပါဘုရား"တဲ့ အဲဒီ နတ်စစ်သူကြီးတွေကတော့...

"ကုန္ဓဆိုတဲ့ နတ်စစ်သူကြီး, သောမဆိုတဲ့ နတ်စစ်သူကြီး, ဝရဏဆိုတဲ့ နတ်စစ်သူကြီး, ဘာရဒွါဇဆိုတဲ့ နတ်စစ်သူကြီး, ပဇာပတိဆိုတဲ့ နတ်စစ်သူကြီး, စန္ဒနဆိုတဲ့ နတ်စစ်သူကြီး၊ အဲသလို စသည်ဖြင့် အားလုံး နတ်စစ်သူကြီး နှစ်ကျိပ်နဲ့ ရှစ်ယောက်လောက် ရှိပါတယ်၊ အဲဒီ နတ်စစ်သူကြီးတွေကို တိုင်တန်းပါ ဘုရား၊ အဲဒီ နတ်စစ်သူကြီးတွေကို တိုင်တန်းလို့ ရှိယင် နတ်စစ်သူကြီးတွေက သူတို့ကို ပြင်းပြင်းထန်ထန် နှိပ်စက်ပြီးတော့ နှင်ပါလိမ့်မယ်"လို့ အဲဒီလို လျှောက်ပြီး ပြန်သွားတယ်။

ပရိတ်ရွတ်ရန် အစီအစဉ် ဒီတော့ အဋ္ဌကထာက ဘယ်လိုလိုက်ပြီး ဆိုပြန်တုန်းဆိုတော့..."အာဠာနာဋိယ ပရိတ်ကို နောက်မှရွတ်ပါ၊ ဒီလို တစ်စုံတစ်ယောက်ကို ဝင်ပူးပြီးတော့ မကောင်းဆိုးဝါးက နှိပ်စက်နေတယ်လို့ ဆိုယင် ဥပမာ-အစိမ်းသရဲက၊ ဥပမာ-နတ်ဆိုးက၊ ဥပမာ-စုံးက အကယ်၍များ နှိပ်စက်နေတယ်လို့ ဆိုလို့ရှိယင် ပထမဆုံး မေတ္တာသုတ် ရွတ်ပါ၊ မေတ္တာသုတ်ကို တစ်ရက်ရွတ်, နှစ်ရက်ရွတ်, သုံးရက်ရွတ်၊ ဒီပြင် ရတနသုတ် တစ်ရက်ရွတ်, နှစ်ရက်ရွတ်, သုံးရက်ရွတ်၊ အဲဒီလို လေး ငါး ခုနစ်ရက်လောက် ရွတ်လို့မှ သူက မလွတ်တော့ဘူးဆိုလို့ ရှိယင်...

ဒီ ဥပါသကာ, ဒီအိမ်က ဒါယကာ, ဒီအိမ်က ဒါယိကာမကို ကျောင်းခေါ်ပြီးတော့ ဘုရားရှေ့မှာ သေသေချာချာ နေရာတွေ ပြင်ပြီးတော့ ထပ်ရွတ်ပါ၊ ထပ်ရွတ်ပြီးတော့ တောင်းပန်ပါ, မေတ္တာရပ်ခံပါ။

မေတ္တာရပ်ခံ

"သင်တို့ မနှိပ်စက်ကြနဲ့၊ သင်တို့ ဒီလို နှိပ်စက်လို့ မဖြစ်ပါဘူး"လို့ မေတ္တာရပ်ခံပါ၊ ဒီလို မေတ္တာရပ်ခံလို့မှ မလွတ်ဘူးဆိုလို့ရှိယင် ကျောင်းအနီးအပါး သစ်ပင်ကြီးတွေမှာ နတ်ကြီးတွေ ရှိတတ်ပါတယ်၊ "အသင် နတ်ကြီး ဟောဒီ မောင်ဖြူကို ပူးနေတဲ့ မကောင်းဆိုးဝါးဟာ ငါတို့ မေတ္တာရပ်ခံပေမယ်လို့ သူဂရုမစိုက်ပါဘူး၊ ဒီတော့ မြတ်စွာဘုရားရဲ့ အာဏာ, နတ်မင်းကြီးတွေရဲ့ အာဏာဖြစ်တဲ့ အာဠာနာဋိယသုတ်နဲ့ နှင်ထုတ်ရပါလိမ့်မယ်"လို့ အဲဒီလို အသိပေးပြီးတော့မှ အာဠာနာဋိယပရိတ်ကို ရွတ်ပါ၊ ရဟန်းတစ်ပါးပါးကို ဒီလိုနှိပ်စက်လို့ရှိယင်လဲဘဲ သံဃာအများကြီး စည်းဝေးပြီးတော့မှ ခုနကလို မေတ္တာရပ်ခံပြီး ထားပါ၊ မေတ္တာရပ်ခံလို့ မရတော့မှ ဒီ အာဠာနာဋိယပရိတ်ကို ရွတ်ပြီးတော့ နတ်မင်းကြီးတွေကို တိုင်တန်းပါလို့ အဲဒီလို အမိန့်ရှိတယ်။

စောင့်ရှောက်ရုံ ညွှန်ပြ

အဲဒါကြောင့် အာဠာနာဋိယ ပရိတ်ဟာ အင်မတန်မှ ထက်တယ်၊ အင်မတန်မှ အစီအစဉ်ကြီးတယ်၊ ဒါ့ကြောင့် အင်မတန်မှ ဒီလောက်ထက်တဲ့ အာဠာနာဋိယပရိတ်ကို အများရွတ်တဲ့ထဲမှာ မထည့်ဘဲနဲ့ ဒီအစီအစဉ်

ကို နေရာတိုင်းမှာ မသုံးပဲနဲ့ ဘုန်းကြီးတို့ ပရိတ်ကြီးမှာ သက်သက်သာသာလေး ပြထားတယ်...။

"တပိ အမှေ.နုရက္ခန္တု, အရောဂေန သုခေန စ" လို့ အဲဒီမှာ "အာကာသစိုး နတ်တွေက, ဘုမ္မစိုး နတ်တွေက, ငါတို့ကို စောင့်ရှောက်ကြပါ"လို့ အဲဒီလို စောင့်ရှောက်ရုံသာလျှင် ဟိုမှာတော့ ညွှန်ပြထားတယ်၊ ဘုန်းကြီးတို့ အာဠာနာဋိယသုတ်ရင်းမှာတော့ တော်တော်ကလေးကိုဘဲ အစီအစဉ်တွေဟာ နတ်ကြီးတွေကို တိုင်တန်းရမယ် စသည်အားဖြင့် ညွှန်ပြထားတယ်။

အားကိုးစရာတွေ

ဒါ့ကြောင့် မြတ်စွာဘုရားရဲ့ သာသနာတော်ကို အားကိုးတဲ့ ဒါယကာ ဒါယိကာမတွေကလေ အများကြီး အားကိုးစရာ ရှိပါတယ်၊ အားကိုးစရာ ရှိပါးလားဆိုပြီး ရိုးရိုးကလေး မေတ္တာသုတ်တွေ ရွတ်လို့, ဒီလို အကာအရံလဲ ရှိပါလား၊ တစ်ခါ ခန္ဓသုတ်တို့, ဝဋ္ဋသုတ်တို့, မြွေ, ကင်းတွေ အဆိပ်မတက်နိုင်အောင်လဲ အကာအရံ ရှိပါလား၊ မီးတွေ မလောင်နိုင်အောင်လဲ အကာအရံ ရှိပါလား၊ အဲဒီလို စသည်အားဖြင့် အားကိုးစရာရှိတဲ့ အထဲမှာ ဟို တို့ တကယ်သာ မမေ့ မလျော့ မပေါ့မဆဘဲနဲ့ ဘုရားအာရုံပြုလို့, ဘုရားရှိခိုးခြံန်တန်ယင် ရှိခိုးလို့, ပတ်ဝန်းကျင်က ရှိကြတဲ့ နတ်ကောင်း နတ်မြတ်တွေကို မေတ္တာပို့လို့, သာသနာတော်ကို မကြည်ညိုတဲ့ နတ်တွေကိုလဲ မေတ္တာပို့လို့၊ အဲဒီလို နေ့ပြဆိုလို့ ရှိယင် တို့ကို ဘယ်သူနှောင့်ယှက်နိုင်မှာလဲ, ဘယ် မကောင်းဆိုးဝါး

တွေ နှောင့်ယှက်နိုင်မှာလဲ၊ တို့ အားကိုးစရာတွေ အများကြီးရှိပါလား လို့ နဂိုကလဲ ကျန်းမာအောင်နေလို့, နဂိုကလဲ မေတ္တာနဲ့ နေလို့, နဂိုကလဲ ဘုရားအာရုံနဲ့ နေလို့၊ အဲဒီလို နေရာကမှ တစ်စုံတစ်ရာ နှောင့်ယှက်လာတယ် ဆိုလို့ရှိယင်ဖြင့် အားကိုးစရာအမျိုးမျိုးတွေနဲ့ အားကိုးနေသင့်တယ်။

အာဠာနာဠိယပရိတ် ရွတ်နည်း

ယခုလို အာဠာနာဠိယသုတ် ရွတ်ခါနီးပြီ ဆိုလို့ရှိယင်လေ တကတဲ ရဟန်းတော် ကိုယ်တော်မြတ် ကိုယ်တိုင်ကပဲ သားတွေ ငါးတွေ မစားဘဲနဲ့, ပင့်လာတဲ့အခါလဲ လုံလုံခြုံခြုံ ဘေးကအနှောင့် အယှက်တွေ မနှောင့်ယှက်နိုင်အောင်ပင့်လို့ ရွတ်တဲ့နေရာမှာလဲဘဲ လုံလုံခြုံခြုံ၊ တံခါးတွေ အပေါက်တွေ ပိတ်လို့ ရွတ်တဲ့ အခါလဲဘဲ စေတနာ မေတ္တာနှင့် ပျောက်စေရမယ် ငါ့ ဒါယကာ, ပျောက်စေရမယ် ငါ့ဒါယိကာမ ပျောက်စေရမယ်, ကျန်းမာစေရမယ်၊ ဒါမမဟုတ် ငါ့ရဲ့ တပည့်ရဟန်း ကျန်းမာစေရမယ်၊ အဲဒီလို စသည်အားဖြင့် မေတ္တာထားပြီးတော့ အဲဒီလို ရွတ်ပါတဲ့၊ အဲဒီလို ရွတ်လို့ရှိယင် နတ်တွေကလဲဘဲ ကြည့်ပြီးတော့ မနေပါဘူး၊ မြတ်စွာဘုရား၏ အဓိန့်အာဏာကလဲဘဲ ယခုလို ပုဂ္ဂိုလ်တွေအပေါ် ပေါင်းပြီးတော့ ရောက်လာပါလိမ့်မယ်။

ပေါ့ပေါ့မနေနဲ့

အဲဒါကြောင့် မိမိတို့က ပေါ့ပေါ့ဆဆ မနေကြဘဲနဲ့ ပရိတ်ရွတ်တဲ့အခါလဲ စိတ်ပါလက်ပါ ကြည်ကြည်နူးနူးရွတ်လို့, ထာဝရနေတဲ့အခါမှာလဲဘဲ ကျန်းမာရေး

သတိထားလို့ တစ်ယောက်နဲ့ တစ်ယောက်လဲဘဲ မကောင်းဆိုးဝါးတွေ, အနှောင့်အယှက်တွေ မလာနိုင်အောင်, မကပ်နိုင်အောင်, မသွင်းနိုင်အောင် မေတ္တာစကား ပြောလို့၊ ထာဝရလဲ အကာအရံတွေနဲ့ နေလို့ အဲဒီလို နေမယ်ဆိုလို့ရှိယင် ဒီဘဝမှာလဲ လူကောင်းသူကောင်းဖြစ်လို့, ဘေးရန်အန္တရာယ်ကင်းလို့, နောက်ဘဝ သံသရာအဲတွက်လဲ ကုသိုလ်ကောင်းမှုတွေ နေရင်းထိုင်ရင်းက ရလို့ အဲဒီလို အကျိုးများတာ ဖြစ်သောကြောင့် ပေါ့ပေါ့ဆဆ မနေဘဲနဲ့ အားလုံးစိတ်ချမ်းသာလို့, ကိုယ်လဲ ကျန်းမာလို့, ပတ်ဝန်းကျင်က နတ်တွေလဲ မေတ္တာပို့လို့, ပတ်ဝန်းကျင်က လူတွေလဲ မေတ္တာပို့လို့ အဲဒီလို နေကြထိုင်ကြမယ်ဆိုလို့ရှိယင်ဖြင့် လောကရော ဓမ္မရော ကြီးပွားပြီးတော့ အလွန်အဖိုးတန်တဲ့ အမျိုးသား အမျိုးသမီးများဖြစ်ကြမည် ဖြစ်သောကြောင့် မိမိတို့ကိုယ်ကို မိမိတို့ စောင့်ရှောက်၍ သူတော်ကောင်းတရားကို အမြဲမပြတ် နှလုံးသွင်းနိုင်ကြ စေကုန်သတည်း။

သာဓု...သာဓု...သာဓု...

အမှာ။ ။အာဠာနာဠိယသုတ် အကျယ်ပါဠိတော် ဒီဃနိကာယ ပါထိကဝဂ္ဂပါဠိတော် စာမျက်နှာ (၁၅၈)မှာ ပါသည်။

အာဠာနာဠိယသုတ်တရားတော် ပြီး၏။

အင်္ဂလိမာလသုတ်တရားတော်

ထိုင်ခုံဆေးရေ

ဒီနေ့ အင်္ဂုလိမာလသုတ် ပရိတ်ကို ရွတ်ရမယ်၊ အင်္ဂုလိမာလသုတ်က ပရိတ်ကြီးထဲမှာပါနေတဲ့ အင်္ဂုလိမာလသုတ်ကတော့ နည်းနည်းကလေး၊ ဒါပေမယ့် သံဂါယနာ တင်ထားတဲ့ သုတ္တန်က တော်တော်လေးဘဲ ရှည်တယ်၊ ဒီအင်္ဂုလိမာလသုတ်ဟာ ဘယ်လောက်များ တန်ခိုးကြီးသလဲလို့ ဆိုတော့ သူ့နေရာမှာ, အင်္ဂုလိမာလပရိတ်ရွတ်တဲ့ ပုဂ္ဂိုလ်ရဲ့ နေရာမှာ, သုတ်ရင်းမှာတော့ အင်္ဂုလိမာလ မဟာထေရ်ရဲ့ နေရာမှာ အဲဒီ နေရာထိုင်ခုံ အင်းပျဉ်ကို ဆေးတဲ့ရေတောင်မှ ဘေးရန်အန္တရာယ်တွေကို ကာကွယ်နိုင်တယ်၊ ကိုယ်ဝန်ကို လွယ်လွယ်ကူကူ ဖွားစေနိုင်တဲ့ သစ္စာပရိတ်ဘဲ၊ အဲဒီလို ပြီးစေနိုင်တဲ့ ပရိတ်ကို ယခုရွတ်မယ်၊ ဖြစ်လာတဲ့ ဝတ္ထုကြောင်းကိုတော့ နောက်ပြောပြမယ်။

လက်နက်တွေ အရောင်တောက်

မြတ်စွာဘုရား သာဝတ္ထိပြည်မှာ သီတင်းသုံးတော်မူတဲ့အချိန် အဲဒီအချိန် မရောက်ခင် ခပ်စောစောကနဲ့ တူပါရဲ့၊ အင်္ဂုလိမာလအလောင်းဖြစ်တဲ့ သတို့သား ဖွားတယ်၊ အင်္ဂုလိမာလအလောင်း သတို့သားဖွားတာက ညမှာ ဖွားတယ်၊ ဖွားတော့ လက်နက်တွေ ထောင်ထားတဲ့ နေရာက အကုန်လုံး အရောင်တောက်နေတယ်၊ သူရဲ့ မယ်တော်နဲ့ ခမည်းတော်က ပုရောဟိတ်ပုဏ္ဏားနဲ့ ပုရောဟိတ် ပုဏ္ဏေးမ ဖြစ်တယ်၊ အဲဒီ အင်္ဂုလိမာလအလောင်း ဖွားတဲ့အချိန် ညမှာ လက်နက်

တွေ အကုန်လုံး အရောင်တောက်နေတယ်၊ ရှင်ဘုရင်အနားမှာ မင်္ဂလာလက်နက်လဲ ရှိတယ်၊ အဲဒီ မင်္ဂလာလက်နက်လဲ အရောင်တောက်တယ်၊ ဒီတော့ သူ့ရဲ့ ဖခင် ပုရောဟိတ် ပုဏ္ဏားက ဗေဒင်တတ်တာဖြစ်တော့ "ငါ့သားဖွားတဲ့ အချိန်မှာ လက်နက်တွေ အရောင်တောက်တယ်၊ ဘာများ ဖြစ်မှာပါလိမ့်မတုန်း"လို့ အပြင်ဘက် နက္ခတ်တွေ ကြည့်လိုက်တော့ နက္ခတ်က စောရနက္ခတ်နဲ့ ယှဉ်နေတယ်။

ဘုရင်ဆီသွား

ဒါနဲ့ သူအားမရတာနဲ့ နံနက်ကျတော့ ရှင်ဘုရင်ဆီ သွားတယ်၊ "အရှင်မင်းမြတ်...ချမ်းချမ်းသာသာ စက်တော်ခေါ်ရပါရဲ့လား"၊ ဟာ...ဘယ်ချမ်းသာမလဲ၊ ညက အိပ်ရာနားမှာ ထားတဲ့ မင်္ဂလာလက်နက် အရောင်တောက်တယ်၊ ဒါ့ကြောင့် ငါ စိတ်မကောင်းဖြစ်တယ်"၊ "ဟာ...အရှင်မင်းမြတ် ဒီအတွက် စိတ်မကောင်း မဖြစ်ပါနဲ့၊ အရှင်မင်းမြတ်ရဲ့ လက်နက်တစ်ခုသာ အရောင်တောက်တာ မဟုတ်ပါဘူး၊ တစ်မြို့လုံးရှိ လက်နက်တွေဟာ ဒီလိုဘဲ အရောင်တောက်ပါတယ်၊ ကျွန်တော်မျိုးရဲ့ အိမ်မှာ သားရတနာ ဖွားပါတယ်"။

"အို-ကောင်းပါပြီ၊ ဒါဖြင့် ဒီသားက ဘယ်လို အကျိုးအပြစ်ရှိမှာလဲ"လို့ ဆိုတော့၊ "နက္ခတ်က ဒီလိုနက္ခတ်နဲ့ ဖွားတာမို့လို့ တော်ပုန်းဖြစ်စရာ ရှိပါတယ်၊ ဒါ အရှင်မင်းမြတ် အလိုရှိသလို စီမံပါ"၊ "ဒါဖြင့် တိုင်းပြည်များ အန္တရာယ်ပြုမှာလား"၊ "မပြုပါဘူး၊ ကျုပ်သား တစ်ယောက်တည်းပါဘဲ"။

အဟိံသက "အို...ဒီလိုဆိုယင် မပြောပလောက်ပါဘူး၊ သူ့ရဲ့ သုံးဖို့စွဲဖို့ ဆုတော် လာဘ်တော်တွေများ အလိုရှိသလို ယူပြီးတော့ ကောင်းကောင်း မွန်မွန်ဘဲ မွေးပါ"လို့ ဆိုတော့၊ ကိုင်း-သူ့သားကို ပုရောဟိတ်ကြီးက ဘယ်နာမည် ပေးသလဲလို့ ဆိုတော့ ငါ့သားကြောင့် လက်နက်တွေ အရောင်တောက်ပေမယ်လို့ ဘယ်သူ့ကိုမှ ဘေးရန်အန္တရာယ် မရှိဘူး၊ ဒါ့ကြောင့် ငါ့သားကို "အဟိံသက-ဘယ်သူ့မှ ညှင်းဆဲတတ်တဲ့သူ မဟုတ်ဘူး"လို့ ဒီလို နိမိတ်ယူပြီးတော့ "အဟိံသက"လို့ နာမည်ပေးတယ်၊ နာမည်အရင်းက အဂုံလိမာလ မဟုတ်ပါဘူး၊ "အဟိံသက"ပါ၊ နောက်တော့ တော်တော်ကလေး အရွယ်ရောက်တော့ တက္ကသိုလ်ကို ပညာသင် လွှတ်တယ်၊ ပညာသင်တော့ သူက ပညာထက်တယ်၊ နေရာတိုင်းမှာ အလိုက်သိတယ်၊ ဆရာကြီး သမားကြီးကို ပညာက ထက်, အလိုက်က သိ, လေးစားတော့ ကျောင်းသားတွေထဲမှာ သူအရေးပါဆုံး ကျောင်းသားဖြစ်နေတယ်၊ ဒါနဲ့ ဒီပြင်ကျောင်းသားတွေက သူ့ကို မနာလိုကြဘူး။

ဆရာကြီးထံ ကုန်းတိုက် မနာလိုတော့ တက္ကသိုလ်ဆရာကြီးထံ ကုန်းတိုက်ကြတယ်၊ ဆရာကြီးက ပထမတော့ မယုံဘူး၊ ဒုတိယကျတော့ "ကဲ-သုံးစုခွဲပြီးတော့ ပြောကြစို့ရဲ့"လို့ ဆိုပြီး ကျောင်းသားသုံးစုခွဲပြီးတော့ အဟိံသကဟာ အရှင် ဆရာကြီးတို့ အိမ်တွင်းမှာ မတရား ကြံစည်ပါတယ်၊ ဒီလိုပြောတဲ့ ပထမအသုတ်ကို ငေါက်ငန်းလွှတ်လိုက်တယ်၊ အမောင်တို့ မဟုတ်တာပြောတယ်, ဘာညာနဲ့ ပြောလိုက်တယ်။

ဒုတိယအသုတ် ကျောင်းသားတွေ ဒီလို လာပြန်တယ်၊ သူလဲ မယုံတယုံဖြစ်သွားတယ်၊ တတိယအသုတ် ကျောင်းသားတွေကလဲ ဒီလို ပြောပြန်တော့ ဆရာကြီး ဇဝေဇဝါဖြစ်ပြီး ဒီ အဟိံသက အပေါ်မှာ မကျေမနပ် ဖြစ်လာတယ်၊ ဒါနဲ့ ကဲလေ သူတို့ပြောသလို ငါ့အိမ်တွင်းရေးကို သူ နှောက်ယှက်လို့ ရှိယင်တော့, ဖောက်ပြန်လို့ ရှိယင်တော့ ငါက သူ့ကို ဖျောက်ဖျက်ပြစ်ယင် ငါ့နာမည် ပျက်လိမ့်မယ်၊ ဒီတော့ သူ့တာဝန်နဲ့သူ ဖြစ်ပစေတော့ဆိုပြီး "အဟိံသက...လာ၊ မင်း ပညာတော့ တတ်ပြီ၊ မင်းပညာအကျိုးရှိဖို့ ဘေးက အခြံအရံမှုတွေ ရှိသေးတယ်၊ ဒီတော့ကာ မင်းပညာရဲ့ အကျိုး ကောင်းကောင်း ခံစားရအောင် လူပေါင်းတစ်ထောင်ကို မင်း သုတ်သင်ပစ်ပေးရမယ်၊ အဲဒီလို လူပေါင်းတစ်ထောင် သုတ်သင်ပစ်ပြီးလို့ ရှိယင် မင်းပညာ ကောင်းကောင်း အကျိုးပေးမှာဘဲ"လို့ ပြောတော့...

ဆရာကြီးက ညစ် ဆရာကြီးက ညစ်တယ်၊ လူပေါင်းတစ်ထောင်ကို ဒီလို သုတ်သင်ဖို့ရာလို့ ပြောယင် ဒီလူထဲက သူ့ပြန်ပြီးတော့ တော်လှန်ကြတာနဲ့ သူ့ပြန်ပြီးတော့ သုတ်သင်ခိုင်းတာနဲ့ အတူတူဘဲ၊ အဲဒီလို ဆရာကြီးက ညစ်တယ်၊ ဘာမှ ပညာနဲ့ မဆိုင်ဘူး၊ ဒီတော့ သူက ငြင်းတယ်၊ ဆရာ ကျွန်တော်တို့ အမျိုးက အဟိံသက-သူများကို မညှင်းဆဲဘူး၊ အဲဒါ မဖြစ်နိုင်ဘူး ထင်တယ်လို့ ငြင်းတယ်။

ဒီလိုဆိုယင်လဲ မင်းပညာ အကျိုးရမှာမဟုတ်ဘူး၊ ဒါနဲ့ သူ ဆရာကြီးလဲ ရှိသေ, ပညာလဲ အကျိုးရစေချင်, အဲဒါနဲ့ဘဲ "ကဲလေ-

ကောင်းပါပြီ"လို့ ဆိုပြီးတော့ ဆရာ့ဆီက ဝန်ခံပြီး သန်လျက်တို့ လေးတို့ မြားတို့ အပြည့်အစုံ လက်နက်တွေ ယူပြီးတော့ တစ်ခါထဲ သာဝတ္ထိနယ်က တောထဲ ဝင်တော့တာဘဲ။

လူတွေ ဖမ်းသတ် တောထဲဝင်တော့ အင်မတန်ကောင်းတဲ့ လူသွား, လူလာများတဲ့ တောကြီးထဲမှာ တော အစက တောအဆုံးအထိ အကုန်လုံး လာတဲ့သူတွေ ဖမ်းမိအောင် ဆိုပြီး တောလယ်ကနေပြီးတော့ လာလာသမျှ လူတွေကို ဖမ်းပြီး ဖျောက်ဖျက်ပစ်တယ်၊ တစ်ယောက်ရ, နှစ်ယောက်ရ, နောက်တော့ သူက မေ့မေ့သွားတယ်၊ ဘယ်နှစ်ယောက်မှန်းတောင် မသိဘူး၊ ဆရာကြီးက တစ်ထောင်လို့ ပြောတယ်၊ ရော...ခက်ပြီ၊ ဒီလိုဆိုယင် မဖြစ်ဘူးဆိုပြီးတော့ တစ်ယောက် ဖျောက်ဖျက်ပစ်လိုက်, လက်ကလေးတစ်ချောင်း ယူထားလိုက်၊ နောက်ကျတော့ ကြိုးနဲ့သီ, လည်ပင်းဆွဲထားတယ် မပျောက်အောင်၊ နောက်တစ်ယောက် လက်ချောင်းယူ၊ ကြိုးနဲ့သီ လည်ပင်းဆွဲထားတယ်။

အင်္ဂုလိမာလ အဲဒါနဲ့ "အင်္ဂုလိန်-လက်ချောင်းတို့၏၊ မာလံ-ပန်းကို၊ ဓာရေတိ-ဆောင်တတ်၏"၊ အဲဒါနဲ့ ဘေးကလူတွေက သူ့ကို "အင်္ဂုလိမာလ, အင်္ဂုလိမာလ"နဲ့ ဒီလို နာမည် ဖြစ်သွားတယ်၊ တောထဲကျမှရတဲ့ နာမည်-"အင်္ဂုလိမာလ အင်္ဂုလိမာလ" နဲ့၊ ဒါနဲ့ သူ တောထဲက ဒီလိုနောက်ယှက်နေတော့ အင်္ဂုလိမာလကို အလိုလိုကြောက်နေကြတယ်၊ ဒီတောကို မသွားဝံ့ကြဘူး၊ မသွားဝံ့တော့ လူတစ်ယောက်မှ အသွားအလာမရှိလို့ အသွား အလာပြတ်နေတဲ့ အချိန်ကျတော့ တောအစွန်က ရွာတွေ

ဝင်ပြီးတော့ ညမှာ ဒီလို သူ လုပ်ကြံပြန်တာဘဲ၊ အဲဒီမှာလဲ လက်ချောင်းလေးတွေ ယူလာတယ်၊ နောက် ရွာတွေပျက်တယ်၊ အစွန်အဖျားက ရွာတွေပျက်ပြီးတော့ မြို့ကလေးတွေဆီ ပြောင်းကြတယ်၊ ရွာတွေပျက်ပေမယ့် လူမစေ့သေးတော့ မြို့ကလေးတွေ လိုက်ပြီးတော့ သူက နောက်ယှက်တယ်၊ အဲဒီကျတော့ တောမြို့ဇနပုဒ်ကလေးတွေပါ ပြောင်းပြန်ရော၊ ပြောင်းပြီးတော့ သာဝတ္ထိမြို့ဆီ တကတဲ အကုန်လုံး ကပ်ကြတယ်၊ ကလေးတွေ လူကြီးတွေပါ အကုန်လုံး ပြောင်းပြီးတော့ သာဝတ္ထိပြည် ရောက်ကြတယ်။

ဖမ်းပေးရန် အော်ကြ ရှင်ဘုရင့်ဆီ အကုန်လုံး အော်ကြတယ်၊ "အရှင်မင်းကြီး, အင်္ဂုလိမာလ ဆိုတဲ့ သူပုန်ဟာ ဒီလို နောက်ယှက်နေပါတယ်၊ လူသွား လူလာ မရှိတော့ပါဘူး၊ တောထဲမှာ လယ်ယာကိုင်းကျွန်း မထွန်နိုင်တော့ပါဘူး၊ သူ့ကို ရအောင်ဖမ်းပေးပါ"လို့ ဆူကြ အော်ကြတော့ ရှင်ဘုရင်က ဆင်စီးသူရဲကောင်းတွေလွှတ်တယ်၊ သူတို့လဲဟိုမှာ တစ်ခါထဲ အင်္ဂုလိမာလ လက်ထဲ အသက်ပျောက်ကြတာဘဲ၊ မြင်းစီးသူရဲကောင်းတွေ လွှတ်၊ ရထားစီးသူရဲတွေ လွှတ်၊ ဘယ်သူမှ ပြန်မလာဘူး၊ ဆင်တွေလဲ တောဆင်ကြီးတွေ ဖြစ်ကုန်ကြ၊ မြင်းတွေလဲ တောမြင်းတွေ ဖြစ်ကုန်ကြ၊ ရထားတွေလဲ အဲဒီတောထဲမှာ ပျက်စီးကြ၊ ရှင်ဘုရင်ကိုယ်တိုင်လဲ နည်းနည်း လန့်လာပြီ။

နောက်တော့ တိုင်းပြည်က ဆူလွန်းမက ဆူတော့ "အရှင်မင်းမြတ် ကိုယ်တိုင် ထွက်ပြီးတော့ အင်္ဂုလိမာလကို တားပေးပါအုံး"လို့ ပြောတော့ ရှင်ဘုရင် ကြောက်တော့ ကြောက်တယ်။

မိဘနှစ်ဦး တိုင်ပင် ဒါနဲ့ သူရက်ချိန်းတွေ နေ့ချိန်းတွေ ဟိုလို လုပ်, ဒီလိုလုပ်နဲ့ ပြောနေတုန်း ဟာ ဘယ် ရက်ကျလို့ ရှိယင် ငါထွက်မယ်နဲ့ ပြောတော့ ပုရောဟိတ်ကြီးက မယ်တော် သွားပြောတယ်၊ "ရှင်မ, အဂ္ဂိလိမာလဆိုတာ သူများ မဟုတ်ဘူး, တို့သား အဟိ်သကပဲ၊ ရှင်ဘုရင်က ဘယ်နေ့ ဘယ်ရက် ထွက်ဖမ်းမယ်လို့ ပြောနေပြီ"။

"ဒါဖြင့်ယင် ကိုသွားပါ, သားကို ချော့ပြီးခေါ်ခဲ့ပါ"၊ "ငါတော့ မသွားဝံ့ဘူး၊ ငါ့သားပေမယ်လို့ ငါတော့ ကြောက်တယ်"၊ "အမေ ဆိုတာ အင်မတန် နူးညံ့တယ်, ဒီတော့ ကျုပ်သွားမယ်၊ နက်ဖန်ခါ ရှင်ဘုရင်ထွက်မယ်လို့ ပြောတယ်၊ ရှင်ဘုရင် ထွက်ဖမ်းလို့ ကျုပ် သားမိသွားယင် မခံနိုင်ဘူး၊ ကျုပ်သွားမယ်" နက်ဖန်ခါကျတော့ မယ်တော်ကြီးက သွားမယ်တဲ့။

ညဏ်ထဲထင်လာ အဲဒီ နက်ဖန် နံနက် စောစောကပဲ မြတ်စွာ ဘုရားက သဗ္ဗညုတညာဏ်တော်နဲ့ ဆျတ်ထိုက်တဲ့ သတ္တဝါတွေကို ကြည့်တော့ ညဏ်ထဲမှာ အဂ္ဂိလိမာလ ပေါ်ထင်လာတယ်-"အော်...အဂ္ဂိလိမာလ သာမန် မဟုတ်ပေဘူး၊ ရဟန္တာ ဖြစ်လောက်တဲ့ ပုဂ္ဂိုလ်ဘဲ၊ ဒါပေမယ့် ယနေ့ သူ့မယ်တော် သွားလိမ့်မယ်။

သူလဲစိတ်ပျက် အဂ္ဂိလိမာလကလဲ သူ လက်ကိုးရာနဲ့ ကိုးဆယ့် ကိုးချောင်း ရလို့ စိတ်ထဲမှာလဲပဲ ငါလေ အစားလဲ ကောင်းကောင်း မစား၊ အအိပ်လဲကောင်းကောင်း မအိပ်ရ၊ အနေလဲ

ကောင်းကောင်း မနေရ၊ တောထဲမှာ ဆင်းရဲလှပြီ၊ နက်ဖြန်တော့ ဘယ်သူလာလာ လက်ညှိုးတစ်ချောင်း ရလို့ရှိယင်တော့ ငါ့ဆရာ ရဲ့ အမိန့်အတိုင်းလဲ တည်ရော၊ အတတ်ပညာရဲ့ ပြုသင့်ပြုထိုက်တာ လဲဘဲ ပြုပြီးသား ဖြစ်ရော၊ နက်ဖြန်ခါတော့ အဲဒီ တစ်ချောင်း ရလို့ ရှိယင် ငါ့ကိုယ်ငါ ရေမိုးချိုးပြီးတော့ အမေ အဖေ့ဆီ သွားတော့ မယ်နဲ့ သူလဲ အင်မတန် စိတ်ပျက်ပြီးနေတုန်းမှာ...

ဘုရားကြွလာ မြတ်စွာဘုရားကလဲ ဉာဏ်တော်ထဲမြင်လို့, အမေ လာ အမေသတ်ဖြစ်တော့မှာဘဲ၊ အမေသတ်လို့ ရှိယင်ဖြင့် အင်မတန် အဖိုးတန်တဲ့ ရဟန္တာဖြစ်လောက်တဲ့ ပုဂ္ဂိုလ် ကြီးဟာ ကိုယ်ကျိုးနည်းတော့မှာဘဲ၊ ငါဘုရား အရင်သွားမှဘဲလို့ ကြံပြီး မြတ်စွာဘုရားက မနက်စောစော ဆွမ်းဘုဉ်းပေးပြီးတော့ အဂ္ဂိလိမာလရှိတဲ့တော ရှေးရှုကြွသွားတယ်၊ တောလမ်းကမြင်တဲ့ နွားကျောင်းသားတွေက မြတ်စွာဘုရားကလဲ ထင်ထင်ရှားရှား ဘုရားအနေမျိုးနဲ့ မဟုတ်ဘဲနဲ့ မထင်မရှား ကြွသွားတော့ နွား ကျောင်းသားတွေက...

"ကိုယ်တော်... အဲဒီများ မသွားလေနဲ့, အဂ္ဂိလိမာလရှိတယ်"၊ ဒီပြင် ဆိတ်ကျောင်းသားတွေ, သိုးကျောင်းသားတွေကလဲ "ကိုယ် တော်...အဲဒီ မသွားပါလေနဲ့, အဂ္ဂိလိမာလ ရှိတယ်" တစ်ခါ လယ် ထွန်သမား ယာထွန်သမားတွေကလဲ ဒီလို ပြောကြတာဘဲ၊ မြတ်စွာ ဘုရားက ကြွမြဲတိုင်း ကြွသွားတယ်၊ "ကိုယ်တော် မကြွပါနဲ့၊ အဲဒီမှာ

ဆယ်ယောက်သွားလဲ မပြန်လာဘူး၊ ကိုယ်တော်... နှစ်ဆယ်, သုံးဆယ်, လေးဆယ် သွားလဲဘဲ မပြန်လာဘူး ကိုယ်တော်... တစ်ပါးထဲ မသွားပါနဲ့ ကိုယ်တော်" အဲဒီလို လျှောက်ကြပေမယ်လို့ မြတ်စွာဘုရားက မှန်မှန် ကြွသွားတော်မူတယ်။

ဘုရားရှင် အဓိဋ္ဌာန် အင်္ဂုလိမာလကလဲ စိတ်ပျက်ပျက်နဲ့ ကနေ့တော့ တစ်ယောက်ပြီးလို့ ရှိယင် ငါ ဝင်္ဒ ကျွတ်ပြီဆိုတဲ့ အနေမျိုးနဲ့ သူက တောအစနား လာပြီး ယနေ့ စောင့်နေတဲ့ အချိန်နဲ့ မြတ်စွာဘုရားမြင်တော့ "အံမယ် အံ့သြစရာကောင်းလိုက်တာ၊ ဒီတောထဲ ဆယ်ယောက်, နှစ်ဆယ်, သုံးဆယ်, လေးဆယ်တောင်မှ မလာဝံ့တဲ့ဥစ္စာ, အခု ရဟန်းကြီးက တစ်ပါးတည်း လာတယ်၊ ရဟန်းကြီးကိုလဲ ငါ မနေနိုင်ဘူး လိုက်မှဘဲ" လို့ ဆိုပြီးတော့ မြတ်စွာဘုရားကို သူလိုက်တာကိုး၊ မြတ်စွာဘုရားကို လိုက်တော့ မြတ်စွာဘုရားက အဓိဋ္ဌာန်တယ်..."အင်္ဂုလိမာလ ငါ့ နောက် လိုက်လို့ရှိယင် ငါကမှန်မှန်သွားပေမယ့် အင်္ဂုလိမာလ အပြေးလိုက်တောင်မှ မမှီစေသတည်း"လို့ အဓိဋ္ဌာန်ပြီးတော့ ရှေ့ကကြွတော်မူတယ်။

လိုက်ပေမယ့် မမှီ အင်္ဂုလိမာလက နောက်က သန်လျက်ရော, မြားရော အပြည့်အစုံ ကိုင်ပြီးတော့ လိုက်တယ်၊ လိုက်ရင်း အင်္ဂုလိမာလက ခြေထောက် ချမယ်ဆိုယင် မြေက မောက်ပြီးတော့ လာလို့လာ၊ တစ်ခါ ကြွမယ်ဆိုတော့ မြေက နိမ့်သွား

လို့ သွားနဲ့ လှိုင်းထသလို မြေတွေ ဖြစ်နေတယ်၊ အင်္ဂုလိမာလ အပြေးလိုက်ပေမယ်လို့ မမှီဘူး၊ မောပြီးတော့နေတယ်၊ မြတ်စွာဘုရားက အလယ်လောက် ရောက်နေတုန်း အင်္ဂုလိမာလက အစလောက်ရှိသေးတယ်၊ အတင်းလိုက်တယ်၊ ဒီတင် အင်္ဂုလိမာလက အလယ်လောက်ရောက်နေ၊ အင်္ဂုလိမာလလဲ မောလှပြီ၊ စာကဆိုတယ်၊ ပါးစပ်တွေ နူတ်ခမ်းတွေများမှာလဲဘဲ တံတွေးတွေ ခြောက်ကုန်ပြီ ပင်ပန်းလှပြီ။

ရဟန်းကြီး ရပ်အုံး သူလဲ အံ့သြပြီးတော့ ဘယ့်နယ်လဲ ငါတမော တပန်းကြီး ပြေးလိုက်ရတယ်၊ ရှေ့က ရဟန်းကြီးက မှန်မှန်သွားတယ်၊ ဒါတောင်မှ မမှီဘူး၊ ရှေးတုန်းကများ ဆိုလို့ရှိယင် ဆင်စီးသူရဲလာ၊ ငါ ပြေးနေတဲ့ ဆင်ကို အဘင်းလိုက်ယင် ဒီဆင် ငါမိတာဘဲ၊ မြင်းစီးသူရဲလာ, ပြေးနေတဲ့ မြင်းကို ငါအတင်းလိုက်ယင် မှီတာဘဲ၊ ရထားစီး သူရဲတွေလာ, ပြေးနေတဲ့ရထား လိုက်ယင် မှီတာဘဲ၊ အခု ဒီရဟန်းကြီး ငါမမှီဘူးလို့ အံ့သြပြီးတော့ လှမ်းပြီး "ရဟန်းကြီး ရပ်အုံး, ရပ်အုံး"လို့ ဆိုတော့ မြတ်စွာဘုရားက "ငါ ရပ်နေပြီ၊ သင်ကလဲရပ်ပါတော့လား" ဟု ကြွယင်းဘဲ မိန့်တော်မူတယ်။

"ဘယ့်နယ် ပြောပါလိမ့်မတုန်း၊ သွားနေရက်သားနဲ့ ငါ ရပ်နေပြီလို့လဲ ပြောတယ်၊ သင်ကလဲ ရပ်ပါတော့လားလို့ ပြောတယ်၊ ဘာ ပြောပါလိမ့်မတုန်းလို့ ရဟန်းကြီး ဘာပြောတာတုန်း ကျုပ်နား မလည်ဘူး"လို့ လှမ်းပြောတော့ ငါက "သူ့ အသက်ကို မသတ်ဘဲနဲ့

မား လုံ သေနတ် လက်နက်တွေ ချပြီးတော့ ရှေ့ ငါသံသရာ သွာ စရာမရှိဘူး, ရပ်ပြီ၊ သင်ကတော့ သူတစ်ပါး အသက်တွေ သတ်ပြီ တော့ အပါယ် ၄ ပါး တသွားထဲသွား, တပြေးထဲ ပြေးနေသေ တယ်"လို့ အဲဒီလို ပြောတော့မှ။

သတိရ ဗျုံးကနဲ သတိရပြီးတော့ "ဟာ–ဒီရဟန်းဟာ သူများ ဟုတ်ပုံမရဘူး၊ မယ်တော်မာယာရဲ့ သား သိဒ္ဓတ္ထဆိုတာ သူဖြစ်လိမ့်မယ်"လို့ ဆိုပြီးတော့ တစ်ခါထဲ သတိရပြီး သူ့ပါလာတဲ့ လက်နက်တွေ အကုန်လုံး တောထဲ လွှင့်ပစ်လိုက်တာဘဲ၊ လွှင့်ပစ်ပြီးတော့...

"တပည့်တော် ရဟန်းပြုပါရစေဘုရား"လို့ ဘုရားနား ကပ်ပြီး တော့မှ ခြေထောက်ဖက်ပြီး ရဟန်းပြုဖို့ရန် တောင်းတယ်၊ ရဟန်း ပြုဖို့ တောင်းတော့မှ...

ဧဟိဘိက္ခုခေါ် မြတ်စွာဘုရားက "ဧဟိ ဘိက္ခု၊ ဘိက္ခု–ရဟန်း၊ ဧဟိ–သင် အလိုရှိအပ်တဲ့ ရဟန်းအဖြစ်ကို လက် ခံလော၊ မယာ–ငါဘုရားသည်၊ ဓမ္မော–တရားကို၊ သွာက္ခာတော– ကောင်းစွာ ဟောပြတော်မူအပ်ပြီ၊ ဒုက္ခဿ–ဆင်းရဲ ဝဋ်ဒုက္ခ၏၊ သမ္မာ–ကောင်းစွာ၊ အန္တကိရိယာယ–အဆုံးကို ပြုခြင်းငှာ၊ ဗြဟ္မ စရိယံ–မြတ်သော အကျင့်ကို၊ စရ–ငါဘုရားအထံ၌ ကျင့်လှည့် လော"လို့ "ဧဟိ ဘိက္ခု"ခေါ်တော်မူလိုက်ယင်ဘဲ အဂုံလိမာလဆိုတဲ့ သတို့သားဟာ တစ်ခါထဲ ရဟန်းအဖြစ်မျိုးနဲ့ ခေါင်းတွေ ဆံတွေ ရိပ်ပြီးသား, မုတ်ဆိတ်တွေ ရိပ်ပြီးသား, သင်္ကန်းဝတ်ပြီးသား၊

အဲဒီလို ကြည်ညိုစရာ ရဟန်းတော်မြတ် ဖြစ်ပြီးတော့ မြတ်စွာဘုရား နား ရောက်လို့ မြတ်စွာဘုရားက သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော် ကြွဖို့ရန် နောက်ပါ အဂုံလိမာလရဟန်းကို ခေါ်ပြီးတော့ ကြွ တော်မူတယ်။

မြင်းတပ်နဲ့ ထွက်လာ မယ်တော်ကြီးကလဲ လမ်းလွဲပြီးတော့ "အဟိံသကရေ...အဟိံသကရေနဲ့ ရှာ, ရှာတယ်၊ တောထဲမှာ "အဟိံသကရေ...အဟိံသကရေနဲ့" ရှာပေမယ် လို့ မတွေ့တော့မှ မယ်တော်ကြီးလဲ လက်လျှော့ပြီးတော့ ပြန်သွား တယ်၊ အဲဒီအချိန်မှာ ရှင်ဘုရင်လဲ မနေသာလို့ တိုင်းပြည်က ဆူလွန်း ပူလွန်းလို့ "ထွက်မှဘဲ ဒီတစ်ခါတော့ အဂုံလိမာလဆီ ငါမထွက်လို့ မဖြစ်ဘူး၊ တိုင်းသူပြည်သားတွေက အင်မတန်မှ ကြောက်ရွံ့နေပြီ" လို့ ဆိုပြီးတော့ မြင်းတပ်ငါးရာနဲ့ ခြံရံပြီး ဒီတောထဲကို ထွက်လာခဲ့ တယ်၊ ထွက်လာပေမယ်လို့ ရှင်ဘုရင်ကြီးဟာ စိတ်ထဲ မရဲတရဲကြီး ဖြစ်ပြီးတော့ ဒီ အခြေအရံကိုက မြင်းတပ်နဲ့ ခြံရံလာတယ်၊ မြင်းတပ် က ဘာဖြစ်လို့လဲ ဆိုတော့ မြင်းတပ်က ပေါ့ပေါ့ပါးပါး ရှိတယ်၊ "အဂုံလိမာလကို ငါကနိုင်လို့ သူကရှုံးလို့ရှိယင်လဲ ဒီမြင်းတပ်နဲ့ အတင်းလိုက်မယ်၊ သူက နိုင်ပုံရလို့ တို့က ရှုံးလို့ရှိယင်လဲ ဒီမြင်းတပ် နဲ့ မြန်မြန်ပြေးရအောင်"လို့ ဆိုပြီး စထွက်ကတဲက သူက မြင်းတပ်နဲ့ ထွက်လာတယ်။

ဘုရားဆီ ဝင် ထွက်လာပြီးတဲ့နောက်တောင် အဂုံလိမာလရှိတယ် လို့ ကြားတဲ့ တောကို ရုတ်တရက် မသွားဝံ့သေး ဘဲနဲ့ ဘုရားဆီ ဝင်အုံးမှဘဲ၊ ဘုရားကလေ သိပ်မြင်တာဘဲ၊ ဘာ

ကိစ္စလာတာတုန်းလို့ ဆိုလို့ရှိယင် "အင်္ဂလိမာလ ဖမ်းမလို့ပါဘုရား" လို့ လျှောက်တဲ့အခါ ငါကနိုင်ပုံရယင် ဘုရားက တိတ်တိတ်နေမှာ၊ ငါက နိုင်ပုံမရလို့ ရှိယင် မြတ်စွာဘုရားက "အို...တစ်ယောက်တည်း ကြိုးကြိုးစားစား ဖမ်းနေဖို့ မလိုပါဘူး"စသည်အားဖြင့် တားလိမ့်မယ်။

ဘုရားရှင်ကတားလို့ ငါက ပြန်လာတယ်ဆိုယင် တိုင်းသူပြည်သားတွေ ပြောကောင်းတယ်၊ ရှင်ဘုရင်ကြီး ထွက်တော့ ထွက်ရှာသားဘဲ၊ ဘုရားရှင်က တားတာနဲ့ ပြန်လာတယ်လို့ ဒီလိုဆိုယင် ငါ့အပေါ်မှာ အထင်မသေးဘဲ ရှိလိမ့်မယ်၊ အဲဒီလို စိတ်ထဲက ကြံပြီးတော့ မြတ်စွာ ဘုရားကျောင်းတော် ဝင်သွားတယ်။

ဘုရားက မေး မြတ်စွာဘုရားက စစ်တပ်တွေ ဘာတွေနဲ့ လာတာဖြစ်လို့မို့ "ဒကာတော် ဘယ်သွားမလို့လဲ၊ ဘယ်သူကများအနှောက်အယှက်ပေးနေလို့တုန်း၊ ဘယ်တိုင်းဘယ်ပြည်များက စစ်ဖြစ်ရန် ပြင်နေလို့တုန်း"၊ အဲဒီလို စသည်အားဖြင့် မေးတော့ "ဘာမှ မရှိပါဘူး၊ အင်္ဂလိမာလဆိုတဲ့ သူပုန်ဟာ ဆိုးလွန်းလို့ဘုရား၊ အင်္ဂလိမာလ တိုင်းပြည်က မခံမရပ်နိုင်ဖြစ်လို့ အင်္ဂလိမာလကို အဖမ်းထွက်လာပါတယ်"လို့ လျှောက်တော့... "ဒကာတော် ရေမြေ့ရှင်-အင်္ဂလိမာလဟာ အကယ်၍များပေါ့လေ ဆံမုတ်ဆိတ်တွေများရိတ်လို့, သင်္ကန်းကြီးများ ဝတ်လို့, တရားများကျင့်နေတယ်လို့ ဆိုယင် ဘယ့်နှယ်လုပ်မတုန်း"။

"အား....ဒီလိုဆိုတော့ တပည့်တော်က သိပ် သဘောကျတာပေါ့၊ ဒီလို သင်္ကန်းဝတ်ပြီးတော့ တရားကျင့်နေမယ်ဆိုယင် တပည့်တော်က အင်္ဂလိမာလကို ပစ္စည်းလေးပါးများ ဖိတ်ပြီးတော့ သူ့မှာ ဘေးအန္တရာယ် မရှိအောင် တပည့်တော်များက တရားသဖြင့် စောင့်ရှောက်ရမှာပေါ့ ဘုရား"လို့ အဲဒီလို လျှောက်တုန်းမှာဘဲ အင်္ဂလိမာလက ဘုရားအနားမှာ ရှိတယ်။

လက်တော်နဲ့ ညွှန် ဒါနဲ့ မြတ်စွာဘုရားက လက်ယာလက်တော်မြှောက်ပြီးတော့ "ဒကာတော်...ဒကာတော် ဖမ်းမယ်ဆိုတဲ့ အင်္ဂလိမာလဟာ သူဘဲ"လို့ အမိန့်ရှိလိုက်တော့ ရှင်ဘုရင်ကြီး ကြောက်လိုက်တာတဲ့လေ တကတဲ တုန်ပြီးတော့နေတယ်၊ ရှင်ဘုရင်ကြီးက တုန်ရုံ တုန်နေတယ်၊ သူ့နောက်ကပါတဲ့ စစ်သားတွေကတော့ တစ်ခါထဲ ထွက်ပြေးပြီးတော့ မြင်းရော, လက်နက်ရော မယူနိုင်ဘဲနဲ့ ကိုယ်လွတ်ထွက်ပြေးပြီးတော့ မြို့တံခါး ချက်ချင်း ပိတ်, ပိတ်ပြီးတော့ မြို့ရိုးတံခါးပေါ်ကနေပြီး အင်္ဂလိမာလများ လာအုံးမှာလားလို့ မြော်ကြည့်နေကြသတဲ့။

သူတို့က ပြောကြသေးသတဲ့၊ အင်္ဂလိမာလက ရှင်ဘုရင်ကြီး ထွက်လာမယ်ကြားလို့ ဇေတဝန်ကျောင်းက နေပြီးတော့ စောင့်နေတယ်၊ တို့က ဇေတဝန်ကျောင်းအဝင်မှာ ရှင်ဘုရင်ကို အင်္ဂလိမာလက ဖမ်းထားလိုက်ပြီလို့ မြို့ထဲ ဒီလိုကြွေးကြော်ထားလို့မို့ မြို့သူမြို့သားတွေလဲပဲ အင်မတန် ကြောက်ပြီးနေကြတယ်။

ပစ္စည်းလေးပါး ဖိတ် နောက်တော့မှ ရှင်ဘုရင်ကြီးကြောက်မှန်း သိလို့ မြတ်စွာဘုရားက "ဒကာတော် မကြောက်နဲ့၊ အဂ်ုလိမာလဟာ လူကို မပြောနဲ့ ပိုးမွှားတိရစ္ဆာန်တောင်မှ မသတ်တော့ပါဘူး"လို့ အဲဒီလို မြတ်စွာဘုရားက အမိန့်ရှိတော့မှ အကြောက်တွေပြေပြီးတော့ အဂ်ုလိမာလအနားသွားပြီး "ကျုပ် အဂ်ုလိမာလလို့ ခေါ်ရမယ့် နာမည်ကတော့ တောထဲက ရတဲ့ နာမည်မို့လို့ မခေါ်ရက်လို့ ကိုယ်တော်ရဲ့ အဖေ့အမျိုးက ဘယ်သူတုန်း၊ အမေက ဘယ်သူတုန်း"လို့ ဆိုတော့...

"ငါတို့အမျိုးက "ဘဂ္ဂဝ"တဲ့၊ ပုရေဟိတ်ကြီး ဖြစ်နေတယ်၊ အမေမယ်တော်က "မန္တာနီ"တဲ့၊ "အော်-ဘဂ္ဂဝအန္တယ်ရှိတဲ့ မန္တာနီရဲ့သား အရှင်ဘုရားဟာလေ တပည့်တော်ဆီ အလိုရှိတာ တောင်းပါဘုရား၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်း ၄ ပါး ဖိတ်ပါတယ်"လို့ အဲဒီလို ဖိတ်တယ်၊ ဖိတ်ရုံတင် မကဘူး၊ သူ့အပေါ်က ခြုံပြီးတော့ လာတဲ့ အဝတ်ကလေးတောင်မှ အဂ်ုလိမာလရဲ့ ခြေရင်းချပြီးတော့ လျှူရှာသေးတယ်။

ဘုရားကျေးဇူးတင် ဒီတော့ အဂ်ုလိမာလက ဓုတင်တွေဆောင်တဲ့ သူဖြစ်လို့ "ဒကာတော် ပြည့်စုံပါပြီ၊ မလိုပါဘူး"လို့ အဲသလို ပြောတော့မှ မြတ်စွာဘုရားထံ ပြန်လာပြီးတော့ "မြတ်စွာဘုရား....အံ့သြစရာ ကောင်းလိုက်တာ ဘုရား၊ တပည့်တော်တို့ သူ့ကို ဆင်နဲ့၊ မြင်းနဲ့၊ ရထားနဲ့၊ အမျိုးမျိုးစစ်သည်တွေနဲ့

ဝိုင်းပြီးတော့ နှိမ်နင်းတာတောင်မှ မရဘူး၊ မြတ်စွာဘုရားက ဘယ့်လက်နက်မှ မပါဘဲနဲ့ ဆုံးမနိုင်ပါပေတယ်ဘုရား"လို့ မြတ်စွာဘုရားကို ကျေးဇူးတင်ကြောင်း လျှောက်ပြီးတော့ မြတ်စွာဘုရားထံ ခွင့်တောင်းပြီး ပြန်သွားတယ်။

မြင်ယင် ထွက်ပြေး အဲဒီလို ပြန်သွားလို့ အရှင်အဂ်ုလိမာလလေ ထုံးစံအတိုင်း ဆွမ်းခံပြီးတော့ စားနေပေမယ်လို့ အဂ်ုလိမာလဆိုတဲ့ နာမည်က ရှိနေတာဖြစ်တော့ အရှင်အဂ်ုလိမာလ ဆွမ်းခံဝင်တယ်လို့ ဆိုယင်ဘဲ ဒီလမ်းဝင်တယ်ဆိုယင် ဒီလမ်းက လူတွေက ပြေးကြသေးတယ်၊ ဟိုလမ်း လျှောက်ပြေး, ဒီလမ်း လျှောက်ပြေးနဲ့၊ တစ်ချို့က တောထဲရောက်အောင် ထွက်ပြေးကြသေးတယ်၊ မပြေးသာလို့ လမ်းအနား တွေ့နေပြီဆိုလို့ ရှိယင် မျက်နှာချင်းတောင် မဆိုင်ဝံ့ဘူး၊ ကျောပေးပြီးတော့ ရပ်နေကြတယ်၊ ဒီတော့ အရှင်အဂ်ုလိမာလ ဆွမ်းတောင် ကောင်းကောင်း မရဘူး၊ ဟိုကဒီက သီတင်းသုံးဖော်တွေဆီက နည်းနည်းပါးပါးနဲ့ ဒီလိုနဲ့ဘဲ ဆွမ်းဆင်းဆင်းရဲရဲမျိုးနဲ့ နေရှာတယ်။

သိပ်သနားလာ အဲဒီလို ဆင်းဆင်းရဲရဲနဲ့ နေရှာရတဲ့ အတောအတွင်းမှာဘဲ တစ်နေ့တော့ သူ ဆွမ်းခံယင်း အမျိုးသမီးတစ်ယောက် ကိုယ်ဝန်အရင်အမာနဲ့ မွေးဖွားခါနီးမှာ သူသွားတွေ့တော့ စိတ်ထဲသနားလိုက်တာတဲ့လေ၊ ဘယ့်နယ့် သနားမှန်း မသိဘူးတဲ့၊ ဒီတော့ စာက စစ်ဆေးကြည့်တယ်၊ ဟို ရှေးတုန်းက, တောထဲမှာနေတုန်းက လာလာသမျှ လူတွေ တကတဲ ဖျက်ဆီး

ပြီးတော့ ပစ်တဲ့အချိန်မှာ ဟိုက တောင်းပန်ကြတယ်၊ "ခင်ဗျား ကျွန်တော် အမေ့ လုပ်ကျွေးနေတာပါ၊ ကျွန်တော် အဖေ့လုပ်ကျွေးနေတာပါ၊ ကျွန်တော်က ဘယ်လိုပါ"စသည်အားဖြင့် တောင်းပန်ကြတယ်၊ လက်ကလေးနဲ့ ကာကြတယ်၊ မျက်ရည်တွေ ကျကြတယ်၊ အဲဒီတုန်းက သူ သနားရမှန်း မသိခဲ့ဘူး။

ယခုအချိန် သက်နှံးဝတ်ပြီးတော့ ဘုရားအဆုံးအမတော်ရ နေတာဖြစ်လို့ ဟို အမျိုးသမီး ဆင်းဆင်းရဲရဲနေတာကို မြင်ရတာနဲ့ဘဲ သိပ်သနားလာတယ်၊ မချိမဆန့် သူ့ကိုယ်တိုင် ဖြစ်ပြီးတော့ ဆွမ်းခံပြန်ပြီး မြတ်စွာဘုရားဆီ သွားတယ်။

ဘုရားက ချပေး "မြတ်စွာဘုရား တပည့်တော် ဆွမ်းခံသွားရင်း ဒီလိုဘဲ မီးဖွားမယ်လို့နေတဲ့ အမျိုးသမီး တစ်ယောက်ကို တွေ့ခဲ့လို့ တပည့်တော် စိတ်ထဲမှာ အင်မတန် သနားနေပါတယ်ဘုရား"လို့ လျှောက်တော့ မြတ်စွာဘုရားက အဂ်ုလိမာလ ကိုလဲ ချီးမြှောက် ကယ်ဆယ်ချင်တဲ့ စိတ်ကလဲ ရှိနေတာ ဖြစ်တော့...

"အင်္ဂုလိမာလ...ဒီလိုဆိုယင်ဒီသစ္စာသင်ပေးမယ်"-
ယတော.ဟံ ဘဂနိ အရိယာယ ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

"ငါလေ အရိယာဇာတ် အရိယာနွယ်ဝင် ရဟန်းဖြစ်သည်က စပြီးတော့ သူတစ်ပါးအသက် ဆိုလို့ရှိယင် စိတ်နှင့်တကွ သိရက်သားနဲ့ တစ်ကောင်မှ, တစ်ယောက်မှ, တစ်ဦးတလေမှ ငါ သက်ဖြတ်ဖူးတယ် ဆိုတဲ့ဥစ္စာကို မသိပါဘူး၊ အဲဒီ မှန်ကန်တဲ့ သစ္စာစကားကြောင့် သင်နှမအား ဘေးရန်အန္တရာယ်ကင်းပြီး ကိုယ်ဝန်သူငယ်လဲ ကျန်းမာ ချမ်းသာပါစေသတည်း"လို့ အဲဒီလို သင်သွားရွတ်လိုက်လို့ ဒီလို ဘုရားက သစ္စာချပေးတယ်။

သစ္စာရွတ်လို့ ကျန်းမာ ဒါနဲ့ သူသစ္စာကို သင်ပြီးတော့ အနီးအပါး ဆိုင်ရာတွေကိုပြောတယ်၊ ငါ သစ္စာရွတ်ပေးမယ်၊ ဒီ သတို့သမီး ကျန်းမာချမ်းသာအောင်, လွယ်လွယ်ကူကူ မီးဖွားနိုင်အောင် သစ္စာရွတ်ပေးမယ်၊ အဲဒီလို အမိန့်ရှိတော့ ဟိုက ဆွေမျိုးတွေကလဲဘဲ ဝမ်းသာအားရနဲ့ အမျိုးသမီးကို ကန့်လန့်ကာတွေ အဝတ်တွေကာပြီးတော့ ကန့်လန်ကာရဲ့ အပြင်ဘက်က အင်္ဂုလိမာလ ထိုင်ဖို့ရန် ထိုင်ခုံကလေး ခင်းပြီးတော့ ပေးကြတယ်၊ အဲဒီမှာ အင်္ဂုလိမာလမထေရ်က ထိုင်ခုံကလေးပေါ်ထိုင်ပြီးတော့ သူကိုယ်တိုင်က သီလစင်ကြယ်တာ တစ်ကြောင်း, ဘုရားရှင် ကိုယ်တော်မြတ် ကိုယ်တော်တိုင် သင်ပေးလိုက်တာက တစ်ကြောင်း, အင်မတန် သနားကရုဏာက ကြီးမားတာကလဲ တစ်ကြောင်း, အဲဒီ အကြောင်းတွေကြောင့် ဒီအတိုင်း ရွတ်လိုက်တာ ရွတ်လဲပြီးရော, ဆင်းဆင်းရဲရဲ အမျိုးသမီးလဲ တစ်ခါထဲ ဖွားမြင်ပြီးကလေးပါ ကျန်းကျန်းမာမာ ဖြစ်လာတယ်။

သစ္စာအစွမ်း နောက်တော့ ဒီနေရာမှာ ကျေနပ်လို့ ဝမ်းသာအားရဖြစ်လို့ ဆွေမျိုးတွေက အဲဒီ အင်းပျဉ်ကလေးနေရာမှာ တစ်ခါထဲ ခိုင်ခိုင်မြဲမြဲ အင်းပျဉ်လုပ်ထားတယ်၊ ဒါဟာ အရှင်အင်္ဂုလိမာ ရွတ်သွားတဲ့ ထိုင်သွားတဲ့ နေရာဆိုပြီးတော့ နောက်ကို တစ်စုံတစ်ယောက် ဒီကိစ္စမျိုး ကြုံပြီဆိုလို့ရှိယင် ဒီအင်းပျဉ်ပေါ်လာထိုင်ယင် ဖွားတာဘဲ၊ ဟာ...ဟိုက တကတဲ ပင်ပန်းလွန်းလို့ မလာနိုင်ဘူးဆိုလို့ရှိယင် ဒီအင်းပျဉ်ကို ရေနဲ့ဆေး, အဲဒီ ဆေးတဲ့ရေ ယူပြီးတော့ ဦးခေါင်းပေါ်လောင်းချလိုက်တယ်၊ တစ်ခါထဲ ဖွားတာဘဲ၊ လူသာမဟုတ်ဘူး၊ တိရစ္ဆာန်လဲ ဒီလို အခက်အခဲဖြစ်နေလို့ ရှိယင် ဒီအင်းပျဉ်ပေါ် ထိုင်လိုက်ယင် ဖွားတာဘဲ၊ ဟာ...မယူနိုင်ဘူးဆိုလို့ရှိယင် ခုနကလို ရေဆေးပြီးတော့ ယူသွား၊ ခေါင်းပေါ်လောင်းချလိုက်ယင် ဖွားတာဘဲ၊ ဒါကြောင့်...

"ပရိတ္တံ ယံ ဘဏန္တသ, နိသိန္နဋ္ဌာနမောဝနံ၊
ဥဒကမ္ပိ ဝိနာသေတိ, သဗ္ဗမေဝ ပရိဿယံ၊
သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ, ယဉ္စ သာဓေတိ တခ်ဏေ"လို့ အဲဒီ အင်္ဂုလိမာလသုတ်ရင်းက ပရိတ်တော်ကို ယူပြီးတော့ ဒီပရိတ်ကြီးကို စီစဉ်တဲ့ ဆရာတော်တွေက အမွှန်းတင်ထားကြတယ်တဲ့။

နာမည်ကောင်းသွား အဲဒါကြောင့် အင်္ဂုလိမာလ အဲဒီက စပြီးတော့ နာမည်တစ်မျိုး ကောင်းသွားတယ်၊ ဟိုကဖြင့်လဲ အသက်ကယ်လိုက်တာ အင်္ဂုလိမာလနဲ့၊ တကတဲ ကြည်ညိုလိုက်ကြတာ၊ ဒီကျတော့ ဆွမ်းလောင်းလိုက်ကြတာသိလား၊ စောစောက ဆွမ်းခံလို့ မရဘူး၊ ဘာပြုလို့တုန်း ငါ့ဆွေထဲက ဘယ်သူ့ကို ဒီ အင်္ဂုလိမာလက ဘာပြုတာနဲ့ အဲဒီလို နဂိုတုန်းက ရန်သူကြီးထင်ထားကြတယ်၊ နောက်တော့ အဲဒီကထဲက တကထဲ သတို့သမီးကျန်းမာ ချမ်းသာအောင် သစ္စာကို ဆိုကတဲက အင်္ဂုလိမာလ နာမည်တွေကောင်းပြီးတော့ ဆွမ်း ကွမ်းများလောင်းကြတယ်၊ သူ့အနားကပ်ဖို့ရန် ဝန်မလေးကြဘူး။

ရဟန္တာဖြစ် ဟိုတုန်းက ကြောက်တာတွေ မကြောက်ကြတော့ဘူး၊ သူ့ကို တကတဲ အင်မတန် ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ကြည်ညိုကြတယ်၊ အဲဒီလိုဖြစ်တော့ အရှင်အင်္ဂုလိမာလ စားရေး, သောက်ရေးက အင်မတန် သပ္ပာယဖြစ်ပြီး မျှတလာတော့လေ စိတ်ပါကြည်ပြီး တရားနှလုံးသွင်းလိုက်တာ အတော်ကလေးကြာတော့ ရဟန္တာကြီးတစ်ပါးဖြစ်ပြီးတော့ လာခဲ့တယ်၊ အဲဒါဟာ စောစောက အစာအာဟာရ မကောင်းတုန်းက သူ့ခမျာ စိတ်မကောင်းရှာလို့ တရားကျင့်လို့ မရဘူး၊ တရားကျင့်မယ်လို့ လုပ်လိုက်လို့ရှိယင် စားရ သောက်ရတာကလဲ မကောင်း၊ ရှေးတုန်းက သူသတ်ခဲ့ ဖြတ်ခဲ့တာတွေ စိတ်ထဲပေါ်လာ၊ တစ်ခါ တရားကျင့်မယ်လို့ လုပ်ပြန်, နေရာမှာ ထိုင်ယင်ဘဲ အာရုံတွေက မကောင်းလို့ ပြောင်းပြီးတော့ နေရာက ထရပြန်ရော၊ အဲဒီပရိတ်တော်ကို မြတ်စွာဘုရားဆီက ရပြီးတဲ့နောက် အားလုံးကလဲ သူ့ကို အထူးမေတ္တာသက်ဝင်, သူကလဲပဲ သတ္တဝါတွေကို ပြန်ပြီးတော့ မေတ္တာသက်ဝင်, အစာအာဟာရကလဲ သပ္ပာယဖြစ်လို့ မကြာခင် ရဟန္တာဖြစ်တယ်၊

ဒါ့ကြောင့်... ကပ္ပဋ္ဌာယိ မဟာတေဇ, ပရိတ္တံ တံ ဘဏာမ ဟေ။

ကမ္ဘာပတ်လုံး တည်တယ်ဆိုတဲ့ဥစ္စာ ခုနက အင်းပျဉ်နေရာ ကလေးကိုပဲ တစ်ကမ္ဘာပတ်လုံး တည်တယ်၊ ဒီတန်ခိုးရှိန်စော် အာနုဘော်ကြီးလဲ တစ်ကမ္ဘာပတ်လုံး တည်တယ်။

အားကိုးစရာတွေ ဒါ့ကြောင့်မို့လို့ ဟို ဘုန်းကြီး တစ်နေ့တုန်းက ပြောခဲ့တယ်၊ ငါတို့ သာသနာဟာ မြတ်စွာဘုရား ရဲ့ ဂါထာမန္တရားတွေ, တရားတော်တွေ, အားကိုးစရာတွေ, အင်မတန်များပါလား၊ သူ့နည်းနဲ့သူ အားကိုးစရာတွေ များလိုက်တာ၊ ဒီတော့ အားကိုးစရာများသလောက် ကိုယ့်စိတ်ထဲက ယုံယုံကြည်ကြည် နှစ်နှစ်ကာကာ အားကိုးဖို့လဲ လိုတယ်၊ တစ်ခါ ရွတ်တဲ့ ပုဂ္ဂိုလ်တွေကလဲပဲ စေတနာ, မေတ္တာ, ကရဏာတွေနဲ့ ရွတ်ဖို့လဲ လိုတယ်၊ တကယ်လဲ အားကိုးကြမယ် ဆိုလို့ရှိယင် သူ့နေရာနဲ့သူနဲ့ အားကိုးစရာတွေ အင်မတန်များတယ်၊ ဒါ့ကြောင့် မြတ်စွာဘုရား သာသနာကို ကြည်ညိုပြီးတော့ နေကြတဲ့ ဥပါသကာ-ရတနာသုံးရပ် ဆည်းကပ်နေကြတဲ့ အမျိုးသား ကြီး ငယ်တွေ, ဥပါသိကာမ-ရတနာသုံးရပ်ကို ဆည်းကပ်တဲ့ အမျိုးသမီးကြီး အမျိုးသမီးလေးတွေ, အဲဒီ ဥပါသိကာကြီး ဥပါသကာငယ်၊ ဥပါသိကာမကြီး ဥပါသိကာမငယ်တွေဟာ ငါတို့အရေးရှိလို့ရှိယင် အားကိုးစရာတွေ အများကြီးရှိတယ်လို့ ရတနာသုံးပါးကို ဆည်းကပ်မြတ်နိုး အားကိုးကြပါ။

အားကိုးစရာရောက်အောင် သို့ရာဝယ် အားကိုးစရာတွေ အားကိုးရာ ရောက်အောင် ကိုယ်က သီလများ စင်ကြယ်လို့, ထိန်းသိမ်းလို့, ရောင်းရာ ဝယ်ရာမှစပြီး မေတ္တာ, ကရုဏာထားလို့၊ ရွတ်တဲ့ ဖတ်တဲ့အခါ သာပြီးတော့ တန်ခိုးရှိအောင်, အားကိုးတဲ့အခါမှာ လွယ်လွယ်ကူကူလေး အားကိုးရာ ရောက်အောင် ကိုယ်ကို တကတဲ စိတ်ကိုပြုပြင်လို့, ရောင်းတဲ့ဝယ်တဲ့ အခါမှာလဲ စိတ်ကို ပြုပြင်လို့, ပေါင်းသင်းဆက်ဆံတဲ့ နေရာမှာလဲ စိတ်ကိုပြုပြင်လို့, စိတ်ကောင်းထားလို့ သီလများလဲ လုံလို့, မကြာခဏ ဥပုသ်သီတင်းများ ဆောက်တည်လို့, စွန့်ကြဲပေးကမ်းလှူဒါန်းလို့, အဲဒီလို နေတဲ့ပုဂ္ဂိုလ်များ ဒီလို ယုံယုံကြည်ကြည်နဲ့ ဒီလိုပရိတ်တွေကို အားကိုးပြီးတော့ ကာကွယ်မယ်ဆိုယင် ရောက်နိုင်တဲ့ ဘေးရန်အန္တရာယ်ကိုပဲ မရှိသလောက်ပါဘဲ။

ဥံဆိုတဲ့စကား ဒီတော့ တစ်ခါတုန်းက ဘုန်းကြီးကိုယ်တိုင် စဉ်းစားပြီးတော့ ကြည့်ပြန်တယ်၊ လောကီလူတွေ ဥပမာ-ဘုန်းကြီးတို့ ဟိန္နူတွေ သူတို့ရဲ့ "ဥံ"ခံပြီးတော့ ရွတ်တဲ့ မန္တာန်တွေဟာ ထိုက်တန်သမျှ အကျိုးရတာ အမှန်ဘဲ၊ ဥံဆိုတဲ့စကားဟာ-"ဗိသဏှိုးနတ်, မဟာဒေဝ, ဗြဟ္မာ"အဲဒီသုံးဦးကို ရှိခိုးတဲ့ - ကား၊ ဥံလို့ဆိုလိုက်ယင်ဘဲ "ဗိသဏှိုး မဟာဒေဝ ဗြဟ္မာတွေကို ရှိခိုးပါတယ်"လို့ သူတို့ ဟိန္နူနည်းနဲ့ ရှိခိုးကြတာ၊ အဲဒီလို မန္တန်တွေတောင်မှ ထိုထိုကိစ္စ ထိုထိုအရာဌာနမှာ အားကိုးကြသေးတာဘဲ။

ပရိတ်မန္တန် ဘုန်းကြီးတို့ရဲ့ ပရိတ်မန္တန်တော်တွေ ဆိုတဲ့ဥစ္စာ ပထမလာခဲ့တာက မြတ်စွာဘုရား ကိုယ်တော်မြတ်က လာခဲ့တယ်၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သတ္တဝါ

တွေအပေါ်မှာ မေတ္တာ, ကရုဏာ အင်မတန် ကြီးမားတော်မူတဲ့ အတွက်ကြောင့် အသက်တော်ပေါင်း, စည်းစိမ်တော်ပေါင်းများစွာ စွန့်ပြီးတော့ ပါရမီဖြည့်ခဲ့တယ်၊ ပါရမီဖြည့်ပြီး ဘုရားဖြစ်တော်မူတဲ့ အခါမှာ အေးအေးသက်သာ နေတော်မမူဘဲနဲ့ အနည်းငယ်သော နာရီအချိန်ကလေးလောက်သာ ကျိန်းစက်တော်မူပြီးတော့ ကျန်တဲ့ အချိန်တွေမှာ လူရဲ့စီးပွားရေး, နတ်ရဲ့စီးပွားရေး, ဗြဟ္မာတွေရဲ့ စီးပွားရေး အဲဒီလို တရားတွေကိုသာလျှင် မြတ်စွာဘုရား ဟောပြီးတော့ လာခဲ့တယ်၊ အဲဒီ ဘုရားရဲ့ ရွှေနှုတ်တော်က ထွက်တဲ့ ခုနကလို...

"ယတော ဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သဒ္ဓိဉ္စပါဏံ ဇိဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ ဟောတု, သောတ္ထိ ဂဗ္ဘဿ"

လို့ ဘုရားရွှေနှုတ်တော်က ချပေးတယ်၊ ဟိုတစ်နေ့တုန်းက ရွှတ်ခဲ့တဲ့ ဓဇဂ္ဂသုတ်တို့လို မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတော်မူတယ်၊ အာဠာနာဠိယသုတ်တွေကျတော့ ဘုရားရှင်ကိုယ်တော်မြတ်ကလဲ ဟောတော်မူတယ်၊ နတ်မင်းကြီးလေးယောက်ကလဲ သူတို့ကိုယ်တိုင် စီမံပြီးတော့ ပေးခဲ့တယ်။

မကြာခဏအားကိုး အဲဒီတော့ ဒီလို ပရိတ်မန္တန်တွေဟာ "ဥုံတို့, ဖွတို့, သွာဟာတို့"ပါတဲ့ လောကီမန္တန်တွေထက် အဆပေါင်းများစွာ တန်ခိုးအာနိသင် ရှိမှာပေါ့လို့ အဲဒီလို ယုံကြည်ပြီးတော့ ငါရဲ့ ပဲတ်ဝန်းကျင်က, ငါ့ရဲ့ အထက် အောက် ဘေး ပတ်ဝန်းကျင် အကုန်လုံးက ပရိတ်မန္တန်တွေ, မန္တန်တော်တွေ,

စောင့်ရှောက်တော်မူတယ်၊ ငါကိုးကွယ်တဲ့ မြတ်စွာဘုရားရဲ့ အမိန့်အာဏာတော်တွေ, ငါ့ပတ်ဝန်းကျင်က စောင့်ရှောက်ပြီး နေတယ်လို့၊ အဲဒီလို စိတ်ထဲက အောက်မေ့ပြီးတော့ ဘုရားဂုဏ်တော်တွေကို မကြာခဏ အားကိုးလို့၊ ဘုရားတရားတော်တွေကို ကိုယ့်နှုတ်နဲ့ မကြာခဏရွတ်လို့၊ အဲဒီလိုများ နေမယ်ဆိုလို့ရှိယင် ဘယ်ဘေး, ဘယ်ရန်, ဘယ်အန္တရာယ်မှ စိုးရိမ်ကြောင့်ကြစရာ မရှိဘဲနဲ့ အားလုံးဘေးရန် အန္တရာယ်မှ လွတ်နိုင်ကြမှာ အမှန်ဖြစ်တယ်။

သူတော်ကောင်း စစ်စစ် မိမိကိုယ်ကို မိမိ မူလက စိတ်သန့်ရှင်းအောင် ကျန်းမာရေး, ချမ်းသာရေး, အစားအသောက်, နေရေး, ထိုင်ရေးတွေပါ ဆင်ခြင်ပြီးတော့ ကိုယ်လဲဘဲ ကျန်းမာသန့်ရှင်းအောင် အဲဒီလို နေရာက မကြာခဏ ပရိတ်မန္တန် အန္တရာယ်ကင်း တရားတွေကို ရွတ်ဖတ်လို့ နာလို့၊ အဲဒီလို နေကြမယ်ဆိုလို့ရှိယင် ယခုလဲဘဲ ဘေးရန်အန္တရာယ်ကင်း, နောင်သံသရာမှာလဲ အပါယ်လေးပါး ဘေးရန် အန္တရာယ်တွေမှကင်းပြီး မိမိအလိုရှိအပ်တဲ့ ဆုနဲ့ လိုအပ်သော အကျိုးတရားကို ရနိုင်ကြမည် ဖြစ်သောကြောင့် မိမိကိုယ်ကို မိမိ သူတော်ကောင်းစစ်စစ်ဖြစ်အောင် ပရိတ်မန္တန်နှင့်တကွ မြတ်စွာဘုရားကို ကြိုးစား၍ အာရုံပြုနိုင်ကြစေကုန်သတည်း။

သာဓု...သာဓု...သာဓု...

အင်္ဂုလိမာလသုတ် တရားတော် ပြီး၏။

ဗောဇ္ဈင်သုတ် တရားတော်

ဗောဇ္ဈင်အကျိုး သံယုတ်ပါဠိတော်မှာလဲ "ဗောဇ္ဈင်္ဂသံယုတ်" ဝိဘင်းမှာလဲ "ဗောဇ္ဈင်္ဂဝိဘင်း"လို့ မြတ်စွာဘုရား ဗောဇ္ဈင်ဟောတော်မူတဲ့ နေရာဌာနတွေ တော်တော်များတယ်၊ ဗောဇ္ဈင်ရဲ့ အဓိပ္ပာယ်က "ဗောဓိ-မဂ်ဉာဏ်၏+အင်္ဂ်-အကြောင်း" ဖြစ်တယ်၊ ဒီတရားအတိုင်း ကျင့်ယင် မဂ်ဉာဏ်ရနိုင်တယ်၊ အဲဒီလို အဓိပ္ပာယ်ရတယ်၊ ဒါပေမယ့် ဒီလောကအလိုက် နေမကောင်း ထိုင်မကောင်း ဖြစ်ပြန်ယင်လဲ မြတ်စွာဘုရားက ဒီဗောဇ္ဈင်တရားကို ဟောတော်မူလေ့ရှိတယ်၊ ဒါ့ကြောင့်...

ဒီဗောဇ္ဈင်တရားတွေကို သိတော့ ဘုရား ရဟန္တာဖြစ်လို့, ပစ္စေကဗုဒ္ဓါများ ဖြစ်လို့ ဒီသံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ကြရတယ်၊ တရားနဲ့ စဉ်းစားလိုက်ပြန်လဲ မဂ် ဖိုလ် နိဗ္ဗာန်အထိ အာရုံပြုပြီးတော့ ရနိုင်ကြတယ်၊ တစ်ခါ လောကုတ္တရာနဲ့ စဉ်းစားလိုက်ပြန်လဲ မဂ် ဖိုလ် နိဗ္ဗာန်အထိ အာရုံပြုပြီးတော့ ရနိုင်ကြတယ်၊ တစ်ခါ လောကနဲ့ စဉ်းစားလိုက်ပြန်တော့လဲ မကျန်းမာ ဖျားနာတဲ့ ပုဂ္ဂိုလ်များအတွက် "ဆေး"ဆိုလဲဘဲ ဒီ ဗောဇ္ဈင်တရားဟာ ဟုတ်တယ်၊ "မန္တရား" ဆိုလဲဘဲ ဒီ ဗောဇ္ဈင်တရားဟာ ဟုတ်တယ်၊ ဒါ့ကြောင့်လဲ လောကီရော လောကုတ္တရာရော နှစ်ဖက်ရ အင်မတန်အကျိုးများတဲ့ တရားဘဲ။

မကျန်းမာ ရှေးတုန်းက မြတ်စွာဘုရား ကိုယ်တော်မြတ် လက်ထက်မှာ အရှင်မဟာကဿပ မကျန်းမာ ဖြစ်တယ်၊ အရှင်မဟာကဿပပိပ္ပလိလိုဏ်မှာ သီတင်းသုံးနေတုန်း မကျန်းမာဖြစ်တော့ ဘုရားရှင်ကိုယ်တော်မြတ် ကြွလာပြီး ဒီဗောဇ္ဈင်တရားကို ဟောတော်မူတယ်၊ တစ်ခါတော့လဲ အရှင်မောဂ္ဂလ္လာန် မကျန်းမာဖြစ်တယ်၊ ဂိဇ္ဈကူဋ်တောင်ပေါ်မှာ မကျန်းမာ ဖြစ်တော့လဲ မြတ်စွာဘုရား ကိုယ်တော်မြတ် ကြွပြီးတော့ ဒီဗောဇ္ဈင်တရားကိုပဲ ဟောတော်မူတယ်။

ဝမ်းမြောက်သွား မြတ်စွာဘုရားကလေ အရှင်မဟာကဿပနား ကြပြီးတော့ "ကဿပ...သင်ရဲ့ မကျန်းမာတာ ဘယ့်နယ်နေတုန်း, ရောဂါလျော့ရဲ့လား"၊ အဲဒီလို မေးတော့ "မြတ်စွာဘုရား မလျော့ပါဘုရား, ရှေ့သာ ရောဂါက တိုးနေပါတယ်"၊ အဲဒီလိုလျှောက်တဲ့အခါမှာ မြတ်စွာဘုရားက ဒီဗောဇ္ဈင်တရား ဟောတော်မူတယ်၊ ဒီလို ဟောတဲ့အခါ အင်မတန် ဝမ်းမြောက်သွားတယ်၊ အရှင်မဟာကဿပ ဘယ်လို ဝမ်းမြောက်လိုက်တုန်း "ငါလေ ဒီဗောဇ္ဈင်တရားတွေကို နာရလို့ ရှေးတုန်းက ရဟန်းပြုပြီးတဲ့နောက် တရားထူးရတဲ့ဥစ္စာ ဒီတရားတွေနဲ့ ရတာဘဲ"၊ ဒီ ဗောဇ္ဈင်တရားနဲ့ ကျတ်တမ်းဝင်ခဲ့တယ်လို့ စဉ်းစားရင်း စဉ်းစားရင်း မြတ်စွာဘုရားက ဗောဇ္ဈင်တရားကို ဟောလိုပြီးရော အင်မတန် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတယ်။

စိတ်ကြည် ရုပ်ကြည် ဝမ်းမြောက်ဝမ်းသာဖြစ်တော့ စိတ်တွေကကြည်လို့၊ စိတ်ကြည်တော့ ဘာဖြစ်သလဲ၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေကလဲ ကြည်လို့, သွေးတွေကလဲ ကြည်လို့၊ အဲသလို ဖြစ်သွားတော့ နဂိုတုန်းက သွေးတွေ သားတွေ မကောင်း

လို့ ရုပ်တွေ အဆင်းတွေ ညှိုးနွမ်းပြီးတော့ နေတဲ့ဥစ္စာဟာ ချက်ချင်း စိတ်ကြည်လို့ သွေးတွေက ကြည်လို့, တစ်ကိုယ်လုံး ကြည်လို့, ချက်ချင်း ဒီမကျန်းမာတဲ့ ရောဂါက လွတ်သွားတယ်၊ အရှင်မောဂ္ဂလာန် မကျန်းမာလို့ ရွှတ်ပြန်တော့လဲ ချက်ချင်းဘဲ ဒီရောဂါက ခုနကနည်းအတိုင်း လွတ်သွားတယ်။

လွတ်မြောက်ဆို နာပြီးလို့ ခဏလေးသာ ရောဂါက လွတ်သွားတာ မဟုတ်ဘူး၊ စာကလေ "တစ်ခါထဲ ရောဂါပျောက်သွားတယ်တဲ့ နောက်ထပ် ဒီရောဂါ မပေါ်လာအောင် ပျောက်သွားပါတယ်" လို့ ဆိုပါတယ်။

တရားတွေ စဉ်းစား တစ်ခါတော့ ဘုရားရှင် ကိုယ်တော်မြတ် ကိုယ်တော်တိုင် မကျန်းမာ ဖြစ်ပြန်ရော၊ တရားတွေကို လိုက်လိုက်ပြီး စဉ်းစားလိုက်တဲ့အခါမှာ ကြည့်စမ်း အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီး တန်ခိုးဂုဏ်ပါဒါကြီးလိုက်တာ နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမလို့၊ အရှင်မဟာကဿပ မထေရ်မြတ်ကြီး သီလသိက္ခာ ကြီးမားတော်မူလိုက်တာ စည်းစိမ်ဥစ္စာတွေ ကုဋေပေါင်းများစွာ စွန့်ခွာပြီးတော့ တောထွက်လာခဲ့တယ်၊ ဒီလို ပုဂ္ဂိုလ်တွေလဲပဲ မကျန်းမာ ဖျားနာတယ်နော်၊ တို့ ဒီရုပ်နာမ် ဒီခန္ဓာကြီးဟာ ဘယ်မှာမှ မကျန်းမာပေဘူးလို့ စိတ်ချရပါမလဲ။

တစ်ခါ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ရုပ်ပုံတော်, ရုပ်ခန္ဓာ ကိုယ်တော် ဆိုယင်လေ စိန်တုံး စိန်ခဲကြီးလို ပေါက်ချင်တိုင်းပေါက်, ခွဲချင်တိုင်းခွဲ, ပစ်ချင်တိုင်း ပစ်, ခတ်ချင်တိုင်း ခတ် မပေါက်မကွဲနိုင်တဲ့ ခန္ဓာကိုယ်ကြီးပါ၊ အရှင်ဒေဝဒတ် ကျောက်နဲ့လှိမ့်ချတုန်းက တောင်မှ သွေးချည်းဥရုံသာ ဥတယ်၊ ပေါက်ကွဲမသွားပါဘူး၊ အဲဒီလောက် ခိုင်မာတဲ့ ရုပ်ခန္ဓာ ကိုယ်တော်မြတ်တောင်မှ မကျန်းမာရသေးတယ်နော်။

သတိထားစရာ တစ်ခါ ဘာဖြစ်လို့ အတွင်းကမာတ် ဖောက်သလဲ ဆိုတော့ အဋ္ဌကထာက ဒီအရှင်မြတ် သုံးပါးစလုံး, ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ် နှစ်ပါးစလုံး တောကျောင်းမှာနေတဲ့ ပုဂ္ဂိုလ်တွေဖြစ်နေတော့ သစ်ပွင့်တွေ, သစ်သီးတွေ, အဲဒီအနံ့ထဲမှာ အဆိပ်မကင်းတဲ့ အပွင့်တွေ, အသီးတွေ အနံ့နံ့ရလို့ မကျန်းမာကြတယ်တဲ့၊ ဒီတော့ ဘုန်းကြီးတို့ကလေ အမှတ်တမဲ့ အင်မတန်များ အအေးတွေများတဲ့ နေရာတို့, အသီးအပွင့်တွေများတဲ့နေရာတို့ အဲသလို နေရာတွေဟာ မကျန်းမာဘူးလို့ ဆိုတာ အခုလဲ ပြောကြတယ်၊ မိမိတို့ ကိုယ်တိုင်လဲဘဲ စဉ်းစားစရာ, သတိထားစရာ, အင်မတန်မှ ကောင်းတယ်၊ တကယ်လို့ မကျန်းမာဖြစ်လာတော့လဲ "အို-ဘုရားတောင်မှ, စိန်တုံးစိန်ခဲကြီးလောက် ခိုင်မာတဲ့ မြတ်စွာဘုရား၏ ရုပ်ခန္ဓာတောင်မှ မကျန်းမာရသေးတာဘဲ၊ တို့ရဲ့ ရုပ်ခန္ဓာဟာ ဘာပြောပလောက်သေးသလဲ"လို့ အဲဒီလို တွေးပြီးတော့ တရားအာရုံနဲ့လေ အင်မတန် ဖြေဖို့ကောင်းတယ်။

အရှင်စုန္ဒ ဗောဇ္ဈင်ရွတ် "စုန္ဒ...ငါဘုရား မကျန်းမာဘူး၊ အသင်ရဲ့ ဉာဏ်ထဲမှာ ဗောဇ္ဈင်တရားတွေ ထင်ပါစေ"လို့ မြတ်စွာဘုရားက အရှင်စုန္ဒကို တိုက်တွန်းတော်မူတယ်၊

ကိုယ့်သန္တာန် ဖြစ်အောင်လုပ် ဒီဗောဓျင်တရားတွေ နားထောင်ပြီးတော့ နေရလို့ ကုသိုလ်ရတာတော့ မှန်ပါတယ်၊ ဒီ ဗောဓျင်တရားက ကိုယ့်သန္တာန် ကိုယ့်စိတ်ထဲမှာ ဖြစ်လာရမယ်၊ နားထောင်ပြီးတော့ နာနေရုံတင် မကဘူး၊ ဒီဗောဓျင်တရား ကိုယ့်သန္တာန်မှာ ဖြစ်နေရမယ်၊ တစ်ကြိမ်ထဲ သုံးလေးကြိမ်ထဲ ဒီလိုမဟုတ်ရဘူး၊ နံနက်စောစောလဲ ဒီတရား နှလုံးသွင်းလို့, ကိုယ့်သန္တာန် ဗောဓျင်တရားတွေဖြစ်လို့၊ နံနက်စောစောက နေလေးဘာလေးထွက်လဲ ကိုယ့်ဘာသာကိုယ် အေးအေးလေး ဗောဓျင်တရား နှလုံးသွင်းလို့၊ တရားတစ်မျိုးမျိုး နှလုံးသွင်းလို့၊ ဗောဓျင်တရား ကိုယ့်သန္တာန်ဖြစ်လို့၊ လက်ဖက်ရည်လေး, ဆန်ပြုတ်လေး သောက်ပြီးတော့ နည်းနည်းပါးပါး လမ်းလေး ဘာလေး လျှောက်ယင်းလဲ ဒီဗောဓျင်တရားတွေ ကိုယ့်သန္တာန်ဖြစ်လို့ အဲဒီလို အကြိမ်ပေါင်းများစွာ အချိန်များစွာ ရက်များစွာ လများစွာ နှစ်များစွာ ကိုယ့်သန္တာန် ဖြစ်အောင်လုပ်ရမယ်။

အဲဒီလို ကိုယ့်သန္တာန်ဖြစ်တော့ အကြိမ်ပေါင်းများစွာ အချိန်ပေါင်းများစွာ ဒီဗောဓျင်တရား ကိုယ့်သန္တာန်ဖြစ်လို့ အဲဒီလိုနေပြီဆိုလို့ရှိယင် နောက်ဆုံး နိဗ္ဗာန်ဟာ မိမိဉာဏ်ထဲ ပေါ်လာမှာဘဲ၊ ဒီရုပ်နာမ် ခန္ဓာအဆုံးသတ် စုတိစိတ်ကျလို့ရှိယင် ပရိနိဗ္ဗာန်ဖြစ်ရမှာဘဲ။

ရုပ်နာမ်ချုပ်ပျက် ဒီတော့ ဒီ ဗောဓျင်တရား ကိုယ့်သန္တာန် ဘယ်လိုနည်းနဲ့ ပေါ်လာအောင် လုပ်ရမှာလဲလို့ တစ်ခါ စဉ်းစားရမယ်၊ အားလုံး ဟောနေကျ ပြောနေကျ အနိစ္စ,

အဲဒီတော့မှ အရှင်စုန္ဒက ဘုရားရှင်အနား လာပြီးတော့ဘုရား ဟောတော်မူတဲ့အတိုင်း "သတ္တိ မေ ဘန္တေ ဗောဓျင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘဂဝိတာ ဗဟုလီကတာ၊ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တီ"၊ အဲဒီလို ဘုရားဟောတော်မူတဲ့အတိုင်း ဗောဓျင်ခုနစ်ပါး ဆုံးအောင် ရွတ်တယ်၊ ဆုံးအောင်ရွတ်ပြီးတော့ လျှောက်တယ်။

မြတ်စွာဘုရားလဲ ဗောဓျင်တရားကို နာပြီးတော့ နေတယ်၊ အရှင်စုန္ဒက ရွတ်၊ ဘုရားရှင် ကိုယ်တော်မြတ်က ကိုယ်တော်တိုင် သိပြီးသား တရားကို နားထောင်လို့, စိတ်တွေထဲ အင်မတန် ကြည်ပြီးတော့ ခုနကလို သွေးတွေကြည်ပြီးတော့ တစ်ခဏချင်းဘဲ ဒီမကျန်းမာမှုက ထမြောက်လွတ်ကင်းတော်မူတယ်။

ဆေးတစ်မျိုး ဒါ့ကြောင့် ဒီဗောဓျင်တရားဟာ "သြသဓ-ဆေးတစ်မျိုးလည်း ဖြစ်ထသော၊ မန္တ-မန္တရားလည်း ဖြစ်ထသော၊ ဗောဓျင်္ဂ-ဗောဓျင်တရားကို၊ ဘဏာမ-ရွတ်ကြကုန်စို့" လို့ ရှေးကမထေရ်တွေကလေ စာလာပေလာအတိုင်း အမွန်းတင်ပြီးတော့ ဗောဓျင်ပရိတ်အမွန်းလို့ အမွန်းတင်ထားကြတယ်။

ဒါ့ကြောင့် ဒီဗောဓျင်တရားကို အရှင်မဟာကဿပကို မြတ်စွာဘုရားက ဟောတော်မူတဲ့အတိုင်း, ဟောသလို မြတ်စွာဘုရား ကိုယ်တော်မြတ်က ဥပါသကာ တစ်ယောက်ကို ဆိုလို့ရှိယင် ဒီအတိုင်းဘဲ "ဥပါသက"လို့ ဟောတော်မူတယ်၊ ဒီတော့ ဥပါသကဆိုတဲ့ နာမည် တပ်ပြီးတော့ ဒီဗောဓျင်တရားကို ရွတ်ကြစို့။

ဒုက္ခ အနတ္တ တစ်မျိုးမျိုးကို စိုက်ပြီးတော့ ကြိုးစားရလိမ့်မယ်၊ ကြိုးစားတော့ ခုနက ပြောခဲ့တဲ့ ဗောဇ္ဈင်တရားတွေ ပေါ်လာလိမ့်မယ်။

နိရုဒ္ဓါ.တီတသခ်ါရာ, ပစ္စုပ္ပန္နာစ ဘိဇ္ဇရေ၊
အနာဂတာ ဘ်ဒ္ဒါသန္တိ, သဗ္ဗေပိ ဘာယိတဗ္ဗကာ။

အတီတသခ်ါရာ-ရှေးရှေးဘဝ, ရှေးကာလက, ဖြစ်ကြလေငြား, ရုပ်နာမ်သခ်ါရ တရားတို့သည်၊ နိရုဒ္ဓါ-ငါ၏သန္တာန်, အဖန်ဖန်ဖြင့်, မှန်မှန်ပျက်ပြုံး, ကုန်ဆုံးကြလေကုန်ပြီ၊ ပစ္စုပ္ပန္နာစ-ယခုလက်ငင်း, ပက်ပင်းတွေ့ကြုံ, အဖုံဖုံပွား, ရုပ်နာမ်သခ်ါရတရားတို့သည်လည်း၊ ဘိဇ္ဇရေ-နှမ်းအိုးခင်းထက်, နှမ်းတွေကျက်သို့, ချုပ်ပျက်ကြလေကုန်၏၊ အနာဂတာ-နောက်နောက်ဘဝ, နောက်ကာလ၌, ဖြစ်ကြရန်သင့်, အခါင်ဆင့်ပွား, ရုပ်နာမ်သခ်ါရ တရားတို့သည်လည်း၊ ဘိဒ္ဓိဿန္တိ-သည်ပုတ်ထဲက, သည်ပဲအနေ, ဇကန်ပင် ချုပ်ပျက်ကြလေကုန်လတ့်၊ သဗ္ဗေပိ-ယခု ရှေးနောက်, ငါ့ထံရောက်လျက်, ချုပ်ပျောက်ပျက်ပြုံး, ရုပ်နာမ်အားလုံးတို့သည်ပင်၊ ဘာယိတဗ္ဗကာ-ကြောက်ဖွယ်ရှိ့စရာ, မလွန့်သာလျက်, စွန့်ခွာထွက်ဖို့, သက်သက်ဆွေးဖွယ်, အော်...ဘေးအသွယ်သွယ်တို့ပါတကား။

သာဓု...သာဓု...သာဓု...

နဂါးလေးတွေ ဒီ ဗောဇ္ဈင်တရား ပွားများလို့ ကောင်းတာကအဲဒီလို ဝိပဿနာ အခြေခံပြီးတော့ ပွားများရမယ်၊ တစ်ခါ ဝိပဿနာအခြေခံတဲ့ ရှေ့နားက ဘာအရေးကြီးပြန်တုန်းလို့ ဆိုတော့ သီလ အရေးကြီးပြန်တယ်၊ မြတ်စွာဘုရားကဟို ဘုံဗိမာန်နဲ့ မနေရတဲ့ သမုဒ္ဒရာထဲက နဂါးတွေဟာ မွေးဖွားလာပြီဆိုလို့ရှိယင် ဟိမဝန္တာရဲ့ အနီးအပါးမှာ သူတို့မွေးဖွားကြတယ်၊ အဲဒီမှာဘဲ နဂါးကလေးတွေ တစ်ဖြေးဖြေးကြီးလာအောင် စောင့်ရှောက်ပြီး တော်တော်ကြာတော့ ဒီနဂါးကလေးတွေကို အိုင်ကလေးထဲ ပို့ကြတယ်၊ အိုင်ကလေးက အိုင်ကြီးပို့ကြတယ်၊ အိုင်ကြီးက မြစ်ကလေးထဲ ပို့ကြတယ်၊ မြစ်ကလေးထဲက မြစ်ကြီးပို့ကြတယ်၊ မြစ်ကြီးကမှ သမုဒ္ဒရာဆင်းပြီးတော့ မြူးကြ ပျော်ကြ နေကြတယ်။

သီလထိန်း အဲဒီလိုဘဲ ပထမဆုံး သီလမှီပြီးတော့ သီလကမှ ဒီဗောဇ္ဈင်တရားတွေ ပွားပြီးတော့ နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာရောက်ကြရမှာ၊ ဒီတော့ သီလထိန်းဖို့ အင်မတန်ကောင်းတယ်၊ တစ်ခါ သီလထိန်းပြီးတော့ ဘုန်းကြီးတို့ ရောဂါအမြစ်ပြတ်အောင်ဟဲ့လို့ ဆေးစားတဲ့အခါမှာ ဆရာက ဘယ်လိုလေကောင်း လေသန့်နဲ့ ဘယ်လို နေပြီးတော့ ဘယ်လိုအစားတွေ ရှောင်ပြီး ဘယ်လို စားပါလို့ အဲဒီလို ညွှန်ပြရသလို ဘုရားရှင် ကိုယ်တော်မြတ်က သီလထိန်းပြီးတော့ အဲဒီလို စလိုက်တဲ့အခါမှာ သီလကို ဘယ်လိုနေရာတွေမှာ ထိန်းရမယ်၊ အားကောင်းတာက တောရိပ်တောင်ရိပ်ကလေးနဲ့ အဲဒီလို နေပြီးတော့ ကမ္မဋ္ဌာန်းကျောင်း ပတ်ဝန်း

ကျင် သစ်ပင်တွေနဲ့ ဒီလိုနေရာမှာ သီလတွေ, ရှိရှိသမျှ သီလတွေ အကုန်လုံးထိန်းလို့ အဲဒီလို အခြေခံပြီးတော့ သီလစင်ကြယ်လိုက်တာ ငါ့မှာ ရက်ပေါင်း ဘယ်လောက်ရပြီ၊ သီလ စင်ကြယ်လိုက်တာ စိတ်နဲ့ စပ်တဲ့ သီလတောင် ငါ့မှာ မရောက်ဘူး၊ စိတ်ကို သန့်ရှင်းလို့နေတယ်။

စိတ်ကြိုးထွားလာ

အဒိန္နာဒါန-သူ့ဥစ္စာကို ယူဖို့ဝေးလို့, သူ့ဥစ္စာကို ယူချင်တဲ့ စိတ်တောင် မဖြစ်ဘူး၊ လောဘတောင် မဖြစ်ဘူး၊ အဲဒါလောက် သီလကလဲ စင်ကြယ်လိုက်တာလေ၊ သူ့ကိုယ်သူ့ ဝမ်းမြောက်ဝမ်းသာဖြစ်လို့ ခုနက နဂါးကလေးတွေ ကြီးလာသလို စိတ်တွေဟာ ကြီးပြီးတော့ ထွားလာတယ်၊ အဲဒီအခါမှာ ဆရာသမားနဲ့ နီးနှောပြီးတော့ ဆရာသမားက-

နိရုဒ္ဓါ တိတသခ်ါရာ-လျှောက်ပြီးတော့ ကိုယ်အကုန်လုံး မသိပေမယ့်လို့ အနမတဂ္ဂသံသရာ ဟိုဘဝပေါင်းများစွာက ဟိုဘဝက ငါ့ရဲ့ရုပ် ငါ့ရဲ့စိတ်တွေဆိုတဲ့ နာမ်တရားတွေ ဘာမှ ရှာမရအောင် ဘဝါဘဝ အနမတဂ္ဂသံသရာက ချုပ်ခဲ့, ဆုံးခဲ့, ပျက်ခဲ့လှပြီ၊ အခုမှ ဒီခန္ဓာလေး အဟုတ်လုပ်ပြီးတော့ နှစ်နှစ်သက်သက်နဲ့ စောင့်ရှောက်နေလိုက်တာ၊ အို...စောင့်ရှောက်လို့ မရနိုင်လို့ ဘဝပေါင်းများစွာက ဒီ ရုပ်နာမ်တွေဟာ ချုပ်ခဲ့လှပြီ။

ဖြစ်သမျှပျက်

တစ်ခါ ဒီဘဝမှာ အမိဝမ်းထဲက ထွက်ပြီးတော့ လာသည်ကစပြီး မိတ ဘိုးဘွားတွေက စောင့်ရှောက်လို့ ဒီအခြေအနေ ရောက်လာတယ် ဆိုပေမယ်လို့ သူ့အရွယ်နဲ့

သူ့အချိန်နဲ့ ရုပ်ကလေးတွေ အဟောင်း အဟောင်းတွေက ပျက်လို့, ကံက မကုန်သေးလို့ အသစ် အသစ်တွေက ဖြစ်လို့၊ တစ်ခါ အသစ် အသစ် ဖြစ်သမျှတွေ ပျက်လို့၊ ကံက မကုန်သေးလို့ အသစ် အသစ်တွေက ဖြစ်လို့၊ တစ်ခါ အသစ်အသစ်ဖြစ်သမျှတွေ ပျက်လို့၊ ကံက မကုန်သေးလို့ ထပ်ဖြစ်လို့၊ အစာ အာဟာရတွေစားလို့, စားတဲ့ရုပ်ကလေးတွေ ဖြစ်လို့၊ ဥတု အင်္ဂေ့တွေ တွေ့လို့၊ ဥတုဇရုပ်ကလေးတွေ ဖြစ်လို့၊ စိတ်ကရှိလို့ စိတ္တဇရုပ် ကလေးတွေဖြစ်လို့၊ အသစ် အသစ်ကံ အခြေခံပြီးတော့ ရုပ်သစ်ကလေးတွေ ထပ်ဖြစ် ထပ်ပျက်၊ ထပ်ဖြစ် ထပ်ပျက်နဲ့ ဒီလိုနဲ့ လာခဲ့တဲ့ဥစ္စာ နောက်ထပ် နောက်ထပ် ဖြစ်တဲ့ရုပ်က အလျင်ဖြစ်တာလောက် ကံကမစွမ်းတော့ ရုပ်ကလေးတွေ နည်း နည်း ရင့်ရင့် ရင့်ရင့် လာရာက လူကြီးကြီး ဖြစ်သွားတယ်။

စွဲလမ်းရင်း ပျက်

နည်းနည်းကလေး ရင့်ရင့်ပြီး လူကြီးကြီး ဖြစ်ရာက ကံအရှိန်က ညံ့ညံ့သွားတော့ တဖြည်းဖြည်း အိုအို အိုအိုပြီးတော့ လူအိုဖြစ်လာတယ်၊ လူအိုကလေးက လူအိုကြီးဖြစ်ပြီးတော့ လာတယ်၊ အော်...ငါ့ရဲ့ရုပ်တွေဟာ လွန်ခဲ့တဲ့ အချိန်တွေကို ပြန်ပြီးစဉ်းစားယင် "အတီတ သခ်ါရာ-ရှေးရှေးဘဝ, ရှေးကာလက, ဖြစ်ကြလေငြား, ရုပ်နာမ်သခ်ါရတရားတို့သည်, နိရုဒ္ဓါ-ငါ၏သန္တာန်, အဖန်ဖန်ဖြင့်, မှန်မှန်ပျက်ပြုံး, ကုန်ဆုံးကြလေကုန်ပြီ"လို့ ဒါလေးတွေ တွေးလို့၊ ဒါလေး သတိနဲ့လိုက်လို့ စိုက်ပြီးတော့ ဟုတ်ပြီ ပျက်ခဲ့လှပြီ, ပျက်ခဲ့လှပြီ၊ ငါ့ကိုယ် ငါလို့ဆိုပြီးတော့ တဏှာနဲ့ စွဲလမ်းလိုက်တာ၊ စွဲလမ်းရင်း စွဲလမ်းရင်း ငါက စွဲလမ်းတုန်း ဒီခန္ဓာက ပျက်လိုက်လာတယ်၊ ဒီလိုဆိုတော့ တဏှာ

က နည်းနည်းကလေး လျော့လျော့လာတယ်၊ ငါက မသိလို့ စွဲလမ်းတာ၊ သိယင် စွဲလမ်းမှာ မဟုတ်ဘူး၊ ကြည့်စမ်း ဖြစ်ပုံက ဘယ်လောက်ဆိုးဝါးတုန်း၊ ငါက ငါ့ကိုယ်လို့ ဆိုတုန်း သူက ပျက်တယ်၊ ငါ အဝိဇ္ဇာနဲ့ တဏှာ ဖုံးလွှမ်းနေလို့မို့ ငါစွဲလမ်းနေတုန်းမှာ သူက ပျက်တယ်၊ ဘယ်လောက်များ ငါတွက်ပုံ ရှုံးနေသလဲ၊ သတိက စိုက်လို့နေတယ်။

နှမ်းတွေကျက်သလို ပစ္စုပ္ပန္နာစ-ယခုလက်ငင်း, ပက်ပင်းတွေ့ကြုံ, အဖုံဖုံပွား, ရုပ်နာမ်သခ်ါရတရား တို့သည်လည်း၊ ဘိဇ္ဈရေ-နှမ်းအိုးခင်းထက်, နှမ်းတွေကျက်သို့, ရုတ်တရက်အနေ, ချုပ်ပျက်၍ နေကြလေကုန်၏။

နှမ်းအိုးခင်း ပြားပြားကြီးထဲမှာ နှမ်းတွေ ထည့်ပြီးတော့ မီးကောင်းကောင်းနဲ့ လှော်တဲ့အခါမှာ ဖျစ်ဖျစ် ဖျစ်ဖျစ် ဖျစ်ဖျစ်၊ ဟိုအိုးရဲ့ ရှေ့နားကလဲ ဖျစ်ဖျစ် ဖျစ်ဖျစ်၊ တောင်ပိုင်းကလဲ ဖျစ်ဖျစ် ဖျစ်ဖျစ်၊ မြောက်ပိုင်းကလဲ ဖျစ်ဖျစ် ဖျစ်ဖျစ်၊ အနောက်ပိုင်းကလဲ ဖျစ်ဖျစ် ဖျစ်ဖျစ်၊ အလယ်ပိုင်းကလဲ ဖျစ်ဖျစ် ဖျစ်ဖျစ်၊ အဲသလို နှမ်းတွေ ပျက်နေသလိုဘဲ ငါ့ရဲ့ ရုပ်နာမ်တွေဟာ ခြေဆုံး ခေါင်းဆုံး တစ်ကိုယ်လုံး ပျက်ပြီးတော့ နေပါလား၊ အခု ပျက်နေတယ်၊ ငါက ငါ့ရုပ်လို့ စွဲလမ်းနေတုန်းမှာ သူက ငါ့ရုပ်မဟုတ်ဘူး၊ ပျက်တယ်၊ ငါ့က ငါ့ရုပ်လို့ နှစ်သက်နေတုန်းမှာ သူက ပျက်တယ်။

သတိက စိုက်လို့ ပစ္စုပ္ပန္နာစ-ယခုလက်ငင်း, ပက်ပင်းတွေ့ကြုံ, အဖုံဖုံပွား, ရုပ် နာမ် သခ်ါရ, တရားတို့သည်လည်း၊ ဘိဇ္ဈရေ-ချုပ်ပျက်၍ နေကြလေကုန်၏"လို့ သတိစိုက်လို့ ကမ္မဋ္ဌာန်းကျောင်းက မထွက်ဘဲနဲ့ သတိကစိုက်လို့, ပတ်ဝန်းကျင်က တကတဲ တောရိပ်တောင်ရိပ်ကလေးနဲ့ လေညှင်းလေးက အေးလို့ သတိကစိုက်လို့၊ ပျက်တယ် ပျက်တယ်၊ တဏှာက ဆုတ်ဆုတ်သွားတယ်၊ အင်မတန်စွဲတဲ့ "ငါ့ကိုယ်, ငါ့ကိုယ်, ငါ့ကိုယ်"လို့ အထိမခံနိုင်အောင် အင်မတန်စွဲတဲ့ ငါ့ကိုယ်၊ သူများက မျက်စောင်းကလေးနဲ့ ကြည့်တာတောင် မခံနိုင်တဲ့ ငါ့ကိုယ်က ပျက်လိုက်တာ၊ ဟိုလွန်ခဲ့တဲ့ ဘဝတွေ, လွန်ခဲ့တဲ့ အချိန်တွေ မပြောနဲ့တော့ အခုလို နှမ်းအိုးခင်းထဲက နှမ်းတွေ တဖျစ်ဖျစ် ပျက်နေသလို ခြေဆုံး ခေါင်းဆုံး တစ်ကိုယ်လုံး ပျက်နေတာဘဲလို့ သတိက စိုက်လို့, အဲဒီသတိဟာ ကိုယ့်သန္တာန်မှာ ဖြစ်နေတာ။

အားလုံး ချုပ်မှာ ဒါ့ကြောင့် "သတိမွေချင်"ဆိုတာ နာနေတာ မဟုတ်ဘူး၊ ကိုယ့်သန္တာန်မှာ ဒီတစ်ခါ သတိဖြစ်လို့ တရားရမယ်၊ ဒီသတိဟာ "အနာဂတာ-နောက်နောက်ဘဝ, နောက်ကာလ၌, ဖြစ်ကြရန်သင့်, အဆင့်ဆင့်ပွား, ရုပ်နာမ်တရားတို့သည်လည်း၊ ဘိဇ္ဈိဿန္တိ-သည်ပုတ်ထဲက, သည်ပဲအနေ, ဇကန်ပင် ချုပ်ပျက်ကြလေကုန်လတံ့၊" နောက်တစ်နာရီ မပြောနဲ့ တစ်မိနစ်လောက်ကြာမှ လာမယ့် ရုပ်တွေချုပ်မှာ, တစ်နာရီကြာမှ လာမယ့်ရုပ်တွေလဲ ချုပ်မှာဘဲ၊ ဟို တစ်ညလောက်ကြာမှ လာမယ့်ရုပ်တွေလဲ ချုပ်မှာ၊ လေးငါးရက်လောက်ကြာမှ လာမယ့်ရုပ်တွေလဲ ချုပ်မှာ၊ ဟို အဖိုးကြီးဖြစ်မှ ရုပ်တွေလဲ ချုပ်မှာ၊ ဟိုဘက်ဘဝ လူကလေးနတ်ကလေး စသည်ဖြစ်လဲ ချုပ်မှာဘဲ၊ အဲဒါတွေလဲ "အနာဂတာ-

နောက်နောက်ဘဝ, နောက်ကာလ၌, ဖြစ်ကြရန်သင့်, အဆင့်ဆင့်ပွား, ရုပ်နာမ်သင်္ခါရတရားတို့သည်လည်း၊ ဘိဇ္ဇိဿန္တိ-ဇကန်ပင် ချုပ်ပျက်ကြလေကုန်လတ့်။

တက်တက်စင်မှား တကတဲ တက်တက်စင်မှားလို့၊ ငါကစွဲလန်းလိုက်တာ၊ ငါက တဏှာနဲ့ ငါ့ကိုယ် ငါ့ကိုယ်လို့ စွဲလမ်းရာက ငါ့ကိုယ်နဲ့စပ်တဲ့ သံယောဇဉ်တွေ ပေါက်ဖွားပြီးတော့ အများကြီး တဏှာကျယ်သွားတယ်၊ ငါ့ကိုယ်နဲ့စပ်ပြီး သံယောဇဉ်တွေ ပေါက်ဖွား၍ တဏှာကျယ်ပွားလာရုံတင်မကဘူး၊ အဲဒီသံယောဇဉ်တွေ အားလုံးအတွက် ဆိုပြီးတော့ စီးပွားဥစ္စာတွေရှာပြီး ဟုတ်တာရော, မဟုတ်တာရော အားလုံးဒုက္ခတွေ ကျယ်သွားတယ်၊ သိပ်ဆိုးဝါးတာပါလား၊ ငါ့ကိုယ် ငါ့ကိုယ်လို့လဲ ဆိုတယ်၊ သူကလဲ ချက်ချင်း ပျက်ပျက်နေတယ်။

ငါက ငါ့ကိုယ်လို့ စွဲလမ်းတုန်း သူက ပျက်ရက်၊ ငါ့နှယ် တက်တက်စင် မှားလိုက်တာ၊ ငါအဖက်ဖက်က ရှုံးနေပါလား။

"နိရုဒ္ဓါ.တီတသင်္ခါရာ, ပစ္စုပ္ပန္နာစ ဘိဇ္ဇရေ၊
အနာဂတာ ဘိဇ္ဇိဿန္တိ, သဗ္ဗေပိ ဘာယိတဗ္ဗကာ" လို့
ကမ္မဋ္ဌာန်းကျောင်းထဲ သတိထားပြီးတော့ ဒီတရားကို နှလုံးသွင်းပြီး သတိနဲ့ စိုက်ပြီးတော့ နေတာကို "သတိသမ္မောဓျင်" လို့ ခေါ်တယ်။

ဉာဏ်နဲ့ စစ်ကြည့် အဲဒီလို သတိစိုက်ပြီးနေရာက ဓမ္မဝိစယသမ္မောဓျင်နဲ့ ရုပ်တရားတွေ စိစစ်လို့, ဉာဏ်နဲ့ စဉ်းစားလို့, ဘုရားက ဟောတယ် အနိစ္စတဲ့ ဟုတ်ကဲ့လား၊ ငါ့ရဲ့ရုပ်ဟာ ငါ့ရုပ် ငါပြန်မေးကြည့်မယ်၊ "နင် နိစ္စလား, အနိစ္စလား" ငါက နင့်ကို စွဲလမ်းလိုက်တာ၊ ငါကနင့်ကို နှစ်သက်ခင်မင်ပြီး နေလိုက်ရတာ "နင် နိစ္စလား, အနိစ္စလား"၊ မြတ်စွာဘုရားက အနိစ္စလို့ အမိန့်တော်ရှိတယ်၊ "သင် နိစ္စလား, အနိစ္စလား"ဆိုတော့ ရုပ်တရားကို စဉ်းစားလေ၊ စဉ်းစားကြည့်ပေါ့, စိစစ်ကြည့်ပေါ့, ဘယ်သူပြောဖို့ လိုသေးသလဲ၊ "မြဲတယ်လား, မမြဲဘူးလား" ဆိုတဲ့ဥစ္စာ ကိုယ့်ဘာသာကိုယ် စဉ်းစားကြည့်ပေါ့။

ဟုတ်လိုက်တာနော်၊ ဘဝများစွာ သံသရာက စပြီးတော့ ဖြစ်လာတဲ့ ရုပ်တရားတွေ တစ်ခုကမှ ရှာမရဘူး၊ တစ်ခါ ဒီဘဝမှာလဲဘဲ ကလေးတုန်းက ရှိတဲ့ရုပ်တရားတွေ စိတ်ကူးကြည့်တောင်မှ နည်းနည်းကလေး ရေးရေးကလေး မြင်ရတယ်၊ ရေးရေးကလေးတွေးလို့ရတယ်၊ ဟုတ်တယ် အကုန်လုံး ပျက်လာခဲ့တယ်၊ တစ်ခါ အဲဒီလို ပျက်တဲ့ဥစ္စာဟာ ဆယ်နှစ်မှ တစ်ကြိမ်ပျက်မယ်၊ အနှစ် နှစ်ဆယ်ကျမှ တစ်ကြိမ်ပျက်မယ်၊ ဒီလို တစ်သုတ်တစ်သုတ် ခွဲပျက်တာ မဟုတ်ဘူး၊ အချိန်ရှိတိုင်းရှိတိုင်း ပျက်တယ်။

ညံ့ညံ့လိုက်လာ ထပ်ထပ် ထပ်ထပ်ပြီးတော့ ဖြစ်တော့ ဖြစ်ပါရဲ့၊ ကံအရှိန်က အခြေခံထားတာ ဖြစ်တော့ ကံအရှိန်က ညံ့လို့ နောက်ထပ်ဖြစ်တော့ နည်းနည်း ညံ့သွားတယ်၊ မသိမသာညံ့ သွားတယ်၊ ပျက်ပြန်ရော၊ နောက်ထပ် ကံအရှိန်ကြောင့် ကမ္မဇရုပ်ဖြစ်ပါရဲ့၊ မသိမသာ ညံ့သွားတယ်၊ နောက် သူက ညံ့သလောက် စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေက ညံ့လိုက်လာတယ်၊ ဥတုရေမြေကြောင့် ဖြစ်တဲ့ ရုပ်တွေက ညံ့လိုက်လာတယ်၊ အစာအာဟာရကြောင့် ဖြစ်တဲ့

ရုပ်တွေက ကလေးတုန်းကလို သန်သန်စွမ်းစွမ်း ပျိုပျိုရွယ်ရွယ် ဒီလို ရုပ်မျိုး မပေါ်လာဘူး၊ ကောင်းတဲ့အစာတွေ စားတာတောင်မှ မပေါ်လာဘူး၊ ဘာပြုလို့လဲ၊ အခြေခံက ညံ့လိုက်လာလို့၊ ဟုတ်ပြီ အချိန်ရှိသရွေ့ ပျက်တာဘဲလို့ ဓမ္မဝိစယဆိုတဲ့ ဉာဏ်နဲ့ စဉ်းစားကြည့်တော့ သေချာတယ်။

အနိစ္စ သူများပြောတာ မဟုတ်ဘူး၊ ဘုရားဟောလို့ အနိစ္စ မဟုတ်ဘူး၊ ဘုရားဟောလို့ အနိစ္စမှန်း သိရတယ်၊ နဂိုကဘဲ အနိစ္စ၊ ဒီအနိစ္စတရားတွေ စွဲလမ်းနေတဲ့ဥစ္စာ ကမ္ဘာပေါင်းများစွာက စွဲလမ်းလာခဲ့တာ၊ မှားလိုက်တာ တက်တက်စင်မှားတာဘဲ၊ ဓမ္မဝိစယဆိုတဲ့ဉာဏ်က စဉ်းစားလိုက်တယ်၊ အချိန်ရှိသရွေ့ စဉ်းစားတယ်၊ ကမ္မဋ္ဌာန်းကျောင်းထဲမှာ စဉ်းစားတယ်၊ သတိကစိုက်ပြီးတော့ နေတယ်၊ ဉာဏ်က သတိစိုက်နေတဲ့ရုပ်တရားအပေါ် စဉ်းစားစိစစ်တယ်၊ ဟုတ်ပါရဲ့ အနိစ္စပါဘဲ။

ဒုက္ခ ပျက်နေမှတော့ ဘယ်ကောင်းတော့မှာလဲ ဒုက္ခ၊ မကောင်းချည်းပေါ့၊ ဒုက္ခဆိုတာ ဆင်းရဲပြီး နာနေတာကိုသာ ဆိုတာမဟုတ်ဘူး၊ ပျက်ပျက် ပျက်ပျက်နေတော့ မကောင်းဆိုတဲ့ ဥစ္စာကိုလဲ ဒုက္ခလို့ ပြောတာဘဲ၊ ဘယ်ကောင်းမှာလဲ။

အနတ္တ ဒါတွေ အနှစ်အသား အကောင်အထည်ရှိယင် ဘယ် ပျက်မှာလဲ၊ အနှစ်အကောင် အထည် အဆီ အနှစ် ဘာမှ မရှိလို့ ပျက်တာ၊ ဒီလိုဆိုယင် အနတ္တဘဲ၊ ဘာကောင်မှ **ဒီရုပ်** ထဲမှာ မရှိဘူး၊ ဉာဏ်က စဉ်းစားစိစစ်လို့, အနိစ္စ ကလေ သဲလွန်စ ရရာက စပြီးတော့ ဉာဏ်က စဉ်းစားလိုက်တာ ဒုက္ခလဲ သဘော ပေါက်တယ်၊ အတ္တမရှိကြောင်းလဲ သဘောပေါက်တယ်၊ အနတ္တဘဲ။

နောက်မဆုတ်နဲ့ လုံ့လဝီရိယ လျော့ချင်ပြီးတော့ လာတတ်ပြန်တယ်၊ ဒီတော့လေ သတိနဲ့ ဓမ္မဝိစယဆိုတဲ့ ဉာဏ်နဲ့ တရားအပေါ် စိုက်ပြီးတော့ နေတုန်းမှာ နောက်မဆုတ်ဘဲနဲ့ လုံ့လဝီရိယတိုးတက်ဖို့ အရေးကြီးပြန်တယ်၊ လုံ့လဝီရိယ အကြောင်းတွေ စဉ်းစားကြည့်မယ်ဆိုယင် ကိုယ့်ကိုယ်ကို အမောင် နောက်မဆုတ်နဲ့, အင်မတန်ကောင်းတဲ့ တရားတော် မိမိဉာဏ်ထဲပေါ်နေပြီ အနမတဂ္ဂသံသရာက မတွေ့ဖူးတဲ့တရားတော် မိမိဉာဏ်ထဲမှာပေါ်နေပြီ၊ နောက်မဆုတ်နဲ့၊ ဘုရားရှင် ကိုယ်တော်မြတ်တောင်မှ ဒီတရားကိုဟောရပါမယ့်အကြောင်း လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်တော်မူခဲ့ရတယ်။

အမောင်ရဲ့ ပါရမီဟာ အန်မကောင်းလာလို့ ဒီတရားနဲ့တွေ့တာ၊ ဒီသာသနာကို တွေ့တဲ့ဥစ္စာကိုက အမောင်ပါရမီဟာ အတော်ကောင်းနေပြီ၊ ဒီသာသနာတွေ့ပြီးတော့ ဒီတရားတွေမိမိစိတ်ထဲမှာ ထင်လာတဲ့ ဥစ္စာကိုက အင်မတန် အားရစရာကောင်းပြီ၊ အမောင်...နောက်မဆုတ်နဲ့၊ သတိနဲ့စိစစ်ပြီးတော့ ရုပ်တရားတွေ, နာမ်တရားတွေ, နိစ္စလား, အနိစ္စလား"လို့ သတိနဲ့စိုက်ပြီးနေတုန်းမှာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတဲ့ဉာဏ်ပညာနဲ့ စိစစ်တဲ့ဟာ နောက်မဆုတ်ပါနဲ့၊ ထပ်ပြီးတော့

စိစစ်ပါ၊ သတိထပ်ပြီးတော့ စိုက်လိုက်စမ်းပါ၊ နောက်မဆုတ်ပါနဲ့လို့ လုံ့လဝီရိယက အားပေးလို့ နေတယ်။

ဘုရားရှင် ဖွဲ့ ဝီရိယဆိုတဲ့ တရားကိုက "ဝီရာနံ-ရဲစွမ်းသတ္တိရှိသူတို့၏၊ ကမ္မံ-အလုပ်တည်း"၊ ဒီတော့ ပျော့ပျော့နယ်နယ် သမားတွေဟာ နောက်ဆုတ်တာဘဲ၊ လုံ့လဝီရိယရှိတဲ့ ပုဂ္ဂိုလ်တွေက နောက်မဆုတ်ဘူး၊ ယနေ့ဘဲ ဘုရားအကြောင်းကို စဉ်းစားပြီးတော့ ကြည့်မိတယ်၊ "ငါတို့မြတ်စွာဘုရား ဇွဲအင်မတန်ကောင်းတယ်၊ ဆရာမရှိလို့ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်တုန်းက ဆိုယင်လေ အို...တစ်ကိုယ်လုံး ခြောက်ကပ်သွားအောင် ကျင့်တယ်"။

မာရ်နတ်လာပြော ခြောက်ကပ်သွားအောင် ကျင့်လို့ အသားအရေတွေ ခြောက်ကပ်သွားတဲ့ အချိန်ကျတော့ မာရ်နတ်က လာတယ်-"အို သိဒ္ဓတ္ထ...အသင် ဒီလောက် အားထုတ်လို့ အသင်ရဲ့ အသက်ကဖြင့် တစ်ထောင်နဲ့ တစ်စိတ် ပုံကြည့်တဲ့အခါမှာ တစ်ထောင်လောက်က သေဘက်မှာ ရောက်နေပြီ၊ တစ်စိတ်လောက်သာ အသက်ရှည်ဖို့ ရှိတော့တယ်၊ နောက်ပြန်ဆုတ်ပြီး ရိုးရိုးသားသားလေးနေပြီးတော့ ကုသိုလ်ကောင်းမှုတွေကို အားထုတ်မယ်ဆိုယင် အပုံကြီး အချိန်ရပါသေးတယ်၊ နောက်ဆုတ်ပါ"လို့ မာရ်နတ်က သနားလေဟန်နဲ့ လာပြောတဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်က-

"အို ဒီအသွေး အသားတွေ ခြောက်သွားယင် သာကောင်းသေးတယ်၊ ဒီသွေးတွေ သားတွေ ခြောက်သွားလို့ရှိယင် ငါ့စိတ်ဟာ ပိုပြီးတော့ ကြည်လင်မှာပေါ့"လို့ ဆိုပြီးတော့ နောက်မဆုတ်ဘဲနဲ့ ရှေ့ကို တိုးတက်ပြီး အားထုတ်တယ်၊ အင်မတန် ဇွဲကောင်းတယ်၊ ပြင်းထန်တဲ့ဇွဲနဲ့ ဘုရားရှင်ကိုယ်တော်မြတ် ကြိုးစားလာခဲ့တယ်၊ ဒီတော့ ဘုန်းကြီးတို့တစ်တွေက ဒါယကာတို့တစ်တွေက ဘာများ ထိခိုက်သေးလို့လဲ၊ လုံ့လဝီရိယလျော့ပြီးတော့ ပေးလိုက်ရမှာလား၊ ဘာများ ထိခိုက်လို့တုန်း။

ကောင်းလိုက်တဲ့ဥစ္စာ ယခု ကောင်းလိုက်တဲ့ဥစ္စာ "သတိသမ္ဗောဇ္ဈင်က စိုက်နေပြီ၊ တရားကို ဓမ္မဝိစယသမ္ဗောဇ္ဈင်နဲ့ စိစစ်ကြည့်လိုက်တဲ့ အခါကျတော့ သေချာတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တဘဲ၊ ရှေးတုန်းက စွဲလမ်းပြီး နှစ်သက်နေတဲ့ဥစ္စာကွေမှားနေတယ်၊ မှားတာ အင်မတန် သေချာတယ်၊ အဲဒီ မှားနေတဲ့အမှားတဏှာကြောင့်, အဝိဇ္ဇာကြောင့် သံသရာထဲမှာ ဒီလောက် ကျင်လည်ပြီးတော့ ငရဲလဲ ကျပေါင်းများခဲ့လှပြီ၊ တိရစ္ဆာန်လဲ ဖြစ်ပေါင်းများခဲ့လှပြီ၊ ပြိတ္တာလဲ ဖြစ်ပေါင်း များခဲ့လှပြီ။

ယခု ဒီလောက်ကောင်းတဲ့အချိန်, ဒီလောက်ကောင်းတဲ့တရားနဲ့, ဒီလောက်ကောင်းတဲ့ သဒ္ဓါတရားနဲ့ တွေ့တုန်းမှာမှ ဝီရိယလျော့ပြီးတော့ နောက်ဆုတ်လိုက်လို့ရှိယင် ဘယ်အခါကျမှ ဒီတရားကို အရယူတော့မှာလဲလို့ ကိုယ့်ကိုယ်ကို အားတက်ပြီးတော့လာအောင် သတိကစိုက်ပြီး ဝီရိယက ကြိုးစားနော်၊ စိတ် စိုက်ပါ၊ ဓမ္မဝိစယ

တရားက စိစစ်ပြီးတော့ တရားတွေ နိစ္စလား, အနိစ္စလား, ဒုက္ခလား, သုခလား, အနတ္တလား, အတ္တလား၊ "သုဘ-တင့်တယ်သလား၊ အသုဘ-မတင့်တယ်ဘူးလား" လို့ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတဲ့ ဉာဏ်က စဉ်းစားပြီးတော့ စိစစ်ကြည့်တယ်။

တရားသုံးမျိုး ဝီရိယက ထပ်ပြီးကြိုးစားပါ၊ သတိကစိုက်ပေးပါ၊ ဓမ္မဝိစယက ထပ်ပြီး စိစစ်ပါ၊ ဒါမှ သေချာမယ်၊ ဒါမှ သူ့ကိုအထင်မှားပြီးတော့ စွဲလမ်းလာတဲ့ တဏှာ ပျောက်သွားမယ်၊ ဒါမှ သူ့ကို အထင်မှားလာတဲ့ အဝိဇ္ဇာပြုတ်သွားမယ်၊ ကြိုးစားပါ၊ ဝီရိယက တယ်ကောင်းတယ်၊ သတိက စိုက်လိုက်၊ ဓမ္မဝိစယဆိုတဲ့ဉာဏ်က စိစစ်လိုက်၊ ဝီရိယက ထပ်စစ်, ထပ်စိုက်, ထပ်စစ်, ထပ်စိုက်လိုက် လုပ်ပါ။

ဒီတရားသုံးမျိုးကိုက တယ် အားရစရာကောင်းတယ်၊ သတိကတကတဲ့ ရုပ်တရားတွေအပေါ်မှာ စိုက်ပြီးတော့ ထားလိုက်တာကွာ မသွားဘူး၊ ဓမ္မဝိစယဉာဏ်က ရုပ်တရားတွေအပေါ်မှာ စိစစ်ပြီးနေလိုက်တာ တကတဲ့ သေချာအောင်လို့, ဝီရိယက တကတဲ့ စိစစ်တဲ့ဉစ္စာဟာ သေသေသပ်ဖြစ်အောင် နောက်မဆုတ်နဲ့၊ စိုက်တဲ့ ဉစ္စာဟာ စွဲမြဲနေအောင်စိုက်ပါ၊ နောက်မဆုတ်နဲ့၊ တကတဲ့ တရားသုံးမျိုး တစ်ပြိုင်နက် ဖြစ်နေတယ်၊ တစ်ခုပြီးတစ်ခုဖြစ်နေတာ မဟုတ်ဘူး၊ တစ်ပြိုင်နက်ဖြစ်နေတယ်၊ တယ် အားရစရာကောင်းတယ်၊ တယ် သေချာတယ်၊ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားဟာ တယ် သေချာတယ်၊ ဒီ တရားသုံးပါး အလုပ်လုပ်နေလို့ရှိယင် တရားမရဘဲ နေမှာလား၊ အထူ အထိုင်း, အဖျင်း အ အ, မဟုတ်ယင် တရားမရဘဲ နေမှာလား။

နိဗ္ဗာန်ရအောင် ခုနကပြောခဲ့တဲ့ ကမ္မဋ္ဌာန်းကျောင်းတို့လို သီလကို အခြေခံပြီး ငါ ယခု တရားအားထုတ်တဲ့ဉစ္စာဟာ နိဗ္ဗာန်ရအောင် အားထုတ်တာ၊ ငါ ယခုတရား အားထုတ်တဲ့ ဉစ္စာဟာ လူရှိသေရုံ ရှင်ရှိသေရုံ အားထုတ်တာ မဟုတ်ဘူး၊ တကယ် နိဗ္ဗာန်မျက်မှောက် ပြုရအောင်လို့ အားထုတ်တာ၊ အဲဒီလို နိဗ္ဗာန်ကို ညွှတ်ပြီးတော့ ခုနကလို သတိရယ်, ဝီရိယရယ်, ဓမ္မဝိစယ ခေါ်တဲ့ ပညာရယ် အဲဒီသုံးပါး အသုံးချပြီးတော့ တရားကို ကြိုးစားလိုက်ပြီဆိုယင် တရားကို ဘယ်မှာမရဘဲ နေနိုင်မှာလဲ။

ပီတိဖြစ်လာ အဲဒီလို ကြိုးစားနေလို့ အတော်ကလေး အသားကျယင်ဘဲ နှစ်သက်တဲ့ ပီတိဖြစ်လာတယ်၊ ရှေးတုန်းက ဒီလို ငါမဖြစ်ဖူးဘူး၊ ကြည့်စမ်း ကောင်းလိုက်တာ၊ မြင်လိုက်တဲ့ တရားတွေ၊ တယ် ငါ့ဉာဏ်က တော်တော်ထက်နေပါလား၊ ပီတိဖြစ်လို့ နှစ်သက်လို့၊ နောက် ဝီရိယကလဲ အခု သိပ်မတွန်းရဘူး၊ အလိုလိုကို ငါ ဒီက မခွာချင်ပါဘဲလား၊ ဒီတရားနဲ့ ငါ တယ်ပျော်ပါလားနဲ့ ပီတိဖြစ်လို့၊ ဘဝများစွာ သံသရာက ဒီတရားတွေ မတွေ့ရလို့ ငါ ဒုက္ခတွေ ဖြစ်ခဲ့ပြီ၊ ဘဝများစွာ သံသရာက ဒီတရားတွေ မတွေ့ရလို့ ငါ တဏှာ အဝိဇ္ဇာတွေ နယ်ချဲ့လာခဲ့တယ်၊ ယခု ဒီတရားတွေ တွေ့ပြီ၊ ဘုရားရှင်ကိုယ်တော်မြတ် နည်းပေးလို့မို့ ဒီတရားတွေ ငါတွေ့ပြီ၊ အင်မတန် ထူးခြားတဲ့ဘဝမျိုးထဲမှာ ငါ အင်မတန် ကောင်းတဲ့တရားကို ငါလိုလူ ရတဲ့ဉစ္စာ ကောင်းလေစွလို့ ပီတိတွေ ဖြစ်ပြီးတော့ ခုနက တရားသုံးပါးဟာ ပိုပြီး အားထုတ်လာတယ်။

ကိုယ်စိတ်အေးငြိမ်း ဝိရိယရယ် ဉာဏ်ပညာရယ် သတိရယ် သိပ်ပြီးတော့ စိုက်နေတယ်၊ ပီတိက နှစ်သက်လေလေ သူတို့က စိုက်လေလေ၊ အဲဒီလို လိုက်ပြီး စိစစ်လိုက်တော့ အဲဒီလို ပီတိကဖြစ်လို့၊ ကောင်းလာပြီ၊ ဒီမှာ ဘာမှကြိုးစားစရာ မလိုတော့ဘူး၊ သူ့ဟာသူ အလိုက်သင့် ဝိရိယက အလိုက်သင့်၊ ဉာဏ်ကအလိုက်သင့်၊ သတိက အလိုက်သင့်၊ တစ်ခါထဲ စိုက်လို့၊ စိတ်ကသာ ညွတ်လိုက် တရားအပေါ် စိတ်ကစိုက်လို့၊ ပီတိက ဖြစ်လို့၊ ပဿဒ္ဓိဆိုတဲ့ ကိုယ်တွေလဲ အေးလို့ ငြိမ်းလို့၊ ဒါ့ကြောင့် ကမ္မဋ္ဌာန်းအားထုတ်ယင် ကျန်းမာတတ်တယ်တဲ့...၊ ကမ္မဋ္ဌာန်းဆရာတွေဟာ၊ ကမ္မဋ္ဌာန်းအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေဟာ ဒီအချိန်ဟာ အင်မတန် ကျန်းမာစရာ ပေါ်လာတယ်၊ ဒီတော့ သူလက်တွေ့ ဖြစ်နေပြီ၊ နောက်ဆုတ်ပါလို့ ဆိုတောင် မဆုတ်ချင်တော့ဘူး။

ထူးခြားတဲ့ အပျော်

သုညာဂါရံ ပဝိဋ္ဌဿ, သန္တစိတ္တဿ ယောဂိနော၊
အမာနုသီ ရတိ ဟောတိ, သမ္မ ဓမ္မံ ဝိပဿတော။

သုညာဂါရံ-မြို့ရွာအူသံ, မဆူညံသဖြင့်, လူသံတိတ်ချိန်, ဆိတ်ငြိမ်သော ကျောင်းသို့၊ ပဝိဋ္ဌဿ-မခေါ်မပို့, ဖော်မလိုဘဲ, တစ်ကိုယ်တည်းပင်, ကပ်ဝင်၍နေသော၊ သန္တစိတ္တဿ-လောကီရေးရာ, ဗျာပါမဖက်, ငြိမ်သက်တည့်မတ်, စိတ်ကောင်း စိတ်မြတ်ရှိသော၊ ယောဂိနော-ဘာဝနာ ကမ္မဋ္ဌာန်းကို, ကြိုးပမ်းအားထုတ်သော ယောဂီပုဂ္ဂိုလ်၏၊ သမ္မ(သမ္မာ)-မဖောက်မပြန်, ဟုတ်တိုင်းမှန်စွာ၊ ဓမ္မံ-တေဘူမက,

သခ်ါရဟု, ရုပ်နာမ်အစုကို၊ ဝိပဿတော-ဖြစ်ပုံ ပျက်ဟန်, အချက်မှန်ကို, နက်သန်စွေ့ငု, ကြည့်ရှု ဆင်ခြင်လိုက်သည်ရှိသော်၊ အမာနုသီ-ကာမဂုဏ်ထူထပ်သည့်, လူနတ်မွေ့လျော်, အပျော်မျိုးနှင့် မတူသော၊ ရတိ-ဘာဝနာဖြစ်ချက်, မပြစ်ရက်အောင်, နှစ်သက် မွေ့လျော်, ထူးခြားသော အပျော်မျိုးသည်၊ ဟောတိ-ဉာဏ်အဟုန်မြူး, မကြုံဖူးအောင်, အထူးအထွေ, ဖြစ်ပေါ်၍လာတတ်ပေသတည်း။

သာဓု...သာဓု...သာဓု...။

အဲဒီအခါမှာ ကမ္မဋ္ဌာန်းက မထွက်ချင်ဘူး၊ ကမ္မဋ္ဌာန်းကျောင်းက မပြန်ချင်ဘူး၊ ဒါ့ကြောင့် ကမ္မဋ္ဌာန်း အားထုတ်ပြီဆိုလို့ ရှိယင် အဲဒီလောက် အရသာပေါ်လာအောင် အားထုတ်လိုက်တဲ့ပုဂ္ဂိုလ်မှ အရသာက သိပ်ပေါ်တယ်။

တရားတွေ ရပြီ အဲဒီလို ပီတိတွေဖြစ်ပြီးတော့ ပဿဒ္ဓိ ကိုယ်တွေ စိတ်တွေ ငြိမ်းအေးလို့၊ အို တောထဲ ဘယ်လို နေရ နေရ, ဘယ်လို စားရ စားရ, ဘယ်လိုနေရာမှာ အိပ်ရအိပ်ရ, ကိုယ့်တရားတစ်ခုထဲ နှစ်နှစ်ကာကာ ရှိလို့၊ ဘယ့်နယ် ကမ္ဘာပေါင်းများစွာက တွေ့ရခဲတဲ့တရား အခုတွေ့ရပြီ၊ လောကီအာရုံတွေ ဘာလုပ်ဖို့တုန်း၊ တကတဲ ကမ္ဘာများစွာက မျက်စိလည်ပြီးတော့ အဝိဇ္ဇာတဏှာနယ်ချဲ့တိုင်း ခံခဲ့ရတယ်၊ ဒီတစ်ခါမှ အဝိဇ္ဇာရဲ့ ငါ့ကို မှိုင်းတိုက်နေကြောင်း အခုမှ ထင်ရှားတယ်၊ တဏှာက ငါ့ကို တကတဲ အကောင်းလိုလိုနဲ့ ငါ့ကို ဖြေဖျော်ပြီးတော့ မကောင်းနိပ်စက်တာ

အခုမှ သိတယ်၊ ဘာလိုတော့လဲ၊ ငါ ဒီတရားတွေနဲ့ တကတဲ မင်္ဂ ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုရတော့မှာဘဲလို့ ဝမ်းသာအားရ ဖြစ်ပြီးတော့ ပဿဒ္ဓိဖြစ်လို့ နေတယ်။

ပျော်လွန်းလို့ "အမာနုသီ-ကာမဂုဏ်ထူထပ်သည့်, လူ နတ် မွေ့လျော်, အပျော်မျိုးနှင့် မတူသော၊ ရတိ-ဘာဝနာဖြစ်ချက်, မပစ်ရက်အောင်, နှစ်သက်မွေ့လျော်, ထူးခြားသော အပျော်မျိုးသည်"တဲ့ လူတွေ ပျော်ပါတယ်၊ ဒါပေမယ့် အဲဒီ အပျော်မျိုးလို မဟုတ်ဘူး၊ တစ်မျိုးချည်းဘဲ၊ နတ်တွေပျော်ပါတယ်, သူတို့စည်းစိမ်နဲ့ သူတို့၊ ဒါပေမယ့် အဲဒီ ဝိတိပဿဒ္ဓိဖြစ်လာတဲ့အခါမှာ ဘယ်သူကမှ မတိုက်တွန်းရဘူး၊ ဘယ်သူကမှ ဆွဲခေါ်လို့လဲဘဲ ကိုယ့်ကိုယ်ကို တကတဲ မပြန်နိုင်ဘူး၊ တယ် ဒီတရားထဲက မထွက်ချင်ဘူး၊ နောက်ဆုံး ထမင်းစားချိန်မှာ ထမင်းစားရအောင် ခေါ်တာတောင် "အင်း-ဒီခန္ဓာကိုယ်လေး မျှတအောင်သာ ငါ ထွက်စားရမှာ၊ တရား ပျက်ပါဘိတော့နော်"လို့ စိတ်ထဲက မစားချင်ဘူး၊ ကမ္မဋ္ဌာန်းကျောင်းရဲ့ ဟိုနားထွက်ပြီးတော့ ထမင်းကလေး စားလိုက်ရမှာတောင် အချိန်ကုန်တယ်လို့ ထင်နေတယ်၊ ဘာပြုလို့တုန်း, ကိုယ့်တရားနဲ့ ကိုယ်နဲ့ပျော်လွန်းလို့။

သမာဓိဖြစ်နေ အဲဒီလို ကိုယ်စိတ်တွေလေ ငြိမ်းအေးလို့၊ ပဿဒ္ဓိဖြစ်လို့၊ စိတ် ဘယ်မှ မသွားဘူး၊ ဒီတရားအပေါ်မှာ စိုက်လို့၊ သမာဓိသမ္မောဇ္ဈင် ဖြစ်လို့၊ စိုက်လို့၊ စောစောတုန်းက

စိတ်ကလေးဟာ နည်းနည်းလေး လွင့်လွင့်သွားတဲ့ဥစ္စာက ဒီလို ဝိတိနှစ်သက်မှု ဒီလောက် မရသေးလို့ တရားအပေါ်မှာ စောစောက တစ်ခါ တစ်ခါ စိတ်ကလေး လွင့်သွားလို့ လိုက်ရတဲ့ ဥစ္စာက ဒီလောက် ကိုယ် စိတ် ငြိမ်းချမ်းမှုမရသေးလို့၊ လက်တွေ့ မဟုတ်သေးလို့၊ ယခုတော့ သတိနဲ့ စိုက်လို့၊ ဓမ္မဝိစယဆိုတဲ့ ဉာဏ်ပညာနဲ့ စစ်ဆေးလို့၊ ဝီရိယနဲ့ နင်လား ငါလား ကြိုးစားလိုက်တဲ့ဥစ္စာ နှစ်သက်စရာ ကောင်းလာတယ်၊ တရားတွေကို ထင်လို့၊ တယ် အားရတယ်၊ ကိုယ် စိတ်တွေများ ငြိမ်းချမ်းလို့, ပဿဒ္ဓိဖြစ်လို့၊ တယ် ကောင်းတယ်၊ ဒီတော့ စိတ်ဟာလေ အာရုံအပေါ်မှာတည်လို့၊ ဟိုလွင့် ဒီလွင့် မလွင့်ဘူး၊ ပျော်ပျော်ကလေး တည်နေတယ်၊ သမာဓိဖြစ်နေတယ်၊ တယ် အားရစရာ ကောင်းတယ်၊ ကိုယ့်စိတ် သူများစိတ် မဟုတ်ဘူး၊ ကိုယ့်စိတ် အာရုံပေါ်မှာ တယ် ပြီးတော့ ကောင်းနေတယ်။

"စိတ်တည်ကြည်ခြင်းဟူသော သမာဓိသမ္မောဇ္ဈင်တရား မိမိတို့ သန္တာန်၌ ဖြစ်ပွားစေအပ်သည်ရှိသော်, ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သည်ရှိသော်, သစ္စာလေးပါး တရားကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ, မဖောက်မပြန် အမှန်အတိုင်း သိခြင်းငှာ, ရုပ် နာမ် ခပ်သိမ်းတို့၏ အေးငြိမ်းရာ နိဗ္ဗာန်အကျိုးငှာ, စင်စစ်ဧကန် အမှန်ပင် ဖြစ်နိုင်ပေ၏"။

အသင့်အားဖြင့်ရှု အဲဒီလို သမာဓိနဲ့ စိုက်ပြီးနေတော့ ဥပေက္ခာသမ္မောဇ္ဈင်ဆိုတဲ့ တရားဟာက ကြောင့်ကြဗျာပါရ ဘာမှ မရှိဘူး၊ သတိက စိုက်ပြီးတော့ နေအောင်လဲ သူက

ကြောင့်ကြမရှိဘူး၊ သတိက စိုက်နေပြီ၊ အာရုံပေါ်မှာ ဓမ္မဝိစယက စိစစ်ပြီးတော့ ပေးဖို့ရန်လဲ သူ့မှာ ကြောင့်ကြမရှိဘူး၊ သူက လျစ်လျူရှုလို့၊ ဟိုက စိစစ်ပေးနေပြီ၊ ဝီရိယက ကြိုးစားပြီးတော့ ပေးဖို့ရန်လဲဘဲ ကြောင့်ကြစိုက်ဖို့ မလိုဘူး၊ ဝီရိယက ဟိုမှာ ကြိုးစားနေပြီ။

အို–အင်မတန် စိတ်ချရတဲ့ အလုပ်ကိစ္စတစ်ခုမှာ အင်မတန် စိတ်ချရတဲ့ သားကို နည်းပေးလမ်းပြ လုပ်ထားလို့ သားက အင်မတန် ကျကျနန လုပ်နေတော့ မိဘက ဘာမှ ကြောင့်ကြမရှိတော့ဘူး၊ သူ့အတွက် စိတ်ချရပါပြီ၊ အေးပါပြီ။

အဲဒီလို လျစ်လျူရှုတာကို, အဲဒီလို စိတ်ချရလို့ အသင့်အားဖြင့် ရှုတာကို ဥပေက္ခာသမ္ဗောဇ္ဈင်ခေါ်တယ်၊ ပစ်ထားကြတဲ့ လျစ်လျူရှုတာမျိုး မဟုတ်ဘူး၊ အဲ ယခုလဲဘဲ သတိစသည့်တရားတွေ သူ့အလုပ်နဲ့ သူ လုပ်နေလိုက်ကြတာ၊ အားရပါးရ စိတ်ချရလို့၊ ဥပေက္ခာသမ္ဗောဇ္ဈင်က လျစ်လျူရှုလို့, သင့်တော်အောင် ရှုလို့, ကြောင့်ကြဗျာပါရလဲ မများဘူး၊ တွန့်ဆုတ်ပြီးတော့လဲ မနေဘူ၊ ရှေ့ကို တိုးတက်အောင်လဲ ဗျာပါရမရှိဘူး၊ ဥပေက္ခာက အသင့်အားဖြင့် ရှုလို့၊ အဲဒီလို အသင့်ရှုနေတဲ့ အချိန်ကျတော့ ကောင်းပြီ, အင်မတန် ကောင်းနေပြီ။

"လျစ်လျူရှုခြင်းဟူသော ဥပေက္ခာသမ္ဗောဇ္ဈင်တရား မိမိသန္တာန်၌ ဖြစ်ပွားစေအပ်သည်ရှိသော်, ကြိမ်းဖန်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော်, သစ္စာလေးပါးတရားကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ, မဖောက်မပြန် အမှန်အတိုင်း သိခြင်းငှာ, ရုပ်နာမ် ခပ်သိမ်းတို့၏ အေးငြိမ်းရာ နိဗ္ဗာန်အကျိုးငှာ, စင်စစ်ဧကန်, အမှန်ပင် ဖြစ်နိုင်ပေ၏"။

ကျင့်ဖို့တရား ဤ ဟောပြောခဲ့တဲ့ အဓိပ္ပာယ်အရ ဗောဇ္ဈင်တရားဆိုတာ နာပြီးတော့ ပြီးသွားတဲ့တရားမျိုး မဟုတ်ဘူး၊ ဗောဇ္ဈင်တရားဆိုတာ တကယ်ကျင့်ဖို့ လမ်းစဉ်ပြတဲ့ တရားဖြစ်တယ်၊ ဒါ့ကြောင့် ဗောဇ္ဈင်တရားမှာ လာတဲ့ အစီအစဉ်အတိုင်း "ငါသည် ဆိတ်ငြိမ်တဲ့နေရာမှာ တကယ် အစစ်အမှန် ဝိပဿနာတရားမျိုးတွေကို ကြိုးစားရလို့ ဒီဗောဇ္ဈင်တရား အစီအစဉ်အတိုင်း သာ ကြိုးစားလိုက်ရလို့ရှိယင် အနမတဂ္ဂသံသရာ ဘဝများစွာတုန်းက မသိတတ်တဲ့ အဝိဇ္ဇာတွေ, ဧကန်မုချ ကွာကျပြီးတော့ ဝိဇ္ဇာဆိုတဲ့ အလင်းပေါ်လာလိမ့်မယ်၊ အဝိဇ္ဇာ ဖုံးလွှမ်းထားသည့်အတွက်ကြောင့် ယောင်ယောင်မှားမှားနဲ့ တွယ်တာပြီးတော့နေတဲ့ ရုပ်နာမ်တရားတွေ အပေါ်မှာ တွယ်တာတတ်တဲ့ တဏှာကလဲ အလိုလို ကွာပြီးတော့ ကျလိမ့်မယ်။

ခေတ်ကောင်း အခါကောင်း ဒါ့ကြောင့် "ငါသည် ယခုလို ခေတ်ကောင်း အခါကောင်းတွေ့ရတယ်၊ အားလုံး အများသတ္တဝါတွေ ခေတ်မကောင်းဘူး, အခါမကောင်းဘူး ဆိုစေကာမူ ဒီတရားမျိုးကို ကမ္ဘာများစွာ ကုန်ခဲ့ပါသော်လဲ မကြားမနာရဘဲ ယခုမှ ကြားနာရသောကြောင့် ငါ့အတွက်တော့ အင်မတန် ခေတ်ကောင်း, အင်မတန် အခါကောင်းနေတဲ့

အခါမျိုးမှာ ဒီတရားမျိုးကို ငါမကြိုးစားဘဲ လက်လွှတ်လိုက်လို့ ရှိယင် ငါ့အတွက်သာလျှင် ဝမ်းနည်းစရာ ဖြစ်တော့မပေါ့၊ ငါ့အတွက်သာလျှင် အကျိုးယုတ်စရာ ဖြစ်တော့မပေါ့"လို့ ကိုယ့်ကိုယ်ကို အပြန်အလှန် စစ်ဆေးပြီးတော့ ဤတရားမျိုး ကိုယ့်သန္တာန်မှာ ဘာဝိတ-ပထမဆုံးဖြစ်အောင်၊ ဗဟုလီကတ-တစ်ခါဖြစ်ပြီးတဲ့နောက် အကြိမ်ဖန်များစွာ အလေ့အလာရအောင်, မဂ်မပေါက်မချင်း, နိဗ္ဗာန်မမြင်မချင်း, အကြိမ်အဖန်များစွာ အလေ့အလာရအောင်, ပီတိပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်သည်ထိအောင်, တကတဲနှစ်သက်ဝမ်းမြောက်ပြီးတော့ ကိုယ့်တရားကို မခွာချင်အောင် အဲဒီလိုအထိ ငါကြိုးစားဖို့ရန် တာဝန်ရှိတယ်လို့ ကိုယ့်ကိုယ်ကို နှလုံးသွင်းပြီးသကာလ ကိုယ်စီကိုယင စိတ်အားထက်သန်စွာနဲ့ ကြိုးစားနိုင်ကြစေကုန်သတည်း။

သာဓု...သာဓု...သာဓု...။

ဗောဇ္ဈင်သုတ်တရားတော် ပြီးပြီ။

ပုဗ္ဗဏ္ဏသုတ် တရားတော်

နံနက်ရွှတ် ပုဗ္ဗဏ္ဏဆိုတဲ့ ပါဠိစကားက "နံနက်-မနက်"ဆိုတဲ့ အဓိပ္ပာယ်ရတယ်၊ အဲဒီ ပုဗ္ဗဏ္ဏသုတ်ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဟောထားတော်မူတာက အဂုံတ္တိရဲ့ ပါဠိတော်မှာ တိုက်ရိုက်ပါတယ်၊ ယခု ပရိတ်ကြီးမှာပါတဲ့ ပုဗ္ဗဏ္ဏသုတ်က အဲဒီ အဂုံတ္တိရုပါဠိတော်က နောက်ပိုင်း နည်းနည်းကလေး ယူပြီးတော့ နောက်နားကျမှ ပါတယ်၊ ရှေ့နားက "ယံ ဒုန္နိမိတ္တံ" စတဲ့ ဂါထာတွေကတော့ ရှေးဆရာတော်တွေ စုပေါင်းပြီးတော့ ကောင်းနိုးရာရာ ထည့်သွင်းထားကြတာ၊ ဒါ့ကြောင့် ပုဗ္ဗဏ္ဏရဲ့ အဓိပ္ပာယ်ကို ကြည့်ပြီးတော့ တချို့ဘုန်းတော်ကြီးတွေက နံနက်ဆွမ်းစားတို့, သင်္ကန်းကပ်တို့ ကိစ္စရှိလို့ ရွတ်စရာရှိယင် ဒီပုဗ္ဗဏ္ဏသုတ်ကို ထည့်ပြီးတော့ ရွတ်တော်မူလေ့ရှိကြတယ်။

ကောင်းသော နံနက် ဟို အဂုံတ္တိရ်မှာတော့ကား-ပုဗ္ဗဏ္ဏရဲ့ အဓိပ္ပာယ်က နံနက်စောစော သုစရိုက်တရားတွေ ကျင့်ကြံကြိုးကုတ် အားထုတ်လို့ ကာယကံနဲ့ စပ်ပြီးတော့ ကောင်းကျိုးတွေ, ကောင်းတဲ့အလုပ်တွေ လုပ်လို့, ဝစီကံနဲ့ စပ်ပြီးတော့လဲ ကောင်းတဲ့စကားတွေ ပြောလို့, မနောကံနဲ့ စပ်ပြီးတော့လဲ ကောင်းတဲ့ အကြံတွေ ကြံလို့၊ အဲဒီလို နေ့ပြီဆိုလို့ရှိယင် ကောင်းသော "နံနက်ခင်း"ပါဘဲ၊ ကောင်းသောနံနက်သာလားလို့ ဆိုတော့ နေ့လယ်ပိုင်းမှာလဲဘဲ ကောင်းတဲ့ ကာယကံ, ဝစီကံ, မနောကံတွေ ပြုပြီး ပြောပြီး ကြံပြီးတော့ နေလို့ရှိယင် "ကောင်းသော နေ့လယ်ပိုင်း"ပါဘဲ၊ တစ်ခါ ညနေကျပြန်တော့လဲ ကာယကံ, ဝစီကံ,

မနောက်တွေ ကောင်းတာတွေချည်း ပြုနေပြောနေ ကြံနေလို့ရှိယင်, "ကောင်းသော ညနေခင်း" ပါဘဲ။

ဟို ခုခေတ်မှာ "ကောင်းသောနံနက်ခင်းပါခင်ဗျား"စသည်ဖြင့် နှုတ်ဆက်တာမျိုးကတော့ ကောင်းချင်မှ ကောင်းမယ်၊ တကယ် ကောင်းတာကတော့ ကောင်းတဲ့အလုပ်တွေ လုပ်နေမှ ကောင်းတဲ့ နံနက်, ကောင်းတဲ့နေလယ်, ကောင်းတဲ့ ညနေလို့ ဖြစ်နိုင်တယ်၊ အဲဒီပုဗ္ဗဏှသုတ်ကို ဘုရားရှင်ကိုယ်တော်မြတ်က ဒီအတိုင်း အဂုံတွိရ် ပါဠိတော်မှာ ဟောတော်မူထားတယ်၊ ယခုတော့ ကောင်းနိုးရာရာ ရှေးဆရာတွေထည့်ပြီးတော့ အဂုံတွိရ်ပါဠိတော်လာတဲ့ နောက်ပိုင်း ဂါထာလေးများနဲ့ အပြီးသတ်ထားတယ်၊ အဲဒီအတိုင်း ဘုန်းကြီးရွတ် ဟောပေးမယ်၊ ဒါ့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ် အဂုံတွိရ်မှာ ဟောတော်မူအပ်သည့်အတိုင်း ကောင်းသော နံနက်, ကောင်းသော နေ့လယ်, ကောင်းသော ညနေ အသီးသီး ဖြစ်ကြရအောင် နံနက်ရော, နေ့လယ်ရော, ညနေပါ ကောင်းတဲ့ကာယကံ, ဝစီကံ, မနောကံတွေကိုသာ ပြုပြီးတော့ မဂ် ဖိုလ် နိဗ္ဗာန်ကို သိမြင် ရရှိနိုင်သည် အထိ သုစရိုက်တရားများကို ကိုယ်စီကိုယ်ငြိုးစားနိုင်ကြစေကုန် သတည်း။

သာဓု...သာဓု...သာဓု...။

ပုဗ္ဗဏှသုတ်တရားတော် ပြီး၏။

ပရိတ်တရားတော်များ ပြီးပြီ။